
www.burmeseclassic.com



# မြသန်းတင့်

## ခေတ်ပြိုင်ရုပ်ပုံလွှာများ

ပထမအကြိမ်တွင် မပါဝင်သော ရုပ်ပုံလွှာ (၂)ပုဒ် ဖြည့်စွက်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

Synergy Publication
အမှတ် (၉၄)၊ ၃-လွှာ၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၄၀၂၇၊ ၀၉-၅၀၃၃၃၉၄၀

| | |
|---|---|
| **စာမူခွင့်ပြုချက်** | ၅၀၀၈၉၂၀၉၁၀ |
| **အဖုံးခွင့်ပြုချက်အမှတ်** | ၅၀၀၉၇၀၀၉၁၀ |
| **ပုံနှိပ်ခြင်း** | ပထမအကြိမ် (၁၉၉၉၊ အောက်တိုဘာ)။ ဒုတိယအကြိမ် (၂၀၁၀၊ ဇက်တင်ဘာ)။ |
| **အုပ်ရေ** | ၅၀၀ |
| **မျက်နှာဖုံး** | CHEN EIMINE AUNG |
| **ကွန်ပျူတာစာစီ** | Synergy |
| **ထုတ်ဝေသူ** | ဦးအောင်တင်၊ ယုံကြည်ချက်စာပေ၊ အမှတ်-၁၁၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| **ပုံနှိပ်သူ** | ရွှေရောင်လင်းပုံနှိပ်တိုက်၊ အမှတ် ၈၈၊ ၅၁ လမ်း၊ ၁ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ |
| **တန်ဖိုး** | ၄၀၀၀ |

၈၀၈.၈၃

မြသန်းတင့်
ခေတ်ပြိုင်ရုပ်ပုံလွှာများ/ မြသန်းတင့် ။ -ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၀။
၄၈၄-စာ၊ ၁၃ စင်တီမီတာ၊ ၂၀.၃ စင်တီမီတာ။
(၁) ခေတ်ပြိုင်ရုပ်ပုံလွှာများ

# စာဖတ်သူသို့

"ခေတ်ပြိုင်ရုပ်ပုံလွှာများ"သည် ၁၉၉၁၊ ဖေဖော်ဝါရီမှ ၁၉၉၅၊ ဇက်တင်ဘာအတွင်း ဆရာ မြသန်းတင့် ကလျာမဂ္ဂဇင်းတွင် ရေးသားခဲ့သော ရုပ်ပုံလွှာစာစုများ ဖြစ်သည်။

ပထမတွင် ဆရာသည် ကလျာတွင် ၁၉၈၇၊ အောက်တိုဘာမှ ၁၉၉၁၊ ဇန်နဝါရီထိ "အညတရ ရုပ်ပုံလွှာများ" ခေါင်းစဉ်ဖြင့် ထိုခေတ် အောက်ခြေလူတန်းစားတို့၏ ပကတိဘဝထိုထိုတို့ကို ရေးခဲ့သည်။ ထိုရုပ်ပုံလွှာများကို စုစည်း၍ "အညတရ ရုပ်ပုံလွှာများ" အတွဲ(၁)၊ အတွဲ(၂) အမည်ဖြင့် ၁၉၉၃ တွင်တစ်ကြိမ်နှင့် ပေါင်းချုပ်အဖြစ် ၂၀၀၃ တွင်တစ်ကြိမ် စာအုပ်အဖြစ် ထွက်ရှိခဲ့ပြီးဖြစ်သည်။

နောက်ပိုင်းတွင် ဆရာသည် စာဖတ်ပရိသတ်များ၏ အကြံပြုချက်အရ အညတရတို့၏ ဇာတ်လမ်းများသာမက လူတန်းစားအလွှာစုံတို့၏ ဘဝဇာတ်လမ်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်စေပြီး "ခေတ်ပြိုင်ရုပ်ပုံလွှာများ"ဟု အမည်ပြောင်း၍ ဆက်လက်ရေးသားခဲ့သည်ဟု သိရသည်။

ဆရာဆုံးပြီးနောက် ၁၉၉၉၊ အောက်တိုဘာတွင် Quality စာအုပ်တိုက်မှ ထို "ခေတ်ပြိုင်ရုပ်ပုံလွှာများ"ကို စုစည်း၍ ပထမအကြိမ် စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။

ယခုအခါ ပထမအကြိမ်ထုတ်ဝေစဉ်က ပါရှိသော ရုပ်ပုံလွှာ ၃၇ ပုဒ်အပြင် ကျန်ရှိနေသော "အဖေနှင့် မတူသောသား"နှင့် "အိပ်မက်တိုင်းပြည်" ရုပ်ပုံလွှာနှစ်ပုဒ်ကို ဖြည့်စွက်၍ ဒုတိယအကြိမ် ပြန်လည်စုစည်းထုတ်ဝေလိုက်သည်။

ဆရာမြသန်းတင့်၏ ဤစာအုပ်ပါ ရုပ်ပုံလွှာများမှာ ခေတ်တစ်ခေတ်၏ လူတန်းစားအလွှာစုံတို့ နေ့စဉ် ကြုံတွေ့နေရသော လက်တွေ့ဘဝ လောကဇာတ်ခုံမှ ဇာတ်လမ်းများကို အများပြည်သူနှင့် ထိတွေ့ရင်းနှီးသော အရေးအသားဖြင့် ထိုခေတ်၏ လူနေမှုစရိုက်အစုံကို ထဲထဲဝင်ဝင် ပီပီပြင်ပြင် ထင်ဟပ်ရေးသားထားခြင်းဖြစ်၍ စာဖတ်သူများ ကြိုက်နှစ်သက်မည်ဟု မျှော်လင့်မိပါသည်။

**Synergy Publication**

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ခေါင်းခါပြလိုက်ပြီ ၁

(ကလျာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၉၁)

၂။ အင်တာနေရှင်နယ်ဖိုးထူးနှင့် အင်တာဗျူးလုပ်ခြင်း ၁၆

(ကလျာမဂ္ဂဇင်း၊ မတ်၊ ၁၉၉၁)

၃။ ချစ်တော့ချစ်လေ ဆိတ်ဆိတ်နေပေါ့ ၃၂

(ကလျာမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၉၁)

၄။ ဆိုက်ကားသမား ဒဿနဆရာ ၄၂

(ကလျာမဂ္ဂဇင်း၊ မေ၊ ၁၉၉၁)

၅။ တယောပြား၊ ချစ်သူ၊ စည်းတစ်လက် ၅၇

(ကလျာမဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၁)

၆။ အမေ့လိုသမီး ၇၇

(ကလျာမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၉၁)

၇။ ပန်းမှဆိုး ၉၀

(ကလျာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၁)

၈။ အပျော်ရဲခြင်းနှင့် အနေရဲခြင်း ၁၀၂

(ကလျာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉၁)

၉။ လက်ဖက်ရည်ဆိုင်ထိုင်သူတစ်ယောက် ၁၁၇

(ကလျာမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၉၁)

၁၀။ ကိုငွေကြည် ရွှေပြည်သာမှာ ဆံပင်ညှပ်သည် ၁၃၂

(ကလျာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၉၁)

၁၁။ မီးရောင်အောက်မှာ မရှိတော့သော မေသူ ၁၄၅

(ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၉၂)

၁၂။ နားညှိခြင်း ၁၅၀

(ကလျာမဂ္ဂဇင်း၊ မတ်၊ ၁၉၉၂)

၁၃။ မော်နီတာထဲက ကျွန်တော့်ဘဝ ၁၆၉

(ကလျာမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၉၂)

၁၄။ ပန်းထိုးရတာ လက်နာတယ် ၁၈၃

(ကလျာမဂ္ဂဇင်း၊ မေ၊ ၁၉၉၂)

၁၅။ ကိုင်းခုတ်တဲ့ ဖိုးတုတ် ၁၉၇

(ကလျာမဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၂)

၁၆။ အဝေးပြေးကားကြီးပေါ်ကအချစ်နှင့် သူ၏ကိုကို ၂၁၀

(ကလျာမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၉၂)

၁၇။ မလွမ်းတယ်သူရှိလိမ့်မည် ၂၂၄

(ကလျာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၂)

၁၈။ နှစ်ချုပ်လက်ကျန်ရှင်းတမ်း ၂၃၆

(ကလျာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉၂)

၁၉။ သမုဒ္ဒရာဆီးပြီး သူ့ရည်းစားရှိရာ ၂၄၇

(ကလျာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၉၂)

၂၀။ မင်းသမီးရုပ်နှင့် ဘီလူးခေါင်း ၂၅၉

(ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၂)

၂၁။ စက်သမား ရတက်မွှား ၂၆၉

(ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၉၃)

၂၂။ ဆိုင်းဘုတ်ရေးသမား၏ ဝေဒနာ ၂၈၁

(ကလျာမဂ္ဂဇင်း၊ မတ်၊ ၁၉၉၃)

၂၃။ လှဲ့ဝင်းကို အယူခက်တယ် ၂၉၃

(ကလျာမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၉၃)

၂၄။ ဆရာမနှင့် သူ၏တပည့်များ ၃၀၃

(ကလျာမဂ္ဂဇင်း၊ မေ၊ ၁၉၉၃)

၂၅။ ပန်းပန်တဲ့ ပန်းရုံဆရာ ၃၁၃

(ကလျာမဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၃)


www.burmeseclassic.com

www.burmeseclassic.com


၂၆။ ရှာပုံတော်သစ် ၃၂၅
(ကလျာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉၃)
၂၇။ သတင်းစာမှန်မှန်မရောက်က တိုင်ကြားပါ ၃၄၂
(ကလျာမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၉၃)
၂၈။ အောင်ဝတ္ထုတစ်ပုဒ် ၃၅၂
(ကလျာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၉၃)
၂၉။ ညီအစ်မနှစ်ယောက် ၃၆၀
(ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၃)
၃၀။ မြေနုကျွန်းအချစ်ဇာတ်လမ်းတစ်ပုဒ် ၃၇၀
(ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၉၄)
၃၁။ ကျေးလက်ဘုရားပွဲ ၃၈၂
(ကလျာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၉၄)
၃၂။ လူကြမ်းမင်းသား ၃၈၉
(ကလျာမဂ္ဂဇင်း၊ မတ်၊ ၁၉၉၄)
၃၃။ လမ်းများနှင့်လူများ ၄၀၀
(ကလျာမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၉၄)
၃၄။ မဲဇာနိုးမှာ ၄၁၃
(ကလျာမဂ္ဂဇင်း၊ မေ၊ ၁၉၉၄)
၃၅။ နှစ်.မွှန်း ၄၂၂
(ကလျာမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၉၄)
၃၆။ မိန်းမပီသသော မိန်းမ ၄၃၆
(ကလျာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၄)
၃၇။ လေလွင့်ငှက်ငယ် ၄၄၉
(ကလျာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉၅)
၃၈။ အိပ်မက်တိုင်းပြည် ၄၅၉
(ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၄)
၃၉။ အဖေနှင့်မတူသောသား ၄၇၄
(ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၁)


BURMESE CLASSIC

# ခေါင်းခါပြလိုက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းခါပြလိုက်ပြီ

ကျွန်တော်နှင့် ဒေါက်တာမေလင်းတို့ မန္တလေးသွား ရထားကြီးပေါ်မှာ တွေ့ကြသည်။ မေလင်းနှင့် ကျွန်တော် သိသည်မှာ ကြာပါပြီ။ သူ ဆရာဝန်ဘွဲ့မရခင် ဆေးကျောင်းသူဘဝကတည်းက သိခဲ့ကြခြင်း ဖြစ်သည်။ သူသည် အလယ်တန်းစာမေးပွဲကို ဂုဏ်ထူးတွေနှင့် အောင်ခဲ့သည်။ အထက်တန်းစာမေးပွဲကိုလည်း ဂုဏ်ထူးတွေနှင့် အောင်ခဲ့သည်။ ဆေးကျောင်းရောက်တော့လည်း အမြဲလိုလို ထိပ်ဆုံးမှာ ရှိခဲ့သည်။ အဖေက အရာရှိကြီးမို့ သူ့ကို ကျူရှင်ကောင်းကောင်းတွေ ထားပေးခဲ့သည်။ အင်္ဂလိပ်စာတို့ ဘာတို့ ဆိုလျှင် အဖေကိုယ်တိုင် အိမ်မှာ သင်ပေးသေးသည်။ သည်အထဲတွင် မေလင်းက ကြိုးစားသည်။ ဉာဏ်ကောင်းသည်။ ထက်မြက်သည်။ ထို့ကြောင့် မေလင်းသည် ပညာရေးမှာ ထူးချွန်ခဲ့သည်။ ဆေးကျောင်းသို့ရောက်ပြီး စာပေတို့ကိုလည်း ဖတ်ရှုသည်။ မေလင်းသည် ပညာထူးချွန်သည့် မိန်းကလေးများထဲ ထိပ်တန်းက ပါခဲ့ကြောင်းကို ကျွန်တော် သိပါသည်။ ဆေးကျောင်းရောက်ပြီး နောက်ဆုံးနှစ်တွင် သူ့ထက် တစ်တန်းငယ်သည့်





ဆေးကျောင်းသားတစ်ယောက်နှင့် လိုက်ပြေးသည်ဟု ကျွန်တော် ကြားလိုက်ရသည်။

ထို့နောက် မေလင်းနှင့် မတွေ့ဖြစ်ကြတော့။ ဆရာဝန်ဖြစ်ပြီး ဘယ်မြို့တွင် ရောက်နေသည်ဆိုသည့်သတင်းကိုမူ တစ်ခါတစ်ရံတွင် သန့်သန့်ကြားရတတ်သည်။ သူ့ယောက်ျားမှာလည်း ဆရာဝန်ဖြစ်ပြီး သူနှင့်တစ်မြို့တည်းတွင် တာဝန်ကျသည့်အခါကျပြီး တစ်ခါတစ်ရံတွင်လည်း တစ်ကွဲတစ်ပြားစီ ကျသည့်အခါများရှိသည်ဟု ကျွန်တော် ကြားရသည်။ ထို့နောက် မေ့မေ့ပျောက်ပျောက်ပင်။

ယခုတစ်ကြိမ် မီးရထားပေါ်တွင် ပထမဆုံးအကြိမ် ပြန်တွေ့ခြင်း ဖြစ်သည်။ မေလင်းသည် ခါးနည်းနည်း အဆီရစ်လာသည်မှအပ ကိုယ်လုံးကိုယ်ပေါက် အလုမပျက်သေး။ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ နက်မှောင်သော မျက်လုံးများက ရီဝေရွှန်းလဲ့နေကြဆဲ။ ဝါဝင်းသောအသားက ချောမွတ်နေဆဲ။ ပါးပြင်တွင် အကြောစိမ်းကလေးတွေ ယှက်သန်းနေသည်ကို အတိုင်းသား မြင်နေရသည်။ အသက်လေးဆယ်ထဲ ရောက်နေသည့်တိုင် သုံးဆယ်ကျော်ရုံကလေးလောက်သာ ထင်ရသည်။

လမ်းတွင် အများဆုံး စကားပြောသူမှာ မေလင်းဖြစ်ပြီး ကျွန်တော်ကမူ နားထောင်သူသာ ဖြစ်ပါသည်။ မေလင်းသည် ပထမအိမ်ထောင်နှင့် ကွဲသလိုလို ကြားလိုက်ရသည်။ သို့ရာတွင် ကျွန်တော့်စိတ်ထဲတွင် မသေချာပါ။ သေချာသည့်တိုင်အောင်လည်း သူ့ကိုယ်ရေးကိုယ်တာကိစ္စသည် ကျွန်တော်နှင့် ဘာမျှမဆိုင်ပါ။ ထိုကိစ္စမျိုးသည် မေးရှာကောင်းသောကိစ္စ မဟုတ်ပါ။ မေလင်းကမူ ကျွန်တော်မမေးဘဲ ပွင့်ပွင့်လင်းလင်း ပြောပြပါသည်။ သူ ရှင်ပွင့်ချင်ဟန် တူပါသည်။

“ကလျာမဂ္ဂဇင်းထဲမှာ “အညတရရုပ်ပုံလွှာများ”ဆိုပြီး ဆရာရေးနေတာတွေကို မေလင်း အမြဲဖတ်ပါတယ်။ အလျှင်လက စပြီး “ခေတ်ပြိုင်ရုပ်ပုံလွှာများ”ဆိုပြီး ခေါင်းစဉ် ပြောင်းလိုက်တာကိုလည်း မေလင်း သတိထားမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘဝဆိုတာ လူမျိုးစုံ၊ အတန်းအစားမျိုးစုံ ရှိတယ် မဟုတ်လား။ အညတရ မဟုတ်တဲ့လူတွေမှာလည်း သူ့ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့သူ ရှိကြတာကိုး။ အညတရလို့ ခေါင်းစဉ်တပ်ထားလိုက်တော့ အညတရ မဟုတ်တဲ့ လူတွေအကြောင်းကို ရေးလို့ မရသလို ဖြစ်နေတယ်။ မသိဘူး လေ။ မေလင်းကတော့ အညတရဆိုတာ ဆင်းရဲသား၊ သာမန်လူတွေ၊ အသိုင်းအဝိုင်းတို့ဘာတို့မရှိတဲ့ လူတွေကိုခေါ်တယ်လို့ ထင်တာပဲ။ မေလင်း ထင်တာ မှားများမှားနေမလားတော့ မသိဘူး။ ဆိုပါတော့ ... ဆရာဟာ နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက်အကြောင်းကို ရေးချင်ပြီ ဆိုပါ တော့။ ဒီခေါင်းစဉ်နဲ့ ဘယ်လိုလုပ်ပြီး ရေးလို့ရတော့မှာလဲ။ သူက အညတရ မဟုတ်ဘူးလေ။ ဒီအတိုင်းပဲ။ အထက်တန်းလွှာလို့ခေါ်ကြတဲ့ အတန်းအစား ထဲက ဇာတ်လမ်းတွေ၊ အလတ်တန်းစားလို့ခေါ်ကြတဲ့ အတန်းအစားထဲက ဇာတ်လမ်းတွေကို ရေးချင်ရင်ကော ဘယ့်နှယ်လုပ်မလဲ။ ခေါင်းစဉ်ဟာ ကျဉ်းမြောင်းလွန်းနေတာပေါ့။

အဲဒီဇာတ်လမ်းတွေကိုဖတ်ပြီး ဆရာ့ကို ဝတ္ထုတစ်ပုဒ် ပြောပြချင်နေ တာ။ ရေးတာ မရေးတာက အကြောင်းမဟုတ်ပါဘူး ဆရာ။ မေလင်း ရင်ထဲမှာရှိတာကို ပြောချင်လို့ပါ။

မေလင်း ခုသူနဲ့ မဟုတ်တော့ဘူး ဆရာ။ ကွဲသွားကြပြီ။ သူဆိုတာက ဒေါက်တာမြင့်ဦးလေ။ မေလင်းရဲ့ ခင်ပွန်းပေါ့။ ကွဲရတဲ့အကြောင်းကတော့ သူ့ကြောင့်ပေါ့။ ဒါကတော့ မေလင်းအမြင်ပေါ့လေ။ ဟုတ်မဟုတ်တော့ ဆရာ ဝေဖန်ကြည့်ပေါ့။

မေလင်း သူ့ကို တကယ်ချစ်ခဲ့တာပါ ဆရာ။ ချစ်လွန်းလို့ မေလင်း အင်မတန်ချစ်တဲ့ ဖေဖေ့ကိုတောင် စွန့်ပစ်ခဲ့ပြီး သူ့နောက်ကို လိုက်လာ တာပါ။ ဖေဖေဟာ မေလင်းကို ဘယ်လောက်ချစ်သလဲဆိုတာလဲ ဆရာ အသိဆုံးပါ။ မိတဆိုး သမီးကလေးဆိုပြီး မေလင်းကို အလိုလိုက်ခဲ့တယ်။ အလိုလိုက်တယ်ဆိုတဲ့နေရာမှာ ဖေဖေဟာ စည်းနဲ့ကမ်းနဲ့ အလိုလိုက်ပါ တယ်။ မေလင်းရဲ့ ပညာရေးမှာ အနှောင့်အယှက်မဖြစ်တဲ့ အတိုင်းအတာ အထိ အလိုလိုက်ခဲ့ပါတယ်။

မေလင်းဟာ ဖေဖေရဲ့ တစ်ဦးတည်းသော သမီး။ မေလင်းမေမေ ဆုံးတော့ ဖေဖေဟာ မေလင်းကိုငဲ့ပြီး နောက်အိမ်ထောင် မပြုခဲ့ဘူး။





မေမေဆုံးတော့ ဖေဖေဟာ အသက်ဘယ်လောက်ရှိသေးလို့လဲ ဆရာ။ ငါးဆယ်ကျော်ရုံကလေးပဲ ရှိသေးတယ်။ နောက်အိမ်ထောင်ထူမယ်ဆိုရင် ထူနိုင်တဲ့အရွယ်။ အိမ်ထောင်ထူရင်လည်း တင့်တယ်သေးတဲ့အရွယ်။ ပြီးတော့ အရာရှိကြီး။ ဘာမှ ကြောင့်ကြရတာ မဟုတ်ဘူး။ မေလင်းကို ဘော်ဒါပို့ ပြီး သူ့ဘာသာသူ နောက်အိမ်ထောင်ပြုရင် ရသားပဲ။ ဖေဖေ့မိတ်ဆွေတွေ ဒီလိုပဲ ပြုကြတာပဲ။ ဒါပေမဲ့ ဖေဖေဟာ မေလင်းကိုငဲ့ပြီး မပြုခဲ့ဘူး။ သူ့အစ်မ အပျိုကြီးတစ်ယောက်ကိုပဲ ခေါ်ထားပြီး အိမ်ထောင်ကိစ္စ၊ မေလင်း ကို စောင့်ရှောက်ဖို့ကိစ္စတွေကို တာဝန်ပေးခဲ့တယ်။ ဒါ ဆရာသိပါတယ်။

ဒါပေမဲ့ မေလင်း နောက်ဆုံးနှစ်ရောက်တော့ သူနဲ့တွေ့တယ်။ သူက မေလင်းထက် တစ်နှစ်နောက်ကျတယ်။ မေလင်းကို သူချစ်ရေးဆိုတော့ အမျိုးမျိုးငြင်းပါတယ်။ ကျောင်းမပြီးသေးဘူးဆိုတဲ့ အကြောင်းပြချက်နဲ့လည်း ငြင်းတယ်။ ဖေဖေနဲ့ နှစ်ယောက်တည်း နေရတာမို့ ဖေဖေ သဘောမတူလို့ မဖြစ်တဲ့အကြောင်း ငြင်းတယ်။ ဒါပေမဲ့ ယောကျ်ားတွေဟာ တော်တော် ဇွဲကြီးတယ်များတယ်နော်။ ရေးက စာတွေထဲမှာတော့ မိန်းမမာယာ ဆဲကိုးဖျာလို့ ဆိုကြပေမယ့် တကယ်ကျတော့ ယောကျ်ားတွေရဲ့ ပရိယာယ်က ရာထောင် များလိမ့်ဦးမယ်ထင်တယ်။ ဘာတဲ့ဆရာ။ မေလင်း ငယ်ငယ်က ကြားဖူးတဲ့ မာမာအေးသီချင်းထဲကလိုပေါ့။ ယောကျ်ား တွေများကျတော့ ဆဲကိုးဖျာတောင် မလောက်ပါတယ်။ မန်ကျည်းကိုးပင်ကို နောက်ပါလို့ရယ် ဆိုတာလိုပေါ့။

နောက်တော့ သူ ဇွတ်အတင်းတွယ်ကပ်နေတာနဲ့ သူ့မေတ္တာကို တုန့် ပြန်လိုက်မိပါတယ်။ ဒီတွင် သူက လက်ထပ်ရအောင်လို့ တစ်ဆင့်တက် ပူဆာပြန်တယ်။ မေလင်း အမျိုးမျိုးငြင်းတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ လက်မထပ်လို့ မဖြစ်တဲ့ အခြေအနေရောက်တာနဲ့ မေလင်း နောက်ဆုံး နှစ် မပြီးခင်မှာ လက်ထပ်လိုက်တယ်။ လက်ထပ်တယ်ဆိုတာ ခိုးရာလိုက် ပြေးရတာပေါ့လေ။

အဲဒီတုန်းက မေလင်းတို့နှစ်ယောက် ရုန်းကန်ခဲ့ရတာတွေကတော့ ပြောပါတော့။ ဖေဖေကလည်း ရှက်လွန်းလို့ သတင်းစာတို့ဘာတို့ကသာ



www.burmeseclassic.com

www.burmeseclassic.com



မကျေညာပေမယ့် မေလင်းကို သမီးအဖြစ်က စွန့်ပစ်လိုက်တယ်။ ဆွေမျိုးတွေကလည်း မေလင်းကို မိုက်တယ်လို့ ဆိုကြတယ်။ ဟုတ်တာပေါ့။ မေလင်းကိုင်ပြီး ဖေဖေဟာ နောက်အိမ်ထောင် မပြုခဲ့ဘူး။ ဒါကိုတောင် မငဲ့ဘဲ မေလင်းက ဒီလိုလုပ်လိုက်တယ်ဆိုတော့ ဆွေမျိုးတွေဘက်က ကြည့်ရင်လည်း မေလင်းကိုပဲ အပြစ်ဆိုမှာပေါ့။ ဖေဖေဆိုတာတော့ ဘယ်လောက်စိတ်ဆိုးမလဲဆိုတာ ဆရာစဉ်းစားကြည့်ပေါ့။

ဒီလိုနဲ့ မေလင်းတို့ နှစ်ယောက်စလုံး ဆရာဝန်ဖြစ်လာကြတယ်။ ပထမ မေလင်းက အောင်တယ်။ မေလင်း ဟောက်စ်ဆာဂျင်ဆင်းပြီးတော့ သူ အောင်တယ်။ ဒါပေမဲ့ တော်တော်နဲ့ အလုပ်မရဘူး။ သမဝါယမ ဆေးခန်းတွေကို လိုက်ရတယ်။ သူငယ်ချင်းတွေ၊ အသိတွေရဲ့ ဆေးခန်းမှာ လိုက်ကုရတယ်။ ဒါပေမဲ့ ဘယ်မှာကောင်းကောင်းရမှာလဲ ဆရာ။ မေလင်းက ရှိးရှိးအွဲ့ပဲရထားတာ။ ပြီးတော့ ပေါက်စ။ ခုခေတ်မှာ ဆေးခန်းတိုင်းလိုလို ပါရဂူတွေရှိနေတော့ မေလင်းတို့ ဘယ်မှာတိုးနိုင်မှာလဲ။

နောက် သူအောင်တယ်။ သူဟောက်စ်ကဆင်းပြီးတော့ မေလင်းတို့ သူ့ဆွေမျိုးတွေရှိတဲ့ မြို့ငယ်လေးတစ်မြို့နယ်ထဲက ရွာကြီးတစ်ရွာမှာ သွားပြီး ဆေးခန်းဖွင့်ကြတယ်။ ဟိုမှာ သူ့ဘက်က ဆွေမျိုးသားချင်းတွေရှိတော့ အသိုင်းအဝိုင်းက မဆိုးပါဘူး။ တောမှာဆိုတော့ ပြိုင်ဘက်လည်း သိပ်မရှိဘူး။ ပိုက်ဆံကလည်း သိပ်ကုန်စရာ မရှိဘူး။ အစားအသောက်တို့ ဘာတို့ကလည်း မြို့လို ဈေးမကြီးတော့ မေလင်းတို့ နေသာထိုင်သာ ရှိပါတယ်။

တောက သူ့ဆွေမျိုးတွေကလည်း မေလင်းကို သိပ်ချစ်ကြတယ်။ ပြီးတော့ မေလင်းလို အရာရှိကြီးတစ်ယောက်ရဲ့သမီးက တောလိုက်လာပြီး ဆေးကုတယ်ဆိုတော့ သနားလည်း သနားကြတယ်။ စောင့်လည်း စောင့်ရှောက်ကြပါတယ်။

နောက်တော့ အလုပ်သင်တွေခေါ်လို့ မေလင်းရော၊ သူရော စာမေးပွဲသွားဖြေရတယ်။ သူကကျပြီး မေလင်းက အောင်လာတယ်။ ပို့စတင်းရတယ်။ ဒါနဲ့ မေလင်း ဒီအလုပ်ကို လက်ခံပြီး တစ်မြို့ကို ပြောင်းခဲ့ရတယ်။ သူကတော့ လောလောဆယ် အဲဒီရွာမှာပဲ အခြေမပျက်နေခဲ့ဦးမယ်





ဆိုပြီး ဆေးခန်းဖွင့်ကျန်ရစ်ခဲ့တယ်။

ဒါပေမဲ့ ဆရာ။ သူ ကြာကြာမလုပ်နိုင်ပါဘူး။ နောက်တော့ ဆေးခန်းပိတ်ပြီး မေလင်းဆီကို လိုက်လာတယ်။ သူပြောတာလည်း ဟုတ်တော့ ဟုတ်တာပေါ့လေ။ လင်ရယ်မယားရယ်လို့ ရပြီး ဘယ်လောက်နေလိုက်ရလို့လဲ။ ဟောက်စ်ဆင်းကြတုန်းက အတူနေလိုက်ရတာကလေးရယ်လောက်ပဲ ရှိတယ် မဟုတ်လား။ ဒီအထဲမှာ မေလင်းတို့မှာ သားကလေးတစ်ယောက်ရတော့ ခုလို ခွဲနေရတော့ တော်တော်ကသီလင်တ ဖြစ်တာပေါ့ ဆရာရယ်။

မေလင်းနဲ့ ကလေးက တစ်မြို့မှာ။ သူက တစ်ရွာမှာ။ နောက်နှစ်ကျတော့ သူ စာမေးပွဲဝင်ဖြေတော့ ပို့စတင်းရတယ်ဆရာ။ ဒါပေမဲ့ သူက တစ်မြို့မှာ မေလင်းက တစ်မြို့မှာ။ ဝေးလည်းဝေးတော့ တစ်နှစ်မှ တစ်ခါလောက် နှစ်ခါလောက်ပဲ တွေ့နိုင်ပါတယ်။ သူက လာတဲ့အခါလာ။ မေလင်းက လိုက်သွားတဲ့အခါ လိုက်သွားပေါ့လေ။ နောက်တော့ သူ နယ်စပ်ကို သွားအမှုထမ်းရတယ်။ အဲဒီမှာ မိန်းမပွေတယ်ဆိုတဲ့ သတင်းတွေကို ကြားရတယ်။ မေလင်း ရုတ်တရက် စိတ်ဆိုးတာပေါ့လေ။ ဒါပေမဲ့ အကြောင်းရင်းက လင်ရယ် မယားရယ် အတူမနေရတဲ့အဖြစ်က အဓိက အကြောင်းရင်းပဲလို့ မေလင်းဖြေပါတယ်။ သူနဲ့အတူ တစ်မြို့တည်းရောက်အောင် ကြိုးစားပါတယ်။ ဒါပေမယ့် ကံမကောင်းသေးတော့ ဘယ်လောက်ပဲ ကြိုးစားကြိုးစား မရဘူးဆရာ။

မေလင်းနဲ့သူနဲ့တွေ့ရင် သူ့သတင်းတွေကို မေလင်းက ပြောပြတယ်။ ဒီတော့ သူက မဟုတ်ပါဘူးလို့ ငြင်းတယ်။ လူတွေက အလကား ပြောနေ[illegible]တဲ့။

နောက်ဆုံးတော့ မေလင်းတို့နှစ်ယောက် တစ်မြို့တည်း ရလာရော ဆိုပါတော့ ဆရာ။ မေလင်းရှေ့မှာမို့လို့လား မသိဘူး။ သူ ငြိမ်သားပဲ။ [illegible]တောင် ဘေးစကားတွေပါလို့ ထင်လာတယ်။ သူက မိန်းကလေးတွေ[illegible]တတ်တယ်ဆရာ။ သူ့မှာ မှော်ပါသလား မသိဘူး။ မိန်းကလေးတွေ[illegible]ဆိုရင် ခင်တတ်ကြတယ်။ ဒါကိုကြည့်ပြီး လူတွေကပြောတာ [illegible] မေလင်းကလည်း ထင်လာမိတာပေါ့လေ။

www.burmeseclassic.com



သူနဲ့ မေလင်းတို့ အတူကျတဲ့မြို့က ရန်ကုန်နဲ့ မနီးမဝေးမှာ ဆရာ။ မေလင်းတို့မှာ သားလေးတစ်ယောက်ရပြီး သားသမီးမရအောင် နေကြတယ်လေ။ အမေကရော၊ အဖေကရော ဆေးရုံသွား၊ တစ်နယ်တစ်ကျေးပြောင်းနဲ့ဆိုတော့ သားသမီးများများရရင် သိပ်တာဝန်ကြီးလွန်းလို့ပါ။

သားလေး ငါးနှစ်သား ခြောက်နှစ်သားလောက်ရောက်တော့ ဖေဖေက ဘာစိတ်ကူးပေါက်လို့လဲ မသိဘူး။ သူ့အစ်မ အပျိုကြီးကို မေလင်းတို့ဆီလွှတ်ပြီး သားလေးကို ရန်ကုန်မှာထားခိုင်းတယ်။ မေလင်းက မြို့မှာ တစ်ယောက်တည်းဆိုတော့ ဖေဖေက မြေးအတွက် စိတ်ပူတယ်ထင်ပါရဲ့။ ဒါနဲ့ ကလေးကို ဖေဖေ့ဆီ ပို့ထားတယ်။ ဒီတုန်းက ဖေဖေက မန္တလေးမှာ။ ခုလည်း မန္တလေးမှာပါပဲလေ။ ဒါပေမဲ့ မေလင်းကိုတော့ အလာမခံပါဘူး။ သားလေးကို တွေ့ချင်ရင် ကြီးကြီးနဲ့ မေလင်းဆီကို လွှတ်ပေးတယ်။ နောက် တော်တော်ကြာတော့ ကြီးကြီးကလည်း မေလင်းကို သနားသွားတယ် ထင်ပါရဲ့။ ဖေဖေ့ကို တဖြည်းဖြည်း နားချရာက ဖေဖေ စိတ်လည်လာတယ်။ သူ့ကိုသာ ဝင်ခွင့်ထွက်ခွင့် မပြုသေးပေမယ့် မေလင်းကိုတော့ ဝင်ခွင့်ထွက်ခွင့်ပြုနေပြီ။

မေလင်းတို့နှစ်ယောက် ရန်ကုန်နားက မြို့ကလေးပြောင်းလာပြီး နောက်တစ်နှစ်မှာ ဖေဖေ့ကို သွားကန်တော့ကြတယ်။ သူလည်း ပါတယ်။ ကြီးကြီး အောင်သွယ်ပေးမှုကြောင့်လည်း ပါတယ်။ ဖေဖေကိုယ်တိုင်ကလည်း အသက်ကြီးလာတော့ သမီးတို့၊ မြေးတို့နဲ့ သိုက်သိုက်ဝန်းဝန်း နေချင်တယ် ထင်ပါရဲ့။ ဒါပေမဲ့ အိမ်ကိုတော့ မခေါ်သေးဘူး။ ကန်တော့တာကိုပဲ လက်ခံတယ်။ သူ့ကိုလည်း သိပ်စကား ဟဟမပြောဘူး။ သူ့တွင် မဟုတ်ပါဘူးလေ။ မေလင်းကိုလည်း မေးထူးခေါ်ပြောလောက်ပဲ လုပ်တာပါ။ မြေးကလေးကိုပဲ သူစကားပြောတယ်။ သူနဲ့ကျရင်တော့ ရယ်ရယ်မောမော၊ နောက်လားပြောင်လား နေတယ်။ ကျန်တဲ့အချိန်တွေမှာတော့ ခပ်တန်းတန်းပဲ။

ရန်ကုန်နားက မြို့ကလေးမှာ နေရတာက သိပ်အနေအထိုင် ဆင်းရဲတယ်လေ။ မေလင်းတို့မှာ အိမ်လည်းမရ။ ဖေဖေ့ဆီကလည်း လက်ဖြန့်မခံချင်တော့ ရတဲ့လခကလေးနဲ့ပဲ ဖြစ်သလို နေခဲ့ကြတယ်။ ဆေးခန်း





ဖွင့်ကြည့်တော့လည်း ဆေးခန်းက ဆရာဝန်ကြီးတွေ၊ ပါရဂူတွေကြားမှာ အိပ်မတိုးနိုင်ဘူး။

တစ်နှစ်တော့ ဖေဖေ ရန်ကုန်ကို ဆင်းလာတယ်။ အစည်းအဝေးတစ်ခုရှိလို့ဆိုလားပဲ။ ဖေဖေက ရန်ကုန်လာလို့တည်းရင် ဘယ်မိတ်ဆွေ၊ ဘယ်ဆွေမျိုးအိမ်မှ မတည်းဘူး။ သမ္မတဟိုတယ်မှာ တည်းတယ်။ လွတ်လွတ်လပ်လပ် နေချင်တယ်တဲ့။ ဒါနဲ့ အဲဒီရက်က ရုံးပိတ်ရက်လည်း လေးရက်ဆက်ပိတ်နေတော့ ဖေဖေက သမ္မတမှာ ဒီရုံးပိတ်ရက်အတွင်းမှာ သူနဲ့ ထားနေလှည့်တဲ့။ မေလင်းတို့ မိသားစု သုံးဦးစလုံးပေါ့လေ။ ဖေဖေက သွေးတိုးလည်းရှိတော့ တစ်ယောက်တည်း မနေချင်ဘူးထင်ပါရဲ့။ သမီးရော၊ သမက်ရော၊ မြေးလေးကိုရော သမ္မတမှာ အဲဒီလေးရက်လာနေဖို့ ခေါ်တယ်။ အခန်းလည်း ငှားထားတယ်။

ဒီတွင် ကိုယ်တော်ချောက အဲဒီရက်တွေမှာ သူမလိုက်နိုင်ဘူးတဲ့။ နှစ်ပတ်လည် ဂေါက်သီးပြိုင်ပွဲရှိလို့တဲ့။ သူက ဂေါက်ကလပ်မှာ အတွင်းရေးမှူး [illegible] ဒီတော့ သူမရှိလို့ မဖြစ်ဘူး။ လိုက်တော့ ပို့မယ်တဲ့။ ပြီးတော့ ဖေဖေ့ဆီ ခွင့်တောင်းပြီး သူပြန်မယ်တဲ့။

မေလင်းကလည်း သူအလုပ်ရှိတယ်ဆိုတော့ မခေါ်တော့ဘူးလေ။ ဂေါက်ကွင်းဆိုတာ ဆရာသိတဲ့အတိုင်း ခုခေတ်မှာ ကစားရုံသက်သက် မဟုတ်တော့ဘူး။ လူကြီးနဲ့ တွေ့ခွင့်ရတာတို့၊ အပေါင်းအသင်းတို့ ဆိုတာ [illegible]လည်း ရှိတယ် မဟုတ်လား။ ဒီတော့ မေလင်းလည်း မပြောသာတော့ဘူးပေါ့။

တိုတိုပြောရရင် အဲဒီနေ့က မေလင်းကို သူရန်ကုန်လိုက်ပို့တယ်။ ဖေဖေ့ကိုလည်း ကန်တော့တယ်။ သူကတော့ နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲရှိလို့ သူ့ကို ခွင့်ပေးပါလို့လည်း ဖေဖေ့ဆီကို သူကိုယ်တိုင် ခွင့်တောင်းတယ်။ ဖေဖေကလည်း မတားပါဘူး။

မေလင်းတို့ကို ပို့ပြီး သူပြန်သွားတယ်။ မေလင်းတို့ သားအဖတစ်တွေ ကတော့ သမ္မတမှာ စကားပြောလိုက်၊ စားလိုက်သောက်လိုက်ပေါ့လေ။ ဖေဖေ့ အစားအစာကောင်းတို့ ဘာတို့ကို ကြိုက်တတ်တော့ သူကိုယ်တိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



စားတယ်။ သားသမီးကိုလည်း ကျွေးတယ်။ မိတ်ဆွေတွေကိုလည်း ကောင်းကောင်း ကျွေးချင်တယ်။

ဖြစ်ချင်တော့ သမ္မတဟိုတယ်မှာတည်းပြီး ဒုတိယမြောက်ရက်မှာ သားလေးဟာ ကောက်ကာငင်ကာ ဖျားပါလေရော ဆရာ။ အစတုန်းကတော့ အအေးခန်းကြောင့် အအေးမိတယ်ပဲ ထင်လိုက်တယ်။ ဒါပေမဲ့ နောက်ရက်ကျတော့လည်း ကလေးက ကိုယ်ပူမကျဘူး။ အဖျားက တစ်ရှော လေးလောက်ရှိတယ်။ တစ်ခါတလေမှာ သတိတောင်လစ်သွားတယ်။ ဒါနဲ့ သေသေချာချာကြည့်တော့ သွေးလွန်တုပ်ကွေးလက္ခဏာတွေ ပေါ်လာတယ်။ မေလင်း စိတ်ပူလိုက်တာလေ။ ဒါနဲ့ မဖြစ်ချေဘူးဆိုပြီး ကလေးကို ဆေးရုံတင်လိုက်ရတယ်။

ကလေးစဖျားပြီး နောက်တစ်ရက် ဆေးရုံတင်တဲ့ရက်ကတည်းက ကလေးအခြေအနေ မကောင်းဘူး။ ဒါနဲ့ သူ့ဆီကို လှမ်းပြီး ဖုန်းဆက်တယ်။ ဘယ်လိုမှ ဆက်လို့မရဘူး။ ဆေးရုံကို လှမ်းဆက်တော့လည်း မရှိဘူးတဲ့။ ဂေါက်ကွင်းကို လှမ်းဆက်တော့လည်း မရှိဘူးတဲ့။ ဒါနဲ့ သူ့မိတ်ဆွေ တစ်ယောက်ဆီ လှမ်းဆက်တော့ အဲဒီမိတ်ဆွေက ပထမတော့ အသံတိတ်နေတယ်။ တယ်လီဖုန်းထဲက ဘာသံမှ မလာဘူး။ ဒါနဲ့ မေလင်းက ထပ်မေးတော့မှ မေလင်း မသိဘူးလားတဲ့။ မေလင်းဖေဖေက ခိုင်းလို့ ကိစ္စတစ်ခုနဲ့ ပြည်ကိုသွားမယ်လို့ ပြောသွားတယ်ဆိုပြီး ပြောတယ်။ သူလည်း အံ့အားသင့်နေပုံရတယ်။

ကြည့်စမ်း ဆရာ။ မေလင်းကို သူညာသွားတာ။ မေလင်းကိုပြောတော့ ဂေါက်ရိုက်ပြိုင်ပွဲရှိလို့လေး ဘာလေးနဲ့။ ဒါနဲ့ မေလင်းက မကျေနပ်လို့ ဂေါက်ရိုက်ပြိုင်ပွဲရှိလို့ရှိတယ်ဆိုလို့ မေးတော့ မရှိပါဘူးတဲ့။ သူလိမ်တာ သေချာပြီလေ။

ဆရာ စဉ်းစားကြည့်ပါ။ မေလင်းဖေဖေကခေါ်တာကို သူ မလာဘူး။ သားငယ် သေကောင်ပေါင်းလဲဖြစ်လို့ တယ်လီဖုန်းလှမ်းဆက်တော့ မရှိဘူး။ သူလိမ်တာ ပေါ်သွားပြီ။

မေလင်း စိတ်ဆိုးတာရော၊ စိတ်ပူတာရော၊ ဖေဖေ့ကို အားနာတာ





ရော။ အဲဒီတုန်းက ဘယ်လိုနေရမှန်းတောင် မသိဘူး။ မေလင်းဟာ ကလေး ဆေးရုံမှာပဲ အိပ်စားနေတော့တယ်။ သမ္မတဟိုတယ်ကိုတောင် မပြန်တော့ ဘူး။ နောက်ရက်တွေ ဖုန်းဆက်ကြည့်တော့လည်း ပြန်မလာသေးဘူးတဲ့။ ကြည့်စမ်း ဆရာ။ ဆေးရုံကပါ သူ ခွင့်ယူသွားတာ။

သူ မေလင်းမသိအောင် လုပ်နေတာ သေချာပြီ။ ဒီကိစ္စဟာ မိန်းမ ကိစ္စပဲဖြစ်ရမယ်လို့ မေလင်းတွက်လိုက်တယ်။

ဒီလိုနဲ့ သားလေးကို တစ်ပတ်လုံးလုံး ဆေးရုံမှာတင်ပြီး ကုခဲ့ရတယ် ဆရာ။ ဆင်းမယ့်နေ့ကျမှ သူရန်ကုန်ကို ရောက်လာတယ်။ ရောက်လည်း ရောက်ရော မေလင်းနဲ့သူ အကြီးအကျယ် ဖြစ်တော့တာပဲ။ မေလင်း သူ့ကို မယုံတော့ဘူးဆရာ။ ဒါပေမဲ့ မေလင်း ပြန်မလိုက်ဘူး။ ခွင့်တင် ပြီး ဖေဖေနဲ့ မန္တလေးလိုက်သွားတယ်။

ဒီလိုသတင်းမျိုးဆိုတာ ကြာကြာဖုံးလို့ မရပါဘူးဆရာရယ်။ နောက် မကြာခင်ပဲ အဲဒီတုန်းက သူဟာ သူ့စမောလေးနဲ့ ပြည်ကို ထွက်သွားတယ် ဆိုတာ ပေါ်လာတော့တာပါပဲ။ သတင်းပေးတဲ့လူက သူ့စမောနာမည်ရော၊ သူတို့ ဘယ်မှာ တည်းတယ်။ ဘယ်ကို လျှောက်လည်တယ်။ ဘယ်တွေ သွားတယ်ဆိုတာ အကုန်သတင်းပေးတယ်။

ဆရာ စဉ်းစားကြည့်ပါ။ ဘယ်လောက် အသည်းနာဖို့ကောင်းသလဲ။ မေလင်းကိုရော၊ ဖေဖေ့ကိုရော လိမ်ပြီး သူချန်နေရစ်တယ်။ ပြီးတော့ သားလေးအတွက်ရော မေလင်းအတွက်ရော အလိုအပ်ဆုံးအချိန်မှာ သူကတော့ သူ့ကောင်မနဲ့သူ လျှောက်လည်ပြီး အကြည်ဆိုက်လို့။

တော်ပြီ။ ခပ်ရိုင်းရိုင်းပြောရရင် ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုတာနဲ့ အတူတူပဲ။ ဘယ်တော့မှ ပြန်ဖြောင့်မှာ မဟုတ်ဘူးလို့ မေလင်း ဆုံးဖြတ်လိုက်တယ်။ သူနဲ့လည်း ကွာရှင်းခွင့်တောင်းလိုက်တယ်။ သူက ကွာရှင်း ခွင့် မပေးဘူး။ ကွာရှင်းခွင့်မပေးရင် လူကြီးတွေကို တိုင်မယ်ဆိုတော့မှ သူ မေလင်းကို ကွာရှင်းခွင့် ပေးလိုက်တယ်။ မေလင်း တကယ်လုပ်တော့ မယ်ဆိုတာ သူသိသွားပြီလေ။ လူကြီးတွေတိုင်ရင် နာမည်လည်း ပျက်ဦး မယ်။ အလုပ်ကလည်း ပြုတ်ဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတစ်ကြိမ် သူနဲ့တွေ့ပြီး ကွာရှင်းလိုက်ကြတယ်။ သူကတော့ မေလင်းကို ပြန်ပေါင်းဖို့ ကြိုးစားဦးမှာပဲတဲ့။ စိတ်လည်တဲ့တစ်နေ့ကျရင် သူ့ကို ခွင့်လွှတ်လာမှာပါတဲ့။

သူက မိန်းမနဲ့ ပတ်သက်လာရင် သူ့ကိုယ်သူ တော်တော်ယုံကြည်မှု ရှိတဲ့သူ ဆရာ။ သူချော့ရင် ဘယ်မိန်းမမှ မခံနိုင်ဘူး။ ပျော့လာမှာပဲလို့ ထင်နေတဲ့လူ။ ဒါပေမဲ့ မေလင်းကိုတော့ သူ မရတော့ဘူးလေ။ အထူး သဖြင့် သားလေးကိုစွဖြစ်သွားတော့ ပိုပြီး မေလင်းသူ့အပေါ်မှာ သံယောဇဉ် ပြတ်သွားတယ်။

မေလင်းနဲ့ တရားဝင် ကွာပြီးတဲ့နောက် သူအရက်တွေသောက်နေတဲ့ အကြောင်း၊ အလုပ်ကို ကောင်းကောင်း မလုပ်တော့တဲ့အကြောင်းတွေကို ကြားရတယ်။ အထက်ကလည်း အလုပ်ခွင်မှာ အရက်သောက်လို့ ဝမ်နင် ပေးတယ်။ မေလင်းကတော့ ဖေဖေလုပ်ပေးလို့ မန္တလေးကို ပြောင်းရ တယ်။ မန္တလေးမှာ ဖေဖေနဲ့အတူ နေတယ်။

မန္တလေးကနေ ရန်ကုန်ကို စာမေးပွဲတစ်ခု လာဖြေတာပေါ့ ဆရာ။

ကံကြမ္မာက တော်တော် ဆန်းကြယ်တယ် ဆရာ။ ခု ရန်ကုန်ကို စာမေးပွဲ လာဖြေကြတဲ့သူတွေထဲမှာ သူလည်း ပါလာတယ်။ ရွေးမှာက တစ်ယောက်ပဲ ရွေးမှာ။ လျှောက်တဲ့ ဆရာဝန်တွေက နှစ်ရာကျော်၊ သုံးရာ နီးပါးရှိတယ်။ မေလင်းလည်းပါတယ်လို့ ကြားတော့ သူ မေလင်းတည်းနေ တဲ့ သမ္ဘတဟိုတယ်ကို လာတွေ့တယ်။ သူကတော့ အပြင်ဘက်က မိတ်ဆွေ တစ်ယောက်အိမ်မှာ တည်းသတဲ့။

မေလင်းနဲ့တွေ့တော့ အရက်တွေမူးလို့။ မူးတယ်ဆိုတာ ရုပ်ပျက် ဆင်းပျက်ဖြစ်လောက်အောင်တော့ မဟုတ်ပါဘူး။ သောက်ထားတယ် ဆိုပါ တော့။ ကြည့်စမ်းပါဦး ဆရာ။ သူဘယ်လောက်ဖြစ်နေသလဲဆိုရင် မေလင်း ဆီလာတာ မနက်ကိုးနာရီပဲ ရှိသေးတယ်။ သူ့ပါးစပ်က အရက်နံ့ထွက်နေ ပြီ။

သူက မေလင်းကို သူ့ကိစ္စကို ပြန်မစဉ်းစားတော့ဘူးလားလို့ မေး တယ်။ မေလင်းက တစ်ခါအပြင် နှစ်ခါ မမိုက်တော့ဘူး။ မေလင်း ယူ့





အကြောင်းကိုသိသွားပြီလို့ပဲ ပြောလိုက်တယ်။

ဖြစ်ချင်တော့ ဆရာရယ်၊ အဲဒီ စာမေးပွဲမှာ မေလင်း ပထမရတယ်။ စာမေးပွဲက နိုင်ငံခြား သွားရမယ်။ သူက ဒုတိယ ရတယ်။ အမှန်ကတော့ မေလင်း အဲဒီစာမေးပွဲကို သက်သက်ဝင်ဖြေတာပါ။ နိုင်ငံခြားကို သွားမယ် လို့ စိတ်ကူးမရှိပါဘူး။ ဖေဖေခွင့်ပြုရင် သားလေးအတွက် အဆင်ပြေရင် တော့ သွားမယ်ဆိုတဲ့စိတ်ကူးတော့ ရှိတာပေါ့လေ။ ဒါပေမဲ့ ဖေဖေက အခုလည်း မကျန်းမာဘူး။ နှလုံးရောဂါလည်း ရှိတယ်။ သွေးတိုးလည်း ရှိတယ်။ ဆီးချိုလည်း ရှိတယ်။ ဒီအထဲမှာ မျက်စိကလည်း တိမ်ရှိလာတော့ ခွဲပြုရမယ့်ကိစ္စတွေ ရှိတယ်။ သူ့အနားမှာ မေလင်း ရှိစေချင်တယ် ထင်ပါ ရဲ့။ ပင်စင်လည်း ယူပြီဆိုတော့ အိမ်မှာဖေဖေဟာ တစ်ယောက်တည်း ငုပေါင်နေတယ်။ ဒါနဲ့ စာမေးပွဲဖြေလို့သာ ဖြေလိုက်ရတယ်။ အောင်ရင် သွားဖို့ဆိုတာ ဆယ်ရေးတစ်ရေးလောက်ပဲ ရှိပါတယ်။

အောင်စာရင်းကို ဒီနေ့ပဲ သိခဲ့ရတယ်လေ။ ဒီနေ့ညနေ ရထားကို သူလိုက်ပို့တယ်။ သူ ရထားသာ လိုက်ပို့တယ်။ သူ့ပါးစပ်က အရက်နံ့က တစ်ထောင်းထောင်းနဲ့။ ကိုယ်တော့ အရက်ပဲ သောက်နေတာပဲတဲ့၊ မေလင်း အောင်တဲ့အတွက် ဝမ်းသာတယ်တဲ့။ အပြန်ကျရင် သူနဲ့ ပြန်ပေါင်းဖို့ စဉ်းစားပေးပါတဲ့။ မေလင်းမရှိရင် သူမနေတတ်ဘူးတဲ့။

မေလင်း သူပြောတာတွေကို နားထောင်ပြီး ရထားထွက်ခါနီးတော့ အဖြေပေးခဲ့တယ်။ သူပြောတာတွေကို မေလင်း တစ်ခုမှ မလုပ်နိုင်ဘူးလို့။

ဒီတော့ သူက အံ့အားသင့်ပြီး မေလင်း ဘာပြောတာလဲတဲ့။

ဒီတော့ မေလင်းက ပြောလိုက်တယ်။

မေလင်းပြောတာ ရှင်းပါတယ်။ မေလင်း ဘယ်နိုင်ငံခြားကိုမှလည်း မသွားဘူး။ ယူ့ကိုလည်း ပြန်မပေါင်းဘူးလို့။

သူ အံ့အားသင့်နေတယ်။

"နိုင်ငံခြားကို မသွားလို့ ဘယ်ဖြစ်မလဲ။ မေလင်းကို ရွေးလိုက်ပြီးပြီ"

"မေလင်းသိပါတယ်။ ဆိုင်ရာကို ပြောခဲ့ပြီးပြီ။ ဒီမှာ ဖေဖေက အချိန် မရွေး တစ်ခုခုဖြစ်နိုင်တယ်။ ဒါကြောင့် မေလင်း မသွားနိုင်ဘူးလို့ ဆိုင်ရာကို



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ပြီးပြီ။ ဒီတော့ ဒုတိယရတဲ့ ယူပဲ သွားပေါ့”လို့ ပြောလိုက်တယ်။

သူ တော်တော် ဝမ်းသာသွားတယ်။ တကယ်လားတဲ့။ မေလင်း ဘယ်တုန်းက နှစ်ခါပြောဖူးလို့လဲလို့ ပြောလိုက်တယ်။

ဒါဖြင့်ရင် ကိုယ့်ကိစ္စကိုရောတဲ့။ ကိုယ်တို့ကိစ္စကိုလည်း မေလေး နှစ်ခါ မပြောဘူး။ မေလင်း ခေါင်းညိတ်တယ်ဆိုတာ ခေါင်းညိတ်တာပဲ။ ခေါင်းခါတယ်ဆိုတာ ခေါင်းခါတာပဲ။ စိတ်ထဲက ခေါင်းညိတ်ပေမယ့် ခေါင်းခါ ဟန်ဆောင်တဲ့ မိန်းမမျိုး မဟုတ်ဘူးလို့ ပြောခဲ့တယ်။

သူလည်း ပလက်ဖောင်းမှာ ကြောင်ပြီး ကျန်ရစ်ခဲ့တယ်။ မေလင်း သူ့ကို ပြန်မပေါင်းနိုင်ပေမယ့် သူ့ဘဝအတွက် မေလင်း လျှော်ကြေးပေးခဲ့ပြီးပြီပဲ ဆရာ။ အမှန်ကတော့ ဒီလျှော်ကြေးကိုတောင် သူမရထိုက်ပါဘူး။ သူ့ဘက်က မှားခဲ့တာပဲ။ မေလင်းဘက်က တစ်ခုမှ မမှားဘူး။ မဟုတ်ဘူးလား ဆရာ”

(ကလျာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၉၁)

* * *

# အင်တာနေ့ရှင်နယ်ပိုးထူးနှင့် အင်တာဗျူးလုပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

# အင်တာနေ့ရှင်နယ်ဖိုးထူးနှင့် အင်တာဗျူးလုပ်ခြင်း

သူ့ကို ပုဂံရှိ သီရိပစ္စယာ ဟိုတယ်အဝတွင် တွေ့ခဲ့ခြင်းဖြစ်သည်။ ညနေတိုင်းသွား၍ သီရိပစ္စယာဟိုတယ် ဝရန်တာတွင် သွားထိုင်လျှင် သူသည် မနီးမဝေးတွင် ရောက်လာတတ်သည်။ ကျွန်တော်နှင့်အတူ ပါလာသော ဓာတ်ပုံ ညောင်ဦးဖိုးချိုကို နှုတ်ဆက်ပြီးနောက် သူသည် ပြန်ထွက်သွား တတ်သည်။

တစ်နေ့တွင် ညောင်ဦးဖိုးချိုက သူ့ကို ကျွန်တော်တို့အနီးသို့ ခေါ် ကာ သူနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။

သူ့နာမည်က ဖိုးထူး။

ဖိုးထူးသည် အမြဲလိုလို သန့်ရှင်းဖြူဖွေးသည့် စတစ်ကော်လာ ရှပ်အကျႋ ကို ဝတ်ထားပြီး ခပ်လတ်လတ် လုံချည်ကလေးတစ်ထည်ကို ဝတ်ထား သည်။ ကျွန်တော်နှင့်တွေ့သည့် တစ်ပတ်ခန့်အတွင်းတွင် ဖိုးထူးကို နွမ်း နွမ်းပါးပါး မတွေ့ရ။ သူ့အဝတ်အစားသည် အသစ်တွေ မဟုတ်သည့်တိုင် သန့်ရှင်းဖြူဖွေးနေတတ်သည်။ သူ့မျက်နှာသည် ညိုးငယ်ခြင်း မရှိ။ အမြဲ





လိုလို ပြုံးရွှင်နေတတ်သည်။ သူ့လှုပ်ရှားမှုသည် နှေးကွေးလေးလံခြင်း မရှိ။ အမြဲလိုလို သွက်လက်ဖျတ်လတ်နေတတ်သည်။

ဖိုးထူး၏ နှုတ်ခမ်းမှာ မွေးကတည်းက နှုတ်ခမ်းကွဲကလေး ဖြစ်သည်။ ချုပ်ပြန်၍ ချုပ်ထားသဖြင့် အကွဲတော့ သိပ်မရှိပါ။ သို့ရာတွင် သူ့နှုတ်ခမ်း သည် ပုံမှန်မဟုတ်တော့ပါ။ အဝတ်စတစ်ခုကို ဆွဲစေ့၍ ချုပ်ထားသလို ဖြစ်နေသည်။ ထိုနှုတ်ခမ်းကြောင့် စကားပြောလျှင် တစ်ခါတစ်ရံ ဝိုးဝါး သွားနေတတ်သည်။ သို့ရာတွင် နားမလည်နိုင်လောက်အောင် မဟုတ်ပါ။ အနည်းငယ် ဝါးနေခြင်းသာ ဖြစ်ပါသည်။

"ဆရာ့ ခေတ်ပြိုင်ရုပ်ပုံလွှာအတွက် ကုန်ကြမ်းတစ်ခုတော့ ဖြစ်မယ် ထင်တယ် ဆရာ"

ညောင်ဦးဖိုးချိုက ဖိုးထူးကို ကျွန်တော်နှင့် မိတ်ဆက်ပေးရင်း ပြော ပါသည်။

"ကြည့်ရတာကတော့ စိတ်ဝင်စားစရာ အကြောင်းအရာပဲဗျ"

ကျွန်တော်က ဖိုးထူးကို အကဲခတ်သည်။

ဖိုးထူးသည်လည်း ကျွန်တော်တို့နှစ်ယောက်ကို အကဲခတ်နေဟန် ရှိ၏။

"ဆရာ့စာအုပ်တွေကို ကျွန်တော် ဖတ်ဖူးပါတယ်ဗျ။ ဓားတောင်ကို လည်း ဖတ်ဖူးတယ်။ ပြဇာတ်လည်း ကြည့်ဖူးတယ်။ အာနန္ဒာဘုရားပွဲမှာ လာကသွားတာပဲ၊ အဲဒီတုန်းက အဲ့ဒီပြဇာတ် ကတယ်ဆိုရင် ညတိုင်း သွားသွား ကြည့်တာ"

ဖိုးထူးအသံမှာ အနည်းငယ် နှာခေါင်းသံ ပါနေသည်။

"မင်းက ဘာကို သဘောကျတာလဲ"

"သံချောင်းရဲ့ အရှုံးမပေးတဲ့စိတ်ဓာတ်နဲ့ အနစ်နာခံတဲ့စိတ်ဓာတ်"

ညောင်ဦးဖိုးချိုက သူ့စကားကို သဘောကျ၍ ရယ်နေသည်။

"မင်းက ဘာအတွက် အနစ်နာခံမှာလဲ။ ဘယ်သူ့အတွက် အနစ်နာ ခံမှာလဲ"

ကျွန်တော်က မေးသည်။

"အနည်းဆုံးတော့ ကျွန်တော့်မိဘနဲ့ ညီအစ်ကိုမောင်နှမတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ခုလည်း ကျွန်တော့်မိဘကို ကျွန်တော်ပဲ ရှာဖွေ ကျွေးမွေးနေတာပဲ။ ကျွန်တော် သေသည်အထိ မိဘကို လုပ်ကျွေးသွားမှာပဲ။ ကျွန်တော့်အလုပ်က ဟန်ကျပါတယ်"

ဖိုးထူး၏ အလုပ်မှာ တိုးရစ်ဂိုက်ခေါ် ကမ္ဘာလှည့်ခရီးသည်များအား လမ်းညွှန်သည့်အလုပ်ဖြစ်သည်။ သို့ရာတွင် သူ့လမ်းညွှန်အလုပ်ကို မည်သူ ကမှ ခန့်ထားခြင်းမရှိပါ။ ထိုအလုပ်ကိုလုပ်ရန် မည်သည့်ထောက်ခံချက်မှလည်း မရှိပါ။ သူ့တွင် ဧည့်လမ်းညွှန်လုပ်ရန် မည်သည့်လိုင်စင်မှလည်း မရှိပါ။

နိုင်ငံခြား ဧည့်သည်တွေကို သူ့ဘာသာသူလိုက်ပြရင်း အလိုလို ဧည့်လမ်းညွှန်ဖြစ်သွားခြင်း ဖြစ်ပါသည်။ နောက်လာသည့် နိုင်ငံခြားဧည့်သည်များကလည်း သူ့အဆက်နှင့်သူ မေးမြန်းစုံစမ်းပြီး ပုဂံရောက်သည်နှင့် ဖိုးထူးကို လိုက်ရှာပြီး ဖိုးထူးကို လမ်းညွှန်အဖြစ် ခေါ်သွားတတ်ကြပါသည်။ ဖိုးထူးကို ခေါ်သည့်အတွက် သူတို့တွင် တရားဝင် ဧည့်လမ်းညွှန်များကို ငှားရသလို ပိုက်ဆံအကုန်အကျ မများပါ။ ဖိုးထူးသည် စနစ်တကျ မဟုတ်သည့်တိုင် သူတို့သိချင်သည့် ပုဂံအကြောင်းကိုတော့ ပြောတတ်ပါသည်။

ထို့ကြောင့် ဖိုးထူးသည် သူတို့အတွက် အသုံးဝင်နေပါသည်။

သူတို့သည်လည်း ဖိုးထူးအတွက် ဝင်ငွေရရာ ရေသောက်မြစ် ဖြစ်နေပါသည်။

"မင်း နှုတ်ခမ်းကွဲတာကလေးကို ပလတ်စတစ်ဆာဂျရီ လုပ်ပါလား"

ကျွန်တော်က ပြောသည်။

"ညောင်ဦးဆေးရုံမှာ သွားပြီး ချုပ်ပြီးပြီဆရာ။ ပလတ်စတစ် ဆာဂျရီကတော့ အမေက မလုပ်စေချင်တာနဲ့ ကျွန်တော် မလုပ်တော့ဘူး။ အမေက သူ့သားလေးရဲ့ ပေါင်ကအသားကို ဖဲ့လှီးထုတ်ယူမှာကို သနားလို့တဲ့။ အဲဒီလိုတော့ မလုပ်ပါနဲ့တဲ့။ ဒီအတိုင်း ချုပ်ထားလိုက်ရင် တော်ပါပြီဆိုလို့ ကျွန်တော် ဒီအတိုင်းပဲ ထားရတာ"

"တိုးရစ်ဂိုက်လုပ်တော့ သူတို့နဲ့ ဘယ်လိုစကားပြောသလဲ။ မင်း ကျောင်း နေဖူးသလား"

"ကျွန်တော်က ဘုန်းကြီးကျောင်းမှာပဲ နေခဲ့ဖူးတယ် ဆရာ။ သူတို့နဲ့





ပြောတော့ ကျွန်တော် အင်္ဂလိပ်လို ပြောတယ်။ ပြီးတော့ ဂျပန်လို၊ ဟီးဘရူးလိုနဲ့ ပြင်သစ်လို နည်းနည်းပြောတယ်"

ကျွန်တော် အံ့အားသင့်သွားဟယ်။ ဖိုးထူးက ကျွန်တော့်အမူအရာကို ကြည့်ပြီး သဘောကျပြီး ရယ်နေသည်။

"တော်တော်တော့ အံ့ဩဖို့ကောင်းတယ် ဆရာ။ ကျွန်တော်ဟာ အင်္ဂလိပ်စာကို ဖတ်လည်း မဖတ်တတ်ဘူး။ ပြင်သစ်တို့၊ ဟီးဘရူးတို့၊ ဂျပန်တို့ဆိုတာတော့ ဝေးရော။ ဒါပေမဲ့ သူတို့နဲ့ ပြောရင်းပြောရင်း တဖြည်းဖြည်း ပြောတတ်လာတာပဲ ဆရာ"

"ဒါဖြင့် မင်းအကြောင်းကို ပြောပြကွာ။ မင်းဘယ်လို တိုးရစ်ဂိုက်ဖြစ်လာတယ်ဆိုတဲ့အကြောင်းပါ"

"ကျွန်တော်က ကောင်းကောင်း မပြောတတ်ဘူးနော် ဆရာ။ ကျွန်တော်သိသလို ပြောသွားမယ်။ ဆရာသိချင်တာရှိရင် မေးပါ"

"အေး ... ဟုတ်တယ်။ မင်းက လူမျိုးပေါင်းစုံနဲ့ တွေ့နေသူဖြစ်ပြီး ဘာသာမျိုးစုံ နည်းနည်းပါးပါး ပြောတတ်တော့ မင်းကို အင်တာနေရှင်နယ် ဖိုးထူးလို့ နာမည်ပေးမယ်။ မင်း လက်ခံမလား"

"လက်ခံပါတယ် ဆရာ။ ခု အင်တာနေရှင်နယ်ဖိုးထူးနဲ့ အင်တာဗျူး လုပ်နေတဲ့သဘောပေါ့"

ကျွန်တော်နှင့် ညောင်ဦးဖိုးချိုသည် သူ့စကားကို သဘောကျ၍ ရယ်နေကြသည်။

"ကျွန်တော် ဘယ်ကစပြီး ပြောရမလဲ ဆရာ"

"မင်း ပြောချင်တဲ့နေရာကစပြီးပြော။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ [illegible]ကိုပြောရင် မြန်မာလိုမပြောရဘူး။ အင်္ဂလိပ်လိုပြောပါ"

"ဟာ ... ဆရာကလည်း ကျွန်တော်မှ ကောင်းကောင်းမပြောတတ်ဘူး"

"မင်းတိုးရစ်တွေနဲ့ ပြောနေတယ် မဟုတ်လား"

"တိုးရစ်တွေနဲ့တော့ ပြောတာပေါ့ ဆရာ"

"သူတို့နဲ့ ဘာအကြောင်းပြောသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စုံလို့ပဲဆရာ။ အများအားဖြင့်တော့ ပုဂံသမိုင်းအကြောင်း၊ စေတီပုထိုးတွေရဲ့ သမိုင်းအကြောင်း၊ တစ်ခါတလေလည်း ကျွန်တော့်အကြောင်း ပါပါတယ်"

"ဘယ်ဘာသာနဲ့ ပြောတာလဲ"

"အများအားဖြင့်တော့ အင်္ဂလိပ်ဘာသာနဲ့ ပြောပါတယ်။ တစ်ခါတလေမှာလည်း ဂျပန်တို့၊ ဟီဗရူးတို့၊ ပြင်သစ်တို့နဲ့ ပြောပါတယ်။ ဒါပေမဲ့ အဲဒီဘာသာတွေကိုတော့ သိပ်မပြောနိုင်ဘူး ဆရာ။ နည်းနည်းပါးပါး အင်္ဂလိပ်လို ညှပ်ပြောရတယ်"

"ဒီတော့ သူတို့က နားလည်ရဲ့လား"

"နားလည်ပါတယ် ဆရာ"

"ဒီလိုဆိုရင် ငါ့ကိုလည်း မင်းအကြောင်းကို အင်္ဂလိပ်လိုပြောကွာ"

"ဟာ ... ဆရာကလည်း ကျွန်တော်မှ ကောင်းကောင်း မပြောတတ်တာ။ တော်တော်ကြာ အမှားတွေပြောမိရင် ရယ်စရာကြီး ဖြစ်နေမယ်"

ဖိုးထူးသည် ရှက်ကိုးရှက်ကန်း ဖြစ်နေပုံရသည်။

"ဘာဖြစ်လို့ ရယ်စရာဖြစ်ရမှာလဲကွ။ မင်းနိုင်ငံခြားသားတွေကိုတောင် အင်္ဂလိပ်လို ပြောလာသေးတာပဲ။ ဒီတော့ ငါ့ကိုလည်း ဒီအတိုင်းပဲ ပြောပေါ့"

"ကျွန်တော့် စကားလုံးတွေက တစ်ခါတလေမှာ မှန်းကြိတ်ရတာတွေ ဆရာရဲ့။ မှားသွားရင် သိပ်မကောင်းဘူး။ ပြီးတော့ သူတို့နဲ့ကျရင်တော့ ကိစ္စမရှိဘူး။ မှားမှား အကြောင်းမဟုတ်ဘူး။ နားလည် ပြီးရော"

"ငါ့ကိုလည်း တိုးရစ်တစ်ယောက်လို သဘောထားပြီး မင်းပြောတတ်သလို ပြောပေါ့ကွ။ နားလည်ရင် ပြီးရောပေါ့။ မင်း ပြောတတ်သလိုသာ ပြောပါ"

"ဆရာ မရယ်နဲ့နော်"

"မရယ်ပါဘူးကွ။ အတည်ပါ"

"တစ်ခုတော့ ကျွန်တော် ပြောချင်တယ် ဆရာ"

"ပြော"

"ကျွန်တော် အင်္ဂလိပ်လို ပြောတတ်တဲ့နေရာတွေမှာ အင်္ဂလိပ်လို ပြော





သွားပြီး မပြောတတ်တဲ့နေရာတွေမှာ မြန်မာလို ပြောသွားမယ်ဆရာ။ ပြီးတော့ အင်္ဂလိပ်လိုပြောနေရင်းလည်း ဆရာ မရှင်းတာရှိရင် ကြားဖြတ်မေးပါ"

"အိုကေ ... ဒါပေမဲ့ မင်းအကြောင်းကိုပဲ ပြောနော်။ ငါ့ကို တိုးရစ်တွေကို ပြောနေသလို ပုဂံရဲ့ သမိုင်းကို ပြောနေဖို့ မလိုဘူး။ ငါသိချင်တာက မင်းသမိုင်း၊ ပုဂံသမိုင်း မဟုတ်ဘူး"

"နိုးပရော်ဗလင်"

ဖိုးထူးက အမေရိကန်တွေ သုံးလေ့ရှိသည့် "နိုးပရော်ဗလင်"ကို မကြာခဏ သုံးသည်။

"ကျွန်တော်က မြင်းကပါရွာမှာ မွေးပါတယ်။ မြင်းကပါဆိုတာ ကျွန်တော်တို့ ပုဂံမြို့ဟောင်းနဲ့ ပုဂံမြို့သစ်ကြားမှာရှိတဲ့ ရွာကြီးပါ။ အဲဒီမှာ ကျန်စစ်သားရဲ့သားတော် ရာဇကုမာရ တည်ခဲ့တဲ့ ဂူပြောက်ကြီးနဲ့ မြစေတီဘုရားတို့ ရှိပါတယ်။ မြင်းကပါလို့ ခေါ်တာကတော့ ..."

ကျွန်တော်က ကြားဖြတ်၍

"နိုးပရော်ဗလင် ဖိုးထူး။ မင်းသမိုင်းကိုပဲ ပြောပါ။ ပုဂံသမိုင်းကို ထားပါ"

"ဆောရီး ဆရာ။ ကျွန်တော့်အဖေက ဘယ်လိုခေါ်မလဲ ဆရာ (ဆိုင်းသမား)ပါ။ (ခြောက်လုံးပတ်တီးတဲ့လူပါ။) ကျွန်တော်တို့မှာ မောင်နှမ ငါးယောက်ရှိပါတယ်။ အကြီးဆုံးက အစ်မပါ။ ကျွန်တော့်အစ်မဟာ တော်တော်လှပါတယ်။ သူက ကျွန်တော်တို့ ပုဂံမှာဆိုဗီယက်ပြန် ဦးမောင်မောင် ဆပ်ကပ်လာတုန်းမှာ ခိုးရာလိုက်ပြေးပါတယ်။ အဲဒီတုန်းက အဖေက ဦးမောင်မောင်ဆပ်ကပ်ထဲမှာလိုက်ပြီး ဆိုင်းတီးပါတယ်။ ဒီလို ဆိုင်းတီးနေတုန်းမှာ ကျွန်တော့်အစ်မဟာ ခိုးရာလိုက်ပြေးပါတယ်။ သူက အစ်မအကြီးဆုံးပါ။ သူ့အောက်မှာ အစ်မတစ်ယောက် ရှိပါသေးတယ်။ သူကတော့ အိမ်ထောင် မကျသေးပါဘူး။ မိဘတွေနဲ့အတူတူ မြင်းကပါရွာမှာပဲ နေပါတယ်။ ကျွန်တော်က နံပါတ်သရီးပါ။ ကျွန်တော့်အောက်မှာ ညီလေးတစ်ယောက်နဲ့ ညီမလေးတစ်ယောက်တို့ ရှိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖေက အာနန္ဒာပွဲတို့ ရွှေစည်းခုံပွဲတို့ရှိလို့ ဗလာဆိုင်းတွေလာရင် ဆိုင်းထဲကိုလိုက်ပြီး တီးပါတယ်။ အများအားဖြင့် ဆိုင်းတီးတယ်ဆိုတာ ခြောက်လုံးပတ်ပါ။ ခြောက်လုံးပတ်တော့ ဆရာသိလိမ့်မယ် ထင်ပါတယ်။ ဆိုင်းမတီးရတဲ့အချိန်မှာတော့ ရွာမှာပဲ ယွန်းထိုးပါတယ်။ ကျွန်တော်တို့တစ်အိမ်လုံး ယွန်းထိုးပါတယ်။ ယွန်းထိုးတယ်ဆိုတာ ယွန်းခွက်လုပ်ဖို့ အောက်ခံအကြမ်းထည် ပစ္စည်းတွေကို နှီးနဲ့ရက်တဲ့အလုပ်ကို ပြောတာပါ။ ကျွန်တော့်အဖေရော၊ ကျွန်တော့်အမေရော၊ ကျွန်တော့်အစ်မတွေရော။ ကျွန်တော်တို့ တစ်အိမ်သားလုံး ယွန်းထိုးတတ်ပါတယ်။ ကျွန်တော်တို့ထိုးတဲ့ ယွန်းထည်က ယွန်းထည်အစစ် မဟုတ်သေးပါဘူး။ စဓွေးတို့ ဘာတို့ ဘာမှ မသုတ်ရတဲ့ ရေခွက်တို့၊ ချိုင့်တို့၊ အုတ်တို့၊ ကြုတ်တို့ကို နှီးနဲ့ထိုးတာပါ။ ဒါကို ငယ်ငယ်ကတည်းက တတ်ခဲ့ပါတယ်။ ယွန်းကုန်သည်တွေ ယွန်းထည်လုပ်တဲ့လူတွေက ကျွန်တော်တို့လို အလုပ်သမားတွေဆီကို ယွန်းထည်တွေ လာအပ်ရပါတယ်။ ကျွန်တော်တို့က နှီးနဲ့ ထိုးပေးရပါတယ်။ တချို့လည်း သစ်သားနဲ့ ပုံဖော်ပေးရပါတယ်။

ပြီးတော့ စဓွေးသုတ်ပါတယ်။ စဓွေးသုတ်ပြီးတော့ ပန်းရေးပါတယ်။ ကျွန်တော့်အဖေကတော့ နှီးရက်တာရော၊ စဓွေးသုတ်တာရော၊ ပန်းရေးတာရော အားလုံးကို လုပ်တတ်ပါတယ်။ ကျွန်တော်တို့ကတော့ ပန်း မရေးတတ်သေးပါဘူး။ နှီးရက်တာနဲ့ စဓွေးသုတ်တာလောက်ကိုပဲ ကျွန်တော် လုပ်တတ်ပါတယ်။ ကျွန်တော့်အစ်မ နှစ်ယောက်ကတော့ အားလုံး လုပ်တတ်ပါတယ်။ ခုတော့ အဖေက အသက်ကြီးပြီး လက်တွေဘာတွေ တုန်လာတော့ အစ်မတွေကပဲ ပန်းရေးပါတယ်။ ကျွန်တော်တို့ကို ယွန်းထည်လုပ်ငန်းပိုင်ရှင်တွေက ကုန်ကြမ်းထုတ်ပေးပြီး ကျွန်တော်တို့က ကုန်ချောအပ်ရပါတယ်။ သဘောကတော့ လက်ခစား အလုပ်သမားပါ။ လုပ်ခနဲ့ လုပ်ရတဲ့ သဘောပါ။ ကျွန်တော်တို့က လက်မှုပညာသည်ဆိုပေမယ့် ကျွမ်းကျင်သူ မဟုတ်တော့ ယွန်းထည်အကြမ်းတွေကိုပဲ လုပ်ရတာများပါတယ်။ ယွန်းထည် အကြမ်းဆိုတာ လက်ဖက်အုပ် ခပ်လတ်လတ်တို့၊ ကြုတ်တို့၊ အုပ်တို့၊ ဖီးကွက်ရုပ်တို့ စတဲ့ ပစ္စည်းကလေးတွေပါ။ အထည်ကြီးတွေကိုတော့





ကျွမ်းကျင်သူများသာ လုပ်ကြတာပါ"

"မင်းမိဘတွေက တစ်သက်လုံး ယွန်းထည်လုပ်ငန်းကို လုပ်လာခဲ့ကြတာလား။ အရင်တုန်းက ယာတို့ ဘာတို့ လုပ်ခဲ့ဖူးသလား။ ဒါမှမဟုတ် တခြားအလုပ်ကိုင်တွေကိုကော လုပ်ခဲ့သေးသလား"

"ကျွန်တော် မှတ်မိသလောက် ပြောရရင် ကျွန်တော့်မိဘတွေဟာ ဘယ်တုန်းကမှ ယာတို့ ဘာတို့ မလုပ်ခဲ့ဖူးဘူး။ မြေပိုင်ယာပိုင်လည်း မရှိပါဘူး။ ကျွန်တော့် တစ်သက်လုံးမှာ ယွန်းထည်လုပ်ငန်းကိုပဲ လုပ်တာကို တွေ့ဖူးပါတယ်။ တစ်ခါတလေမှာ အဖေဆိုင်းလိုက်တီးတာတော့ ရှိပါတယ်။ အဲဒါလည်း တစ်နှစ်မှာ သုံးလေးခါလောက်ပဲ ရှိမှာပါ"

"ဒါဖြင့် မင်းက မြင်းကပါက ယွန်းထည်လုပ်ငန်း အလုပ်သမား တစ်ယောက်ရဲ့သားကလေး၊ မင်းလက်ထက်ကျတော့ ယွန်းထည်လုပ်ငန်းကို မလုပ်တော့ဘဲ တိုးရစ်ဂိုက်ဝင်လုပ်တယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"တိုးရစ်ဂိုက်ဆိုတာ ဌာနဆိုင်ရာ ထောက်ခံချက်တွေ၊ လိုင်စင်တွေနဲ့ လုပ်ရတာ။ မင်းမှာ ဘာရှိသလဲ"

"ကျွန်တော့်မှာ ဘာရှိမှာလဲ ဆရာ။ ပြီးတော့ ကျွန်တော်က တကယ့် တိုးရစ်ဂိုက်လည်း မဟုတ်ဘူး။ ဧည့်သည်တွေကို လမ်းပြတဲ့သဘောပဲ။ ကျွန်တော့်ကို ဧည့်သည်တွေက ခင်ကြတယ်။ သနားကြတယ်။ ဒီက လူကြီးတွေကလည်း ခင်ကြတယ်။ သနားကြတယ်။ ဒါကြောင့် ကျွန်တော် အလုပ်ဖြစ်နေတာပေါ့။ ဧည့်သည်တွေကလည်း သီရိပစ္စယာဟိုတယ်ရောက်လာရင် ကျွန်တော့်ကို မေးတာပဲ။ သူတို့က သူတို့မိတ်ဆွေတွေက ပြောလိုက်တာ ဖြစ်မှာပေါ့ ဆရာ"

"အေးလေ ... ဘာပဲဖြစ်ဖြစ် တိုးရစ်ဂိုက်လို့ပဲ ခေါ်ကြပါစို့ကွာ။ ကဲတော့ မင်းတိုးရစ်ဂိုက်ဖြစ်လာတယ်။ ဘယ်လိုဖြစ်လာတာလဲ။ ဘယ်လောက် ကြာပြီလဲ"

"ကြာပြီဆရာ။ ပြောရရင် မြန်မာပြည်မှာ တိုးရစ်ဂိုက်လုပ်တာ ကျွန်တော် အစောဆုံးလို့တောင် ပြောလို့ရနိုင်တယ်။ ကျွန်တော့်အသက် နှစ်ဆယ့်



www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်ရှိပါပြီ။ ကျွန်တော် ငယ်ငယ်လေးကတည်းက ညှော်ကြိုလုပ်လာတာပါ။ တိုးရစ်ဂိုက်ရဲ့ ရှေ့ပြေးပေါ့ဆရာ”

“အသက် ဘယ်နှစ်နှစ်လောက်မှာလဲ”

“ငါးနှစ်သားလောက်ကတည်းက ဆရာ”

“တကယ်လား ဖိုးထူးရ”

“ဟုတ်ပါတယ် ဆရာ။ မေးကြည့်ပါ။ ပုဂံကလူတွေ မြင်းကပါက လူတွေကို ဖမ်းကြည့်ရင် သိနိုင်ပါတယ်”

“ဟုတ်ပါပြီလေ ယုံပါပြီ။ ဘယ်လိုဖြစ်လာတာလဲ”

“ကျွန်တော်ငယ်ငယ်က မြင်းကပါမှာ နေတယ်ဆရာ။ ခုလည်း မြင်းကပါမှာပဲ နေပါတယ်။ ငယ်ငယ် ငါးနှစ်သားလောက်က မနက်လင်းတာနဲ့ ကျွန်တော်က ထိပ်ပေတစ်ရာကို ထွက်ကစားတာပဲ ဆရာ။ ရွာထိပ်မှာဆိုတော့ အကြော်ဆိုင်တို့ ဘာတို့လည်း ရှိတယ်။ မုန့်တို့ ဘာတို့ ငယ်စားချင်ရင်လည်း ရွာထိပ်ကို သွားရတယ်။ ရွာထိပ်ဆိုတာ ညောင်ဦးနဲ့ ချောက်သွားတဲ့ ပေတစ်ရာလမ်းမကြီးပေါ့ ဆရာရယ်။ ကျွန်တော်တို့ ကလေးတွေအဖို့ ကစားစရာဆိုလို့ ဒီနေရာပဲရှိတာ မဟုတ်လား။ ပေတစ်ရာလမ်းမဆိုတော့ လက်ဖက်ရည်ဆိုင်တို့ အကြော်ဆိုင်တို့ ဘာတို့လည်း ရှိတယ်။ မော်တော်ကား အသွားအလာတွေလည်း ရှိတယ်။ ပုဂံကနေပြီး သီရိပစ္စယာရွာတို့ ဘာတို့ကို သွားရင်လည်း ကျွန်တော်တို့ရွာကပဲ ဖြတ်သွားရတာကိုး ဆရာ။ ဒီတော့ ဒီနေရာက လူစုံတာပေါ့။

ကျွန်တော်တို့ရွာထိပ်မှာ မြစေတီ ဘုရားရှိတယ်။ ည လသာသာဆိုရင်လည်း ကျွန်တော်တို့တစ်တွေ ဘုရားပရဝုဏ်ထဲမှာ ကစားနေကျ။ ဂူပြောက်ကြီးဘုရားဆိုရင် ကျွန်တော်တို့တစ်တွေ ထိပ်ဆုံးထိ တက်ကစားကြတာပဲ။ မြစေတီဆိုရင်လည်း ဒီအတိုင်းပဲ။ အထက်ဖောင်းရစ်တွေနားအထိ ကျွန်တော်တို့ တက်ကစားနေကြပဲ။ အဲဒီမှာ ရေးထားတဲ့ နံရံဆေးရေးသရုပ်တွေ စာတွေဆိုလည်း ကျွန်တော်တို့ငယ်ငယ်ကတည်းက လျှောက်ကြည့် လျှောက်ဖတ် နေခဲ့ကြတာပဲ။ ပြီးတော့ ကျွန်တော်တို့ရွာနဲ့ ပေတစ်ရာလမ်းခြားနေတဲ့ တစ်ဘက်မှာ မနူဟာဘုရားရှိတယ် ဆရာ။ ဆရာလည်း ရောက်ခဲ့ရောပေါ့





…ဟာဘုရားဆိုတာလည်း ကျွန်တော်တို့ မဆော့ခဲ့တဲ့နေရာ။ ဘုရားပေါ် …ပြီး ခိုဥနှိုက်ခဲ့တဲ့နေရာ။ ခိုဖမ်းခဲ့တဲ့နေရာ။ အထဲက ရုပ်ပွားတော်ကြီး …နဲ့ …က်တော်၊ ကိုယ်တော်၊ ဒူးတော်တို့ဆိုတဲ့နေရာတွေမှာ ကျွန်တော်တို့ …ရောက်ဖူးတဲ့ နေရာရယ်လို့ မရှိဘူး။ ခေါင်မိုးအထိ ရောက်တာ။ ဒီတော့ …တာ ဘုရားအကြောင်းကိုလည်း ကျွန်တော် ကောင်းကောင်းကြီး သိတာ …ပေါ့ ဆရာ။

တစ်နေ့တော့ ကျွန်တော် ရွာထိပ်က ပေတစ်ရာမှာ ကစားနေတယ် …ရာ။ အဲဒီနေ့က မှတ်မှတ်ရရ အမေကရိုက်လို့ ကျွန်တော် အမေနဲ့ …တ်ဆိုးပြီး ရွာထိပ်ကို လာခဲ့တာ။ အမေ့ကို စိတ်ဆိုးဆိုးနဲ့ အိမ်ကိုလည်း …ပြန်ဘူးပေါ့။ ကျွန်တော့်မှာ ပိုက်ဆံတစ်ကျပ်ရှိတယ်။ အဲဒါလေးနဲ့ ကျွန်တော် …ကြော်ဝယ်စားပြီး မနူဟာဘုရားတံတိုင်းနားမှာ ကျွန်တော် ဂျင်ပေါက် …နေတယ်။ ခါတိုင်းဆိုရင် ကျွန်တော့် သူငယ်ချင်းတွေ လာတတ်ပါတယ်။ …နေ့တော့ သူတို့လည်း မလာသေးဘူး။ ကျွန်တော်တို့တစ်တွေက မနက် …ရင် ဒီလိုပဲ ရွာပြင်ဘက် ပေတစ်ရာပေါ်ထွက်ပြီး ကစားနေကျကိုး …ရာ။

ဒီတုန်းမှာ ကမ္ဘာလှည့်ခရီးသည်တစ်သိုက် မြင်းလှည်းကလေးနဲ့ ရောက် …တယ်။ သူတို့က ဘိုကြီးတွေပေါ့ ဆရာရယ်။ ဘိုမတွေလည်း ပါတယ်။ …ပုံး ဘောင်းဘီတွေကိုဝတ်ပြီး အိတ်တွေလွယ်လို့။ ကင်မရာတွေနဲ့။ … ဂျင်ပေါက်နေတဲ့ ကျွန်တော့်ကို ဓာတ်ပုံဝိုင်းရိုက်ကြတယ်။ ကျွန်တော် …အရိုက်မခံဘူး။ ထွက်ပြေးမယ် လုပ်တယ်။ ဒီတော့ သူတို့က ဝိုင်းတား …ယ်။ ကျွန်တော့်ကို ချော့ကလက်တွေ ပေးတယ်။ ပိုက်ဆံတွေပေးတယ်။ …တော့ ကျွန်တော့်ကို ဓာတ်ပုံရိုက်ကြတယ်။ ကျွန်တော် ငိုနေတဲ့ပုံ၊ ကျွန်တော် …ပေါက်နေတဲ့ပုံ၊ ကျွန်တော် ချောကလက်စားနေတဲ့ပုံ။ ပြီးတော့ ကျွန်တော့် …နူဟာဘုရားထဲခေါ်သွားပြီး ဓာတ်ပုံရိုက်ကြပြန်တယ်။ မုန့်တွေလည်း …ယ်။ ပြီးတော့ ဂူပြောက်ကြီးဘုရား ဘယ်မှာလည်း မေးတယ်။ …တော် ရှုတ်တရက် နားမလည်ဘူး။ သူတို့က လက်ထဲက စာအုပ်ကြီး …ဖွင့်ပြီး ဂူပြောက်ကြီးဘုရားပုံကို လက်ညှိုးထိုးပြတယ်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းညိတ်ပြီး သူတို့ကို ခေါ်သွားတယ်။ မြစေတီကိုလည်း ခေါ်သွားတယ်။ ပြီးတော့ ကျွန်တော်တို့ ရွာနားမှာရှိတဲ့ ရှေးဟောင်းဘုရားတွေကို ခေါ်သွားတယ်။ ပြန်သွားတော့ ကျွန်တော့်ကို ပိုက်ဆံတွေ အများကြီးပေးသွားတယ်။ လေးငါးဆယ်လောက် ရှိမယ်ထင်တယ်။

အဲဒီနေ့ကစပြီး ကျွန်တော် တိုးရစ်ဂိုက် ဖြစ်မှန်းမသိ ဖြစ်သွားတာပဲ။ ကျွန်တော်ကလည်း ထုံးစံအတိုင်း မနက်လင်းတာနဲ့ ရွာပြင်ထွက်တာပဲ။ ရွာပြင် ပေတစ်ရာထွက်ကစားရင် တိုးရစ်တွေ ရောက်လာတာပဲ။ အထူးသဖြင့်တော့ ဆောင်းတွင်းမှာ အရောက်များတယ်။ သီတင်းကျွတ်အပြီးလောက်ကနေပြီး တပို့တွဲလောက်အထိ လာနေကြတာပဲ။ ကျွန်တော်ကလည်း တိုးရစ်တွေမြင်ရင် အနားကပ်သွားတာပဲ။ မကြောက်တော့ဘူးလေ။ မနူဟာ၊ မနူဟာဆိုပြီး လက်ညှိုးထိုးပြတယ်။ ဒီလိုနဲ့ လိုက်ပြရင်း ကျွန်တော် နည်းနည်းရလာတယ်။ သူတို့ကလည်း ကျွန်တော် လိုက်ပြတဲ့အတွက် ပိုက်ဆံပေးသွားတဲ့အခါ ရှိတယ်။ တစ်ခါတလေ ချောကလက်တို့၊ သကြားလုံးတို့ ပေးသွားတယ်။ တစ်ခါတလေလည်း ဘောပင်ကလေးတွေ ဘာလေးတွေ ပေးသွားတယ်။ တစ်ခါတလေတော့လည်း အင်္ကျီကလေးတွေ၊ ယာမာဟာ ဦးထုပ်ကလေးတွေ ပေးသွားတယ် ဘောပင်တို့ ဘာတို့ဆိုရင် ကျွန်တော် ရောင်းစားတယ်။

ဒီလိုနဲ့ မြင်းကပါရွာရှေ့ ပေတစ်ရာက မနူဟာဘုရားတစ်ဝိုက်မှာ ကျွန်တော် ထွက်ထွက်ကစားရင်း တိုးရစ်ဂိုက် လုပ်လာတာ ငါးနှစ်လောက်ကြာတယ်။ အဲဒီနားတစ်ဝိုက်မှာပဲ နေတယ်။ နိုင်ငံခြားသားတွေကလည်း ကျွန်တော့်ကို သနားလို့ ထင်ပါရဲ့ ပိုက်ဆံတို့ဘာတို့ ပေးသွားကြတယ်။ ကျွန်တော်ကလည်း သူတို့သွားချင်တဲ့ဆီကို လိုက်ပို့ပေးတယ်။

နောင် ငါးနှစ်လောက်ရှိလို့ ကျွန်တော် ဆယ်နှစ်သားလောက်ရောက်လာတော့ နည်းနည်း လူရည်လည်လာပြီ။ ရက်စ်တို့၊ နိုးတို့လည်း ပြောတတ်လာပြီ။ ကမ်းတို့၊ ဂိုးတို့လည်း နည်းနည်း နားလည်လာပြီ။ အိတို့၊ ဒရင့်တို့၊ ဝေါ်တားတို့၊ ရိုက်စ်တို့၊ ဘရက်တို့လည်း ကျွန်တော် နည်းနည်း သိလာပြီ။ နည်းနည်းကြီးလာတော့ ကျွန်တော် ရွာနားက ဘုရားတွေတင်



ကောတော့ဘူး။ အပယ်ရတနာတို့၊ စိမ်းညက်ညီအစ်မဘုရားတို့၊ နဂါးရုံဘုရားတို့၊ ပေါ်တော်မူတို့၊ စိုးမင်းကြီးအုတ်ကျောင်းတို့ကိုလည်း ကျွန်တော် လိုက်ပြတယ်။ သူတို့က သီရိပစ္စယာရွာကို သွားချင်တယ်ဆိုရင်လည်း ကျွန်တော် လိုက်ပြတယ်။ သီရိပစ္စယာနားမှာ လောကနန္ဒာတို့၊ အရှေ့ဖက်ဆိပ်တို့၊ အနောက်ဖက်လိပ်တို့ ရှိတယ်။ ကျွန်တော့်နယ်ဟာ ကျယ်လာပြီပေါ့ ဆရာ။

တစ်ခါတော့ တိုးရစ်တစ်သိုက် ယောက်ျားတွေချည်းပဲ။ သူတို့က မြင်းကပါကနေပြီး မင်းနန်သူကို သွားချင်တယ်။ ပုဂံကိုပြန်ပြီး ကွေ့ပတ်သွားရမယ်ဆိုရင် အဝေးကြီး။ သူတို့မှာ မြင်းလှည်းကလည်း လိုက်မပို့နိုင်ဘူးတဲ့။ လမ်းမကောင်းဘူးတဲ့။ ဒီတော့ ကျွန်တော့်ကို မင်းနန်သူ ဂိုးလို့ ခေါ်တယ်။ ကျွန်တော်ကလည်း ဂိုးပေါ့။ ရက်စ်ပေါ့။ ဒါနဲ့ ကျွန်တော် သူတို့ကို မြင်းကပါ ချောင်းရိုးအတိုင်း အရှေ့ဘက်ကို ခေါ်လာတာပေါ့။ မြွေကောင်တွေ သဲပြင်ထဲမှာ ရှုန်းတယ်ဆရာရဲ့။ ဟောဟဲ ဟောဟဲနဲ့ နေတာ ပဲ။ ချောင်းရိုးဆုံးသွားတော့ ကျွန်တော် ကုန်းပေါ်တက်ပြီး ဓမ္မရံကြီး တောင်ဘက်နားကနေပြီး အရှေ့တည့်တည့်ကို ဖြတ်ခေါ်သွားတယ်။ လမ်းမှာ ထနောင်းဆူးတွေကလည်း စူး။ ဖိနပ်မပါတဲ့ ကျွန်တော်က ဘာမှ မဖြစ်ဘူး။ ဖိနပ်စီးထားတဲ့ သူတို့တစ်တွေမှာ ထနောင်းဆူးစူးတဲ့လူနဲ့၊ ရှား ရှားတဲ့လူနဲ့။

ဒါပေမယ့် မင်းနန်သူကို ချက်ချင်းရောက်သွားတော့ သူတို့ သဘောကျနေကြတာပေါ့။ မင်းနန်သူရောက်တော့ သမ္ဗျုလဘုရားတို့၊ ဘုရားသုံးဆူတို့၊ နန္ဒပညာတို့ကို ကျွန်တော်လိုက်ပို့တယ်။ ပြီးတော့ အနောက်တောင်ဘက် ယာခရီးတွေကိုဖြတ်ပြီး ရှူဉာမဏိကိုပို့၊ ပြီးတော့မှ လမ်းမကြီးပေါ် ရောက်ပြီး သူတို့ကို သီရိပစ္စယာ ဟိုတယ်ထိအောင် ပြန်ပို့ပေးခဲ့တယ်။ သူတို့ သိပ်သဘောကျသွားတာပေါ့ ဆရာ။ ရှူဉာမဏိကို သူတို့ ရောက်ဖူးကြတာ ဒီဖြတ်လမ်းကို ပြလိုက်တော့ သူတို့ ကျွန်တော့်ကို ကျေးဇူးတင်လိုက်ကြပြီး နိုက်စ်ဘွိုင်း သင့်ခယူတွေ ဘာတွေပြောပြီး၊ ပိုက်ဆံတွေ ပေးသွားကြတယ်။ တစ်ယောက်ကတော့ ကျွန်တော့်ကို ဖလင်လိပ်နဲ့ စီးကရက်

www.burmeseclassic.com



ဘူးတွေ ပေးသွားတယ်။

ကျွန်တော် ဆယ့်လေးငါးနှစ်သားလောက်ရောက်တော့ ကျွန်တော် ပုဂံ ကို ရောက်လာတယ် ဆရာ။ ပုဂံကို ရောက်လာပုံကလည်း ဒီလိုပါ။ ကျွန်တော် တို့ ယွန်းထည်တွေက အစ်ကိုမောင်တို့လုပ်ငန်းက တစ်ဆင့်လုပ်ရတာ။ အစ်ကိုမောင်ဆိုတာ ပုဂံက ယွန်းကျောင်းအုပ်ကြီး ဦးတင်အေးရဲ့သား ဆရာ။ အဲဒီမှာ ကျွန်တော့်ကို ခေါ်ပါတယ်။ ကျွန်တော်နဲ့ အစ်ကိုမောင်က သိပြီး သားလေ။ ကျွန်တော်တို့ ယွန်းထည်တွေကို သူတို့ဆီမှာ သွားအပ်ရတာ ဆိုတော့ အလျင်ကတည်းက သိပြီးသား။ သူက တည်းခိုခန်းမှာ ကျွန်တော့် ကို တောက်တိုမယ်ရလုပ်ဖို့ ခေါ်ထားတာပေါ့ ဆရာ။ ကျွန်တော်ကလည်း တတ်နိုင်တာ လုပ်ပေးပါတယ်။ ဧည့်သည်တွေလာရင် အခန်း လိုက်ဖွင့် ပေးတာ၊ ဧည့်သည်တွေပြန်ရင် အခန်းတွေကို လိုက်ပိတ်တာ၊ အခန်းတွေ ကို နေရာချပေးတာတို့ ဘာတို့ပေါ့ ဆရာ။ အစ်ကိုမောင်က ကျွန်တော့်ကို လခလည်း ပေးတယ်။ ထမင်းလည်း ကျွေးပါတယ်။

အစ်ကိုမောင့်ဆီမှာ အလုပ်လုပ်နေတုန်းလည်း နိုင်ငံခြားသားတိုးရစ် တွေ မကြာခဏ လာတည်းကြတယ်။ သူတို့ကို လိုက်ပို့စရာရှိရင်လည် ကျွန်တော် လိုက်ပို့တယ်။ အစ်ကိုမောင်ကလည်း ထည့်ပေးတယ်။ သူ ဧည့်ရိပ်သာ လာတဲ့လူတွေ အခက်အခဲမရှိအောင် ကူညီတဲ့သဘောပေါ့ မြန်မာဧည့်သည်တွေ အကူအညီတောင်းရင်လည်း ကျွန်တော့်ကို ထည့်ပေ တယ်။ အများအားဖြင့်တော့ နိုင်ငံခြားသားတွေနဲ့ လိုက်ရတာ များပါတယ် သူတို့နဲ့အတူ ညောင်ဦးအနီးက ဘုရားတွေ၊ ပုဂံ၊ မြင်းကပါ၊ သီရိပစ္စယာ မင်းနန်သူ၊ ဖွားစောတစ်ဝိုက်က ဘုရားတွေကို ကျွန်တော် လိုက်ပို့ရပါတယ် သူတို့နဲ့သွားရင်းလာရင်း အင်္ဂလိပ်စကား၊ ပြင်သစ်စကား၊ ဂျပန်စကား ဟီဗရူးစကား နည်းနည်း တက်လာပါတယ်။

ဟုတ်ကဲ့ဆရာ သူတို့ကို လိုက်ပြရာမှာ ကျွန်တော် အခကြေးငွေ ရယ်လို့ မယူ ပါဘူး။ အစ်ကိုမောင်တို့ ဧည့်ရိပ်သာမှာတုန်းက အစ် မောင်က အဓိကပေးပါတယ်။ သူတို့နဲ့ လိုက်သွားလို့ သူတို့က ပေး လည်း ကိုယ်သုံးရတာပေါ့ ဆရာ။ သူတို့ကလည်း မနေပါဘူး။ ပိုက်





ပစ္စည်းဖြစ်ဖြစ် ပေးတာပါပဲ။ အများဆုံးကတော့ ဖလင်လိပ်တို့၊ ဖလင်လိပ်တို့၊ စီးကရက်တို့၊ ဘောပင်တို့၊ စပို့ရှပ်တို့ ဘာတို့ တတ်ပါတယ်။ တစ်ခါတလေလည်း ရေမွှေးပုလင်းတို့၊ မိတ်ကပ်တို့၊ တ်သည်းဆိုးဆေး၊ နှုတ်ခမ်းဆိုးဆေးတို့ ပေးသွားတတ်ပါတယ်။ ဒါတွေ ကျွန်တော် ရောင်းပစ်လိုက်ပါတယ်။ ကျွန်တော့်အတွက် ဒါတွေက သုံးမလိုဘူးမဟုတ်လား ဆရာ။ ကျွန်တော့်မှာ အိမ်အတွက် ပိုက်ဆံ တယ်လေ။ ဒါကြောင့် ဒီပစ္စည်းတွေကို ရောင်းပြီး ရတဲ့ပိုက်ဆံကို မိဘ တွေကို ပေးပါတယ်။

တစ်ခါတလေမှာ နိုင်ငံခြားက ခါတ်ပုံရိုက်တဲ့ ခရီးသည်တွေ လာကြ တယ် ဆရာ။ သူတို့ပစ္စည်းတွေက မနည်းဘူး။ သုံးချောင်းထောက်တွေ ကင်မရာကြီးတွေရော၊ မှန်ဘီလူးကြီးတွေရော၊ ခါတ်ခဲတွေရော။ တလေမှာ သူတို့က မနက်အစောကြီးဖြစ်ဖြစ်၊ ညနေမိုးချုပ်မှာဖြစ်ဖြစ် ညလို၊ ခမွရံကြီးလို၊ ကန်တော့ပလ္လင်လို၊ စူဠာမဏိလို အမြင့်ဆုံးစေတီ တွေရဲ့ဟု ထိပ်ဖျားကို တက်ရိုက်ချင်တယ်။ နေထွက်ချိန်တို့ နေဝင်ချိန် ရိုက်တာပါ။ ဒီလို အခါမျိုးမှာ သူတို့တစ်ယောက်တည်း မတက်ရဲ လုကလည်း ပြုတ်တယ်။ မှောင်လည်း မှောင်တယ်။ ပြီးတော့ တချို့ သူတို့ကောင်းကောင်းရောက်ဖူးတာ မဟုတ်ဘူး။ ဘယ်နေရာမှာ ားရှိတယ်ဆိုတာ သိတာမဟုတ်ဘူး။ တစ်ခါတလေမှာ ဥမင်တွေ၊ တွေထဲမှာ မျက်စိလည်နေတတ်တယ်။ ဒီတော့ သူတို့ ကျွန်တော့်ကို ယ်။ ကျွန်တော်ကလည်း လိုက်တာပဲ။ တစ်ရေးနိုး လာခေါ်ရင် တစ်ရေး သွားတာပဲ။ ဒီတော့ သူတို့ ကျွန်တော့်ကို သဘောကျကြတယ်။ ဖိုးထူးဆိုတဲ့ကောင်လေးရှိတယ်။ နှုတ်ခမ်းကွဲလေးနဲ့။ ဗရုတ်ကင်းလစ် ဆရာ။ အဲဒီလို သူတို့ပြောပြီး ကျွန်တော့်ကို လိုက်ရှာကြတာပဲ။ ကျွန်တော်ဟာ ပုဂံကိုလာတဲ့ တိုးရစ်တွေကြားထဲမှာ လူသိများလာ ဆရာ။

နဲ့ အစ်ကိုမောင်တို့ ပုဂံဟောက်စ်မှာလုပ်ရင်း ကျွန်တော် တိုး တော်တော် အဆက်ရလာတယ်။ ကျွန်တော်လည်း ဝင်ငွေ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ကောင်းလာတယ်။ ဒီတုန်းမှာ ပုဂံမြို့ကိုရွှေ့တော့ ကျွန်တော်တို့ ပုဂံဟောက်စ်ရဲ့ ဧည့်ရိပ်သာလုပ်ငန်းလည်း ရပ်ဆိုင်းလိုက်ရတယ်။ ကျွန်တော်လည်း အလုပ်လက်မဲ့ ဖြစ်သွားပြီး မြင်းကပါကို ပြန်သွားတယ် ဆရာ။ မြင်းကပါက အဖေတို့ အမေတို့အိမ်ကိုရောက်တော့ ကျွန်တော်လည်း ဒီလုပ်ငန်းကိုပဲ ဆက်လုပ်ပါတယ်။ ကျွန်တော် ငယ်ငယ်တုန်းက မြင်းကပါ ရွာရှေ့ ပေတစ်ရာလမ်းက မနူဟာဘုရားမုခ်ဝမှာ တိုးရစ်ကို မျှော်စရာ မလိုတော့ပါဘူး။ မနက်လင်းတာနဲ့ ကျွန်တော် သီရိပစ္စယာဟိုတယ်ကို ရောက်လာတာပါပဲ။ သီရိပစ္စယာဟိုတယ် ဂိတ်ဝမှာ ထိုင်နေလိုက်ရင် တိုးရစ်တွေ အများကြီးပါ။ ကျွန်တော့်ဆိုရင် လိုချင်လွန်းလို့ ဟိုကခေါ် ဒီကခေါ်နဲ့ပါ။ ကျွန်တော်က လုပ်သက်လည်းရင့်၊ သူတို့အဆက်အသွယ်တွေကတစ်ဆင့် ကျွန်တော့်အကြောင်းကိုလည်း သိပြီးသား။ ပြီးတော့ ကျွန်တော်က နိုင်ငံခြား ဘာသာစကားလည်း ပြောတတ်နေပြီဆိုတော့ ကျွန်တော်နဲ့ပဲ အဆင်ပြေ သွားကြတာ များပါတယ်။

ခုဆိုရင် ကျွန်တော် တစ်နေ့ကို လေးငါးရာရတဲ့နေ့လည်း ရှိပါတယ်။ မရဘူးဆိုရင် ငါးဆယ်နဲ့ တစ်ရာကြားကတော့ အေးအေးကလေးနဲ့ ရပါတယ်။ သူတို့နဲ့ တစ်နေကုန်လိုက်။ စောစောပြီးရင်လည်း နောက်လာတဲ့အဖွဲ့နဲ့လိုက်။ ညနေကျတော့လည်း သီရိပစ္စယာဟိုတယ်မှာ ခဏထိုင်၊ တချို့က ညမှာ ဘုရားတွေ မီးပူဇော်တဲ့ရှုခင်းတွေကို ရိုက်ချင်ကြတဲ့သူတွေ ရှိတော့ သူတို့ကို လိုက်ပို့ရတာလည်း ရှိပါတယ်။ ဒါကြောင့် ကျွန်တော် ညနေ မိုးချုပ်တဲ့အထိ နေတာပါ။

ည ၈ နာရီလောက်မှ ကျွန်တော် မြင်းကပါကို ပြန်ပါတယ်။ မနက် ၇ နာရီလောက် စောစောအိပ်ရာကထ၊ သီရိပစ္စယာဟိုတယ်ကိုလာ၊ သူတို့ အဖွဲ့တွေနဲ့ အတူလိုက်၊ ညမှောင်မှ မြင်းကပါကိုပြန်။ ဒါဟာ ကျွန်တော့် နေ့စဉ်အလုပ်ပါပဲဆရာ။ ကျွန်တော့်ဘဝ ဆိုပါတော့။ သူတို့နဲ့လိုက်ရတာ ပျော်တော့ ပျော်တယ်ဆရာ။ ဒါပေမဲ့ ငြီးငွေ့တဲ့အခါတော့လည်း ရှိတာ ပေါ့လေ။ ငြီးငွေ့တယ်ဆိုတာထက် စိတ်ညစ်စရာဆိုပါတော့ ဆရာ။

"မင်းက ဘာများ စိတ်ညစ်စရာရှိလို့လဲ"





"ဪ ... ဖိုးထူးမှာလည်း အသည်းနဲ့ပါပဲ ဆရာရယ်။ အသည်းနုလုံးနုပေါ့။ ကျွန်တော်ချစ်တဲ့ကောင်မလေးရှိတယ် ဆရာ။ ကျွန်တော်တို့ရွာမှာပဲ ကျွန်တော်ကလည်း ဖွင့်ပြောပြီးပြီ။ ဒါပေမဲ့ သူက လက်မခံဘူး။ သူ့ကိုလာပြောတဲ့။ မိဘပေးစားတာကိုပဲ ယူမယ်တဲ့။ ဒါကြောင့် ကျွန်တော် စိတ်ညစ်နေတာ။ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ ဆရာ။ နဖူးစာဆိုတာ ပြောဖို့ခက်သားပဲ ...။

ကျွန်တော့်အကြောင်းကတော့ ဒါပါပဲ ဆရာ။ ကျွန်တော် တစ်ခုတော့ ပြောချင်ပါတယ်။ ပုဂံမှာ တိုးရစ်ဂိုက်ရယ်လို့ စလုပ်တာ ကျွန်တော် ပထမဆုံးပါပဲ။ ခုတော့ ကလေးတွေရော၊ ကောင်မလေးတွေရော လိုက်လုပ်နေကြပါပြီ။ အမှန်ကတော့ ပုဂံတင်မကဘူးဆရာ။ မြန်မာပြည်က တိုးရစ်ဂိုက်လုပ်ငန်းအကြောင်းပြောရရင် ဖိုးထူးက စတယ်လို့တောင် ကျွန်တော် ပြောချင်ပါတယ်။ အဲ ... ကျွန်တော် ငါးနှစ်သားလောက် မနူဟာဘုရား ရှေ့မှာ တိုးရစ်တွေကို လိုက်ပြနေတုန်းက ဟိုတယ်အင်တိုးရစ်က တိုးရစ် ဂိုက်တွေတောင် မရှိသေးပါဘူး ဆရာ"

"အာရိဂါးတော၊ ဂိုဓာအီမတ်ဆူ၊ ပြောပြလို့ ကျေးဇူးတင်ပါ ဖိုးထူး။ အဲ ... ညဥ့်နက်ပြီ။ မင်းလည်း မြင်းကပါကို ပြန်ရဦးမှာ။ ဆာယိုနရား"

"ဟုတ်ကဲ့။ ရှာလုန်ပါဆရာ။ ရှာလုန်"

ဖိုးထူးက ကျွန်တော့်ကို ဟီဗရူးဘာသာဖြင့် နှုတ်ဆက်သည်။

(ကလျာမဂ္ဂဇင်း၊ မတ်၊ ၁၉၉၁)

* * *

www.burmeseclassic.com

# ချစ်တော့ချစ်လေဆိတ်ဆိတ်နေပေါ့

ချစ်တော့ချစ်လေဆိတ်ဆိတ်နေပေါ့

(သူ့ကို ကျွန်တော် လူချင်း တစ်ခါမျှ မတွေ့ဖူးပါ။ စာအဆက်အသွယ်သာ ရှိပါသည်။ သူ့ထံမှစာတွေ မကြာခဏ လာတတ်ပါသည်။ နေ့ကြီးရက်ကြီးများတွင် ပို့စကတ်ကလေးတွေ၊ ဆုတောင်းသဝဏ်လွှာကတ်ကလေးတွေ ပို့တတ်ပါသည်။

သူသည် စာရေးကောင်းသူ ဖြစ်ပါသည်။ စာဖတ်သန်သူ ဖြစ်ပါသည်။ ကျွန်တော့်ဆီကို စာရေးလျှင် စာရှည်ရှည်ရေးလေ့ရှိပြီး စာထဲတွင် သူ့ဘဝ၊ သူ့အတွေး၊ သူ့ကိုယ်ရေးကိုယ်တာတို့ကို ရေးလေ့ရှိပါသည်။ ကျွန်တော့်ဆီ စာတွေ တစ်နှစ်လောက်ရေးပြီး စာလာကျဲသွားပါသည်။ ထိုနောက် စာတွေ တစ်စောင်မှ မလာတော့ဘဲ ရပ်သွားပါသည်။ တလောကမှ သူ့ထံမှ စာ တစ်စောင် ရောက်လာပြန်ပါသည်။

သူ့အမည်မှာ မြနှင်းနုဟု ခေါ်ပါသည်။ သို့ရာတွင် ထိုအမည်သည် သူ့နာမည်ရင်းမဟုတ်ဟု သူ့စာထဲတွင် ရေးထားပါသည်။ ထိုနာမည်ကို ...မှာ သူ့ကို ထိုနာမည်ပေးခဲ့သည့် သူ့အိမ်နားက အသက်(၆၀)နှင့်ရှိ

Synergy Publication

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးမှုန်နှင့် သူ့ချစ်သူတို့သာဖြစ်သည်ဟု ဆိုပါသည်။

နောက်ဆုံးစာရောက်လာသည့်အခါတွင် ကျွန်တော်သည် သူ့စာများကို တွဲထားသည့် ဖိုင်တွဲကိုလှန်၍ စာများကို ပြန်ဖော်ပါသည်။ သူ့စာများသည် ပထမတွင် ပဟေဠိဆန်နေသလိုလို ရှိသော်လည်း ဆက်စပ်ဖတ်လိုက်သော အခါတွင် ဝတ္ထုတစ်ပုဒ်ကို ဖတ်နေရသလို သူ့ရင်ခုန်သံကို ကြားနေရပါ သည်။

သူ့စာထဲတွင် နေရပ်လိပ်စာ ဖော်ပြထားခြင်း မရှိပါ။)

ပထမဆုံးစာ

ဆရာ့ဆီကို စာရေးတာဟာ ဗရင်ဂျီဘာသာဝင်တစ်ယောက်က ဗရင်ဂျီ ဘုန်းတော်ကြီးရှေ့မှာ ဝန်ခံချက်ပေးနည်းမျိုးနဲ့ တူမလား။ အမှုသည်တစ် ယောက်က ရှေ့နေဆီမှာ အမှုသွားအမှုလာကို ဖွင့်ပြောပြတဲ့ အစစ်ခံချက် နဲ့ တူမလား။ ဒါမှမဟုတ် လူနာတစ်ယောက်က ဆရာဝန်တစ်ယောက်ဆီမှာ သူ့ရဲ့ရောဂါဖြစ်ပုံကို တင်ပြတဲ့ ရောဂါစစ်တမ်းနဲ့ တူမလား။ ဘာနဲ့တူမလဲ တော့ မသိဘူးဆရာ။ ဘယ်လိုပဲဖြစ်ဖြစ် အမှုသည်တစ်ယောက်အတွက် ရှေ့နေဆိုတာ ဆရာဝန်နဲ့ အလားသဏ္ဌာန် တူပါတယ်။ ဆရာဝန်ဆိုတာ လူနာကိုကုတဲ့အခါမှာ ရောဂါစဖြစ်ပုံ၊ ရောဂါပျောက်အောင် ကုသချက် အစုံအလင်ကို စဉ်းစားပြီးမှ ကုသလေ့ရှိပါတယ်။ ရောဂါဖစ်မြစ်ကိုမသိဘဲ အရမ်းကာရောကုလို့ မရသလို ရှေ့နေဆိုတာလည်း အမှုသည်ရဲ့ အဖြစ် အပျက်ကို အကုန်အစင်သိထားမှ လွယ်ကူစွာ ကိုင်တွယ်ဖြေရှင်းပေးနိုင်မယ် လို့ ကျွန်မ ခံယူထားပါတယ်။

ဒါကြောင့် ဆရာ့ဆီကို ကျွန်မ အမှုတစ်ခု လာအပ်တယ်လို့ပဲ သဘော ထားစေချင်ပါတယ်။

အမှုသည်ရဲ့ အကြောင်းကို သိရအောင် အလျင်က ကျွန်မလုပ်ခဲ့ဖူးတဲ့ အလုပ်တွေကို ပြောပြမယ်ဆရာ။ ကျွန်မ စက္ကူအိတ်ကပ်ဖူးတယ်။ (စက္ကူ အိတ်ကပ်တယ်ဆိုတာ ဆရာနားမလည်ပါ့မလား မသိဘူး။ စက္ကူလွတ်တို့ သတင်းစာစက္ကူတို့ကို အလိုရှိတဲ့ အရွယ်ကိုဖြတ်ပြီး ကော်ကျို၊ စက္ကူအိတ်





လေးတွေကိုလုပ်ပြီး ဈေးဆိုင်ကို သွင်းရတဲ့အလုပ်ပါ ဆရာ။ သတင်းစာ ဖိုးရယ်၊ ကော်ဖိုးရယ်ရှိပြီး တစ်နေကုန် ခါးအညောင်းခံ ထိုင်နိုင်ရင် နေ့ကို ငါးကျပ် တစ်ဆယ်တော့ ရပါတယ် ဆရာ) ပြီးတော့ ဆီးထုပ် ဖူးတယ်။ ယပ်တောင် လုပ်ဖူးတယ်။ ဟင်းရွက်ရောင်းဖူးတယ်။ ဆိုင်အကူ ဖူးတယ်။ လက်ချုပ်လိုက်ဖူးတယ်။ သူငယ်တန်းတို့၊ တစ်တန်းတို့၊ နှစ်တန်း ဝတဲ့ အတန်းကလေးတွေမှာ ကလေးကျူရှင်ပြဖူးတယ်။ လမ်းဘေးမှာ လှကုန် ရောင်းဖူးတယ်။

ဒီအလုပ်တွေကို ကျွန်မ လူမှန်းသိတတ်စကတည်းက လုပ်ခဲ့ဖူးတာပါ ရာ။ တစ်ခါတလေတော့လည်း ကျွန်မ ကိုယ့်ကိုယ်ကို မာနကြီးချင်တယ်။ င်းနှ ရှစ်နှစ်သမီးလောက်ကတည်းက ကိုယ့်ဝမ်းကိုကိုယ် ကျောင်းခဲ့ပြီး ယ့်ထမင်း ကိုယ်ရှာစားခဲ့တဲ့ မိန်းမလို့။

ဒီလို လမ်းဘေးမှာ အလှကုန်ရောင်းနေတုန်းမှာ ကျွန်မတို့မြို့ ဈေးသစ် ကမယ့် စီမံကိန်းစတယ်။ အဲဒီမှာ လျှောက်လွှာတွေခေါ်တော့ ကျွန်မ ျှောက်လိုက်တယ်။ လျှောက်တဲ့လူတိုင်း ရတာမဟုတ်ပါဘူး။ မဲနှိုက်ယူရ ပါ။ အဲဒီမှာ ကျွန်မ ကံကောင်းချင်တော့ မဲကျတယ် ဆရာ။ ဆိုင်ခန်း ခန်း ရမယ်။ အလှကုန်တန်းမှာပေါ့။ သူ့စည်းကမ်းအရ မဲကျပြီးလို့ ပတ်အတွင်းမှာ ငွေငါးထောင် တင်ရမယ်။ ပထမအရစ်ပေါ့လေ။ ကျွန်မမှာ ထောင် ဘယ်မှာရှိမှာလဲ ဆရာ။ ရှိသမျှ ပစ္စည်းကလေးတွေ ရောင်းချ စာရင်းတွက်ကြည့်လိုက်တော့ ငွေကလေးတစ်ထောင်ကျော်ကျော်လောက် ရှာပေါ့။

ဒီတုန်းမှာ ကျွန်မကို အခုအလုပ်ပေးတဲ့အိမ်ရှင်က ကျွန်မဆိုင်ခန်းကို ငှားခအဖြစ် ကြိုတင်ပေးမယ်ပေါ့။ ဒါနဲ့ သူတို့ပေးတဲ့ ငွေငါးထောင် သွင်းလိုက်တယ်။ နောက်နှစ်ကြိမ်မှာ တစ်ကြိမ်ကို နှစ်ထောင့်ငါးရာစီ ွင်းရပြန်တယ်။ စုစုပေါင်း တစ်သောင်းသွင်းရတာပေါ့လေ။ ဈေးသစ် မှာ ဆိုင်ခန်းကလေးတစ်ခန်း ရတာပေါ့။

ကျွန်မရတဲ့အခန်းက နေရာကောင်းတယ် ဆရာ။ တော်တော်လေး အချာကျတဲ့ နေရာ။ ဒီတော့ ဆိုင်ခန်းကို လိုချင်သူတွေ ပေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခက်တာက ဆိုင်ခန်းကိုရောင်းခြင်း၊ ပေါင်ခြင်း၊ ငှားခြင်း မလုပ်ရဘူး။ မဲပေါက်တဲ့လူကိုယ်တိုင် ရောင်းရမယ်လို့ စည်းကမ်း ဆိုထား တယ်။ ဒီတော့ ကျွန်မကို ငွေထုတ်ပေးတဲ့လူတွေက ကျွန်မကို သူတို့ဆိုင်မှာပဲ ခန့်ထားတယ်။ ကျွန်မကို ဆိုင်မှာ အရောင်းခိုင်းတာပေါ့လေ။

ဒါနဲ့ ကျွန်မ ၁၉.... နှစ်၊ ...... လ၊ ..... ရက်နေ့မှာပဲ ဈေးစထွက်တယ်။ ထားပါတော့ ဆရာ။ ဒါတွေက သိပ်အရေးမကြီးလှပါဘူး။

ခုဆိုရင် ဆိုင်ခန်းက သိန်းချီတန်နေပြီ ဆရာ။ သူတို့ကလည်း ပစ္စည်းတွေ ထည့်ပေးပြီး သူတို့ရော ကျွန်မရော ရောင်းကြတယ်။ စာရင်းအင်းတွေကိုလည်း ကျွန်မပဲ ကိုင်ရပါတယ်။ ပြီးတော့ ပစ္စည်းတို့ ဘာတို့ မြို့တက်ဝယ်ရင်လည်း ကျွန်မပဲ ဝယ်ရပါတယ်။ ကျွန်မကို ယုံကြည်တယ် ဆိုပါတော့ ဆရာ။ ယုံကြည်ပေးမှာပေါ့ ဆရာ။ ဒီဆိုင်ခန်းက ကျွန်မ နာမည်နဲ့ကိုး။ ကျွန်မက ညစ်ရင် သူတို့ခံရမှာပေါ့။ ဆရာ နားလည်ပါတယ် နော်။ ဆရာက စာရေးဆရာသန့်သန့်လုပ်နေတော့ ဈေးသည်လောကကို နားမှ လည်ပါ့မလား မသိဘူး။ ဒါကြောင့်မို့ ရေးရတာပေါ့။

ကျွန်မလုပ်ကိုင်ပေးလို့ သူတို့ အများကြီးတိုးတက်ပါတယ်။ ကျွန်မလည်း ပြေလည်ပါတယ်။ စာပေးစာယူ စာမေးပွဲဖြေတိုင်း ငွေလိုရင် ကြိုတင်ထုတ်ပေးတယ်။ နောက် လစဉ်ပေါ့လေ။ အလကားတော့ တစ်ခါမှ မုန့်ဖိုးမပေးသေးဘူး။ တစ်ခုတော့ ရှိတယ်။ ကျွန်မဝတ်ဖို့ လက်ပတ်နာရီတော့ ဝယ်ပေးဖူးတယ်။ ဒါကလည်း ကျွန်မ တတိယနှစ်အထိ နာရီမရှိဘဲဖြစ်နေတော့ နာရီဝယ်ဖို့ သူတို့က ပြောတယ်။ ကျွန်မက မဝယ်နိုင်ဘူးလို့ငြင်းရင်း နောက်ဆုံးတော့ သူတို့ကပဲ ဝယ်ပေးလို့ ယူလိုက်ရတယ်။ ကျွန်မက တစ်မျိုးပဲ ဆရာ။ မာနကြီးတယ်လို့ ခေါ်ရမလား မသိဘူး။ သူများကပေးတဲ့ အကူအညီတိုင်းကို လက်ခံချင်တာ မဟုတ်ဘူး။ တစ်ခုတော့ ရှိတယ်ပေါ့လေ။ မာနကြီးတယ်ဆိုရင်လည်း ကိုယ့်မှာ မာနကြီးစရာမရှိဘဲနဲ့ အခြောက်တိုက်ကြီးတာမျိုးပဲ ဖြစ်မှာပေါ့။ ဆန်မရှိဘဲ အစားကြီးတယ်ဆိုတာမျိုး ဖြစ်မှာပေါ့။ မဟုတ်ဘူးလား ဆရာ။

နောက်ဆုံးနှစ် စာမေးပွဲဖြေတော့ လူလူသူသူ နာရီပတ်ရတယ်။ စာမေး





...ဖြေတော့ ရွှေကြိုးကလေးတစ်ကုံး ခဏပေးဆွဲတယ်။ စိတ်သဘော... ဆိုးပါဘူး။ သူတို့ဟာ ကျွန်မရဲ့ ထမင်းရှင်၊ အလုပ်ရှင်၊ အရိပ်နို... ကျေးဇူးရှင်တွေရယ်လို့ပဲ အောက်မေ့ပါတယ်။

နောက်ဆုံးနှစ်ဖြေတုန်းက ရယ်ရတာ တစ်ခုရှိသေးတယ် ဆရာ။ အဲဒီတုန်း... စာမေးပွဲသွားဖြေဖို့ စရိတ်လိုတာနဲ့ မဂ္ဂဇင်းတစ်စောင်ကို ဝတ္ထုတစ်ပုဒ်...တယ်။ အရွေးခံရရင် စရိတ်ကလေး ဘာလေးရအောင်လို့ဆိုတဲ့ ...တာနဲ့ ရေးပို့တာပါ ဆရာ။ သူတို့ဆီက္ကယူရင် အကြွေးတင်နေဦးမယ် ...တ်လား။ ဒါကြောင့်မို့ မဂ္ဂဇင်းကို ဝတ္ထုပို့ကြည့်တာပေါ့။ ဒါပေမဲ့ ဆရာ။ ...ဝတ္ထုကို မဂ္ဂဇင်းက ပယ်တယ်ထင်ပါရဲ့။ ဘာမှလည်း အကြောင်း ...ပြန်ချက် မရဘူး။ ဒီနေ့ထိလည်း မဂ္ဂဇင်းထဲမှာပါလာတာ မတွေ့ရ ...ဘူး။ သူများတွေကတော့ စာရေးဆရာဖြစ်ချင်လို့ မဂ္ဂဇင်းကို ဝတ္ထု ...မြန်နှင်းနုကတော့ စာရေးဆရာမဖြစ်ခင်ကတည်းက ပိုက်ဆံကလေး ...လို့ ဝတ္ထုပို့ကြည့်တာ။ ကိုယ့်အဖြစ်ကို ပြန်တွေးပြီး ရယ်ရသေး...

...တို့က ကျွန်မဖို့ လက်ပတ်နာရီလေးတစ်လုံး ဝယ်ပေးတော့ ငယ်ငယ် ...ဝယ်ပေးတဲ့ အထည်စကလေးကို သွားသတိရတယ် ဆရာ။

...ဪ ... ဆရာ့ကို မပြောရသေးဘူး။ ကျွန်မအဖေက ဆင်းရဲပါ ... ဆရာ။ အမေကတော့ ကျွန်မ ငယ်ငယ်လေးကတည်းက ဆုံးသွား ... ကျွန်မတို့မှာ အဖေတစ်ခု သမီးတစ်ခုဆိုသလို လောကကြီးမှာ ...တက်ပဲ ကျန်ရစ်ခဲ့ပါတယ်။ အဖေက ခြံလုပ်ပါတယ်။ ခြံလုပ်တယ် ...တောင် ကိုယ်ပိုင်ခြံကိုလုပ်ရတာ မဟုတ်ပါဘူး ဆရာ။ သူများခြံမှာ ...သဘောမျိုးနဲ့ လုပ်ရတာပါ။

...နေ့တော့ အဖေက ကျွန်မကို ဈေးထဲက အထည်ဆိုင်ကို ခေါ် ...ယ် ဆရာ။ ဆိုင်ပေါ်မှာ အထည်အုပ်တွေစီထားတယ်။ လှလိုက်တဲ့ ...အုပ်တွေ ဆရာရယ်။ ကျွန်မအဖို့ ဒီတစ်ခါပဲ ဒီလောက်လှ၊ ဒီလောက် ... အထည်အုပ်တွေကို မြင်ဖူးတာဟာ ပထမဆုံးအကြိမ် ဖြစ်မယ် ... ဆိုင်တစ်ဆိုင်ရှေ့ရောက်တော့ အဖေက ကဲ ... သမီးကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ တစ်ဝတ်စာယူတဲ့။ ကြိုက်ရာကို ယူတဲ့။ ကျွန်မ ဝမ်းသာလိုက်တာ ဆရာရယ်။ အဖေဟာ ကျွန်မအတွက် ပထမဆုံး ဝယ်ပေးဖူးတာပဲ။ နောက်ဆုံး အကြိမ်ပြောရင်လည်း ရပါတယ်လေ။ အဲဒီတုန်းက ချုပ်ပြီးသားအထည်တို့ ဘာတို့ သိပ်ခေတ်မစားသေးဘူးလေ။ အထည်စတွေကို ဖြတ်ပြီးချုပ်တဲ့ ခေတ်ပဲ ရှိသေးတယ်။ ကျွန်မကလည်း (၇)နှစ်သမီးလောက်ပဲ ရှိဦးမှာပေါ့။ သိတတ်နေပြီ။ အကောင်းစားတွေကို ကြိုက်ပေမယ့် ဆင်းရဲတော့ သိပ် ဈေးကြီးတာတွေကို ကျွန်မ မယူပါဘူး။ အပေါစားကိုပဲ ရွေးယူပါတယ်။

အဖေက အံ့အားသင့်နေတယ်။

သမီးယူတဲ့အစက ဈေးပေါလုချည်လား။ အဖေက သမီးကြိုက်တဲ့ အစကို ယူနော်တဲ့။ ဈေးကြီးချင် ကြီးပေ့စေလို့ ပြောသေးတယ်။

ဒါပေမဲ့ ကျွန်မ မယူပါဘူး ဆရာ။ ကျွန်မ ကိုယ့်အခြေအနေ ကိုယ်သိတာပေါ့။ ကိုယ်ကဆင်းရဲတော့ အကောင်းစား တန်ဖိုးကြီးတာတွေနဲ့ ဘယ်လိုက်ဖက်ပါ့မလဲ။ တန်ရာ တန်ရာပဲပေါ့။

အဲဒီတုန်းက ကျွန်မ စိမ်းပြာရောင်ဆိုးထားတဲ့ ပိတ်ဆေးဆိုးစကလေး တစ်စကိုပဲဝယ်ပြီး ဂါဝန်ချုပ်ဝတ်ခဲ့တယ်။ အဖေဟာ ကျွန်မကို ဒီတစ်ခါပဲ ဝယ်ပေးဖူးတယ်။ ကျွန်မတစ်သက်မှာ အဖေဝယ်ပေးတဲ့ ဒီအင်္ကျီကလေး တစ်ထည်နဲ့ လူဖြစ်လာရပေမယ့် ခုအထိ အဖေ့ကို ချစ်တုန်းပဲ။

ဈေးထဲကပြန်လာတော့ အဖေက ကျွန်မ ဂါဝန်အတွက် ဝယ်လာတဲ့ ပိတ်စကလေးကိုကိုင်ပြီး စကားတစ်ခွန်းပြောတယ်။ ဒီစကားတစ်ခွန်းကိုလည်း ကျွန်မ ဘယ်တော့မှ မမေ့ဘူး ဆရာ။

သမီးရယ်တဲ့။ ကိုယ့်လက်ထဲမှာ ဆယ်ပြားပဲရှိရမယ့် လူတစ်ယောက်ဟာ မတ်စေ့ကို ဆုပ်ကိုင်ထားပေမယ့် ကျပျောက်သွားပြီး နောက်ဆုံးတော့ ဆယ်ပြားပဲ ကျန်ရစ်ခဲ့မှာတဲ့ ကိုယ့်လက်က ဆယ်ပြားပဲ တန်တာကိုးတဲ့။

ငယ်ငယ်တုန်းကတော့ ဆယ်ပြားစေ့နဲ့ မတ်စေ့လောက်ပဲ နားလည် ဖူးတယ်။ ကြီးပြင်း လူလားမြောက်လာတော့မှ အဖေရဲ့စကားဟာ ဆယ် ပြားစေ့နဲ့ မတ်စေ့အကြောင်း ပြောတဲ့စကားမဟုတ်ဘဲ လူ့ဘဝကြီးတစ်ခု လုံး၊ ကံကြမ္မာတစ်ခုလုံးနဲ့ဆိုင်တဲ့ စကားပါလားဆိုတာ ကျွန်မ နားလည်





...တယ် ဆရာ။

...တ်ဆုံးရောက်လာသည့်စာ

...ကျွန်မကို မှတ်မိသေးရဲ့လား ဆရာ။ ကျွန်မ မြနှင်းနုပါ။ ဆရာ့ဆီ ...စာတိုစာရှည်တွေ ရေးခဲ့တဲ့ မြနှင်းနုပါ ဆရာ။

ဆရာ့ဆီကို စာမရေးခဲ့တဲ့ လေးငါးနှစ်အတောအတွင်းမှာ ကျွန်မဘဝ ... တော်တော် ပြောင်းလဲသွားတယ် ဆရာ။

ဒီနှစ်ဟာ ကျွန်မအဖို့ တော်တော်ကံမကောင်းတဲ့နှစ်လို့ ဆိုချင်တယ်။ ...နှစ်မှာ ကျွန်မ ကွာလီဖိုင်း ဖြေတယ်ဆရာ။ မအောင်ဘူး ကျတယ်။ ...နှစ်မှာ ရာတန်တွေလဲတယ်။ အဲဒီတုန်းက ဆိုင်မှာ ကိုယ်ပဲ ဦးစီးလုပ်ရ ...တယ်။ တမေးပွဲသွားဖြေတဲ့ ဆယ်ရက်လောက်အတွင်းမှာ လက်ကျန်ငွေတွေ ...ချုပ်ခဲ့တယ်။ ကျွန်မကလည်း သူတို့ဆီကို မအပ်ခဲ့မိဘူး။ ခုတော့ အဲဒါ ...ကို ကျွန်မပဲ စိုက်ရတော့တာပေါ့။ အဲဒီနှစ်အတွင်းမှာ သူဆုံးတယ် ... သူဆိုတာ ဆရာ မသိသေးဘူး။ အင်းလေ။ ဘယ်သိပါ့မလဲ။ ကျွန်မ ...ည်း ဒီအကြောင်းကိုတော့ ဘာမှ မပြောခဲ့သေးပဲကိုး။

သူဆိုတာ ကျွန်မချစ်သူပါ ဆရာ။ ကျွန်မချစ်သူလို့ဆိုတာထက် ကျွန်မက ...တဲ့သူပါ ဆရာ။ သူ့ကိုတော့ ဆရာသိပါတယ် ဆရာ။ သူလေ အဲဒီနှစ် ...တ်မတိုင်ခင်ကလေးမှာ ဆုံးသွားခဲ့တယ်လေ။ နိုင်ငံခြားကို ဆေးကု ...တယ်ဆိုတုန်းကလည်း ညညမှာ ဆုတွေ တောင်းလိုက်ရတာ။ သူက ...ာန်ဆိုပေမယ့် ဘုရားမှာ ဆီမီးတွေထွန်း၊ ပန်းတွေကပ်ပြီး ဆုတောင်း ...တာ။ သူ့မွေးနေ့ဆိုရင်လည်း ယတြာတွေ လုပ်လိုက်ရတာ။ ရယ်တော့ ...တယ်နော် ဆရာ။ တကယ်တော့ သူနဲ့ကိုယ်ဟာ ဘာမှဆိုင်တာ မဟုတ် ... လူချင်းမြင်ဖူးကြတာ မဟုတ်ဘဲနဲ့ ဒီလို တိမ်းညွတ်နေရတာဟာ ...တော့ ရယ်စရာကောင်းတယ်နော် ဆရာ။ ဟုတ်ပါတယ်။ ဆရာက ... ရယ်နေမှာပါပဲ။

...တ်တယ် ဆရာ။ ရယ်စရာတော့ ကောင်းချင် ကောင်းနေမှာပဲ။ ...တွေကိုဖတ်လာပြီး ဘဝကိုကြည့်ရကောင်းမှန်း သိလာတဲ့ ကျွန်မဟာ



www.burmeseclassic.com

www.burmeseclassic.com



ခုအသက်(၃၀)ရွယ် အရောက်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်တယ် ဆရာ။

ပြန်ကြည့်လိုက်တော့ ရယ်စရာကောင်းတဲ့ ကျွန်မဘဝကို ပြန်တွေ့ရ တယ်။

လိမ္မာဖို့ အကြိမ်ကြိမ် ကြိုးစားရင်း ကြိုးစားရင်းနဲ့ လူမိုက်ဖြစ်သွာ ရတာ ကျွန်မပါ။ ဆော်ထယ်ဆိုတဲ့ဘွဲ့ကို ရချင်ပေမယ့် လူညံ့စာရင်းထဲ ပါပါသွားတာလည်း ကျွန်မပဲ။

ကိုယ့်ချစ်သူနဲ့နေဖို့ အိပ်မက်တွေမက်ရင်း မက်ရင်းနဲ့ နိုးလာတော့ ငူငေါင်ပြီး အထီးကျန်ဖြစ်နေတာလည်း ကျွန်မပဲ။

ဘဝန္တက လွတ်မြောက်ဖို့ အကြိမ်ကြိမ်ကြိုးစားရင်း ဘဝန္တထဲမှာ နစ် သည်ထက် နစ်မြုပ်သွားတာလည်း ကျွန်မပဲ။

သုခကိုရရှိဖို့ အကြိမ်ကြိမ်ကြိုးစားရင်း ဒုက္ခတွေ တစ်ခုပြီးဘစ် ရင်ဆိုင်တွေ့ပြီး ဒုက္ခတွင်းထဲက မတက်နိုင်တဲ့သူဟာလည်း ကျွန်မပါပဲ။

ပျော်ရွှင်ဖို့အကြောင်းတွေကို စဉ်းစားရင်း စိတ်ဆင်းရဲခြင်း သံသ မှာ ဝဲလည်နေခဲ့ရတာဟာလည်း ကျွန်မပါပဲ။

သူ့ကိုတွေ့ဖို့ အကြိမ်ကြိမ် ကြိုးစားရင်း တစ်သက်လုံး မတွေ့သွ လိုက်ရတာလည်း ကျွန်မပါပဲ။

မနက်ဖြန်များစွာကို မျှော်လင့်ရင်း ဒီနေ့နဲ့ ပြီးဆုံးသွားခဲ့ရတာလည် ကျွန်မပါပဲ။

ဆရာရယ်။ လနဲ့နေဟာ ကမ္ဘာရဲ့ တစ်ဘက်တစ်ချက်မှာ ရှိတဲ့အ လပြည့်ဖြစ်တယ်။ ကမ္ဘာကြီး သာယာတယ်။ ဒီတော့ ညဝိုင်းဟာ လပြည် ဖြစ်နေအောင် လနဲ့နေကြားမှာ ကမ္ဘာကြီးခြားနေတာပဲ ကောင်းပါတယ်

ငယ်ငယ်တုန်းက အထည်ဆိုင်ကို အဖေနဲ့သွားတော့ အဖိုးတန်တ တွေတွေ့ပေမယ့် မယူခဲ့ဘဲ ကိုယ်နဲ့တန်တဲ့ ဆေးဆိုးတဲ့ပိတ်ကလေးတစ် ကို ဝယ်ခဲ့သလိုပေါ့။ ပြီးတော့ အဖေပြောသလိုပေါ့။ ဆယ်ပြားစေ့နဲ့ တ တဲ့လက်ဟာ မတ်စေ့လက်ထဲရောက်ပေမယ့် ကျပျောက်သွားရတာ ဆယ်ပြားစေ့နဲ့တန်တဲ့လက်မှာ ဆယ်ပြားစေ့ပဲ ရှိမှာပေါ့။ ငယ်ငယ်တုန်း





တော့ ဒီစကားဟာ ဆယ်ပြားစေ့နဲ့ မတ်စေ့အကြောင်းလို့ပဲ ထင်ခဲ့တာ။ တော့ မဟုတ်ဘူး ဆရာ။ သူ့ဘဝအကြောင်း ဖြစ်နေတယ်။

နောက်တစ်ခု ရှိသေးတယ် ဆရာ။

သူ့အပေါ်မှာထားရှိတဲ့ မြနှင်းနုဆိုတဲ့ အညတရ မိန်းကလေးတစ် ကရဲ့အချစ်ဟာ ဘယ်သူမှမသိတဲ့အချစ်၊ သူလည်း မသိ၊ တခြားသူ လည်း မသိတဲ့အချစ် ဖြစ်နေတယ် ဆရာ။

ဆရာကြီး မင်းသုဝဏ် မြန်မာပြန်တဲ့ "လီယာမင်းကြီး"ပြဇာတ်ထဲကလို ဆရာ။ လီယာမင်းကြီးနဲ့ သမီးတော် သုံးယောက်အနက် ကျန်တဲ့သမီး တွေက သူတို့အချစ်ကို ထုတ်ဖော်ကြတယ်။ ထုတ်ဖော်ပြနိုင်ခဲ့ကြ ။ ဒါပေမဲ့ သမီးအငယ်ဆုံးဖြစ်တဲ့ ကော်ဒဲလျကတော့ သူ့အချစ်ကို တ်ဖော်ပြနိုင်စွမ်း မရှိခဲ့ဘူး။ ထုတ်ဖော်လို့လည်း မပြတတ်ဘူး။ ဒီတော့ ဒဲလျက သူ့ကိုယ်သူ သတိပေးသလို "ချစ်တော့ချစ်လေ ဆိတ်ဆိတ် ပေါ့"လို့ သတိပေးတယ်လေ။ မြနှင်းနုဆိုတဲ့ ကျွန်မဟာလည်း ချစ်တော့ လေ ဆိတ်ဆိတ်နေပေါ့လို့ပဲ ကိုယ့်ကိုယ်ကို ဆုံးမရတော့မယ် ထင်တယ်

(ကလျာမဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၉၁)

* * *

www.burmeseclassic.com

www.burmeseclassic.com

# ဆိုက်ကားသမား ဒဿနဆရာ

# ဆိုက်ကားသမား ဒဿနဆရာ

ညို့မှောင်နေသည့် သူ့မျက်နှာပေါ်မှ မျက်လုံးများသည် တဖျတ်ဖျတ် တောက်နေကြသည်။ ဆံပင်ဖရိုဖရဲ အဝတ်အစား ခပ်နွမ်းနွမ်းနှင့် ခုံဖိနပ် ကို စီးထားသည်တိုင် ခပ်နွမ်းနွမ်းအဆင်အပြင်ထဲမှနေ၍ သူ့မျက်နှာသည် ကြည်လင်လတ်ဆတ်ကာ နှစ်လိုဖွယ် ကောင်းနေသည်။ သူသည် ကျွန်တော် တို့ စာရေးဆရာတစ်သိုက်ကို အကဲခတ်နေသည်။ တစ်ခါတစ်ရံတွင် ဆေး လိပ်တိုကို မီးညှိပြီး ကျွန်တော်တို့ပြောနေသော စကားများကို နားစွင့် [illegible]တတ်သည်။ တစ်ခါတရံတွင်လည်း သူ့နှုတ်ခမ်းမွေးကို ပွတ်သပ်ရင်း ကျွန်တော်တို့ပြောနေသည့် စကားများကို နားစွင့်တတ်သည်။

ရှိုလ်တဲပေါ်ကို ရောက်စတုန်းက ကျွန်တော်သူ့ကို သတိမထားမိ။ အထုပ် [illegible]များကိုချပြီး ညှော်ခန်းတွင် ထိုင်မိသည့်အခါမှ သူ့ကို ကျွန်တော် [illegible]ထားမိခြင်း ဖြစ်သည်။ အမှန်ကတော့ ကျွန်တော်တို့ကို ဘူတာရုံ [illegible]ကြိုတတည်းက သူပါလာခဲ့သည်။ သို့ရာတွင် သူသည် စကားတစ်လုံး [illegible]ည်းမပြော။ လာကြိုသူများနှင့်လည်း သိပ်မရောသဖြင့် သူ့ကို သတိ

www.burmeseclassic.com



မထားမိခဲ့ခြင်း ဖြစ်သည်။

နောက် ကျွန်တော်တို့ပစ္စည်းကို သူ့ဆိုက်ကားပေါ်သို့တင်ပြီး ဆိုက်ကား နင်းလိုက်လာသဖြင့် သူ့ကို ဆိုက်ကားသမားတစ်ဦးဟုပင် ထင်ခဲ့မိသည်။

မှန်တော့ မှန်သည် သူသည် ဆိုက်ကားသမားတော့ ဆိုက်ကားသမား ပင် ဖြစ်သည်။ သို့ရာတွင် ငှားရမ်းထားသည့် ဆိုက်ကားသမားမဟုတ်။ ကျွန်တော်တို့ ဟောပြောပွဲလုပ်မည့် မြို့က စာဆိုတော် ကော်မတီဝင်တစ်ဦး ဖြစ်ကြောင်း နောက်မှ သိရသည်။

ကျွန်တော်တို့ ပစ္စည်းတွေချပြီး ဧည့်ခန်းမှာထိုင်သည့်အခါတွင် ရန်ကုန် ကို လာ၍ ဖိတ်ကြားသူက မြို့ခံစာဆိုတော် ကော်မတီဝင်များနှင့် မိတ်ဆက် ပေးသည်။ ထိုကော်မတီဝင်တွေထဲတွင် သူပါသည်။

သူ့အမည်က ကိုစိုးမြင့်။

“ကျွန်တော်တို့ကတော့ သူ့ကို ခုံဖိနပ်စိုးမြင့်လို့ ခေါ်ပါသည်။ ကျွန်တော် တို့ စာဆိုတော်ကော်မတီရဲ့ တွဲဖက်အတွင်းရေးမှူးပါ။ ကျွန်တော် မအား လပ်ရင် ဆရာတို့လိုတာကို ကိုစိုးမြင့်ကို ပြောနိုင်ပါတယ်။ သူက ဒီရက် တွေအတွင်းမှာ တစ်လျှောက်လုံး ဆရာတို့နဲ့ ရှိနေမှာပါ”

ကိုစိုးမြင့်က ထရပ်ပြီး ပြုံးပြသည်။ ညှိမှောင်သည့် မျက်နှာပေါ်တွင် ဖြူဖွေးညီညာသောသွားသည် တစ်လက်လက် တောက်နေကြသည်။

ထိုနေ့ညနေမှစ၍ ကိုစိုးမြင့်သည် ကျွန်တော်တို့ ပြန်သည်အထိ ကျွန်တော်တို့နှင့်အတူ တစ်ချိန်လုံးရှိနေသည်။

ကျွန်တော်တို့အား ကျွေးစရာ မွေးစရာရှိသည်တို့ကိုလည်း သူပင် တာဝန်ယူ၍ ကျွေးမွေးသည်။ ကျွန်တော်တို့ စားသောက်ပြီး အိပ်ရာဝင် သည့် အခါတွင် သူသည် လူငယ်ကလေးတစ်ယောက်ဖြင့် ပန်းကန်ခွက် ယောက်များကို သူပင်ကြီးကြပ်သိမ်းဆည်းသည်။

ထို့နောက် ဧည့်ခန်းထဲက စားပွဲတစ်လုံးပေါ်တွင် စောင်တစ်ထည် ခေါင်းအုံးတစ်လုံးဖြင့် အိပ်သည်။ မနက်လင်း၍ ကျွန်တော်တို့ နိုးလာ သည့်အခါတွင် သူသည် ကျွန်တော်တို့အတွက် မနက်စာအဆင်သင့် ပြင် ဆင်ပြီးလေပြီ။





သူ့ဆိုက်ကားသည် သူနှင့်အတူ အမြဲရှိနေခဲ့သည်။

ကိုစိုးမြင့်သည် စာဆိုတော် ဟောပြောပွဲရက်များအတွင်းတွင် ဆိုက် ကားလည်း မနင်းတော့။ အိမ်သို့လည်း မပြန်တော့။ စာဆိုတော်ပွဲကိစ္စ အဝဝကို ဒိုင်ခံကာ ဆက်သွယ်စီစဉ်ပေးသူ ဖြစ်နေသည်။

ထိုရက်များအတွင်း ကျွန်တော်နှင့် ကိုစိုးမြင့်တို့ စကားပြောမိကြသည်။ ပြောမိသည့် စကားထဲတွင် မော်ဒန်ကဗျာ၊ ဖြစ်တည်မှု ပဓာနဝါဒ၊ သိစိတ် အယဉ် ရေးဖွဲ့နည်း၊ ဂျိမ်းဂျွိုက်စ်၏ ယူလီးဆစ်ဝတ္ထု၊ ဟဲမင်းဝေ၏ အဘိုးအို နှင့် ပင်လယ်ဝတ္ထုက ပြောပြသည့် ဒဿန၊ ခေတ်ပေါ် မြန်မာဝတ္ထုတို့ သုံးသပ်ချက်၊ မော်ဒန်ဆိုသည့် ဝေါဟာရ၏ အဓိပ္ပာယ်၊ အိုင်းစတိုင်း၏ ရီလေတီဗတီ သီအိုရီ ... ။

ထူးတော့ ထူးဆန်းသည်။ ခုံဖိနပ်စီးထားသည့် အညာမြို့တစ်မြို့က ဆိုက်ကားသမားနှင့် ဖြစ်တည်မှုပဓာနဝါဒသည် တကယ်ဆိုလျှင် အဝေး ကြီး။

ကျွန်တော်သည် သူ့စကားများကို နားထောင်ရင်း အံ့ဩရမည်လား။ ဝမ်းသာရမည်လား။ သံသယဖြစ်ရမည်လားဟု ဝေခွဲမရ ဖြစ်နေသည်။

“ကိုစိုးမြင့် ဒါတွေကို ဘယ်တုန်းက ဖတ်ထားတာလဲ။ အင်္ဂလိပ်လို စာ ဖတ်သလား”

ကျွန်တော်က အကဲစမ်းသည့်အနေဖြင့် မေးသည်။

“အင်္ဂလိပ်လိုတော့ ကောင်းကောင်း မဖတ်တတ်ပါဘူး ဆရာ”

“ကောင်းကောင်းမဖတ်တတ်ဘူးဆိုရင် နည်းနည်းပါးပါးတော့ ဖတ် တတ်တယ်ဆိုတဲ့ သဘောပေါ့။”

“ကျွန်တော် ၉ တန်းအောင်သည်အထိတော့ ကျောင်းနေခဲ့ဖူးတယ် ဆရာ။ အဲ ... ၁၀ တန်းအထိဆိုပါတော့ ဆရာ။ ဒါပေမဲ့ ဆယ်တန်း ကို ဖြေသုံးခါကျတော့ ကျောင်းမတက်တော့ဘူး။ အဲ .... ကျောင်းမတတ် နိုင်တော့ဘူး ဆရာ”

ကိုစိုးမြင့်သည် သူ့စကားကို တိကျအောင် ပြောလေ့ရှိသည်ကို ကျွန်တော် သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် စကားတစ်ခွန်းကိုပြောလျှင် တိကျအောင် ပြောတတ်သည်။ မတိကျသေးလျှင် သူ့စကားကို တိကျအောင် ပြင်ပြောသည်။

"မနေနိုင်တော့တာလား။ မနေချင်တော့တာလား"

"မနေနိုင်တော့တာ ဆရာ"

"ဘာဖြစ်လို့"

"အကြောင်းကြောင်းကြောင့် ဆိုပါတော့ ဆရာ။ အဓိကအကြောင်းကတော့ စီးပွားရေးပါ။ ကျွန်တော်က သားအကြီးဆုံး၊ စာမေးပွဲကလည်း တဘုံးဘုံးကျ၊ အငယ်တွေကလည်း ကျွန်တော့်မီလာ၊ ဒီအထဲမှာ ကျွန်တော်ကလည်း မိဘစကားကို နားမထောင်၊ ကျွန်တော် လုပ်ချင်ရာ လျှောက်လုပ်နေတော့ အိမ်နဲ့ ပြဿနာဖြစ်တာပေါ့ ဆရာ။ အဖေက ကျွန်တော့်ကို အထင်သေးတယ်။ အဖေ အထင်သေးမခံရအောင် လူတော်တစ်ယောက်ဖြစ်အောင် ကြိုးစားမယ်ဆိုပြီး မခံချင်စိတ်နဲ့ ကြိုးစားတယ်။ ကြိုးစားရင်း ကြိုးစားရင်းနဲ့ နောက်ဆုံးတော့ ဆိုက်ကားသမား ဖြစ်လာတာပါပဲ"

ကိုစိုးမြင့်က သူ့စကားကို သူသဘောကျ၍ ရယ်သည်။

"ဘယ်လိုကြိုးစားရင်း ဆိုက်ကားဆရာဖြစ်လာတာလဲ"

"ကျွန်တော့်အဖေက အဲဒီတုန်းက ဆပ်ပလိုင်းကိုဒေါင်လို့ခေါ်တဲ့ အစိုးရကိုဒေါင်စောင့်အလုပ် ဆရာ။ ကျွန်တော်တို့က အဲဒီ ကိုဒေါင်ဝင်းထဲမှာပဲ နေလာခဲ့ရတယ်။ အဖေက ကျွန်တော့်ကို သားအကြီးဆုံးဆိုပြီး အားကိုးတယ်။ ဒါပေမဲ့ ကျွန်တော်က သူဖြစ်စေချင်တာတွေ တစ်ခုမှမဖြစ်ဘဲ သူမဖြစ်စေချင်တာတွေ အကုန်ဖြစ်လာတယ်"

"သူဖြစ်စေချင်တာတွေက"

ကိုစိုးမြင့်သည် ဆေးပေါ့လိပ်ကို မီးညှိ၍ ဖွာနေသည်။

"သူဖြစ်စေချင်တာတွေကတော့ ကျွန်တော့်ကို ကောလိပ်တို့ ဘာတို့ကို ရောက်စေချင်တယ်။ အဖေ့လိုပဲ ဒရဝမ်လုပ်တဲ့ အဖေ့ရဲ့သူငယ်ချင်းတစ်ယောက်က သူ့သားကို ကောလိပ်ကိုပို့နိုင်တော့ အဖေ့ကို သိပ်ကြွားတာကိုး ဆရာရဲ့။ အမှန်ကတော့ ဒီကောင်က စာမတော်ပါဘူး။ ကျွန်တော်နဲ့တစ်တန်းတည်းပါ။ ခပ်ညံ့ညံ့ထဲကပါ။ အတန်းထဲတုန်းကတော့ ကျွန်တော်





စာတော်တယ်ဆရာ။ စာမေးရင်လည်း ကျွန်တော့်ကိုပဲ လာမေးရတယ်။ မာစာ မေးမလား။ အင်္ဂလိပ်စာ မေးမလား။ သင်္ချာ မေးမလား ကျွန်တော့် ပဲ မေးရတာပေါ့။ ဒါပေမဲ့ ဒီကောင်က ကြိုးစားတယ်။ လက်တွေ့ တယ်။ ကျွန်တော်က မကြိုးစားဘူး။ လက်တွေ့မကျဘူး။ စိတ်ကူးယဉ် ယ်။ ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို ဒီလိုပဲ မှတ်ချက်ချတယ်"

"လက်တွေ့မကျဘူး စိတ်ကူးယဉ်တယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

"ဒီကောင်က မိန်းကလေးကိုကြိုက်တဲ့နေရာမှာတောင် ရုပ်ချောတဲ့ န်းကလေးကို မကြိုက်ဘူး ဆရာ။ ပိုက်ဆံရှိတဲ့မိန်းကလေး၊ ဂုဏ်ရှိတဲ့ န်းကလေးကို ကြိုက်တယ်။ မိန်းမယူရင် အဲဒီမိန်းမဟာ ကိုယ့်ထက် ဂုဏ် သင့်အတန်းတို့ ပိုက်ဆံတို့ ရှိရမယ်တဲ့။ ကိုယ့်ထက် ဂုဏ်လည်းနိမ့်ကျ ယ်၊ ပိုက်ဆံလည်းမရှိဘူးဆိုရင် ကိုယ့်ဘက်က အနာချည်းပဲတဲ့။ ကိုယ်က ည်း တစ်သက်လုံး လုပ်ကျွေးရသေးတယ်။ သူ့ဆီကလည်း ကိုယ်က မှ အဆောင်းမရဘူးဆိုရင် တွက်ခြေမကိုက်ဘူးတဲ့။ ကျွန်တော်ကတော့ န်းကလေးဆိုရင် ပိုက်ဆံမရှိရင်နေ။ ဂုဏ်မရှိရင်နေ။ ရုပ်ချောရမယ်။ အသင့် တင့် သဘောကောင်းရမယ်လို့ ယူဆတယ်။ အချစ်ကို ကွန်ပျူတာနဲ့ က်လို့မရဘူး ဆရာ။ နှလုံးသားနဲ့တွက်မှရတာ"

"ဒီတော့ ခင်ဗျားက စိတ်ကူးယဉ်တယ်လို့ ဆိုချင်တာပေါ့"

"စိတ်ကူးယဉ်တာလား၊ နှလုံးသားရှိတာလားတော့ မပြောတတ်ဘူး ။ ကျွန်တော်နဲ့ ကျွန်တော့သူငယ်ချင်း "တင်သန်း"တို့က အဲဒီလို တာ။ သူက ကျွန်တော့်ဆီကို စာတွေဘာတွေမေးပြီး ဆယ်တန်း အောင် တယ်။ ကျွန်တော်က သူ့ကို စာတွေပြပြီး ဆယ်တန်းမှာ ကျကျန်ခဲ့ ယ်။ ကျတာကလည်း တစ်ခါမဟုတ်ဘူး။ အကြိမ်ကြိမ်၊ ဒီတော့ ကျွန်တော့် က ကျွန်တော့်ကို အထင်သေးတာ သဘာဝကျပါတယ်။ အဖေ့အပြစ် ပ်ပါဘူး"

"ခင်ဗျားက စာလည်းတော်တယ်။ အသင့်အတင့်လည်း ကြိုးစားတယ် ဘာဖြစ်လို့ စာမေးပွဲမအောင်တာလဲ"

ကိုစိုးမြင့်သည် သူ့ခေါင်းကို ကုတ်နေသည်။ စကားလုံးရှာနေသည်လား။



www.burmeseclassic.com

www.burmeseclassic.com



ပြောသင့်မပြောသင့် ချိန်ဆနေသည်လား မသိနိုင်။

"တစ်မျိုးပဲဆရာ။ ကျွန်တော်က တက္ကသိုလ်တွေဘာတွေ သိပ်နေချင်တာ မဟုတ်ဘူး။ အေးလေ ကျွန်တော်လိုကောင်က ဒီလိုအခြေအနေ ဒီလို စကားမျိုးပြောတော့ စပျစ်သီးချဉ်တယ်လို့ ပြောတာမျိုး ထင်ကြမှာပေါ့။ တကယ်တော့ ကျွန်တော်က တက္ကသိုလ်မှာထက် ဘဝတက္ကသိုလ်ကြီးထဲမှာ နေချင်တာ။ ဂေါ်ကီလိုပေါ့ ဆရာရယ်။ ဂေါ်ကီက လူ့ဘဝကြီးဟာ လူရဲ့ တက္ကသိုလ်ကျောင်းတော်ကြီးလို့ ပြောခဲ့တယ် မဟုတ်လား။ အဲဒီမှာ လူတွေနဲ့နေမယ်။ စာအုပ်တွေဖတ်မယ်။ ပြီးတော့ ကျွန်တော်ဖြစ်ချင်တာက စာရေးဆရာကြီး၊ ကဗျာဆရာကြီး ဖြစ်ချင်တာ၊ ဖြစ်နိုင်ရင်တော့ တဂိုးတို့လို သခင်ကိုယ်တော်မှိုင်းတို့လို တော်စတွိုင်းတို့လို စာရေးဆရာကြီး၊ ကဗျာဆရာကြီးဖြစ်ချင်တာ။ အဲဒီဆရာကြီးတွေဟာ ဘာအတန်းမှ အောင်ခဲ့ကြတာ မဟုတ်ပါဘူး။ ဘားနတ်ရှောကိုပဲ ကြည့်မလား။ ဂေါ်ကီကိုပဲ ကြည့်မလား။ ဂျွန်ကီကို ကြည့်ဦးမလား။ ရှယ်လီကို ကြည့်ဦးမလား။ ရှိတ်စပီးယားကို ကြည့်ဦးမလား။ အမေရိကန်ကဗျာဆရာတွေ၊ စာရေးဆရာတွေ ကြည့်ဦးမလား။ မတ်တွမ်းတို့၊ ဝှစ်တမင်းတို့ဟာ ဘယ်အတန်းတွေများ အောင်ခဲ့ကြလို့လဲ။ မတ်တွမ်းဆိုရင် မစ္စစပီမြစ်တစ်ရိုး သင်္ဘောပေါ်မှာ စုကာနီ လုပ်ခဲ့ရတာ။ သင်္ဘောသား လေ့ထိုးသား လုပ်ခဲ့ရတာ။ ဂေါ်ကီလည်း ဒီအတိုင်းပဲ။ ဒါပေမဲ့ ကျောင်းမနေခဲ့ရပဲနဲ့ သူတို့တစ်တွေဟာ ကမ္ဘာကျော် စာရေးဆရာကြီးတွေ ဖြစ်လာခဲ့ကြတာပဲ မဟုတ်ဘူးလား။ ဆရာ စဉ်းစားကြည့်လေ။ ဘယ်လောက် ဆန်းသလဲ။ တက္ကသိုလ်ကို မနေခဲ့ဖူးတဲ့ ရှိတ်စပီးယားနဲ့ ဘားနတ်ရှောတို့ရဲ့စာတွေကို တက္ကသိုလ်ပါမောက္ခတွေက ခွဲခြမ်းစိတ်ဖြာပြီး သင်ပြနေရပြီ မဟုတ်လား။ ဒါကြောင့် စာမေးပွဲ မအောင်ရင်လည်း အရေးမကြီးပါဘူး။ အောင်မြင်တဲ့ စာရေးဆရာတစ်ယောက်ဖြစ်အောင်လုပ်မယ်လို့ ကျွန်တော် မျှော်မှန်းခဲ့တာ"

ကျွန်တော်က သူ့စကားများကို နားထောင်ရင်း ပြုံးသည်။

"ဒီတော့"

"ဒီတော့ ကျွန်တော် စာမေးပွဲကျတယ်။ အိမ်ကလည်း ကျွန်တော့်ကို





...ပြီး ကျောင်းမထားနိုင်တော့ဘူး။ အဖေကလည်း ထမင်းမကျွေးနိုင်...ဘူးဆိုပြီး အိမ်ကနှင်ချလိုက်တယ် ဆရာ"

"ဒီအတွင်းမှာ ခင်ဗျားက စာရေးဆရာဖြစ်အောင် ဘယ်လိုကြိုးစား...ထုတ်မှုတွေကို လုပ်ခဲ့သလဲ"

"ကျွန်တော် စာတွေဖတ်တယ်ဆရာ။ စာအုပ်ကတော့ ကျွန်တော့်ရှေ့...ရောက်လာတဲ့စာအုပ်ကို ဝါးစားသလို ဖတ်ပစ်တာပဲ။ ဝတ္ထုစာအုပ်ရော၊ ...စာအုပ်ရော၊ သတင်းစာရော၊ မဂ္ဂဇင်းရော။ ကျွန်တော်က ပုံနှိပ်စာလုံး... မြင်နေရရင် ပျော်နေတာဆရာ။ ကျောင်းမှာတုန်းကလည်း ကျွန်တော် ...ကျောင်းစာတွေထက် အပြင်စာတွေကို ဖတ်တာပဲ။ ဒါကြောင့်မို့ ကျောင်းမှာ ...မာစာ စာစီစာကုံးရေးရင် အင်္ဂလိပ်စာ စာစီစာကုံးရေးရင် ကျွန်တော့် ...စာစီစာကုံးက ထိပ်ဆုံးမှာရှိတယ်။ မကြာခဏဆိုသလို ကျွန်တော့်စာစီစာကုံး... အကောင်းဆုံးဆိုပြီး ဆရာက အတန်းထဲမှာ ဖတ်ဖတ်ပြတယ်။ တစ်ခါ ...ကျွန်တော် မှတ်မိသေးတယ် ဆရာ။ ဂျွန်ကီစ်ရဲ့ လာဘယ်ဒီနီးဆံမာစီဆိုတဲ့ ...။ အေ ဗျူတီဖူး လေဒီ ဝှစ်သောက် မာစီ A Beartiful Lady Without Mercy ဆိုတဲ့ ကဗျာ၊ အဲဒီခေါင်းစဉ်ကို မြန်မာလို ပြန်ရမယ်လို့ ...တော့ ကျွန်တော်က အသနားမဖက်သော မိန်းမချောဆိုပြီး ဘာသာ ...ပြန်လိုက်တယ်။ အင်္ဂလိပ်စာသင်တဲ့ ဆရာကြီးက ကျွန်တော့်ကို ချီးကျူး...လို့ မဆုံးဘူး။

ထားပါ ဆရာ။ ကျွန်တော့်ကိုယ်ကျွန်တော် ကိုယ်ရည်သွေးရာ ရောက်...ပါလိမ့်မယ်။ ကျွန်တော်ဆိုလိုချင်တာက ကျောင်းမှာတုန်းကရော ကျောင်း...ရောက်တဲ့အခါမှာရော ကျွန်တော် အပြင်စာတွေကို အကုန်ဖတ်တယ်။ ...လိပ်စာကိုလည်း ဦးထွန်းငြိမ်း အဘိဓာန်ရှေ့မှာချပြီး ဖတ်တယ်။ ရှေး...မြန်မာကဗ္ဗဝင်တွေ၊ ပျို့ကဗျာတွေဆိုရင်လည်း ကျွန်တော် ဖတ်တာပဲ။ ကိုယ်...သဘောကျတဲ့ စာပိုဒ်တွေတွေ့ရင် မှတ်စုစာအုပ်ကလေးနဲ့ ကူးထားတယ်။ ...ရင် အားရင် တခြားစာအုပ်ဖတ်စရာမရှိရင် အဲဒီမှတ်စုစာအုပ်ကလေး... ကျွန်တော် လျှောက်ဖတ်နေတာပဲ"

"ရှေးမြန်မာကဗ္ဗဝင်တွေထဲက ဘာတွေကို ဖတ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးမြင့်သည် မြန်မာကျမ်းစာတွေအမည်ကို ကြောင်းကြောင်းမြေး နေအောင် ရွတ်သွားသည်။

"စွယ်စုံကျော်ထင်၊ ပကိဏ္ဏကဒီပနီ၊ သမန္တစက္ခုဒီပနီ၊ ကိုးခန်းပျို့၊ မာဃဒေဝ လင်္ကာသစ်၊ သုဇာပျို့၊ ဘုံခန်းပျို့၊ စကားပြေတွေထဲကတော့ ငါးရာ့ငါးဆယ်တို့၊ ဇာတ်ကြီးဆယ်ဘွဲ့တို့၊ ရာဇဝင်ကျော်တို့၊ ဦးကုလား ရာဇဝင်တို့၊ အရေးတော်ပုံငါးစောင်တွဲတို့ ..."

ကျွန်တော် လက်ကာပြရသည်။

"ဒါတွေကို ဘယ်မှာတွေ့လို့ ဖတ်တာလဲ"

"ကျွန်တော်တို့ ဆရာတော်ကျောင်းမှာ စာကြည့်တိုက်ကောင်းကောင်း ရှိတယ်လေ ဆရာ။ ဆရာတို့ကို တစ်ညနေကျမှ လိုက်ပို့ရဦးမယ်။ အဲဒီမှာ ဆရာတော်ပျံလွန်တော်မူသွားတော့လည်း တပည့်တွေက ဆရာတော်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဆရာတော်အထိမ်းအမှတ် စာကြည့်တိုက်ကို ဆက်လုပ် ခဲ့ကြတယ်။ မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ်၊ ပေ ပုရပိုက် တော်တော်စုံ တယ် ဆရာ။"

"ကျွန်တော့်ကို လူလားမြောက်အောင် ကျွေးမွေးခဲ့တာ ဒီစာကြည့်တိုက် ကြီးပဲ ဆရာ။ တကယ်ပြောတာ။ လူလားမြောက်အောင် ကျွေးမွေးတယ် ဆိုတာ စကားဥပမာ တင်စားပြောတာမဟုတ်ဘူးဆရာ။ တကယ့်အဖြစ်။

"ကျွန်တော့်ကို အဖေက အိမ်က နှင်ချလိုက်တော့ ကျွန်တော့်မှာ စားစရာ မရှိဘူး။ နေစရာမရှိဘူး။ ဘာအလုပ်အကိုင် ဘာဝင်ငွေမှလည်း မရှိဘူး။ ဒီတော့ ကျွန်တော် ဘယ်ကိုသွားနေရသလဲဆိုတော့ ဆရာတော်ရဲ့ ကျောင်းကို သွားနေတယ်။ ဆရာတော့်ကျောင်းက တောရကျောင်း ဆရာ။ မြို့ပြင်ဘက် အင်ကြင်းတောတွေ၊ ဒဟတ်တောတွေကြားက တောရကျောင်း ဘေးမှာလည်း ရေကန်ကြီးနဲ့ တောရကျောင်းဆိုပေမယ့် ဆရာတော်က မြန်မာပြည်တစ်ဝှမ်းက တပည့်တပန်း ဒကာ၊ ဒကာမတွေများတော့ လှူမယ့်သူ ပေါတယ်။ ဆွမ်းကွမ်းအတွက် မပူရဘူး။ ဆရာတော်ကို ပရိယတ္တိကိုသာ အားထုတ်ပါ။ ကျန်တဲ့ပစ္စည်းလေးပါးကိစ္စကို တပည့်တော်တို့ တာဝန်ယူပါ့ မယ်ဆိုတဲ့ ဒကာ ဒကာမတွေက မြန်မာပြည်အနှံ့အပြားမှာ ပေါမှပေါ။





ဆရာတော်ကလည်း အင်မတန် ကိစ္စနည်းတယ်။ သူ့မှာ ကျောင်းဆောင် ...ထပ်လှူမယ့်သူပေါ်လာရင် မလှူနဲ့တဲ့။ သူ့မှာ ဆွမ်းကွမ်းကိစ္စ ပြည့် ...တဲ့။ တခြားရှားပါးတဲ့ ရဟန်းတော်များ၊ ချို့တဲ့တဲ့ ရဟန်းတော် များကိုသာ လှူကြတဲ့။ သူ့ကို ဘာမှမလှူနဲ့တော့တဲ့။ သူ့မှာ သိတင်းသုံး ... အဆိုပ်အာဝါသရှိပြီး ဆွမ်းကွမ်းပြည့်စုံပြီ။ သူဆောက်ချင်တဲ့ စာကြည့် တိုက်တစ်ခုလည်း ကျောင်းဝင်းထဲမှာ ဆောက်နိုင်ခဲ့လို့ စာအုပ်စာတမ်း၊ ...လောကုတ္တရာကျမ်းတွေလည်း ပြည့်စုံပြီ။ ဒါကြောင့်မို့ သာသနာ ...ကို ပြန့်ပွားအောင် အားထုတ်နေကြတဲ့ တခြားရဟန်းတော်များကို ... လှူကြ၊ အဲဒီလို ရဟန်းတွေ မြန်မာပြည်အနှံ့အပြားမှာ ရှိတယ်လို့ ...ဟောတော်မူလေ့ရှိတယ်။

ကျွန်တော်က အဲဒီဆရာတော်ရဲ့ ကျောင်းမှာ သွားနေတော့ ကျွန်တော့် ...လည်း စားဖို့သောက်ဖို့ မပူရတော့ဘူးပေါ့ ဆရာ။ မနက်တိုင်းရင် ...ခဲ့လိုက်တယ်။ ဒါမှမဟုတ် ဆိုင်းထမ်းကလေးနဲ့ မြို့ထဲလည်ပြီး ဆွမ်း ...လျာခွက်တွေ သိမ်းတယ်။ အဲဒီတော့ ကျွန်တော် ဆယ်တန်းကျောင်း ...အရွယ် ဆရာ။ ဆယ်တန်းကို နှစ်ခါ သုံးခါ ကျပြီးနေပြီ။

ငယ်ငယ်လေးကတည်းက ကျွန်တော် ကျောင်းမှာပဲနေပြီး ဆရာတော် ကျောင်းမှာပဲ ဘုန်းကြီးကျောင်းသားလုပ်၊ ဆရာတော်ကျောင်းမှာပဲ ကိုရင်ဝတ် ...ဆည်းခဲ့တော့ ကျွန်တော့်အဖို့ အဲဒီကျောင်းဟာ နေရာသစ်မဟုတ် ...ဘူးလေ။ ဒီအထဲမှာ ဆရာတော်ကျောင်းဆိုတာလည်း ကျွန်တော်တို့ ...သက်လုံး နေ့တိုင်းရောက်နေတဲ့ နေရာ။

...ရောက်ဘဲရှိပါ့မလား ဆရာ။ ဆရာတော့် ကျောင်းတိုက်မှာ စာအုပ် ... ပြည့်စုံတဲ့ စာကြည့်တိုက်ကြီးကလည်း ရှိနေတာကိုး။ ဒီတော့ ဆရာ ... မရှိတဲ့နောက်မှာလည်း မြို့က ဆရာတော်ရဲ့ တပည့်တွေကဆက်ပြီး ...ထောင်လို့ ကျွန်တော့်ရဲ့ စာကြည့်တိုက်ကြီးဟာ ကျွန်တော်တို့ ...စ်ဝိုက်၊ မြေလတ်တစ်ဝိုက်မှာ နာမည်ကျော်ခဲ့တယ် မဟုတ်လား။ ... ကျွန်တော့်အဖို့ ဆရာတော်ရဲ့ စာကြည့်တိုက်၊ ဆရာတော်ရဲ့ကျောင်းဟာ ...တော့်ကို လူလားမြောက်အောင် ကျွေးမွေးတယ်လို့ ပြောတဲ့နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



အသိပညာ တိုးလာအောင် လုပ်ပေးတဲ့နေရာတင် မကတော့ဘူး။ ကျွန်တော့် အသက်နဲ့ခန္ဓာကိုယ် အိုးစားမကွဲအောင် ကျွေးမွေးခဲ့တဲ့ကျောင်း။

အဲဒီမှာ ကျွန်တော့်ကို စာကြည့်တိုက်မှူးခန့်တယ် ဆရာ။ လခက တော့ မရပါဘူး။ စာကြည့်တိုက်မှာပဲ နေရာပေးပြီး စာကြည့်တိုက်ကပဲ ကျွေးထားတယ်။ စာကြည့်တိုက်က ကျွေးတယ်ဆိုတာထက် ဆရာတော်ရဲ့ နေရာမှာ ကျောင်းထိုင်တဲ့ ကျောင်းထိုင်ဆရာတော်ကြီးနဲ့ ဦးပဉ္ဇင်းတွေက ကျွေးထားတာ ဆိုပါတော့။ အဲဒီမှာ ကျွန်တော့်အလုပ်က စာအုပ်ဝယ်ရတယ်၊ စာအုပ်တွေကို သိမ်းရတယ်။ ပျက်စီးတဲ့ စာအုပ်တွေကို ပြန်ချုပ်ရတယ်၊ စာအုပ်ငှားရတယ်။ ပြန်မလာတဲ့စာအုပ်တွေကို လိုက်တောင်းရတယ်။ အားရင် စာဖတ်တယ်။

နောက် အင်္ဂလိပ်လို နည်းနည်းပါးပါး ဖတ်တတ်လာတယ်။ အဲဒီမှာရှိတဲ့ ဦးပဉ္ဇင်းတွေလည်း သီရိလင်္ကာတို့၊ ဗာရာဏသီတို့၊ ကာလကတ္တားတို့မှာ နေလာတဲ့ ကိုယ်တော်တွေ ရှိတယ်။ တစ်ပါးက ကိုလံဘိုတက္ကသိုလ်က အင်္ဂလိပ်စာ မဟာဝိဇ္ဇာဘွဲ့အောင်လာတဲ့ ကိုယ်တော်၊ တစ်ပါးက ဗာရာဏသီ တက္ကသိုလ်က သသ်ကရိုက်ဘာသာနဲ့ အောင်လာတဲ့ကိုယ်တော်၊ တစ်ပါးက ကာလကတ္တားတက္ကသိုလ်တစ်ခုက ပါဠိဂုဏ်ထူးနဲ့ အောင်လာတဲ့ကိုယ်တော်၊ ဗာရာဏသီတက္ကသိုလ်က အောင်လာတဲ့ ကိုယ်တော်လေးက သသ်ကရိုက် တင်မကဘူး။ ဗြဟ္မတို့ ပြာကရိုက်တို့ စတဲ့ အိန္ဒိယ ရှေးဟောင်းဘာသာတွေ ကိုလည်း တတ်တယ်ဆရာ။

ပြာကရိုက်ကတော့ အင်္ဂလိပ်လို ပရိကရစ်ခေါ်မှာပေါ့ ဆရာ။ အဲဒီ ကိုယ်တော်က ပါဠိသင်ပေးလို့ ဆန်ကျမ်း၊ သဒ္ဒါကျမ်းတွေကိုလည်း ကျွန်တော် ကောင်းကောင်း ဖတ်နိုင်သွားတယ် ဆရာ။ လောကီစာတွေကိုလည်း အင်္ဂလိပ် လို နည်းနည်းပါးပါး ဖတ်လာနိုင်တယ် ဆရာ။ ဖြစ်တည်မှုပဓာန ဝါဒတို့၊ မော်ဒန်ဝါဒတို့ သိစိတ်အလျှင်တို့ဆိုတာတွေကတော့ အင်္ဂလိပ်စာအုပ်တွေ ထဲမှာလည်း နည်းနည်းပါးပါး တွေ့ဖူးတယ်။ မြန်မာမဂ္ဂဇင်းတွေ၊ ဝတ္ထု တွေမှာလည်း နည်းနည်းပါးပါး တွေ့ဖူးရာစပြီး ဟိုမေးသည်မေးနဲ့ သိလာ တာပါ ဆရာ။ မေးလို့ရတာကလေးကို မှတ်စုနဲ့ ချရေး၊ တစ်ယောက် ပြောတာနဲ့ တစ်ယောက်ပြောတာကို တိုက်ဆိုင်ညှိနှိုင်းကြည့်၊ ဒီလိုနဲ့ တဖြည်း ဖြည်း အသိပညာကလေးတွေကို ပုရွက်ဆိတ်များ မိုးတွင်းအစာစုသလို ဖြည်းဖြည်းချင်း စုဆောင်းလာခဲ့တာပါ ဆရာ။ စနစ်တကျတော့ ဟုတ်ချင်မှ ဟုတ်မယ်ပေါ့။ ဂီတသမားများလိုပေါ့ ဆရာရယ်။ ဆရာနဲ့သင်တဲ့ဂီတသမား နဲ့ ဆရာနဲ့မဟုတ်ဘဲ ကိုယ့်ဘာသာ ဟိုခေါက်သည်ခေါက်နဲ့ တက်တဲ့ ဂီတသမား ကွာသလိုတော့ ရှိမှာပေါ့။ ဒါပေမဲ့ မတတ်နိုင်ဘူး ဆရာ။ ကိုယ်က ဆရာနဲ့သင်နိုင်တဲ့အင်အားမှ မရှိဘဲကိုး။ ဒီတော့ လက်အထား အသို၊ အလုံးအတွဲအဖက်၊ စည်းဝါးအယူအဆတို့မှာ စနစ်မကျ ဘာမကျ တော့ ရှိမှာပေါ့။ ဒါပေမဲ့ ပညာဆိုတာယူတတ်ရင် တက္ကသိုလ်ရောက်မှ မဟုတ်ဘူး။ ဘယ်နေရာမဆို ရနိုင်တယ်လို့တော့ ကျွန်တော် ယုံသွားတယ် ဆရာ"

"နို့ ... နေပါဦး။ ခင်ဗျား အိမ်ထောင်ကျပုံကကော"

ကိုစိုးမြင့်က ရယ်သည်။

"ကျွန်တော်က ဗန်းမော်တင်အောင်ဖတ်လိုက်နဲ့ တူတယ်ဆရာ။ ကျွန် တော်က ဘုန်းကြီးကျောင်းသား၊ ဆွမ်းဟင်းခွက်တွေ လည်သိမ်းရင်း ကျွန်တော့်ဇနီးနဲ့တွေ့တာပဲ။ လူချင်း မျက်မှန်းတန်းမိနေတာတော့ ကြာပါ ပြီ။ ကျောင်းတုန်းကတည်းကပါ။ ကျွန်တော်ကတော့ အတန်းကြီးတာပေါ့ လေ။ တစ်တန်းလား၊ နှစ်တန်းလား ကြီးတယ်။ သူ့အဖေက ပန်းထိမ် ဆရာ။ သူ့ကိုတွေ့တော့ ကျွန်တော် စိတ်ဝင်စားသွားတယ်။ ဒါနဲ့ကျွန်တော် က ဗန်းမော်တင်အောင် ဖတ်လိုက်လိုပဲ စကားပြောတယ်။ ကိုယ့်မှာ အချစ်ကလွဲလို့ တခြားဘာမှ ပိုင်ဆိုင်တာ မရှိဘူးတို့ ဘာတို့ပေါ့ ဆရာ ရယ်။ အဲဒီတုန်းက ငယ်တုန်းဆိုတော့ ဒီလိုစကားတွေက သိပ်ပြီး ပြောလို့ ကောင်းတာကိုး ဆရာရဲ့။ ဒါနဲ့ သူကလည်း ဒီစကားတွေကြားပြီး ကျွန်တော့်ကို သဘောကျသွားတာပဲ။ သူမကြားဖူးတဲ့ စကားလုံးတွေကို မကြားရ၊ သူ မဖတ်ဖူးတဲ့ ရည်းစားစာမျိုးတွေ ဖတ်ရတော့ သူ သဘောကျသွားတာပေါ့ ဆရာ။ စကားလုံးဟာ လူကို တော်တော်ဖမ်းစားတယ်နော် ဆရာ။

နောက်တော့ ကျွန်တော်နဲ့သူ မြို့တစ်မြို့ကို ထွက်ပြေးကြတယ် ဆရာ။







www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးတစ်မြို့ ဆိုပါတော့။ ကျွန်တော်တို့မှာ ပိုက်ဆံ ဘာရှိမှာလဲ ဆရာ။ ပါလာတာကလေး ရောင်းချစားတာ ကုန်သွားတော့ ကျွန်တော် အလုပ်လိုက်ရှာတယ်။ နောက်ဆုံးတော့ ဘာအလုပ်မှ မရဘူး။ ဒါနဲ့ ဆိုက်ကား အုံနာတစ်ယောက်ဆီသွားပြီး ကျွန်တော် ဆိုက်ကားနင်းတယ်။ ကျွန်တော်က စာတွေ သိပ်အဖတ်များသွားလို့လား မသိဘူးဆရာ။ ပိုက်ဆံကို သိပ်မလိုချင်ဘဲ ဖြစ်သွားတယ်။ ဆိုက်ကားနင်းလို့ရရင် ကျွန်တော်တို့လင်မယား အတွက် နေ့ဖို့ညစာလောက်ရင် ကျွန်တော် ဆိုက်ကား ဆက်မနင်းတော့ဘူး။ ဆိုက်ကားအုံနာဆိုတော့ အုံအားကြီးကိုသင့်လို့။ ဆိုပါတော့ ဆရာ။ ကျွန်တော် ဆိုက်ကားကို ငှားခနဲ့ နင်းရင်လည်း ကျွန်တော်က ငှားခကို မှန်မှန်ပေးတယ်။ ဆိုက်ကားကို ကိုယ်ပိုင်ပစ္စည်းလိုရှိသေတယ်။ သူက ကျွန်တော့်ကို ဆုကြေးတို့ဘာတို့ပေးရင် ကျွန်တော် မယူဘူး။ ကျွန်တော်တို့မှာ လုံလောက်ပါတယ်ဆိုပြီး ကျွန်တော် ငြင်းခဲ့တာချည်းပဲ။ အကူအညီဆိုတာ ပေးတိုင်း လက်မခံချင်ဘူး ဆရာ။ လိုအပ်မှ လက်ခံလို့ ကောင်းတာ။

ကျွန်တော် ဆိုက်ကားသမား စဖြစ်တာ အဲဒီကနေ ဖြစ်တာပဲ ဆရာ။ သူ့အိမ်ကလည်း သူ့ကို အမွေပြတ်လို့ပြောတယ်။ ကျွန်တော်ကလည်း ဒီတင် ပိုခ်ပြင်းပြီး ဆိုက်ကားနင်းပြီး ရှာကျွေးမယ်ဆိုပြီး မခံချင်စိတ်နဲ့ ရှာကျွေးလာခဲ့တာပဲ။ မြို့ပြန်ရောက်တော့လည်း ကျွန်တော် ဆိုက်ကားပဲ နင်းတယ် ဆရာ။ အခြားအလုပ်ကလည်း မရဘူး။ ကျွန်တော်က ၁၀ တန်းမှ မအောင်တာ။ ဘယ်နှယ်လုပ် အလုပ်ရမှာလဲ ဆရာ။ ပြီးတော့ တချို့ကလည်း သနားလို့ ဒီကောင်စာကလေးပေကလေး တတ်တယ်ဆိုပြီး အစိုးရအလုပ်မဟုတ်တဲ့ လခစားအလုပ်တွေမှာ ကျွန်တော့်ကို ခန့်တယ်။ ဒါပေမဲ့ ကျွန်တော် မလုပ်ခဲ့ဘူး ဆရာ။ ဆိုက်ကားနင်းရတာကို ပျော်သွားပြီ။ ပင်တော့ ပင်ပန်းတာပေါ့ ဆရာရယ်။

ဒါပေမယ့် ဘယ်လောက် လွတ်လပ်တယ် ထင်သလဲ။ ဘယ်လောက် စိတ်ချမ်းသာရတယ် ထင်သလဲ။ အေးလေ ... ဆရာကတော့ စာရေးဆရာ ဆိုတော့ နားလည်မှာပါ။ ကိုယ့်အထက်မှာ ခယဝယ လုပ်ရမယ့်သူလည်း မရှိ။ ကိုယ့်ဘေးမှာ ကိုယ့်ကို ချောက်တွန်းမယ့် ပြိုင်ဘက်တွေလည်း မရှိ။





ယ့်အောက်မှာ ကပ်ဖားပြီး အရေးရှိရင် အဆင်းတွန်းမယ့် အောက် ယ်သားလည်း မရှိ။ ရုံးတက်နောက်ကျလို့ အဆူခံရမှာ၊ အပြံုပြင် ကိုလည်း မကြောက်ရ။ အိမ်ပြန်နောက်ကျလို့ မယားက အထင်လွဲ လည်း မစိုးရိမ်ရ။ ကျွန်တော် ပြန်ချင်တဲ့အချိန် ပြန်လို့ရတယ်။ ကျွန်တော် ချင်တဲ့အချိန်ထွက်လို့ ရတယ်။ အငတ်သာခံနိုင်မယ်ဆိုရင် တစ်နေ့လုံး လို့လည်း ရတယ်။

ကျွန်တော့်မိန်းမကလည်း ကျွန်တော့်ကို နားလည်တယ်။ ကျွန်တော်တို့ အမိ သားအဖလေးယောက် ဘာမှ မပူရဘူး။ မိန်းမက အိမ်ဆိုင် လေးထွက်တော့ ကျွန်တော်ဆိုက်ကားထွက်မနင်းရင်လည်း စားတော့ နေရတာပါပဲ။ ကျွန်တော်ကလည်း စိတ်နည်းနည်းညစ်ရင်၊ ဒါမှမဟုတ် ပ်ဖတ်စရာ ကောင်းကောင်းရှိရင်၊ ဒါမှမဟုတ် ဆရာတို့လို စာရေး တွေလာရင် စာပေဟောပြောပွဲတို့ ဘာတို့လုပ်ရင် ဆိုက်ကားမနင်း ဘူး ဆရာ။ အဲဒီအလုပ်တွေနဲ့ပဲ အချိန်ကုန်တော့တာပဲ။

တစ်နေ့က ကျွန်တော့်သူငယ်ချင်းနဲ့ တွေ့တယ် ဆရာ။ ကျောင်းတုန်း ကျွန်တော့်ဆီကို စာလာမေးပြီး ဆယ်တန်းအောင်၊ ကောလိပ်ရောက် က်အရာရှိဖြစ်သွားတဲ့ သူငယ်ချင်း၊ ဘာဖြစ်လို့လဲတော့ မသိဘူး။ သူ တစ်ခုနဲ့ အလုပ်ပြုတ်ပြီး ထောင်ကျသွားတယ်လို့ သတင်းကြားလိုက် ယ်၊ ခုမှ ပြန်တွေ့တာ။ ကိုယ့်လူ တော်တော်ကြီးကို ကျသွားတာပဲ ၊ အသက်လေးဆယ်ကျော် ငါးဆယ်နီးမှာ ဆံပင်တွေကလည်း တစ် င်းလုံးဖွေးလို့။ လူကလည်း ကျန်းမာပုံ မရဘူး။ သူ့ကြည့်လိုက်ရုံနဲ့ ဟာ စိတ်သောကရောက်စရာတွေနဲ့ ကြုံနေရတဲ့လူမှန်း ချက်ချင်း င်တယ်။ သူက ကျွန်တော့်ကိုကြည့်ပြီး မင်းကတော့ အရင်တုန်းကလို တဲ့။ နည်းနည်းဝလာတာလွဲလို့ ဘာမှ မပြောင်းလဲဘူး။ ဆင်းသာ ခဲ့တယ်။ မင်းက ငါ့ထက် သာပါတယ်ကွာတဲ့။ မင်းစိတ်ကူးယဉ် အိပ်မက် ထဲမှာပဲ နေတုန်းဆိုတော့ မင်းက ငါ့ထက်ပိုပြီး စိတ်ချမ်းသာတာပေါ့ တဲ့။

ကျွန်တော် သူ့ကို ဘာမှ ပြန်မပြောလိုက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကတော့ စိတ်ကူးယဉ်အိပ်မက်တွေထဲမှာ နေတဲ့သူဟာ ကျွန်တော် မဟုတ်ဘူး ဆရာ။ သူ့ရယ်။ သူ့မှာ ဘာကြီးဖြစ်အောင်လုပ်မယ်၊ ညာကြီး ဖြစ်အောင် လုပ်မယ်။ ပညာတွေ ဘယ်လောက်တောင် သင်မယ်။ သားသမီး တွေကို ဘယ်လိုထားမယ်ဆိုတဲ့ စိတ်ကူးယဉ် အိပ်မက်တွေထဲမှာ တစ်လျှောက် လုံး နေလာခဲ့တာ။ အဲဒီစိတ်ကူးယဉ် ဆပ်ပြာပူဖောင်းတွေလည်း ကွဲသွားရော၊ သူ့မှာလည်း ဘဝကြီးတစ်ခုလုံး ပြိုလဲသွားတော့တာပဲ။

ကျွန်တော်က စိတ်ကူးဆပ်ပြာပူဖောင်းထဲမှာ မနေဘူး။ ဘဝထဲမှာ နေတာ။ စာရေးဆရာ၊ ကဗျာဆရာဖြစ်ချင်တယ်ဆိုတဲ့ စိတ်ကူးအိပ်မက်တော့ ရှိခဲ့ဖူးတာပေါ့လေ။ ဒါပေမဲ့ ကိုယ်က ဖြစ်ခွင့်မကြုံလို့၊ မဖြစ်ထိုက်လို့ မဖြစ်လာတာပဲလို့ သဘောထားနိုင်တယ်။ ပြီးတော့ အဓိကကျွန်တော့်မှာ စိတ်ချမ်းသာမှုရှိတယ်။

စိတ်ချမ်းသာမှုဆိုတာ ဘာလဲဆရာ။ ကိုယ်လုပ်ချင်တာတွေကို လုပ်ခံနေ ရပြီး ကိုယ်မလုပ်ချင်တာတွေကို မလုပ်ဘဲနေရတာ အဲဒါဟာ လောကမှာ စိတ်ချမ်းသာစရာ အကောင်းဆုံးလို့ ထင်တယ်ဆရာ။ ကိုယ်မလုပ်ချင်တာ တွေကို လုပ်ရပြီး ကိုယ်လုပ်ချင်တာတွေကို တစ်ခုမှ မလုပ်ရတာ အဲဒါလောက် စိတ်ဆင်းရဲစရာကောင်းတာ လောကမှာ မရှိဘူးထင်တယ်ဆရာ။ ကျွန်တော် များရင် ခွင့်လွှတ်ပါ"

(ကလျာမဂ္ဂဇင်း၊ မေလ၊ ၁၉၉၁)

* * *

# တယောပြား၊ ချစ်သူ၊ စည်းတစ်လက်

www.burmeseclassic.com

www.burmeseclassic.com

# တယောပြား၊ ချစ်သူ၊ စည်းတစ်လက်

(ဦးတင်လေးသည် အသက် ၇၀ လောက်ရှိမည်ဟု ကျွန်တော် ခန့်မှန်း သည်။ ကျွန်တော်တို့ ငယ်ငယ်ကတည်းက သူသည် ကျွန်တော်တို့ မြို့ ကလေးတွင် တယောဆရာ၊ ဂီတာဆရာအဖြစ် နာမည်ကြီးခဲ့သည်။ ကျွန်တော် တို့သည် ညလသာသာတွင် မြို့ထိပ်က တံတားဦးသို့ သွားထိုင်က ဦးတင်လေး တယောသံကို ခပ်လှမ်းလှမ်းမှ နားထောင်ကြရသည်။ လူခြေ တိတ်လောက်သော ဈေးထိပ်မှ ဦးတင်လေး၏ တယောသံနှင့် ဦးအောင် သီချင်းသံကို ကြားလျှင် ထိုညသည် တော်တော်နှင့် အိပ်မပျော်နိုင်သော ညတစ်ညဖြစ်ရတော့မည်ကို ကျွန်တော်တို့တစ်တွေ အလိုလို သိနေကြ သည်။

ဦးတင်လေးသည် တယောလက်သံသာ ကောင်းသူမဟုတ်၊ ဂီတာ လက်သံလည်း အလွန်ကောင်းသည်။ သူ၏ တယောလက်သံနှင့် ဂီတာလက်သံ ကို နိုင်ငံကျော် ဂီတပညာရှင်ကြီးများကပင် ချီးကျူးကြသည်။ သူသည် ဘဘကြီးနှင့် မေမေကြီးဟု ကျွန်တော်တို့က ခေါ်ကြသော မြန်မာညွန့် ချစ်မောင်နှင့် ဒေါ်အောင်ကြည်တို့၏ တပည့်ရင်း ဖြစ်သည်။





ဦးတင်လေးမှာ အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ် တောင့်တောင့်ဖြစ်ပြီး ဂီတာသမားတစ်ယောက်ထက် ကာယဗလ တစ်ယောက်နှင့် ပိုတူသည်။ မျက်ခုံးကောင်းကောင်း၊ မျက်လုံးက က်ပလျက်ရှိပြီး သူ့နှုတ်ခမ်းပေါ်တွင် အမြဲလိုလို အပြုံးရစ်ဝဲနေတတ် ည်။ သူသည် စကားပြောလျှင်လည်း ခပ်တိုးတိုးသာ ပြောလေ့ရှိသည်။ အော်ကျယ်ဟစ်ကျယ် ပြောနေသံ၊ ဟားတိုက်ရယ်မောနေသံကို ကျွန်တော် စ်ခါမှ မကြားဖူးပါ။

ကျွန်တော်သည် ဦးတင်လေးအကြောင်းကို ဆောင်းပါးတစ်ပုဒ်၊ နှစ်ပုဒ် တွင် ရေးဖူးပါသည်။ သို့သော် ခရီးသွားဟန်လွှဲ ဖျတ်ခနဲ မြင်လိုက်ရ သော ရုပ်ပုံလွှာမျိုးသာ ဖြစ်ပါသည်။

သည်တစ်ခေါက်တွင်မူ ဦးတင်လေးနှင့် ကျွန်တော်သည် စကားကြာ ပြောဖြစ်လိုက်ကြသည်။

ယခုဝတ္ထုမှာ လသာည တစ်ညတွင် သူနှင့် စကားလက်ဆုံ ကျခဲ့ ရာမှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်)။

ကိုယ့်အယူအဆတွေဟာ တစ်ဖတ်သက်ကျတယ်လို့ မင်းထင်မလား တော့ မပြောတတ်ဘူး။ အေးလေ … တစ်ဖက်သတ်ဖြစ်ချင်လည်း ဖြစ်နေ ပေါ့၊ ဒါပေမဲ့ ကိုယ်ကတော့ ကိုယ့်အယူအဆ မှားတယ်လို့ မထင် မှားတယ် မထင်လို့လည်း တစ်သက်လုံး ဒီအယူအဆအတိုင်းနေပြီး ည်း ဒီအယူအဆကို လက်ခံနေတာပေါ့။

ဒီလိုလေ။

ကိုယ့်အဖို့ ဂီတဆိုတာ အပျော်တမ်းလုပ်တဲ့ အလုပ်မဟုတ်ဘူး။ အပျင်း တားစရာ မဟုတ်ဘူး။ အရက်သောက်သလို၊ မိန်းမလိုက်သလို၊ ောင်းအစားလုပ်သလို လူကို အငြိုးပြေအောင် အပျင်းပြေအောင် တဲ့အရာမျိုး မဟုတ်ဘူး။ အလေးအနက်၊ အထွတ်အမြတ်ထားရမယ့် တ်ရပ်လို့ ယူဆတယ်။ ဒါဟာ ဂီတနဲ့ပတ်သက်လို့ ကိုယ်တစ်သက် လက်ခံထားတဲ့ အယူအဆ။ အလျင်တုန်းကလည်း ဒီအတိုင်းပဲ ယူဆ ခုလည်း ဒီအတိုင်းပဲ ယူဆတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဂီတကို လိုက်စားလာတာဟာ ယယ်ယယ်ကလေးကတည်းက လိုက်စားလာတာ။ ယယ်ယယ်ဆို ဆယ်နှစ်သားလောက်ကတည်းက ဆို တော့။ ကိုယ့်မျိုးရိုးထဲမှာ ဂီတကို ဝါသနာပါတဲ့လူဆိုလို့ တစ်ယောက်မှ မရှိဘူး။ ကိုယ့်အဖေဆိုတာ ဂီတကို ဘာမှ နားလည်တာ မဟုတ်ဘူး။ သီချင်းတစ်ပုဒ်ကို ရဖို့မပြောနဲ့။ သီချင်းကြားရတာတောင် ဘာသီချင်းမှန်း သိတာ မဟုတ်ဘူး။ သီချင်းဆိုရင်လည်း သံစဉ် တစ်ချက်မှ မမီဘူး။ အဲ လောက် ဂီတနဲ့ဝေးတာ။ အမေကလည်း ဒီအတိုင်းပဲ။

ဒါပေမဲ့ ကိုယ်တို့အိမ်နားမှာ ဆိုင်းဝိုင်းထောင်တဲ့အိမ်တစ်အိမ် ရှိတယ်။ တူရိယာအဖွဲ့လည်း ထောင်တယ်။ အဲဒီတုန်းကတော့ မြို့မတူရိယာအဖွဲ့ လို့ပဲ ခေါ်လိုက်ကြတာပဲ။ မန္တလေးမြို့မ ခေတ်စားစဆိုတော့ ကိုယ်တို့ အညာမြို့တိုင်းမှာ တူရိယာအသင်းရယ်လို့ ထောင်လိုက်ရင် မြို့မတူရိယာ အဖွဲ့ဆိုပြီး တပ်လိုက်ကြတာချည်းပဲ။

အဲဒီတုန်းက ဂီတဝိုင်းတွေမှာ စန္ဒရားမရှိသေးဘူး။ ပတ္တလားက ခေါင်း ဆောင်တယ်။ ဝါးပတ္တလားရယ်၊ သံပတ္တလားရယ် နှစ်မျိုးလုံးပါတယ်။ ပြီးတော့ တယော။ တယောက ဟွန်းတယောတွေ။ ပြီးတော့ ဘင်ဂျိုပါတယ်။ ဘင်ဂျို ဆိုတာကတော့ ခုခေတ်လူငယ်တွေမြင်တောင် မြင်ဖူးမှာမဟုတ်ဘူးထင်တယ်။ နောက် ဂီတာ ပါတယ်။ ပလွေပါတယ်။ ဒါမှ မဟုတ်ရင် နှဲပါတယ်။ ပြီးတော့ ခြောက်လုံးပတ်ပါတယ်။ နောက်ပိုင်းမှာ လေမှုတ်ကိရိယာထဲက တိုးလာတယ်။ သူက ကောနက်။

ကိုယ် ယယ်ယယ်တုန်းက မြို့မ တူရိယာအဖွဲ့က သီချင်းတိုက်ရင် သွားသွား နားထောင်ရတယ်။ နားထောင်ရင်း သီချင်းတွေ ရလာတယ်။ သီချင်း ဆိုတတ်လာတယ်။ သီချင်းဆိုတတ်တယ်ဆိုတာကလည်း စည်းနဲ့ ဝါးနဲ့ ဆိုတတ်တာမဟုတ်ဘူး။ အလွတ်ဆိုတတ်တာ။ သီချင်းရရုံပဲ။

ဒါပေမဲ့ ကိုယ်က အသံနည်းနည်းရတယ်။ အဲ ... နည်းနည်း ဆိုတတ်တယ်လို့ ပြောကြတယ်။ ဒါနဲ့ ကိုယ်က အရပ်က ဆွမ်းလောင်းပွဲ တို့၊ ညောင်ရေသွန်းပွဲတို့၊ သီတင်းကျွတ်ပွဲတို့၊ ကထိန်ပွဲတို့မှာ တီးစရာ မှုတ်စရာ ရပါလို့ မြို့မတီးဝိုင်းသွင်းရင် ကိုယ်လည်း ကလေးအဆိုတော်





အဖြစ် ပါသွားတတ်တယ်။

ခုတ်မိသေးတယ်။ ကိုယ် အဆိုတော်ဖြစ်သွားပုံ။ ကိုယ်တို့မြို့က စာတိုက်က ကထိန်ခင်းတယ်။ မီးထွန်းပွဲ လုပ်တယ်။ ကိုယ်တို့ဆီမှာ မီးထွန်း ပွဲ ကထိန်တို့ဆိုတာ မီးထွန်းရုံတင် မဟုတ်ဘူး။ ဘုရားကိုသွားပြီး အတီး အမှုတ်တွေနဲ့ မီးပူဇော်တာကို ဘာတို့လုပ်တယ်။ ဒီတော့ ကိုယ့်ဦးကြီး စာတိုက်မိုလ်က ကိုယ့်ကို အဲဒီဝိုင်းမှာ အဆိုခိုင်းတယ်။ အဖေကတော့ သီချင်းဆိုတာ မကြိုက်ဘူး။ ဒါပေမဲ့ စာတိုက်မိုလ်က အမေ့ရဲ့ အစ်ကို ကြီးဆိုတော့ မပြောရဲဘူး။ ကိုယ့်ကို ဦးကြီးရဲ့ စာတိုက်ကထိန်မှာ မြို့မ တူရိယာအဖွဲ့ကိုထည့်တော့ ကိုယ်လည်း အဲဒီအဖွဲ့ထဲမှာ အဆိုခိုင်းတယ်။

ဒါနဲ့ အဲဒီနှစ်ကစပြီး ကိုယ်ဝိုင်းနဲ့ ဆိုဖူးသွားတယ်။ သီချင်းကတော့ ခြောက်ပေါက်။ ခု မင်းတို့ စကားနဲ့ပြောရတော့ အီးဖလက်ပေါ့ကွာ။ သီချင်း က ဘာမှ ထူးထူးဆန်းဆန်း မပါပါဘူး။ ခေတ်စားတဲ့ သီချင်းတစ်ပုဒ်ထဲက သံစဉ်ကိုယူပြီး အဲဒီသံစဉ်အတိုင်း စပ်ထားတာ။ အကြောင်းအရာကတော့ မြို့က စာတိုက်အမှုထမ်းတွေ ဘုရားမီးပူဇော်တဲ့အကြောင်းပါ။ စာသား ကလည်း သိပ်မကောင်းပါဘူး။ စာသားတချို့ကို ကိုယ် ခုထက်ထိ သတိရ သေးတယ်။ ဘာတဲ့ မြန်မာပြည် ဌာနီမြို့တိုင်း ... နှစ်တိုင်းမှ စဉ်အလာ — ဖူးမြော်ဖို့ စဉ်အလာ ... ဆီမီးပူဇော်ဖို့ရာ ... ကန်တော့မှာ ... မြို့မလာ ... ဆိုတဲ့ သီချင်း။

အဲဒီ စာတိုက်ကထိန်မှာ အငြိမ့်လည်း ပါတယ်။ အငြိမ့်မင်းသမီးက ကိုယ်တို့ ယယ်ယယ်က နာမည်ကြီးတဲ့ အမာစိန်အငြိမ့်။ ခု မင်းတို့ခေတ်မှာ နာမည်ကြီးတဲ့ မန္တလေးက အမာစိန်မဟုတ်ဘူးနော်။ တို့နယ်က အမာစိန်။ အမာစိန်က အသားညိုညို၊ ကိုယ်လုံးက ငါးရံ့ကိုယ်လုံးကလေးနဲ့ အတကောင်းတယ်။ အသံလည်း ကောင်းတယ်။ ကာလသားတွေ ကြိုက်၊ ကြလည်း ကောင်းတယ်။

ညအငြိမ့်စင်ပေါ်ရောက်တော့ အငြိမ့်မကခင်က စာတိုက်ကထိန် သီချင်း ကို မင်းသမီးက ထိုင်ဆိုဆိုပြီး ဩဘာခံတယ်။ မင်းသမီးအမာစိန်က တခြား မြို့က ငှားလာတာဆိုတော့ ကိုယ်တို့မြို့က ကိုယ်တို့စာတိုက်ကထိန် သီချင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကောင်းကောင်းမတိုက်ရသေးဘူး။ နည်းနည်းပါးပါးပဲ ရသေးတယ်။ ရှေ့အပိုဒ်တွေလောက်ပဲ ရသေးတယ်။ နောက်အပိုဒ်တွေ မရသေးဘူး။ ဒီတော့ ကိုယ့်ဦးကြီးနဲ့ တူရိယာ အဖွဲ့ခေါင်းဆောင်က စာတိုက်ကာထိန်သီချင်း နောက်အပိုဒ်ကို ကိုယ့်ကို အဆိုခိုင်းတယ်။

အဲဒါ ကိုယ်စင်ပေါ် ပထမဆုံးတက်ပြီး သီချင်းဆိုဖူးတာပဲ။ ဟိုတုန်းကတော့ ဘုရားပွဲတို့၊ ကဆုန်ညောင်ရေသွန်းပွဲတို့မှာ တူရိယာဝိုင်းနဲ့ လျှောက်သွားရင်း ညောင်ရေသွန်းရင်းသာ ဆိုဖူးတာ။ ခုလို စင်ပေါ်မှာ ကျကျနနထိုင်ဆိုဖူးတာ မဟုတ်ဘူး။

မင်း စဉ်းစားကြည့်လေ။ အောက်လင်းဓာတ်မီးတွေ ထိန်နေတဲ့ အငြိမ့်စင်ကြီး။ နဖူးစည်းကြီးကလည်း ခန့်ညားပါဘိသနဲ့။ အောက်က ပရိသတ်တွေကလည်း ကြိတ်ကြိတ်တိုးလို့။ မီးတွေ ထိန်ထိန်လင်းနေတဲ့ ဇာတ်စင်ပေါ်က နဖူးစည်းအောက်မှာ တီးဝိုင်းရှိတယ်။ တီးဝိုင်းဆရာက ကိုဘော်ကြယ်တဲ့။ သူက ပတ္တလားလည်း တီးတယ်။ ဘင်ဂျိုလည်း တီးတယ်။ ကော်နတ်လည်း မှုတ်တယ်။ နောက် တယောဆရာ၊ ဘင်ဂျိုဆရာ၊ နှဲဆရာ၊ စည်တီး၊ ခြောက်လုံးပတ်ဆရာတို့ ပေါ့ကွာ။ သူတို့က နောက်မှာ။

ကိုယ်နဲ့ အမာစိန်က ရှေ့မှာထိုင်ရတယ်။ သူက ပတ္တလားရဲ့ ဝဲဘက်ထိပ်မှာ ထိုင်တယ်။ ကိုယ်က ပတ္တလားရဲ့ ယာဘက်ထိပ်မှာ ထိုင်တယ်။ အဲဒီတုန်းက ကိုယ်မန္တလေးကျစ်ပိုးအပေါ်အင်္ကျီကလေးနဲ့၊ မန္တလေးပိုးလုံချည်လေးကို ဝတ်လို့။ အမာစိန်က အဆိုမစခင် သူ့ခရီးဝေးကလာရတဲ့အတွက် နောက်ကျသွားတဲ့အတွက် စာတိုက်ကာထိန်သီချင်းကို ကောင်းကောင်းမကျေတဲ့အကြောင်း၊ ပထမအပိုဒ်ကိုသာ ကောင်းကောင်းရကြောင်း၊ ဒုတိယအပိုဒ်ကိုတော့ မောင်လေး မောင်တင်လေးက သီဆိုမယ့်အကြောင်း ပဏာမခံပြီး စာတိုက်ကာထိန်သီချင်း ပထမပိုဒ်ကို စဆိုသွားတယ်။

သူဆိုသွားတာ ကြည့်ရင်း ကိုယ်ရင်ခုန်နေတယ်။ အာခေါင်တွေ ခြောက်နေတယ်။ သူက စာသားတွေကိုဆိုရာမှာ စာပေါင်ပွဲတယ်။ ပီတယ်။ အာရှင်းတယ်။ အသံလည်း ရောက်တယ်။ တချို့အသံတွေက မြင့်တက်သွားပေမယ့် သူလိုက်ဆိုနိုင်တယ်။ ကြောင်မသွားဘူး။ အသံကလည်း ကောင်းသလား





နဲ့၊ အငြိမ့်သမတွေကို ကိုယ်နားထောင်ခဲ့ပေါင်း များလှပြီ။ အငြိမ့်သမတွေထဲမှာ သူ့လောက် အသံကောင်းတဲ့ မင်းသမီးမျိုး ရှားတယ်။ ဘာတီ မမြရင်တို့လို အသံမျိုး။ အသံဝါကလေးနဲ့၊ အသံကလည်း ထုံတယ်။ ပါးပါးလှပ်လှပ် မမီမကမ်းအသံမျိုး မဟုတ်ဘူး။ လိုချင်တဲ့ ကို ရောက်အောင်တင်နိုင်တယ်။

သူက ပထမပိုဒ်ကို ခဏာ ရပ်တယ်။ ပြီးတော့ သူမရတဲ့အတွက် မောင်လေး မောင်တင်လေးကဆိုပြမယ့်အကြောင်း မောင်လေး မောင်တင်ဟာ အရပ်ထဲက အပျော်တမ်းအဆိုတော် ဖြစ်ပေမယ့် အဆိုကောင်းယောက်ဖြစ်ကြောင်း ပြောတယ်။

သည်တုန်းက တီးဝိုင်းက ကိုဘော်ကြယ်က "ဟဲ့ ... ကောင်လေး" တစ်ချက်လှမ်းအော်ပြီး ဒုတိယအပိုဒ်ကို ကောက်တီးလိုက်တယ်။

ကိုယ်လည်း တန်းဝင်ပြီး ဆိုသွားတယ်။ အသံက နားထဲမှာ စွဲနေပြီးဆိုတော့ ရှေ့က အသံပြစရာ မလိုတော့ဘူးလေ။ ကိုယ်ဆိုနေတုန်းမှာ မာစိန်က "မောင်လေး ... မောင်လေး၊ ကြိုးစားလိုက်နော်၊ ကြိုးစားလိုက်"လို့ အားပေးတာမျိုး။ သဘင်သည် မဟုတ်ပါဘူးရှင်။ ဝါသနာပါလို့ အပျော်တမ်းဝင်ဆိုတဲ့ ကလေးပါ။ တကယ့် အဆိုတော်တွေနဲ့ ပါဘူးလို့ အားပေးတာမျိုးတွေလည်း ရှိတယ်။ ကိုယ်လည်း သူပြောတာတွေကို ကြားတစ်ချက်၊ မကြားတစ်ချက်နဲ့ သီချင်းကိုဆုံးအောင် တောက်လျှောက် ဆိုသွားတယ်။ ဆုံးလို့ ရပ်မယ်လုပ်တော့ ကိုဘော်ကြယ်က လှမ်း "ကောင်လေး နောက်တစ်ကျော့ နောက်တစ်ကျော့ ထပ်အော်ပြီး သီချင်းကို ပြန်တီးတယ်။ ဒါနဲ့ ကိုယ်လည်း သီချင်းကို သုံးလေးကြိမ်လောက် ပြန်ဆိုပစ်လိုက်ရတယ်။ ဆိုလည်းပြီးရော လက်ခုပ်သြဘာသံတွေ၊ တင်လေးကွ၊ တင်လေးကွလို့ အော်တဲ့အသံတွေ ပရိသတ်ထဲက ထွက်လာတာ ကြားရတယ်။

အဲဒါ ကိုယ့်ရဲ့ ပထမဆုံးပွဲပဲ။

သည်နောက်တော့ ယဉ်ပါးသွားပြီလေကွာ။ သည်နောက်မှာ မြို့လာဆောင်တို့၊ အလှူတို့ရှိရင်လည်း မြို့မကိုခေါ်ရင် ကိုယ့်ကိုပါ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ အဖေနဲ့ အမေကတော့ သူ့သားဟာ သူ့ဦးကြီး ဖျက်စီးတာနဲ့ ဂီတသမားဖြစ်ပြီပေါ့။ အဖေတို့အမေတို့ စကားနဲ့ပြောရရင် ဆိုင်းသမား ဖက်ခွက်စားဖြစ်ပြီပေါ့။ မြန်မာဘုရင်တွေ လက်ထက်တုန်းက သဘင်သည်တို့ ပန်တျာသည်တို့ကို ဖက်ခွက်နဲ့ ထမင်းကျွေးလို့ ဖက်ခွက်စားလို့ ခေါ်ခဲ့ကြ တယ်လေ။ ဒါကြောင့်မို့ နန်းတော်ရှေ့ ဆရာတင်ကတောင် ဖက်ခွက်စားဆို လို့ အထင်မသေးပါနဲ့။ ဖက်ခွက်စားဆိုတာလည်း တစ်ခါတလေမှာ မြစိမ်းဖက် နဲ့ ပွဲတော်တည်တာပါပဲဆိုပြီး ဖက်ခွက်စားဆိုတဲ့ အယူအဆကို တိုက်ဖျက်တဲ့ သီချင်းတစ်ပုဒ်တောင် စပ်ခဲ့သေးတယ်။

ဒီလိုနဲ့ ကိုယ်လည်း ဂီတသမားတစ်ပိုင်း ဖြစ်သွားတာပဲကွ။ ကျောင်း လည်းကောင်းကောင်း မနေချင်တော့ဘူး။ စာလည်း ကောင်းကောင်း မသင် ချင်တော့ဘူး။ ကိုယ့်စိတ်ထဲမှာ ဂီတကိုပဲ စိတ်ဝင်စားတာပဲ ရှိတော့တယ်။ ကျန်တာ ဘာကိုမှ စိတ်မဝင်တော့ဘူး။ အစ်မကတော့ သူ့ဦးကြီးဖျက်စီး လို့ ကိုယ်ပျက်စီးရတယ်ဆိုပြီး သူ့အစ်ကိုကြီးကို သွားရန်ထောင်တယ်။ ဦးကြီးကလည်း ကလေးက ဂီတကိုသာ စိတ်ဝင်စားတာတဲ့။ ဒီတော့ နင်တို့ သားကို ဂီတ ကောင်းကောင်းသင်ပေးတဲ့။ ဒီကောင် ဂီတသမားကောင်း ကောင်း ဖြစ်မယ်လို့ ပြောလိုက်တယ်။ ဦးကြီးက ဗေဒင်တို့ဘာတို့ကလည်း ကိုယ့်ဇာတာကိုလည်း ဗေဒင်တွက်ပြီး အနုပညာနဲ့ ကြီးပွားမယ်။ ကောင်း စားမယ်လို့ ဟောလိုက်တယ်။

ဒီလိုနဲ့ အိမ်မှာ ကိုယ် ဘင်ဂျိုသင်တယ်။ အဲဒီတုန်းက မြန်မာတစ်ပြည် လုံးမှာ ဘင်ဂျိုနာမည်ကြီးတဲ့ ဘင်ဂျိုမောင်နှစ်ဆိုတာ ရှိတယ်။ သူ့လက်ကွက် တွေကို လိုက်နားထောင်ပြီး သူ့လို တီးနိုင်အောင် လုပ်တယ်။ နောက် ဂီတာသင်တယ်။ ဂီတာကျတော့ ပိုတောင် လွယ်သေးတယ်။ အဲဒီတုန်းက ဂီတာစိမ်းမောင်ကလည်း ခေတ်စားတော့ ဓာတ်ပြားတွေ နားထောင်လိုက် ရင် ဂီတာစိမ်းမောင်ရဲ့လက်သံ အမြဲပါတတ်တယ်။ ပြီးတော့ အဲဒီတုန်းက ဂီတာစိမ်းမောင်ကိုယ်တိုင်ဆိုပြီး သူကိုယ်တိုင်ဂီတာတီးတဲ့ ဓာတ်ပြားတွေလည်း ထွက်တယ်မဟုတ်လား။ ရန်ကြီးအောင်တို့၊ ကက္ကရမ္မေစည်တို့၊ မောင့် သက်လယ်တို့၊ အန္တရယ်ကင်းတို့ဆိုတဲ့ သီချင်းတွေပေါ့ကွာ။ အဲဒါတွေက





ကိုယ်စိမ်းမောင်ကြီးက သူကိုယ်တိုင် ဘယ်သံကြီးနဲ့ အေးအေးလေးဆိုသွား ပြီး သူကိုယ်တိုင် ဂီတာတီးထားတဲ့ ဂီတာကွက်တွေ မဟုတ်လား။ သိပ်ပြီး ဂီတာကျင့်လို့ ကောင်းတာပေါ့။ ကိုယ့်ကို ဂီတာသင်ပေးတဲ့ လက်ဦးဆရာက တော့ ကိုဘော်ကြယ်။

ကိုဘော်ကြယ်ဆိုတဲ့လူက တော်တော် စိတ်ရင်းကောင်းတဲ့လူ။ လူကခေတ် ခတ်တယ်။ သူ့ဆီရောက်လာတဲ့ ဂီတသမားဆိုရင် ဒီကောင်ဘာတော်သလဲ။ ရှေ့အလားအလာ ဘယ်လောက်ရှိသလဲဆိုတာကို ချက်ချင်း အကဲခတ်တတ် တယ်။ လက်သံကိုနားထောင်ပြီး ရှေ့အလားသဏ္ဌာန်ကို ခန့်မှန်းတတ်တယ်။

တစ်ခါ ငါ့ရှေ့တင် တယောဆရာတစ်ယောက်က သူ့ဝိုင်းမှာလာပြီး တယောထိုးတတ်တယ်လို့ ပြောတယ်။ ဒါနဲ့ ကိုဘော်ကြယ်က "ရပါတယ် များ။ ဒါပေမဲ့ ခင်ဗျားလက်ကလေးတော့ ကြည့်ချင်သေးတယ်"လို့ ပြောတာနဲ့ ဟိုလူက ဟွန်းတယောကို ကောက်ကိုင်ပြီး တောမြိုင်ခြေလှမ်းကို ထိုးပြတယ်။ နှစ်ပိုဒ်လောက်လဲရောက်ရော ကိုဘော်ကြယ်က ဒီလောက်ဆို ပြောတယ်ဗျာ။ ဒါပေမဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ ကျုပ်အကြံပေး လိုက်မယ်။ ခင်ဗျား ဒီပညာနဲ့ အသက်မွေးဖို့ လုံးဝ စိတ်မကူးနဲ့။ တခြား အလုပ်လုပ်ပါလို့ ပြောလွှတ်လိုက်တယ်။ တယောဆရာ အောင့်သက်သက်နဲ့ ဖြစ်သွားလေရဲ့။

ကိုဘော်ကြယ်က အဲဒီလို ဆရာမျိုး။

ကိုယ့်ကျတော့ ကိုဘော်ကြယ်က "ကောင်လေး မင်းဦးကြီးက ငါ့ကို သင်ထားတယ်။ ဒီတော့ မင်းကို တယောနဲ့ဂီတာ အခြေခံတွေကို သင်ပေး လိုက်မယ်။ ကျန်တာကတော့ မင်းဘာသာမင်း ပညာကို ကြိုးစားရှာပေတော့။ တော်တော်ကြာ မင်းအဖေနဲ့ အမေက ငါဖျက်စီးတယ်လို့ ဖြစ်နေမယ်ဆိုပြီး တယောနဲ့ဂီတာ သင်ပေးတယ်။ သီချင်းကြီးတွေပေါ့ကွာ။ သင်ရိုးအကုန် ဆိုပါတော့။

ငါ တယောစသင်တော့ ခြံထဲမှာ မသင်ဘူးကွ။ အိမ်မှာလည်း မသင် [illegible] မြို့ပြင်ဘက် ရွှေမုဋ္ဌောဘုရားနားက ဇရပ်ရှိတယ် မဟုတ်လား။ အဲဒီ နေ့လယ်ဆိုရင် လူရှင်းတယ်။ အဲဒါ ငါဘိုင်စကယ်လေးပေါ် တယောသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးတင်ပြီး အဲဒီမှာ တစ်နေကုန် သွားကျင့်နေတာပဲ။

အဲဒီတော့ တစ်ဘက်မှာ ဂီတပညာကို သင်နေပေမယ့် ကျောင်းစာကို လည်း ငါသင်ပါတယ်။ ဒါပေမဲ့ ၇-တန်းပဲ အောင်ခဲ့ပါတယ်ကွာ။

သောင်းသောင်းနဲ့ ဖတ်လမ်းလား။ သောင်းသောင်းနဲ့ ဖတ်လမ်းက တော့ ဒီလောက် ထူးထူးခြားခြားမရှိပါဘူး။

လူငယ်တို့ဘဝ ချစ်ကြိုက်ပြီး ညားသွားကြတာပါပဲ။ အဲ ... တစ်ခု တော့ရှိတယ်ပေါ့ကွာ။ ကိုယ်ဂီတပညာနဲ့ အသက်မွေးလာတာဟာ အမေနဲ့ သူ့ကြောင့်ပဲ။ အစတုန်းကတော့ ဂီတနဲ့ အသက်မွေးမယ်လို့ လုံးလုံး စိတ်မကူးပါဘူး။ တတ်နိုင်သမျှ ဂီတကို လေ့လာမယ်၊ လိုက်စားမယ်။ နောင် လာနောင်သားတွေကို သင်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်လောက်ပဲ ရှိခဲ့တယ်။ တစ်ကိုယ်ကောင်းဆန်တယ်လို့ မင်းပြောချင်လည်း ပြောပေါ့ကွာ။ ဂီတဆိုတာ သူတစ်ပါး နားထောင်ဖို့ထက် ကိုယ့်စိတ်ကို စင်ကြယ်အောင်လုပ်ဖို့၊ ကိုယ့် မှာရှိတဲ့ မာနတွေ၊ ဒေါသတွေ၊ မောဟတွေကို ပပျောက်အောင် မဟုတ် သည့်တိုင် နည်းသွားအောင်လုပ်ဖို့လို့ ကိုယ်ယူဆတယ်။ တော်တော်တန် တန်စိတ်ညစ်ရင် ဒါမှမဟုတ် စိတ်တိုရင် ကိုယ်တော့ တယောကလေး ကောက်ကိုင်ပြီး အသံတွေ လျှောက်စမ်းနေတာပဲ။ အဲဒီလို နေလိုက်ရရင် လောဘ၊ ဒေါသ၊ မောဟတွေ ပျောက်သွားတယ်။ ကိုယ့်စိတ်ဟာ စင်ကြယ် သန့်ရှင်းသွားတယ်လို့ ထင်လိုက်ရတယ်။ နိဝရဏတွေနဲ့ ကင်းသွားတယ် လို့ အောက်မေ့လိုက်ရတယ်။ ဟုတ်တာ မဟုတ်တာတော့ မသိဘူးလေ။ ဒါက ကိုယ့်ခံစားချက်ကို ပြောရတာ။

အဲ ... သောင်းသောင်းနဲ့ ရတော့ ကိုယ့် ဂီတကို ရောင်းစားရတဲ့ ဘဝကို ရောက်တာပေါ့ကွာ။ ရောင်းမစားလို့လည်း မရတော့ဘူးလေ။ ကိုယ့်မှာ သားကျွေးမှု၊ မယားကျွေးမှုတွေ ရှိလာပြီကိုး။

အစတုန်းကတော့ ဂီတကို ရောင်းမစားဘူးလို့ ကိုယ်တင်းခံပါသေး တယ်။ ဒါပေမဲ့ မင်းတို့အစ်မ သောင်းသောင်းကို သနားတယ်ကွာ။ သူ့ ခမျာ ငါ့ဂီတကိုချစ်လို့၊ ငါ့ဂီတကို စွဲလမ်းလို့ ငါ့နောက်ကို စွန့်စွန့်စားစား လိုက်လာရတာ မဟုတ်လား။





အဲဒီခေတ်တုန်းက လူကြီးတွေကလည်း ရှေးဆန်သေးတယ်ကွ။ ဒီအထဲ သူ့အဖေက ရာဇဝတ်ဝန်ထောက် အများအားဖြင့် အဲဒီတုန်းက ရာဇဝတ် အင်္ဂလိပ်။ သူ့လက်အောက်က ဒုတိယ ရာဇဝတ်ဝန် (ဒီဝိုင်အက်ဖ်ဝိ) ဆိုတာ အင်္ဂလိပ်တွေ ဘိုကပြားတွေ များတယ်ကွ။ အဲဒီတုန်းကတည်းက သောင်းသောင်းတို့အဖေက ရာဇဝတ်ဝန်ထောက်။ ဒီဝိုင်းအက်ဖ်ပေါ့ကွာ။ ကျောင်းမှာဆိုလည်း ရာဇဝတ်ဝန်ထောက်ရဲ့သမီးဆိုတော့ မာနကြီးတယ်။ ချောလည်း ချောတယ်။ ကျောင်းတက်တော့လည်း မော်တော်ကားနဲ့ ကျောင်း တက်တယ်။ ရွှေမင်းသမီးပေါ့ကွာ။

တော်တော်တန်တန် သူ့ကိုပိုးတဲ့ယောကျ်ားလေးတွေကို သူက သိပ် ဂရုတစိုက်တန်တယ် ထင်တာမဟုတ်ဘူး။ မင်းအစ်မ သောင်းသောင်းကလည်း ဟိုကြီးနော်။ သူ့ကို တို့သူငယ်ချင်းတွေ ပိုင်းပိုးကြပေမယ့် တစ်ယောက်မှ မရဘူး။ ကိုယ်ပိုးပြမယ်ကွလို့ ကိုယ်က ပြောတယ်။ အမှန်ကတော့ ကိုယ် ကလည်း အာချောင်ပြီး ပြောလိုက်တဲ့စကား။ မှဆိုးမသား (အဲဒီတုန်းက အဖေက ဆုံးပြီကွ)က မော်တော်ကားနဲ့ ကျောင်းတက်တဲ့ ရာဇဝတ်ဝန် ထောက် သမီးကို ပိုးပြမယ်ဆိုတာ မမိတဲ့ပန်းလို ဖြစ်နေတာပေါ့ကွာ။

ဒါနဲ့ သူငယ်ချင်းတွေကတော့ ကိုယ့်ကို သောက်ကြွားလို့ အောက်မေ့ ကြတာပေါ့။ ကိုယ်ကလည်း သူ့ကို စာတို့ဘာတို့ မပေးပါဘူး။

အဲဒီတုန်းက သူတို့က ဗုဒ္ဓကုန်းဘက်က အစိုးရအိမ်ကြီးတွေမှာ နေတယ် ကွ။ ကိုယ်တို့ကလည်း လသာသာဆိုရင် ဗုဒ္ဓကုန်းတံတားကြီးကို သွားထိုင်။ အဲဒီမှာ တယောထိုး၊ သီချင်းဆို။ အဖော်ကောင်းရင်လည်း အစိုးရဌာန အိမ်တွေရှေ့ကဖြတ်ပြီး ရွှေမုဋ္ဌောအထိ သွားလေ့ရှိတယ်။

တစ်ည လသာသာမှာတော့ ကိုယ်ရယ်၊ မောင်အောင်ရယ် ပျင်းပျင်း ရှိတာနဲ့ တယောကလေး ကောက်ဆွဲ။ သူကလည်း စည်းကလေးကောက် ပြီး ဗုဒ္ဓကုန်းဘက်ကိုရောက်တော့ မောင်အောင်က ဂုဏ်မြင့်သူကို ကောက် တီးလိုက်တယ်။ ဂုဏ်မြင့်သူဆိုတာ မင်းတော့ သိမှာပေါ့။ မြည်လှုဖေ ရေးတာလေကွာ။ အဓမ်းဇာ ဓာတ်ပြားထွက်တယ်။

“မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လား ... ရွှေစံပယ်ဖြူ ပန်ချင်သူ



www.burmeseclassic.com

www.burmeseclassic.com



ကမျှားတယ်။ မသနားဘဲ ရက်စက်တယ်"ဆိုတဲ့ သီချင်းကွာ။ မောင်အောင်က အဲဒီ "ဂုဏ်မြင့်သူ"ကို ဘာစိတ်ကူးနဲ့ ကောက်ဆိုလိုက်မှန်း မသိဘူး။ ခါတိုင်း ဒီကောင်ဆိုရင် "ရှစ်စုံရွက်ကြာ"တို့လို "ချစ်သမျှကို"တို့လို "နှစ်ကိုယ်သစ္စာ"တို့လို ပတ်ပျိုးတွေကို ဆိုတတ်တယ်။

ဒါပေမဲ့ အဲဒီ လသာညကတော့ သူကလည်း ဘာစိတ်ကူးရတယ် မသိဘူး။ "ဂုဏ်မြင့်သူ"ကို ကောက်ဆိုလိုက်တယ်။ ကိုယ်ကလည်း တယောထိုးကောင်းကောင်းနဲ့ "ဂုဏ်မြင့်သူ"ကို လိုက်ထိုးတယ်။ ကြည့်လိုက်တော့ မင်းအစ်မ သောင်းသောင်းကတို့အိမ်ရှေ့မှာ အချိန်က ည(၁၁)နာရီလောက်ရှိနေပြီ။ သောင်းသောင်းပဲ အခန်းမီးမှိတ်ပြီး အပြင်ထွက်လာတယ်။ လသာဆောင်မှာ ဒီအတိုင်း မြင်နေရတာကွ။ အဲဒီတုန်းက တပို့တွဲလကြီးရယ်။ စာမေးပွဲနားနီးလို့ စာကျက်နေတုန်းမှာ သီချင်းသံကြောင့် အပြင်လသာဆောင်ကို ထွက်လာတာနဲ့ တူတယ်။ သူကတော့ တို့မမြင်ဘူးလို့ ထင်မှာပေါ့။ ဒါပေမဲ့ တို့က သူတို့ခြံရှေ့က ပန်းအိရုံကြီးကြားထဲမှာ ရောက်နေတော့ တို့ကသာ မြင်နေရတယ်။ သူကတော့ ဘယ်မြင်ရမလဲ။ ဒါနဲ့ အဲဒီနားမှာ သီချင်းနှစ်ပုဒ်၊ သုံးပုဒ်လောက်ပြီးအောင် တယောထိုးနေတယ်။ အဲဒီတုန်းက ခေတ်စားတဲ့ "မာနရှင်"တို့၊ "ချစ်မိုးစွေ"တို့ဆိုတဲ့ သီချင်းတွေပေါ့ကွာ။

တို့အဲဒီနားက ထွက်လာတော့ လသာဆောင်ပေါ်မှာ မျှော်နေတဲ့ သောင်းသောင်းကို တို့မြင်ရတယ်။ နောက်နေ့ညတွေမှာလည်း တို့သွားတိုင်း မင်းတို့အစ်မ သောင်းသောင်းဟာ လသာဆောင်မှာ ထွက်ထွက်ရပ်နေတယ်။

တိုတို ပြောကြပါစို့ကွာ။ ဒီလိုနဲ့ သောင်းသောင်းနဲ့ငါနဲ့ ကြိုက်သွားကြရော ဆိုပါတော့။ စာပေးတာတို့၊ စကားပြောတာ၊ ရည်းစားစကားလိုက်ပြောတာတို့တော့ ကျော်သွားကြပါစို့။ အသက် ၇၀-ကျော်မှ စားမြုံ့ပြန်နေရသလားဆိုပြီး မင်းတို့အစ်မက ရှက်နေဦးမယ်။ ငါလည်း နည်းနည်းတော့ ရှက်တယ်။





တစ်နေ့တော့ ကိုယ်နဲ့ သောင်းသောင်း ချိန်းတွေ့တယ်ကွ။ အဲဒီအုတ်ကုန်းဘက် ရွှေမုဋ္ဌော ဘုရားနားက ဇရပ်ကလေးမှာပဲ။ ဒီတစ်ခါပဲ ချိန်းတွေ့ဖူးပါသေးတယ်ကွာ။ ငါကလည်း ကြောက်၊ သူကလည်း ကြောက်။ ကြောက်တယ်ဆိုတာ အိမ်က သိသွားမှာကို ကြောက်တာ။ အဲဒီတုန်းမှာ ဘယ်လိုကနေဘယ်လို သတင်းရသွားတယ် မသိဘူး။ တို့နှစ်ယောက်ထိုင်နေတဲ့ ကန္တာရပင်ကလေးနားကို မော်တော်ကားကြီး ထိုးဆိုက်လာပြီး သူ့အမေကြီး ဆင်းလာတော့တာပဲဟေ့။

ကိုယ်တို့နှစ်ယောက်လည်းတွေ့ရော အမေကြီးက ပြောလိုက်တာကွာ။ ငါ့ကိုလည်း အမဲရိုးနှယ် ဟင်းအိုးမှ အားမနာဘူး ဘာညာပေါ့ကွာ။ သောင်းသောင်းကိုလည်း ထုရိုက် ဆံပင်ဆွဲပြီး ကားပေါ်တင်သွားတယ်။

မကြာခင်မှာပဲ သောင်းသောင်းကို ဒီမှာ မထားတော့ဘဲ ရန်ကုန်ကျောင်းကို ပို့မယ်ဆိုတဲ့ သတင်းထွက်လာတယ်။ ကျောင်းတက်ရင်လည်း အမေကြီးကိုယ်တိုင် လိုက်ပို့တယ်။ ဆင်းရင်လည်း အမေကြီးကိုယ်တိုင် လာကြိုတယ်။ အိမ်ထဲကအိမ်ပြင် လုံးဝ မထွက်ရတော့ဘူး။

သောင်းသောင်းက သူ့ကို ရန်ကုန်ပို့တော့မယ်။ နိုးရာလိုက်မယ်။ လာခိုးပါလို့ ချိန်းတယ်။ ညညတယောထိုးပြီး လာခဲ့ပါ။ သူ ဆင်းလိုက်ခဲ့မယ်လို့ ဆိုတယ်။ ဒါနဲ့ သွားသွားပြီး ချောင်းပေမယ့် အဆင်မပြေဘူး။ သူတို့ခြံထဲက အင်းခွေးကြီး လွှတ်လွှတ်ထားတော့ အနားကို မကပ်ရဲဘူး။

ငါကလည်း လက်မလျှော့ဘူး။ ညညဆိုရင် သူတို့အိမ်ရှေ့နားက ဖြတ်ဖြတ်ပြီး တယောထိုးထိုးသွားတယ်။ မောင်အောင်က သူ့အိမ်ရှေ့ရောက်ရင် ဘောဂီတထဲမှာပါတဲ့ ပုလဲပေါက်သဖြန်ကို ဆိုတတ်တယ်။

"မဆွံ့သူမောင်အံ့ပွေ့များကိုလ ... မေရှုတောင် နေရထားရယ်နဲ့ ခြွေစကားရယ်တဲ့ မှာလိုက်မယ် ... ကြဝါတွင်းကိုလ နေမင်းမှိန်ညိုညိုမို့ — ချိန်ဗဟို ရှာန်ယဉ်ပြောင်းပြန်တော့ ... ခင်ခင့်ထံလာရန်အကြောင်းကဖြင့် နှောင်းခဲ့လေပြီ"

ဒီနေရာရောက်ရင် မောင်အောင်က တအားဟဲတော့တာပဲ။ ကိုယ်ကလည်း အဲဒီနေရာကလေးက တောလို့ကောင်းတဲ့ တယောကို လျှော့ပါစမ်း



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ကွာ။

"နဝရတ်ရည်ဝတ်လည်စို့ပါလို့ … နှစ်ထပ်သည် နတ်ပြည်မြို့ဆီက ကြည်ကြည်စို့ ငွေလဝယ် … မှာမယ်ပ ရွှေကိုယ် …"

ချစ်သူနှစ်ဦး မဆုံနိုင်ကြတော့ လမင်းကြီးက တစ်ဆင့် မှာလိုက်မယ် ပေ့ါ။ တော်တော်ကောင်းတဲ့ စာသားကွာ။ ကိုယ်တော့ အဲဒီ ပုလဲပေါက်သဖြင့် ကလေးကို သိပ်သဘောကျတာ။ မင်းတို့က စာတတ်တော့ ပိုသိပါတယ်လေ။ မှာပုံကိုလည်း ကြည့်ဦး။

"စန်းယုန်ပွင့်ရယ်က … လမ်းကြုံရင် ခါခါမယ်လို့ … ချာချာလည် မင်းမောင်ဖြင့် ရှူးပေ့ါလို့ တိမ်ဦးဝေယံမွန်းဆီက … တစ်ခွန်း သူ့ကို ပြောလိုက်ပေ့ါ (စန္ဒာရယ်)မောလှပြီမို့ …"တဲ့။

တိမ်ဦးမှာ ရွှန်းရွှန်းကြီးသာနေတဲ့ လမင်းကို မှာလိုက်ချင်တယ်တဲ့။ မောင်ကြီးတစ်ယောက်တော့ ချာချာလည်အောင် ရှူးနေပြီပေ့ါ။ ဒီအကြောင်း ကို သူ့ချစ်သူကို ပြောပြလိုက်ပါပေ့ါ။

မင်းယုံပါ့မလား မသိဘူး။ သောင်းသောင်းကို အိပ်ခန်းထဲထည့်ပြီး အလုံပိတ်ထားတာကွ။ အဲဒီသီချင်းလည်းကြားရော သောင်းသောင်းဟာ ပြတင်းပေါက်က ကြိုးနဲ့ လျှောခုန်ဆင်းပြီး ငါ့နောက်ကို လိုက်လာခဲ့တယ်။ ပြီးတော့ တို့နှစ်ယောက် ခိုးထွက်ပြေးကြတယ်။ သူ့အဖေကြီးက ရာဇဝတ် ဝန်ထောက်ဆိုတော့ နောက်ကလိုက်တာပေ့ါကွာ။ နောက်တော့ မြို့ တစ်မြို့မှာ တို့ကို မိသွားတယ်။ ဒါပေမဲ့ တို့နှစ်ယောက်က တရားဝင် လက်ထပ် ပြီးနေပြီ။ အရွယ်ရောက်ပြီးနေပြီ။ အဖေကြီးက လက်လျှော့ ပြန်သွားရတယ်။

ကိုယ်ဆိုလိုချင်တာက ဒီလိုပါ။ သောင်းသောင်းဟာ ကိုယ့်နောက်ကို လိုက်လာခဲ့တာ ကိုယ့်ကိုချစ်လို့၊ ကိုယ့်ဂီတကိုချစ်လို့ လိုက်လာခဲ့တာ။ ကိုယ်က မုဆိုးမသား။ ဘာပညာမှ ကောင်းကောင်းမွန်မွန်တတ်တာ မဟုတ်ဘူး။ ကိုဘော်ကြယ်ဝိုင်းမှာ တယောထိုးစားရတာ။ ဂီတာတီး စားရတာ ဒါတောင် သိပ်ပြီးအလုပ်ဖြစ်တာ မဟုတ်ဘူး။ ကိုယ်ကလည်း ဂီတကို အခကြေးငွေနဲ့ ရောင်းစားရတာမျိုး မလုပ်ချင်တော့ အပျော်တီးတဲ့သဘော





ဆောက်ပါ။

ဒါပေမဲ့ သောင်းသောင်းနဲ့ ရတော့ ကိုယ့်တစ်ဝမ်းတစ်ခါး မဟုတ်ဘူး လေ။ ပြီးတော့ ကိုယ် သူ့ကို သနားတယ်။ ကိုယ့်ကိုချစ်လို့ ရွှေဘုံပေါ် ကနေ တဲအိုပျက်ကိုလိုက်လာရတဲ့ မိန်းမ။ ရွှေဘုံကိုစွန့်ပြီး တဲအိုပျက်ကို ဆင်းလာရတဲ့ မိန်းမ။

ဒီတော့ လိုက်လာတာဟာလည်း ကိုယ့်ဂီတကိုချစ်လို့။ သူက ဂီတကို သနားပါတယ်။ အဆိုကို ဝါသနာပါတယ်။ အိမ်မှာပျင်းရင် လင်မယား နှစ်ယောက် ကိုယ်က တယောကလေး ပခုံးတင်မေးပြီး သီချင်းစမ်းနေတုန်း မှာ သူက ကိုယ့်အနားမှာ ကိုယ့်ကိုမှီပြီး သီချင်းကလေးညည်းလို့။ တစ်ယောက် မျက်နှာကို တစ်ယောက်ကြည့်လို့။ ဒီထက်ကြီးတဲ့ စည်းစိမ် ဘယ်မှာရှိနိုင်ပါ့ မလဲ။ မင်းတို့ပြောတဲ့ အိုမာကရမ်ရဲ့ ကဗျာထဲကလိုပေ့ါ။ ကဗျာရယ်၊ ချစ်သူ ရယ်၊ ဝိုင်အရက်ရယ်ဆိုတာလေ။ ကိုယ့်အဖို့တော့ ချစ်သူရယ်၊ တယော ပြားရယ်။ စည်းတစ်လက်ရယ်။ ဒါပဲလိုတယ်။ ပြည့်စုံသွားပြီပေ့ါ။

ဒါပေမဲ့ အဲဒီလိုထင်တာက ခဏရယ်ပါ။ နောက်တော့ ဝမ်းမိုက်က အားပြောလာတယ်။ သောင်းသောင်းကလည်း ပထမကလေးကိုယ်ဝန် ရှိလာတယ်။ ကိုယ်က တယောပြားကလေးကိုင်၊ သောင်းသောင်းက စည်း ကလေးကိုင် သီချင်းဆိုပြီး လရောင်အောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေလို့ မဖြစ်တော့ဘူး။ မလုံလောက်တော့ဘူး။ လရောင် ဆီက လွင့်စဉ်သွားပြီး လေပြင်းတိုက်လာတယ်။ ခပ်စောစောကတော့ ချစ်သူ အသံတို့၊ ချစ်သူမျက်နှာတို့၊ တယောသံတို့၊ လရောင်တို့ကြောင့် လေပြင်း တိုက်နေတာကို သတိမထားမိကြဘူး။ ဒါပေမဲ့ နည်းနည်းကြာလာတော့ လရောင်ရိပ်ကွယ်သွားပြီး လေပြင်းတိုက်နေပါကလားဆိုတာ သိလာတယ်။

ဒီတော့ ကိုယ်တယ်လောက်ပဲ ဂီတကို ရောင်းမစားဘူး၊ ဂီတနဲ့ အသက် မွေးဘူးလို့ ပိုင်းဖြတ်သည်ဖြစ်စေ မနေသာတော့ဘူးလေ။ ပြီးတော့ ကိုယ့်ဂီတ ကိုချစ်လို့ ကိုယ့်နောက်ကို လိုက်လာတဲ့ချစ်သူကို ကိုယ့်ဂီတနဲ့ပဲ ရှာဖွေ ကျွေးမွေးရတော့မယ်။ သူကတော့ ပြောပါတယ်။ အစ်ကိုဂီတကို ရောင်း စားပါနဲ့တဲ့။ သူ ဈေးရောင်းကျွေးပါ့မယ်တဲ့။ ဒါပေမဲ့ ဘယ်ကောင်းမလဲ



www.burmeseclassic.com

www.burmeseclassic.com



ကွာ။

ဒါနဲ့ ကိုဘော်ကြယ်ဝိုင်းမှာ ကိုယ်ပြန်တီးတယ်။ ကိုဘော်ကြယ်ကလည်း လေဖြတ်လို့ တီးဝိုင်းက ခေါင်းကွဲတော့မယ့် အခြေအနေမှာ ကိုယ်ရောက်သွားတော့ ဝမ်းသာအားရ မင်းခေါင်းဆောင်ပြီး ဆက်လုပ်ကွာ။ နို့မို့ရင် ငါ့ကောင်လေးတွေလည်း ဝေါ်ပြတ်ပြီး ဟိုရောက်သည်ရောက် ရောက်ကုန်လိမ့်မယ်။ ခုတောင် တချို့က ဆံပင်ညှပ်သမားလုပ်နေကြပြီလို့ ပြောတာနဲ့ ကိုယ်သူ့မြို့မမှာပဲ ခေါင်းဆောင်တယ်

ဒီလိုနဲ့ စစ်ဖြစ်သွားတော့ ဂျပန်ခေတ်။ ဂျပန်ခေတ်မှာလည်း ကိုယ်မြို့မကို ဆက်ပြီး ခေါင်းဆောင်တာပဲ။ ဒီတုန်းမှာ ဘဘကြီးတို့၊ မေမေကြီးတို့လည်း ရောက်လာတော့ သူတို့ဆီမှာပဲ ပညာသင်တာပါပဲ။ သူတို့ကလည်း တတ်အားသမျှအချိန်ရှိသရွေ့ ပညာကို တပည့်သားမြေးတွေကို ပေးတယ်။

နောက်တော့ စစ်ပြီးလို့ ဘဘကြီးတို့ ရန်ကုန်ပြောင်းတော့ ငါ့ကိုခေါ်တယ်။ ကိုယ် မလိုက်ဘူး။ ရန်ကုန် ဂီတလောကကို သိပ်မဝင်ချင်သေးဘူးကွာ။ ပြီးတော့ ကိုယ်က ကြေးစားလုပ်လို့သာ လုပ်နေရတာ ဂီတနဲ့ အသက်မမွေးချင်ဘူး။ သောင်းသောင်းကလည်း မလုပ်ပါနဲ့လို့ တားတယ်။

ဒီအထဲမှာ ကိုယ့်စိတ်ကလည်း မင်းသိတဲ့အတိုင်း စိတ်ဆက်ဆတ် မဟုတ်လား။ ပိုက်ဆံပေးထားတဲ့လူက သူကြိုက်တဲ့ သီချင်းကို ပလွေဆရာကို ပိုက်ဆံပေးပြီး ကိုယ်ကြိုက်တဲ့သီချင်းကို ပြောပါဆိုတဲ့ အင်္ဂလိပ်စကားရှိတယ်မဟုတ်လားကွ။ ပိုက်ဆံပေးထားတော့ သူအမှတ်နိုင်းတဲ့ သီချင်းမှတ်ရတာပေါ့။ တို့ဂီတသမားမှာလည်း ဒီအတိုင်းပါပဲ။ ပိုက်ဆံပေးထားတော့ ငွေရှင်ရဲ့မျက်နှာကိုကြည့်ပြီး သူအဆိုနိုင်း၊ အတီးနိုင်းတဲ့သီချင်းကို တီးရတာပေါ့။

ဒါပေမဲ့ အဲဒီဘဝကို ကိုယ်တော်တော် စိတ်ကုန်တယ်ကွာ။

စစ်ပြီးခါစ ကိုယ်တို့မြို့မှာပဲ အရာရှိတွေက အိုဒါဘာပွဲလုပ်လို့ ကိုယ်တို့မြို့မအဖွဲ့ကို ငှားတယ်။ ကိုယ်ပဲခေါင်းဆောင်တာပါပဲ။ အဲဒီမှာ အရာရှိတွေ တော်တော်မူးကြတယ်။





အဲဒီပွဲမှာ ကိုယ်တို့အဖွဲ့ကို ငှားတယ်။ ကိုယ်က အဲဒီပွဲက အရာရှိတွေအနေနဲ့ မြိမ့်မသတို့ ဘာတို့နဲ့ ဖွဲ့ဆို ဆိုချင်ပြီး ဟိုသီချင်း တီးပါ။ သည်သီချင်းတီးပါဆိုပြီး ရှုတ်ရှုတ်ရှုတ်ရှုတ်လုပ်မယ့်ပွဲမျိုးဆိုတော့ သိပ်မလိုက်ချင်ဘူး။ ဒါပေမဲ့ ကိုယ့်ဆရာဘော်ကြယ်ကလည်း လိုက်သွားပါကွာ။ ဒီပွဲက ငါ့တပည့်တွေ ငြင်းလို့မကောင်းဘူးဆိုတာနဲ့ ကိုယ်ထလိုက်လာတယ်။ အဲဒီတုန်းက အဆိုတော်က မင်းတို့မီလိုက်ပါတယ်။ အောင်သန်းတင်ရယ်။ သန်းတင်ကလည်း အစ်ကိုတို့ပွဲက မူးမယ့်ပွဲ ကျွန်မမလိုက်ချင်ဘူးလို့ ပြောပေမယ့် ငါက ဖွတ်ခေါ်တော့ ကောင်မလေးလည်း လိုက်လာတယ်။ သန်းတင်ကလည်း သူလည်း အရံအဖြစ်ဆိုရအောင်ဆိုပြီး သောင်းသောင်းကိုလည်း ခေါ်လာခဲ့တယ်။

ဟိုလည်းရောက်ရော ကိုယ်ထင်ထားတဲ့အတိုင်းပါပဲ ကိုယ့်လူတွေက မူးပြီး ဟိုသီချင်းတီးပါ။ ဟိုသီချင်းဆိုပါဆိုပြီး ဟိုကနိုင်း၊ သည်ကနိုင်းနဲ့ လုပ်တယ်။ ကိုယ်လည်း တတ်နိုင်သမျှတော့ လိုက်လျောပါတယ်။ တစ်ပုဒ်ပြီးလို့မှ မဆုံးသေးဘူး တစ်ယောက်ကလာပြီး ဒီသီချင်းမလိုချင်ဘူး။ ဟိုသီချင်းတီးပါ ဆိုပြီး ပြောပြန်ရော။ ပြောလို့သာ ပြောတယ်။ သူလည်း သီချင်းနာမည်ကိုတောင် သိတာ မဟုတ်ဘူး။ ဂီတအကြောင်းကို ဘာမှလည်း ကောင်းကောင်းသိတာ မဟုတ်ဘူး။ ဒီအထဲမှာ ရှိသေးတယ်။ စိန်ပါတီမှန်း သဘာတီမှန်းတောင် မသိတဲ့လူတွေ။ အဲဒီလူတွေက ပိုက်ဆံပေးတော့ သူတို့အတီးနိုင်းတဲ သီချင်းကို လိုက်တီးနေရတယ် မောင်ရာ။

ကိုယ်တော်ချောတွေက ဒီလောက်နဲ့ မရပ်သေးဘူး။ သန်းတင်ကိုရော သောင်းသောင်းကိုရော ရှိသဲ့သဲ့ပြောလာတယ်။ ဟိုအငြိမ်မင်းသမီးက အစ်မ အား။ ကာတစ်က ဘယ်လိုပဲ။ ကာတစ်လှုပ်ပြီး ကပြပါလားတို့ ဘာတို့နဲ့ လုပ်ကုန်တယ်။ ကြာတော့ ကိုယ်သည်းမခံနိုင်ဘူး။ ကိုယ်ထိုင်ရာက ထရပ်လိုက်တယ်။

ဒီမှာလူကြီးမင်းခင်ဗျား။ ကျွန်တော် လူကြီးလူကောင်းတွေပွဲထင်လို့ ကျွန်တော် လာခဲ့တာပါ။ ခုတော့ လူကြီးမင်းတို့က လူကြီးလူကောင်းတွေ မဟုတ်ဘူးဆိုတာတွေ့ရလို့ ကျွန်တော် ဝမ်းနည်းပါတယ်။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



တတွေဟာ မရှိလို့ လုပ်စားကိုင်စားနေကြပေမယ့် ကျွန်တော်တို့ ပညာကို ကျွန်တော်တို့ လေးစားပါတယ်။ ကျွန်တော်တို့ပညာဟာ အဲဒီပညာကို တန်ဖိုးထားတဲ့ တန်ဖိုးရှိတဲ့ လူတွေအတွက်သာ ဖြစ်ပါတယ်။ လူကြီးမင်းတို့ အနုပညာဟာ လူကြီးမင်းတို့ အရက်နဲ့မြည်းတဲ့ အမြည်းစရာပစ္စည်း မဟုတ်ပါဘူး။ ဒါကြောင့် ခုချိန်ကစပြီး ကျွန်တော့်တီးဝိုင်းကို ကျွန်တော်ရုပ်သိမ်းပြီး ပြန်ပါ့မယ်။ ဒီလောက် ဇရုတ်ကျတဲ့ပွဲမှာ ကျွန်တော်မတီးနိုင်ပါဘူးဆိုပြီး ကိုယ့်လူတွေရော၊ ကိုယ်တို့ပစ္စည်းတွေရောသိမ်းပြီး ပြန်လာခဲ့ကြတယ်။ ကိုယ်ကတော့ ချက်ချင်းထပြန်လာခဲ့တာပေါ့လေ။ ကောင်လေးတွေကတော့ ပစ္စည်းတွေသိမ်းပြီးမှ လိုက်လာခဲ့ကြတယ်။

အဲဒီမှာတင် ပွဲလည်းပျက်တာပဲ။

တချို့ကတော့ အဲဒီပွဲကိုပျက်အောင် လုပ်တာကိုယ်တဲ့။ ကိုယ်ကတော့ ပွဲပျက်အောင်လုပ်တာ ကိုယ်မဟုတ်ဘူး။ သူတို့လို့ အခုထိ ယုံကြည်နေသေးတယ်။

နောက်တစ်ခါ ရှိသေးတယ်။

ကိုယ်က စိတ်ဆတ်တော့ ကိုယ်နဲ့ ဒီလောကနဲ့ ဖြစ်မှာမဟုတ်ဘူးဆိုပြီး တီးဝိုင်းကို ဖျက်ပစ်လိုက်တယ်။ ကိုဘော်ကြွယ်လည်း ဆုံးပြီလေ။ ဒီတော့ သောင်းသောင်းက သူ သူနာပြုသင်တန်းတက်မယ်ဆိုပြီး မန္တလေးမှာ သူနာပြုသင်တန်းတက်တယ်။ ကိုယ်က ရှာမကျွေးနိုင်တော့ဘူး မဟုတ်လား။ ဒီတော့ သောင်းသောင်းက သူတစ်လှည့်ရှာကျွေးမယ်ဆိုပြီး သူနာပြုသင်တန်းတက်တယ်။

ကိုယ်ကလည်း အဲဒီတုန်းက ပန်တျာကျောင်းတွေဖွင့်မယ်ဆိုတော့ နည်းပြဆရာ အလုပ်ကလေးများ ဘာလေးများရမလားဆိုပြီး ပန်တျာကျောင်းမှာ တယောနည်းပြဆရာ လျှောက်တယ်။

လျှောက်တော့ ထုံးစံအတိုင်း လူစုံလျှောက်တာပေါ့ကွာ။ ဒါပေမဲ့ ကြည့်လိုက်တော့ လက်တွေက သာမန်လက်တွေချည်းပဲ။ သိပ်ကောင်းတဲ့ တယောလက်မပါဘူး။ အကဲဖြတ်လူကြီး၊ ရွေးချယ်ရေးအဖွဲ့လူကြီးတွေရှေ့မှာ တယောထိုးပြရတယ်။ သူတို့အတီးခိုင်းတဲ့သီချင်းကို ကောက်တီးပြီး အမှတ်ပေးကြ





တယ်။ ရွေးချယ်ရေးအဖွဲ့လူကြီးတွေထဲမှာ ဂီတပညာရှင်ကြီးတွေ ပါပါတယ်။ ဆရာကြီး ဦးချစ်မောင်တို့၊ မေမေကြီး ဒေါ်အောင်ကြည်တို့၊ ဦးဘမောင်ကြီးတို့၊ ဦးဟန်ကြီးတို့ စတဲ့ ပညာရှင်တွေလည်း အများကြီးပဲ။ ပညာရှင်မဟုတ်ဘဲ အဲဒီတုန်းက အာဏာရနေတဲ့အဖွဲ့က လူကြီးတွေလည်း အများပါတယ်။ တကယ်တော့ သူတို့က ဂီတကို ဘာမှ နားလည်တာ မဟုတ်ဘူး။ နိုင်ငံရေးပဲ နားလည်ကြတာ။ ဒါပေမဲ့ အဲဒီအဖွဲ့ထဲမှာ ကိုယ်စားလှယ်အဖြစ် ပါနေကြတယ်။

ကိုယ့်အလှည့်ရောက်တော့ ဥသြသံတေးကို အတီးခိုင်းတယ်။ ကိုယ်လည်း လူကြီးတွေ ကျေနပ်အောင်ဆိုပြီး ဂရုတစိုက် တီးပြတယ်။ စည်းဝါးအစ သတိထားပြီး တီးတယ်။ အားလုံးက သဘောကျကြတယ်။ ဒါပေမဲ့ အဲဒီအဖွဲ့ ကိုယ်စားလှယ်က စည်းတစ်ခြမ်းလိုတယ်ဆိုပြီး ကိုယ့်ကို ကန့်ကွက်တယ်။ အမှန်ကတော့ သူလည်း ဘာမှ ကောင်းကောင်းသိတာ မဟုတ်ဘူး။ သူ့လူကို သွင်းချင်တာနဲ့ ကိုယ်ကို ကန့်ကွက်တာ။ အခြား ပညာရှင်တွေကလည်း စိတ်တော့ မကောင်းကြဘူးပေါ့။

ဒီတင် ကိုယ်လည်း ရှက်လည်းရှက် စိတ်လည်းဆိုးဆိုးနဲ့ အခန်းထဲက ထွက်လာခဲ့တယ်။ အခန်းအပြင်ရောက်တော့ စိတ်က ပေါက်ကွဲချင်လာတယ်၊ ဒါနဲ့ လက်ထဲပါလာတဲ့ တယောကလေးကို သေတ္တာထဲကထုတ်၊ သေသေချာချာ စိုက်ကြည့်ပြီးနေတုန်း ကိုယ့်အနားကို ကိုယ်လေးစားတဲ့ ဆရာကြီးတစ်ယောက် ရောက်လာရော။ ဆရာကြီး ကျွန်တော် ဆရာကြီးတို့ ကျွန်တော့်ကို မဲပေးတာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ဒီလိုလုပ်တာတော့ မတရားတဲ့အတွက် ကျွန်တော် နောက်ဂီတကို ဦးမလှည့်တော့ဘူး။ ကျွန်တော်ချစ်တဲ့ဂီတကို ဒီလို စော်ကားခံရတာမျိုးကို ကျွန်တော် မကြည့်ချင်တော့ဘူး။ ကျွန်တော် ဒီနယ်ထဲမှာရှိနေရင် သံယောဇဉ်တွယ်နေဦးမှာ။ ဒါကြောင့် သံယောဇဉ်ဖြတ်ခဲ့တော့မယ်လို့ သူ့ကိုပြောပြီး တယောကလေးကို ရိုက်ချိုးပြီး ကိုယ်ထွက်လာခဲ့တယ်။

အဲဒီ ၁၉၅၀ ခု တစ်ဝိုက်လောက်ကပေါ့။ ခုဆိုရင် အနှစ်လေးဆယ်လောက် ရှိသွားပြီ။ အဲဒီနောက်မှာ ကိုယ်ဟာ တယောကိုလည်း မကိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဂီတာကိုလည်း မကိုင်တော့ဘူး။ အိမ်မှာ ကလေးထိန်း ထမင်းချက်နဲ့ပဲ ခုအရွယ်အထိ အချိန်ကုန်ခဲ့တာပဲ။ ကိုယ့်ကိုတော့ သောင်းသောင်းက ရှာဖွေကျွေးခဲ့ရတာပေါ့။ သူနာပြုသင်တန်း ဆင်းတယ်။ ခုတော့ သားသမီးတွေကလည်း အရွယ်ရောက်လို့ အလုပ်အကိုင်တွေ ရကုန်ပါပြီ။

ကိုယ်မှားသလား၊ မှန်သလားတော့ မသိဘူး။ ကိုယ် ဂီတာကို စွန့်ခဲ့တာဟာ ဂီတာကိုမုန်းလို့၊ စိတ်နာလို့ မဟုတ်ဘူး။ ချစ်လွန်းလို့၊ သံယောဇဉ်ကြီးလွန်းလို့ ရင်နာနာနဲ့ စွန့်ခဲ့ရတာ။

(ကလျာမဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၁)

* * *

# အမေ့လိုသမီး

www.burmeseclassic.com

www.burmeseclassic.com

# အမေ့လိုသမီး

မေခင်နှင့် ကျွန်တော်တို့ မတွေ့ကြသည်မှာ နှစ်ပေါင်း ၃၀လောက် ရှိတော့မည် ထင်သည်။

မှတ်မှတ်ရရ သူနှင့် ကျွန်တော် နောက်ဆုံးတွေ့ကြသည်မှာ ၁၉၆ ခု မေလထဲမှာ။ ညတစ်ညဖြစ်သည်။ ကျွန်တော်က ဇနီးသည်နှင့်အတူ ရွှေတိဂုံဘုရားသို့ လမ်းလျှောက်ထွက်လာကာ မြောက်ဘက်စောင်းတန်း ကုန်းတော်ပေါ်သို့ တက်လာခဲ့သည်။ ကုန်းတော်ပေါ်တွင် ဘုရားကို လက်ယာ ရစ်လှည့်ပတ်ကာ တန်ဆောင်းတစ်ခုတွင် ပန်းဆီမီး ပူဇော်ကြသည်။ ဇနီးသည်က ပန်းဆီမီးပူဇော်နေစဉ် ကျွန်တော်က ဝတ်ချပြီးနောက် ဆေးလိပ် သောက်ရန် စောင်းတန်းအပြင်သို့ ထွက်လာခဲ့သည်။ ထိုစဉ် ဘုရားဖူး တွေကြားထဲက “ဟော ... အစ်ကိုပါလား။ တစ်ယောက်တည်းလား” ဆို သည့် အသံကို ကြားလိုက်ရသည်။

ကျွန်တော် လှည့်ကြည့်သည့်အခါတွင် နုနယ်ချောမောသည့် မိန်းမပျို လေးတစ်ဦး။ နံ့သာရောင် ပိုးပျော့လုံချည်နှင့် နံ့သာရောင် ပိုးအင်္ကျီ ကလေး လက်စကကိုဝတ်ထားပြီး လက်တွင် ပန်းစည်းကိုင်ထားသည်။ သူ့ဆံပင်





ကလေးများသည် ပခုံးပေါ်သို့ ဝဲကျနေသည်။ သူ့ဘေးတွင် သူ့ထက် နှစ်လောက် ကြီးမည့် အမျိုးသားတစ်ဦး။ အရပ်ထောင်ထောင်မောင်း မောင်း၊ လှိုင်းတွန့်လို ဝေ့နေသော ဆံပင်များသည် လေးထောင့်စပ်စပ် သော မျက်နှာအထက်ပိုင်းပေါ်သို့ ဝဲကျနေကြသည်။ သူကလည်း ရွှေဖလား ရောင် ဖန်ကောက်လုံချည်နှင့် စတစ်ကော်လာလက်ရှည်နှင့်၊ ပိုးအပေါ်အင်္ကျီ ကို ဝတ်ထားပြီး လက်ထဲတွင် ပန်းစည်းတွေကို ကိုင်ထားသည်။

“အစ်ကိုကလည်း ဘာကြောင်ကြည့်နေတာလဲ မေခင်လေ”

မိန်းမပျိုက အသံလွင်လွင်ဖြင့် ခပ်မြူးမြူး ခပ်နောက်နောက်ကလေး ပြောသည်။ ဟုတ်သားပဲ မေခင်ရယ်။ ကျွန်တော့်ညီမတွေနှင့် ကစားဖက်၊ ကျောင်းနေဖက်၊ စာကျက်ဖက်၊ အပျိုကြီးဖားဖားဖြစ်မှ သည်တစ်ကြိမ်သာ ပြန်တွေ့ဖူးသေးသည်။

ကျွန်တော်သည် ငယ်စဉ်ကထက် နုပျိုလှပနေသော မေခင်ကို ကြည့်နေ မိသည်။ ထို့နောက် သူ့ဘေးတွင် ရပ်နေသော အရပ်ထောင်ထောင်မောင်း မောင်းနှင့် လူရွယ်ကိုလည်း လှမ်းကြည့်နေမိသည်။

မေခင်က ကျွန်တော် ကြည့်နေသည့်သဘောကို နားလည်သွားဟန် တူသည်။

“ဟောဒါက မေခင်နဲ့ လက်ထပ်တော့မယ် ကိုသိန်းမောင်၊ မြစ်ဝ ကျွန်းပေါ်က ဆန်စက်ပိုင်ရှင်သားလေ။ ကိုကိုသိန်း ဒါက ...”

မေခင်က ကျွန်တော်တို့ကို မိတ်ဆက်ပေးသည်။ ကျွန်တော့်ဇနီး ဘုရား ဖူးပြီး၍ ရောက်လာသည့်အခါတွင်လည်း ကျွန်တော့်ဇနီးကို သူ့ခင်ပွန်း လောင်းနှင့် မိတ်ဆက်ပေးသည်။

ကျွန်တော်တို့လေးယောက် အတန်ကြာ ရပ်စကားပြောပြီးနောက်

“မင်္ဂလာဆောင်က ရန်ကုန်မှာရော၊ ကိုကိုသိန်းတို့မြို့မှာပါ လုပ်မှာ။ ဒီတော့ အစ်မတို့ကို ဖိတ်မှာနော်။ မြစ်ဝကျွန်းပေါ်က မင်္ဂလာဆောင်ကို တော့ မလာချင်ရင် နေပါ။ ဒါပေမဲ့ ရန်ကုန်မင်္ဂလာဆောင်ကိုတော့ အစ်မတို့ ဖြစ်ဖြစ်အောင် လာရမယ်နော်။ မေခင်တို့မှာ ရင်းရင်းချာချာဆိုလို့ ဒီလူတွေပဲ ရှိတာ”ဟု မေခင်က ကလေးတစ်ယောက်လို ပြောနေသည်။ ပြန်ခါနီးတွင်



www.burmeseclassic.com

www.burmeseclassic.com



မေခင်က ကျွန်တော့်ဇနီးအနားသို့ကပ်၍ မိန်းမချင်း ခပ်တိုးတိုးပြောသွား သည်။

"မေခင်က ကြိုက်လို့ယူတာ မဟုတ်ဘူးတဲ့။ အမေပေးစားလို့ယူရတာ တဲ့။ သူကတော့ အပျိုလိုနေချင်သေးတယ်တဲ့။ ဟိုက ပိုက်ဆံသိပ်ရှိတော့ အမေက ညည်းကောင်းကောင်းမွန်မွန် နေချင်ရင် ယူရမယ်။ တို့မှာလည်း အခြေအနေ မကောင်းဘူး။ ဒီလိုအခွင့်အရေးမျိုးကြုံတုန်းမှာ အရယူရမယ် လို့ဆိုလို့ ယူလိုက်ရတာလို့ ပြောသွားတယ်။ မေခင်ဟာ ခုထိ ကလေးလေး လိုပဲနော်။ ပြောရမှန်းမသိ၊ မပြောရမှန်းမသိ"ဟု ကျွန်တော့်ဇနီးသည်က ပြောသည်။

ထိုအကြိမ်သည် မေခင်နှင့် နောက်ဆုံးတွေ့ခဲ့သည့်အကြိမ် ဖြစ်သည် သူ့မင်္ဂလာဆောင်ဖိတ်စာကိုလည်း မရခဲ့ပါ။

မကြာသေးမီကမူ ကျွန်တော်သည် မေခင်နှင့် နောက်တစ်ကြိမ် တွေ့ ပြန်သည်။ နှစ်ပေါင်းသုံးဆယ်အတွင်း ဒုတိယအကြိမ်တွေ့ခြင်းဟုလည်း ဆို နိုင်ပါ၏။

မေလဆန်းစတွင် ကျွန်တော်နှင့် ဇနီးသည်တို့ ရွှေတိဂုံစေတီတော်သို့ သွားဖူးကြသည်။ ထုံးစံအတိုင်း ကျွန်တော်တို့ဇနီးမောင်နှံသည် မြောက်ဘက် စောင်းတန်းမှ ကုန်းတော်ပေါ်သို့ တက်လာခဲ့၏။ ခါတိုင်းလို စေတီတော်ကြီး ကို လက်ယာရစ်ပတ်ပြီးနောက် တန်ဆောင်းတစ်ခုထဲတွင်ထိုင်၍ ဘုရား ကန်တော့ပြီး ထွက်လာခဲ့ကြသည်။

ကျွန်တော့်ဇနီးက ကျွန်တော့်ကို လက်တို့၍ ...

"ခုနက ဖြတ်သွားတဲ့ အမျိုးသမီးက မေခင်နဲ့ တူလိုက်တာ။ ဒါပေ ဆံပင်တွေတောင် တော်တော်ဖြူနေပြီ။ ကိုယ်လုံးကိုယ်ပေါက်က နည်းနည်း ပိန်ပေမယ့် သူ့ကိုယ်လုံးကိုယ်ပေါက်က ဘယ်တော့မှ မကျနိုင်တဲ့ ကိုယ်ထည် မျိုး၊ မေခင်ရဲ့ ကိုယ်လုံးကိုယ်ပေါက်မျိုးပဲ။ ဒါပေမဲ့ ရုပ်ကတော့ တော် တော်လေး ကျသွားပြီ။ မေခင့်အစ်မလည်း မဖြစ်နိုင်ပါဘူး။ မေခင့်မှာ အစ်မရှိတယ်လို့ ပြောသံ မကြားဖူးဘူး"

ကျွန်တော့်ကို ခပ်တိုးတိုးပြောသည်။





ကျွန်တော်သည် သူပြရာသို့ လှမ်းကြည့်သည်။ မေခင်နှင့် တထေရာ ...ည်းပါပဲ။ အသက်ကြီးတာနှင့် ငယ်တာပဲ ကွာခြားသည်။ ယခု ကျွန်တော် ...တွေ့ရသည့် အမျိုးသမီး အသက်ငါးဆယ်ကျော်လောက်ပြီ ဆံပင်တွေ ...နေပြီ။ မျက်နှာချောင်ကျနေပြီ။ ပါးလျားစ ပြုနေပြီ။ သို့ရာတွင် လှပ၍ ...နိုင်သော မေခင်၏ အချိုးအဆက်အတိုင်းပင်။

အလို ... နေပါဦး။ မေခင်တောင် သည်အရွယ်လောက်တော့ ရှိ ...ာက်ပြီပေါ့။ လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်က ကျွန်တော်တို့ တွေ့ခဲ့ရ ...သော မေခင်က အသက် နှစ်ဆယ်ရွယ်တစ်ပိုက်။ ယခု ကျွန်တော်တို့ ...တွေ့သော မေခင်က အသက်ငါးဆယ်ကျော်တစ်ပိုက်။ သည်တော့ မေခင် ...ဖြစ်နိုင်ပေဘူးလား။

ကျွန်တော်က ဇနီးကို ပြောပြသည်။

"ဟုတ်တာပေါ့။ ဒီအတိုင်းဆို မေခင်မှ မေခင်အစစ်ပဲ။ ဒါကြောင့် ...နှမတို့ကို လှည့်ကြည့်လှည့်ကြည့် လုပ်သွားတာကိုး။ တော်တော် ကျ ...သွားတာပဲနော်"

ကျွန်တော်တို့သည် ရွှေတိဂုံတန်ဆောင်းထဲမှ ထွက်လာခဲ့ကြကာ အရှေ့ ...ဘက်မုခ် ဓာတ်လှေကားမှ ဆင်းရန် ကုန်းတော်ကို တစ်ပတ်ပတ်ကြပြန် ...သည်။

ဟော ... မေခင်နှင့် တွေ့ပြန်ပြီ။

သည်တစ်ခါတော့ သူက ကျွန်တော်တို့ကို အလျင်မြင်သွားဟန် ရှိ ...သည်။ မေခင်သည် အသက် ၁၇ နှစ် ၁၈ နှစ်အရွယ် မိန်းကလေး ...တစ်ယောက်နှင့်အတူ ကျွန်တော်တို့ဆီသို့ တည့်တည့်ကြီး လာနေသည်။

"အစ်ကိုနဲ့အစ်မ မဟုတ်လား"

"မေခင် မဟုတ်လား"

ကျွန်တော်တို့ နှစ်ယောက်စလုံးလည်း ပြိုင်တူလိုလို မေးမိကြသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်က ရွှေတိဂုံကုန်းတော်ပေါ်တွင် တွေ့ခဲ့ ...သည့် မေခင်က နုပျိုချောမောသည့် မိန်းမပျိုတစ်ဦး။ အိမ်ထောင်ဦး ...ခင်စ ကြင်နာစ အရိပ်အယောင်တို့ ယှက်သန်းနေသည့် ကြင်ဦး



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုတစ်ယောက်။ ဘဝကို ခုံမင်တွယ်တာနေသော အတောင်ကို ဖြန့်ပြနေသော၊ မြူးကနေသော ဒေါင်းမကလေးတစ်ကောင်၏ဟန်။

ယခု နှစ်ပေါင်းသုံးဆယ်ကြာ ရွှေတိဂုံညတွင် ကျွန်တော်တို့ မြင်လိုက်ရသည့် မေခင်က အတောင်အလက်တို့ ကျွတ်ခဲ့ပြီးဖြစ်သော ဒေါင်းမြီးကွက်ပေါ်မှ အသွေးအရောင်တို့ မှေးမှိန်သွားပြီဖြစ်သော ဒေါင်းအိုမတစ်ကောင်

"မတွေ့ရတာ ကြာလှပြီ အစ်မရယ်။ စောပါသေးတယ်။ အားရင် တန်ဆောင်းတစ်ခုထဲ ခဏထိုင်ကြရအောင်"

ဇနီးသည်က ကျွန်တော့်ကို လှမ်းကြည့်သည်။

"မင်းတို့ထိုင်စကားပြောရစ်ခဲ့ကြလေ။ ငါ ကုန်းတော်ပေါ်မှာ လျှောက်ကြည့်ဦးမယ်။ ပြတိုက်ကိုလည်း သွားချင်နေတာ"

ကျွန်တော်သည် သူတို့ကို တန်ဆောင်းတစ်ခုထဲတွင် ထားခဲ့ပြီး လျှောက်သွားနေသည်။ တစ်နာရီကျော် နှစ်နာရီလောက်ရှိမှ သူတို့ရှိရာသို့ ပြန်လာခဲ့သည်။ သူတို့မှာ စကားကောင်းနေကြဆဲ။ ကျွန်တော်က သတိပေးသည့်အခါတွင်မှ သူတို့သည် စကားစဖြတ်ကာ လှေချင်းခွဲလာခဲ့ကြသည်။

လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်က ရွှေတိဂုံညတွင် တွေ့ခဲ့သော မေခင်နှင့် ယခု ရွှေတိဂုံညတွင် တွေ့ခဲ့ရသော မေခင်တို့၏ ဇာတ်လမ်းကို မေခင်က ကျွန်တော့်ဇနီးသည်အား ပြောပြလိုက်ပါသည်။

ကျွန်တော်က ဇနီးသည်ထံမှတစ်ဆင့် ကြားရသည့် မေခင်၏ ဇာတ်လမ်းကို ပြောခြင်းဖြစ်ပါသည်။

"လွန်ခဲ့တဲ့ အနှစ်သုံးဆယ်တုန်းက ရွှေတိဂုံကုန်းတော် ညတစ်ညမှာ တွေ့ခဲ့တုန်းက မေခင်နဲ့အတူ အမျိုးသားတစ်ယောက် ပါလာတယ်လေ အဲဒါက မေခင်နဲ့ လက်ထပ်မယ့် မေခင်ရဲ့ခင်ပွန်းလောင်း ကိုသိန်းမောင်တဲ့။ သူက မြစ်ဝကျွန်းပေါ်က ဆန်စက်သူဌေးသား။ ဆန်စက်တွေပိုင်တယ် မော်တော်တွေပိုင်တယ်။ အမှန်က မေခင်တို့က ဆင်းရဲတယ်။ မေခင့်အဖေက အင်္ဂလိပ်ကပြား၊ ရန်ကုန်မှာ ဖွင့်ထားတဲ့ နိုင်ငံခြားကုမ္ပဏီတစ်ခု စာရေးကြီး။ မေခင့်အမေက ခပ်ယယ်ယယ် လည်လည်ချောချောဆိုတော့ အဲဒီ စာရေးကြီးကို ယူလိုက်ရော၊ စာရေးကြီးက မေခင့်အမေထက်





အသက်နည်းနည်းကြီးတယ်။ မေခင် ဆယ်နှစ်သမီးလောက်မှာ စာရေးကြီးဆုံးသွားတော့ သူတို့သားအမိပဲ ကျန်ရစ်ခဲ့တယ်။ ကျွန်မတို့နဲ့ တိုက်ခန်းချင်း ကပ်လျက်ဆိုတော့ ဝင်ထွက်သွားလာနေကြတာပေါ့။ အဲဒီတုန်းက ကျွန်မတို့က ကျောင်းသူ၊ မေခင်ကလည်း ကျွန်မတို့တက်တဲ့ ဘုရင့်ကွန့်မင့်ကျောင်း တက်တယ်။ ကျွန်မတို့ထက် လေးငါးခြောက်နှစ် ငယ်မှာပေါ့။ ကျွန်မတို့ ဆယ်တန်းရောက်တဲ့နှစ်ကျတော့ ကျွန်မတို့လည်း ပြောင်း၊ မေခင်တို့လည်း ပြောင်းသွားကြတာပဲ။ အဲဒီနောက်မှာ မေခင်ဟာ စက်သူဌေးသားနဲ့ အိမ်ထောင်ကျတယ်။

အဲဒီတုန်းက မေခင်က ဝပ်ရှော့က ရှယ်တူကောင်လေးတစ်ယောက်နဲ့ ကြိုက်နေသတဲ့။ ဒါပေမဲ့ အမေက သိပ်အသုံးအဖြုံးကြီးတယ် မဟုတ်လား ဟိုတုန်းက ဗိုလ်ကတော်တို့၊ အရာရှိကတော်တို့နေသလို နေ့လယ်တိုင် ပိုကာလေးဒေါင်းလိုက်၊ ညနေတိုင် ရုပ်ရှင်ကလေး ကြည့်လိုက်၊ အိမ်ကာလည်း အတင်းပြောလိုက်၊ ဒီတော့ အိမ်မှာ အိမ်ဖော်ကလေးနဲ့ သမီးကလေးပဲ ကျန်တယ်လေ။ စာရေးကြီးက ပင်စင်လစာကလေးတွေ ကျန်တယ်။ ဘဏ်မှာစုထားတဲ့ ငွေကလေးတွေ ကျန်တယ်။ အဲဒါကလေးတွေနဲ့ပဲ ထိုင်စားနေတာ နေ့လယ်နေ့ခင်းမှာဆိုရင် မေခင်က ကျောင်းတက်၊ ကျောင်းက ပြန်လာရင် အိမ်နီးနားချင်းကလေးတွေနဲ့ ဆော့။ ဒါနဲ့ပဲ အချိန်ကုန်တာ။ အမေကြီးကတော့ လျှောက်လည်နေတာပဲ။

ဒီလိုနဲ့ မေခင် အပျိုပေါက်ကလေးဖြစ်လာတယ်။ အဲဒီတုန်းမှာ ဝပ်ရှော့ကကောင်လေးတစ်ယောက်နဲ့ ကြိုက်ကြတယ်။ ကောင်လေးက သူ့ထက် ကြီးရင် တစ်နှစ် နှစ်နှစ်ပေါ့။ ဒါကို အမေကြီးက မသိဘူး။ ဒီတုန်းမှာ မေခင်က ဝပ်ရှော့က ကောင်လေးနဲ့ လိုက်ပြေးတယ်။ မလိုက်ပြေးဘဲ ဘယ်မှာနေမှာလဲ။ အမေကကြည့်ပြီးမထိန်းဘဲ အပျိုကလေးကို ဒီအတိုင်းပစ်ထားတော့ လိုက်ပြေးတာပေါ့။ ဒီတွင် အမေကလိုက်ရှာပြီး ကောင်မလေးကို ပြန်သိမ်းထားလိုက်တယ်။

ဒီတုန်းမှာ ပိုကာဝိုင်းတစ်ခုမှာ မြစ်ဝကျွန်းပေါ်က စက်သူဌေးသား ကိုသိန်းမောင်နဲ့တွေ့တယ်။ အဘွားကြီးက အလည်ကြီးပဲ။ ကိုသိန်းမောင်



www.burmeseclassic.com

www.burmeseclassic.com



ကို အိမ်ကို တဖြည်းဖြည်းဖိတ်ပြီး သမီးလေးနဲ့မျှားတာပေါ့။ ကိုသိန်းမောင်ကလည်း မခင့်ကို သဘောကျသွားတယ်။ အမေကြီးကတော့ မခင့်ကို ကျိတ်ပြီး ပညာပေးတာပေါ့။ ဘယ်လို ဆက်ဆံရမယ်။ အဝတ်အစားတို့ ဘာတို့ ပူဆာရင် ဘယ်လိုပူဆာရမယ်။ ယောက်ျားတွေ သဘောကျအောင် ဘယ်လိုပြောရမယ်။ ဘယ်လိုနေထိုင်ရမယ်ဆိုတာတွေကို အကုန်သင်ပေး တာပေါ့။ မခင့်ကိုလည်း ကိုသိန်းမောင်နဲ့ ရုပ်ရှင်ထည့်တယ်။ ညနေစာ တို့ဘာတို့ ထွက်စားရင် ကိုသိန်းမောင်နဲ့ ထည့်တယ်။ နေ့လယ်နေ့ခင်းမှာ ကိုသိန်းမောင်နဲ့ လွှတ်ပေးတယ်။ ကိုသိန်းမောင်ကလည်း ကောင်မလေးကို တကယ်ချစ်သွားတယ်။ နောက်တော့ လက်ထပ်လိုက်တယ် ဆိုပါစို့။

လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်က ရွှေတိဂုံရင်ပြင်တော်မှာ ကျွန်မတို့နဲ့ တွေ့တုန်းက ပါခဲ့တဲ့သူဟာ အဲဒီ သူ့ယောက်ျား ကိုသိန်းမောင်ပဲ။

ကိုသိန်းမောင်က ကောင်မလေးကိုလည်း သူတို့မြို့ကို ခေါ်သွားတယ်။ ရန်ကုန်မှာတော့ သူ့အမေကြီးနဲ့ အိမ်ဖော်ကလေးနေဖို့ဆိုပြီး လမ်းကျယ် တစ်ခုမှာ တိုက်ခန်းတစ်ခန်း ဝယ်ပေးတယ်။ တစ်လကို မခင်တို့လင်မယား က ငွေတစ်ထောင်လောက် ထောက်ပံ့ရသတဲ့။ အဲဒီခေတ်က တစ်ထော ဆိုတာ နည်းတာ မဟုတ်ဘူးနော်။ အိမ်လခတို့ ဘာတို့မပါဘဲ။ အသွ ကြီးရယ်။ အိမ်ဖော်ကောင်မလေးရယ်။ ဒါပဲရှိတာ။ ဒီနှစ်ယောက်အတွ မခင်တို့က တစ်လကို တစ်ထောင် ပို့ရတယ်။ ဒါတောင် မခင်လင်မယာ ရန်ကုန်လာရင် အဝတ်အစားတို့၊ ဆေးတို့၊ မုန့်ပုံးတို့ ဝယ်ပေးသွားသေ တယ်။ ငွေဆိုရင်လည်း တစ်ထောင်မျိုး၊ နှစ်ထောင်မျိုး သက်သက် ကန်တေ သွားသေးတယ်။ ဒါပေမဲ့ သူ့အမေက သိပ်ပြီး အသုံးကြီးတယ်တဲ့။ လက် တယ်တဲ့။ ဒီကြားထဲမှာ မခင်က ယောက်ျားလုပ်တဲ့သူ မသိအောင် သ သက် ကျိတ်ပို့ရတာတွေ ရှိတယ်။ ဥပမာ – အမေ့မှာ ငွေအကုန်များ တယ်။ ဒါကြောင့် တစ်ထောင်လောက် ပို့ပါဦး။ အမေ့မှာ ဘယ်သူ့ဆီ အကြွေးဘယ်လောက် ယူထားရတယ်။ ဒါကြောင့် ဘယ်လောက်ပို့ပါဦး ကြားဖြတ်မှာတာတွေလည်း ရှိသေးတယ်။ ဒီလိုအခါမျိုးကျတော့ မခင် သူ့ယောက်ျားမသိအောင် တိတ်တိတ်ပို့ရတယ်။





သူ့အမေဟာ ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးပြီး အလျှော်တုန်းကလို အင်္ဂလိပ်ကုမ္ပဏီက ကပြားစာရေးကြီးနဲ့ ရခဲ့တော့ – – –အနေနဲ့ အမျိုး မပြောင်းချင်ဘူး။ ဒီလိုနဲ့ မခင်တို့က ငွေတွေကို မကြာခဏ ပို့ပေးနေရ တယ်။

ဒီတုန်းမှာ မခင် ပြဿနာတစ်ရပ် ပေါ်လာတယ်။

ဘယ်လိုကနေ ဘယ်လိုသိသွားမှန်း မသိဘူး။ မခင်ဟာ နီးရာလိုက် ပြေးဖူးတယ်။ အဲဒီယောက်ျားနဲ့ တစ်လနှစ်လ ပေါင်းနေခဲ့တယ်။ နောက်မှ အမေကြီးက ပြန်သိမ်းပြီး သူနဲ့ပေးစားတယ်ဆိုတာကို ကိုသိန်းမောင် သိသွား တယ်။ ဒီတွင် ကိုသိန်းမောင်ဟာ ရှက်လည်းရှက်၊ စိတ်လည်းဆိုးပြီး မခင် ကို ကွာရှင်းပစ်လိုက်တယ်။ လိုအပ်တဲ့ငွေလည်း တော်တော်များများ ပေးလိုက် တယ်။

အဲဒီတုန်းကများ ကိုသိန်းမောင်ကို ကြောက်လိုက်တာ မပြောပါနဲ့ တော့တဲ့။ အဲဒီ သတင်းကိုကြားတော့ ကိုသိန်းမောင်က သူ့ကို ဘာမှမပြော ဘူးတဲ့။ ခါတိုင်း သူ့ကိုအလိုလိုက်၊ သူချွဲရင် သဘောကျတတ်တဲ့ ကိုသိန်း မောင်ဟာ သူ့ကို စကားလည်း မပြောဘူး။ သူ့အနားကိုလည်း တစ်နေကုန် အကပ်မခံဘူး။ တစ်နေကုန် စက်ထဲမှာပဲ နေတယ်တဲ့။ ညအိပ်ခါနီးတော့မှ ဆန်စက်ထဲက ပြန်လာသတဲ့။ တစ်ခါတလေ ပြန်မလာဘူးတဲ့။

ဒီလိုနဲ့ ကိုသိန်းမောင်ဟာ သူ့ကို စကားလည်းမပြော၊ ထမင်းလည်း အတူမစားဘဲနေလို့ နှစ်ပတ်လောက်ကြာသွားတဲ့တစ်ညမှာ ကိုသိန်းမောင်ဟာ အရက်တွေမူးအောင်သောက်လာပြီး သူ့ကို အဝတ်အစားတွေ အထုပ်အပိုး ခိုင်းတယ်။ ရန်ကုန်ကိုသွားမယ်လို့ ပြောတယ်။ သူတို့မြို့က ရန်ကုန်နဲ့ ဝေးတာ မဟုတ်ဘူးလေ။ သူတို့မှာ ကိုယ်ပိုင်မော်တော်ကလေးလည်းရှိ တော့ အဲဒီမော်တော်နဲ့ပဲ သွားမယ်လို့ ပြောသတဲ့။ မော်တော်ပြင်ပြီးပြီတဲ့။ ဘူက မနက်မှ သွားပါလားဆိုတော့ မဟုတ်ဘူးတဲ့။ ခုသွားမယ်ဆိုပြီး သူ့ကို မော်တော်ပေါ်ကို ခေါ်သွားသတဲ့။

သူတို့မော်တော်ကားက စက်ဆိပ်မှာ ဆိုက်ထားတယ်။ တပည့်တွေ လည်း မော်တော်ကို အသင့်ပြင်ပြီးပြီ။ မော်တော်သမားလည်း စောင့်နေ

www.burmeseclassic.com



ပြီး၊ ကိုသိန်းမောင်ဟာ စက်ဆိပ်ကနေခွာတာနဲ့ သူ့ကို ဆံပင်ဆွဲ ပါးရိုက်ပြီး နင်ငါ့ကို အရူးလုပ်တယ်။ ငါ နင့်ကို လူကြီးလူကောင်းပီပီ ရန်ကုန်မှာ လက်ထပ်ခဲ့တယ်။ နင်တို့သားအမိ မျက်နှာမငယ်ရအောင်ဆိုပြီး ငါ့မြို့မှာလည်း လက်ထပ်ပွဲကြီး ခမ်းခမ်းနားနား လုပ်ပေးခဲ့တယ်။ နင့်ကိုလည်း ငါ တကယ့် သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းခဲ့တယ်။ လိုလေသေးမရှိ ထားခဲ့တယ်။ နင့်အမေကိုလည်း သမက်နဲ့မနေချင်ဘူးဆိုလို့ ရန်ကုန်မှာ တိုက်ခန်းတစ်ခန်းဝယ်ပေး၊ တစ်လတစ်ထောင်ထောက်ပြီး တင့်တင့်တယ်တယ် ယောက္ခမကို မိဘနေရာမှာ ထားခဲ့တယ်။ ခုတော့ နင်တို့သားအမိဟာ ငါ့ကို နွားမရှုံ့ပိတ်ရောင်းတာ။ နင် ဘာပြောဦးမလဲဆိုပြီး မူးမူးနဲ့ သူ့ကို ဆံပင်ဆွဲ ပါးရိုက် နားရိုက် လုပ်သတဲ့။ ဒီတွင် သူကလည်း ဟုတ်တယ်။ ကျွန်မကို ကွာချင်ရင် ကွာပစ်လိုက်။ ရှင့်ကိုလည်း ကျွန်မကြိုက်လို့ ယူတာ မဟုတ်ဘူး။ အမေပေးစားလို့ယူတာဆိုပြီး ရန်ဖြစ်စကားများကြတယ်။

တိုတိုပြောရရင်တော့ အဲဒီနောက်မှာ ကိုသိန်းမောင်နဲ့ မေခင်တို့ ကွဲသွားကြတယ်။ ကိုသိန်းမောင်က သူ့ကို မယားစရိတ်အဖြစ် ငွေငါး ထောင်နဲ့ ရန်ကုန်မှာ သူ့အမေနေတဲ့ တိုက်ခန်းကိုပါ ပေးလိုက်တယ်။

သူ့အမေကတော့ ခပ်ပေါ့ပေါ့ပဲတဲ့။ သူ မပေါင်းရင်လည်း ဘာတတ် နိုင်မလဲအေ။ တို့လည်း ရသင့်သလောက်တော့ ရလိုက်တာပဲ။ ယောကျ်ား ပေါပါတယ်လို့ ပြောသတဲ့။

ကျွန်မနဲ့တွေ့ပြီး နောက်သုံးလေးနှစ်အကြာမှာ လင်မယား ကွဲတာပဲ။ နောက်တော့ သူ့အမေက သူ့ကို အဘိုးကြီးတစ်ယောက်နဲ့ နေရာချပေး ပြန်သတဲ့။ သူက ဦးစိန်တဲ့။ သူက သားကြီး မယားကြီး ရှိတယ်။ ရှိဆို သမီးကြီးတွေကိုက သူ့လောက်နီးပါး ရှိနေကြပြီ။ အမေကြီးက သူ့သမီး လေး လင်ပစ်ခံလိုက်ရတဲ့အကြောင်း အစတုန်းကတော့ လူပျိုမှတ်လို့ ယူ လိုက်ပေမယ့် နောက်တော့ အငယ်အနှောင်းမှန်းသိရတဲ့အကြောင်း၊ အဲဒီအခါ ဘာမျှ မတတ်နိုင်တော့ကြောင်း၊ ဒါကြောင့် ကျိတ်မှိတ်ပေါင်းခဲ့ရတဲ့အကြောင်း၊ နောက်ဆုံးမှာ သားကြီး မယားကြီး သိသွားလို့ သူ့ကို စွန့်ပစ်ခဲ့တဲ့ အကြောင်း ဦးစိန်ကို ပြောပြသတဲ့။ ဒီတော့ မေခင်က သိပ်ရိုးသားတယ်မဟုတ်လား။





မေခင်က မဟုတ်ဘူးလို့ ပြောမယ်လို့လုပ်တော့ သူ့ကိုအမေကြီးက ကိုစွ နဲ့ခု အကြောင်းပြပြီး တခြားကို နိုင်းလိုက်သတဲ့။ ဒီလိုနဲ့ တိုတိုပြောရရင် တော့ မေခင်ဟာ ဦးစိန်ရဲ့ အငယ်အနှောင်းဖြစ်သွားတော့တာပေါ့။ ဟိုက လည်း ပြောင်ပြောင်ပဲ ပြောသတဲ့။ သူက အငယ်အနှောင်း သဘောမျိုး သာ ဖြစ်တဲ့အကြောင်း ပြောတယ်။ သူတို့သားအမိအတွက် တိုက်တစ်လုံး နဲ့ မော်တော်ကားတစ်စီး ဝယ်ပေးထားတယ်။ တစ်လကို တစ်သောင်း ထောက်သတဲ့။

မေခင့်အမေကတော့ ပိုကာကလေးဆွဲလိုက်၊ မင်းကတော်တွေဝိုင်းကို သွားလိုက်နဲ့ ဟန်ကျနေတာပေါ့လေ။ သူ့အမေဟာ နောက်တော့ ပိုကာတို့ ဆောက်တောင် မဟုတ်တော့ဘူး။ လေးကောင်ဂျင်တို့ တစ်ချပ်မှောက်တို့ ကစားလာသတဲ့။ တစ်ခါတလေမှာလည်း သူ့တိုက်မှာတင်ပဲ လေးကောင်ဂျင် ဝိုင်းဖွင့်တယ်။ ဆက်ရှင်ကိုလိုက်ပြီး အကောက်ကောက်တယ်။ တစ်နေ့ကို သုံးဆက်ရှင်လောက်ဖွင့်နိုင်ရန် ဟန်ကျတာပေါ့။ ဦးစိန်ဆီက ပိုက်ဆံတောင် တောင်းဖို့ မလိုတော့ဘူးပေါ့။

အဲဒီအချိန်မှာ ခြောက်မိုင်ခွဲက တိုက်ကလေးကို သူတို့သားအမိအတွက် ပေးထားပြီး ဦးစိန်က ကန်တော်ကြီးကတိုက်မှာ နေသတဲ့။ သူတို့တိုက် ကလေးကိုက ကာလပေါက်ဈေးနဲ့ တော်တော်တန်သတဲ့။ ဒီတော့ သူ့အမေ က ကိုယ်လည်း တဖြည်းဖြည်း အသက်ကြီးလာပြီ။ ညည်းယောကျ်ားဆီက ရရှိတာ ရအောင်ယူထားလို့ ပြောသတဲ့။ မေခင်ကတော့ သူ့အမေပြော တဲ့စကားကို ကောင်းကောင်း နားမလည်ဘူးပေါ့။ သူတို့မှာ ဘာလိုသေး သလဲ။ ဦးစိန်က လစဉ်ထောက်ပံ့တယ်။ ခြောက်မိုင်ခွဲမှာ တိုက်တစ်လုံး ပေးထားတယ်။ မော်တော်ကားလည်း ရှိတယ်။ ဦးစိန်ကတော့ တစ်ပတ်မှ တစ်ခါလောက်ပဲ လာတာ။ ဒီတော့ သူတို့အဖို့ ဘာမှ ပူစရာ ပင်စရာ မရှိဘူးပေါ့လို့ မေခင်ထင်တာပေါ့။

ဒါပေမဲ့ သူ့အမေကတော့ ခု သူတို့နေတဲ့ ခြောက်မိုင်ခွဲက တိုက် ဟာ သူတို့ကိုယ်ပိုင်တိုက် မဟုတ်ဘူး။ ဦးစိန်နာမည်နဲ့ထားတဲ့တိုက်တဲ့ ဒီတော့ အရေးရယ်၊ အကြောင်းရယ် ပြဿနာပေါ်လာရင် ကိုယ်ဆိုးရွှေး



www.burmeseclassic.com

www.burmeseclassic.com



သွားမှာ။ အဘိုးကြီးက ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်တွင်း ရောက်နေပြီ။ ဒီတော့ မတော်တဆ ဖြုန်းဆို သေသွားရင် ကိုယ်ဒုက္ခရောက် ကျန်ရစ်ခဲ့မှာ။ သားကြီးမယားကြီးတွေက မောင်းချရင် တို့သားအမိနှစ်ယောက် ပြေးစရာမြေမရှိဆိုသလို ဖြစ်နေလိမ့်မယ်။ ဒါကြောင့် ဒီတိုက်ကို နင့်နာမည်နဲ့ ထားဖို့ ပူဆာလို့ သင်သတဲ့။ မေခင်ကလည်း အမေသင်ပေးတဲ့အတိုင်း တကျိကျိ ပူဆာတာပေါ့။ ပထမတော့ ဦးစိန်က ဟိုလိုလို သည်လိုလို လုပ်နေတယ်။ မေခင်ကတော့ အဟုတ်ထင်နေတာပေါ့။ ဒါပေမဲ့ မေခင့်အမေကတော့ အဘိုးကြီး သူတို့ကို ဝေ့လည်ကြောင်ပတ်လုပ်တယ်ဆိုတာ သိတယ်လေ။ ဒီတော့ မေခင်ကို သူ့စကားကို အဟုတ်ထင်မနေနဲ့။ ရအောင်ယူထာလို့ ပြောတာနဲ့ မေခင်က သူ့ယောက်ျားကြီးဆီကို မိန်းမမာယာနဲ့ ပူဆာတာပေါ့။ အဘိုးကြီးက အစကတော့ တော်တော်တင်းခံနေသေးတယ်။ ဒါပေမဲ့ သူ့သားတစ်ယောက်က သိပ်ဖြုန်းလွန်း သုံးလွန်းတော့ မခံနိုင်တာနဲ့ သူလည်း ဒီတိုက်ကလေးကို သားတွေဖြုန်းမယ့်အတူတူ သူ့ပဲ ပေးလိုက်တော့မယ်ဆိုပြီး မေခင့်ကို ပေးလိုက်တာတဲ့။

မေခင်တို့ ကံကောင်းတယ်လို့ ဆိုရမယ်။ သည်နောက် တိုက်ကို သူ့ကို လွှဲပေးပြီး နှစ်နှစ်၊ သုံးနှစ်လောက်ကြာရော အဘိုးကြီးလည်း ဆုံးသွားတာပဲ။ အမေကတော့ ပြောသတဲ့။ ငါက ဒီအရေးတွေကိုမြင်လို့ တိုက်ကို မြန်မြန်အလွှဲခိုင်းရတာလို့ ပြောသတဲ့ တော်တော်လည်တဲ့ အမေကြီးနော်"

ကျွန်တော့်ဖနီးက ဇာတ်လမ်းကို ပြောနေရာမှ ကြားဖြတ်၍ မှတ်ချက်ပေးသည်။

"နောက်တော့ကော မေခင်တို့သားအမိ ဘယ်လိုဖြစ်သွားကြသတဲ့လဲ"

"အဘိုးကြီးဆုံးတော့ သူတို့ကို လစဉ်ထောက်ပံ့တဲ့ငွေ မရတော့ဘူးလေ။ ဒီတော့ သူ့အမေကြီးက အိမ်မှာ လေးကောင်ဂျင် ဒိုင်ခံတယ်။ လေးကောင်ဂျင်ဒိုင်ခံရတာကလည်း သိပ်ပိုက်ဆံအရ လွယ်တာပဲတဲ့။ မနက်ဆယ်နာရီလောက်မှာ ဝမ်းဆက်ရှင်၊ တူးဆက်ရှင်လောက် လက်ခံလိုက်၊ ညနေပိုင်းလောက်မှာ လေးငါးဆက်ရှင်လောက် လက်ခံလိုက်ရင် တစ်နေ့ကို





ကောက်ချည်းသက်သက် ငါးထောင်ကနေ တစ်သောင်းအတွင်းမှာ ရှိသတဲ့။ ဒီလိုနဲ့ မေခင်တို့သားအမိဟာ လေးကောင်ဂျင် ဒိုင်ခံတဲ့ ကြေးစားတွေ ဖြစ်လာပြီး အဲဒီလေးကောင်ဂျင်ဒိုင်ဖွင့်စားခဲ့ကြတာ တော်တော်ကြာသတဲ့"

"ဒီလို လေးကောင်ဂျင်ဒိုင် ဖွင့်နေတုန်း အစိုးရက လောင်းကစားဝိုင်းတွေကို တင်းတင်းကျပ်ကျပ် အရေးယူလို့ အမေကြီး ထောင်ထဲမှာ လေးငါးလ သွားနေရသေးသတဲ့။ ဒီတုန်းမှာ မေခင်ဟာ လေးကောင်ဂျင် ကစားသမားတွေကို လိုက်ခေါ်ပေးတဲ့ အော်ဂင်နိုက်ဇာ ကိုကျော်ညွန့်ဆိုတဲ့လူနဲ့ ညားသတဲ့။ ခု သူနဲ့ပါလာတဲ့ သမီးလေးက ကိုကျော်ညွန့်နဲ့ မွေးတာတဲ့"

"ဒါဖြင့် ခုတော့ ကိုကျော်ညွန့်က ဒီမှာ အလုပ်မကောင်းလို့ စင်ကာပူမှာ ဆိုလား၊ ဂျပန်မှာဆိုလား ရှိုးဂျော့ သွားလုပ်နေသတဲ့။ ကားတစ်စီးတော့ ပို့ပြီးပြီတဲ့"

"ခုနေတော့ကော အဘိုးကြီးဆီက အမွေရတဲ့ ခြောက်မိုင်ခွဲက အိမ်မှာပဲတဲ့လား"

"မဟုတ်တော့ဘူး။ အဲဒီအိမ်က လေးကောင်ဂျင်ရှုံးလို့ ရောင်းပစ်လိုက်ရပြီတဲ့။ ကြာပြီတဲ့။ ကိုကျော်ညွန့်နဲ့ ရစကတည်းက ရောင်းလိုက်တာတဲ့၊ ခု သူတို့က တောင်ဥက္ကလာပမှာ နေသတဲ့"

"သူ့အမေကြီးကကော"

"သူ့အမေကြီးကလည်း ကိုကျော်ညွန့်နဲ့သူနဲ့ အိမ်ထောင်ကျ၊ အဲဒီတိုက်ကိုရောင်း၊ တောင်ဥက္ကလာပကို ပြောင်းလာပြီး မကြာခင်မှာပဲ ဆုံးသွားပြီတဲ့။ ခုတော့ သူ့သားနဲ့ သူ့သမီးကလေးနဲ့ပဲ နေကြတယ်တဲ့"

"အင်း ... ငါ စိုးရိမ်တာတစ်ခုတော့ ရှိတယ်ကွာ"

"ဘာလဲ ... သူ့အမေကြီးက သူ့ကို ဗန်းပြပြီး ချူစားခဲ့သလို သူကလည်း သူ့သမီးလေးကို ဗန်းပြပြီး ချူစားမှာကို စိုးရိမ်တာလား"

"ဒါပေါ့ သူ့အဖို့ကတော့ အကြောင်းမဟုတ်ပေမယ့် ကလေးမကလေးနဲ့ နောင်ရေးကို ငါ ရင်လေးတယ်"

(ကလျာမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၉၁)

www.burmeseclassic.com

www.burmeseclassic.com

# ပန်းပုဆိုး

# ပန်းပုဆိုး

(သူနှင့်ကျွန်တော်သည် ရန်ကုန်ဘူတာကြီး ခုံးတံတားကြီးပေါ်တွင် တွေ့ ခြင်း ဖြစ်သည်။ ကျွန်တော်က ကန်တော်ကလေးမှ မြို့ထဲသို့ အကူး၊ က ရန်ကုန်ဘူကြီးထဲသို့အဆင်း ခုံးတံတား အဝင်ဝတွင် သွားတိုးမိကြ င်းဖြစ်သည်။ သူကစ၍ နှုတ်ဆက်သည့်အခါတွင် ကျွန်တော် သူ့ကို ကောင်းကောင်းမှတ်မိဖို့ ကောင်းသည်။

သူနှင့်ကျွန်တော် သိကျွမ်းကြသည်မှာ ဘာမျှ ကြာသေးသည် မဟုတ်။ လွန်ဆုံးရှိမှ လေးငါးနှစ်မျှသာ ရှိဦးမည်။ ပြီးတော့ သူက ကျွန်တော့်ထက် းစွာ အသက်ကြီးသူ။ သူ့အသက်သည် (၈၀)ကျော်လောက်ရှိပြီဟု န်တော် ထင်သည်။ သူ့အဝတ်အစားသည်လည်း မမှတ်မိနိုင်စရာမရှိ။ ခေတ်က သစ်တောအရာရှိများ ဝတ်လေ့ရှိသည့် ကာကီရောင် ကျူးနှစ် ာင်းဘီရှည်နှင့် ကာကီရောင် ကျူးနှစ် အင်္ကျီလက်ရှည်ကြီးကို ဝတ်ထား ခေါင်းပေါ်တွင် မိုးကာအုပ်ထားသည့် ဖော့ဦးထုပ်ကို ဆောင်းထားကာ က်တွင် ကာကီရောင် မိုးကာအကောင်းစား တစ်ထည်ကို ပိုက်ထားသည်။

Synergy Publication

www.burmeseclassic.com

www.burmeseclassic.com



စစ်အတွင်းက အင်္ဂလိပ်စစ်တပ်များတွင် သုံးလေ့ရှိသော ကာကီရောင် ဟေးဗားဆက်ကို ပခုံးတွင် လွယ်ထားသည်။ သူ့ ဟေးဗားဆက်ထဲတွင် ပစ္စည်းတွေ အပြည့်။ လက်တစ်ဖက်တွင်လည်း လေးထောင့်အိတ်ဖြင့် တိုလီမိုလီပစ္စည်းတွေ ထည့်ထားသည်။ သူ့အိတ်ထဲတွင် ပဲကြော်ဆီစည်း၊ ပလတ်စတစ်အိတ်ကလေးတွေဖြင့် ထည့်ထားသည့် ကုလားပဲ၊ ပဲစင်းငုံ၊ သရက်သီးသနပ် ပုလင်း၊ ဖယောင်းတိုင်ထုပ်၊ မီးခြစ်၊ လက်ဖက်ခြောက် အချိုခြောက်ထုပ်နှင့် အကြမ်းခြောက်ထုပ်၊ နိုင်ငံခြား မဂ္ဂဇင်းဟောင်း လေးငါးအုပ်။

သူသည် ထိုအဝတ်အစားကို အမြဲဝတ်တတ်သည်။ အိမ်မှာတော့ လုံချည်အင်္ကျီ ဝတ်ပေလိမ့်မည်။ သို့ရာတွင် လမ်းထွက်လျှင် လုံချည်ဝတ်သည်ကို တစ်ခါမျှ မမြင်ဖူးပါ။ ကျူးနစ်အင်္ကျီသည် သည်ခေတ်တွင် တော်တော်ရှားနေပါပြီ။ ကြေးကြယ်သီးတွေ တပ်ထားပြီး တင်ပါးဖုံးနေသည့် ကျူးနစ်အင်္ကျီရှည် ဖြစ်ပါသည်။ သူ့ကျူးနစ်အင်္ကျီမှ ကြေးကြယ်သီးများသည် အမြဲလို ဝင်းလက်နေတတ်ပါသည်။ အညှိတက်၍ မည်းနက်နေသည်ကို တစ်ခါမျှ မမြင်ဖူးပါ။ သူ့ရှူးဖိနပ်သည်လည်း ဟောင်းနွမ်းနေသည့်တိုင် ပေါလစ်အမြဲတိုက်နေသည့် အညိုရောင် သားရေရှူးဖိနပ်အကောင်းစား ဖြစ်ပါသည်။

သူသည် အသက် (၈၀)တွင်းသို့ ရောက်နေသည့်တိုင် ခါးမကိုင်းသေး၊ နားမလေးသေး။ စာကြည့်မျက်မှန် တပ်ရသည်ကလွဲ၍ မျက်စိမမှုန်သေး။ တစ်လလျှင် အနည်းဆုံး တစ်ကြိမ်၊ အများဆုံး နှစ်ကြိမ်လောက်တော့ ရန်ကုန်မြို့ထဲကို တစ်ယောက်တည်း လာပြီး မြို့တော်ရန်ကုန်ကို ငေးမောနေနိုင်သေးသည်။

သူသည် ကျွန်တော်နှင့် တွေ့ရသည့်အခါတွင် သူဝမ်းသာအားရဖြင့် နှုတ်ဆက်ပြီး လက်ဖက်ရည်သောက်ရန် ခေါ်သည်။ သူသည် အားနာတတ်သူ၊ လူကြီးလူကောင်းပီသသူ ဖြစ်သည်။ ကျွန်တော်ကလည်း သူနှင့် တွေ့ချင်သဖြင့် ဘူတာရုံ အပြင်ဘက်က လမ်းဘေးလက်ဖက်ရည်ဆိုင်တစ်ခုသို့ ထွက်ခဲ့ကြသည်။

အသက် (၈၀)ကျော် အရပ်ပြတ်ပြတ်၊ ပိန်ပိန်ပါးပါး၊ ဆံပင်တို့ ဖြူဖွေးစပြုနေပြီ။ သို့တိုင် သူ့ခါးသည် မတ်နေဆဲ။ သူ့ခြေလှမ်းများသည် သွက်





...နေဆဲ။ သူ့အမည်က ဦးချစ်ကိုကို။)

ဆရာ အားတယ်နော်။ ကျွန်တော်နဲ့ လက်ဖက်ရည်သောက်ဖို့ အချိန် ...ယ်နော်။ ဒီနေ့ ကျွန်တော် ပင်စင်လစာ ထုတ်တဲ့နေ့ ဆရာရဲ့။ ဒါကြောင့် ...ကို ကျွန်တော် ပြုစုပါရစေ။ ဟုတ်ကဲ့ တစ်လတစ်ခါ လာပြီး ပင်စင် ...တာပေါ့လေ။ ပင်စင်ထုတ်ရင်း မြို့ထဲမှာ ရှော့ပင်ပေါ့ ဆရာရယ်။ ...မှာ ကျွန်တော် စားတတ်တဲ့ဟာလေးတွေ ကိုယ်တိုင်လိုက်ဝယ်တယ်။ ...ဖက်ခြောက် အချိုခြောက်တို့၊ အကြမ်းခြောက်တို့၊ ကော်ဖီမှုန့်တို့၊ ...တော့ ဘီစကွတ်ကလေး ဘူးလေးပေါ့။ ဟိုတုန်းကတော့ တစ်ခါတလေ ...ကလေးတစ်ဘူး ဝယ်တယ်။ ဒါမှ မဟုတ်ရင်လည်း ထောပတ်ကလေး ...ဘူးဝယ်တယ်။ ခုတော့ ချိစ်လည်းမဝယ်နိုင်၊ ထောပတ်လည်း မဝယ်နိုင် ...ဘူး ဆရာ။ ကျွန်တော့် ပင်စင်လစာကလေးနဲ့ ထောပတ်တစ်ဘူးဖိုး၊ ...တစ်ဘူးဖိုးလောက်ပဲ ရှိတော့တယ်။ ဒါတွေ မစားတော့ပါဘူး။ ကျွန်တော် ...စားလည်း သိပ်မစားတော့ဘူး။ ခြေလေးချောင်းသားဆိုပါတော့ ဆရာ။ ...များအားဖြင့်တော့ ငါးနဲ့ဟင်းသီးဟင်းရွက်တို့၊ ပဲတို့ စားပါတယ်။ ခု ...တော့်အတွက် ကုလားပဲနဲ့ ပဲစင်းငုံ ဝယ်လာတယ်။ ပဲကြော်ဆီတို့ ဘာတို့ ...ပါတယ်။ ကုလားပဲကို အချိုချက်စားတယ်။ ကုလားပဲဟင်းလို ချက်စား ... အမျိုးမျိုးပေါ့ ဆရာ။ တစ်ခါတလေလည်း ပဲစင်းငုံကို ချက်စား ...။ ဒီကောင်တွေက ပရိုတိန်းများများပါတာကိုး ဆရာ။

ဟုတ်ကဲ့ ရန်ကုန်ထဲလာရင် ကျွန်တော် ဘယ်တော့မှ ဘတ်စ်ကား ...ဘူး။ ဒါခုမှ မဟုတ်ဘူး။ ဟိုတုန်းကတည်းကလည်း ကျွန်တော် ဘတ်စ် ...မစီးဘူး။ ရန်ကုန်နဲ့ ကျွန်တော်နေတဲ့နေရာကို ဘတ်စ်ကားစီးတာဆိုလို့ ...တော့်တစ်သက်မှာ လေးငါးခါလောက်ပဲ ရှိလိမ့်ဦးမယ်။ အမြဲတမ်း ...သည်းပဲ စီးတာ။ ရထားတို့ဘာတို့ ပျောက်သွားရင်လည်း ကျွန်တော် ...ရထားကို စောင့်စီးတာပဲ။ ကျွန်တော့်မှာ တစ်နှစ်စာ မီးရထားလက်မှတ် ...ထားတယ်လေ။ ဈေးလည်းချိုတယ်။ ရထားစီးရတာလည်း ချောင်ချောင် ... သက်သက်သာသာ ရှိတယ်။ ဒါကြောင့် ရန်ကုန်နဲ့ ကျွန်တော်နေတဲ့ ...ကို အများအားဖြင့် ရထားနဲ့ပဲ သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကတော့ လန့်ချိထရိန်းဆိုတာ ရှိတယ်ဆရာ။ နေ့လယ်စာ စားချိန်ထွက်တဲ့ ရထား။ ကျွန်တော်က အိမ်က မနက်အစောကြီး ရထား... လိုက်လာပြီး ရန်ကုန်ထဲမှာ ဈေးဝယ်တယ်။ သွားစရာရှိတာ သွားတယ်... သွားပြီးရင် လန့်ချိထရိန်းနဲ့ ပြန်တယ်။ အိမ်ရောက်မှ နေ့ခင်းလက်ဖက်ရည်... သောက်တယ်။ လက်ဖက်ရည်ကတော့ ကျွန်တော်စိတ်ကြိုက်ဖျော်ထား... လက်ဖက်ရည်ပေါ့ ဆရာရ။ လက်ဖက်ရည်ကိုကျအောင် ကျိုပြီးတော့ ဖျော်... မယ့်အိုးကို လက်ဖက်ရည် လောင်းမထည့်သေးခင် မီးဖိုမှာ တင်လိုက်... အိုးဖင် တော်တော်ပူသွားပြီဆိုတော့မှ အဲဒီ လက်ဖက်ရည်အိုးထဲကို ကျိုထား... လက်ဖက်ရည်ကို လောင်းထည့်လိုက်။ ပြီးတော့ သကြားပေါ့ပေါ့ကလေး... ဖျော်၊ ရေတ်ကောင်းမှုန့်ကလေး နည်းနည်းဖြူးပြီး မွှေလိုက်၊ အဲဒါ အင်္ဂလိ... သောက်တဲ့ လက်ဖက်ရည်ပဲ ဆရာ။

အဲ ... ခုလို ပင်စင်ထုတ်တဲ့နေ့တွေဆိုရင် အဲဒါက အိမ်ရောက်... သောက်တဲ့ အက်ဖတာနွန်းတီး။ နေ့ခင်းလက်ဖက်ရည်ပေါ့ ဆရာ။ သုံးနာ... လောက်မှ သောက်တာ။ ဟိုတုန်းကတော့ ဘီစကွတ်ကလေးနဲ့ ချိစ်ကလေး... ါမှမဟုတ်ရင်လည်း ထောပတ်ကလေးနဲ့ ယိုကလေးပေါ့လေ။ ခုတော... ါတွေ မစားနိုင်တော့ပါဘူး။ နေ့ခင်း လက်ဖက်ရည်သောက်ရင် ဘိန်းမု... ဟောင် ခု တော်တော်ဈေးကြီးနေလို့ အရင်တုန်းကလို ခပ်ကြီးကြီး မစားနိ... တော့ဘူး။ အသေးပဲ စားနိုင်တော့တယ်။ 'ဘိန်းမုန့်နဲ့ လက်ဖက်ရည်ဆို... ကျွန်တော့်အဖို့တော့ အက်ဖတာနွန်းတီး ပြီးသွားတာပဲ ဆရာ။

အဲ ... ရန်ကုန်ထဲရောက်တိုင်း ကျွန်တော်လုပ်တာ တစ်ခုရှိတ... ယ်စရာရှိတာတွေ ဝယ်ပြီးပြီ။ စာအုပ်တန်းတွေ၊ စာအုပ်ဆိုင်တွေ လျှော... ကြည့်ပြီးပြီဆိုရင် မဟာဗန္ဓုလလမ်း၊ လွှတ်လမ်းထိပ် (ဆိပ်ကမ်းသာလမ်း)... ရှိတဲ့ ချစ်တီးဆိုင်ကိုဝင်ပြီး နေ့လယ်စာ စားတယ်။ နေ့လယ်စာဆို... သိပ်ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး။ ပူရီရယ်။ အာလူးရယ်၊ ချစ်... ကော်ဖီရယ်။ ဒါမှမဟုတ်ရင်လည်း တို့ရှည်နဲ့ ချစ်တီးကော်ဖီပေါ့ ဆ... ဒါကတော့ ကျွန်တော် ရန်ကုန်မြို့ထဲကိုရောက်ရင် အဲဒီဆိုင်မှာ အဲဒီ... စားနေကျ။ အကျင့်ဖြစ်နေပြီ။ ရန်ကုန်မြို့ထဲရောက်ပြီး အဲဒီဆိုင်မှာ အဲဒီ...





...ခဲ့ရရင် ရန်ကုန်မြို့ထဲကို ရောက်တယ်လို့ ကျွန်တော် မထင်ဘူး။

ဟင့်အင်း ... တခြားချစ်တီးဆိုင်မှာ ကျွန်တော် မစားဘူး ဆရာ။ ...ဆိုင်မှာပဲ စားတယ်။ ဒါစစ်မဖြစ်ခင်ကတည်းက ကျွန်တော် ရန်ကုန်မှာ... အဲဒီဆိုင်မှာပဲ စားတယ်။ တခြားဘယ်ဆိုင်ကိုမှ မစားဘူး။ ကျွန်တော့်လိုပဲ... ချစ်တီးဆိုင်ကိုစားတဲ့ လူတစ်ယောက်ရှိသေးတယ်။ ကာတွန်းဆရာကြီး ...နွန်းရယ်။ ဦးဟိန်စွန်းကတော့ ရန်ကုန်မှာ တစ်သက်လုံးနေလာပြီး ...ကုန်မှာပဲ ခေါင်းချသွားတာ မဟုတ်လား။ ရန်ကုန်မှာ နေတဲ့တစ်သက်လုံး ... သူဟာနေ့လယ်စာကို အဲဒီဆိုင်မှာပဲ စားတယ်တဲ့။ စားတော့လည်း ...လူးပူရီနဲ့ ချစ်တီးကော်ဖီပဲ။ မနက်စာအဖြစ် ဒါပဲ စားတယ်။ သူက ...ကြီး၊ လူပျိုကြီးမဟုတ်ရင်လည်း လူလွတ်တစ်ယောက်မဟုတ်လား။ ...င်းစာတိုက်တွေ ဘာတွေက လျှောက်လာပြီး ပြန်လာရင် ညမှာတော့ ...ရုတ်တန်းမှာ သွားစားတယ်တဲ့။ မနက်စာဆိုရင် (၁၂)နာရီထိုးတာနဲ့ ...ဆိုင်ကို သူရောက်လာတော့တာပဲ။

ကျွန်တော်ကတော့ သူ့လိုရန်ကုန်မှာ အမြဲနေရတာ မဟုတ်ဘူးလေ ...ရာရဲ့။ ဟိုတုန်းက ငယ်ငယ်စစ်မဖြစ်ခင် ရန်ကုန်မှာ နေရတုန်းကတော့ ...တော်လည်း အဲဒီချစ်တီးဆိုင်မှာပဲ နေ့လယ်စာ စားတယ်။ နောက်တော့ ...ရောက်၊ တောထဲ တောင်ထဲရောက်ဆိုတော့ ကျွန်တော် ဘယ်စားနိုင် ...မလဲ ဆရာ။ အဲ ... ခု ပင်စင်ယူလို့၊ အင်းစိန်ရွာမမှာ အခြေချလို့ ...ကုန်မြို့ထဲကိုစွရှိလို့ လာတိုင်း ဒီဆိုင်မှာပဲ ကျွန်တော် နေ့လယ်စာ ...တယ်။

အဲဒီမှာ စားသောက်ပြီးမှ လန့်ချိထရိန်းနဲ့ ကျွန်တော် ရွာမကို ပြန်တယ် ...ရာ။ ခုတော့ မရှိဘူး။ ဟိုတုန်းကတော့ အဲဒီရထားမှာ စာပို့တိုက်က ...အုပ်တွေ ပါတဲ့အတွက် သူ့ကို မေးလ်ထရိန်းလို့လည်း ခေါ်ကြတယ်။ ...တော့ ဘယ်လိုခေါ်သလဲ မပြောတတ်တော့ဘူး။ ဟိုတုန်းကတော့ စာပို့ ...

ကျွန်တော် အိပ်တော့လား။ အိမ်မှာ ဘာမှ မလုပ်ရင်တော့ ညကျရင် ...ရှိရုံ၊ အာနာပါန ကမ္မဋ္ဌာန်းကျင့်၊ မများပါဘူး။ တစ်နာရီလောက်



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ကုသိုလ်လည်းရအောင် ကျန်းမာရေးလည်းကောင်းအောင် သမာ ရအောင်ဆိုပြီး ကျင့်တာပါပဲ ဆရာ။

ဟိုတုန်းကတော့ ...

ရန်ကုန်ထဲ မလာတဲ့နေ့တွေမှာဆိုရင် ကျွန်တော်အိမ်မှာ တိုလီမို လုပ်တယ် ဆရာ။ တိုလီမိုလီဆိုတာ အိမ်မှာရှိတဲ့ ပန်းပင်သစ်ပင်ကလေးတွေ ရေလောင်းတယ်။ ရှားပါးတဲ့ သစ်ခွမျိုးကလေးတွေကို ကျွန်တော် စိုက်ထား တယ်။ တခြား ရှားပါးတဲ့ ပန်းပင်တွေလည်း စိုက်တယ်။ ပြီးတော့ ကင်ပွန်းရွ တို့၊ ခတက်တို့၊ ဆူးပုတ်တို့စတဲ့ ဟင်းရွက်ကလေးတွေလည်း စိုက်ထားတေ သူတို့ကို ရေလောင်းတယ် ဆရာ။

သူတို့ကို ရေလောင်းတယ်ဆိုတာ ကျွန်တော့်ခြံမှာက ရေတွင်းဆိုတော့ ရေဝင်တယ်။ အတော်နှစ်ဆယ်၊ အစိတ်လောက် ရှိမှာပေါ့ဆရာ။

ဟုတ်ကဲ့။ ခုတော့ မကောင်းတော့ဘူး ဆရာ။ ပြီးတော့ ကျွန်တော့် အကျင့်ပါနေတာတစ်ခု ရှိတယ်ဆရာ။ ကျွန်တော်က ပန်းပင်တွေ မမြင်ရရ သစ်ခွတွေ မမြင်ရရင် မနေတတ်တော့ဘူး။ ကျွန်တော့်အိမ်မှာ သစ်ခွ ကို တတ်နိုင်သမျှရှာကြံ စုဆောင်းရှာဖွေစိုက်ထားတယ်။ ဒါ ဟိုတုန်းက လေ။

နေ့လယ် နေ့ခင်းမှာ စာဖတ်တယ်ဆရာ။ စာကတော့ အစုံဖတ်ပါတယ် လောကီစာတွေ၊ လောကုတ္တရာ စာတွေရော ဆိုပါတော့ဆရာ။ လောကီ တွေထဲမှာတော့ ဆရာတို့ရေးတဲ့ ဆောင်းပါး၊ ဝတ္ထုတွေ။ ပြီးတော့ ရက္ခဗေ ပညာရပ်နဲ့ ပတ်သက်တဲ့ စာတွေပဲ အဖတ်များပါတယ်။

ရာသီဥတုကောင်းရင် မနက်တစ်ခေါက်၊ ညနေတစ်ခေါက် လ လျှောက်ပါတယ်။ ဟုတ်ကဲ့ တစ်နေ့ကို နှစ်မိုင်လောက်တော့ လျှောက် ပါတယ်။ တစ်သက်လုံး လမ်းလျှောက်လာခဲ့တဲ့လူကိုး ဆရာရဲ့။ မလျှော ဘဲ မနေနိုင်တော့ဘူး။

ဟုတ်ကဲ့။ ပြောပါ့မယ် ဆရာ။ ဆရာက ကျွန်တော်တို့ ခရီးမှ အကြောင်းကို သိချင်မှာပေါ့။ ဆရာ ဘာသာပြန်တဲ့ "ရောဝတီသို့အပြ ကိုလည်း ကလေးတွေပြလို့ ကျွန်တော် ဖတ်ရပါတယ် ဆရာ။ အစ





တော့ မသိဘူး။ နောက်တော့ ကလေးတွေက ယူလာပြီးပြလို့ အဲဒီ ဆောင်းပါးကို လစဉ်ဖတ်ဖြစ်ပါတယ် ဆရာ။ အဲဒီဆောင်းပါးတွေဖတ်ပြီး ဆရာ့ကို တွေ့ချင်တာနဲ့ ဟိုတစ်ခါ ပထမဆုံး ဆရာ့ကို ကျွန်တော် လာတွေ့ တာပါ ဆရာ။ ဆရာ့အတွက်လည်း အထောက်အကူဖြစ်မယ်။ ကျွန်တော် ပြောချင်တာကလေးတွေလည်း ပြောရအောင်ဆိုပြီး အဲဒီတုန်းက ဆရာ့ဆီကို လာခဲ့တာပါ။

ဟုတ်ပါတယ် ဆရာ။ အဲဒီတုန်းက ဆရာဘာသာပြန်တဲ့ "ရောဝတီသို့ အပြန်"ဆိုတဲ့ စာအုပ်ကိုရေးတဲ့ အက်ကင်းဒမ်းဝဲ့ဒ်ဟာ ဟိမဝန္တာတစ်ဝိုက်မှာ ပေါက်တဲ့ သစ်ပင်တွေ၊ ပန်းတွေနဲ့ ပတ်သက်လို့ ပါရဂူပါ။ အဲဒီက သစ်ပင်တွေ တော်တော်များများကိုလည်း သူသိပါတယ်။ ပန်းတော်တော် များများကိုလည်း သူသိပါတယ်။ သူက မြန်မာနိုင်ငံကို စစ်မဖြစ်ခင်တုန်း ကတည်းက လာသွားဖူးပါတယ်။ အဲဒီတုန်းက "မြန်မာနိုင်ငံ ရေခဲတောင် များ"ဆိုတဲ့ စာအုပ်ကို ရေးခဲ့ပါတယ်။ နောက် ဒုတိယအကြိမ် ပြန်လာ တယ်။ အဲဒီက အပြန်မှာ "ရောဝတီသို့အပြန်"ဆိုတဲ့ စာအုပ်ကို ရေးတာပါ။

ဟုတ်ကဲ့။ နောက်တစ်ခေါက်လည်း လာပါသေးတယ်။ နောက် တစ်ခေါက်မှာ သူဝိတိုရိယတောင်ကို တက်ပါတယ်။ ဒီခရီးနှစ်ခေါက်စလုံးမှာ ကျွန်တော်ပါတယ် ဆရာ။

ကင်းဒမ်းဝဲ့ဒ်နဲ့ ကျွန်တော်နဲ့တွေ့တာကတော့ ၁၉၅၂ ခုနှစ်မှာ ပထမ ဆုံး စတွေ့တာ ဆရာ။ အဲဒီတုန်းက ကျွန်တော်က ရန်ကုန်သစ်တောမင်းကြီး ရုံးမှာ အလုပ်လုပ်နေတယ်။

တစ်နေ့တော့ သစ်တောဝန်ဦးအောင်ဒင်နဲ့အတူ (၆၀)လောက်ရှိတဲ့ အင်္ဂလိပ်အဘိုးကြီးတစ်ယောက် ကျွန်တော်တို့ရုံးကို လိုက်လာတယ်။ ဦးအောင် ဒင်က ကျွန်တော့်ကို အဲဒီအင်္ဂလိပ်အဘိုးကြီးနဲ့ မိတ်ဆက်ပေးတယ်။ အဲဒီ တော့မှ အဘိုးကြီးဟာ ကမ္ဘာကျော် ရက္ခဗေဒပါရဂူကြီးတစ်ဦးဖြစ်တဲ့ ကင်းဒမ်းဝဲ့ဒ်ပါလားဆိုတာ ကျွန်တော် သိတယ်။ မြန်မာပြည်မြောက်ပိုင်းက ရေခဲတွေ၊ တောင်တွေအကြောင်း ရေးထားတဲ့ သူ့စာအုပ်ကိုတော့ ဖတ်ဖူး နေတာပေါ့ ဆရာ။ ဒါပေမဲ့ သူနဲ့တွေ့ရလိမ့်မယ်လို့ မျှော်လင့်မထားတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တော်တော် ဝမ်းသာသွားတယ်။

ဦးအောင်ခင်က သစ်တောစိုက်ပျိုးရေးဌာနက ဦးသာလှနဲ့ ကျွန်တော့်ကို ကင်းဒမ်းဝါ့ဒ်နဲ့အတူ လိုက်သွားရမယ်လို့ ပြောတယ်။ ကျွန်တော် တော်တော် ဝမ်းသာသွားတယ် ဆရာ။ ကျွန်တော်တို့က ရုက္ခဗေဒကိုလည်း ဝါသနာ ပါတယ်။ ပန်းတွေကိုလည်း ဝါသနာပါတဲ့လူဆိုတော့ မြန်မာပြည်မြောက်ပိုင်း တြိဂံဒေသက ရေခဲတောင်ကြီးတွေ၊ တောနက်ကြီးတွေထဲမှာ ပေါက်နေတဲ့ သစ်ခွပန်းတွေ သိပ်မြင်ဖူးချင်နေတာ။

ကင်းဒမ်းဝါ့ဒ်က သူတစ်ယောက်တည်း မဟုတ်ဘူးဆရာ။ သူ့ဇနီး အဘွားကြီးလည်း ပါတယ်။ သူလည်း တောထဲတောင်ထဲကို လိုက်မှာ။ သူလည်း ရုက္ခဗေဒပါရဂူပဲ။ ကြည့်နော် ဆရာ။ သူတို့ အဘိုးကြီး အဘွားကြီးတွေတောင်။ ဒီတောနက်ကြီး၊ ဒီတောင်မြင့်ကြီးတွေပေါ်ကို သွားရဲသေးတာ။ ကျွန်တော်တို့ လူငယ်တွေက ဘာမသွားရဲစရာ ရှိသလဲ။ အဲဒီတုန်းက ကျွန်တော်က ဘာရှိဦးမှာလဲ ဆရာ။ လေးဆယ်လောက်ပဲ ရှိဦးမှာပေါ့။ ဦးသာလှကလည်း ကျွန်တော့်လောက်ပဲ ရှိမှာပေါ့။

ကျွန်တော်တို့ သွားရမယ့် နယ်မြေက မြန်မာပြည်မြောက်ပိုင်း တြိဂံ နယ်မြေ ဆရာ။ တြိဂံနယ်မြေဆိုတာ ဧရာဝတီမြစ်ဖျား မေခနဲ့ မလိခကြားက သုံးမြှောင့်ချွန်းကလေးကို ခေါ်တာ။ အဲဒီမှာရှိတဲ့ သစ်ပင်တွေနဲ့ ပန်းပွင့်တွေကို လိုက်ရှာကြမှာ။

အဲဒီ တြိဂံနယ်မြေကို ကျွန်တော်တို့သွားတဲ့ ခရီးအကြောင်းကတော့ ဆရာ ဘာသာပြန်တဲ့ "ဧရာဝတီသို့ အပြန်"ထဲမှာလည်း တော်တော်လေး ပြည့်ပြည့်စုံစုံ ပါပါတယ် ဆရာ။

ပြီးတော့ ကျွန်တော်ရေးပြီး စာပေဗိမာန်က ထုတ်ခဲ့တဲ့ "ရုက္ခမုဆိုး" ဆိုတဲ့ စာအုပ်ကလေးထဲမှာလည်း ပါပါတယ်။

ပထမတစ်ခေါက်တုန်းက တြိဂံနယ်မြေထဲမှာ ကျွန်တော်တို့တစ်တွေ တော်တော် ကြာတယ်ဆရာ။ ကြာဆို ကျွန်တော်မှတ်မိသလောက် ၁၉၅၃-ခု၊ မတ်လ ၆ ရက်ကနေပြီး ၁၉၅၄-ခု၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့အထိ ဆိုတော့ တစ်နှစ်ပြည့်ဖို့ တစ်ပတ်ပဲလိုတော့တယ်။ နွေရာသီရော၊ မိုးရာသီရော၊ ဆောင်းရာသီရော ဥတုသုံးခုစလုံး ကျွန်တော်တို့တစ်တွေ တောင်ပေါ်မှာ ရှိနေကြတယ်။ အခက်အခဲတွေကတော့ အမျိုးမျိုးပေါ့ ဆရာရယ်။ ရိက္ခာပြတ်လပ်တဲ့ အခက်အခဲ၊ နေထိုင်မကောင်းတဲ့ အခက်အခဲနဲ့ လုံလောက်တဲ့ ဆေးဝါးကုသမှုမရှိတဲ့ အခက်အခဲ၊ ရာသီဥတု ကြမ်းတမ်းမှု အခက်အခဲ အမျိုးမျိုး ဆိုပါတော့။ ရာသီဥတုကလည်း ကြမ်းသလား မမေးနဲ့။ တစ်ခါတလေ မိုးရွာလိုက်တာဟာ တစ်လလောက်နဲ့ မစဲတော့ဘူး။ ပိုဆိုးတာက မြူနှင်းနဲ့ ရောနေတော့ အမြဲတမ်း မိုးရွာသလိုလို ဖြစ်နေတယ်။ တစ်ခါတလေ မိုးသိပ်ကြီးလို့ ကျွန်တော်တို့ ထိုးထားတဲ့တဲက မိုးမလုံတော့ဘဲ တစ်ချောက်လုံး ရေတွေစိုနေတယ်။ အဲဒီထဲမှာပဲ နေရတော့တာပဲ။

ဒါပေမဲ့ ကျွန်တော်တို့တက်ချင်တဲ့ ရေခဲတောင်တွေပေါ် တက်ခဲ့ရ တောင်ထိပ်ကို ရောက်သွားတဲ့အခါကျတော့ ကျွန်တော်တို့တစ်တွေ ပင်ပန်းတာတွေ၊ ဘေးအန္တရာယ်တွေ အားလုံးကို မေ့သွားတယ်ဆရာ။ တောင်တက်သမားတစ်ယောက် တောင်ပေါ်ကိုတက်လာပြီး တောင်ထိပ်ပေါ်ရောက်ပြီလို့ ခံစားရတဲ့ ပီတိဟာ ဘယ်ပီတိနဲ့မှ မတူဘူးထင်တာပဲ ဆရာ။ တောင်ထိပ်ကိုရောက်ပြီဆိုပြီး ကိုယ့်ကိုယ်ကိုလည်း ဖိုပြီး ယုံကြည်စိတ်ချမှု ရှိတယ်။ ပတ်ဝန်းကျင် လောကကြီးကို အပေါ်ကနေ စီးကြည့်နိုင်တဲ့ နေရာအထားကို ရပြီဆိုပြီး ကျေလည်းကျေနပ်တယ်။

ဟုတ်ကဲ့။ ကျွန်တော်တို့သွားတဲ့ ခရီးမှာ မြန်မာပြည်မြောက်ပိုင်းမှာ ရှိတဲ့ သစ်ပင်တွေ၊ ပန်းပွင့်တွေအကြောင်းကို တော်တော်များများ သိရပါတယ်။ သစ်ခွဆိုတာကတော့ အမျိုးအမည်တောင် ပြောလို့မရတော့ဘူးလေ။ တချို့သစ်ခွတွေက နာမည်ရှိပြီးသားတွေ။ တချို့သစ်ခွတွေကတော့ နာမည်မရှိသေးလို့ ကျွန်တော်တို့က နာမည်ပေးခဲ့ရတယ်။ တောင်ကမ်းပါးယံတွေမှာ ကျောက်ချဉ်ပန်းတွေ၊ မြေဝပ်သစ်ခွတွေကလည်း အများကြီးပဲ။ တောင်မြင့်ဇလပ်တွေ၊ ဂျူနီပါလို့ခေါ်တဲ့ ကျောက်ထင်းရှူးပင်တွေ၊ ပြီးတော့ ရိုဒိုဒင်းဒရွန့်ပန်းတွေ၊ အိုင်းရစ်ဝါဒီအိုင်ပန်းတွေ၊ ဆင်ဗိဒီယမ်ပန်းတွေ၊ ဗင်ဒါ မာလဲယားပန်းတွေ၊ ဟိုက်ပါရီယန် ပန်းတွေ။ အို ... စုံလို့ပဲ ဆရာ။ တချို့ပန်းတွေက အင်္ဂလိပ်နာမည်ရှိတယ်။ မြန်မာနာမည် မရှိဘူး။ တချို့က







www.burmeseclassic.com

www.burmeseclassic.com



ကချင်နာမည်တို့၊ ယောယင်နာမည်တို့ ရှိတယ်။ မြန်မာနာမည် မရှိဘူး အင်္ဂလိပ်နာမည်၊ လက်တင်နာမည်လည်း မရှိဘူး။

အပျော်ဆုံးကတော့ ကိုယ်တစ်ခါမှ မတွေ့ဖူးတဲ့ ပန်းမျိုးနွယ် အသ... တစ်ခုကို တွေ့လိုက်တာ အပျော်ဆုံးပဲ ဆရာ။ ကင်းဒမ်းဝါ့ဒ်တို့ လင်မယ... က ဒီနားတစ်ပိုက်မှာရှိတဲ့ ပန်းတွေကိုလည်း သိတယ်။ လန်ဒန်ပန်းပြတိုက် မှာရှိတဲ့ ကမ္ဘာ့အရပ်ရပ်မှာရှိတဲ့ ပန်းတွေကိုလည်း သူတို့သိတယ်။

အဲ ... ဘယ်မှာမှ မရှိတဲ့ပန်း၊ ကမ္ဘာပေါ်မှာ ဒီတြိဂံနယ်မြေမှအ... တခြား ဘယ်မှာမှ ရှာလို့မရနိုင်တဲ့ ပန်းမျိုးတွေကို တွေ့လိုက်ပြီဆိုရင်တော ရွှေတွေ့တာထက်တောင် ဝမ်းသာလိမ့်မယ် ထင်တယ်ဆရာ။ ပြီးတော့ တြ... နယ်မြေက ရာသီဥတုဟာ သုံးလေးမျိုးလောက် ရောထွေးနေတဲ့ ရာသီဥ... မျိုးဆရာ။ ကမ္ဘာမှာ ဘယ်မှာမှ ရှာမတွေ့နိုင်တဲ့ သစ်ပင်တွေ၊ ပန်းပွင့်... အပေါ်ဆုံးနေရာလို့ ကင်းဒမ်းဝါ့ဒ်က ပြောဖူးပါတယ်။ ရုက္ခဗေဒ သု... သန လုပ်လို့အကောင်းဆုံး၊ ပန်းပွင့်တွေနဲ့ ပတ်သက်တဲ့ သုတေသနလုပ်... အကောင်းဆုံးနေရာတဲ့။

ကျွန်တော် အသက်ကြီးလာလို့ ဆရာ။ နို့မို့ရင် အဲဒီနေရာကို နော... တစ်ခေါက်လောက်သွားပြီး ပန်းပွင့်တွေ၊ သစ်ပင်တွေကို လိုက်ရှာချင်သေ... တယ်။ ပန်းပွင့်မှဆိုး လုပ်လိုက်ချင်သေးတယ်။ ဒါပေမဲ့ ဝိတိုရိယကို တ... ရတာက တြိဂံနယ်မြေကို သွားရသလောက် မခက်ပါဘူး။ လမ်းကလည်... သာတယ်။ အမြင့်ကလည်း ပေတစ်သောင်းကျော်လောက်ပဲ ရှိတယ်။ တြိ... နယ်မြေကတော့ လမ်းလည်းကြမ်း၊ တောလည်း ထူတယ်။ ရာသီဥတုလည်... ပြင်းထန်တယ်။ တောင်ထိပ်တွေကလည်း မြင့်တယ်။ လမ်းပန်း အဆ... အသွယ်ကလည်း ပြတ်တယ်။

ကင်းဒမ်းဝါ့ဒ်နဲ့ ကျွန်တော်နဲ့ တွေ့လာတဲ့ သစ်ခွတွေ၊ ပန်းတွေ... ကျွန်တော် စာရင်းလုပ်ထားတယ် ဆရာ။ အပင်တွေကတော့ ကျွန်တေ... ဆီမှာ မရှိတော့ဘူး။ ကျွန်တော် ထိန်းသိမ်းမထားနိုင်ဘူးလေ ဆရာ။

ခပ်စောစောပိုင်းတုန်းကတော့ ကျွန်တော် တတ်နိုင်သမျှ ထိန်းသိ... ထားပါသေးတယ်။ ကျွန်တော့်ခြံထဲမှာတင် သစ်ပင်ပန်းပင်ကလေးအ... ...တယ်။ သစ်ခွအုံတွေ လုပ်တယ်။ နောက်တော့ ကျွန်တော့်ခြံလေးကို ...ဖြည်းဖြည်း ဖွဲ့ရောင်းလိုက်ရတယ် ဆရာ။ ခုတော့ ခြံတောင်မရှိတော့...

သစ်ခွပန်းတွေအတွက် မပြောနဲ့ ကျွန်တော့် တစ်နေရာစာတောင်မှ ...သိမ်းတွေရှိလို့ ရတာ။ နို့မို့ရင် ကျွန်တော်လည်း သစ်ခွတွေနဲ့အတူ ...ထဲ လေထဲမှာ လွင့်ပါသွားလောက်ပြီ။

(ကလျာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၁)

* * *



www.burmeseclassic.com

www.burmeseclassic.com

# အပျော်ရဲခြင်းနှင့် အနေရဲခြင်း

# အပျော်ရဲခြင်းနှင့် အနေရဲခြင်း

မိုးရာသီ တစ်မနက် ဦးဝိစာရလမ်းမကြီးပေါ်တွင် ကျွန်တော် လမ်း[illegible]ောက်ပြန်လာစဉ် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် လမ်းကြောင်းပေါ်မှ [illegible]ဉ်နှစ်ရောင် ဟိုင်းလက်ကားတစ်စီး ဟွန်းသံတတီတီပေးပြီး ဖြတ်သွား[illegible]။ ကျွန်တော်နှင့် တည့်တည့်လောက် ရောက်သည့်အခါတွင် ကားပေါ်[illegible]မျိုးသားတစ်ယောက်က လက်ပြနှုတ်ဆက်ကာ "ဆရာ ဘယ်သွားမလို့[illegible]" လှမ်းအော်သည်။ ကျွန်တော်က မျက်စိမွဲသူဖြစ်၍ မည်သူ မည်ဝါ[illegible]ခဲ့။

သည်လိုပင် ကျွန်တော် လမ်းလျှောက်နေစဉ် ကားပေါ်မှ လက်ပြ[illegible]ဆက်သွားတတ်သည်။ တစ်ခါတရံ ကျွန်တော့်ကိုအော်၍ နှုတ်ဆက်သွား[illegible]ကြသည်။ ယခုလည်း ကျွန်တော့် အသိမိတ်ဆွေတစ်ယောက်ယောက် [illegible]ှင်ဟန်လွှဲ နှုတ်ဆက်သွားခြင်းသာ ဖြစ်မည်ဟု အောက်မေ့ပြီး ဆက်[illegible]ောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆက်လျှောက်လာစဉ် နောက်မှ တတီတီဟွန်းသံပေးလာ သည်ကို ကြားသဖြင့် လှည့်ကြည့်လိုက်ရာ ခပ်စောစောက မျက်နှာချင်းဆိုင် လမ်းကြောင်းမှ မောင်းသွားသော ကားဖြစ်နေသည်။ ကျွန်တော့်ကို လွန်သွား ပြီးနောက် ချိုးကွေ့၍ရသည့်နေရာတွင် ပြန်ကွေ့လာပြီး နောက်မှ လိုက်လာ ခြင်း ဖြစ်သည်။ ကားသည် ကျွန်တော့်အနားအရှိန်သတ်လိုက်ပြီး ခပ်ဖြည်း ဖြည်း မောင်းလာ၍ ကားတံခါး ပွင့်လာကာ "ဆရာ အိမ်ကိုပြန်မှာမဟုတ် လား။ ကားပေါ်ကို မြန်မြန်တက်။ ဒီနေရာက ရပ်လို့ မရဘူး"ဆိုသဖြင့် ကားပေါ်သို့ တက်လိုက်ရသည်။

ကားထဲရောက်မှ ကြည့်လိုက်တော့ ကျွန်တော့်အသိ ထွန်းဇော်မြင့်နှင့် သူ့ဇနီးဝေဝေတို့ ဖြစ်နေသည်ကို တွေ့ရသည်။

သူနှင့် မတွေ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်နီးပါး ရှိတော့မည်။

"ဆရာ့ကို သတိရနေလို့ အိမ်ကို လာတွေ့မယ် စိတ်ကူးနေတာ အတော်ပဲ။ လာ … ဆရာ။ အိမ်မပြန်ခင် လက်ဖက်ရည်ဆိုင်တစ်ဆိုင် သွားပြီး စကားပြောရအောင်"ဟု ထွန်းဇော်မြင့်က ပြောသည်။

သူသည် ထိုနေရာ အနီးတဝိုက်က နာမည်ကြီး လက်ဖက်ရည်ဆိုင်သို့ ကားကိုမောင်းသွားသည်။ ကားမောင်းရင်းလည်း စကားတွေ ပြောသည်။ သူ ကျွန်တော့်ကို သတိရကြောင်း၊ သူတို့လင်မယားနှစ်ယောက်စလုံး ကျွန်တော့်စာတွေကိုတော့ ဖတ်ဖြစ်ကြကြောင်း၊ သူတို့လင်မယားတင်မက သူတို့ ကလေးနှစ်ယောက်ပါ ကျွန်တော့်စာတွေကို ဖတ်ကြကြောင်း၊ သတိရ နေသော်လည်း အလုပ်တွေများသဖြင့် လာမတွေ့နိုင်ကြောင်း၊ ယခုတလော တွင်မူ ပို၍သတိရနေသဖြင့် မနေ့ညကပင် ကျွန်တော့်ဆီကို တစ်နေ့နေ့သွား ရန် ပြောဖြစ်ကြသေးကြောင်း မျက်စိမကောင်းဖြင့် သွားရေးလာရေးအတွက် စိုးရိမ်ကြောင်း ကျန်းမာအောင်နေပြီး စာတွေများများရေးနိုင်ရန် ဆုတောင်း ကြောင်း စသည် စသည်ဖြင့် အားရဝမ်းသာ ပြောသည်။

ကျွန်တော်သည် ကားမောင်းရင်း ဝမ်းသာအားရ ပြောနေသည့် ထွန်း ဇော်မြင့်ကိုကြည့်၍ အကဲခတ်လိုက်လာခဲ့သည်။ ကျွန်တော်နှင့်တွေ့စဉ်က ထွန်းဇော်မြင့်သည် အသားဖြူဖြူ၊ အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်



…သေးသွယ်သွယ်၊ ဆံပင်ရှည်နှင့်။ ယခုတော့ အသားညိုညို၊ ခပ်ဖိုင့် … ဆံပင်က ကရူးကပ်ခေါ်သည့် ဆံပင်မျိုး။ ကချင်လုံချည်နှင့် စွပ်ကျယ် …အင်္ကျီပြတ်ကို ဝတ်ထားပြီး ရှပ်အင်္ကျီကို ဒက်ရှ်ဘုတ်ခုံပေါ်တွင် လုံးထွေး …ထားသည်။ အရေးတကြီး ထလာခဲ့သည့်ပုံ။

သူ့ဇနီးဝေဝေကတော့ အရင်ကအတိုင်းပင်။ အရင်တုန်းကလည်း ဖြူဖြူ …သွယ်သွယ်၊ ယခုလည်း ဖြူဖြူသွယ်သွယ်။ အရင်တုန်းကလည်း အဆင် …ရိုးရိုးယဉ်ယဉ်၊ ယခုလည်း ရိုးရိုးယဉ်ယဉ်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ကျွန်တော်က မစားချင်ဘူးဆိုသည့်တိုင် …ရာတွေမှာ ကျွေးသည်။ ကားနောက်မှာဆင်းလာသည့် သားငယ် …ယောက်၊ သမီးငယ်နှစ်ယောက်တို့နှင့် မိတ်ဆက်ပေးသည်။ သမီးကြီးက …တန်းအောင်ပြီးပြီ။ သားလတ်က ၉-တန်း တက်နေသည်။ သမီး …ဆုံးက ၇-တန်းမှာလား မသိ၊ ၈-တန်းမှာလား မသိ။ သမီးကြီး …ည်က နာတာရှာ။ သားလတ်က ဖိုးသံချောင်းခေါ် ပီတာ၊ သမီးအငယ်၏ …ည်က မြနန္ဒာ။

"နာတာရှာဆိုတာ တော်စတွိုင်းရဲ့ စစ်နှင့် ငြိမ်းချမ်းရေးထဲက နာတာရှာ …သဘောကျလို့ မှည့်ထားတာ ဆရာ။ ဖိုးသံချောင်းဆိုတာကတော့ ဆရာ …းတောင်ထဲက သံချောင်းကို ယူပြီးမှည့်ထားတာ။ ကျောင်းနာမည်က … ပီတာထွန်းဇော်တဲ့။ ပီတာဆိုတာကလည်း စစ်နှင့် ငြိမ်းချမ်းရေးထဲက …တာရှာရဲ့မောင်လေးလေ။ သမီးအငယ်ဆုံး မြနန္ဒာကတော့ ဆရာ့ရဲ့ …ခဲ့တော့ မြနန္ဒာထဲက မြနန္ဒာ"

ဝေဝေက ပြောသည်။

"ဝေဝေနဲ့ ကိုကို ရကာစတုန်းက သားလေးတွေ သမီးလေးတွေကို …လိုနာမည် မှည့်မလဲလို့ စဉ်းစားကြတော့ ကိုကိုက ဆရာ့ဝတ္ထုထဲက …ည်တွေကို မှည့်မယ်တဲ့။ ခရစ်ယာန်ကျောင်းထားလို့ ခရစ်ယာန်နာမည် …အာတို့မှည့်ရရင်လည်း စစ်နှင့်ငြိမ်းချမ်းရေး ဝတ္ထုထဲက နာမည်တွေကို …ယ်လို့ သဘောတူ တိုင်ပင်ထားကြတယ်လေ။ ငယ်ငယ်တုန်းကတော့ …ူးယဉ်ကြတာကိုး ဆရာ။ သမီးကြီး ကိုယ်ဝန်ရှိတုန်းမှာ စစ်နှင့် ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းရေးကို ဖတ်ရတာလေ။ အဲဒါ ၇၄-ခုနှစ်နော် ကိုကို"

ထွန်းဇော်မြင့်က စီးကရက်ကိုဖွာရင်း ခေါင်းညိတ်ပြသည်။

"နာတာရှာက အဲဒီလို အထုံပါရမီပါလာလို့လား မသိဘူး။ ခုလည်း စာတွေ သိပ်ဖတ်တယ် ဆရာ။ သူက တစ်နှစ်က ဆယ်တန်းအောင်ပြီးလို့ စောင့်နေရတာလေ။ ဒီ ငါးခုထွက်တယ်။ အင်္ဂလိပ်စာက အမှတ်အများဆုံး ခုတော့ အင်္ဂလိပ်စာတွေချည်း ဖတ်နေတယ်။ တလောကတင် ဆရာ ဘာသာပြန်တဲ့ အေဗဲရီးအီးဖီးဒက်သ်ကို (ရေပွက်ပမာ)အင်္ဂလိပ်လိုနဲ့ မြန်မာလို တိုက်ဖတ်နေတယ်။ သမီး ပြီးသွားပြီ မဟုတ်လား။

နာတာရှာက ပြုံးရယ်၍ ခေါင်းညိတ်ပြသည်။

နာတာရှာ၏အသက်သည် ဘာရှိဦးမည်နည်း။ အလွန်ဆုံးရှိမှ ၁၇-နှစ် တစ်ပိုက်မှာသာ ရှိဦးမည်။

"သားကြီးကကော စာဖတ်ဝါသနာ မပါဘူးလား"

ကျွန်တော်လည်း မေးသည်။

"အမယ်လေး ... စာအုပ်တစ်အုပ် ဝယ်လာရင် မောင်နှမနှစ်ယောက် သူအရင်ဖတ်မယ်၊ ငါအရင် ဖတ်မယ်နဲ့ လုနေလိုက်ကြတာ ဆရာ။ ဒါကြောင့်မို့ တစ်ခါတလေတော့ ပြောရတယ်။ သိပ်လည်း ဖတ်မနေကြနဲ့ဦးလို့။ ငယ်ငယ်ရွယ်ရွယ်နဲ့ စာတွေချည်းပဲ နင်းကန်ဖတ်နေရင် လောကကြီး အကြောင်းကို မသိဘဲ ဖြစ်သွားတတ်တယ်လို့ ပြောနေရတယ်။ ဒါကြောင့် သူတို့ကို စာဖတ်တာနဲ့မျှအောင် လူတွေထဲကို ပို့ပေးရတယ် ဆရာ။ တစ်ခါ တလေမှာ အဖေ့ရဲ့အလုပ်ကို အလုပ်နိုင်းတယ်။ ခရီးအသွားနိုင်းတယ်။ တောက ဆွေမျိုးတွေဆီကို အလည်ပို့ပေးတယ်။ ကိုကို့ရွာကို တစ်လ ကိုးသီတင်း အနေခိုင်းတယ်။ ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးကျောင်းသား လုပ်ခိုင်းတယ်။ သူတို့က ရန်ကုန်မြို့တော်ကြီးမှာပဲ မွေးလာ ကြီးပြင်းလာရတော့ တောအကြောင်းကို မသိဘူးလေ။ ရန်ကုန်မှာချည်း နေရတော့ နိုင်ငံခြားယဉ်ကျေးမှု၊ နိုင်ငံခြားဗွီဒီယို နိုင်ငံခြားရုပ်ရှင်ချည်းပဲ မြင်ရတော့ မြန်မာ့ဘဝ၊ မြန်မာ့ယဉ်ကျေးမှုကို နားမလည်မှာ စိုးတယ်။ ကိုယ့်ယဉ်ကျေးမှုကို အထင်သေးသွားမှာ စိုးတယ်။ ဒါကြောင့်မို့ သူတို့ကို နိုင်ငံခြားအမြင်





တ်အမြင်လည်း ရှိစေ၊ ကိုယ့်မြန်မာအမြင်၊ မြန်မာယဉ်ကျေးမှုနဲ့လည်း င်းမကွာရှိစေဆိုတဲ့ သဘောနဲ့ တစ်နှစ်ကို တစ်လလောက်တော့ တောကို ာတယ်။ ဆန်စားပြီး စပါးပင်ကိုတောင်မှ မမြင်ဖူးလို့ ဘယ်ဖြစ်မလဲ ဆရာ။ ယ်သမားတစ်ယောက်ဟာ စပါးတစ်လုံး တစ်လုံးရဖို့ ချွေးတစ်စက်နဲ့ းလာခဲ့ရတယ်ဆိုတာ သူတို့သိဖို့မလိုဘူးလား ဆရာ။ ဆရာ သိပါတယ် ရာ။ ဒီခေတ်မှာ ကလေးတွေကို ထိန်းရတာ အင်မတန် ခက်ပါတယ်။ ုးသဖြင့် ယောက်ျားလေးကို ပိုပြီး ထိန်းရတာ ခက်ပါတယ်။ ဒီအရွယ် ာက်ရင် လက်ဖက်ရည်ဆိုင် ထိုင်ချင်တယ်။ လွတ်လပ်ခွင့်ကို တောင်းလာ ယ်။ ဒါကို အတင်းသွားပြီး ပိတ်ပင်ရင်လည်း တစ်ခက်ဆရာ"

နာတာရှာ၊ ဖိုးသံချောင်းနှင့် မြနန္ဒာတို့သည် သူ့အမေပြောသည့် ားများကို စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။

"ခု သားကြီးကကော ဘာတွေ ဖတ်နေသလဲ"

"ကျွန်တော် ရွှေပြည်တော် မျှော်တိုင်းဝေးကို ဖတ်လို့ပြီးသွားပါပြီ ရာ"

"အဲဒီဝတ္ထုထဲက မင်းဘယ်သူ့ကို သဘောအကျဆုံးလဲ"

ဖိုးသံချောင်းသည် အတန်ကြာ စဉ်းစားနေသည်။

"ကျွန်တော် ဝေါ်လီကို သဘောကျပါတယ် ဆရာ။ နောက်ဆုံးက ်တိုက်ပွဲမှာ ရှေ့ဆုံးမှ အသက်ပေးသွားပြီး သူ့အလောင်းကို အမြောက် ပေါ်တင်ပြီး အလံအုပ်တဲ့အခန်းက အရမ်းကောင်းတာပဲ ဆရာ"

ဝေါ်လီကို ဖိုးသံချောင်း သဘောကျသည်ဆိုသည်မှာ သဘာဝကျသည်။ ်လီက သူလို လူငယ်ကလေးတစ်ယောက်။ အသက်နှစ်ဆယ်တစ်ပိုက် ာ ရှိဦးမည်။ စွန့်စားချင်သူ။ တက်ကြွသူ။ အသက်စွန့်ချင်သူ။ သူရဲ င်းဖြစ်ချင်သူ။ ကဘူးလ်တွင် သူတို့တစ်တွေ အဝိုင်းခံရစဉ် ဖောက် ်ရန် ရှေ့ဆုံးမှ အလံကိုင် တက်လာသူ။

အသက် ဆယ့်လေးငါးနှစ်အရွယ် ဖိုးသံချောင်းက သူ့ရှေ့တွင် စွန့် ပြသွားသည့် ဝေါ်လီကို သဘောကျသည်ဆိုသည်မှာ ကောင်းသည့် ထာ ဖြစ်သည်။ လူငယ်ဆိုသည်မှာ သည်လိုပဲ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ရော ဝေပါ သူတို့တစ်တွေကို အကောင်းဆုံးဖြစ်အောင် တော့ စည်းကမ်းနဲ့ မွေးတာပဲဆရာ။ ခုထိတော့ မဆိုးပါဘူး။ ကျွန်တော်တို့ ရည်မှန်းချက် ရောက်ပါတယ်။ ကျွန်တော်တို့ ကြိုးစားသလောက် အသီး အပွင့်ကလေးတွေကိုတော့ မြင်ရပါတယ်။ သူတို့ဖို့အိမ်မှာ စာကြည့်တိုက် ကလေးတစ်ခု ထောင်ပေးထားတယ် ဆရာ။ အဲဒီမှာ ကောင်းနိုးရာရာ စာအုပ်ကလေးတွေ ရွေးဝယ်ပေးထားတယ်။ ကစားကွင်းကလေးတစ်ခု လည်း လုပ်ပေးထားတယ်။ ရေကူးကန်တစ်ခုလည်း တူးပေးထားတယ်။ ကျွန်တော်တို့မှာ ဒီအခွင့်အရေးတွေ မရခဲ့ဘူး။ ကြီးမှ ကိုယ့်ဘာသာကိုယ် လေ့ကျင့်မွေးမြူရတာ မဟုတ်လား ဆရာ။ ဒီတော့ ကျွန်တော့် သားသမီး တွေကို အထက်တန်းကျတဲ့ လူယဉ်ကျေးတွေဖြစ်အောင် မွေးမြူချင်တယ်။ ကျွန်တော့် သားသမီးတွေ မဟုတ်ပါဘူးလေ။ တစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ် တွေကို မွေးမြူချင်တာပါ။ ဒါပေမဲ့ ဒီလို ကြီးကျယ်တဲ့လုပ်ငန်းကျတော့ ကိုယ်မတတ်နိုင်ဘူး မဟုတ်လားဆရာ။ ဒီတော့ ကိုယ်တတ်နိုင်သလောက် လုပ်ရတာပေါ့။"

"ခုကိုထွန်းဇော်မြင့်တို့ အိမ်ထောင်ကျတာက ..."

"ဆရာ မှတ်မိဦးမလား မသိဘူး။ ကျွန်တော်တို့နဲ့ဆရာ စတွေ့တာ လေ"

"မှတ်မိပါတယ်။ မော်တင်ဘုရားပွဲကိုသွားတဲ့ သင်္ဘောပေါ်မှာလေ သီတာအေးမြပေါ်မှာ မဟုတ်လား"

ဝေဝေ ထွန်းဇော်မြင့်ဘက်သို့ တစ်ချက်လှမ်း၍ ပြုံးလိုက်ကာ ...

"ဆရာက ကိုကို့ထက်တောင် မှတ်မိသေးတယ် သိလား"

"ဟုတ်တယ် ... ဆရာ။ သီတာအေးမြပေါ်မှာ။ ကျွန်တော်တို့ ဆရာတို့နဲ့ နေရာချင်းကပ်လျက်။ ဦးခန်းနားမှာလေ။ အစတုန်းကတော့ ဆရာတို့မှန်းမသိလို့ ကျွန်တော်တို့က ခပ်မှန်မှန် ဆက်ဆံတယ်။ နောက် တော့ ဆရာတို့မှန်းသိတော့ ကျွန်တော်တို့ သိပ်ဝမ်းသာသွားကြတာ။ မမျှော် လင့်ဘဲ လာတွေ့ရလို့ ကျွန်တော်တို့ တစ်သက်မှာ မမေ့နိုင်အောင် ဖြစ် ရတယ်။ အဲဒီတုန်းက ကျွန်တော်နဲ့ဝေဝေ ရခါစဆရာ။ သိပ်ပြီး ရှန်းတာ





နေရတဲ့ အချိန်ပေါ့။ ကျွန်တော်က တက္ကသိုလ်မှာ ... ကျောင်း ဆက်မတက်တော့ဘူး။ ကဗျာဆရာယောင်ယောင် ဘာယောင်ယောင်နဲ့ပေါ့။ ကဗျာကလေးတွေ ဟိုမဂ္ဂဇင်းပို့၊ သည်မဂ္ဂဇင်းပို့နဲ့ ကဗျာဆရာ သိပ်ဖြစ်ချင် ခဲ့တာကိုး ဆရာ။ အိမ်ကလည်း ကျောင်းဆက်မထားနိုင်တော့ ကျွန်တော် စာအုပ်တိုက်တစ်တိုက်မှာ အလုပ်ဝင်လုပ်ရတယ်။ အလုပ်လုပ်ရတယ်ဆိုတာ အတိုက်ရဲ့ လွှာမှာလုပ်ရတာပါ ဆရာ။ ပရုဖ်ဖတ်ရတယ်။ စာအုပ်ထုပ်ရပိုးရတယ်။ စာတိုက်ဘူတာရုံတို့၊ သင်္ဘောဆိပ်တို့၊ ကားဆိပ်တို့ကိုသွားပြီး စာအုပ်ထုပ် တွေ ပို့ရတယ်။ အယ်ဒီတာဆရာများက လက်ဖက်ရည် အဝယ်ခိုင်းရင် သွားဝယ်ရတယ်။ တစ်ခါတလေမှာ အရက်တောင်ဝယ်ပေးရတယ်။ အောက် ခြေသိမ်း ဆိုပါတော့။

ကျွန်တော်နဲ့ဝေဝေက တက္ကသိုလ်မှာ တွေ့ကြတာ။ သူက စာတော်တယ် ဆရာ။ သူနဲ့ကျွန်တော်နဲ့ လက်ထပ်ကြတော့ သူကလည်း မအောင်သေး ဘူး။ ကျွန်တော်ကတော့ ကျောင်းအပြင်ကို ရောက်နေပြီ။ ကျောင်းနားမှာ ကပ်နိုင်တော့ဘူး။ ဝေဝေကတော့ ကျောင်းတက်ရတုန်း။ အဲဒီတုန်းက သူက အမှတ်ကောင်းကောင်းနဲ့အောင်တော့ သူ့ကို ကျောင်းပျက်ခံလို့ မဖြစ်ဘူး လေ။ သူနဲ့ကျွန်တော်နဲ့ရတော့ သူ့အိမ်က သဘောမတူဘူး။ ကျောင်းစရိတ် လည်း မထောက်တော့ဘူး။ ပစ်ထားလိုက်တယ်။ သူ့အဖေက အရာရှိကြီး ဆိုတော့ ကျွန်တော့်လို ကဗျာဆရာယောင်ယောင်၊ စာရေးဆရာယောင် ယောင်ကောင်နဲ့ သဘောမတူဘူးပေါ့ ဆရာ။ သဘာဝကျပါတယ်။ ပြီးတော့ အခက တစ်လမှ ငါးဆယ်ရယ်။ လခက မမှန်တော့ ကျွန်တော်တို့မှာ ရှိစု ပစ္စည်းကလေးတွေကို ပေါင်နှံ ရောင်းချစားသောက်ရတယ်။ သူ့မှာပါလာတဲ့ လက်ကြိုးကလေးတစ်ကုံးနဲ့ ကျွန်တော့်မှာပါလာတဲ့ လက်ပတ်ကြိုးကလေး တစ်ကုံးကိုလည်း ဖြုတ်တာပဲဆိုပါတော့ ဆရာ။ တစ်ခါတလေမှာ ထမင်း ဝဝမစားရချင်ဘူး။ မနက်စာနဲ့ညစာကို ပေါင်းစားရတယ်။ မနက်ပိုင်းမှာတော့ ပေါင်မုန့်ခါးကလေး၊ ထမင်းလက်သုပ်ကလေး ဝယ်စား။ ညစာကျတော့ ထမင်းတစ်ခွက်လောက်ချက်ပြီး ဖြစ်သလိုစားလိုက်ကြတာပဲ။ တစ်ခါတလေ ဟင်း စားစရာမရှိတော့ ရေခဲခြစ်နဲ့ ထမင်းနဲ့ စားရတယ်ဆရာ။ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း လက်ဖက်သုပ်ကလေးနဲ့ ထမင်းနဲ့ စားပစ်လိုက်တာပဲ။

အဲဒီတုန်းက မော်တင်ကို ပါသွားတာလည်း ကိုယ့်မှာ စရိတ်ရှိ မဟုတ်ဘူးဆရာ။ သူငယ်ချင်းလင်မယားက စရိတ်ခံခေါ်လို့ လိုက်လာ တာ။ ကျွန်တော်တို့ အခြေအနေကိုသိတော့ သူတို့လယ်မယားက စရိတ် ခေါ်တယ်။ သူ့မိန်းမကလည်း ဝေနဲ့ သူငယ်ချင်း။ ယောကျ်ားကလည်း ကျွန်တော်ရဲ့ သူငယ်ချင်း။ ပြီးတော့ သူတို့ကလည်း ကျွန်တော်တို့လို မရှေးမနှောင်း မင်္ဂလာဆောင်ပြီးကာစရယ်။ ဒါပေမဲ့ သူတို့ကတော့ ကျွန်တော်တို့လို မဟုတ်ဘူးပေါ့ဆရာရယ်။ ယောကျ်ားဘက်ကလည်း သူဌေး သား။ ရန်ကုန်မှာ ပျော်ပွဲစားရုံကြီးတစ်ခုကို ပိုင်တာ။ မိန်းကလေးကလည်း အရာရှိကြီးရဲ့ သမီး။ တိုက်နဲ့ ကားနဲ့ ခြံနဲ့။ မင်္ဂလာဆောင်တာကို အင်းလျားလိတ်မှာဆောင်တာ။ နေတော့လည်း သူတို့ဘာသာ သတ်သ ကန်တော်ကြီးစောင်းမှာနေတာ။ ကျွန်တော်နဲ့ဝေကို သူတို့က သူတို့အိ မှာ ခေါ်ထားပါတယ်။ သူတို့အိမ်မှာဆိုတာ နောက်ဖေးတန်းလျားမှာ နေ ကလေး အိမ်ကလေးတစ်လုံး အပိုရှိတော့ အဲဒီအိမ်ကလေးကို ပေးပါတယ် ကျွန်တော်တို့ အဲဒီမှာ တစ်နှစ်နီးပါးလောက် နေခဲ့တယ်။ နောက်တော့ ဝေက ကျောင်းတက်ရတာ ဝေးတယ်လေ။ ကန်တော်ကြီးကနေ တက္ကသို ကို တက်ရတာဆိုတော့ အဲဒီတုန်းက မော်တော်ကား လိုင်းကလည်း အဲဒီဘက်မှာ မရှိဘူး။ တာမွေကို ထွက်စီးရတယ်။ ဒါမှမဟုတ်ရင်လည်း ဗဟန်းဘက်ကို ထွက်စီးရတယ်။ ဒီတော့ သိပ်ဝေးတယ်။ ဒါနဲ့ ကျွန်တော် တို့ စံရိပ်ငြိမ်ကို ပြောင်းလာရတာ။

အဲဒီနှစ်ကတော့ သူတို့ကလည်း ကျွန်တော်တို့ကို သတိရတာနဲ့ မော်တင်ကို လိုက်ခဲ့ဖို့ခေါ်တယ်။ ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် ပါလာ တာ။

မော်တင်ကို သွားတုန်းက ကျွန်တော်တို့ သိပ်ပျော်တာပေါ့ ဆရာ လောကြီးမှာ ဘာမှ အပူအပင်မရှိဘူး။ ပင်လယ်ကမ်းခြေမှာ လမ်းလျှောက် ကြ၊ လှိုင်းလုံးတွေ စီးကြ၊ ဘုရားတွေဖူးကြ၊ ခမောက်မော်ကနေ မော်တင် ကို လာတော့လည်း တကယ်ပျော်စရာကြီး။ ညကျတော့လည်း ကုန်းပေါ်က





ကြားထဲမှာ တိုးတိုးဖေ့ဖေ့ အိပ်ကြ၊ စကားတွေ ပြောကြ။ စီးပွား အားဖြင့် ချို့တဲ့ပေမယ့် ကျွန်တော်တို့မှာ ပျော်ရွှင်မှု မချို့တဲ့ဘူး။

မော်တင်က ပြန်တဲ့ နောက်တစ်နှစ်မှာ ဝေဘွဲ့ရတယ် ဆရာ။ ဝေက ကောင်းတာနဲ့ အဲဒီမှာ မဟာဝိဇ္ဇာ ဆက်တက်တယ်။ အဲဒီတုန်းက ဝိဇ္ဇာက အားလုံးသုံးနှစ်တက်ရတယ်။ အဲဒီအတွင်းမှာ ဆင်းရဲလိုက်တာ မပြောနဲ့ ဆရာရေ။ ဝေမာစတာတက်နိုင်အောင် ကျွန်တော် အလုပ် မ်း အလုပ်လုပ်နေရတယ်။ အလုပ်ရှာနေရတယ်။ တခြားကြောင့် ဘူးဆရာ။ ဆရာသိတဲ့အတိုင်း မဂ္ဂဇင်းလောကဆိုတာ မဂ္ဂဇင်းကလေး ခုထွက်လိုက်၊ ခုပြုတ်သွားဆိုတော့ လခ မတည်ငြိမ်ဘူး မဟုတ်လား။ ဆုံးတော့ မဂ္ဂဇင်းတိုက်တွေမှာ မလုပ်တော့ဘဲ ကျွန်တော် ပုံနှိပ်တိုက် အလုပ်လုပ်ရတယ် ဆရာ။ အဲဒီမှာ စာပရူရီဒါနဲ့ ဇာဟီရလုပ်ရတယ် တော့ ဆရာ။ စက္ကူဂိုဒေါင်ကို စက္ကူသွားထုတ်ရတာတို့၊ စက္ကူဖြတ်ရ တို့၊ စက္ကူ ကုန်သွယ်ရေးကို သွားအစစ်ခံရတာတို့၊ ပုံနှိပ်စက်သမား ရင် ကိုယ်တိုင်ဝင်ရိုက်ရတာတို့၊ ဘလောက်တိုက်တို့ ဘာတို့ သွားရတာ လုပ်ရတယ်။ တစ်ခါတလေလည်း မြို့နယ်မဂ္ဂဇင်းတို့ဘာတို့ လာထုတ် ကျွန်တော့်တိုက်မှာ လာအပ်ရင် စာရေးဆရာတွေဆီလိုက်ပြီး ကော်ပီ တောင်းရတာတို့၊ စီစစ်ရေးတင်ရတာတို့၊ စက္ကူလျှောက်ရတာတို့၊ ဆရာဆီ ပြေးရတာတို့၊ စက္ကူအစစ်ခံရတာတို့စတဲ့ အလုပ်တွေကို လုပ်ရတယ်။ အဲဒီအတွက် ကျွန်တော့်မှာ ကော်မရှင်ကလေးဘာလေး တော့ ရှိတာပေါ့ ဆရာ။ ပြီးတော့ ကျွန်တော်ကလည်း နည်းနည်း နားလည်လာတော့ အဲဒီ မြို့နယ်မဂ္ဂဇင်းတွေအတွက် ကြော်ငြာ တောက်ပေးတယ်။ ကြော်ငြာခကော်မရှင်ရတယ်။ ဒီလို ဒီလိုနဲ့ ဖြစ်သလို နေခဲ့ကြရတာ။

တုန်းမှာ နာတာရှာကို မျက်နှာမြင်တာပေါ့။ ကလေးတစ်ယောက် တော့ ကလေးစရိတ်က တက်လာပြန်ရော။ ကလေးစရိတ်တက်ရုံတင် ဆရာ။ ကျွန်တော့်အလုပ်ကလည်း အချိန်တွေ လျှော့ပစ်လိုက်ရ ဝေက မာစတာတက်နေတော့ ကလေးကို တစ်ချိန်လုံးမကြည့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ကိုယ်ခွဲလည်း မရှိဘူး။ ဒီတော့ ကျွန်တော်က အိမ်မှာ ကလေးထိန်း… ကျန်ရစ်ခဲ့တယ်။ ကျွန်တော် အလုပ်ကထွက်ပြီး ကြော်ငြာလိုက်တာလေ… လောက်ပဲ လုပ်နိုင်တော့တယ်။ ပုံနှိပ်တိုက်ကို အလုပ်ဆင်းချိန် မရတော့… ဘူး။ ဒီလိုနဲ့ ဝေမာစတာ အောင်ပြီးသည်အထိ ကျွန်တော်က ကလေးထိန်း… ဝေက ကျောင်းတက်နဲ့ လုပ်လာခဲ့ရတာ။ အဲဒီအချိန်ဟာ ကျွန်တော့်ထ… ဘဝမှာ အဆင်းရဲဆုံးအချိန်ပဲ ဆရာ။

ဝေကတော့ ပြောပါတယ်။ သူ မာစတာဆက်မတက်တော့ဘူးတဲ့… အိမ်မှာပဲ ကလေးနဲ့ နေတော့မယ်တဲ့။ ဒါပေမဲ့ ကျွန်တော်က လက်မခံဘူ… ဆရာ။ သူက စာလည်းတော်တယ်။ ဆရာကြီးတွေကလည်း သူ့ကို မာစတာ… တက်စေချင်တယ်။ ပြီးတော့ တစ်နှစ်ကျော်ကျော်လောက်လည်း တက်ပြီ… ပြီ။ ဒီတော့ နှမြောစရာ သိပ်ကောင်းတာပေါ့ ဆရာရယ်။ ဒါကြောင့် ကျွန်တော်… က သူ့ကို မာစတာအတင်းတက်ခိုင်းတယ်။

ဒီလိုနဲ့ ဝေမာစတာအောင်ပြီးတော့ ကျောင်းမှာပဲ ကျူတာရတယ်… ဆရာ။ ကျူတာရတော့ ကျွန်တော်ရှာလို့ရတဲ့ ပိုက်ဆံကလေးရယ်၊ သူ့လ… ကလေးရယ် နှစ်ခုပေါင်းတော့ နည်းနည်းချောင်လည်လာတာပေါ့ ဆရာ…

သားလတ် ဖိုးသံချောင်းကိုမွေးပြီး မကြာခင်မှာ ကျွန်တော် သဘော… လိုက်ဖြစ်တယ် ဆရာ။ ဝေ့ကိုတော့ သူ့အမေအိမ်ကို ပြန်ပို့ထားခဲ့တယ်… အဲဒီတော့ ဝေရဲ့အမေကလည်း အဘိုးကြီးဆုံးလို့ သားသမီးနဲ့ သိုက်သိုက်… ဝန်းဝန်း ပြန်နေချင်ပြီ။ သူလည်း အသက်ကြီးပြီဆိုပြီး ဝေ့ကို ပြန်ခေ… တယ်။ ဒါကြောင့် ကျွန်တော် သဘောလိုက်ဖြစ်တာ။

သဘောသားဘဝကတော့ သိတဲ့အတိုင်းပေါ့ ဆရာ။ နိုင်ငံစုံပေါ့။ သဘော… သား သုံးနှစ်လောက် ကြာတယ်။ ဥရောပ၊ လက်တင်အမေရိကကိုလည်း… ရောက်တယ်။ အရှေ့ဖျား ဂျပန်တို့၊ တရုတ်တို့၊ ဖိလစ်ပိုင်တို့ကိုလည်း… ရောက်တယ်။ နှံ့နေတာပဲ။ အဲဒီက အပြန်မှာ ကျွန်တော် မော်တော်ကား… တစ်စီး သွင်းလာခဲ့တယ်။ ရန်ကုန်မှာ မိသားစုနဲ့ တစ်နှစ်လောက် ပြန်နေ… တယ်။

တစ်နှစ်လောက်အတွင်းမှာ ကျွန်တော်တို့ ကားလေးကိုရောင်းပြီး ရ…

…အတွင်းဘက်မှာ မြေကလေးတစ်ကွက် ဝယ်လိုက်တယ် ဆရာ။ မြေက …တော်တော်လေး ကျယ်တယ်။ ငွေကလေးကုန်ရော ဆိုပါတော့။ နောက် …စ်ကျတော့ ကျွန်တော် သဘောကို တစ်ခေါက် လိုက်ပြန်တယ်။ …ခေါက်မှာလည်း ကျွန်တော်က အမ်အိုတီကလေး ဘာလေးအောင်ထား… …အဆင့်မြင့်ပြီး လခနည်းနည်းတိုးလာတယ်။ အဲဒီပိုက်ဆံကလေးကို …အပြန်မှာ ကားတစ်စီးနဲ့ သွပ်ကလေးဘာလေးတွေ ဝယ်လာတယ်။ …ကတော့ ထုံးစံအတိုင်း လုပ်တာ။ မဆိုးပါဘူး ဆရာ။ ငွေကလေး …လေး စုမိလာတယ်။ ဝေကလည်း လက်ထောက်ကထိကနဲ့ နယ် …ာလိပ်တစ်ခုကို ပြောင်းရတော့ ကျွန်တော် ခဏလိုက်နေတယ်။ …လေးတွေကိုတော့ သူ့အမေများနဲ့ပဲ ထားခဲ့ရတာပေါ့။

ကျွန်တော် တတိယအခေါက်ထွက်တယ်။ ဒီထစ်ခေါက်က တစ်နှစ် …ျော်လောက် ကြာတယ်။ အပြန်မှာ အော့ဖ်စက်ကလေးတစ်လုံး ဝယ်လာ …ယ် ဆရာ။ ပုံနှိပ်တိုက်တွေမှာ လုပ်ခဲ့ဖူးတဲ့ ကျေးဇူးပေါ့ ဆရာ။ ကိုယ်က …ာက်ခြေသိမ်းလုပ်လာခဲ့တာဆိုတော့ တော်တော်လေး နားလည်နေပြီ။ … ဟိုက်ဒယ်ဘတ် စက်တစ်လုံး ဝယ်လာခဲ့တယ်။

ဆရာရေ ကံကောင်းချင်တော့ ဈေးတွေ တက်လာတယ်။ ဒီမှာတင် …တော့်ခြံဝင်းကို လေးစိပ်စိတ်ပြီး သုံးစိတ်ကို ရောင်းပစ်လိုက်တယ်။ …စိတ်ကို ကျွန်တော် ယူတယ်။ အဲဒီမြေရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ တစ်ထပ် …ိုက်ကလေးတစ်လုံး ဆောက်တယ်။ အဲဒီမှာ ကိုယ်ပိုင် အော့ဖ်ဆက်ပုံနှိပ် …က်ကလေး လုပ်တာ။ ခုတော့ တောတော်လေး ဟန်ကျနေပါပြီ။

ခုတော့ သားသမီးတွေကို ပညာကောင်းကောင်း သင်ပေးနိုင်ပြီ။ …တော် စာမသင်ခဲ့ရတာတွေကို အတိုးချပြီး သူတို့ကိုပဲ ပညာထူးချွန် …ောင် သင်ပေးရတော့မှာပဲ။

ခု ကျွန်တော် အသက် ၄၄-နှစ်ရှိပြီ ဆရာ။ ဝေက ၄၀-ထဲ ရောက်နေ… … ကျွန်တော်တို့ဘဝမှာ ဘာမှ ပူစရာပင်စရာ မရှိတော့ပါဘူး။ ကျွန်တော် … ဝေရော ကျန်းမာကြတယ်။ ကလေးတွေလည်း ကျန်းမာတယ်။ ဉာဏ် …ိုင်းသူ မပါဘူး။ ကိုယ့်သားသမီးမို့လို့ ပြောတာမဟုတ်ပါဘူး။ ယဉ်ကျေး



Synergy Publication

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ ယဉ်ကျေးအောင်လည်း ကျွန်တော်တို့နှစ်ယောက်က မွေးမြူ ပေးတယ်။ စာပေ၊ ဂီတ စတဲ့ အနုပညာတွေကို ဝါသနာပါတယ်။ အနည်းဆုံး လေးစား တန်ဖိုးထားရကောင်းမှန်း သိတယ်။ ကျွန်တော်တို့နှစ်ယောက်က လည်း တစ်ယောက်ကိုတစ်ယောက် နားလည်တယ်။ သားသမီးတွေကလည်း ကျွန်တော်တို့မိဘနှစ်ဦးအပေါ်မှာ နားလည်ကြတယ်။ ကျွန်တော်တို့ကလည်း သားသမီးတွေအပေါ်မှာ နားလည်တယ်။ ဒါကြောင့် ပြဿနာမရှိပါဘူး တော်စတွိုင်းရေးတဲ့ အိမ်ထောင် ရေးသုခဆိုတာမျိုးဟာ ဒါမျိုးပဲ ဖြစ်လိမ့်မယ် လို့ပဲ ကျွန်တော် ထင်ပါတယ်။ လင်မယားဟာ တစ်ယောက်ကိုတစ်ယောက် ကြင်နာရမယ်။ နားလည်ရမယ်။ ချစ်ခင်ရမယ်။ ကျန်းမာရမယ်။ ကလေးတွေ ဟာလည်း ကျန်းမာပြီး သူ့အရွယ်နဲ့သူ ထိုက်သင့်တဲ့ အသိဉာဏ်ရှိ ကလေးတွေဖြစ်ရမယ်။ မိဘနဲ့ သားသမီး ဆက်ဆံရေးဟာ အဆင်ပြေရမယ် တစ်ဦးနဲ့တစ်ဦး အပြန်အလှန် လေးစားရမယ်။ ဒါတွေ ပြည့်စုံရင် ချမ်းမြေ့ တဲ့အိမ်ထောင်ကို ရနိုင်တယ်လို့ တစ်နေရာမှာ ရေးခဲ့ဖူးတယ် ထင်တာပဲ

ဒါကြောင့်မို့ ဒီအတိုင်းဆိုရင် ကျွန်တော်တို့ မိသားစုဟာ အိမ်ထောင် ရေးသုခ၊ ချမ်းမြေ့တဲ့ အိမ်ထောင်သည်ဘဝကို ရတယ်လို့ ဆိုနိုင်မယ် ထင်တာပဲ။ ဒီလိုစဉ်းစားလိုက်ရင် ကျွန်တော်တော့ ကျွန်တော့်ဘဝကို ကျေနပ် တယ်ဆရာ။ ဆင်းရဲခဲ့တာပဲလို့ ကျွန်တော် လက်ခံတယ်။ ခု ကျွန်တော် မကြောင့်မကြ မတောင့်မတ နေနိုင်တာဟာလည်း နေသင့်လို့ နေရတာ လို့ ကျွန်တော် ယူဆတယ်။ အကယ်၍ ကျွန်တော် ဒီအခြေအနေက လျှောကျသွားတယ်ဆိုရင်လည်း လျှောကျသင့်လို့ လျှောကျတာပဲလို့ ကျွန်တော် လက်ခံနိုင်အောင် အမြဲကြိုးစား နှလုံးသွင်းနေတယ်။ ဝေ ရော၊ ကလေးတွေကိုရော ဒီလို သဘောထားတတ်အောင်လည်း ကျွန်တော် သွန်သင်တယ်။ ဒါကို ဝေကလည်း သဘောပေါက်တယ်။ ကျွန်တော် သဘောပေါက်သလို ကလေးတွေကိုလည်း နားလည်နိုင်အောင် ကျွန်တော် တို့ ဂရုစိုက်ပြီး သွန်သင်တယ်။

ဆရာ စဉ်းစားကြည့်လေ။ ကျွန်တော့်တုန်းက တောမှာ မွေး တာ။ ရေဒီယိုတောင် သူများအိမ်ရှေ့ဖြတ်မှ၊ လက်ဖက်ရည်ဆိုင်သွား





ထောင်ရတာ။ ခု သူတို့မှာ တယ်လီဗီရှင်းနဲ့ အောက်စက်နဲ့။ ကျွန်တော်တို့ က တယ်လီဖုန်းဆိုတာ ရန်ကုန်ရောက်မှ ပြောဖူးတာ။ သူတို့မှာ တယ်လီ နဲ့။ ကျွန်တော့်တုန်းက ကိုယ်ပိုင်ကား မပြောနဲ့။ တစ်ခါတလေမှာ တစ်ကားစီးဖို့တောင် မတတ်နိုင်လို့ ခြေကျင်လျှောက်ခဲ့ရတာတွေ အကြိမ် ဆင်း မရေနိုင်ခဲ့ဘူး။ ခု သူတို့မှာ ကားနဲ့။ ကျွန်တော့်တုန်းက ထမင်း ကောင် ဟင်းနဲ့ မစားနိုင်လို့ လက်ဖက်သုပ်နဲ့ စားခဲ့ရတယ်။ သူတို့မှာ ဘပတ်နဲ့၊ ပေါင်မုန့်နဲ့။ ကျွန်တော့်တုန်းက ဆယ်ပေသာသာ အခန်း မှာ နေခဲ့ရပေမယ့် သူတို့မှာ ခြံကျယ်ကြီး၊ အိမ်ကျယ်ကြီးနဲ့။ ကျွန်တော့် က ရေချိုးရင် လမ်းဘေး ရေဘုံဘိုင်မှာ ချိုးခဲ့ရပေမယ့် သူတို့မှာ ချိန်မရွေး ဆင်းကူးနိုင်တဲ့ ရေကူးကန်နဲ့။

ဒါတွေဟာ ကျွန်တော် မတရားသဖြင့် ရတာမဟုတ်ဘူး။ ကံဉာဏ် ယကြောင့် ရလာခဲ့တာ။ ဒါကို သူတို့ကို အမြဲသွန်သင်တယ်။ ဒါတွေ ရင်လည်း နေတတ်ရမယ်လို့ အမြဲ သတိပေးတယ်။ ဒါတွေ မရှိတဲ့ ဘာမှာ တစ်နှစ်တစ်ခါ တစ်လလောက်သွားပြီး အနေနိုင်းတယ်။ ဘဝကို သွားမှာစိုးလို့ ဆရာ။ ဒါတွေမရှိရင်လည်း နေလို့ဖြစ်တယ်။ နေလို့ တယ်။ ပျော်ပျော်လည်း နေရမယ်။ လောကလူ့ဘဝမှာ မကျေနပ်တာတွေ ည်း များနေရင် ဘယ်မှာ ပျော်စရာကောင်းတော့မှာလဲ။ လူ့ဘဝရဲ့ အရသာ ဘယ်မှာ ခံစားရတော့မှာလဲ။

ဘဝမှာ အပျော်ရှဲရမယ်။ အပျော်ရှဲသလို အဲနေရှဲရမယ်။ အပျော်ရှဲရ ဆိုတာ တတ်နိုင်တုန်းမှာ ပျော်ပျော်နေရမယ်။ အနေရှဲရမယ်ဆိုတာ တတ်နိုင်တုန်း မရှိတုန်းမှာလည်း ဖြစ်သလိုနေရှဲရမယ်လို့ ဆိုလိုတာပါ။ တို့ကို ဒီလို အမြဲ သွန်သင်တယ်။

တော်တော်တော့ ဆန်းတယ် ဆရာ။ ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင် တာ အတူတူပျော်ရပြီး မပျော်ရွှင်သော အိမ်ထောင်တို့မှာ ကိုယ့်နည်းနဲ့ ယ် မပျော်မရွှင် ဖြစ်ကြရတယ်ဆိုတဲ့ တော်စတွိုင်းရဲ့ စကားလိုပဲ။ အရင် က ကျွန်တော်တို့ကို မော်တင်ကိုခေါ်ခဲ့တဲ့ ကျွန်တော့်သူငယ်ချင်း ယားရှိတယ် မဟုတ်လား။ သူတို့မှာ ဘာမှ လိုလေသေးမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျတော့ သူတို့ အိမ်ထောင်ဟာ ပြိုကွဲသွားတယ် ဆရာ။ စီးပွားလည် ပျက်၊ လင်မယားလည်း ကွဲပြီး ကလေးတွေလည်း ဖြစ်ချင်ရာတွေ အကျ ဖြစ်ကုန်တာပဲ။ လူ့ဘဝမှာ အပျော်ရဲခဲ့ကြပေမယ့် အနေမရဲခဲ့ကြဘူး ဆရာ စည်းစိမ်ချမ်းသာတွေ ရှိနေတုန်းမှာတော့ အပျော်ရဲခဲ့ကြတယ်။ ဒါပေ ဆင်းရဲဒုက္ခရောက်သွားတဲ့အခါမှာတော့ အနေမရဲကြဘူး။ လူ့ဘဝမှာ အပျေ ရဲရုံတင် မကဘူး။ ဆင်းရဲချိန်မှာ အနေရဲဖို့လည်း မလိုဘူးလား ဆရာ ကဲ … ဆရာ့အချိန်ကို ဖြုန်းသလို ဖြစ်တဲ့အတွက် ခွင့်လွှတ်ပါဆရာ တစ်နေ့ အိမ်ကိုဖိတ်ပါဦးမယ်"။ ။

(ကလျာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉

* * *

# လက်ဖက်ရည်ဆိုင် ထိုင်သူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

# လက်ဖက်ရည်ဆိုင် ထိုင်သူတစ်ယောက်

သူ့ကို နယ်မြို့ကြီးတစ်မြို့တွင် တွေ့ခဲ့ရခြင်း ဖြစ်သည်။ သူ့အမည်က ထွန်းထွန်း၊ အသက်က ၂၀ ကျော်ရှိသာ ရှိမည်ဟု ကျွန်တော်ထင်သည် အသားဖြူဖြူ၊ ကိုယ်လုံးပြည့်ပြည့်၊ ရုပ်ရည်သန့်ပြန့်သည်။ ရည်လျားသော ဆံပင်များသည် ကုပ်ပေါ်တွင် ဝဲကျနေသည်။ သူသည် ယခုခေတ်လည်းကာ ဟု ခေါ်ကြသော စတစ်ကော်လာနှင့် ရုပ်အင်္ကျီလက်ရှည်အဖြူကို အ ဝတ်တတ်သည်။ တခြားလူငယ်တွေလို တီရှပ်တို့၊ စပို့ရှပ်တို့၊ ဖောရိန်းရှ တို့ ခါတီတက်ရှပ်တို့ကို ဘယ်တော့မှ ဝတ်လေ့မရှိ။ ကျွန်တော်နှင့် တွေ့သ တစ်လနီးပါး အတောအတွင်းတွင် သူသည် စတစ်ကော်လာရှပ်အင် လက်ရှည်အဖြူကိုသာ ဝတ်လေ့ရှိသည်။ လူငယ်ကလေးတစ်ယောက်က လျ တွေ ဝတ်လေ့ရှိသော စတစ်ကော်လာနှင့် ရုပ်အင်္ကျီကို ဝတ်လိုက်သည့်အ တွင် မျက်နှာကလေး နုသလောက် ကြွခြံ့ရှိသွားသည်ဟု ထင်ရပြီး တစ်မျ ကြည့်ကောင်းနေသည်။





ထွန်းထွန်းသည် မနက်လင်းလာလျှင် ကျွန်တော် သွားသောက်နေကျ ဖက်ရည်ဆိုင်သို့ ရောက်နေတတ်သည်။ အမှန်ကတော့ သူသွားသောက် ကျ လက်ဖက်ရည်ဆိုင်သို့ ကျွန်တော် ရောက်သွားခြင်း ဖြစ်ပါသည်။ ာ မြို့ခံလူ၊ ကျွန်တော်က ဧည့်သည်။

ထွန်းထွန်းသည် အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်တတ်သူဟု ရမည်။ စတစ်ကော်လာအဖြူကို အမြဲဝတ်သလို သူဝတ်သည့် လုံချည် ကလည်း အကောင်းစားတွေ ဖြစ်သည်။ ရခိုင်လုံချည်၊ ကချင်လုံချည်၊ င်းကပ်ဆင်ယောလုံချည် သို့မဟုတ်လျှင် နဒီဆင် ယောလုံချည်၊ တစ်ခါ လေတွင် ပိုးပလေကပ်လုံချည်ပင် ပါလိုက်သေးသည်။

ကျွန်တော် သူတို့မြို့သို့ရောက်စဉ် မနက် လက်ဖက်ရည်ဆိုင် သွားထိုင် သူနှင့် တွေ့ရခြင်း ဖြစ်သည်။ သည်ဆိုင်မှာ ထွန်းထွန်း ထိုင်နေကျ ထွန်းထွန်းသည် ဘာအလုပ်ကိုမျှ မလုပ်။ သူ့အလုပ်က လက်ဖက် ဆိုင်ထိုင်သည့်အလုပ်သာ ရှိသည်။

မနက်မိုးလင်းကတည်းက ထိုင်လိုက်သည်မှာ ညဆိုင်သိမ်းချိန်အထိ သည်။ မနက်စာစားချိန်နှင့် ညစာစားချိန်မှာတော့ ဘိုင်စကယ်ကလေး သူ့အိမ်သို့ ပြန်သွားတတ်သည်။ ထမင်းစားပြီးသည်နှင့် ရောက်လာ ။ လက်ဖက်ရည်ကိုတော့ တစ်နေ့ လေးငါးခွက်လောက် သောက်သည်။ က်ထဲ သို့မဟုတ် ခါးကြားထဲတွင် စာအုပ်တစ်အုပ်တော့ အမြဲပါတတ် ။ တစ်ခါတလေ သုံးလေးအုပ်၊ စာအုပ်များလာလျှင် ခါးကြားတွင် အုပ်သာ ထိုးလာပြီး ကျန်စာအုပ်များကို နောက်ကယ်ရီယာပေါ်တွင်တင်ပြီး ကြိုးဖြင့် ညှပ်ထားသည်။ သူဖတ်သည့် စာအုပ်များမှာ အစုံ။ စစ်မဖြစ်မီ ကိုယ်တော်မှိုင်း၊ ပီမိုးနင်း၊ ရွှေဥဒေါင်း၊ မဟာဆွေ တို့ကအစ စစ်ဦးစ ာယ်၊ သော်တာဆွေ၊ သာဓုတို့အလယ် ယခုခေတ် နောက်ဆုံးပေါ် ရေးဆရာတွေအထိ အကုန်ဖတ်သည်။

ဘယ်သူပြောထားမှန်း မသိ။ ကျွန်တော် လက်ဖက်ရည်ဆိုင်သို့ အသွား စာရေးဆရာတစ်ယောက်ဖြစ်မှန်း သိသွားကာ လာ၍မိတ်ဖွဲ့ပြီး စကား ပြောသည်။ ထိုမှစ၍ သူနှင့်ကျွန်တော် တစ်လလောက်အတွင်း နေ့တိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွဲဖြစ်သွားကာ သူ့အကြောင်းကို ပြောပြ၍ သိခဲ့ရခြင်း ဖြစ်သည်။

"ကျွန်တော့်အဖေက ကျောင်းဆရာပါ။ ပထမတော့ အလွတ် ပညာသင် ကျောင်းတွေကို ပြည်သူပိုင်သိမ်းလိုက်တော့ အက်စ်အေတီ ဖြစ်သွားပါတယ်။ နောက်တော့ အဖေက အက်စ်အေတီကထွက်ပြီး အလွတ်ပညာသင်ကျောင်း ဆရာပဲ ပြန်လုပ်ပါတယ်။ အဖေဟာ ကျောင်းဆရာအလုပ်ကို တော်တော် ဝါသနာပါပါတယ်။ သူငယ်ချင်းတွေက တခြားအလုပ်တွေကို လုပ်ကြတယ်။ တချို့ ကုန်သည်ကြီးတွေ လုပ်ကြတယ်။ တချို့ ဆရာဝန်တွေ လုပ်ကြတယ်။ တချို့ အင်ဂျင်နီယာတွေ လုပ်ကြတယ်။ ဒါပေမဲ့ ဖေဖေက အဲဒါတွေကို တစ်ခုမှ မလုပ်ဘူးခင်ဗျ။ ကျောင်းဆရာပဲ လုပ်ချင်တယ်တဲ့။

တခြားအလုပ်တွေကို လုပ်ခဲ့ရင် လုပ်ဖို့အခွင့်အရေးတွေ အများကြီး ရခဲ့တာပဲ။ ဥပမာ ဖေဖေဟာ အင်းစိန်ဂျီတီအိုင်က ဆင်းခဲ့တာ။ သူနဲ့အတူ ဂျီတီအိုင်က ဆင်းခဲ့တဲ့လူတွေက အင်ဂျင်နီယာကြီးတွေ ဖြစ်ကုန်ကြပြီ။ တချို့ နိုင်ငံခြားတို့ ဘယ်တို့က ပြန်လာကုန်ကြပြီ။ ဌာနဆိုင်ရာ အကြီးအကဲ တွေ ဖြစ်ကုန်ကြပြီ။ ဒါပေမဲ့ ဖေဖေကတော့ ဝါသနာမပါဘူးဆိုပြီး ဂျီတီ အိုင်က ဆင်းခဲ့ပေမယ့် အလွတ်ပညာသင် ကျောင်းဆရာပဲ လုပ်တယ်။

အဲဒီ ဂျီတီအိုင်ကို တက်တာက နောက်မှ တက်တာခင်ဗျ။ ဂျီတီအိုင် မတက်ခင် ဖေဖေ ရန်ကုန်တက္ကသိုလ်ကို တက်သေးတယ်။ တက်ပြီး ဘိုင်အို တို့ ဘာတို့ ယူခဲ့သေးသတဲ့။ ဒါပေမဲ့ နောက်ကျတော့ ဝါသနာမပါဘူး ဆိုပြီး ရိုးရိုးဝိဇ္ဇာကိုပဲ ပြောင်းယူတယ်။

ဒီတုန်းမှာ အိမ်က စီးပွားရေးကျပ်လာလို့ ဖေဖေဟာ ကျောင်းက ထွက်ရတယ်။ တက္ကသိုလ်မှာ တစ်နှစ်ပဲ နေလိုက်ပြီး ဂျီတီအိုင်လျှောက်တော့ ဂျီတီအိုင် ရသွားတယ်။ အဲဒီကနေပြီး ဆင်းလာတာ။ အောင်တော့ သက်ကြီး တက္ကသိုလ် တက်ရတာပါ။ ဖေဖေတို့ခေတ်တုန်းက သက်ကြီးတက္ကသိုလ် ရှိသေးတယ်လို့ ပြောပါတယ်။ ခုခေတ်တော့ စာပေးစာယူသင်တန်းလိုဟာ လို့ ကျွန်တော် မှတ်ထားပါတယ်။

ဒါက ဖေဖေရဲ့ ရာဇဝင်၊ အဲ ... အတ္ထုပ္ပတ္တိပေါ့လေ။

မေမေကလည်း ကျောင်းဆရာမပဲ ခင်ဗျ။ မေမေက ဘွဲ့တော့ မရ





ဘူး။ ဒါပေမဲ့ ဆယ်တန်းအောင်ပြီးတော့ ဆရာဖြစ်သင်ကို တက်ပါတယ်။ နှစ်ဘဲ့ဆရာဖြစ်သင်လို့ ပြောပါတယ်။ မေမေရဲ့ မိဘများက သားသမီး များတော့ မေမေ့ကို ကောလိပ်ဆက်မထားနိုင်ဘူးလို့ ပြောပါတယ်။ မေမေက အကြီးဆုံးသမီးဆိုတော့ သူ့အောက်က မောင်ငယ်၊ ညီမငယ်တွေ ဆင့်ကဲ ဆက်တန်းပညာ သင်နိုင်အောင်လို့ ဆယ်တန်းအောင်ပြီးချိန်မှာ ဆရာဖြစ် သင်ကို တက်လိုက်ရတယ်လို့ ပြောပါတယ်။

ဖေဖေနဲ့မေမေက ငယ်ငယ်လေးကတည်းက ကစားဖော်ကစားဖက် တွေပါ။ အိမ်နီးနားချင်း ကျောင်းသွားဖော် သူငယ်ချင်းတွေပါ။ ငယ်ငယ် လေးကတည်းက ရင်းနှီးလာကြပြီး အရွယ်ရောက်လာတော့လည်း အလိုလို ယောဇဉ်ရှိ၊ အလိုလို ချစ်ကျွမ်းဝင်သွားကြပြီး သူတို့နှစ်ယောက် လက်ထပ် လိုက်ကြပါတယ်။ လူကြီးတွေက နောက်မှသိပြီး သဘောတူကြတာလို့ ပြောပါ တယ်။

ကျွန်တော်တို့မှာ မောင်နှမ လေးယောက်ရှိပါတယ်။ အကြီးဆုံး သုံးယောက်က သမီးတွေပါ။ သားဆိုလို့ အငယ်ဆုံးဖြစ်တဲ့ ကျွန်တော် တစ်ယောက်ပဲ ပါပါတယ်။ ဒါကြောင့် သားသမီးတွေထဲမှာ သားတစ်ယောက် ပေါ်ထွန်းလို့ ဖေဖေက ကျွန်တော့်ကို ထွန်းထွန်းလို့ နာမည်မှည့်ပါတယ်။ ဟုတ်ကဲ့၊ နေ့နံလည်း သင့်ပါတယ်။ ကျွန်တော်က စနေသားပါ။

ကျွန်တော့်မွေးချင်းတွေ အားလုံးက မိန်းကလေးတွေ၊ အစ်မတွေ။ ဒါတော့ ဖေဖေက သားယောက်ျားကလေးတစ်ယောက် ထွန်းကားတယ် ဆိုပြီး ထွန်းထွန်းလို့ မှည့်တာလည်း ပါပါတယ်။

ဖေဖေနဲ့မေမေက အိမ်ထောင်ကျပြီး အတူနေရတယ်လို့ မရှိပါဘူး။ မေမေက ဒီမြို့မှာ ဖတိ၊ ဒီမြို့မှာပဲ ဆရာမလုပ်နေတယ်။ မိဘ လက်ငုတ် လက်ရင်းပေးခဲ့တဲ့ အိမ်တို့ ဘာတို့ကလည်း ဒီမြို့မှာပဲရှိတော့ တစ်လျှောက်လုံး ဒီမြို့မှာပဲ နေလာခဲ့ရပါတယ်။ ဖေဖေကတော့ ဂျီတီအိုင်အောင်ပြီး အလွတ် ပညာသင်ကျောင်းဆရာလုပ်၊ သက်ကြီးတက္ကသိုလ်ကို တက်ကတည်းက ရန်ကုန်မှာ အနေများခဲ့ပါတယ်။ ရန်ကုန်မှာ မနေလို့ မဖြစ်ဘူး မဟုတ်လား။ ဗျာ။ အဲဒီတော့ ဖေဖေဟာ ရန်ကုန် အလွတ်ပညာသင်ကျောင်းတစ်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျောင်းဆရာ လုပ်ပါတယ်။ အဲဒီတုန်းကတော့ ဖေဖေတို့လုပ်တဲ့ အလွတ်ပညာသင်ကျောင်းဆိုတာကလည်း သိပ်အောင်မြင်တာ မဟုတ်ဘူး သူငယ်ချင်းတွေ စုထောင်ထားတဲ့ကျောင်းဆိုတော့ ရန်ကုန်မှာ သူတစ်ယောက် တည်းနေဖို့ စရိတ်ကာမိရုံကလေးပဲရှိတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ မေမေကတော့ ဒီမြို့မှာပဲ နေရတာပေါ့။ မေမေက သူ့မှာ အိမ်ကလည်း ဒီအတိုင်းထားခဲ့လို့ မဖြစ်။ အလုပ်ကတည်း ဒီမှာဆိုတော့ ဖေဖေ့နောက်ကို လိုက်လို့ မဖြစ်ပါဘူး။

နောက်တော့ ကျောင်းတွေကို ပြည်သူပိုင် သိမ်းလိုက်ပါတယ်။ ဖေဖေ အလုပ်ထွက်လိုက်ပါတယ်။ တခြားကို ပြောင်းရလို့ပါ။ တော်တော် ခေါင် ကျတဲ့ ရွာကလေးတစ်ရွာကို ဖေဖေပြောင်းရတော့ ဖေဖေလည်း အလုပ် ထွက်လိုက်ပါတယ်။ အလုပ်ကထွက်၊ မြို့တစ်မြို့ကိုသွားပြီး ကိုယ်ပိုင် ကျူရှင် ကျောင်းကလေးတစ်ခု ဖွင့်ပါတယ်။

ရန်ကုန်ကနေ အဲဒီမြို့ကို ရောက်သွားရတာကတော့ အဲဒီတုန်းက ရန်ကုန်မှာ ကျူရှင်တွေ ပိတ်ထားပါတယ်။ ဒါနဲ့ သူ့တပည့်တစ်ယောက်က သူတို့မြို့မှာ လာဖွင့်ပါ။ ကျူရှင်ကျောင်းကြီးသဘောမဟုတ်တောင် တစ်ဘာသာ နှစ်ဘာသာပြတဲ့ ကျူရှင်ကလေးဖွင့်ပါ။ ဥပဒေနဲ့ မငြိစွန်းပါဘူးလို့ ခေါ်တာနဲ့ ဖေဖေ အဲဒီမြို့ကို လိုက်သွားပါတယ်။ အဲဒီမြို့ကလေးက ရန်ကုန်က တစ်ဆင့် သွားရတာပါ။

ဒီလိုနဲ့ ဖေဖေဟာ မေမေနဲ့ ပိုဝေးသွားပါတယ်။ မေမေနဲ့တင် မကဘူး။ ကျွန်တော်တို့ သားသမီးတွေနဲ့ရော ပိုဝေးသွားပါတယ်။ တစ်နှစ် တစ်ခါလောက်၊ ဒါမှမဟုတ် နှစ်ခါလောက်ပဲ ပြန်လာနိုင်ပါတယ်။ ကျန် အချိန်မှာတော့ သူ့ကျူရှင်နဲ့ပဲ အလုပ်များနေတော့ ကျွန်တော်တို့ဆီ မလာနိုင်ပါဘူး။ မေမေကလည်း ကျောင်းကတစ်ဖက်၊ ကျွန်တော့်အစ်မ တွေက ကလေးတွေကို ထိန်းရတာတစ်ဖက်နဲ့ဆိုတော့ ဖေဖေ့ဆီကို မလာ ပါဘူး။ ဖေဖေလာမှသာ ကျွန်တော်တို့ ဆုံစည်းနိုင်ကြတာပါ။

ဒီလိုနဲ့ ဖေဖေဟာ ကျွန်တော်တို့နဲ့ ဝေးသွားပါတယ်။ ဖေဖေ မိသားစုအပေါ်မှာ အလွန်သံယောဇဉ် ကြီးပါတယ်။ ကျွန်တော် အပါအဝင်





သားသမီးလေးယောက် မွေးလာပြီ။ သူတို့အိမ်ထောင်သက် ဆယ်နှစ်ကျော် လာပြီ။ ဒါပေမဲ့ ဒီမိသားစုကို သူရှာဖွေကျွေးခဲ့ရတယ်ရယ်လို့ မရှိသေး ဘူး။ တစ်ခါတလေ ငွေကလေးနည်းနည်းပါးပါး ပို့တာပဲရှိတယ်။ ဒါလည်း များပါဘူး။ တစ်ခါပို့မှ သုံးလေးရာ။ တစ်နှစ်ကို နှစ်ခါသုံးခါထက် မပို့ နိုင်ဘူးလို့ ပြောပါတယ်။ အိမ်ထောင်သက် ဆယ်နှစ်ကျော်ကျော်မှာ သူ ထောက်ပံ့တဲ့ငွေ စုစုပေါင်းဟာ ဘယ်လောက်ရှိမှာလဲ။ အလွန်ဆုံးရှိမှ လေးငါး ထောင်ပေါ့။ ကျွန်တော်တို့တစ်တွေကို မေမေကပဲ ရှာဖွေကျွေးမွေးခဲ့တာပါ။

ခင်ဗျာ။ ဟုတ်ကဲ့။ တစ်ဖက်မှာ မေမေက ကျောင်းဆရာမ လုပ်ပါ တယ်၊ ကျောင်းဆရာမက ဂျေအေတီပါ။ ပြီးတော့ တောမှာရှိတဲ့ မေမေ့ ဆွေမျိုးတွေနဲ့စပ်ပြီး နှမ်းပေးတို့ မြေပဲပပေးတို့ လုပ်ပါတယ်။ နှစ်ပေး မြေပဲပေးဆိုတာ နှမ်းစိုက်တဲ့လူတွေ မြေပဲစိုက်တဲ့လူတွေကို ငွေချေးပြီး နှမ်းတို့ မြေပဲတို့ပေါ်တော့ အတိုးနဲ့ ပြန်ဆပ်ရတာပါ။ အဲဒါက နှမ်းတို့ မြေပဲတို့ ဈေးတက်ရင်လည်း အမြတ်ရပါတယ်။ ဒါပေမဲ့ ဈေးကျတတ်ရယ်လို့ မရှိပါဘူး။ နှစ်တိုင်းလိုလို မေမေ့အမြတ် မကျန်ဘူးဆိုရင် ငါးထောင် လောက်သောင်းတော့ ကျန်ပါတယ်။ ပြီးတော့ မေမေက ရွှေပေါင်လည်း ပါတယ်။ သူ့မိဘလက်ထက်က ကျန်ခဲ့တဲ့ ပစ္စည်းကလေးတွေ ထုခွဲ ရောင်းချ၊ ဒါမှမဟုတ် ကိုယ်ကတစ်ဆင့် ပေါင်ပြီး အဲဒီငွေရင်းနဲ့ အပေါင်ခံ ဆွေမျိုးပါ။

ဒီလိုနဲ့ ကျွန်တော့်အစ်မတွေ ကောလိပ်တို့ ဘာတို့ရောက်ခဲ့တာပါ။ ဖေဖေက ကောင်းကောင်းမထောက်ပံ့နိုင်ပါဘူး။

ဖေဖေဟာမိသားစုကို မထောက်ပံ့နိုင်တဲ့အတွက် တော်တော်စိတ် ဆင်းရဲ ဖြစ်ပုံရပါတယ်။ ပြီးတော့ အတူရယ်လို့လည်း ကောင်းကောင်း မနေနိုင်။ အတူမနေနိုင်လို့ ထောက်ပံ့နိုင်သလားဆိုတော့ ထောက်လည်း မထောက်ပံ့နိုင်။ ဒီတော့ ဖေဖေ တော်တော်စိတ်ဆင်းရဲတယ်လို့ ထင်ပါတယ်။

ဒီအထဲမှာ ဖေဖေက ကျွန်တော့်ကို အချစ်ဆုံးပါ။ အငယ်ဆုံးလည်း အငယ်ဆုံး၊ တစ်ဦးတည်းသော သားလည်းဖြစ်ပြန်တော့ ကျွန်တော့်ကို ပိုပြီး ချစ်ပါတယ်။ အလိုလည်း လိုက်ပါတယ်။ ပြီးတော့ ဖေဖေက ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့ အစ်မတွေချည်းနေရတယ်တဲ့။ ဒီအတိုင်းဆို ကျွန်တော်ဟာ မိန်း ကလေးလို ဖြစ်နေမယ်တဲ့။ ယောကျာ်းလေးဆိုတာ ရဲရမယ်။ ပြတ်ရမယ် ဖေဖေက မကြာခဏ ကျွန်တော့်ကို ပြောလေ့ရှိပါတယ်။

ဒါနဲ့ ကျွန်တော် ဆယ်နှစ်သားလောက်အရောက်မှာ ဖေဖေ ကျွန်တော့်ကို သူနဲ့လာနေဖို့ ခေါ်သွားပါတယ်။ သူ့အလွတ်ပညာသင်ကျော ဆရာလုပ်နေတဲ့မြို့ကို ကျွန်တော် လိုက်သွားရပါတယ်။ ဟိုရောက်တော့ ဖေဖေက ကျွန်တော့်ကို အစိုးရအထက်တန်းကျောင်းမှာ ထားပေးပါတယ်။ ကျွန်တော် လေးတန်းအောင်ပါပြီ။ အလယ်တန်း ရောက်ပါပြီ။

ဖေဖေရယ်၊ ကျွန်တော်ရယ်၊ ဖေဖေ့တပည့်တစ်ယောက်ရယ် အိမ် ကလေးတစ်လုံး ငှားပြီးနေကြပါတယ်။ ထမင်းဟင်းကိုတော့ ဖေဖေနဲ့သူ့ တပည့်က ချက်ပါတယ်။ သူ့တပည့်က ဈေးဝယ်ပေး၊ ဖေဖေက ချက် များပါတယ်။ တစ်ခါတလေလည်း ကျွန်တော်တို့သုံးယောက် ဖြစ်သလို စားလိုက်ကြပါတယ်။

ဖေဖေဟာ မိသားစုတစ်တွေ တစ်စုတည်း သိုက်သိုက်ဝန်းဝန်း မနေနိုင် တာကို တော်တော် ခံစားနေရပုံရပါတယ်။ ကျွန်တော် သိသလောက်ဆိုရင် သူ့ဘဝမှာ ကျွန်တော်တို့နဲ့ နေလိုက်ရတဲ့နှစ်ဆိုလို့ ဘယ်လောက်မှ မရှိဘူး ကျွန်တော် ဆယ်နှစ်သားလောက်ရောက်သည်အထိ မိသားစုနဲ့ နှစ်လပြည့် အောင် နေရတဲ့အခါရယ်လို့ တစ်ခါမှ မတွေ့ဖူးဘူး။ နွေကျောင်းပိတ်ရင် လည်း တစ်လလောက်ပဲ လာနေတာပဲ။ မေမေကလည်း တစ်လလောက် လိုက်နေနိုင်တာပဲ။ ဖေဖေ နွေကျောင်းပိတ်ရင် ကျူရှင်တွေ ဘာတွေ ပေးရတယ် မဟုတ်လား။ ဒီတော့ ကျွန်တော်တို့ဆီမှာ ဖေဖေ ကြာကြာ မနေနိုင်ဘူး။ မေမေနဲ့ ကျွန်တော်တို့တစ်တွေကလည်း သူ့ဆီကို ကြာကြာ လိုက်မနေနိုင်ဘူး။ မေမေကလည်း နွေကျောင်းပိတ်မှာ လုပ်အားပေး သင်တန်းတို့ရှိတော့ ဖေဖေ့ဆီကို လိုက်နိုင်ရင် အလွန်ဆုံးတစ်လလောက်

ဖေဖေ့စိတ်ကူးက သူ ကျူရှင်ကျောင်း အောင်မြင်ရင် မေမေ့ အလုပ်ထွက်ခိုင်းပြီး ကျွန်တော်တို့ကို ခေါ်မယ်ပေါ့။ မေမေက ခု ကျွန်တော် တို့မြို့မှာ ကျူရှင်လာလုပ်ဖို့ ခေါ်တယ်။ ဒါပေမဲ့ ဖေဖေက မလာချင် ဒီမြို့က သူ့မြို့ပေမယ့် သူ့ထက်အရင် အောင်မြင်နေတဲ့ သူ့သူငယ် ကျူရှင်ဆရာတွေ ရှိတယ်။ သူတို့နဲ့ ပြိုင်မလုပ်ချင်ဘူး။ ပြိုင်လုပ်ရင် ကိုယ်သာလို့လည်း မကောင်းဘူး။ ကိုယ်က နောက်ကျကျန်ရစ်ခဲ့ရင်လည်း ရှက်စရာကြီးတဲ့။ ဒီမြို့က ကျောင်းသားနဲ့ အထာကျနေပြီ။ သူက ခုမှ နေမယ့် လူသစ်တဲ့။ ဒီတော့ သူရောက်နေတဲ့ မြို့ကလေးမှာပဲ ကျူရှင် အောင်မယ်တဲ့။

အဲဒီမြို့မှာ ဖေဖေ့ကျူရှင်ဟာ တော်တော် အောင်မြင်လာပါတယ်။ ကျွန်တော်လိုက်နေပြီး နှစ်နှစ်၊ သုံးနှစ်လောက်ကြာတော့ ဖေဖေ့ကျောင်း တော်တော့်ကို အောင်မြင်လာပါတယ်။ ဆယ်တန်းဆိုရင်လည်း ဖေဖေ့ ကျောင်းက အောင်ချက်တော်တော်ကောင်းတယ်။ အစတုန်းကတော့ ဖေဖေ့ ကျောင်းက အင်္ဂလိပ်စာနဲ့သင်္ချာ နှစ်ဘာသာကိုပဲ ပြပါတယ်။ နောက်တော့ ဘာသာစုံ ပြပါတယ်။ အဲဒီတုန်းက ကျူရှင်ကျောင်းတွေ ဖွင့်လို့ ရပါသေး သေး။ ဥပဒေ မထွက်သေးပါဘူး။ ဖေဖေဟာ ကျောင်းအုပ်ချုပ်ရေးကို ကိုယ်တိုင် လုပ်တယ်။ အရင်တုန်းက တပည့်တစ်ယောက်ကို အလုပ်ခိုင်း တော့ အဲဒီ့တပည့်က ငွေဘုန်းပြေးတာနဲ့ သူများကို မခိုင်းတော့ဘဲ ကိုယ် လုပ်ရတာပါ။ ပြီးတော့ စာကိုလည်း ကိုယ်တိုင်သင်တယ်။ အထူးသဖြင့် အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ၊ သမိုင်းတို့ကို သင်ပါတယ်။ ဖေဖေဟာ ကျောင်းတုန်းက ဘယ်ဘာသာတွေကို ယူခဲ့မှန်းတော့ ကျွန်တော် မသိဘူး။ မဲ့ ဘာသာရပ်အားလုံးလိုလိုကို ပြနိုင်တယ်။ အထူးသဖြင့် စာစောက ခဲ့တဲ့ ဘာသာလေးခုမှာ အသင်အပြ ကောင်းပါတယ်။ ကျောင်းသား တွေကလည်း ဖေဖေသင်တာကို သိပ်သဘောကျကြတယ်။

ကျောင်းသားမိဘတွေကလည်း ဖေဖေ့ကို ချစ်ကြတယ်။ ဖေဖေက မတတ်နိုင်တဲ့ ကျောင်းသားကို ကျောင်းလခ မယူဘူး။ ကျောင်းလခ ယ်တော့မှ မတောင်းဘူး။ ပေးမှပဲ ယူတယ်။ ကျောင်းသားတွေကလည်း မတောင်းမှန်း သိပေမယ့် မပေးဘဲ မနေကြဘူး။ ကျောင်းလခမပေး ရှက်စရာဆိုပြီး ကျောင်းသားအချင်းချင်းကိုက တောင်းပေးတယ်။





www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဟာ အသောက်အစားမရှိဘူး။ အပျော်အပါးမရှိဘူး။ နာမည်ပျ
မရှိဘူး။

ဒါကြောင့် တစ်မြို့လုံးက ခင်ကြတယ်။

ဖေဖေဟာ ကျူရှင်ကျောင်းလည်း အောင်မြင်လာရော မေမေ့
အလုပ်က ထွက်နိုင်းတယ်။ ဒါပေမဲ့ မေမေက မထွက်ချင်ဘူး။ ဒီတေ
ဖေဖေက သူတို့ အိမ်ထောင်ကျလာတာ ဆယ့်ငါးနှစ်၊ အနှစ်နှစ်ဆယ်လော
ရှိတော့မယ်တဲ့။ ဒီအတွင်းမှာ မိသားနဲ့ နေရတယ်လို့ကို မရှိဘူး။ သူလည်
အသက် လေးဆယ့်ငါးနှစ်ထဲ ရောက်လာပြီတဲ့။

နောက်ဆုံး တိုတိုပြောရရင်တော့ ဖေဖေက အတင်းထွက်နိုင်းတာ
မေမေလည်း အလုပ်က ထွက်ဖြစ်လိုက်တယ်။ ပင်စင်တောင် ယူလိုက်တယ
မေမေနဲ့ ကျွန်တော်တို့ မိသားစုလည်း ဖေဖေ့ဆီကို လိုက်လာကြတာပေ

အဲဒီတုန်းက ဖေဖေရဲ့ကျူရှင် အောင်မြင်လိုက်တာကလည်း မပြော
တော့ ဆရာ။ ကျောင်းသားတွေကလည်း တော်လို့ထင်ပါရဲ့။ ဖေဖေ့ကျူ
ကနေပြီး ဆယ်တန်းဖြေရင် ကျတဲ့လူရယ်လို့ သိပ်မရှိလှဘူး။ ၇၀ ရာခ
လောက် အောင်အောင်နေတယ်။ အောင်ပြန်တော့လည်း ဂုဏ်ထူးတွေ
ဒီနှစ်လုံးသုံးလုံး။ တစ်ခါတလေ ဒီငါးလုံး၊ ခြောက်လုံးနှစ်တွေလည်း ရှိတ

ဖေဖေကတော့ ကျောင်းကို ဖိဖိစီးစီးလုပ်နေတော့ ကျန်းမာရေး ချို
လာတယ်။ မကြာမကြာ နေထိုင်မကောင်း ဖြစ်တတ်တယ်။ လူကလ
တဖြည်းဖြည်း ပိန်းချုံးလိုက်လာတယ်။ ဒါပေမဲ့ သွားသွားလာလာ
တစ်ခါတလေ နည်းနည်းပါးပါး နေထိုင်မကောင်းရင်လည်း ဖေဖေ ကျော
ပျက်မခံဘူး။ ကလေးတွေ စာနောက်ကျကုန်မှာစိုးလို့ဆိုပြီး ကိုယ်တိ
သင်တယ်။ သူက အင်္ဂလိပ်စာနဲ့သင်္ချာကို ကောင်းကောင်းပြနိုင်တော့ တ
ဆရာပြတာကို သူစိတ်မချဘူးတဲ့။ သူ့ကျောင်းသား အကြောင်းကို
သိတယ်တဲ့။

အဲဒီတော့ ကျွန်တော် ဆယ်တန်းလောက် ရောက်နေပြီ ဆရာ။

ထူးဆန်းတာ တစ်ခုတော့ ရှိတယ်ဆရာ။ ကျွန်တော့်အဖေကျော
ဟာ ကျောင်းသားတော်တော်များများ အောင်တယ်။ တော်တော်ည





ကျောင်းသားတောင် ဖေဖေ့ကျောင်းကို ရောက်လာရင် အောင်သွားတယ်။
ဒါပေမဲ့ တခြားကျောင်းသားတွေကို အောင်အောင် သင်ပေးနိုင်တဲ့ဖေဖေ
ကျွန်တော့်ကိုတော့ အောင်အောင် လုပ်ပေးနိုင်ဘူး ဆရာ။ ကျွန်တော်
ဆယ်တန်းကို ပထမဆုံးအကြိမ် ကျတယ်။

ဖေဖေဆိုတာ တော်တော်ရှက်သွားတယ် ထင်တယ်။ အားလည်း
တော်တော်လျော့သွားတယ် ထင်တယ်။ အရင်ကလောက် တက်တက်ကြွကြွ
မရှိတော့ဘူး။ ကျန်းမာရေးလည်း ချွတ်ယွင်းလာတယ် ထင်တယ်။

ကျွန်တော်ကျတာကတော့ တခြားကြောင့် မဟုတ်ပါဘူး ဆရာ။
ကျွန်တော် စာမကျက်လို့ပါ။ ကျွန်တော်က စာတစ်လုံးမှ မကျက်ဘဲ
လက်ဖက်ရည်ဆိုင်ထိုင်၊ ဆေးလိပ်သောက်၊ အပေါင်းအသင်းတွေနဲ့နေ၊ ဝတ္ထု
ဖတ်၊ ကဗျာတွေစပ်နဲ့ အချိန်ကုန်နေတာကိုး။ အဲဒီတုန်းက ဖေဖေက
ကလည်းကောင်းတော့ ကျွန်တော်လည်း ပိုက်ဆံသုံးတတ်သွားတယ်
။ တရားဝင်ရတဲ့ မုန့်ဖိုးရော ကျွန်တော့်နည်းနဲ့ ကျွန်တော် အကြံအဖန်
တို့ မေမေတို့အလစ်မှာ နှိုက်သုံးတဲ့ မုန့်ဖိုးနဲ့ဆိုရင် အဲဒီတုန်းက
တော်သုံးတာ တစ်လကို လေးငါးရာလောက်ရှိမယ်ထင်တယ်။

ဆရာ စဉ်းစားကြည့်လေ။ အဲဒီတုန်းက တစ်လငါးရာဆိုတဲ့ငွေဟာ
သလား။ ဖေဖေနဲ့မေမေကတော့ မသိဘူးပေါ့။ ကျွန်တော်ကတော့
သုံးနေတာပဲ။ ဒါပေမဲ့ ကျွန်တော် ဆေးမချပါဘူး။ လက်ဖက်ရည်
ထိုင်တယ်။ ကဗျာစပ်တယ်။ ဆေးလိပ်သောက်တယ်။ ဆေးလိပ်ကတော့
ကိုသလား မမေးနဲ့။ ဆေးပေါ့လိပ်ဆိုရင် တစ်နေ့ကို အစိတ်လောက်
တယ်။ စီးကရက်ဆိုရင် တစ်နေ့ကို ဒူးယားနှစ်ဘူးလောက် သောက်
။

ဖေဖေက ဆေးလိပ်သောက်တာကို သိသွားတော့ ဆူတယ်။ ဒါပေမဲ့
တော်ကလည်း နောက်တော့ သိသာသိစေ၊ မမြင်စေနဲ့ဆိုသလို သူမြင်
မသောက်တော့ဘူး။ ကိုယ့်ဘာသာ ပုန်းလျှိုးကွယ်လျှိုး သောက်
။

ဖေဖေဟာ ကျွန်တော် ဆယ်တန်းကျတဲ့အတွက် စိတ်ထိခိုက်တာ ဆရာ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ အလုပ်ပင်ပန်းတာရော။ ဒီအထဲမှာ ရောဂါဖိစီးတာရောပေါင်းပြီ ကျွန်တော် ဆယ်တန်းဒုတိယနှစ်မှာ ဆုံးသွားပါတယ်။ အဲဒီတော့ ကျွန်တော် ဆယ့်ခြောက်နှစ်ကျော်ကျော်ကလေးပဲ ရှိပါသေးတယ်။

ဖေဖေဆုံးတော့ မေမေလည်း အဲဒီမြို့မှာ မနေချင်တော့ဘူးလေ ကိုယ့်ဇာတိမြို့ကို ပြန်ပြောင်းရတာပေါ့။ ဟိုမှာ ကိုယ့်အိမ်ကလည်းရှိတယ် အသိုင်းအဝိုင်းကလည်း ရှိတယ်မဟုတ်လား။

ဖေဖေဆုံးလိုက်တာဟာ ကျွန်တော်တို့ဘဝမှာ တော်တော်ကြီး အပြောင်း အလဲ ဖြစ်သွားတယ် ဆရာ။

ကျွန်တော် စာမေးပွဲလည်း မဖြေချင်တော့ဘူး။ ဖေဖေဟာ ကျွန်တော့် အဖေဆိုလည်း ဟုတ်တယ်။ ဆရာဆိုလည်း ဟုတ်တယ်။ ဖေဖေဆုံးမခဲ့တာ တွေကို ဟိုတုန်းကတော့ အလေးမထားခဲ့ဘူး။ ဖေဖေမရှိတော့မှ ကျွန်တော် တန်ဖိုးထားရကောင်းမှန်း သိလာတယ်။ ဒါပေမဲ့ လူမိုက်နောင်တဆိုသလို ခုမှ နောင်တရလို့ မထူးတော့ဘူးလေ။

ဖေဖေဟာ ကျောင်းဆရာကြီးတစ်ယောက်အနေနဲ့ တခြားကျောင်းသား ကို စာမေးပွဲ အောင်မြင်အောင် စာသင်ပေးနိုင်ခဲ့ပါရဲ့။ ဒါပေမဲ့ သူ့သား တော့ စာမေးပွဲ အောင်အောင် သင်မပေးနိုင်ခဲ့ဘူးလေ။

ဖေဖေဟာ သူများသားသမီးကိုတော့ လိမ္မာအောင် ဆုံးမနိုင်ခဲ့ပါရဲ့ ဒါပေမဲ့ သူ့သားဖြစ်တဲ့ ကျွန်တော့်ကိုတော့ လိမ္မာအောင် ဆုံးမ မသွားနိုင် ခဲ့ဘူးလေ။

ဒါဟာ ဖေဖေရဲ့ ကျဆုံးမှုပဲလို့ ကျွန်တော်ထင်တယ် ဆရာ။ ဖေဖေ ဟာ ဒါကို တွေးမိပုံရတယ်။ ဖေဖေသေသွားရတာဟာ ဒီကျဆုံးမှုကို မြင်မိပြီး စိတ်မကောင်းဖြစ်တာ၊ စိတ်ထိခိုက်တာလည်း ပါမယ်လို့ ကျွန်တော် ထင်တယ်။

ဖေဖေမရှိတော့ မေမေက ကျွန်တော့်ကို သူ့မောင်အငယ်ဆုံးဆီ ပို့ပေးတယ်။ ပြီးတော့ ကျောင်းထားပေးတယ်။ အိမ်မှာဆိုရင် မေမေ စကားကိုလည်း ကျွန်တော် သိပ်နားထောင်တဲ့ကောင်မှ မဟုတ်ဘဲကိုး။ ဒီတော့ သူမနိုင်တော့ . မောင်အငယ်ဆုံး၊ ကျွန်တော့်ဦးလေးဆိုရင် ကျွန်တော့်ကို





နိုင်မှာပဲဆိုပြီး ကျွန်တော့်ကို သူ့ဆီ ပို့တယ်။ သူ့အိမ်ကနေ ကျောင်း တက်ရတယ်။

ဒါပေမဲ့ အဲဒီမှာလည်း ကျွန်တော် စာမေးပွဲကျတယ် ဆရာ။

စာမေးပွဲ အောင်စာရင်းတွေ ထွက်တဲ့နေ့က ကျွန်တော် အိမ်ကို ပြန်တော့ဘူး။

ကျွန်တော့်ဦးလေးကို ကြောက်တာကိုး ဆရာ။ ဒီတင် ကျွန်တော် ပါတာတဲ့ ပိုက်ဆံကလေးနဲ့ တွေ့ရာ လျှောက်သွားတော့တာပဲ။ ဆရာ ဘာသာပြန်တဲ့ "လေလွင့်သူ"ဝတ္ထုကြီးထဲက ဟိုလ်ဒင်ကောဖီးလိုပေါ့။ အိမ် ပြေးကလေးပေါ့ ဆရာ။

အဲဒီ ဆရာ့ရဲ့ ဝတ္ထုထဲက ဟိုလ်ဒင်ကောဖီးလို ရန်ကုန်မြို့ကြီး ကျွန်တော် လျှောက်ပတ်တယ်။ မီးရထားဘူတာရုံ ပလက်ဖောင်းမှာ ခရီးသည်တွေနဲ့ အတူအိပ်တယ်။ ပန်းခြံတွေကို လျှောက်သွားတယ်။ တစ်နေ့ကုန် လျှောက် သွားပြီး ညကျတော့ ဘူတာရုံမှာ ကျွန်တော်အိပ်။ မနက်ကျတော့ ရထား စီးပြီး ကျွန်တော် မန္တလေးကို လိုက်လာခဲ့တယ်။ ရထားခေါင်မိုးပေါ်ကနေ လိုက်တာ။ ကျွန်တော့်လိုပဲ ရထားခေါင်မိုးပေါ်ကနေ လိုက်လာတဲ့ လူငယ် တွေ လေးငါးဆယ်ယောက်လောက် ရှိမယ်ထင်တယ်ဆရာ။

သူတို့လည်း ကျွန်တော့်လို အိမ်ပြေးကလေးတွေလားလို့ ကျွန်တော် တွေးကြည့်တယ်။ ပဲခူးရောက်တော့ ထမင်းရောင်းတဲ့ ကောင်လေးတွေ၊ ... ရောင်းတဲ့ ကောင်လေးတွေတက်လိုက်လာတယ်။ ကျွန်တော့်လိုပဲ ခေါင်မိုးပေါ်က။

ကျွန်တော် ထွက်လာတုန်းက ရောက်ချင်ရာရောက်ဆိုပြီး ထွက်လာတာ။ လောကကြီးကို မကျေနပ်ဘူးလေ ဆရာ။ ကိုယ့်ဘဝကိုယ်လည်း မကျေနပ် ဘူး။

"လေလွင့်သူ"ထဲက ဟိုလ်ဒင်ကောဖီးဟာ ဘဝကို မကျေနပ်ဘူး။ အဖေနဲ့အမေ့ကိုလည်း မကျေနပ်ဘူး။ သူစာသင်ပေးနေတဲ့ ကျောင်းဆရာ တွေကိုလည်း မကျေနပ်ဘူး။ ရုပ်ရှင်သွားကြည့်တော့ ရုပ်ရှင်လောကကိုလည်း မကျေနပ်ဘူး။ တစ်နည်းပြောရရင် အနုပညာကို မကျေနပ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသေသွားတာ ကျွန်တော် လောကကြီးကို ပိုပြီး မကျေမနပ် ဖြစ်လာတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မကျေမနပ် ဖြစ်လာတယ်။ ဒါကြောင့် မို့ ခြေဦးတည့်ရာ လွှင့်တော့မယ်ဆိုပြီး ကျွန်တော် ထွက်လာတာ။

ညောင်လေးပင်လွန်တော့ ကျွန်တော်ထိုင်နေတဲ့ တွဲအမိုးပေါ်က စီးကရက်ရောင်းတဲ့ကောင်လေးတစ်ယောက် တက်လာတယ်။ ၁၄-နှစ်၊ ၁၅-နှစ်လောက်ပဲ ရှိမယ် ထင်တယ်။

ကျွန်တော်က သူ့ဆီက မွှန်ထရီတစ်ဘူးဝယ်သောက်တယ်။ ပြီး သူနဲ့ စကားပြောတယ်။ ပြောတာကတော့ ပြေငြိမ်းအကြောင်းပါ။ ပြေငြိမ်းလည်း ဒီလို ခေါင်မိုးပေါ်က လိုက်လာတယ်တဲ့။ ကျွန်တော့်ကိုလည်း ဘယ်ထိအောင် သွားမှာလဲတဲ့။ ခပေါင်းတံတားကျရင် သတိထားတဲ့ ပြီးတော့ ဂုံးနိမ့်တံတား ကျရင် သတိထားတဲ့။ ပြီးတော့ ဂုံးနိမ့်တံတားတွေကိုလည်း သူပြောသွား တယ်။ နာမည်တွေကိုတော့ ကျွန်တော် မမှတ်မိတော့ဘူး။

ကျွန်တော်က သူ့ကို မေးကြည့်တော့ သူ ကျောင်းမနေခဲ့ရဘူး။ သုံးတန်း ပဲ အောင်တယ်။ အဖေက ထင်ခုတ်သမား။ ငှက်ဖျားနဲ့ ဆုံးသွားတယ်။ အမေက ဘဲကျောင်းရတယ်။ သူလည်း ဘဲကျောင်းရတယ်။

အပါး ... သူ့ဘဝအကြောင်း နားထောင်ကြည့်လိုက်တော့ ကျွန်တော့် ဘဝဆိုတာ နှင်းဆီပန်းတွေ ခင်းထားတဲ့ လမ်းကြီးပါကလားဆရာ။ သူတော် လုပ်ကိုင်စားသောက်ရင်း လောကကြီးမှာ ပျော်ပျော်နေရဲသေးရင် ကျွန်တော် ဘာဖြစ်လို့ မနေရဲရမှာလဲလို့ အသိတရားရသွားတယ်။

သူ တောင်ငူကျတော့ ဆင်းသွားတယ်။ အစုန်နဲ့ ပြန်လိုက်မှာတဲ့။

သူနဲ့ကျွန်တော် စကားပြောလိုက်တာဟာ ကျွန်တော့်မှာ ဉာဏ်အလင်း တော်တော်ရသွားတယ် ဆရာ။

ဒီတင် တခြားကို မသွားတော့ဘဲ ကျွန်တော် အိမ်ကို ပြန်လာတယ်။ ဆရာရဲ့ "လေလွင့်သူ"မှာ ဟိုလ်ဒင်ကောဖီးဟာ သူ့ညီမလေးကို သံယောဇဉ် ရှိလို့ နောက်မျိုးဆက်တွေကို ယုံကြည်လို့ အိမ်ကို ပြန်လာသလို ကျွန်တော် လည်း ကျွန်တော်တို့မျိုးဆက်ကို ကျွန်တော် ယုံကြည်လို့ အိမ်ကို ပြန်လာ တာပဲ။





ဒါပေမဲ့ အိမ်ကိုသာ ပြန်လာတယ်။ ခုထိတော့ ကျွန်တော်ဟာ ဘယ်သူ့ ကောင်းကျိုးကိုမှ မလုပ်ရသေးဘူး ဆရာ။

တစ်နေ့မှာတော့ ကျွန်တော်တို့မျိုးဆက်ရဲ့ အကျိုးအတွက် အလုပ် လုပ်နိုင်လိမ့်မယ်လို့ ယူဆတာပဲ"

(ကလျာမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၉၁)

* * *

www.burmeseclassic.com

www.burmeseclassic.com

# ကိုငွေကြည် ရွှေပြည်သာမှာ ဆံပင်ညှပ်သည်

# ကိုငွေကြည်ရွှေပြည်သာမှာဆံပင်ညှပ်သည်

သူ့ဆံညှပ်ဆိုင်သို့ ကျွန်တော် ညှပ်သည်မှာ ယခုတစ်ကြိမ်နှင့်ဆိုလျှင် ...ရှိသွားပြီ။ ပထမတစ်ခေါက်တုန်းကတော့ စကားသိပ်မပြောဖြစ်ကြ။ ...လည်း ဖောက်သည်သစ်မို့ ဂရုစိုက်သလား မဆိုနိုင်။ ဆံပင်ကို အကြာ ...ညှပ်ပေးသည်။ ကိုင်တွယ်သည့်အခါတွင်လည်း ညင်ညင်သာသာ ကိုင် ...ယ်သည်။ နားပန်းဆံတို့ကို ရိတ်သည့်အခါတွင်လည်း စင်အောင် ရိတ် ...သည်။ ကုပ်အစပ်တွင် ပေါက်နေသည့် မွေးညှင်းနုနုတို့ကို ရိတ်သည့် ...တွင်လည်း ဓားပါးပါးကလေးဖြင့် အသာကလေး ဆွဲခြစ်သွားသည်။

ကတ်ကြေးဖြင့် ထိုးသွားပြီး ဖုထစ်နေသည့် နေရာများကိုလည်း ...တ်ကြေးကလေးဖြင့် အသာလိုက်တိသည်။ ဆံပင်ကို ဖြီးပေးသည့် ...တွင်လည်း သေသေချာချာ ဖြီးပေးသည်။ ကိုယ်တွင်ခြုံထားသည့် ...်ခြုံကို ခွာသည့်အခါတွင်လည်း ဆံပင်ညှပ်သူ ကျွန်တော့်အပေါ် ဆံစ ...တွမကျန်အောင် သေချာပိရိအောင်ခွာပြီး ခပ်လှမ်းလှမ်းတစ်နေရာသို့ ...ါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရုံကို ခွာပြီးနောက် ကုပ်ကြောကို နှိပ်နယ်ပေးလိုက်သေးသည်
ကိုယ်ပေါ်တွင် ကျန်သည့်ဆံပင်တို့ကို ခါသည့်အခါတွင်လည်း သူ့ကိုယ်ပေါ်မှ
ဆံပင်တို့ကို အရင်မခါဘဲ ဆံပင်ညှပ်လာသူ၏ ကိုယ်ပေါ်မှ ဆံပင်ကို အဓိ
ထား၍ ခါပေးသည်။ ပိုက်ဆံကို ယူသည့်အခါတွင်လည်း ယဉ်ကျေးပျူ
ပြုံးကာ လက်နှစ်ဖက်ဖြင့် လှမ်းယူပြီး အကြွေပြန်အမ်းသည့်အခါတွင်လည်
လက်နှစ်ဖက်ဖြင့် ပြန်အမ်းသည်။

သူ့လက်ရာ ဆံပင်ပုံကလည်း သိပ်မဆိုး။ ဆက်ဆံရေးကလည်း ကော
သည်။ လူရှင်းသည်။ သူ့ဆိုင်မှာ အရပ်ထဲက ဆံပင်ညှပ်ဆိုင်ကလေး ဖြ
သဖြင့် နှစ်ခုံသာ ရှိသည်။ တစ်ခုံကို ဆိုင်ရှင်ကိုယ်တိုင်ညှပ်ပြီး ကျန်တစ်
ကို သူညှပ်သည်။ ကျွန်တော်သည် ဆံပင်ညှပ်လျှင် ချေးများတတ်သူ မဟုတ်
ပုံဆိုးပန်းဆိုးမဟုတ်လျှင် တော်ပြီဆိုပြီး သူ့ဆိုင်မှာပင် ညှပ်လိုက်သည်
သည်လိုဖြင့် သူနှင့်ကျွန်တော် မျက်မှန်းတန်းမိသွားကြပြီး ခင်မင်သွားကြသည်

တချို့ ဆံပင်ညှပ်သမားများမှာ စကားများသည်။ ဆံပင်ညှပ်ခံသူန
စကားမပြောရလျှင် ဘေးတွင် လာထိုင်နေသူနှင့် စကားပြောကြသည်
သူတို့စကားထဲတွင် ကမ္ဘာ့နိုင်ငံရေးလည်း ပါသည်။ ဆီဈေး၊ ဆန်ဈေ
လည်းပါသည်။ အရပ်ထဲက သတင်းလည်း ပါသည်။ သတင်းစုံ။ သူ့ဆိုင်က
စကားသံ သိပ်မကြားရ။ မေးမှ ပြောသည်။ နောက်မျက်မှန်းတန်းမိလာ
သည့်အခါတွင်မူ ကျွန်တော်မေးသဖြင့် သူက သူ့ဘဝကို ပြောပြသည်။

သူ့အမည်က ကိုငွေကြည်။ အသက်က ၅၀ ခန့်။ နေတော့ ရွှေပြည်
သာမှာ နေသည်။ ရွှေပြည်သာကို မရောက်ခင်တုန်းကတော့ တာမွေ
ရပ်ကွက်တစ်ခုမှာ နေခဲ့သည်ဟု ဆိုသည်။ အရပ်ပြတ်ပြတ်၊ အသားညိုညို
မျက်လုံးမျက်ခုံးကောင်းကောင်း၊ သူ့ခေါင်းမှာ ဆံပင်တို့က ခပ်ပါးပါး
ခေါင်းပြောင်သည့်ဘက်သို့ပင် ရောက်နေပြီ။ ရှေ့ပိုင်းတစ်ပိုင်းလုံး ဆံပ
ရယ်လို့ သိပ်မရှိတော့။ နောက်နှင့် ဘေးတို့တွင်သာ ရှိတော့သည်။

ကျွန်တော် ဆံပင်ညှပ်တဲ့အလုပ်လုပ်တာ အနှစ်နှစ်ဆယ်လော
ရှိပြီဆရာ။ ဒီလိုပေါ့ ဆရာရယ်။ ရုန်းကန်ရတာပေါ့။ ညှပ်ချင်တာကတော့
ဆိုင်ကြီးတွေမှာ ညှပ်ချင်တာပေါ့။ ဒါမှမဟုတ်ရင်လည်း အစိုးရဆိုင်တွေ





ချင်တာပေါ့။ ဒါပေမဲ့ အဆက်အသွယ်မရှိတော့ အစိုးရဆိုင်မှာ
ရောက်ဖြစ်ပါဘူး။ အစိုးရဆိုင်မှာဆိုရင်တော့ ပင်စင်လည်း ရတယ်။
ကလည်း သည့်ထက် ကောင်းတယ် မဟုတ်လား။ ခေါင်းလျှော်ဖို့
ရှိတယ်။ ဆံပင်ခြောက်အောင်လုပ်တဲ့ အပူပေးစက်ရှိတယ်။ စက်
ကြေးဆိုရင်လည်း ဂျပန်စက်ကတ်ကြေးတို့၊ အင်္ဂလန်ကလုပ်တဲ့ စက်
ကြေးတို့ရှိတယ်။ ခေါင်းလျှော်ရည်ရှိတယ်။ ဆံပင်ဆိုးချင်တဲ့လူ ရှိရင်
ဆိုးဆေးရှိတယ်။ ဘီဂျင်းနဲ့ဆိုးမလား၊ ကင်းလိုမာနဲ့ဆိုမလား ကြိုက်ရာနဲ့
င်တယ်။

ဘီဂျင်းက ဆံပင်တော့ နက်ပါရဲ့။ ဒါပေမဲ့ လူတိုင်းနဲ့ မတည့်ဘူး။
ဆိုရင် ယားတယ်။ ခေါင်းမှာ အဖုတွေ အပိမ့်တွေထတယ်။ များသွား
မျက်နှာတို့ဘာတို့မှာ အဖုအပိမ့်တွေ ထွက်လာတတ်တယ်။ ဒါကြောင့်
ဆိုးမယ့်လူလာရင် မေးရတယ်။ ဘီဂျင်းကို ဆိုးဖူးသလား။ ကင်းလို
ဆိုးဖူးသလားလို့ မေးရတယ်။ ဆိုးပြီးမှ ခေါင်းတို့ မျက်နှာတို့မှာ
အပိမ့်တွေ ထွက်လာရင် ကိုယ့်ဆိုင်နာမည်ပျက်တယ် မဟုတ်လား။
လျှော်ရင်၊ ဆံပင်ဆိုးရင် ကျွန်တော်တို့မှာလည်း ပိုက်ဆံ ပိုရတော့
လျှော်မယ့်လူ၊ ဆံပင်ဆိုးမယ့်လူကို ပိုမျှော်တာပေါ့ ဆရာ။ နေ့တွက်
တာပေါ့။

တချို့ နာမည်ကြီးတဲ့ဆိုင်ကြီးတွေ ရှိသေးတယ်။ အဲဒီကို ရုပ်ရှင်
သားတို့၊ အဆိုတော်တို့စတဲ့လူတွေ လာတတ်တယ်။ အရာရှိကြီးတွေလည်း
တတ်တယ်။ သူတို့လိုလူတွေ လာတဲ့ဆိုင်မျိုးဆိုရင် ပိုပြီး ပိုက်ဆံရတာပေါ့
ရယ်။ ဘောက်ဆူးပေးသွားတာကိုက နည်းသလား။ တစ်ခါလာညှပ်ရင်
ယ် ဆယ့်ငါးကျပ်တော့ ပေးသွားတာပဲ။

ကျွန်တော့် သူငယ်ချင်းတစ်ယောက်ဆိုရင် ရွှေဂုံတိုင်နားက ဆိုင်မှာ
ပ်လုပ်ဖူးတယ်။ ဆရာ သိမှာပါ။ ရွှေဂုံတိုင် ရဲစခန်းနားက ဆိုင်လေ။
န်းကတော့ ရုပ်ရှင်မင်းသား ဝင်းဦးတို့ ဘယ်သူတို့လာပြီး ညှပ်ကြ
တဲ့။ အရာရှိကြီးတွေလည်း လာပြီးညှပ်တတ်တယ်တဲ့။ အဲဒီလိုဆိုင်မျိုးမှာ
ရင်တော့ ပိုပြီး ဝင်ငွေကောင်းတာပေါ့။ နောက် ဦးဝိစာရအိမ်ရာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆိုင်တစ်ဆိုင်ရှိတယ်။ အဲဒီဆိုင်ကလည်း တော်တော်စုံတယ်။ အခ… တော်၊ ရုပ်ရှင်မင်းသား၊ အရာရှိကြီးတွေ တော်တော်များများ လာကြတယ်… တချို့လည်း အိမ်ကိုခေါ်ပြီး အညှပ်ခိုင်းတယ်။ နောက်ပိုင်းမှာတော့… ကောင်မလေးတွေညှပ်တဲ့ဆိုင်တွေ နည်းနည်းပါးပါး ပေါ်လာတယ်။ အမျ… အားဖြင့်တော့ အိမ်လိုက်ညှပ်ပေးကြတာ များပါတယ်။

ပြီးတော့ ရှိသေးတယ် ဆရာ။ ကျွန်တော် ရန်ကုန်ရောက်စက ရောက်… ဖူးတဲ့ဆိုင်တွေ။ အဲဒီတုန်းကတော့ ကျွန်တော် ဆံပင်ညှပ်သမား မဟုတ်သေး… ဆရာ။ ဟိုတုန်းက စထရင်းဟိုတယ်အောက်မှာ တစ်ဆိုင်ရှိတယ်။ ကုန်သည်… လမ်းမှာ ဂရင်းဆံသဆိုပြီး ဆိုင်ကြီးတစ်ဆိုင်ရှိတယ်။ ပြီးတော့ ဆူးလေ… ဘုရားလမ်းမှာ ဝင်းဆိုတဲ့ ဆိုင်ကြီးတစ်ဆိုင်ရှိတယ်။ ပါရာမောင့်ဆိုတဲ့ ဆံ… ဆိုင်ကြီးတစ်ဆိုင်လည်း ရှိသေးတယ်။

အဲဒီဆိုင်ကြီးတွေက အရှိန်ကလည်း ကြီးတယ်မဟုတ်လား ဆရာ… ဆိုင်ကြီးတွေက အောက်က အခင်းကလည်း ပန်းပွင့်ကြီးတွေ၊ ပန်းကွက်… ကြီးတွေဖော်ထားတဲ့ ကျောက်ပြားတွေကို ခင်းလို့။ တချို့ဆိုရင်လည်း အဖြူ… အနက်ကွက်ဖော်ထားတဲ့ ကျောက်ပြားတွေကို ခင်းလို့။ ကြမ်းပြင်ကို… နင်းရက်စရာ မရှိဘူး။ ကုလားထိုင်တွေတွေကလည်း တန်းစီပြီး ချထား… လိုက်တာ။ တစ်ဖက်တစ်ဖက် ဆယ်လုံးလောက် ရှိလိမ့်မယ် ထင်တယ်… ကုလားထိုင်တွေကလည်း တန်းစီပြီး ချထားလိုက်တာ။ တစ်ဖက်တစ်ဖ… ဆယ်လုံးလောက် ရှိလိမ့်မယ်ထင်တယ်။ ကုလားထိုင်တွေကလည်း နိုင်င… ခြားဖြစ် ဆုံလည် ကုလားထိုင်ကြီးတွေ။ မှတ်ဆိတ်ရိတ်ချင်ရင် ခေါင်းလျှော… ချင်ရင် နောက်က ခလုတ်ကလေးနှိပ်လိုက်၊ ပတ်လက်လှန်ပြီးသား ဖြစ်သွား… တယ်။ ဆုံလည်ကုလားထိုင်တစ်လုံးတစ်လုံးကိုက နည်းတဲ့ဈေးလား ဆရာ…

ပြီးတော့ ရှေ့မှာလည်း မှန်ကြီးတွေက ပတ်ပတ်လည်။ မှန်တင်ခုံပေါ်… ပစ္စည်းတွေကို ကြည့်ဦးမလား။ စက်ကတ်ကြေးက အမျိုးမျိုးရှိတယ်။ သူ့နံပါ… နဲ့သူ။ အကြမ်းထိုးတဲ့ စက်ကတ်ကြေး။ အချောလိုက်တဲ့ စက်ကတ်ကြေး… လက်နဲ့ညှပ်တဲ့ စက်ကတ်ကြေး။ ရိုးရိုးကတ်ကြေးကလည်း အကောင်းစ… တွေ။ အင်္ဂလန်တို့၊ ဂျာမနီတို့ကလုပ်တဲ့ သံမဏိ ကတ်ကြေးတွေ။ ကတ်ကြေ…

…လည်း ပေါ့ပေါ့ကလေးရယ်။ လက်ထဲရောက်ရင် စေးပိုင်နေတာပဲ။ ညှပ် …ကြည့်လိုက်တော့လည်း ပေါ့ပေါ့ကလေးရယ်။ လက်ကလေးလှုပ်လိုက်တာနဲ့ …ကတ်ကြေးက တဖျပ်ဖျပ် သွားနေပြီ။

ဆံပင်အရှည်ကို ထိုးတဲ့ကတ်ကြေး၊ ဆံပင်အနုကလေးတွေကို ထိုးတဲ့ …ကတ်ကြေး အမျိုးမျိုးရှိတယ်။ ဘီးဆိုတာကလည်း အမျိုးမျိုးပဲ။ သံမဏိ …ဘီးစိပ်ကျဲ၊ ကော်ဘီး၊ ဘီးစိပ်ဘီးကျဲ၊ ဆိုက်ကလည်း မျိုးစုံ၊ ဝက်မှင်ဘီး …ကြည့်ဦးမလား။ အမွေးတွေက နုနုကလေးတွေ။ ကိုယ်ပေါ်ကို တိုက်လိုက် …ကုတ်ကိုတိုက်လိုက်ရင် ဝက်မှင်ဘီးနဲ့ တိုက်နေတယ်လို့ မထင်ရဘူး။ …ကြက်မွေးကလေးနဲ့ ပွတ်နေသလို နုနုရွရွကလေးရယ်။ မှန်တင်ခုံပေါ်မှာ …ခြားပစ္စည်းတွေကလည်း စုံသလား မမေနဲ့။

ပေါင်ဒါဘူးတွေ ရှိတယ်။ ဘရိုင်ကရင်းလို ခေါင်းလိမ်းဆီဘူးတွေ …တယ်။ မုတ်ဆိတ်ရိတ်တဲ့ ဆပ်ပြာတောင့်၊ ဆပ်ပြာပွတ်တဲ့ ဝက်မှင်ဘီး …တောင့်၊ မုတ်ဆိတ်ရိတ်ပြီးရင် လိမ်းတဲ့ လိုးရှင်းရည်၊ ခေါင်းလျှော်ရည်၊ …ဆံပင်ညှပ်ပြီးရင်လိမ်းတဲ့ လိုးရှင်းရည်၊ မုတ်ဆိတ်ရိတ်ပေးတဲ့ နိုင်ငံခြားဖြစ် …ဆံတုန်းဓား အရွယ်အမျိုးမျိုး အပူပေးတဲ့စက်၊ အကုန်ရှိတယ်။

ဆံပင်ညှပ်တဲ့ကိစ္စမှာ လိုတဲ့ပစ္စည်း အကုန်ရှိတယ်။

အဲဒီလိုဆိုင်ကြီးတွေမှာ ဆံပင်ညှပ်ပြီးရင် တစ်ကိုယ်လုံးမွှေးကြိုင်နေတာ …ဆံပင်ညှပ်ဆိုင်မှာသုံးတဲ့ လိုးရှင်းရည်က အနံ့လေ။ အနားကပ်တာနဲ့ …ဆံပင်ညှပ်ဆိုင်က ပြန်လာတယ်ဆိုတာ မပြောဘဲနဲ့ သိတယ်။ ဆံပင်ကို …ကြည့်တော့လည်း ခုလောလောလတ်လတ် ညှပ်လာတယ်လို့ မထင်ရဘူး။ …ပြောင်တင်းမနေဘူး။ ဆံပင်အစအနတွေ ကိုယ်ပေါ်မှာ မတွေ့ရဘူး။

ဆံပင်ညှပ်ခံတဲ့လူ ခြုံပေးတဲ့ ဝတ်ရုံကလည်း တစ်ယောက်ကို တစ်ခါပဲ …သုံးတယ်။ ပင်မင်းပေးထားတာ ဖွေးဖြူတောက်ပပြီး မွှေးနေတယ်။ တစ် …ယောက်သုံးပြီးရင် အဲဒီဝတ်ရုံကို နောက်လူကို ခြုံမပေးတော့ဘူး။ အသင့် …စောင့်နေတဲ့ ကောင်လေးကို လှမ်းပေးလိုက်၊ သူက အဝတ်ညစ် ခြင်း …တောင်းထဲ သွားထည့်။ ပြီးတော့ အားလုံးပြီးပြီဆိုတာနဲ့ ဆံပင်ညှပ်ခံသူကို …မွှေးဆွတ်ပြီး ရေခဲစိမ်ထားတဲ့ မျက်နှာသုတ်ပဝါကလေးနဲ့ မျက်နှာကို





www.burmeseclassic.com

www.burmeseclassic.com



ပွတ်သုတ်ပေး။ မိုးတွင်းဆိုရင်လည်း ရေမွှေးဆွတ်ပြီး ရေနွေးနဲ့ ပေါင်းတင်ထားတဲ့ မျက်နှာသုတ်ပုဝါကလေးနဲ့ သုတ်ပေး။

ဆံပင်ညှပ်သမားကိုယ်တိုင်လည်း ဝတ်ရုံရှည်နဲ့ သူဝတ်တဲ့ ဝတ်ရုံရှည်က ဖြူဖွေးလို့၊ ဆံပင်အစတွေကပ်မှာ ပေမှာ မစိုးရိမ်ရတော့ဘူး။ တစ်နေ့ကို တစ်ထည် လဲပေးတယ်။

ဒီဆိုင်တွေကို ဆရာလည်း မီလိုက်မှာပေါ့။ ကျွန်တော်တောင် မီလိုက်သေးတာပဲ။ ဆိုင်ကြီးတွေက တယ်ပြီး ခမ်းနားတာကိုး ဆရာရဲ့။ ကျွန်တော်က တောကရောက်စဆိုတော့ ဆံပင်ညှပ်ဆိုင်မှ ဟုတ်ရဲ့လားလို့တောင် စိတ်ထဲမှာ သံသယ ဖြစ်မိသေးတယ်။ ဒီတုန်းက ဆံပင်ညှပ်ဆိုင်ဆိုရင် အဖြူပေါ်မှာ အပြာနဲ့အနီ ကြောင်လိမ်ရစ်ထားတဲ့ သစ်သားလုံးရှည်ရှည်ကလေး ဆွဲထားတယ်လေ။ တချို့ကပြောတော့ အဲဒါ အနောက်နိုင်ငံတွေမှာ ရှေးတုန်းက ဆံပင်ညှပ်ဆိုင်က သွေးတို့ဘာတို့လည်း ဖောက်ပေးလို့ အဲဒီအမှတ်သားကို ဆွဲထားတာတဲ့။ ကြားဖူးတာပဲလေ။ ကျွန်တော်တို့တော့ သေသေချာချာ မသိပါဘူး။

ဆိုင်ကြီးတွေကလည်း မှန်ပြတင်းကြီးတွေ အပြည့်တပ်ထားတော့ ဆံပင်ညှပ်ဆိုင်ထဲကို မဝင်ရဲဘူး ဆရာ။ ကျွန်တော့်ကို ကျွန်တော်တို့အိမ်နားက ဆံပင်ညှပ်တဲ့ ကိုအေးမောင်ကြီးက ခေါ်သွားလို့ ကျွန်တော် လိုက်သွားဖူးတာ။ ကိုအေးမောင်က ရန်ကုန်မှာ ငယ်ငယ်ကတည်းက ဆံပင်ညှပ်လာတာဆရာ ဂရင်တို့၊ ပါရာမောင့်တို့၊ ဝင်းတို့မှာ ညှပ်တယ်။ နောက် ဗိုလ်ချုပ်ဈေးထဲက တက္ကသိုလ်သမဝါယမဆိုင်မှာလည်း ညှပ်ဖူးတယ်။ ရန်ကုန်မှာ သူ အလုပ်မလုပ်ဖူးတဲ့ ဆံပင်ညှပ်ဆိုင်ကြီးရယ်လို့ မရှိသလောက်ဘဲ။ နောက်တော့ ဒဂုန်ဆံသမှာ လခစားဝင်လုပ်ပြီး ပင်စင်ယူသွားတယ် ဆရာ။

ကျွန်တော်နဲ့ သူနဲ့က မြောက်ဥက္ကလာမှာ အိမ်နားနီးချင်းဆိုတော့ ကျွန်တော်က သူနဲ့ လိုက်လိုက်သွားလို့ အဲဒီဆိုင်ကြီးတွေကို ရောက်ဖူးတာ။

ကျွန်တော့်ဇာတိကလား။ သထုံတောင်စွန်းဘက်ကပါ။ အဖေကတော့ ကျွန်တော် ငယ်ငယ်ကလေးကတည်းက ဆုံးသွားတယ်လို့ ပြောပါတယ်။ ကျွန်တော် လူမှန်းတောင် ကောင်းကောင်း မသိသေးပါဘူး။ ကျွန်တော့်





အဖေကို ကျွန်တော် ခပ်ရေးရေးပဲ မှတ်မိပါတယ်။ အဲဒီတုန်းက စစ်အတွင်း ဂျပန်ခေတ်ပါ။ အဖေ ချွေးတပ်ကို လိုက်သွားရင်း အဲဒီမှာ ငှက်ဖျားနဲ့ ဆုံးတယ်လို့ ပြောပါတယ်။ အစတုန်းကတော့ အဖေက လယ်ကူလီပါ။ ဆင်းရဲပေါ့ ဆရာရယ်။

နောက်တော့ အဖေက ချွေးတပ်ကို အငှားလိုက်တယ်ဆိုတာ ဆရာ သိတော့ မီလိုက်မှာပေါ့။ ဂျပန်ခေတ်က သံဖြူဇရပ်၊ ထိုင်းနိုင်ငံနယ်စပ်ကို မီးရထားလမ်းဖောက်ဖို့ ဂျပန်က ချွေးတပ်ဆွဲတော့ တစ်အိမ်တစ်ယောက် ကျတဲ့လူ လိုက်ရတယ်။ အဖေကတော့ တစ်ခါမဲကျလို့ လိုက်သွားပြီး ပြန်ကျတော့ ရွာကလူတွေနဲ့ ရထားပေါ်က ခုန်ဆင်းပြီး ထွက်ပြေးလာခဲ့တယ်။

နောက်တော့မှ အိမ်ကို ပြန်ရောက်လာတယ်။

အဲဒီတုန်းက အလုပ်လည်း ကောင်းကောင်းမလုပ်ရဘူးတဲ့။ ခဏခဏ ချွေးတပ်ဆွဲလို့ တောက လယ်သမားတွေ ချွေးတပ်ကို မကြာခဏ လိုက်ရတယ်တဲ့။ နောက်တော့ မဲကျတဲ့လူက ပိုက်ဆံပေးပြီး သူ့အစား အလိုက်ခိုင်းတယ်။ ဒါမှမဟုတ်ရင်လည်း ဒီရွာက ချွေးတပ်သား ဆယ်ယောက် လိုချင်တယ်ဆိုရင် ရွာက ပိုက်ဆံစုပြီး လူဆယ်ယောက်ကို စေလွှတ်လိုက်တယ်။

အဖေက အဲဒီလို ရွာက ပိုက်ဆံပေးလို့ ချွေးတပ်ကို လိုက်ရတဲ့လူပါ။ တစ်ခေါက် နှစ်ခေါက်တော့ အဖေ ချွေးတပ်ကနေ ပြန်ပြန်ပြေးလာတယ်။ နောက်ဆုံးတစ်ခေါက်တော့ ချွေးတပ်မှာ ငှက်ဖျားမိပြီး အဲဒီမှာတင် ဆုံးသွားတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်က သုံးလေးနှစ်ပဲ ရှိဦးမယ် ထင်ပါတယ်။

ကျွန်တော်က တစ်ဦးတည်းသော သားပါ။ ကျွန်တော်တို့ သားအမိက ရွာမှာ ကျပန်းလုပ်ကိုင်စားကြပါတယ်။ တစ်ခါတလေမှာ အမေက ကောက်စိုက်လိုက်တယ်။ ပျိုးနုတ်လိုက်တယ်။ တစ်ခါတလေမှာလည်း ခြံလုပ်ပါတယ်။ ကိုယ်ပိုင်ခြံ မလုပ်နိုင်ပါဘူး ဆရာရယ်။ အဲဒီမှာ တညင်းသီးပေါ်ချိန် တညင်းခူးဆွတ်တာတို့၊ နာနတ်ပေါ်ချိန် နာနတ်ဆွတ်တာတို့၊ ငှက်ပျောချတာတို့ ဆိုင်း အကုန်လုပ်တာပါပဲ။ ဒီနှစ်မှာ နာနတ်လုပ်ပေမယ့် နောက်နှစ်ကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငှက်ပျောခြံမှာ လုပ်ချင်လုပ်နေတာ။ ဒါကလည်း ခြံရှင်က သူ့စိတ် နဲ့သူ လုပ်ကြတာကိုး။ ဒီတော့ ကျွန်တော်တို့အလုပ်မှာလည်း တစ်ဦးတည်း ဆီကို လုပ်တာတောင် ပုံမှန်လုပ်ရတဲ့ အလုပ်ကယ်လို့ မရှိပါဘူး။

ဟုတ်ကဲ့ ဆရာ။ ကျွန်တော် မူလတန်းအောင်သည်အထိ ကျောင်းနေ ခဲ့ဖူးပါတယ်။ လေးတန်းအောင်တော့ ကျွန်တော် ကျောင်းမနေတော့ပါဘူး အမေနဲ့အတူ အလုပ် လိုက်လုပ်ပါတယ် ဆရာ။ နည်းနည်းတော့ အုံ မလား မသိဘူး။ ကျွန်တော် ငယ်ငယ်ကလေးကတည်းက ဆံပင်ညှပ်တတ် ဆရာ။ ငယ်ငယ်ဆို ၁၂ နှစ်သား ၁၃ နှစ်သားလောက်ကတည်းက ဆံ ညှပ်တတ်တာပါ။

ရွာမှာ ကျွန်တော့်ဦးကြီး တစ်ဝမ်းကွဲတစ်ယောက်ရှိတယ် ဆရာ။ သူ့ "ဦးကျွန်း"တဲ့ သူက အရက် သိပ်ကြိုက်တယ်။ ကွမ်းသိပ်ကြိုက်တယ် သူက မနက်လင်းကတည်းက အရက်လေးတမြမြနဲ့။ စကားလည်း သိ မပြောဘူး။ သူ အရက်သောက်တာက လူလည်းမထိဘူး။ သူက အရ ကလေးကို လက်ဖက်ရည်ကရားကလေးနဲ့ ထည့်ထားပြီး လက်ဖက်ရ အကြမ်းပန်းကန်ထဲထည့်ပြီး လက်ဖက်ရည်ကြမ်းသောက်သလို တစွတ်စွ သောက်နေတာပဲ။ အရက်ကလေးသောက်လိုက်၊ ပြီးတော့ ကွမ်းကလေ လိုက်နဲ့။ ကွမ်းငုံထားတော့ အရက်နံ့ သိပ်မထွက်တော့ဘူး။ သူက ဆံပင်ည တယ် ဆရာ။ ရွာက ဆံပင်ညှပ်ဆိုင်ပေါ့ ဆရာရယ်။ ဆံပင်ညှပ်ဆိုင်ဆို ကြီးကြီးကျယ်ကျယ် မတွက်ပါနဲ့။ သူ့အိမ်ရှေ့မှာ တစ်ဖက်ရပ်တဲကလေး ပြီး ခွေးခြေကလေးတစ်လုံး၊ မှန်ကလေးတစ်ချပ်ပဲ ရှိပါတယ်။ ပစ္စည်း ကလည်း ဘာရှိမှာလဲ ဆရာ။ စက်ကတ်ကြေးကလေးတစ်လက်၊ နှ ကတ်ကြေးကလေးတစ်လက်၊ ဘီးတစ်ချောင်း၊ ဝက်မှင်ဘီးတစ်ခု၊ သင်တုန် ဓားတစ်လက်၊ သင်တုန်းဓားသွေးတဲ့ သားရေပြားတစ်ချပ်၊ ကြိုးတစ်ချောင် အုန်းဆီပုလင်းတစ်လုံးရယ်။ ဒါပဲရှိတယ်။ သူ့မျိုးရိုးက ဆံပင်ညှပ်သ မဟုတ်ပါဘူး။ ဒါပေမဲ့ သူက ကျွန်တော်တို့ရွာမှာ ခေါင်းရိတ် တော်တယ်ဆရာ။ လက်ရဲတယ်။ ကလေးတွေဘာတွေဆိုရင် တချို့လူတွေ မရိတ်ရဲဘူး။ ကလေးက ဟိုရုန်း ဒီရုန်း အော်ငိုဆိုတော့ ခေါင်းမရိတ်





သူကတော့ ငယ်ငယ်ကလေး ကိုရင်ဝတ်ကတည်းက ခေါင်းရိတ်ပေးတဲ့ တွေ့အကြုံရှိတော့ ရွာမှာ ခေါင်းရိတ်ပေးရင် သူပဲ။ ဒီလို သူခေါင်းရိတ် ရင် သူ့ကို တစ်မတ်၊ ငါးမူး စသည်ဖြင့် ပေးလိုက်ကြတယ်။ တချို့ လည်း အရက်ကလေး ဘာလေးဝယ်ပေးလိုက်ကြတယ်။ အဲဒီလိုနဲ့ သူက ပင်ညှပ်သမား ဖြစ်လာတာ။ နောက်တော့ သူ့ရွာမှာ ဆံပင်ညှပ်ဆိုင်ရှိရင် ကောင်းမယ်ဆိုပြီး သူက မြို့တက်ပြီး စက်ကတ်ကြေးကလေး တစ်လက်၊ ကတ်ကြေးကလေးတစ်လက်နဲ့ မှန်ကလေးတစ်ချပ်ဝယ်လာပြီး ဆံပင် ဆိုင် ထောင်တာပဲ။ အဲဒီမှာတင် ကျွန်တော် ဦးကြီးကိုဖိုးကျွန်းဆိုင်ကို သွားထိုင်ရင်း တစ်ခါတလေ ကျွန်တော့်ကို ခေါင်းရိတ်သင်ပေးတယ်။ အားတဲ့အခါ သူပျင်းတဲ့အခါ ကျွန်တော့်ကို ခေါင်းရိတ်ခိုင်းတယ်။ အများ ပြင့်တော့ ကလေးတွေကို ခေါင်းရိတ်ပေးရတယ်။

သူက ဆံပင်ညှပ်တတ်ချင်ရင် ခေါင်းရိတ်တာကို အရင်သင်ရတယ်ကွတဲ့။ ခါက အခြေခံတဲ့။ ခေါင်းရိတ်လို့ လက်ရဲသွားပြီဆိုရင် ကျန်တာတွေ မှ မခက်တော့ဘူးတဲ့။ ဒါနဲ့ ကျွန်တော့် သူ့ဆိုင် သွားသွားထိုင်ရင်း ခေါင်းရိတ်တတ်သွားတယ်။ နောက်တော့ ကျွန်တော့်ကို ဆံပင်ညှပ်သင်ပေး တယ်။ စက်ကတ်ကြေးတိုးပုံ၊ ကိုင်ပုံ၊ ကတ်ကြေးကိုင်ပုံ၊ ဘီးကိုင်ပုံသင်တယ်။ ကတ်ကြေးထိုးရာမှာ အရေးကြီးတာ လက်ပြန်နုတ်တတ်ဖို့ လိုတယ် ။ လက်ပြန်ပြီး မနုတ်တတ်ရင် ဆံပင်က မပြတ်ဘဲ စက်ကတ်ကြေးထဲ ငြိပြီးပါလာတော့ ဆွဲနုတ်သလို ဖြစ်နေတာပေါ့။

ပထမတော့ ကျွန်တော့်ကလေးတွေကို အညှပ်ခိုင်းတယ်။ ကလေး တော့ ပုံတို့ ဘာတို့ မလှလည်း အရေးမကြီးဘူးလေ။ တိုသွားရင် ပြီး ပဲ။ ကတုံးဆံတောက်တို့၊ ဘဲမြီးတို့ပေါ့ ဆရာ။ နောက်မှာ ပြောင်သွား ရှေ့ကဆံပင် တိုသွားရင် ပြီးတာပဲ။ ဒါပေမဲ့ လူကြီးတွေကိုတော့ ညှပ်ရသေးဘူး။ ဒီတော့ ကျွန်တော် ဘာလုပ်ရသလဲ။ သူငယ်ချင်းတွေကို ကားညှပ်ပေးရတယ်။ ပိုက်ဆံယူညှပ်ရင် သူတို့ကလည်း မညှပ်ဘူးလေ။ ဟော့ကောင် မင်းဆံပင်ညှပ်သင်ရာမှာ ငါ့ခေါင်းတစ်လုံး မစိုက်နိုင် ။ ဟုတ်တော့လည်း ဟုတ်တာပေါ့ ဆရာရယ်။ ဆံပင်ညှပ် သင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သူများခေါင်းနဲ့ ဆံပင်ညှပ်သင်ရတာကိုး။ ကျွန်တော်ကတော့ ပညာ တတ်ပါရဲ့။ သူက ပုံပန်းမကျတဲ့ ဆံပင်ကြီးနဲ့ တစ်လကိုးသီတင်း နေရမှာဆိုတော့ ဘယ်သူ အညှပ်ခံချင်မလဲ။ ဒီတော့ ကျွန်တော်က အလကား ညှပ်ပေးရတယ်။ ဒါတောင် သူငယ်ချင်းတစ်ယောက်ဆိုရင် ကျွန်တော်ညှပ် ပေးလိုက်တဲ့ပုံကြီးကို မှန်ထဲကြည့်ပြီး စိတ်တွေဆိုးလို့ မနည်းတောင်းပန်ယူ တယ်။ ကြီးလာတော့လည်း ကျွန်တော် စဉ်းစားမိတယ်။ သူများခေါင်း ဆံပင်ညှပ်သင်ရတာ မလွယ်ပါလားလို့။

ဒီလိုနဲ့ ကျွန်တော်ဖြစ်ရုံတော့ ညှပ်တတ်သွားတယ် ဆရာ။ ဆရာ့ ထူးထူးဆန်းဆန်း ပြောရဦးမယ်။ ကျွန်တော့်ဦးကြီး ဦးဖိုးကျွန်းဟာ သူများ ဆံပင်ညှပ်ပေးနေပေမယ့် သူကိုယ်တိုင်ကတော့ ဘိုကေမထားဘူး ဆရာ သျှောင်ကြီးနဲ့။ သေသာသွားရော။ ဘိုကေ တစ်ခါမှ မထားဖူးဘူး။ သျှောင် ကြီးနဲ့ နေသွားတယ်။

သူ့ဆံပင်ညှပ်ဆိုင်ကို ရွာကလူတွေက နာမည်ပေးထားကြတယ်။ သျှောင် ကြီးဖွေ ဆံပင်ညှပ်ဆိုင်တဲ့။

ဦးကြီး ဦးဖိုးကျွန်းဆုံးတော့ ကျွန်တော် သူ့ပစ္စည်းကလေးတွေ အမွေရလိုက်တယ်ဆရာ။ ဒါနဲ့ ရွာမှာ ဆိုင်ကလေး ဆက်ဖွင့်တယ်။ ဒါပေ သိပ်မကိုက်ဘူး ဆရာ။ ဒါနဲ့ သူငယ်ချင်းတစ်ယောက်နဲ့ တိုင်ပင်ပြီး ရန်ကုန် ကို အလုပ်ရှာထွက်လာကြတာ။ ရန်ကုန်ရောက်တော့ နေရာစရာမရှိ ဘာမှ ပေါ့ ဆရာရယ်။ ရောက်စ နှစ်ရက် သုံးရက်လောက်တုန်းကဆိုရင် ဘူတာကြီး ပလက်ဖောင်းမှာ သွားအိပ်ရတယ်။ နောက် နှစ်ရက် သုံးရက်ရှိတော့ ကျွန်တော်တို့ရွာက ဘုန်းကြီးကို လိုက်ရှာပြီး သူသီတင်းသုံးတဲ့ကျောင်းမှာ နေရတယ်။

တစ်နှစ်လောက် ကျွန်တော်တို့ ဒီလိုပဲ ကျပန်းလျှောက်လုပ်ရတာပေ့ ဆရာရယ်။ ကူလီလည်း ထမ်းဖူးတယ်။ သင်္ဘောကြီး ကူလီဆရာ။ ပိုက်ဆံ တော့ ရတယ်။ ဒါပေမဲ့ သိပ်ပင်ပန်းတယ် ဆရာ။ ခနောင်တို ဆိပ်ကြီးဘက် က ဆန်စက်မှာလည်း လုပ်ဖူးတယ်။ ပွဲဈေး ထမင်းဆိုင်တို့ ဘာတို့ ခေါက်ဆွဲ ဆိုင်တို့မှာလည်း လိုက်အလုပ်လုပ်ဖူးတယ်။ အိမ်ထောင်ကျတာကတော့





ကောင်းဘုရားပွဲမှာ ဈေးရောင်းရင်း ကျွန်တော့်အမျိုးသမီးနဲ့ တွေ့တာပါ။ ကောင်းဘုရားပွဲမှာ ထမင်းဆိုင်ဖွင့်တယ် ဆရာ။ ကျွန်တော့် အမျိုးသမီး လည်း ကျွန်တော်တို့နဲ့ကပ်လျက် မုန့်ဟင်းခါးဆိုင်မှာ အလုပ်လုပ်တယ်။ အဲဒါက ဖွင့်တာ။ အဲဒီမှာတင် ကျွန်တော်နဲ့တွေ့ပြီး မကြာခင် အိမ် ထောင်ကျသွားတာပါပဲ။ အိမ်ထောင်ကျတော့ ကျွန်တော်တို့ ဟိုနေသည့်နေ က်နေရတာပေ့ါ ဆရာရယ်။ အလုပ်ကလည်း အစုံပဲ။ မြောက်ဥက္ကလာ လည်း နေဖူးတယ်။ သာကေတမှာလည်း နေဖူးတယ်။

နောက်တော့ မဖြစ်တော့ဘူးဆိုပြီး ကိုယ်ပိုင်ဆံပင်ညှပ်ဆိုင်ကလေး ဆိုင် ဖွင့်တယ်။ ကျွန်တော့်မိန်းမဘက်က ဆွေမျိုးများက အိုးစုထဲမှာ ကလေးတစ်လုံးဆောက်တော့ သူတို့က အခန်းကလေးတစ်ခန်း ငှားလို့ တော်တို့ တာမွေ အိုးစုထဲက ဆံပင်ညှပ်ဆိုင်ကလေး တစ်ဆိုင်ဖွင့်တယ်။ ပါဘူး။ ထမင်းစားလို့တော့ ဖြစ်ပါတယ်။

မြောက်ဥက္ကလာနေတုန်းက သိခဲ့တဲ့ ကိုအေးမောင်ကြီးက ကျွန်တော့်ကို ကြီးတွေ ခေါ်သွားတယ်။ သူနေထိုင်မကောင်းတဲ့အခါမျိုးမှာ တစ်ရက် သည်၊ နှစ်ရက်တန်သည် ဝင်ကူလုပ်ပေးခဲ့တာမျိုးတော့ ရှိပါတယ်။ ညှပ်ပညာမှာ ကျွန်တော့်ဦးလေး ဦးဖိုးကျွန်းက လက်ဦးဆရာ ဖြစ်ပြီး အေးမောင်ကြီးက သင်ဆရာ၊ ကြီးဆရာ ဖြစ်ပါတယ်။

ဆံပင်ညှပ်တဲ့အလုပ်ဟာ ပျော်စရာတော့ ကောင်းပါတယ်။ ဒါပေမဲ့ တယ် ဆရာရယ်။ တစ်ခါတလေ လူကျရင် ခြေတွေတောင့်နေတာပဲ။ ၃ ကျွန်တော့်အသက် ၄၉ နှစ်ရှိပြီဆရာ။ ၅၀ နားကပ်နေပြီဆိုပါတော့။ ၃ နှစ်မှာ ကိုယ်ပိုင် ဆံပင်ညှပ်ခုံနှစ်လုံးရှိတဲ့ ကိုယ်ပိုင် ဆံပင်ညှပ် လေးနဲ့ နေနိုင်တယ်ဆိုတော့ သိပ်တော့ မဆိုးဘူးပေ့ါ ဆရာရယ်။ တော် တောင်စွန်းက လာတုန်းက လူချည်းသက်သက်လာခဲ့တာပဲ။ လောက်ဆိုရင် တော်လောက်ပြီပေ့ါ။

တစ်ခုတော့ ရှိတာပေ့ါ ဆရာရယ်။ ပါရာမောင့်လို၊ ဝင်းတို့လို၊ ဂရင်း ဆံပင်ညှပ်ဆိုင်ကြီး မဖြစ်ချင်ဘူးလားလို့မေးရင် ဖြစ်တော့ ဖြစ်ချင် ။ သူတို့လို နိုင်ငံခြားဖြစ် ဆံလည်ကုလားထိုင်ကြီးတွေနဲ့၊ သူတို့လို



www.burmeseclassic.com

www.burmeseclassic.com



မှန်ကြီးတွေနဲ့၊ သူတို့လို ပစ္စည်းကောင်းတွေနဲ့ သူတို့လို လူယောက်ျား ဖြူဖွေးနေတဲ့ ခြံထည်တွေနဲ့ ပေါင်းတင်ရေခဲစိမ်ထားတဲ့ မျက်နှာသုတ်ပုဝါ တွေနဲ့ ဒါတွေတော့ ရှိချင်တာပေ့ါ။

ခု ကျွန်တော့်ကုလားထိုင်က ကြက်တန်းက ဝယ်လာတဲ့ မော်တော် ကားဘီးခွေဟောင်းကို အောက်ကခံပြီး လက်သမားနဲ့ လုပ်ထားတဲ့ ဆုံလည် ကုလားထိုင်၊ မှန်ကလည်း သူများအကျမှန်၊ စွန်းကွက်နေတဲ့မှန်၊ ခြုံထည် ကလည်း လူတစ်ယောက်တစ်ထည် မပြောနဲ့ တစ်ပတ်ဆယ်ရက်လောက်မှ မှ တစ်ခါပဲ လျှော်နိုင်တဲ့ ခြုံထည်။ ဘရိုင်ကလင်းတို့ ဘာတို့ လိမ်းပေး ဖို့ မပြောနဲ့ အုန်းဆီတောင် လိမ်းမပေးနိုင်တဲ့ဆိုင်။

ဒါတောင် ခုနည်းနည်းတော်လာတာ။ ဟိုတုန်းကဆိုရင် ဆံပင်ရှည်ခေ ခေတ်စားတုန်းကများ ကောင်လေးတွေကလည်း ဆံပင်မညှပ်ကြတော့ တော်တော့်ကို ပါးသွားတယ်။ လူကြီးတွေလောက်ပဲ ဆံပင် ညှပ်ကြတော့တယ် ခုတော့ ကောင်လေးတွေလည်း ဆံပင် ပြန်ညှပ်လာကြပါပြီ။ ခုတော့ ပန့်ခေ တို့၊ ရာဇာနေဝင်းကေတို့ဆိုတာတွေ ဖြစ်လာပြီလေ။

အားတော့နာပါတယ် ဆရာ။ ဟိုတုန်းကတော့ ပါရာမောင့်တို့ကို သူ ညှပ်ပေးမယ့် တစ်ခေါင်းမှတစ်ကျပ်။ ခု ... ကျွန်တော့်ဆိုင်မှာတော့ တစ်ခေါင်းကို ငါးကျပ်ဆရာ။ ကျေးဇူးတင်ပါတယ် ဆရာ။

(ကလျာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၈...)

* * *

# မိုးရောင်အောက်မှာ မရှိတော့သော မေသူ

www.burmeseclassic.com

www.burmeseclassic.com

# မိုးရောင်အောက်မှာ မရှိတော့သော မေသူ

ဇာတ်ရုံ နောက်ဖေးပေါက်မှ ဝင်လာခဲ့ပြီးနောက် ဇာတ်သမားတွေ ဇာတ်သမများ၏ ခုတင်များကြားမှ အပ်ချည်မျှင်သွားသလို ကွေ့ကော ဖြတ်သန်းလာခဲ့သည်။ တချို့ ခုတင်များပေါ်တွင် ခြင်ထောင်ချ၍ အိပ်နေ ကြသည့် ဇာတ်အဖွဲ့ဝင်များကို တွေ့ရသည်။ တချို့မှာ ခုတင်ပေါ်တွင် ထိုင်၍ စကားပြောနေကြသည်။ တချို့ကလည်း ခုတင်ဘေးက သေတ္တာ ပေါ်တွင် မှန်ထောင်ပြီး ဖြီးလိမ်း ပြင်ဆင်နေကြသည်။

ထောင့်တစ်ထောင့်က ခုတင်ပေါ်တွင် နံရံကို မျက်နှာပြု၍ တရားထိုင် နေသော အသက်ခပ်ကြီးကြီး လူတစ်ယောက်ကို တွေ့ရသည်။ ဇာတ်ပိုင်ရှင် လား၊ မင်းသားကြီးလား၊ လူရွှင်တော်လားတော့ မသိ။ သည်မျှ ရုတ်ရုတ် သဲသဲ ဖြစ်နေသော ဇာတ်စင် နောက်ဖေးတွင် သမာဓိကို ဆောက်တည်၍ ကြိုးစားနေသော သူ့ကိုကြည့်၍ ကျွန်တော် အံ့ဩရသေးသည်။

ဇာတ်စင်နောက်ဘက်ရှုခင်းသည် သဘင်လောက၏ အစစ်အမှန် ရှုခင်း ဖြစ်သည်။ ဇာတ်သမား၏ တကယ့်ဘဝ ရှုခင်းဖြစ်သည်။





ကလေးနို့တိုက်သူ၊ ဖြီးလိမ်းပြင်ဆင်သူ၊ ဆံညှပ်ပျောက်၍ ရန်ဖြစ်သူ၊ တ်စာကို ရွတ်နေသူ၊ ဘုရားရှိခိုးသူ၊ အိပ်မောကျ၍ ဟောက်နေသူ၊ ကြေးအပြေမရ၍ ငြူစူနေသူ၊ အဝတ်အစားလဲသူ၊ ယိမ်းသမကလေးကို သဲ့ပြောသူ၊ နောက်ပွဲကန်ထရိုက်ကိစ္စ ပြောနေသူ၊ အလည်ရောက်လာ ည့် မိတ်ဆွေများနှင့် စကားပြောသူ၊ ကိုယ့်အခန်းပြီး၍ ဇာတ်စင်ပေါ်မှ င်းလာသူ၊ ကိုယ့်အခန်းထွက်ရမည်ဖြစ်၍ ဇာတ်စင်ပေါ်သို့ တက်သူ၊ ဖဲ းသူ၊ (ဇာတ်စင်နောက်ဖေးတွင် အရက်တော့ သောက်လေ့ မရှိကြ) ကြားတောင်းသူ၊ အတင်းပြောသူ၊ သီချင်းစာကျက်သူ၊

ဇာတ်စင်နောက်က ရှုခင်းသည် သဘင်သည်တို့၏ ဘဝရှုခင်းဖြစ်သည်။

န့်လန့်ကာရှေ့တွင် သနားစရာကောင်းသည့် အလွမ်းမင်းသမီးသည် တ်စင်နောက်တွင် ကတ်ကတ်လန် ရန်တွေ့တတ်သူ ဖြစ်နေတတ်သည်။

ကန့်လန့်ကာရှေ့တွင် လူတွေကို ရယ်မောအောင် လုပ်ခဲ့သည့် လူရွှင် ာ်သည် ဇာတ်စင်နောက်တွင် မျက်နှာထားတည်နေသည်။

မင်းသားကို နှိပ်စက်ခဲ့သော လူကြမ်းသည် ရက်ရော သဘောကောင်း ဖြစ်နေတတ်သည်။

ကန့်လန့်ကာရှေ့တွင် ခပ်ပျံ့ပျံ့အခန်းမှ ပါခဲ့သည့် လက်ထောက်မင်းသမီး ည် ဇာတ်စင်နောက်တွင် အရှက်အကြောက်ကြီးသူ ဖြစ်နေတတ်သည်။

ကန့်လန့်ကာရှေ့တွင် ဝတ်ဖြူစင်ကြယ်ဝတ်၍ ဗိုးသူတော်လုပ်ခဲ့သည့် ာ်ရုပ်သည် ဇာတ်စင်နောက်တွင် အရက်မူးပြီး အိပ်ပျော်နေတတ်သည်။

ကန့်လန့်ကာရှေ့တုန်းက ဇာတ်လိုက်မင်းသမီး၏ ခပ်ထူထူ ခပ်အအ င်လုပ်သူသည် ဇာတ်စင်နောက်တွင် ဖဲလိမ်ရိုက်သူ ဖြစ်နေတတ်သည်။

ကန့်လန့်ကာရှေ့တွင် မင်းသမီး၏ အဖေ စက်သူဌေးကြီးဖြစ်ခဲ့သူ ည် လုံချည်ကိုပေါင်၍ ဖဲရိုက်နေသည်။

ဇာတ်စင်ရှေ့တွင် ဘီလူးမသရုပ်ဆောင်ခဲ့သူသည် ကလေးငယ်ကို ာစွာ နို့တိုက်နေသည်။

ကန့်လန့်ကာရှေ့ကတွင် တော်လေးဝဝင်သိက္ခာနှင့် ပြည့်စုံသူအဖြစ် ်ဆောင်ခဲ့သည့် မင်းသမီးသည် စတုတ္ထမြောက် ယောကျ်ားနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲတစ်ခုမှ ပြန်ရောက်လာသည်။

ဇာတ်စင်ပေါ်တွင် ကုန်းချော်သော ကုန်းကောင်အဖြစ် သရုပ်ဆော ခဲ့သူသည် သူ့အခန်းမရောက်ခင် ဂုဏ်တော်တစ်ထောင်ပြည့်အောင် ပုတ စိပ်နေသည်။

ဇာတ်စင်နောက် ရှုခင်းသည် သဘင်လောကကြီး၏ ကျောဘက် ပုံတူကားတစ်ချပ်။ ပန်းဘက်က ပုံတူကားတစ်ချပ်၊ ရှေ့မျက်နှာစာက ပုံ သည့် ဇာတ်ဆရာ၊ ဒါရိုက်တာက ရေးဆွဲထားသည့် ပုံတူဖြစ်ပြီးနောက်ဘ မှ ပုံတူသည် လောကကြီးက ဆွဲထားသည့် ပုံတူဖြစ်သည်။ ရှေ့မျက်နှာစာ ပုံတူသည် စိတ်ကူးဖြင့် ရေးခြယ်သည့် အနုပညာလက်ရာဖြစ်ပြီး နောက်ဘ ကပုံတူသည် အကြမ်းထည်ဘဝဖြစ်သည်။

ကျွန်တော်သည် ဇာတ်စင်နောက်က အစစ်အမှန်ဘဝထဲသို့ တိုးဝ လာခဲ့သည်။ ကျွန်တော် တွေ့လိုသော မင်းသမီး၏ အစစ်အမှန်ဘဝ ကျွန်တော် ကြည့်ချင်မြင်ချင်သည်။ သူ့ကို ပိတ်ကားပေါ်မှာ မကြာခဏ တွေ့ခဲ့ဖူးပြီး ဧည့်ခန်းဆောင်များတွင် မကြာခဏ တွေ့ခဲ့ဖူးပြီ။ တွေ့ရသည့် အခါတိုင်း သူသည် လှပပျိုမျစ်နေဆဲ။

သူသည် အိုဒက်ဆီ ကဗျာကြီးထဲက အမတကျွန်းတွင် နေသော ဘယ်တော့မှ မအိုသည့် နတ်မိမယ်လို အစဉ်အမြဲ လှပနုပျိုနေသူဖြစ်သည်။ ရီဝေရွှန်းလဲ့သော သူ့မျက်လုံးများသည် ယောကျာ်းများစွာကို ဖမ်းစားထား ခဲ့ကြဖူးသည်။ သွယ်နွဲ့သော ကိုယ်လုံး၊ ဖြူဝင်းသောအသားနှင့် ချိုလွင် သော သူ့အသံတို့ကိုလည်း ပရိသတ်များ စွဲမက်ခဲ့ကြဖူးသည်။

သူသည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ခန့်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော မင်းသမီးဖြစ်ခဲ့သည်။ ရုပ်ရှင်ဒါရိုက်တာများသည် သူ့ရ ချိန်းဖြင့် ကားရိုက်ကြရသည်။ ရုပ်ရှင်ကုမ္ပဏီသည် သူ့နာမည်ဖြင့် နယ်စ ငွေကို ယူကြရသည်။ သူစားချင်သော အစာကို မိုင်လေးငါးဆယ် အ အထိ သွားဝယ်ပေးကြရသည်။ သူသောက်ချင်သော ငါးသုံးလုံး စီးကရ ကို ကာတွန်းလိုက်ယူလာကြရသည်။ ရှုတင်ထွက်လျှင် ရေကို မသောက် ဆိုဒါကိုသာ သောက်သဖြင့် ကုမ္ပဏီပိုင်ရှင်က ဆိုဒါကို သေတ္တာလိုက် ထ



ရသည်။ ပိုကာဝိုင်းတွင် သူရှုံးနေချေ ထားသည့် ရှုတင်ကို ဖျက် ကြရသည်။ ကင်မရာမင်းများသည် သူကြိုက်သည့်ထောင့်မှ သူ့ကို ပုံရိုက်ကြရသည်။ သူ့ရဲ့ ဘယ်ဘက်ပါးမှာ ရွေးကြီးစေ့လောက် ခတ်ကလေး ရှိတယ်။ ဒါကြောင့် ကလို့ဖပ်ရိုက်ရင် ဘယ်ဘက်က ပါနဲ့၊ ညာဘက်ကပဲ ယူပါဟု ကင်မရာမင်းကို ပြောတတ်သည်။

သူ့အနားတွင် အခြွေအရံတွေကလည်း အပြည့်။ ရှုတင်ထွက်လျှင် နောက်တွင် မိတ်ကပ်သမားကချည်း ငါးယောက်လောက် ပါတတ် သည်။ ထဲတွင် သူ့ဝေယျာဝစ္စတွေကို လုပ်ပေးဖို့ အစေအပါးတွေ မပါသေး။ အချစ်တော်ကလေးတွေ မပါသေး။ သူ့ကို စောင့်ရှောက်ရသည့် အထိန်း တွေ မပါသေး။ ရှုတင်ထွက်လျှင် သူ့အဖွဲ့သားကချည်း ဆယ်ယောက် ကျော် ရှိတတ်သည်။ အဝတ်အစားသေတ္တာ၊ ဖိနပ်သေတ္တာ၊ မိတ်ကပ် သေတ္တာ၊ အလှပစ္စည်းထည့်သည့်သေတ္တာ စသည်ဖြင့် သူ့အသုံးအဆောင် ပစ္စည်းတွေထည့်သည့် သေတ္တာကို ငါးလုံးခြောက်လုံးလောက် ပါတတ်သည်။ မော်တော်ကားဖြင့် ထွက်ရသော ခရီးဆိုလျှင် သူ့အတွက် ကားတစ်စီး၊ အခြွေအရံတွေအတွက်က တစ်စီး၊ နှစ်စီး ပေးရသည်။ ကုမ္ပဏီများကလည်း တောင်းဆိုချက် မှန်သမျှကို လိုက်လျှောကြသည်။ မလိုက်လျှော၍ ဖြစ်ပါ လော။ သူသည် တစ်လလောက်ပြည့်နေအောင် အထူးတန်း ပရိသတ် ထိန်းထားနိုင်သူ။ တစ်လလောက် ပွဲတိုင်းကို ရုံလျှံအောင် ဆွဲဆောင် သူ၊ ပရိသတ်တို့၏ အသည်းကျော် စူပါစတား။ မီဂါစတား။

နောက်တော့ သူ့အားရုပ်ရှင်ကုမ္ပဏီများသည် အရိုက်ကျဲသွားသည်။ အတောအတွင်းမှာ ကျွန်တော်ကလည်း ရုပ်ရှင်ရယ်လို့ ကောင်းကောင်း ည့်ဖြစ်တော့ သူ့သတင်းကို သိပ်မကြားမိ။

တလောက မြေလတ်ပိုင်းက မြို့ငယ်ကလေးတစ်ခုသို့ ကျွန်တော် သွားသည်။ ရောက်ပြီး နောက်တစ်နေ့နေ့လယ်တွင် ကျွန်တော့်ထံသို့ ကလေးတစ်ယောက် ရောက်လာကာ စာတစ်စောင် ပေးသည်။ "အစ်မ ပေးခိုင်းလို့ပါ ဆရာ"ဟုဆိုကာ စာတစ်စောင် ပေးသည်။

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရှင်မင်းသမီး ဒေါ်မေသူပါ"

"ဟုတ်လား … မေသူ ဒီမြို့မှာ ရောက်နေသလား"

"မဟုတ်ပါဘူး ဆရာ။ ဒီမြို့မှာ ပြဇာတ်လာကတာပါ"

စာကို ကျွန်တော် ဖွင့်ဖတ်သည်။

"ဆရာ မေသူ ဒီမြို့မှာ ပြဇာတ်လာကနေပါတယ်။ ငါးည ကပါမယ် မနက်ဖြန် နေ့လယ်ပိုင်းမှာ ဆရာအားရင် ဆရာတည်းခိုတဲ့ဆီကို လာ ပါတယ်။ အကြောင်းထူးတော့ မရှိပါ။ မတွေ့တာကြာလို့ စကား ဘာလေး ပြောရအောင်လို့ပါ။ ပြီးတော့ ဆရာ့ကိုလည်း မေသူတို့ ပြဇာ ကို ဖိတ်ပြချင်လို့ပါ။ မနက်ဖြန်နေ့လယ် ၁၂ နာရီမှာ အားတယ်ဆို မေသူ လာတွေ့ပါ့မယ်။ အကြောင်းပြန်ပါ။"

ကျွန်တော်နှင့် မေသူ မတွေ့သည်မှာ ဆယ်နှစ်လောက် ကြာသွား သည့်မတိုင်ခင်တုန်းကတော့ သူ့ကိုပိတ်ကားပေါ်မှာ ကျွန်တော် မြင်ရသည် သို့မဟုတ်လျှင်လည်း ဧည့်ခံပွဲများ၊ ရုပ်ရှင်ကန်တော့ပွဲများ၊ အထူးပွဲ တွင် မကြာခဏ တွေ့ရတတ်သည်။ ထို့နောက်တွင်မူ ကျွန်တော်ကလည် ဧည့်ခံပွဲများ၊ ရုပ်ရှင်များကို သိပ်မရောက်ဖြစ်တော့၊ ထို့ကြောင့် ဆယ် လုံးလုံး သူနှင့် မတွေ့ဖြစ်။ သူ့ရုပ်ရှင်တွေကိုလည်း မကြည့်ဖြစ်။ ဘာကားတွေ ရိုက်နေသည်ကိုလည်း ကျွန်တော် သတိမထားမိ။

"ဒီလိုလုပ်ကွာ။ ငါလည်း ညဘက်ဆိုရင် အားတယ်။ မင်းတို့ ပြဇာ ကိုလည်း ကြည့်ချင်တယ်။ ပြဇာတ်တို့ ဘာတို့ မကြည့်ရတာ တော် ကြာနေပြီ။ ည ရုံကိုလာရင်ကော"

သူငယ်က ခေါင်းကုတ်နေသည်။

"ညကျရင် အစ်မက စင်ပေါ်ရောက်နေမှာ ဆရာ"

"မင်းတို့ ပြဇာတ်က ဘယ်အချိန်ပြီးသလဲ"

"တစ်ချက်ကျော်ကျော်လောက်ဆိုရင် ပြီးပါတယ်။ ကျွန်တော်တို့ ပြဇာတ်က ရှေ့ဆုံးက၊ ပြီးတော့မှ အော်ပရာ၊ ပြီးတော့မှ နှစ်ပါး၊ နောက် မှာတော့ ဇာတ်ကြီး"

"ကိစ္စမရှိပါဘူးလေ။ မနက်ဖြန် သူလာတာ မလာတာ အပထား





လာကြည့်မယ်။ ပြဇာတ်လည်း ကြည့်ရတာပေါ့။ ဒါရိုက်တာကလည်း သိသားပဲ။ သူနဲ့လည်း တွေ့ရအောင် ငါ ခုညလာခဲ့မယ်။ ပြဇာတ် ပြီး သူ မနားချင်သေးဘူးဆိုရင်လည်း တို့ စကားထိုင်ပြောကြတာ အဲဒါသာ ပြောလိုက်"

ည ကိုးနာရီ ပြဇာတ်ရုံသို့ ကျွန်တော် ရောက်သွားသည့်အခါတွင် ဇာတ် ကနေလေပြီ။

ကျွန်တော့်ကို ပြဇာတ်ဒါရိုက်တာ ကိုဒေါနက ကြိုဆိုပြီး ဇာတ်စင်ရှေ့ နေရာမှာ နေရာချပေးသည်။

ကျွန်တော် ရောက်သွားသည့်အခါတွင် မေသူ၏အခန်း ထွက်နေလေ

ပြော် … မေသူဟာ တော်တော် ကျသွားပါပေါ့ကလား။ မျက်လုံး သည် ရီဝေရွှန်းလဲ့ခြင်း မရှိကြတော့။ မက်စ်ကာရာ သုတ်ထားသော တောင်ကော့ကော့၊ ကာချယ်စိမ်းစိမ်း၊ လိုင်နာခရမ်းရောင်တို့ထဲတွင် ယ်တောက်ပကာ ကြောက်ဖွယ်အသွင်ကို ဆောင်နေကြသည်။ တစ်ခါ ာ ညိုလဲ့သော ဆံနွယ်နုနုများသည် ပိုးတွန့်ကောင်ကလေးတွေလို ည်းယားစရာ ကောင်းနေပြီး လည်ကုပ်ပေါ်တွင် ဝဲကျနေသည်။ နှင်းဆီ င် ပါးပြင်သည် မိတ်ကပ်ကြောင့် ပလတ်စတာရုပ်တုတစ်ခု၏ မျက်နှာ ပြောင်တင်းနေသည်။ လည်တံကြော့ကြော့သည် ခပ်အစ်အစ် နေလေပြီ။ သေးသွယ် ညွတ်ပျောင်းသည့် လက်မောင်းတို့သည် တွဲကျစပြုပြီး ခါးနွဲ့နွဲ့သည်လည်း အဆီရစ်စပြုသဖြင့် ခပ်တုတ်တုတ် ဖြစ်နေသည်။

သူပါသည့် အခန်းမှာ မင်းသမီးခန်းမဟုတ်။ အမေခန်း။ တစ်ခါက မ်းတောက်ခဲ့သည့် မင်းသမီးသည် အမေခန်းသို့ ရောက်နေလေပြီ။ ခန်းတောင်မှ မြင့်မြတ်ကြင်နာသည့် အမေခန်းမဟုတ်။ ဇာတ်လိုက် ကို နှိပ်စက်သည့် ကောက်ကျစ်ဆိုးယုတ်သော မိထွေးခန်း၊ ပြီးတော့ ည်းမှုအတွက် ဒဏ်ခတ်ခံရသည့်နှယ် သေသွားရသည့်အခန်း။

နောက်ဆုံးခန်းတွင် မိထွေးသည် လင်ပါသမီးကို နှိပ်စက်ဆဲဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ညှော်ခံပွဲတစ်ခုသို့ ထွက်သွားသည်။ ညှော်ခံပွဲမှ အပြန်တွင် အရ မူး၍ အခြားလူတစ်ဦးနှင့် မှားယွင်းပြီး ကားမှောက် သေဆုံးသွားသည် သူ့ဇာတ်လမ်းသည် ဇာတ်စင်ပေါ်မှာ ဤသို့ဖြင့် အဆုံးသတ်သွားခဲ့သည်

သူ့အခန်းပြီးတော့ ကျွန်တော် ဇာတ်စင်နောက်ဖေးသို့ ဝင်လာ သည်။

မေသူသည် စိတ်ကူးရရာ သီချင်းတစ်ပုဒ်ကို ကောက်ဆိုရင်း ဇာတ် ပေါ်မှ ဆင်းလာရာ ကျွန်တော့်ကို မြင်သွား၏။

"ဩော် ... ဆရာရယ်။ မေသူလာမှာပေါ့။ ဘာဖြစ်လို့ ဆရာလာ တာလဲ"

"ပြဇာတ်လည်း ကြည့်ချင်လို့ပါ။ ဒီလို ပြဇာတ်တွေကို မကြည့်ရ ကြာပြီမဟုတ်လား"

မေသူက သွက်လက်စွာ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် .... ဟုတ်တယ်။ ခုတောင် မေသူကို ကိုဒေါန လာခေါ်လို့ လိုက်လာတာ။ မေသူ မီးရောင်ထဲကို မဝင်တာ ကြာပြီ ကင်မရာမီးရောင်အောက်ကိုရော၊ ဇာတ်စင်ပေါ်က မီးရောင်အောက်ကို မေသူမရောက်တာ ကြာလှပြီကော ဆရာရဲ့။ ခု ... ကိုဒေါနက ခေါ် လိုက်လာတာ။ သူ့မှာလည်း အမြဲတမ်း ပြဇာတ်အဖွဲ့မရှိပါဘူး။ လာငှားတဲ့ ရှိမှ ဟိုကတစ်ယောက်စု၊ ဒီက တစ်ယောက်စုနဲ့ လူစုပြီး ထလာကြ ဒီမှာ ကပြီးရင် အိမ်ကိုပဲ ပြန်ကြရမှာ"

ကျွန်တော်တို့နှစ်ယောက်သည် ဇာတ်စင်နောက်ဖေး မျက်နှာချင်း ချထားသော ခုတင်များ၊ ကျူထရံများ ကာထားသော အခန်းများကြား လမ်းမြောင်ကလေးပေါ်တွင် စကားပြောနေကြခြင်း ဖြစ်သည်။

ကျွန်တော်တို့အနားမှ လှပစွာ ဝတ်ဆင်ထားသည့် အသက်နှစ် ခန့် မိန်းမပျိုကလေးတစ်ယောက် ဖြတ်သွားသည်။ သူ့အဝတ်အစာ ယခုခေတ်ကောင်မလေးတွေဝတ်သည့် ရှပ်အင်္ကျီပွပွကြီးကို အပြင်သို့ ဝတ်ထားပြီး ထဘီကို ခပ်တိုတို ဝတ်ထားသည်။ ဖြူဖွေးလှပသော ခြေထော များတွင် ရွှေရောင် လေဒီရှူးကလေးကို စီးထား၏။





"တက်တော့မလားဟေ့ သမီး"

မေသူက မိန်းမပျိုကို လှမ်းနှုတ်ဆက်သည်။

"ဟုတ်ကဲ့ အမေသူ။ သမီးအခန်းရောက်ပြီ။ တက်လိုက်ဦးမယ်"

မိန်းမပျိုသည် သမင်ကလေးတစ်ကောင်လို ဖျတ်လတ်ပေါ့ပါးစွာဖြင့် ဇာတ်စင်ပေါ်သို့ တက်သွားသည်။ ဖြူဖွေးဝင်းဝါ၍ လုံးဝန်းလှပသော သလုံးသားများကို လှစ်ကနဲ မြင်လိုက်ရသည်။

"ဩော် ... အမေသူတဲ့လား"

ကျွန်တော်က ရုတ်တရက် ပါးစပ်မှ ထွက်သွားသည်။ မေသူက ရယ် ၏။

"ဟုတ်တယ် ဆရာရဲ့။ မေသူ အသက် လေးဆယ့်ငါးနှစ် ရှိပြီလေ။ အခုမှ အသက်နှစ်ဆယ်ပဲ ရှိသေးတယ်။ အမေအရွယ်ရောက်ပြီပေါ့။ တော့ မေသူပါရတဲ့ အခန်းကလည်း အမေခန်း မဟုတ်လား။ မေသူက န်းပြီးလို့ စင်ပေါ်က ဆင်းလာရပြီ။ သူက အတက်၊ သူ့အလှည့်ကိုး"

မေသူက အမှတ်တမဲ့ ပြောလိုက်ခြင်း ဖြစ်သော်လည်း ကျွန်တော်ကမူ တော့်အဓိပ္ပာယ်ဖြင့် ကျွန်တော် နားလည်နေသည်။

မေသူက အဆင်း၊ သူက အတက်။

"ခုခေတ်ကလေးတွေက တော်ကြပါတယ်။ ရဲလည်း ရဲတယ်။ အထာ ည်း သိတယ်။ ဒီကောင်မလေး ကြည့်ပါလား။ ဒါ သူနောက်ဆုံးကတဲ့ တ်ပဲ။ နောက် ပြဇာတ်မကတော့ဘူး။ ဗွီဒီယို လေးငါးကားလောက်ရိုက် ဗွီဒီယိုမှာလည်း အောင်မြင်တယ်။ ဒါပြီးရင် ကားကြီး ရိုက်တော့မှာ။ ကြီးကျတော့လည်း တကယ့်ဒိတ်ဒိတ်ကျဲ မင်းသားကြီးနဲ့ တွဲရမှာ။ တ်တာကလည်း နာမည်ကျော် ဒါရိုက်တာ။ မေသူတို့တုန်းက ဒီလို ချက်ချင်း တက်နိုင်မှာလဲ။ လာ ... ဆရာ၊ မေသူရဲ့ အခန်းကို အောင်။ ဆရာနဲ့ စကားပြောချင်နေတာ။ အတော်ပဲ အခန်းထဲမှာပဲ းပြောရအောင်"

မေသူက ကျွန်တော့်အတွက် အအေးတစ်ခွက်မှာပြီးနောက် သူ့အခန်း ့ ခေါ်လာခဲ့သည်။ သူ့အခန်းထဲတွင် ခါတိုင်းလို အခြေအရုံတွေ များ



www.burmeseclassic.com

www.burmeseclassic.com



များစားစား မရှိ။ သူ့ကို စောင့်ရှောက်ဖို့ လိုက်ပါလာသည့် အဖော်အ
သမီးကြီးတစ်ယောက်သာ ရှိသည်။ ခါတိုင်းလို မိတ်ကပ်ပြင်ပေးသည့် အ
အရံတွေလည်း မပါ။ သေတ္တာတွေကလည်း များများစားစား မရှိ။ လက်
သေတ္တာ ခပ်ဟောင်းဟောင်းတစ်လုံးသာ ပါသည်။

မေသူသည် သူ့ခုတင်ပေါ်မှာပင် ကျွန်တော့်ကို အထိုင်ခိုင်းသည်။

"ဒေါ်လုရေ ... ကျွန်မကို မွန်ထရီတစ်လိပ်လောက် ညှိပေးစမ်း
ဆရာ့ကိုလည်း တည်လိုက်။ ခါတိုင်းလို ငါးသုံးလုံးတွေ ဘာတွေ မသော
နိုင်တော့ဘူး ဆရာရေ။ မွန်ထရီပဲ သောက်နိုင်တော့တယ်။ မေသူကလည်
တစ်နေ့ကို နှစ်ဘူးလောက်ကုန်အောင်သောက်တာ မဟုတ်လား။ ဒီအ
မတတ်နိုင်တော့ဘူး။ ဆေးလိပ်ကို ဖြတ်ချင်နေတာ ကြာပြီ။ ဒါပေမဲ့ ဖြ
လို့ မရဘူး။ စိတ်ညစ်တဲ့ လူများဟာ ဆေးလိပ် သိပ်သောက်ကြတယ်
ပြီးတော့ အထီးကျန်ဖြစ်တဲ့သူများသာ စိတ်ညစ်တတ်ကြတယ်တဲ့။ ဘယ်
မှာလည်း မသိဘူး။ မေသူဖတ်ဖူးတယ်။ ဆေးလိပ်ကိုပဲ အဖော်လုပ်ရတာ
ညစ်ညစ်ရှိဝိုင်း မေသူတော့ ဆေးလိပ်ပဲ ထိုင်သောက်နေတာပဲ"

မေသူသည် ကျွန်တော့်ကို ကျောပေးပြီး အဝတ်အစားများကို လဲနေ

"ဆရာ့ဝတ္ထုတွေကိုဖတ်ပြီး ဆရာ့ကို သတိရနေတာ။ ဆရာ့ကို မေသူ
ဝတ္ထုကို ပြောပြချင်လို့။ ရေးတာ မရေးတာတော့ တစ်ပိုင်းပေါ့ ဆရာရ
ဒါပေမဲ့ မေသူ့ရင်ထဲမှာ ပြောချင်တာတွေ များနေလွန်းလို့။ ကိုယ်တိုင်
လည်း စာမရေးတတ်တော့ ဆရာ့ကို သတိရနေတာ။ ဆရာရောက်နေတ
လို့ မနေ့ကညက ကိုဒေါနပြောတာနဲ့ ဆရာ့ကို လာတွေ့ဖို့ အချိန်းခိုင်းလို
တာ"

"ဟုတ်လား ... မေသူရဲ့ ဘဝပေါ့"

"မေသူရဲ့ဘဝလို့လည်း ပြောလို့ရတယ်။ မေသူရဲ့ နှလုံးသားခံစားချ
လို့လည်း ပြောလို့ရတယ်။ မင်းသမီးတစ်ယောက်ရဲ့ အောင်မြင်ခန်း
ကျဆုံးခန်းလို့လည်း ပြောလို့ရတယ်။ မိမိကိုယ်နဲ့မိမိ ပြန်လည် သင့်မြ
ခန်းလို့လည်း ပြောလို့ရတယ်"

"မိမိကိုယ်နဲ့မိမိ ပြန်လည် သင့်မြတ်ခန်း ဟုတ်လား"





မေသူက သူ့စကားလုံးကို သူ သဘောကျ၍လား မသိ၊ ခပ်မြောက်
က်အသံဖြင့် ရယ်သည်။

"ဟုတ်တယ်လေ ဆရာ။ ဆရာတို့ဝတ္ထုတွေထဲမှာ လူတစ်ယောက်အများ
လုပ်ခဲ့တယ်။ မှားခဲ့တာ၊ မိုက်ခဲ့တာတွေ ရှိတယ်။ နောက်ဆုံး အဲဒီ
တွေ အမိုက်တွေ ကုန်သွားတဲ့အခါမှာ နောင်တ ရသွားတာမျိုးကို
လေ့ရှိကြတယ် မဟုတ်လား။

"အင်း ... ဒီသဘောပဲ ဆိုပါတော့။ အတွေ့အကြုံတွေကို ဖြတ်သန်း
နောက်မှာ ကိုယ့်ကိုယ်ကို နားလည် သဘောပေါက်လာပြီး လောကနဲ့
ည် သင့်မြတ်သွားတာမျိုး ဆိုပါတော့"

"ဟုတ်တယ် ... ဟုတ်တယ်။ မေသူပြောတာ အဲဒါပဲ ဆရာရေးတဲ့
နီရောင်အချစ်"ဆိုတဲ့ ဝတ္ထုတိုကလေး တစ်ပုဒ်ထဲမှာ ရထားပေါ်မှာ
မ မှောင်ခိုမကလေးတစ်ယောက်နဲ့တွေ့တော့ သူပြောတဲ့ စကားကို
သိပ်သဘောကျတာပဲ"

"ဘာတဲ့လဲ"

ကျွန်တော်က ကောင်းကောင်း မမှတ်မိတော့၍ သူ့ကို ပြန်မေးရသည်။

"ကောင်မလေးက ပြောတယ်လေ။ ပြောချင်တာတွေဟာ ရင်ထဲမှာ
ရာမရှိလို့ နဖူးထဲတောင် ရောက်ကုန်ပြီတဲ့။ သူပြောချင်တာတွေဟာ
နဖူးထဲမှာ ပြည့်နေပြီတဲ့"

ကျွန်တော်က မေသူ ရှာရှာဖွေဖွေ မှတ်မိပုံကိုကြည့်၍ ပြုံးသည်။

မေသူသည် စီးကရက်ကို အားရပါးရ ဖွာရှိုက်လိုက်ပြီးနောက် ကပ်လျက်
ဖော်အိပ်သည့် ခုတင်ပေါ်တွင် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ဝင်
ိုက်သည်။

"သူ ပြောသလို မေသူလည်း ပြောစရာတွေ နဖူးထဲမှာ ပြည့်နေပါတယ်
ဒါကြောင့် ဆရာ့ကို အချိန်းခိုင်းလိုက်တာပါ။ မေသူ မင်းသမီးမဖြစ်ခင်
ယ်ကလေးဘဝက ရန်ကုန်မြစ်ဝက ပင်လယ်ဝမှာရှိတဲ့ သီလဝါမီးပြ
အားက ပီလကျွဆိုတဲ့ ရွာကလေးမှာ မေသူ ကြီးပြင်းလာခဲ့ရတာ။
တာ မီးပြတိုက်စောင့်ကြီး။ အဖေနဲ့အတူ မီးပြတိုက်မှာ နေခဲ့ကြရတာ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရောက်လာတော့ မေသူ ကုန်စိမ်းရောင်းခဲ့ရတာ။ နောက်တော့ အ... မင်းသမီးဖြစ်လာတာ။ နောက် ဆရာကောင်းနဲ့တွေ့သွားလို့ ရုပ်ရှင်မင်းသမီး... အဖြစ် အောင်မြင်လာတာ။ ရုပ်ရှင်နယ်ထဲ ရောက်သွားတော့ အနှိမ်ခံရတာ... ကုမ္ပဏီပိုင်ရှင်ရဲ့ အငယ်အနှောင်း ဖြစ်ခဲ့ရတာ။ သူ့ အငယ်အနှောင်းဘ... ရုပ်ရှင်ရိုက်ရင်း နာမည်ကြီး ရုပ်ရှင်မင်းသမီး ဖြစ်လာခဲ့ရတာ။ ရုပ်ရှင်မင်းသမီး... အနေနဲ့ အောင်မြင်လာတော့ မာနတွေ ထောင်လွှားခဲ့တာ။ မေသူ နာမည်... ကြီးလာတော့ မလိုသူတွေက အပုပ်ချခံခဲ့ရတာ။ အသုံးအဖြုန်းကြီးခဲ့တာ... ဟိုင်းလာတော့ ရုပ်ရှင်လောကက ခပ်ဖယ်ဖယ်လုပ်လာကြတာ။ နောက်... သူများဆီမှာ ခိုကပ်နေရတာ။ အို ... အများကြီးပဲ ဆရာ။ ပြောရ... ပြောလို့တော်တော်နဲ့ ဆုံးမှာ မဟုတ်ဘူး"

"ဟုတ်မှာပေါ့။ ပြောရင် မေသူ့ရဲ့ဘဝက အရှည်ကြီးပဲ"

"နာမည်လည်း ကျလာရော ကိုယ့်ကို မငှားချင်တော့ဘူးလေ ဆရာ... ခုတောင် ကိုဇော်... သစ်မ အသုံးလေးဘာလေးလိုရင် ကျွန်တော့်ပြဇာတ်... ကို ဝင်ကူပါလား။ ... ပါလို့ ခေါ်မယ့်သူရှိလို့ လိုက်လာတာ။ ဒီ... ခေါ်မယ့်သူ မရှိတာ ကြာပြီလေ"

မေသူက သူ့စကားကိုသူ သဘောကျသဖြင့် ရယ်သည်။ သို့ရာတွင် သူ့ရယ်သံသည် ဒေါသ... နိုင်နေသည်။

"ကြေးလည်း ကြည့်ဦးလေ ဆရာ။ အရင်တုန်းက ကြေးအများဆုံး ရတဲ့ ထိပ်တန်းမင်းသမီး။ ခု စရိတ်ငြိမ်း တစ်ည တစ်ထောင်နဲ့ လိုက်လာတာ... ဒီခေတ်မှာက ရုပ်ပါကွေ့ သိန်းနဲ့ချီရနေတဲ့ အချိန်။ ငါးရက်လောက်ရိုက်... ဗွီဒီယိုတစ်ကားကို သိန်းချီရနေတဲ့အချိန်မှာ မေသူက တစ်ညတစ်ထောင်... ဆရာရယ်။ ငါးညမှ ငါးထောင်၊ ကိုယ့်မှာလည်း အသုံးလို၊ ဘုရား... ဘာတို့ ဖူးလည်း ဖူးရအောင်ဆိုပြီး လိုက်လာခဲ့တာ ဆရာ။ ဒီတစ်... ကိုဒေါနတို့နဲ့ လိုက်ပြီးရင် နောက် ဘယ်နှစ်နှစ်ကြာမှ လိုက်ရမယ်... မပြောနိုင်သေးဘူး။ ဒါပေမဲ့ မေသူ လောကကြီးအပေါ်မှာ မခါးသီးပါဘူး... ဒါက ကိုယ့်ခေတ်မှ မဟုတ်တော့တာကိုး။ ကိုယ်က ထိပ်ဆုံးကို ရောက်ခဲ့ပြီးပြီ... အဆင်းပဲ ရှိတော့တယ်။ ဒါကြောင့် မေသူ ကြည်ဖြူစွာ လက်ခံပါတယ်...





...တုန်းကတော့ ဘဝကိုရော၊ ရုပ်ရှင်လောကကိုရော၊ လူတွေကိုရော ...ကိုယ့်ကိုယ်ကိုရော စိတ်နာခဲ့တာပေါ့။ ခါးသီးခဲ့တာပေါ့။ ဒါပေမဲ့ တရားနဲ့ ...ကြည့်လိုက်တော့ ဒါဟာ ကံစီမံရာပေါ့ ဆရာရယ်။ ဒီလို ကြည့်တတ်မြင်တတ် ...လောကကြီးနဲ့ သင့်မြတ်လာတာပေါ့။ မေသူတို့ ရုပ်ရှင်လောကမှာ ...ဇာတ်တဲ့ ထုံးစံတစ်ခု စံတစ်ခုရှိတယ်လေ။ အငြိမ့်မင်းသမီးတို့၊ ပြဇာတ် ...သမီးတို့ကျလာပြီး "မင်းသားကျ"တို့ "မင်းသမီးကျ"တို့ ဖြစ်လာရင် ...ခုံပေါ်ကို ရောက်တယ်။ စောစောက စင်ပေါ်တက်သွားတဲ့ ကောင်မလေး ... နောက်ဆိုရင် ပိတ်ကားပေါ်ကို ရောက်တော့မယ်။ မေသူကတော့ ...င်းသမီးကျ"။ ပိတ်ကားပေါ်ကနေ ဇာတ်ခုံပေါ်ကို ဆင်းလာရပြီ။ အဲဒီ ...ကြောင်းတွေနဲ့ မေသူရဲ့ မိမိကိုယ်နဲ့ မိမိ ပြန်လည် သင့်မြတ်ပုံကို ...ကို ပြောချင်လို့ပါ။ ခုဟာကတော့ နိဒါန်းပေါ့ ဆရာရယ်။ အသေးစိတ် ...တော့ ရန်ကုန်ရောက်မှ တစ်နေ့တွေ့ပြီး ပြောပြပါဦးမယ်"

အပြင်ဘက်မှာ လေပြေတိုးသံကို ကျွန်တော် ကြားရသည်။ ပြဇာတ် ...ည် ပြီးသွားလေပြီ။

(ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၉၂)

* * *

www.burmeseclassic.com

www.burmeseclassic.com

# နားခိုခြင်း

# နားခိုခြင်း

စာပေလောကတွင် သူ့ကို တွေ့သည်မှာ တော်တော်လေးကြာပြီ။ ...င့်တွေ့လျှင် ပြုံး၍ နှုတ်ဆက်တတ်သည်။ လက်ဖက်ရည်ဆိုင်တွင် သူနှင့် ...လျှင် သူက လက်ဖက်ရည်ဖိုး ရှင်းပေးသွားတတ်သည်။ ဘတ်စ်ကား ...တွင် သူနှင့်ဆုံလျှင် သူကပင် ဘတ်စ်ကားခ ထုတ်ပေးသွားတတ်သည်။ ...ည်ကဗျာဆရာလား၊ စာရေးဆရာပေါက်စလား၊ စာအုပ်အဟောင်း ...သူလား၊ စာပြင်ဆရာလား၊ ပုံနှိပ်တိုက်တစ်တိုက်က အလုပ်သမားလား။ ...ယ်လို့ သူ့ကို မသိ။ ကျွန်တော်ကလည်း မမေး။ သူကလည်း မပြော။ ...ယ်တော့ သူ့အမည်ကိုပင် ကျွန်တော် ကောင်းကောင်းမသိပါ။ သူ့ကို ...န်ကုန်းမှာ တွေ့ရတတ်သည်။ ပန်းဆိုးတန်းက စာအုပ်တန်းမှာ တွေ့ ...သည်။ လမ်းဘေး လက်ဖက်ရည်ဆိုင်များတွင် တွေ့ရတတ်သည်။ ...ပ်တိုက်များတွင် တွေ့ရတတ်သည်။

သူ့အရပ်က ထောင်ထောင်မောင်းမောင်း၊ အသားညိုညို၊ ကိုယ်လုံး ...ပေါက်က ခပ်တုတ်တုတ်၊ ဆံပင်ရှည်က ကုပ်ပေါ်မှာဝဲပြီး တစ်ခါသူ၏



www.burmeseclassic.com

www.burmeseclassic.com



တွင် မျက်မှန်တပ်သည်။ သူ့ကို တွေ့လိုက်တိုင်း ကွမ်းဝါးနေသည်ကိုလည်း တွေ့ရတတ်သည်။

သူ့အမည်က "ကိုဇော်ကြီး"ဟုခေါ်ကြောင်း နောင်တွင် ကျွန်တော် သိလာခဲ့ရသည်။ လက်ဖက်ရည်ဝိုင်းတွင် သူသည် စကားလည်း များများ မပြော။ သူများပြောသည်ကိုသာ နားထောင်နေတတ်သည်။

လွန်ခဲ့သည့် လေးငါးနှစ်က မဂ္ဂဇင်းလေးတစ်စောင် ထုတ်မည့်အ ကြောင်း ပြောကာ ကျွန်တော့်ဆီကို သူစာမူလာတောင်းသည်။ ကျွန်တော်က ထုတ်မည့်မဂ္ဂဇင်းအကြောင်းကို မေးကြည့်သည်။ သူ့ကိုလည်း စာပေဝါသနာ အိုးတစ်ယောက်၊ ငွေယားကလေးရှိသဖြင့် မဂ္ဂဇင်းထုတ်ချင်သူတစ်ယောက်ဟု သာမန်မျှသာ နားလည်ထားလိုက်သည်။

"ခင်ဗျား မဂ္ဂဇင်းက ဘယ်လိုမဂ္ဂဇင်းမျိုး ထုတ်မှာလဲ။ ထုတ်ဝေခွင့် ရပြီလား။ မဂ္ဂဇင်းနာမည်ကကော ဘာတဲ့လဲ"

သူက မဂ္ဂဇင်းနာမည်ကို ပြောပြသည်။

"ပထမဆုံးအကြိမ် ထုတ်မှာပါ ဆရာ။ မဂ္ဂဇင်းကတော့ တင်ထုတ်ရမှာ လေ။ စာမူရမှတင်ပြီး ထုတ်ဝေခွင့် လျှောက်ရမှာပေါ့။ စာပေမဂ္ဂဇင်းပေါ့ ဆရာ။ အများအားဖြင့်တော့ စာပေအနုပညာကို ဦးစားပေးမှာပါ။ ပြီးတော့ တခြားတိုလီမိုလီ ကလေးတွေလည်း နည်းနည်းပါးပါး ပါမှာပေါ့ ဆရာ"

ကျွန်တော့်ဆီသို့လာ၍ ဒီလိုစာမူတောင်းသူတွေ များလှပြီ။ ထို့ကြောင့် ကျွန်တော်ကလည်း ရေးတာပေါ့ဗျာ။ ရက်ချိန်းတော့ မပေးပါရစေနဲ့ဦးဟု ပြောလိုက်သည်။

"နေပါဦးလေ။ စာမူက နောက်တော့ ပေးတာပေါ့။ စာမူတောင်းတာ ဘယ်နေ့မှန်း မသိသေးတာ။ စာမူခ မပေးပါနဲ့ဦး"

သို့ရာတွင် မရပါ။ သူက အိတ်ထဲက ငွေစက္ကူတစ်ထပ်ကိုထုတ်၍ စာမူခ အတင်းထိုးပေးပါသည်။

"ယူထားပါ ဆရာ။ ကျွန်တော် တခြား စာရေးဆရာတွေကိုလည်း ဒီလိုပဲ စာမူခကြိုတင်ပေးခဲ့ပြီးပြီ။ ကျွန်တော့် ထုတ်ဝေသူကလည်း ပေး ရှိရင် ပေးပါ။ စာမူသာ ရအောင်တောင်းလို့ မှာထားပါတယ်"





"ခင်ဗျားက ကိုယ်ပိုင်ထုတ်မှာ မဟုတ်ဘူးလား"

သူကရယ်၍ ...

"ကျွန်တော်က ဘယ်မှာ မဂ္ဂဇင်းတစ်စောင် ထုတ်နိုင်မှာလဲ ဆရာ။ ... ဒီလူက သူ မဂ္ဂဇင်းတစ်စောင်ထုတ်ချင်တယ်။ ကျွန်တော့်ကို လုပ်ပေးပါ ဆိုလို့ ကျွန်တော် လုပ်ပေးရတာ။ ကျွန်တော်ကလည်း သူ့ကို မဂ္ဂဇင်းမထုတ်ဖို့ ... ပါသေးတယ်။ သူက မရဘူး။ သူ ထုတ်ချင်တယ်တဲ့။ သူလည်း နည်းနည်း ... ရေးချင်တယ်တဲ့။ သူ့မှာ သဘောက ပြန်လာလို့ ပိုက်ဆံလေး ... နည်းပါးပါး ရှိတယ်တဲ့။ သူ့သဘောသား အတွေ့အကြုံတို့ ဘာတို့ကို ... ချင်တယ်တဲ့။ တခြားမဂ္ဂဇင်းတွေကိုပို့တာ သူ့ဆောင်းပါးတွေကို မထည့် ... ဒီတော့ ကိုယ့်ဘာသာကိုယ် မဂ္ဂဇင်းထုတ်ရေးမယ်ဆိုပြီး ထုတ်တာတဲ့"

ကျွန်တော် ငြင်းသည့်တိုင် သူသည် ကျွန်တော့်ကို စာမူခပိုက်ဆံ ... တင်းပေးပြီးသွားပါသည်။

ကျွန်တော်သည် ချိန်းသည့်ရက်တွင် စာမူကို ပြီးအောင်ရေးထားသည်။ ... ကြိုတင်ယူထားလိုက်ပြီ ဖြစ်သဖြင့် ကိုယ့်ဘက်က ပျက်ကွက်၍ ... ကောင်း။ ထို့ကြောင့် ချိန်းသည့်ရက်တွင် ပေးနိုင်ရန် အပြီးရေးရခြင်း ... သည်။

သို့ရာတွင် ချိန်းသည့်ရက်တွင် သူမပေါ်လာပါ။ နောက်တစ်ပတ်လည်း ... မပေါ်လာပါ။ နောက်လတွင်လည်း သူမပေါ်လာပါ။ နောက်တစ်နှစ်တွင် ... လည်း သူမပေါ်လာပါ။ သူ့ကိုလည်း မတွေ့ရတော့ပါ။

နောက်နှစ်နှစ်လောက် ကြာသည့်အခါတွင် သူနှင့်ကျွန်တော် အနော် ... လမ်းပေါ်တွင် ပက်ပင်းသွား၍ ဆုံကြပါသည်။

ကျွန်တော်က ...

"ဟော့ ... ကိုဇော်ကြီး။ ခင်ဗျား ဘယ်ပျောက်နေတာလဲ။ ကော်ပီ ... တောင်းပြီးကတည်းက ပျောက်သွားလိုက်တာ ခုမှပဲ တွေ့ရတော့တယ်။ ... မဂ္ဂဇင်းအတွက် ရေးထားတဲ့ကော်ပီလည်း ခင်ဗျားမလာတော့ တခြား ... ကို ပေးပစ်လိုက်ပြီ။ ခုကော မဂ္ဂဇင်းထုတ်ဦးမှာလား။ ကျွန်တော့်မှာ ... ကော်ပီတစ်ပုဒ်စာ အကြွေးဆပ်စရာ ရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်တော့်ကို လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ ခေါ်သွား လက်ဖက်ရည်တိုက်သည်။

"ဆရာရေ ... အကြွေးတွေ ဘာတွေလည်း ဆပ်မနေနဲ့။ မဂ္ဂဇင်းလည်း မထုတ်ဖြစ်တော့ဘူး။ ကျွန်တော့်ထုတ်ဝေသူကလည်း ပိုက်ဆံကုန်သွား သဘောပေါ်ကို နောက်တစ်ခေါက် တက်သွားပြန်ပြီ။ ခုထက်ထိ ပြန်မ သေးဘူး။ ကျွန်တော်နဲ့လည်း အဆက်အသွယ် မရတော့ဘူး။ ဘယ်တ နိုင်မလဲ ဆရာ။ ကိုယ့်ဘက်က ပျက်ကွက်တာမှ မဟုတ်ဘဲ။ သူ့ဘက် ပျက်ကွက်တာပဲ။ သူကလည်း ကြိုတင်ပေးထားတဲ့ စာမူခတွေ ဆုံးပေ တော့တဲ့။ သူ့ဘက်က ပျက်ကွက်တာတဲ့။ လှူတယ်လို့ပဲ သဘောထားလို တဲ့"

"ဒါဖြင့် ခင်ဗျားကော ခု ဘာလုပ်နေသလဲ"

"ကျွန်တော် ခရစ်ယာန်တရားဟောဆရာ လုပ်နေတယ် ဆရာ နယ်တွေကို သွားနေလို့ ဆရာတို့နဲ့ မတွေ့တာ။ ခုလည်း ကျွန်တော် ချင်းပြည်နယ်ဘက်ကို သွားဦးမလို့။ မိုးကုန်မှ ပြန်လာမှာ"

"ဟင် ... ခင်ဗျားက ခရစ်ယာန်လား"

သူက ပြုံး၍ ခေါင်းညိတ်ပြသည်။ ကျွန်တော်က သူ့ကို ခရစ်ယာ တစ်ယောက်မှန်း မသိခဲ့ပါ။ စကားလည်း မစပ်မိပါ။ ယခုမှ ခရစ်ယာ တစ်ယောက်ဖြစ်ကြောင်း သိရခြင်း ဖြစ်ပါသည်။

"ခုတော့ ခရစ်ယာန်ပေါ့ ဆရာရယ်။ ဒါကြောင့် သာသနာ့လုပ် တွေကို ကျွန်တော် လုပ်နေရသေးတယ်။ နောက်နှစ်နှစ်လောက်ဆိုရင် ကျွန်တော် ဗုဒ္ဓဘာသာ ပြန်ဖြစ်တော့မှာပါ။ အဲဒီတော့ အလုပ်တွေလည် အားသွားပါပြီ။ အဲဒီတော့မှ စာပေလောကထဲကို ပြန်အလုပ်လုပ်ဖို့ ကြိုး ဦးမယ်"

ကျွန်တော်သည် သူ့စကားကြောင့် အံ့အားသင့်နေသည်။ သူက နော နှစ်နှစ်လောက်တွင် ဗုဒ္ဓဘာသာဖြစ်မည်ဆိုသော စကားကြောင့် ဖြစ်သည်

"ခင်ဗျားက ခရစ်ယာန် မလုပ်တော့ဘူးလား"

"ကျွန်တော် ခရစ်ယာန်ဘာသာဝင် အနှစ်နှစ်ဆယ်လုပ်မယ် ဆရာ





ဆယ့်ရှစ်နှစ် ရှိသွားပြီ။ နောက် နှစ်နှစ်လောက်ပဲ လိုတော့တယ်။ အဲဒီ ကျွန်တော် ဗုဒ္ဓဘာသာ ပြန်ဖြစ်တော့မှာ"

"ဩော် ... ဒါဖြင့် အစက ခင်ဗျားက ဗုဒ္ဓဘာသာပေါ့"

"ဟုတ်တယ် ဆရာ။ နောက်ကျမှ ခရစ်ယာန်ဖြစ်သွားတာ။ ခရစ်ယာန် သည်း အနှစ်နှစ်ဆယ်တည်း လုပ်မှာ"

"ခရစ်ယာန်ဘာသာကို ကာလအပိုင်းအခြားနဲ့ ကိုးကွယ်တယ်ပေါ့"

ထိုအခါတွင်မှ ကိုဇော်ကြီးက သူ့အကြောင်းကို ပြောပြသည်။

ကိုဇော်ကြီးသည် ရန်ကုန်မြို့တွင် နာမည်ကြီးသည့် ဆွေမျိုးစု တစ်ခုမှ ဆင်းသက်လာခြင်း ဖြစ်သည်။ သူ့ဆွေမျိုးစုများသည် ပိုက်ဆံရှိသည်။ တံ့ရပ်ကွက်တွင် ကြီးကျယ် ခမ်းနားသော အိမ်ကြီးတွေရှိသည်။ အားလုံး ဘွဲ့ရခေတ်ပညာတတ်တွေချည်း ဖြစ်သည်။

"ကျွန်တော်တို့အမျိုးမှာ ဆယ်တန်းမအောင်တဲ့သူဆိုလို့ ကျွန်တော် ယောက်ပဲ ရှိတယ်ဆရာ။ ကျွန်တော်တို့မှာ သားချင်းဆယ်ယောက် ယ်။ ကျွန်တော်ပါဆိုရင် ဆယ့်တစ်ယောက်ပေါ့။ အဲဒီထဲမှာ သူတို့ ယောက်ကတော့ တစ်အူထုံဆင်း အရင်းတွေ။ ကျွန်တော်က သူတို့အထဲ တစ်ဝမ်းကွဲ ဆရာ။ ကျွန်တော့်အမေနဲ့ သူတို့အဖေက မောင်နှမ ချင်း။ သူတို့အဖေက ကျွန်တော့်ဦးကြီးပေါ့လေ။ ကျွန်တော့်အဖေနဲ့ က ကျွန်တော် ငယ်ငယ်ကတည်းက ဆုံးသွားကြတာ တစ်ဦးတည်း သားဖြစ်တဲ့ ကျွန်တော့်ကို ဦးကြီးက မွေးစားခဲ့တယ်။ ကျွန်တော် လည်သားလောက်ကတည်းကဆိုတော့ ကျွန်တော့်အဖို့ အဖေရင်း ရင်းတွေလိုပါပဲ။ လူမှန်းသိစကတည်းက သူတို့လက်ပေါ်မှာပဲ ကြီးလာ ။ သူတို့ပဲ ကျွေးမွေးစောင့်ရှောက်ခဲ့၊ ပညာသင်ပေးခဲ့တာပါ။

ကျွန်တော်ကံဆိုးချင်တော့ ကျွန်တော် ၉ တန်းအရောက်မှာ ကျွန်တော့် ကြီးဆုံးသွားပါတယ် ဆရာ။

နောက်တော့ ဦးကြီးနေ့်းလည်း ဆုံးသွားတယ်။ ဒီတင် ကျန်တဲ့ ညီအစ်ကို င်နှမတွေ အမွေခွဲကြတယ်။ အမွေခွဲတော့ ကျွန်တော်က ဝေစုထဲမှာ ။ သူတို့မောင်နှမ အချင်းချင်း ကျွန်တော့်ကိုစွန့် ပတ်သက် လို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောထား ကွဲကြတယ်။ တချို့က စာချုပ်စာတမ်းနဲ့ မွေးစား... ...တာဖြစ်လို့ ကျွန်တော့်ကိုလည်း အမွေခွဲပေးသင့်တယ်လို့ ပြောကြတယ်... တချို့ကလည်း ကျွန်တော်ဟာ အရင်းအချာ မဟုတ်တဲ့အတွက် အ... ခွဲမပေးနိုင်ဘူးလို့ ဆိုကြတယ်။ တိုတိုပြောရရင်တော့ ကျွန်တော် အ... မရလိုက်ဘူးပေါ့ ဆရာရယ်။ ကျွန်တော့်ကို ကရုဏာကြေးအဖြစ် ငွေက... နည်းနည်းပါးပါးပေးပြီး အိမ်ပေါ်က မောင်းထုတ်လိုက်ကြတယ်။ အိမ်ကလည်... ရောင်းပစ်တော့မှာကိုး။ ကိုယ့်အိမ်နဲ့ကိုယ် နေကြတော့မယ်ဆိုတော့ ကျွန်တေ... မှာ နေစရာမရှိတော့ဘူးလေ။ အဲဒီတုန်းက ကျွန်တော် ငွေတစ်သောင်... ရလိုက်တယ်။ သူ့ခေတ်နဲ့သူဆိုတော့ မနည်းလှပါဘူး။ ကျွန်တော် သိန်း... ပြီး ရရမှာပေါ့။

ကျွန်တော်လည်း ငွေတစ်သောင်းကို ဘာလုပ်ရမှန်း မသိဘူး။ အဲဒီတု... က ကျွန်တော်ကလည်း အသက် ၁၃ နှစ် ၁၄နှစ်လောက်ပဲ ရှိသေးတာကိုး... ဒီတော့ ဒီလောက်များတဲ့ငွေကို မြင်လည်း မမြင်ဖူးဘူး။ ကိုင်လည်း မ... ဖူးသေးဘူး။ ဒီတင် ဟိုလျှောက်သွား ဒီလျှောက်သွား၊ ဟိုလျှောက်သုံး ... လျှောက်သုံး၊ ဟိုလူကလိမ်၊ ဒီလူကလိမ်နဲ့ ငွေတစ်သောင်းဟာ နှစ်... သုံးလအတွင်း ကုန်သွားတယ်။

ပိုက်ဆံကုန်တော့ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဘူး။ ရန်ကု... မှာလည်း မနေချင်ဘူး။ ဒါနဲ့ ရှမ်းပြည်နယ်ကိုသွားပြီး အလုပ်လေးဘာ... ရှာမယ်ဆိုပြီး တောင်ကြီးကို ထွက်လာခဲ့တယ်။ တောင်ကြီးနားက ဟို... မှာ ကျောင်းတုန်းက ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရှိတယ် ဆရာ... သူက အဲဒီမှာ သနပ်ဖက်ခြံတွေ ပိုင်တယ်။ သူ့သနပ်ဖက်ခြံမှာ အ... ကလေး ဘာလေးလုပ်ရင်ရမှာပဲဆိုပြီး မျှော်လင့်ချက်နဲ့ ထွက်လာတာ။ တော... ကြီးကိုလည်း တစ်ခေါက်မှ ရောက်ဖူးတာ မဟုတ်ဘူး။

တောင်ကြီးကို ထွက်လာပေမယ့် ကျွန်တော့်မှာ ပိုက်ဆံသိပ်ရှိတာ မဟု... ဘူး။ လိုလိုမည်မည် ချန်ထားတဲ့ ငွေလေးတစ်ရာလောက်ပဲ ရှိတယ်... ဒါကလည်း ဟိုရောက်လို့ အဆင်မပြေရင်၊ သူငယ်ချင်းနဲ့ မတွေ့... ထမင်းဖိုးလေးတော့ ချန်ထားမှဆိုပြီး ချန်ထားတာ။ ရထားကိုတော့ ကျွန်တေ...



...က်မှတ်မဝယ်ဘဲ ခိုးစီးလာခဲ့တယ်။ ရထားပေါ်မှာ ခရစ်ယာန် ဘုန်းကြီး ...စ်ပါး ပါလာတယ်။ သူက ကလောက။ သူ့ကို ကျွန်တော်က ဝေယျာ ...ကလေးတွေ လုပ်ပေးတော့ သူက လမ်းမှာ ကျွန်တော့်ကို ထမင်းကျွေး ...ယ်။ လက်ဖက်ရည်တိုက်တယ်။ ကလောဘူတာနားရောက်တော့ လက်မှတ် ...တွေ တက်လာပြီး လက်မှတ်စစ်တော့ ကျွန်တော့်မှာ လက်မှတ်မပါတာ ...တွေ့သွားပြီး ဖမ်းသွားတယ်။ ဒီတင် အဲဒီခရစ်ယာန်ဘုန်းကြီးက ကျွန်တော့် ...အား ဒဏ်ငွေဆောင်ပေးလိုက်တယ်။ ပြီးတော့ ကျွန်တော့်ကိုလည်း သူနဲ့ ...က်နေလှည့်ဆိုပြီး ကလောက ဘုရားရှိခိုးကျောင်းကို ခေါ်သွားတယ်။

ကျွန်တော်လည်း သူနဲ့လိုက်သွားတာပေါ့။ ဟိုရောက်ပြီးလို့ တစ်လ ...ာက်ကြာတော့ မင်း ခရစ်ယာန်လုပ်မလားတဲ့။ ကျွန်တော်ကလည်း လုပ် ...ယ်ပေါ့။ အမှန်ကတော့ ကျွန်တော် ဘာသာတရားတို့ ဘာတို့ဆိုတာ ...သိဦးမှာလဲ။ ခရစ်ယာန်မပြောနဲ့ ဗုဒ္ဓဘာသာကိုတောင် ကောင်းကောင်း ...တာမဟုတ်ဘူး။ အသက် ၁၃-၄နှစ်ဆိုတော့ ဘာသိမှာလဲ ဆရာ။

ကျွန်တော့်ကို ခရစ်ယာန်ဘုန်းကြီးက ကလောမှာပဲ ရေနှစ်ပေးတယ်။ ...ကန်ကလေးနားမှာထိုင်၊ တရားစာရွတ်ပြီး ရေနှစ်ပေးတယ်။ ကျွန်တော့် ...န်းကြီးက နှစ်ခြင်း ခရစ်ယာန်အဖွဲ့ကကိုး ဆရာ။ အဲဒီမှာနေရင်း ကျွန်တော် ...ော်ဂင်အတီးသင်တယ် ဆရာ ဘုရားရှိခိုးကျောင်းမှာ ဝတ်တက်ရင် လိုက်တီး ...နိုင်အောင်ဆိုပြီး ခရစ်ယာန်ဘုန်းကြီးက သူတို့ဘုရားရှိခိုးကျောင်းမှာရှိတဲ့ ...ော်ဂင်ဆရာတစ်ယောက်ဆီမှာ အော်ဂင်အသင်ခိုင်းလို့ အော်ဂင်သင်ရ ...ယ်။ အော်ဂင်တီးတတ်သွားတော့ ဘုရားရှိခိုးရင် ကွိုင်ရာဆိုတဲ့လူကဆိုပြီး ...န်တော် အော်ဂင်တီးရတယ်။ နောက်တော့ ကျွန်တော် စန္ဒရားပါ တက် ...ားတယ်။ ဘုရားရှိခိုးကျောင်းမှာ စန္ဒရားလည်း ရှိတာကိုး။ စန္ဒရားတတ် ...ားတော့ ကျွန်တော် သီချင်းတွေတက်ပြီး သီချင်းတွေ လျှောက်တီးတယ်။ ...ဟောင်းသီချင်းတွေပေါ့ ဆရာ။ ရှေးတုန်းက ပြည်လှဖေတို့၊ မေရှင် ...ဆိုတဲ့ သီချင်းတွေ။ နောက်တော့ အနှစ်နှစ်ဆယ်တေးတွေ လျှောက် ...တယ်။ တော်တော်လေးတော့ တီးတတ်သွားတယ် ဆရာ။

ကလောမှာ ကျွန်တော် ၇ နှစ်လောက် ကြာတယ်ဗျာ။ အဲဒီ ခရစ်ယာန်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးနဲ့ပဲ ကျွန်တော် တရားဟောလိုက်သွားတတ်တယ်။ ပအို့တောင် တွေ၊ ရှမ်းတောင်ရိုးတွေပေါ့ ဆရာ။ တစ်ခါတလေလည်း လားဟူရွာ ကို ရောက်သွားတတ်တယ်။

ကလောမှာ ဒီလိုနေလာလို့ ၇ နှစ် ၈ နှစ်လောက် ကြာတဲ့အခါ တော့ ကျွန်တော့်ဘုန်းကြီး ငှက်ဖျားရောဂါနဲ့ ကွယ်လွန်သွားတယ်။ မကွယ်လွန်ခင်မှာ ကျွန်တော့်ကို စကားတစ်ခွန်း ပြောသွားတယ်။ သူ့ ကျေးဇူးတင်ဖို့ မလိုဘူးတဲ့။ ဘုရားသခင်ကို ကျေးဇူးတင်တဲ့။ ကျွန်တော် ခုလို ဖြစ်လာတာ သူနဲ့တွေ့တာဟာ ဘုရားသခင်ရဲ့ ကျေးဇူးကြော ဖြစ်တာတဲ့။ ဒါကြောင့် ဘုရားသခင်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ခရစ်ယာ ဘာသာဝင်အဖြစ် အနှစ်နှစ်ဆယ် လုပ်ပါတဲ့။ အနှစ်နှစ်ဆယ်အတွင်း ခရစ်ယာန်သာသနာအတွက် လုပ်ပြီးရင် ကြိုက်တာလုပ်ပါလို့ မှာသွားတယ်

ဒါနဲ့ ကျွန်တော် ရှမ်းပြည်နယ်မှာ တစ်နှစ်၊ နှစ်နှစ်လောက်ဆက်နေ ဆရားဟောဆရာ လုပ်တယ်။ ပအို့လိုပြောတတ်အောင်၊ လားဟူလို ပြော တတ်အောင်၊ ရှမ်းလို ပြောတတ်အောင်၊ အင်္ဂလိပ်လို ပြောတတ်အော သူပဲ ကျွန်တော့်ကို သင်ပေးသွားခဲ့တာပဲ။ သူက အမေရိကန်သာသနာ ပေမယ့် တိုင်းရင်းဘာသာစကားတွေကို သူကောင်းကောင်း ပြောတတ်တ ဆရာ။

နောက်တော့ ကျွန်တော် ရန်ကုန်ဆင်းလာတယ် ဆရာ။ တောင်ပေါ် နည်းနည်းငြီးငွေ့လာပြီလေ။ ပြီးတော့ ကျွန်တော့်မှာလည်း ငှက်ဖျားရော က မကြာခဏ ထတတ်တော့ အဲဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး။ ရန်ကု ရောက်တော့ ကျွန်တော့်မှာ ဘာအလုပ်မှ မရှိဘူး။ ဒါနဲ့ သူငယ်ချင်းတ ယောက်က ခေါ်သွားလို့ ကျွန်တော် ပုံနှိပ်တိုက်တစ်တိုက်မှာ စာစီ ဝင်လု တယ်။ အဲဒီတိုက်မှာ မဂ္ဂဇင်းတွေက အများကြီးလည်းရိုက်တော့ အလု လည်းပေါတယ်။ စာတွေလည်း ဖတ်ရတယ်။ ထမင်းလည်း စားရတယ် တော့ ကျွန်တော် အဲဒီအလုပ်မှာ ပျော်သွားတယ် ဆရာ။ စာစီရင် ဝ တွေ၊ ဆောင်းပါးတွေကို စာစီသမားလုပ်ရင် ကျွန်တော် ဖတ်ဖူးသွားတာ ဆရာ။ အဲဒီမှာလုပ်ရင်း ကျွန်တော်က အပေါင်းအသင်းတို့ ဘာတို့လည်း





ောင်းတော့ တခြားက မဂ္ဂဇင်းတွေက အလုပ်တွေကိုလည်း ကျွန်တော်ပဲ ာတယ်။

နောက်တော့ ကျွန်တော် ဖောင်ကိုင်ဖိုမင် ဖြစ်လာတယ်။ စာစီတာ၊ ာင်ကိုင်တာ၊ ဖောင်သွင်းတာကို ကျွန်တော် ကောင်းကောင်း လုပ်တတ် ာပေါ့ ဆရာ။ တချို့မဂ္ဂဇင်းကလေးတွေဆိုရင် အယ်ဒီတာကလေးတွေက ည်း ပေါက်စတွေ မဟုတ်လား။ ဒမ္မီကိုင်တာတို့၊ မျက်နှာဖွဲ့တာတို့၊ ကလေးချတာတို့ ကျွန်တော့်လောက်တောင် နားလည်တာ မဟုတ်ဘူး။ ကြောင့် တချို့မဂ္ဂဇင်းကလေးတွေဆိုရင် ကျွန်တော်ပဲ ဒစ္စပလေးချပြီး ာင်ကိုင်ပေးရတယ်။ သူတို့ကလည်း ကျွန်တော်ချပေးတဲ့ ဒစ္စပလေးကို ာကျသွားတယ်။ အဲဒီတိုက်မှာလုပ်ရင်း ရုပ်ရှင်မဂ္ဂဇင်းတစ်စောင်က တော့်ကို ဖောင်ကိုင်အယ်ဒီတာလုပ်ပေးပါဆိုလို့ ကျွန်တော် အဲဒီမှာ ဒီတာ သွားလုပ်တယ်ဆရာ။ စာတွေကိုတော့ တည်းဖြတ်ရတာ မဟုတ်ပါ ဖောင်ကိုင်ရတာပါ။ ကျွန်တော်ပဲ ပန်းချီအပ်၊ ကျွန်တော်ပဲ ဒစ္စပလေးချ တော်ပဲ ဘလောက်တိုက်သွား၊ အောက်ခြေသိမ်း အကုန်ပေါ့ ဆရာ။ ာင် ကျွန်တော်လုပ်တာကိုင်တာ သဘောကျပြီး တချို့မဂ္ဂဇင်းတိုက် လေးတွေကလည်း ကျွန်တော့်ကို အချိန်ပိုင်းနဲ့ လာလုပ်ဖို့ ခေါ်ကြတာ။ ုတွေတာဝန်ခံပေါ့ ဆရာ။ ကော်ပီတောင်းတာ၊ ဖလင်ရိုက်တာ၊ ပန်းချီ ည်သွားတာ၊ ဘလောက်တိုက်သွားတာ၊ ကုန်သွယ်ရေးရုံးနဲ့ ပတ်သက် င် ကုန်သွယ်ရေးရုံးသွားတာ စတဲ့ကိစ္စတွေပေါ့။ အဲဒီမှာ သုံးလေးတိုက် တ်ခွပြီးလုပ်တော့ ကျွန်တော်တော်တော်လေး ချောင်လည်တာပေါ့ ဆရာ။

ဒီအတောအတွင်း ကျွန်တော် သာသနာလုပ်ငန်းကို ဘာမှ မလုပ်နိုင်ဘူး ။ ဒါနဲ့ ကျွန်တော် ကတိပေးခဲ့တဲ့အတိုင်း လုပ်ဦးမှပဲဆိုပြီး ကျွန်တော် ကျွန်းပေါ်မှာလှည့်ပြီး တရားဟောဆရာ လုပ်ရသေးတယ်။

နောက်တော့ ကျွန်တော်လုပ်နေတဲ့ မဂ္ဂဇင်းတိုက်ကလေးတွေကလည်း သွားကြတယ် ဆရာ။ ပြုတ်တာကတော့ သူတို့အကြောင်းနဲ့ သူတို့ပါ။ ဘာ ကြီးပွားပြီး မထိန်းနိုင်ကြလို့၊ ချမ်းသာတဲ့ဒဏ်ကို မခံနိုင်ကြလို့ သွားကြတာ။ တချို့က ဒီထက်ဝင်ငွေကောင်းတဲ့ အလုပ်ကိုတွေ့လို့



www.burmeseclassic.com

www.burmeseclassic.com



ဒီအလုပ်ကို ဖြုတ်သွားကြတာ။ တချို့က ရှုံးလို့၊ တချို့က လင်မယား အိမ်တွင်းရေး အဆင်မပြေဖြစ်လို့ ကွဲပြီး ပြုတ်သွားကြတာ။ အမျိုးမျိုးပေ ဆရာ။

ဒီတုန်းမှာ ကျွန်တော့်ဘုန်းကြီးရဲ့ မိတ်ဆွေ ခရစ်ယာန်တစ်ယောက်ကလည်း ကျွန်တော့်ကို မင်း သာသနာအလုပ်ကလေးဘာလေးကို လုပ်ဦးလေ သတိပေးတာနဲ့ ကျွန်တော် ခု မြစ်ဝကျွန်းပေါ်မှာ တရားဟောဆရာ ပြန်လုပ်နေတယ် ဆရာ။

နောက်ထပ် နှစ်နှစ်လောက်တော့ ခရစ်ယာန် လုပ်လိုက်ဦးမယ် ဆရာ။ ကျွန်တော် နှစ်ကုန်ရင်တော့ ကျွန်တော့်ဘုန်းကြီးကို ပေးခဲ့တဲ့ ကတိအတိုင်း ကျွန်တော့်အလုပ် ပြီးပါပြီ။ အဲဒီအခါကျရင် ကျွန်တော် ဗုဒ္ဓဘာသာ ပြန်ဖြစ်တော့မှာပါ။ အဲဒီတော့မှ ရန်ကုန်မှာ မဂ္ဂဇင်းကလေးဘာလေး တစ်ခုခု အလုပ်ကလေးဘာလေး ဝင်ရှာဦးမယ် ဆရာ။

ခုတော့ ကျွန်တော့် ကတိအတိုင်း အနှစ်နှစ်ဆယ်ပြည့်အောင် ခရစ်ယာန် လုပ်လိုက်ဦးမယ်။ ကိုယ့်ကျေးဇူးရှင်ကို ပေးထားခဲ့တဲ့ကတိကို ကျွန်တော် ဘယ်ဖျက်လို့ ကောင်းမလဲဆရာ။ ပေးထားတဲ့ကတိတော့ တည်မှ ဖြစ်မှာပေါ့"

(ကလျာမဂ္ဂဇင်း၊ မတ်၊ ၁၉၉…)

* * *

# ဟော်နီတာထဲက ကျွန်တော့်ဘဝ

www.burmeseclassic.com

www.burmeseclassic.com

# မော်နီတာထဲက ကျွန်တော့်ဘဝ

ကျွန်တော်တို့နှစ်ယောက်သည် ပုဂံမြို့ဟောင်းက သမဝါယမ တည်း ခန်း စားသောက်ဆိုင်ထဲတွင်ထိုင်ရင်း စကားပြောဖြစ်ခဲ့ကြသည်။ ညစ ဗီဒီယိုကားရိုက်ပြီးချိန်ဆိုရင် သမဝါယမ တည်းခိုရိပ်သာက စားသော ဆိုင်မှာပင် ထမင်းစားကြသည်။ မနက်လင်းလျှင်လည်း ကားရိုက် မထွ မီ ထိုရိပ်သာက စားသောက်ဆိုင်မှာ ထမင်းကြော်နှင့် လက်ဖက်ရည် စားသောက်ကြသည်။ တစ်ညဉ့်မှု ရှုတင်စောစောပြီးသဖြင့် ကျွန်တော် သည် ညနေစာစားရင် သူနှင့် စကားဝိုင်းဖွဲ့ဖြစ်ကြသည်။

သူသည် မူလတုန်းက ရုပ်ရှင်နယ်မှ မဟုတ်။ စီးပွားရေးလော တွင် အလုပ်လုပ်နေသူ ဖြစ်သည်။ နောက်ပိုင်း ဗီဒီယိုများ ခေတ်စားလ သည့်အခါတွင် ဗီဒီယို ကင်မရာများကိုဝယ်ကာ အငှားလိုက်ရိုက်ပေး သည်။

သူ့အဖေသည် တရုတ်သွေးပါသူတစ်ယောက်ဖြစ်၏။ အရင်တုန်း စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်သည်။ ကွာစေ့လှော်များကို ထုတ်လုပ်သည်





န်းဖြစ်သည်။ နောက်တော့ သူ့အဖေသည် ကွာစေ့လုပ်ငန်းကို စ်လိုက်ပြီး ဗီဒီယိုရိုက်ကူးသည့် စက်များကို ဝယ်သည်။ ဗီဒီယိုကား ကို အငှားလိုက်၍ ရိုက်ပေးသည်။ သို့ဖြင့် သူတို့စက်အဖွဲ့သည် ဗီဒီယို အတွင် နာမည်ကြီးလာခဲ့သည်။ သူတို့စက်အဖွဲ့က ဒါရိုက်တာ၏ အလိုကို သည်။ ပရိုဂျူဆာ၏ အလိုကို လိုက်သည်။ မင်းသား မင်းသမီးအလိုကို သည်။ စိတ်ရှည်သည်။ အပင်ပန်း ခံနိုင်သည်။ လုပ်ငန်း ကျွမ်းကျင်သည်။ း ခံနိုင်သည်ကတော့ မပြောနှင့်။ သူတို့စက်အဖွဲ့သည် ရန်ကုန်က အတည်းက ဒတ်ဆန်းကားခေါင်မိုးပေါ်မှာ တစ်လျှောက်လုံး လိုက်လာ သည်။ နေ့လယ်ပိုင်းကျတော့ မော်တော်ကား ခေါင်မိုးပေါ်မှာ ကျိန်း အောင် ပူသည် သို့ရာတွင် သူတို့ အသိုက်တစ်သိုက်လုံး ပင်ပန်းနွမ်း န်ရယ်လို့ မရှိ။ ကြည့်လိုက်တိုင်း ရွှင်လန်းလျက်ရှိကာ ရယ်မော ပြောင်နေကြသည်။ ကားထွက်လျှင် သူတို့ အမိုးပေါ်မှာ သီချင်းဆို ည် တစ်ချက်မျှမပြတ်။ တစ်ယောက်က မောသွားလျှင် နောက်တစ် က်က ဆက်ဆိုသည်။ သည့်လိုဖြင့် တစ်လမ်းလုံး သီချင်းတွေ ဆိုလာ သည်။

ထမင်းစားချိန်ရောက်၍ သင့်ရာစခန်းတစ်ခုတွင် ကားဆိုက်ပြီး ထမင်း တော့လည်း သူတို့သည် တွေ့ရာအစားအသောက်တို့ဖြင့် အားရပါးရ ကြသည်။

သူတို့ စက်အဖွဲ့ဝင် လူပေါင်းမှာ လေးယောက်။ တစ်ယောက်က တင်ဦး။ နောက်တစ်ယောက်က လှထွေး၊ သူ့အသက်လည်း အသက် တစ်ဝိုက်လောက်မှာသာ ရှိဦးမည်။ နောက်တစ်ယောက်က ခင်ဝင်း။ း က သူတို့ထက် ငယ်မည်ထင်သည်။ အသက် ၂၅ လောက်သာ ည်။ နောက်တစ်ယောက်က အေးလွင်။ သူက အငယ်ဆုံးဖြစ်မည် သည်။ သူတို့အထဲတွင် အောင်တင်ဦးက ခေါင်းဆောင်ဖြစ်သည်။ အောင် သည် စက်ကိုလည်း ကိုင်သည်။ မော်နီတာကိုလည်း ကိုင်သည်။ ဆိုင်ရာ ကိစ္စများတွင် ကျန်အဖွဲ့ဝင်များကိုလည်း သူပင်ညွှန်ကြား ။ အလင်းရောင်နည်းနေသဖြင့် မှန်ထိုးခိုင်းသည့်အခါမျိုး၊ အင်ဒိုးတွင်



www.burmeseclassic.com

www.burmeseclassic.com



မီးထွန်းနိုင်းသည့်အလုပ်များကို ကျွန်အဖွဲ့ဝင်များက လုပ်ကြရသည်။

အောင်တင်ဦးသည် အမြဲလိုလို တီရှပ် ခပ်နွမ်းနွမ်းတစ်ထည် အပေါ်မှ ၌ ဂျင်းဂျက်ကက်၊ ချည်လုံချည်တစ်ပတ်ရစ်နှင့် ဂျပန်ဖိနပ်တို့ကို ဝတ် ထားတတ်သည်။

အောင်တင်ဦးသည် ကွမ်းကို ဝါးနေရာမှ ပြော၏။

“အစတုန်းက ကျွန်တော်က အိမ်မှာ ဘာမှ လုပ်တဲ့ကောင် မဟုတ် ဆရာ။ အဖေကတော့ ကွာစိလုပ်တယ်။ ကွာစိလှော်ပြီး လက်ကားရောင်း ဆိုင်ကြီးတစ်ဆိုင်ကို သွင်းတယ်။ ကွာစိကတော့ ဒိုက်ဦးတို့ ဘယ်တို့ လာတဲ့ ဖရုံစေ့ကို လှော်တာပေါ့ ဆရာ။ ကျွန်တော့်အဖေက တရုတ်အ တော့ သူတို့အဖေ လက်ထက်တုန်းကလည်း ဒီလိုပဲ ကွာစေ့တွေကိုလှော် လက်ကားရောင်းတဲ့ဆိုင်ကြီးတွေကို သွင်းပါတယ်။ အဲဒီကွာစေ့ရောင်း လက်ကားဆိုင်ကြီးက သူ့တံဆိပ်ရိုက်ထားတဲ့ အိတ်နဲ့ထည့်ပြီး ရောင်းပါတယ် ကျွန်တော် ငယ်ငယ်တုန်းက တရုတ်ကျောင်းမှာ နေခဲ့ဖူးတော့ တရုတ် ကလေး ဘာလေး နည်းနည်းပါးပါးလည်း တတ်ပါတယ်။

ကျောင်းတွေကို ပြည်သူပိုင် သိမ်းလိုက်တော့ ကျွန်တော်လည်း ကျော ကောင်းကောင်း မနေဖြစ်တော့ပါဘူး။ အဲဒီမှာ ဆိုင်တွေကို ကွာစေ့လိုက် သွင်းပေးရပါတယ်။ ကျွန်တော် လူပျိုပေါက်လောက်ရောက်တော့ ကျွန်တော် ဟောင်ကောင်ကို လိုက်သွားပါတယ်။ ကျွန်တော်တို့အမျိုးထဲက ဦးလေး ယောက် ဟောင်ကောင်ကို ထမင်းချက်အဖြစ် အလုပ်ရတော့ ကျွန်တော့် ခေါ်သွားပါတယ်။ ဒါနဲ့ ကျွန်တော် ဟောင်ကောင်မှာ သုံးနှစ်လော ဦးလေးနဲ့ လိုက်နေရပါတယ်။ နေရတာက သိပ်ဆင်းရဲတာကိုး ဆ ညမှာ ကောင်းကောင်းအိပ်စရာမရှိဘူး။ တခြားလူနဲ့ စပ်တူ အခန်းက ကလေးထဲမှာ နေရတယ်။ သူက ည အလုပ်ဆင်းရတယ်။ ကျွန်တော် တော့ ဦးလေးနဲ့လိုက်ပြီး ပျော်ပွဲစားရုံး စားဖိုချောင်မှာ တိုလီမိုလီအ လုပ်ရတယ်။ ပန်းကန်ဆေးတာတို့၊ အသားခုတ်တာတို့၊ ဟင်းသီးဟင်းရွ ဆေးတာတို့ စတဲ့ မီးဖိုချောင်အလုပ်ပေါ့ ဆရာ။ ကျွန်တော်က နေ့လယ် မှာ အလုပ်ဆင်းရတယ်။ ကျွန်တော်နဲ့အတူ အခန်းစပ်နေတဲ့ အခန်း





တော့ ညပိုင်းမှာ အလုပ်ဆင်းရတယ်။ ကျွန်တော်တို့ အခန်းကလေးဟာ တစ်ယောက်ခန်းကလေးဖြစ်ပေမယ့် နှစ်ယောက်တော့ နေလို့ ဖြစ်တာပေါ့။ ကျွန်တော် အလုပ်ဆင်းတဲ့ အချိန်မှာ သူ အိပ်တယ်။ သူအလုပ်ဆင်းတဲ့ ညပိုင်းကျတော့ ကျွန်တော်အိပ်တယ်။ အခန်းကို တစ်ယောက်တစ်လှည့်စီ အိပ်တာပေါ့။

ဟောင်ကောင်မှာ ကျွန်တော် သုံးနှစ်လောက်ကြာခဲ့တယ် ဆရာ။ အဲဒီတုန်းက မြန်မာပြည်က နိုင်ငံခြားတို့ ဘယ်တို့ကို ဘယ်သူမှ သွားပြီး အလုပ်မလုပ်ကြသေးဘူး။ ကျွန်တော်တို့ တရုတ်တွေပဲ သွားကြတာများတယ်။ ကျွန်တော်တို့ကတော့ အဆက်အသွယ်တွေ ရှိပြီးသားကိုး။ ကိုယ့်ဆွေမျိုး အားချင်းထဲက အဆက်အသွယ်တွေလည်း ရှိတယ်။ ကိုယ့်အပေါင်းအသင်း အသိမိတ်ဆွေတွေလည်း ရှိတတ်တယ်။ ဒါကြောင့် ကျွန်တော်တို့ပဲ အရောက် များကြတယ်။ နောက်ကျမှ မြန်မာတွေ ထွက်လုပ်ကြတာ။

အဲဒီတုန်းက လုပ်ခကတည်း သိပ်နည်းတယ်။ ပြီးတော့ နိုင်ငံခြား ငွေတို့ ဘာတို့ရှိပေမယ့် အဲဒီတုန်းကတော့ သင်္ဘောသားမှ ကားသွင်းခွင့် ရတော့ ကျွန်တော်တို့နိုင်ငံခြား ငွေလေးနည်းနည်းပါးပါး စုမိပေမယ့် ကား သွင်းခွင့်မရဘူး။ ကြံရာပစွည်းကလေးဝယ်သွင်းပြီး ပြန်လာရတာပဲ။ အဲဒီ တုန်းက ဒေါ်လာဈေးကလည်း ဒီလောက် မကောင်းသေးတော့ သိပ်မဟုတ် ဘူး ဆရာရယ်။

ဟောင်ကောင်မှာနေခဲ့လို့ အမြတ်ရတာ တစ်ခုတော့ ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ဗီဒီယိုကင်မရာတို့ ဘာတို့ကို ကျွန်တော် မြင်ခဲ့ဖူးတာပဲ။ တုန်းက မြန်မာပြည်မှာ ဗီဒီယိုတွေ ခေတ်မစားသေးဘူး။ ခေတ်မစား သေးဆို ဗီဒီယိုကင်မရာတွေတောင် ရောက်မလာသေးဘူး ထင်တယ်။ ကျွန်တော်ကတော့ သူငယ်ချင်းတစ်ယောက်နဲ့ ပတ်သက်ပြီး ရှော ရားသားက ရုပ်ရှင်ခြံထဲမှာ အလုပ်ရတယ်။ အလုပ်ကြမ်းသမားပါ။ ဆက်တင်တွေ ဘာတွေကို ဆောက်တဲ့နေရာမှာ လက်သမားဝင်လုပ်တာပါ။ ဦးလေး ထမင်းချက်က ဟောင်ကောင်မှာ သေသွားတယ် ဆရာ။ သူ သေသွားတော့ ကျွန်တော်လည်း ပျော်ပွဲစားရုံမှာ အလုပ်မရှိတော့ဘူး။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတစ်ယောက်နဲ့ ပတ်သက်ပြီး လက်သမားကလေး ဘာလေး လိုက်လုပ်ရင်း ရောဘာရားသားရုပ်ရှင်ခြံထဲမှာ လက်သမားအလုပ်ရတယ်။ ဒီတုန်းမှာ ရုပ်ရှင်ရိုက်တာတွေ ဘာတွေကို မြင်ဖူးလာတယ်။ အားရင် ကျွန်တော် ရုပ်ရှင်ရိုက်တာ သွားကြည့်တယ်။ ဗီဒီယိုရိုက်တာတို့ သွားကြည့်တယ်။ အဲဒီ ရုပ်ရှင်ခြံထဲမှာ ကျွန်တော် တစ်နှစ်နီးပါးလောက် အလုပ်လုပ်ခဲ့ဖူးတယ်။

ဒီပြန်ရောက်တော့ ကျွန်တော့်မှာ ဘာမှ အလုပ်မရှိဘူး။ ဒီတုန်းမှာ ဗီဒီယိုတွေ ခေတ်စားလာတယ်။ ဗီဒီယိုကင်မရာတွေ ပေါ်လာတယ်။ ကျွန်တော်က ဗီဒီယိုရိုက်တာကို စိတ်ဝင်စားတယ်။ နည်းနည်းပါးပါးလည်း မြင်ဖူးခဲ့တယ်။ ကျွန်တော်တို့ တရုတ်တန်းက တရုတ်သူဌေးတစ်ယောက်က ဗီဒီယိုကင်မရာစထောင်တော့ ကျွန်တော် ဝင်လုပ်တယ်။ အမယ်။ စိတ်ပါလို့လား မသိဘူး ဆရာ။ ကျွန်တော် ဘာမှ မသင်လိုက်ရဘူး။ ကောင်းကောင်းရိုက်တတ်သွားတယ်။ မင်္ဂလာဆောင်တို့၊ ညှော်ခံပွဲတို့၊ အလှူတို့မှာ ကျွန်တော် လိုက်ရိုက်တယ်။ အောင်မြင်တယ်။ နောက်တော့ ရန်ကုန်မှာတင် မကတော့ဘူး။ နယ်တွေကို လိုက်ရိုက်တယ်။ နယ်က မင်္ဂလာဆောင်တို့၊ အလှူတို့၊ ဘုရားပွဲတို့၊ ဘုန်းကြီးပွဲတို့ကို လိုက်ရိုက်တယ်။

ဒါပေမဲ့ သူ့ဆီမှာလုပ်ရတာ လုပ်ခက ပင်ပန်းတာနဲ့ မမျှဘူး။ အလုပ်က သိပ်ပင်ပန်းတယ်။ ပင်ပန်းဆို ဆရာပဲ စဉ်းစားကြည့်လေ။ တစ်ခါတလေမှာ နယ်က ဘုန်းကြီးပျံပွဲတို့၊ အလှူတို့ကို လိုက်ရိုက်ရတာ သိပ်ပင်ပန်းတာပဲ။ သွားလိုက်ရတာလည်း တချို့နေရာတွေဆိုရင် တောကြီးခေါင်ခေါင်ထဲထိအောင် သွားရတာ။

မှတ်မိသေးတယ် ဆရာ။ နယ်က ဘုန်းကြီးပျံတစ်ခုကို လိုက်ရိုက်ရတယ်။ မြန်မာပြည်အထက်ပိုင်း တော်တော်ချောင်ကျတဲ့ မြို့နယ်တစ်မြို့က ရွာတစ်ရွာကို လိုက်ရိုက်ရတာ။ ရန်ကုန်ကနေ မီးရထားနဲ့သွား၊ ပြီးတော့ မော်တော်စီး၊ ပြီးတော့ ဘတ်စ်ကားစီး၊ ပြီးတော့ လှည်းစီး၊ ယာဉ်လေးမျိုးလောက်ပြောင်းစီးမှ ရောက်တဲ့နေရာမျိုး။ အဲဒီမှာ ဘုန်းကြီးပျံမှာ တစ်ရွာနဲ့တစ်ရွာ ငယ်ကျူးကြတယ်။ တစ်ရွာနဲ့တစ်ရွာ သူကအရင် အလှည့်ကျတယ်။ ငါကအရင်





အလှည့်ကျတယ်ဆိုပြီး ငြင်းကြခုံကြရင်း တစ်ရွာနဲ့တစ်ရွာ ရိုက်ပွဲဖြစ်တယ်။ ကျွန်တော်တို့က စက်အဖွဲ့နဲ့ဆိုတော့ ငယ်ကျူးတဲ့ နေရာနားမှာ ရောက်နေတယ်။ ရွာသားတွေက အရက်တွေလည်းမူးနေတော့ မည်းမည်းမြင်သမျှ လိုက်ရိုက်လို့ ပြေးလိုက်ရတာ ဆရာရယ်။ မော်နီတာပြတဲ့ စက်တစ်လုံး ကျိုးစုတ်ခဲ့တယ်။ ကျွန်တော်တို့လည်း ပိုက်ဆံ အကျေမရခဲ့ဘူး။ ငှားတုန်းကတော့ ဟိုဘက်ရွာကရော သည်ဘက်ရွာကရော ကော်မတီ လူကြီးအစုံနဲ့ ငှားကြတာပဲ။ ဒါပေမဲ့ သူတို့ချင်း စကားများနေတော့ ကျွန်တော်တို့ ငွေကို သူက မပေးနိုင်ဘူး။ ငါက မပေးနိုင်ဘူးဆိုပြီး အငြင်းပွားနေကြတယ်။ ... ကျွန်တော်တို့က ဆိုင်ရာလူကြီးတွေကိုတိုင်တော့ သူတို့က ဆိုင်ရာ ... ရုံးက တရားစွဲပြီး တောင်းယူလို့ ပြောလိုက်ကြတယ်။ ကျွန်တော်တို့လည်း မတောင်းတော့ပါဘူး ဆရာရယ်။ ဘယ့်နယ် သူတို့မြို့နယ်ကို သွားပြီး တရားစွဲရ၊ ရှေ့နေငှားရ၊ အမှုဆိုင်ရနဲ့ဆိုတော့ စရိတ်လည်း ... တယ်။ အလုပ်လည်း ပျက်တယ်။ ဒါနဲ့ ဒီအတိုင်း အဆုံးခံလိုက်ကြတယ်။ စက်တစ်လုံးလည်းဆုံး၊ ငှားခလည်း အကျေမရနဲ့ ဒီလိုနဲ့ပဲ စခန်း ... လိုက်ရတယ်။

နောက်တော့ ကျွန်တော့်ကိုယ်ပိုင် ဗီဒီယိုစက်တစ်လုံး ဝယ်တယ် ဆရာ။ ... တော်က ရန်ကုန်မှာလည်း ဗီဒီယိုတွေ တော်တော် ခေတ်စားလာပြီ။ ... ယိုကားတွေလည်း တော်တော်လေး ခေတ်စားလာပြီးတဲ့အချိန်ပေါ့။ ... တော်က အဖေ့ကို ပူဆာတယ်။ အဖေကလည်း ကျွန်တော် စီးပွားရေး ... နေတာကို သဘောကျတယ်။ အဖေက ကျွန်တော်တို့ကို ငယ်ငယ်ကလေး ... ည်းက စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်တာ သဘောကျတာကိုး ဆရာ။ ... တ်သွေးပေါ့ ဆရာရယ်။ ခု ကျွန်တော် ခေါင်းဆောင်ပြီး ဗီဒီယို ကင်မရာ ... လိုက်ရိုက်နေတာမြင်တော့ သူလည်း ကျွန်တော့်ကို ယုံကြည်လာပြီး ... ယိုစက်တစ်လုံး ဝယ်ပေးတယ်။ ကျွန်တော်ကလည်း ခြေလှမ်းနည်းနည်း ... လာတယ်။ ခါတိုင်းလို မင်္ဂလာဆောင်တို့၊ အလှူတို့၊ ဘုန်းကြီးပျံတို့ ... ဘာတို့ကို လိုက်မရိုက်ချင်တော့ဘူး။ တကယ့် ပွဲကြီးလမ်းကြီးမျိုး ... မှ ... တ် ဗီဒီယိုဇာတ်ကားမျိုးတွေကို ရိုက်ချင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတင် ကျွန်တော့် သူငယ်ချင်းတစ်ယောက်နဲ့ ပတ်သက်ပြီး ပရိဂျူဆာ တစ်ယောက်နဲ့ ဆက်သွယ်မိတယ်။ ကျွန်တော့်မှာ ရှောဘရားသားခြမ်ာ လက်သမားလုပ်ခဲ့ဖူးတဲ့ အတွေ့အကြုံကလေးကလည်း ရှိနေတော့ ရုပ်ရှင် ရိုက်တာ၊ ဗီဒီယိုရိုက်တာဟာ ကျွန်တော့်အဖို့ နယ်စိမ်းမဟုတ်တော့ဘူးလေ လိုချင်တာကို ချက်ချင်း သိလိုက်တယ်။ သူလိုချင်တဲ့ ရိုက်ကွက်မျိုးကို ရအောင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားရိုက်ပေးတယ်။ တချို့ စက်အဖွဲ့တွေ ကျတော့ ဒီလို မဟုတ်ဘူးလေ။ အတွေ့အကြုံမရှိတော့ ဒါရိုက်တာပြောတဲ့ စကားကို နားမလည်ဘဲ ဖြစ်နေတယ်။

ဒီလိုနဲ့ ကျွန်တော် စက်အဖွဲ့နဲ့ ပွဲဦးထွက်တဲ့ ဗီဒီယိုကားဟာ အထိုက် အလျောက် အောင်မြင်သွားတယ် ဆရာ။ ကျွန်တော့် ညီကလေးတွေကလည်း ဝါသနာပါလာပြီး ဒီလုပ်ငန်းကို ကျွန်တော်တို့ မိသားစုရဲ့ စီးပွားရေး လုပ်ငန်းတစ်ခုလို ဖြစ်လာတယ်။ အပြင်လူရယ်လို့ သိပ်မရှိတော့ဘဲ ကျွန်တော် တို့ ညီအစ်ကိုတွေချင်းပဲကိုး။ ကျွန်တော်က ရှောဘရားသားကို အားကျ ပြီး ကျွန်တော့်ဗီဒီယိုရိုက်ကူးတဲ့ စက်အဖွဲ့ကိုလည်း အောင်ဘရားသား ဗီဒီယို လို့ နာမည်ပေးလိုက်တယ်။

ကျွန်တော်တို့ ဗီဒီယိုစရိုက်ကြတုန်းက အစိုးရကလည်း ကန့်သတ်ချက် တွေ ဘာတွေ မရှိသေးဘူး ဆရာ။ အဲဒီတုန်းကတော့ သိုက်သမိုင်းတို့ နတ်ကားတို့ ရိုက်တာပေါ့ ဆရာ။ ပရိဂျူဆာတွေလည်း မြတ်လိုက်ကြတာ ဘာပြောကောင်းမလဲ။ တစ်ကားတစ်ကားကို ၇-ရက်၊ အများဆုံး ၁၀- ရက်နဲ့ အပြီးရိုက်၊ နယ်ပို့။ နယ်တွေမှာလည်း နတ်ကားတို့ သိုက်သမိုင်း တို့ဆိုတော့ ဟုတ်တာ မဟုတ်တာ၊ ယုတ္တိရှိတာ မရှိတာ အပထား၊ ကြည့် ကြတာပဲ။

တစ်ခါတုန်းကတော့ ကျွန်တော်တို့စက်အဖွဲ့ အညာကို လိုက်သွားတယ် တစ်လနီးပါး ကြာတယ်။ ကားကလည်း လေးကားလောက်ပြီးလာခဲ့တယ် မင်းသမီးမင်းသားက သုံးတွဲပါတယ်။ တစ်စုံတွဲက ဇာတ်လိုက် မင်းသား မင်းသမီး မအားရင် နောက်တစ်ကားရိုက်၊ မင်းသား မင်းသမီးအား နားရတယ်။ ကျွန်တော်တို့အဖွဲ့ကတော့ သုံးတွဲလုံးနဲ့ လေးကားပြီးအောင်





နေရတော့ နားရတယ်လို့ကို မရှိဘူး။

ဒါရိုက်တာတွေကလည်း လူငယ်တွေ မဟုတ်လား ဆရာ။ ဒီတော့ တို့ကလည်း အပင်ပန်းခံနိုင်တယ်။ ကျွန်တော်တို့ကလည်း အပင်ပန်းခံ နိုင်တယ်။

နောက်ပိုင်းမှာတော့ ဖလင်တွေ ဈေးကြီးတာနဲ့ ဆရာသိတဲ့အတိုင်း တွေလည်း ဗီဒီယိုကို ဆင်းလာကြတယ်။ ဗီဒီယို မရိုက်ချင်ဘူးဆိုတဲ့ တွေတောင် မနေနိုင်တော့ဘူးလေ။ ကြေးကလည်း ရုပ်ရှင်သရုပ်ဆောင် အတိုင်း ပေးထားတယ်။ စက်ကလည်း မြန်မြန်နဲ့ ပြတ်တယ်။ ဖလင် ရတာတို့ ဘာတို့လည်း မရှိဘူးဆိုတော့ ဗီဒီယိုဟာ ခေတ်စားလာတာ. ဒီမှာတင် ကျွန်တော်တို့ အောင်ဘရားသား ဗီဒီယိုဟာ နာမည်ထွက်လာ တယ်။ ကောင်လေးတွေ ဆက်ဆံရေး ကောင်းတယ်။ စိတ်ရှည်တယ်။ လုပ်ငန်း အကြောင်းကို ကောင်းကောင်းနားလည်တယ်ဆိုတဲ့ အသံတွေ ရုပ်ရှင်လောက ထွက်လာတယ်။ ဒီတင် ကျွန်တော်တို့စက်ကိုပဲ အလုအယက် ငှားကြ တာပဲ။ နောက်တော့ ကျွန်တော်တို့ နောက်ထပ် ဗီဒီယိုကင်မရာ ထပ်ဝယ်တယ်။

ကားကြီးရိုက်တဲ့ ဒါရိုက်တာတွေလည်း နောက်တော့ ဗီဒီယိုကို ဆင်း ကြတယ်။ ကားကြီးရိုက်ဖို့ဆိုတာ ဖလင်က ခက်တယ် မဟုတ်လား။ တော့ ဗီဒီယိုကိုပဲ ဝင်ရတာပေါ့။ ဆရာကြီး ဦးသုခတို့တောင် ရုပ်မြင်သံ အတွက် "ရဟန်းစားသော ဆွမ်းတစ်နပ်"တို့လို ဇာတ်ကားမျိုးကို နဲ့ ရိုက်ပြတယ်ဆိုတော့ ကျန်တဲ့ ဒါရိုက်တာတွေလည်း ဗီဒီယိုကို ဆင်းလာကြတယ်။ အဲဒီထဲမှာ ဒါရိုက်တာပေါက်စတွေရော၊ ဒါရိုက်တာ လတ်ပိုင်းတွေရော၊ လူကြီးပိုင်းတွေရော ပါတယ်။

အဲ ... ကျွန်တော် ကြားဖူးသလောက် ဦးသုခတို့၊ ဆရာ ရွှေဒုံးဘီ ဆင်တို့၊ ဆရာဦးချစ်ခင်တို့ဆိုတဲ့ ဆရာကြီးတွေဟာ ကားရိုက်ရာမှာ တန် စေ့စပ်သေချာတယ်။ အင်မတန်လည်း ဇီဇာကြောင်ကြတယ်လို့ ဖူးတယ်။ တော်တော်ရိုက်ကွင်းကို စိတ်တိုင်းမကျရင်၊ တော်တော့် သရုပ် ဆောင်ချက်ကို စိတ်တိုင်းမကျရင် တစ်နေ့လုံး ရိုက်ချင်မှ ရိုက်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရှုတင်ဖြုတ်လွှတ်ချင် ဖြုတ်ပစ်လိုက်တယ်တဲ့။ နောက်ပိုင်းကျတော့ မင်းသား
ကနေ ရုပ်ရှင်ဒါရိုက်တာ ဝင်လုပ်ကြတဲ့ ဦးဝင်းဦးတို့၊ ဦးမြတ်လေးတို့လည်း
ဆရာကြီးတွေလိုပဲ ဇီဇာကြောင်တယ်တဲ့။ ဇီဇာကြောင်တယ်ဆိုတာ ဘာ
မလဲ ဆရာ။ ချေးများတာကို ပြောတာပါ။ စိတ်တိုင်းမကျရင် ဘာမှ မရိုက်
ဘူး။ စိတ်တိုင်းကျပြီဆိုရင် ထမင်းမစား၊ ဟင်းမစား ရိုက်ပစ်တာမျိုး
ပြောတာပါ။

ကျွန်တော် ဗီဒီယို ဒါရိုက်တာတော်တော်များများနဲ့ လိုက်ဖူးပါတယ်။
မင်းသားမင်းသမီး တော်တော်များများနဲ့လည်း လိုက်ဖူးပါတယ်။ ကျွန်တော်
နဲ့ အအဆင်မပြေတဲ့ ဒါရိုက်တာ၊ အဆင်မပြေတဲ့ မင်းသားမင်းသမီးရယ်
လို့ မရှိပါဘူးဆရာ။ ရုပ်ရှင်လောက၊ ဗီဒီယိုလောကဆိုတာ ကျဉ်းကျဉ်းက
ပဲ ဆရာရယ်။ ဘယ်လောက်များတာမှတ်လို့။ ဒီလောကထဲမှာ ကိုယ့်အလုပ်
ကို မှန်မှန်ကန်ကန် လုပ်သွားကြရင် ဘာမတည့်စရာ၊ ဘာအဆင်မပြေစရာ
ရှိသလဲ။ ကျွန်တော်ဆိုရင် ဒါရိုက်တာပေါင်းစုံပြီ။ မင်းသား၊ မင်းသမီး
ပေါင်းစုံသလောက်ရှိပြီ။ အဆင်မပြေဖြစ်တာဆိုလို့ တစ်ခါမှ မရှိခဲ့သေးဘူး။
ဒါရိုက်တာတွေမှာ တစ်ယောက်တစ်မျိုးစီ စရိုက်ကလေးတွေတော့ ရှိတာ
ပေါ့ ဆရာ။ ဒါလည်းပဲ လုပ်ငန်းနဲ့ပတ်သက်တဲ့ ကိစ္စကလေးတွေပါ။ ကိုယ်
အခကြေးငွေ တန်ရာတန်ကြေးကို ယူထားတော့ သူ ကျေနပ်အောင် လုပ်ပေး
ရမှာပေါ့။ ပြီးတော့ အဲဒီ ဒါရိုက်တာတွေကလည်း ရုပ်ရှင်ပညာ၊ ကားရိုက်
ကားဆက်ပညာမှာ ကျွန်တော်တို့ထက် အများကြီး နားလည်တဲ့ ပုဂ္ဂိုလ်တွေ
မဟုတ်လား။ ဒီတော့ သူတို့ဇီဇာကြောင်လေ ကျွန်တော်တို့မှာလည်း ပညာ
ရလေပါ။

တခြားမကြည့်နဲ့လေ။ ခု ကျွန်တော်တို့ ဒါရိုက်တာ ဦးဇီဇဝါကို
ကြည့်။ သူ ရုပ်ရှင်မင်းသားကလာတဲ့ ဒါရိုက်တာကြီး။ ဒီတော့ သူချေးများ
တယ်။ ဗီဒီယိုရိုက်ပေမယ့် သူက ရုပ်ရှင်ကားကြီးတစ်ကားရိုက်သလို အချိန်
အနက် ရိုက်နေတာ။ ပြီးစလွယ်၊ ပေါ့တီးပေါ့ဆ ဘယ်တော့မှ မလုပ်ဘူး။
ထရော်လီရှော့ ရိုက်ချင်ရင် ဗီဒီယိုကင်မရာကို လက်တွန်းလှည်းပေါ်တင်ပြီး
ရိုက်တယ်။ လက်တွန်းလှည်းတောင်မှ မြေကြီးပေါ်မှာ လိမ့်တဲ့ လက်တွန်း





...မျိုး မဟုတ်ဘူးဆရာ။ ထရော်လီသံလမ်းလို ဆွဲလို့ရအောင် သံလမ်းကို
...ကြောင်းလမ်း သတ်သတ် လုပ်ပေးရသေးတယ်။ လမ်းပေါ်မှာ တွန်းလာ
...ရိုက်ရင် ချိုင့်တွေ ကျင်းတွေထဲကျပြီး ကင်မရာလှုပ်မှာစိုးလို့တဲ့။ သူ
...တာလည်း ဟုတ်တယ် ဆရာ။ ထရော်လီရှော့ ရိုက်ချင်ရင် ဆိုက်ကား
...တင်ရိုက်ရတာပဲ။ ဒါပေမဲ့ အညာက လမ်းတွေက ကတ္တရာစေးလို
...ပြေနေတဲ့ လမ်းတွေ မဟုတ်ဘူး ဆရာ။ ကျောက်လမ်းတွေ။ ဒီတော့
...ကျောက်လမ်းပေါ်ကထိုင်ပြီး ကင်မရာရိုက်လာရင် အဲဒီကင်မရာ လှုပ်နေမှာ
...ဒါကြောင့် သူက ထရော်လီတွန်းနိုင်အောင် မျှော့ကြောင်းလမ်းသတ်
...တ် လုပ်ခိုင်းတယ်။ အဲဒီလမ်း ထရော်လီလမ်း ပေါင်ကြီးကို ကားပေါ်တင်
...ပြီး ထန်းတောထဲမှာ ရိုက်တယ်။ ထန်းတောထဲမှာ ကောင်လေးနဲ့
...ကောင်မလေး ပြေးကြတဲ့ အခန်း။ ဒါကို ယာခင်းထဲက ထရော်လီရှော့
...အောင် ရိုက်ယူတယ်။ ဒီတော့ ရိုက်ချက်က မကောင်းဘဲ ဘယ်နေပါ
...မလဲ ဆရာ။

နေ့လယ်ကဆိုရင် ဖားလိုက်တာ မပြောပါနဲ့ ဆရာရယ်။ နေ့လယ်က
...ကွက်က လဗ်ဆင်း ဆရာ။ ကောင်လေးနဲ့ကောင်မလေး အမိုးလုန်
...တဲ့ မြင်းရထားကလေးပေါ်မှာ အတူစီးလာကြတယ်။ ကောင်လေးက
...လှည်းမောင်းလိုက်၊ ကောင်မလေးက သူ့ဘေးမှာထိုင်ရင်း မြူးလာကြ
...ကလေးပေါ့ ဆရာ။ ဒါကို သူက ဘေးကနေကပ်ပြီး ရိုက်ချင်တယ်။
...ဘေး သစ်ပင်တွေကြားက နေရောင် ပြောက်တိပြောက်ကျားကျလို့
...နေရောင် ပြောက်တိပြောကျားထဲမှာ မြင်းလှည်းကလေးက တစ်ခွပ်ခွပ်
...ပါ့လေ။ ကောင်မလေးနဲ့ ကောင်လေးမျက်နှာ သစ်ရိပ်တွေအောက်
...ကိသွားလိုက်၊ ပြန်ပေါ်လာလိုက်၊ အဲဒီမြင်ကွင်းကိုရအောင် ရိုက်ရမှာ။
...တော့ ကျွန်တော်က ကားနဲ့ လိုက်ရိုက်ရမယ်။ ကားကို မြင်းလှည်းနဲ့
...ပြိုင်အတူတူမောင်းမှ ဖြစ်မယ်။ ဒါရိုက်တာကလည်း တော်ရမယ်။ မြင်း
...လှည်းထက်ပိုပြီးမြန်နေရင်၊ ဒါမှမဟုတ် နှေးနေရင် တိုင်ပင်မကိုက်ဘူး။
...လှည်းနဲ့ ကားနဲ့ အပြေးဟာ မြန်နှုန်း ညီနေရမယ်။ ဒါမှ ရိုက်လို့
...ရမယ်။ ဒီတော့ ကျွန်တော် ကားခေါင်မိုးပေါ်တက်ရတယ်။ ခါးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုးချည်ထားရသေးတယ်။ မတော်တဆ လိမ့်ကျမှာစိုးလို့။ အဲဒီအကွက်
ရိုက်တာ တစ်နေကုန်တာပဲ ဆရာရယ်။ မင်းသား၊ မင်းသမီးရော၊ ဒါရို
တာရော၊ ကျွန်တော်ရော၊ ရထားဆွဲတဲ့ မြင်းရော၊ ကားမောင်းတဲ့ ဒရိုင်
ရော ဖလက်ပြနေတာပဲ။

အရေးထဲ မင်းသားက မြင်းလှည်းမမောင်းတတ်လို့ ဒါရိုက်
ကိုယ်တိုင် မြင်းလှည်း လိုက်မောင်းပြရသေးတယ်။ ဒါရိုက်တာက မြင်း
ကို ဆွဲတာကအစ သင်တယ်။ ဟော့ကောင်၊ မင်းမြင်းဇက်ကိုဆွဲပုံက မြ
ဇက်ဆွဲပုံနဲ့ မတူဘူးကွ။ နွားသတ်တာနဲ့ တူနေတယ်တဲ့။ မြင်းဇက်ဆွဲ
ကောင်မလေးနဲ့ နှစ်ယောက်အတူ လျှောက်လည်ရင်း မြင်းလှည်းမောင်း
ဆိုတာ လွှန်ဆွဲတာ မဟုတ်ဘူးကွတဲ့။ မင်းပုံစံက ကောင်မလေးနဲ့ မြင်းလှ
လျှောက်စီးပုံမျိုးနဲ့မတူဘဲ ကြိုးပေးသတ်နေတဲ့ ဒေါက်ဖြုတ်သမားနဲ့ တူ
တယ်တဲ့။ မင်းသားက ရုပ်မင်းသားပဲဆရာ။ ဒါပေမဲ့ ဆူလိုက်တာ ဘာ
ကောင်းမလဲ ဆရာရယ်။ မင်းသမီးလည်း အော်လိုက် ငေါက်လိုက်
မပြောပါနဲ့တော့။ ဒါပေမဲ့ သူတို့က သည်းခံတယ် ဆရာ။ ကြောက်လည်း
ကြောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာဇီဇဝါက သူကိုယ်တိုင်လည်း
အပင်ပန်းခံတယ်။ သူ့ကားကိုလည်း ကောင်းအောင်လည်း ကြိုးစား
ရိုက်တယ်။ ဒါကို သူတို့ သိနေကြတာကိုး။ သူတို့တင်မကဘူး။ ကျွန်တော
တို့ဆိုတာလည်း သူ့မျက်နှာကိုပဲ ကြည့်နေရတာ။ ကင်မရာကို သူပြော
နေရာက မရရင် ဆဲတော့တာပဲ။ မအေ ........ တွေတဲ့။ မင်းတို့ကော
တွေ ဗီဒီယိုဇာတ်ကား ရိုက်စားဖို့ မကောင်းဘူးတဲ့။ အသုဘကို လိုက်
ဖို့ပဲ ကောင်းတဲ့ကောင်မျိုးတွေတဲ့။

ရိုက်ကွင်းက ပြန်လာရင် ဆရာဇီဇဝါ အရက်တစ်ခွက် တစ်ဖ
သောက်တယ်။ ဒီလောက်ပဲ သောက်တယ်။ သောက်ရင်း သူ မော်နီတ
ကြည့်တော့တာပဲ။ မော်နီတာကို ကိုယ်တိုင် ကြည့်ရုံတင် မကဘူး။ မင်းသာ
မင်းသမီးနဲ့ အဲဒီအခန်းမှာပါတဲ့ ဇာတ်ဆောင်၊ ဇာတ်ရံ မှန်သမျှကို အကြ
ခိုင်းတာပဲ။ ကျွန်တော်တို့ကိုလည်း အကြည့်ခိုင်းတယ်။ ဇာတ်လိုက် မင်းသာ
မင်းသမီးလိုတာတွေ့ရင် ဘယ်နေရာမှာ ဘာအက်တင် များနေတယ်။ ဘ





ရာမှာ အက်တင် လျော့နေတယ်။ ဘယ်နေရာမှာ စကားပြောတာက
များနေတယ်။ ဘယ်နေရာမှာ သူသင်ပေးထားတဲ့အတိုင်း ဇာတ်ညွှန်း
ဘာ စကားလုံးကို မပြောဘဲ သူထင်ရာတွေကို ပြောတယ် စသဖြင့်
တော့တာပဲ။ ဆရာဇီဇဝါက ဇာတ်ညွှန်းကို အသေအချာရိုက်တယ်။ ဒိုင်ယာ
ဆိုရင်လည်း ကြိုတင်ပြင်ဆင်ဇာတ်တိုက်ပြီးမှ ရေးရိုက်တယ်။ သူ သင်ပေး
တဲ့အပြောမှ။ ဇာတ်လိုက် မင်းသား မင်းသမီး အာတွေ့သလို လျှောက်
သွားတာမျိုးကို သူ လက်မခံဘူး။ အဲဒီနေ့က ရိုက်တာတွေ အားလုံးကို
နီတာကြည့်၊ လိုရင် သွန်သင်၊ မကောင်းရင် နောက်တစ်နေ့မှာ ပြန်ရိုက်
ပဲ၊ ညဆိုရင်လည်း နားမနေဘူး။ နှစ်ဂျူတီပေးပြီး ညပိုင်းရိုက်တာပဲ။
ဘလေ မိုးထိန်ထိန်လင်းသွားတာမျိုးတွေလည်း ကြုံဖူးတယ် ဆရာ
။ စက်သမား တစ်ယောက်အနေနဲ့ အတွေ့အကြုံကတော့ အများကြီး
ကျွန်တော် ဝတ္ထုရေးတတ်ရင် ဒီအကြောင်းကို ဝတ္ထုရေးလိုက်ချင်တယ်။
အထဲမှာ ဇာတ်လိုက် မင်းသား၊ မင်းသမီးတွေ၊ ဒါရိုက်တာတွေက
ဉ်ရံလိုဖြစ်ပါမယ်။

ဇာတ်လိုက်လား။ ဇာတ်လိုက်ကတော့ ဟဲဟဲ ကျွန်တော်ပေါ့ ဆရာရဲ့။
ရေးတဲ့ဝတ္ထု၊ ကိုယ်ရိုက်တဲ့ဇာတ်လမ်းမှာ ကိုယ်ပဲ ဇာတ်ဆောင် ဖြစ်ရမှာ
ခင်ဗျာ။ ကျွန်တော့်မှာလည်း ဇာတ်လမ်းကလေးတွေ ရှိခဲ့ဖူးတာပေါ့
ရယ်။

ကျွန်တော့်ဇာတ်လမ်းမှာ မင်းသမီးက တကယ့် ဇာတ်လိုက်မင်းသမီး
လေးတစ်ယောက် ဆရာရဲ့။ တကယ်သစ်စ မင်းသမီးကလေး တစ်ယောက်
ပဲတော့။ သူနဲ့ကျွန်တော်နဲ့ တွေ့ကြပုံကလည်း ဒီလို ကားရိုက်ရင်း
ကြတာပဲ။ သူက မင်းသမီးဆိုပြီး မာနကြီးတယ်။ ကျွန်တော်ကလည်း
အဖွဲ့ခေါင်းဆောင်ဆိုပြီး မာနကြီးတယ်။ သူက သူ့ကိုယ်သူ ရုပ်ရှင်
နားလည်တယ်လို့ ထင်တယ်။ ကျွန်တော်ကလည်း သူတို့လို ပေါက်စ
းတွေ ရုပ်ရှင်ပညာကို ဘာမှ နားလည်တာမဟုတ်ဘူးလို့ အထင်သေး
။ ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် ...

ဟော ... ဆရာရေ။ ဒါရိုက်တာက မော်နီတာ ကြည့်ချင်ပြီတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေပြီ။ မော်နီတာ သွားပြရဦးမယ်။ ကျွန်တော်တို့နှစ်ယောက်ရဲ့ ဓာတ်
ကိုတော့ နောက်မှပြောမယ်ပေါ့ ဆရာ ...”

(ကလျာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၉

* * *

# ပန်းထိုးရတာ လက်နာတယ်

www.burmeseclassic.com

www.burmeseclassic.com

# ပန်းထိုးရတာ လက်နာတယ်

သူ့ကို ကျွန်တော်တို့ မွေးချင်းများနှင့် အခြားအခြားသော ဝမ်း ညီအစ်ကို မောင်နှမများ အားလုံးက မမကြီးဟု ခေါ်ကြသည်။ မမကြီးဟု ကျွန်တော်တို့က ခေါ်သော်လည်း အသက်ကမူ ကျွန်တော်တို့ထက် များ ကြီးပါသည်။ ကျွန်တော့်အမေထက်ငယ်လျှင် လေးငါးနှစ်သာ ငယ်လိမ့် ထင်သည်။ တကယ်ဆိုလျှင် သူ့အရွယ်သည် တောတွင်ဆိုလျှင် အရီး ခေါ်ရမည့်အရွယ်၊ မြို့မှာဆိုလျှင် ဒေါ်လေးခေါ်ရမည့်အရွယ်၊ အန်တီခေါ်ရ အရွယ်။ သူနှင့် ကျွန်တော်ဆိုလျှင် အသက်နှစ်ဆယ်လောက် အနည်း ကွာသည်။ သို့ရာတွင် ကျွန်တော်တို့က မမကြီးပင် ခေါ်ခဲ့ကြသည်။

အကြောင်းမသိသူများက သူ့ကို ကျွန်တော်တို့အဖေ၏ ညီမ၊ မဟုတ် အမေ၏ ညီမဝမ်းကွဲဟု ထင်ခဲ့ကြသည်။ ထို့ကြောင့် ကျွန်တော် က မမကြီးဟု ခေါ်သည့်အခါတွင် အံ့အားသင့်နေကြသည်။ သူတို့ အံ့ သင့်သည်ကို အပြစ်မဆိုသာ။ ကျွန်တော့်အသက် ငါးဆယ်ကျော်လော တွင် သူက အသက် ၇၀ ကျော်နေလေပြီ။ ငယ်စဉ်ကမူ ကွာခြားချက်





ထက်ပင် သိသာထင်ရှားသေးသည်။ ကျွန်တော် ဆယ်နှစ်လောက်တွင် အသက်သုံးဆယ်လောက် ရှိနေပေပြီ။ ကျွန်တော့်ညီများ၊ ညီမများနှင့် လွန်စွာ ကွာခြားနေလေသည်။

သို့ရာတွင် ကျွန်တော်တို့အားလုံးက သူ့ကို မမကြီးဟုသာ ခေါ်ခဲ့ ကြသည်။ မိထွေး၊ မိကြီး၊ အရီးလေး၊ အရီးကြီး စသည်ဖြင့် မတော်စပ်ဘဲ အစ်ကို မောင်နှမတော်စပ်နေပေသည်ကိုး။

သူသည် ကျွန်တော့်အမေ၏ အကြီးဆုံးအစ်ကို တစ်ဝမ်းကွဲမှ မွေးသော ဦးတည်းသော သမီးဖြစ်သည်။ သူ့အဖေရော၊ သူ့အမေရော နှစ်ဦး က ရုပ်ချောသူများ ဖြစ်သဖြင့် သူ့ကျတော့လည်း ရုပ်ချောပါသည်။ ငယ်ငယ် အသက်သုံးဆယ်လောက်မှာ သူ့ကို ကျွန်တော် စတွေ့ဖူးခြင်း သည်။ ကျွန်တော်သည် ကျွန်တော့် မမကြီးချောပုံကိုကြည့်၍ အံ့အား သင့်နေသည်။ ထိုစဉ်က သူက အသက် ၃၀ လောက်။ ကျွန်တော်က ၁၀ သား။

အဖေကလည်း အသားဖြူဖြူ၊ အမေကလည်း အသားဖြူသဖြင့် မမကြီး ၏ အရပ်အမောင်းကလည်း သေးသေးသွယ်သွယ်၊ မနိမ့်မမြင့်ဖြစ်၍ ကြည့်ကောင်းသည်။ ခေါင်းလျှော်သောနေ့များတွင် မမကြီး၏ နက်မှောင် သော ဆံပင်များသည် တံကောက်ကွေးအောက် ခြေသလုံးပေါ်အထိ ပျံ့ဝဲ ကြသည်။ ထိုနေ့များတွင် တရော်နံ့၊ ကင်ပွန်းသီးနံ့၊ ခေါင်းတံဆိပ် ခေါင်းလိမ်းဆီနံ့တို့သည် သူ့အနီးမှာ အမြဲသင်းပျံ့ ရစ်ဝဲနေတတ်သည်။ မကြီးသည် တစ်ပတ်လျှင် တစ်ခါတော့ အမြဲ ခေါင်းလျှော်သည်။ ထိုစဉ် တည်းက မမကြီးသည် ကြိုးသေးဇာဘော်လီနှင့် ဝိုင်ရှုံသားအင်္ကျီကို အမြဲ ဝတ်တတ်သည်။ သူစီးသည့် ဖိနပ်ကလည်း တစ်ခါတစ်ရံ မန္တလေးပုံတော် နပ်၊ တစ်ခါတစ်ရံတွင် မော်လမြိုင် ရွှေထိုးဖိနပ်ဖြစ်သည်။ မန္တလေး တော်ဖိနပ်ကို စီးသည့်အခါမျိုးတွင် နီရဲသေးသွယ်သော သူ့ခြေဖျားကလေး များသည် ကြာဖူးပုံ ဦးချွန်းကလေးထဲတွင် စုဝင် ပျောက်ကွယ်သွားကာ နှင်းဖူးပုံကလေး ဖြစ်နေသည်။

မမကြီးသည် တစ်ဦးတည်းသောသမီးမို့ ဖခင်ကလည်း ချစ်သူ။ မိခင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဘာမျှ မလုပ်ရ။ ကျွန်တော်တို့ လူမှန်းသိသည့်အခါတွင် မမကြီးမှာ အမေ့ ... တော့။ မိထွေးနှင့် နေရသည်။ သူ့အဖေက သူ့ကို မိတဆိုးသမီးလေး ... အလိုလိုက်သည်။ မိထွေးနှင့် နေရသဖြင့် သူ့ကို စောစောစီးစီး အိမ်ထောင် ... ပေးလိုက်သည်။ သူသည် အိမ်ထောင်ရေးကံ မကောင်းပါ။ သူ့ခင်ပွန်း ... လေးငါးလသာ ပေါင်းလိုက်ရပြီး ခင်ပွန်းဆုံးသွားသဖြင့် ငယ်ငယ်ရွယ်ရွယ် ... မုဆိုးမဖြစ်ခဲ့ရပါသည်။ ခင်ပွန်း ဆုံးသွားသဖြင့် သူ့အဖေထံ ပြန်လာ ... သည်။

ထိုအချိန်မှာ ဒုတိယကမ္ဘာစစ်မဖြစ်ခင်အချိန် ဖြစ်သည်။ ကျွန်တော် ... သိသော မမကြီး၏ ဇာတ်လမ်းမှာလည်း ထိုမျှသာ ဖြစ်လေသည်။

တစ်ခုတော့ ကျွန်တော် မှတ်မိသည်။

မမကြီးသည် ဖခင်အိမ်သို့ ပြန်ရောက်သည့်အခါတွင် မိထွေး ... ကောင်းကောင်းအဆင်ပြေပုံ မရ။ မနက်စာ စားသောက်ပြီးသည်နှင့် မမကြီး ... သည် ရေမိုးချိုး အဝတ်အစားလဲကာ ကျွန်တော်တို့အိမ်သို့ တစ်နေကုန် ... လာနေတတ်ပြီး ညနေမိုးချုပ်မှ ပြန်သွားတတ်သည်။

မနက် ၁၀ နာရီကျော်လောက်ဆိုလျှင် မမကြီးသည် ပုသိမ်ထီးက ... ဆောင်းကာ ရှုံသားအင်္ကျီ၊ တူတယ်လုံချည်ကလေးကိုဝတ်ပြီး လက်ကိုင်ပု ... ကလေးကို ခါးကြားတွင် ညှပ်ထားသည် ကျွန်တော်တို့အိမ်သို့ ရောက်သည် ... နှင့် မမကြီးသည် အိမ်ရှေ့ ဧည့်ခန်းတွင်ချိတ်ထားသည့် ကိုယ်လုံး ... မှန်ကြီးရှေ့တွင်ရပ်ပြီး သူ့ကိုယ်သူ အလှကြည့်မည်။ ခါးကြားတွင် ညှပ် ... ထားသည့် လက်ကိုင်ပုဝါကိုထုတ်ပြီး နဖူးနှင့်ပါးပြင်တွင် သီးနေသော ... ချွေးစက်တို့ကို သုတ်မည်။ လက်ကိုင်အိတ်ကလေးထဲတွင် ပါလာသော ... တို့ဖတ်ပုဝါကို ထုတ်ရိုက်မည်။ ကျွန်တော်တို့တစ်တွေ ဝိုင်း၍ ဇာတ်စကား ... နေသောနေရာသို့ ရောက်လာပြီး သီချင်းကောက်ဆိုမည်။ သို့မဟုတ်လျှင် ... လည်း မနေ့က ကူးလက်စဖြစ်သော ဇာပန်းပုံကို မင်ခံစက္ကူဖြင့်ထပ် ... ပန်းစာအုပ်ထဲမှ ကူးမည်။ မနေ့က လက်စမသတ်ဘဲ ကျန်ခဲ့သော ဇာပန်း ... ဆက်ထိုးမည်။ မမကြီးသည် ဇာပန်းအထိုးကောင်းသည်။ ပန်းထိုး ... နန်းတော်ရှေ့ဆရာတင်ရေးပြီး အဆိုတော် မစိန်ဟန်ဆိုသော သီချင်းတစ် ... ကြာခဏ ဆိုတတ်သည်။

"ပန်းထိုးရတာ လက်နာတယ်။ လက်နာတယ်။ အဟုတ်ကို ရိုက်တော့ ... ချင်၊ အိမ်မှာနေတာ အကောင်းဆုံးပဲရှင်၊ ကိုလံဘီယာဓာတ်ပြား ... ရှင်၊ နန်းတော်ရှေ့က ဆရာတင် ဓာတ်ပြားသီချင်းရေးတော့ စိန်ဟန် ... လေး ရွှေနားတော်ဆင်ဆိုသည့် သီချင်းဖြစ်ပြီး တိုင်ပေါ် အလံစိုက်ချင် ... ချင်းအလိုက်ဖြစ်သည်။ မမကြီးသည် ပန်းထိုးတာလည်းပါသော၊ ဇာပန်း ... ၍ လက်နာတာလည်းပါသော ထိုသီချင်းကို တော်တော်သဘောကျသည်။ ... ကြီးသည် ဇာပန်းထိုးလည်း တော်သည်။ ခေါင်းအုံးစွပ်များ၊ ကုလား ... များ၊ လက်ဖက်ရည်ကရားဖုံးများ၊ စားပွဲခင်းများပေါ်တွင် ပန်းထိုးချည် ... ရောင်စုံတို့ဖြင့် ငှက်ရုပ်ကလေးတွေ၊ ပန်းပွင့်ကလေးတွေ၊ သစ်ရွက်ကလေး ... ၊ ဝါးပင်ကလေးတွေ၊ ရေလှိုင်းကလေးတွေ၊ ကြယ်ပွင့်ကလေးတွေကို ... လှပပ ထိုးတတ်သည်။ ကျွန်တော်တို့အိမ်တွင် ဆင်းဂါးအပ်ချုပ်စက်ရှိ ... ဖြင့် မမကြီးသည် စက်ပန်းထိုးသည်။ တစ်ခါတစ်ရံတွင်လည်း လက်ပန်း ... သည်။ တစ်ခါတစ်ရံတွင်လည်း ကလေးတွေဖို့ အင်္ကျီဂါဝန်ပုံဆန်းကလေး ... ကို ချုပ်တတ်သည်။

မမကြီးသည် အချုပ်အလုပ်တွင် တော်သဖြင့် ကျွန်တော်တို့အိမ်တွင် ... ပြီး အငှားဖြင့် ချုပ်ပေးနေခြင်း ဖြစ်သည်။

ကျွန်တော်တို့အိမ်မှာ ကျွန်တော့်အမေ၏ မောင်အငယ်ဆုံးကလည်း ... ဖြင့် လူပျိုလူရွယ်တွေ စုံပါသည်။ မမကြီး မတိမ်းမယိမ်းလောက် ... ယ်တွေ၊ လူလတ်တွေ အများကြီး လာကြပါသည်။ အမေက သူ့ညီမ ... ပြစ်မ်းကွဲအတွက် စိုးရိမ်ဟန် တူပါသည်။

"ငါ့အိမ်ကလည်း ယောက်ျားလေးတွေ အဝင်အထွက်များများ၊ ညည်း ... သည်း ရုပ်ကလေးက ချော၊ အရွယ်ကောင်းတုန်းမှာ မုဆိုးမကလည်း ... တော့ ငါ့အိမ်မှာလာလာပြီး စက်ပန်းထိုးနေလို့ မဖြစ်ဘူး။ တော်တော် ... ငါ့တာဝန်ဖြစ်နေလိမ့်မယ်။ အိမ်ထောင်ပြုပေးမယ်ဆိုရင်လည်း မြန်မြန် ... ပေးလိုက်လို့ အစ်ကိုကြီးကို ပြောမှဖြစ်မယ်"

အမေကပြောသည်။ မမကြီးသည် ဘာမျှမပြော။ ရယ်၍သာနေသည်။




www.burmeseclassic.com

www.burmeseclassic.com



မကြာမီတွင် သူ့ကို မုဆိုးဖိုဦးလေးနှင့် အိမ်ထောင်ချပေးလိုက်ပါသည်။ မုဆိုးဖိုမှာ ကိုယ့်အထဲက ဖြစ်ပါသည်။ သူ့ဖခင်၏ ယောက်ဖဖြစ်ပါသည် မမကြီးအဒေါ်၏ ခင်ပွန်း ဖြစ်ပါသည်။ မမကြီးအဒေါ်ဆုံးပြီး သမီးက နှစ်ယောက် ကျန်ရစ်ခဲ့ရာ ထိုသမီးကလေးများကို နောက်မိထွေးနှင့် ထား မသင့်။ မမကြီးနှင့်ဆိုလျှင် ညီအစ်မ တော်နေသဖြင့် ဆွေမျိုးများအားလုံး သဘောတူပြီး လက်ထပ်ပေးလိုက်ပါသည်။

မမကြီးလည်း တခြားသို့ ပြောင်းသွားပါသည်။ ကျွန်တော်သည် မမကြီး ကို တစ်နှစ်လောက်သာ တွေ့လိုက်ရပါသည်။ ထို့နောက် မတွေ့ဖြစ်တော့

စစ်ပြီး၍ ဆယ်နှစ်လောက် ကြာသည့်အခါ မြို့ငယ်ကလေးတစ်မြို့ ရောက်အသွားတွင် မမကြီးတို့ရှိသည် ကြားသဖြင့် ကျွန်တော် ဝင်နှုတ်ဆက် သည်။ ကျွန်တော့်နှစ်ဝမ်းကွဲ ညီမငယ်များနှင့် သူတို့ဖခင် (ယခင် ကျွန်တော့် အဒေါ်၏ ခင်ပွန်းနှင့် ယခု မမကြီး၏ ခင်ပွန်း)တို့ကိုလည်း တွေ့ခဲ့ပါသည် သူတို့က ကျွန်တော့်ကို ထမင်းဖိတ်ကျွေးလိုက်ပါသေးသည်။

ထို့နောက် မမကြီးနှင့် ကျွန်တော် ကွဲကွာသွားကြပြန်ပါသည်။ ကျွန်တော် နှင့် မမကြီးသည် အိပ်မက်ထဲမှာ တွေ့ကြသူများလို တစ်ခါတစ်ရံမှသာ တွေ့တတ်ကြပါသည်။ နောက်ဆယ်နှစ် ကျော်ကျော်လောက် ကြာသည့်အခါ တွင် မမကြီးနှင့် ကျွန်တော် တွေ့ပြန်ပါသည်။

ထိုအချိန်တွင် မမကြီး၏ခင်ပွန်း (ကျွန်တော့် ဦးလေးလည်းတော်ခဲ့ပြီး ကျွန်တော်၏ ယောက်ဖလည်း ဖြစ်သူ) ပင်စင်ယူပြီး မန္တလေးက ရပ်ကွက် ကလေးတစ်ခုတွင် ဝိုင်းကလေးဝယ်ပြီး အိမ်ကလေးတစ်လုံး ဆောက်နေ သည်။ သူတို့အိမ်ကလေးမှာ အညာအခေါ် မြေစိုက်အိမ်ကလေးဖြစ် ဝါးကပ်မိုး၊ ထရံကာဖြစ်ပါသည်။ ရှေ့ဘက်တွင် မြေစိုက်ဖြစ်ပြီး နောက်ဘက် တစ်ခြမ်းတွင် အထပ်ခိုးခင်းထားပါသည်။ သူတို့သည် သားသမီးလည်း မရကြပါ။

မန္တလေးအိမ်တွင် သူတို့နှစ်ယောက်တည်းသာ ရှိပါသည်။

"ဒါဖြင့် ဒီမှာ ဦးလေးနဲ့ မမကြီးနှစ်ယောက်တည်းပေါ့"

ကျွန်တော်က မေးသည်။





"ဒါပေါ့ ... တို့နှစ်တည်းပေါ့။ မင်းညီမတွေက အိမ်ထောင်ကျကုန် လေ။ သားတွေ သမီးတွေတောင် တော်တော် ကြီးကုန်ကြပြီ။ ကိုးတန်း တန်းတွေ ရောက်ကုန်ပြီ။ အကြီးမက မြစ်ကြီးနားမှာ၊ အငယ်မက ပြည်မှာ၊ သူ့ယောက်ျားက ဆရာဝန်ပဲ။ ဒီမှာတို့ တို့အဘိုးကြီး ကြီးပဲပေါ့"

"တစ်ယောက်ယောက်ကို ခေါ်ထားပါလား။ ဆွေမျိုးထဲကဖြစ်ဖြစ်၊ စိတ်ချ အထဲကဖြစ်ဖြစ် လူငယ်တစ်ယောက်ကိုတော့ ခေါ်ထားမှပေါ့။ မန္တလေး တော့ မီးရေးထင်းရေးနဲ့ ပြီးတော့ ကိုယ်ကလည်း အသက်ကြီးပြီဆိုတော့ ကြီး အဘွားကြီး နေရာတိုင်း သွားနိုင်တာ မဟုတ်ဘူး။ တစ်ယောက် နေထိုင်မကောင်းဖြစ်ရင်လည်း ကျန်တဲ့လူမှာ ကူဖော်လောင်ဖက် ပေါ့"

"မလိုပါဘူးကွယ်။ တို့ ဒီလိုပဲ နေလာတာပဲ"

မမကြီးက ပြောသည်။ ထိုအချိန်က မမကြီးသည် အသက် ၆၀ လောက် ရှိပြီ ထင်ပါသည်။

ထို့နောက် ကျွန်တော်နှင့် မမကြီး ဆယ်နှစ်လောက် ကွဲကွာသွားကြပြန် သည်။ ထိုအတောအတွင်း ကျွန်တော့်ဦးလေး ဆုံးသည်ဟု ကြားပါသည်။ ကျွန်တော် မရောက်ပါ။ အဝေးကသာ ဝမ်းနည်းကြောင်း ကြေးနန်းရိုက်ခဲ့ သည်။

ဦးလေးဆုံးပြီး ဆယ်နှစ်လောက်အကြာတွင် ကျွန်တော် မန္တလေးသို့ ရောက်သဖြင့် မမကြီးကို ဝင်တွေ့ပါသည်။

ယခုတစ်ကြိမ်သည် ကျွန်တော်နှင့် မမကြီး စတုတ္ထအကြိမ်တွေ့ခြင်း ဖြစ်ပါသည်။ ပထမတစ်ကြိမ်တွေ့တုန်းက သူသည် မုဆိုးမငယ်။ ဒုတိယ တစ်ခါတွေ့တော့ နောက်အိမ်ထောင်ကျစ။ ပျော်ရွှင်ပါး၍ ကောင်းတုန်းအရွယ်။ တတိယအခေါက် တွေ့သည့်အခါတွင် အဘိုးကြီး အဘွားကြီးအရွယ်သို့ ကာစ။ စတုတ္ထအကြိမ် တွေ့သည့်အခါတွင် ဒုတိယ မုဆိုးမအို။

ကျွန်တော် ရောက်သွားသည့်အခါတွင် မမကြီးအိမ်တွင် ဘယ်သူမျှ တွေ့။ အိမ်ကလေးက တော်တော် ဟောင်းနွမ်းယိမ်းယိုင်နေလေပြီ။ ဝါး



www.burmeseclassic.com

www.burmeseclassic.com



ကတ်မိုး၊ ထရံကာ မြေစိုက်အိမ်ဟောင်းကလေး။ ဘာမျှ ပြင်ဆင်ထားခြ မရှိ။ အိမ်ရှေ့ စားပွဲဟောင်းသေးသေးကလေး တစ်ခုပေါ်တွင် ဆွမ်းအု တစ်အုပ် တင်ထားသည်။ အနီးရှိ ကုလားထိုင်ဟောင်းကလေးတစ်လုံးပေါ်တွ ပုဆိုးဟောင်းဖြင့် ချုပ်ထားသည့် နေကာထိုင်ကလေးတစ်ခု ခင်းထားသည် အိမ်သို့ ဆွမ်းခံကြွသော ထိုင်ကိုယ်တော်များကို လောင်းရန် ဖြစ်ဟန်တူ

ပင့်ကူအိမ်တွေ၊ ဖုန်အလိမ်းလိမ်းကပ်နေသည့် ဝါးထရံပေါ်တွင် ဖု အလိမ်းလိမ်းကပ်နေသော မဟာမြတ်မုနိရုပ်ပွားတော်ကို ဝါးထရံစဖြင့် ည ၍ ကပ်ထားသည်။ ဒက္ခိဏသာခါ ဆင်းတုတော်ရှေ့တွင်မူ သောက်တော ရေနှင့် ဆွမ်းတော်ကပ်ထားသည်ကို တွေ့ရသည်။

ကျွန်တော်က အသံပြုလိုက်သည့်အခါတွင်မှ နောက်ဖေးမှ မမကြ ထွက်လာသည်။ မမကြီးသည် ဆံပင် နည်းနည်းဖြူသွားသည်မှအပ ရှ မကျသေးပါ။ အသက် ၇၀ ကျော်နေပြီဖြစ်သည့်တိုင် ငါးဆယ်တွင်းလော သာ ထင်ရပါသည်။

ကျွန်တော်က ငွေတစ်ရာဖြင့် ထိုင်၍ ကန်တော့သည့်အခါတွင် မမကြ သည် မျက်ရည်ဝဲဝဲဖြင့် ဆုပေးနေသည်။

ကျွန်တော်က သူ့နေရေးထိုင်ရေးကို မေးမြန်းရ၏။

"မမကြီး ဘယ်သူနဲ့ နေသလဲ"

"ငါတစ်ယောက်တည်းပေါ့။ မင်းတို့ ဦးလေးဆုံးပြီးကတည်းက တစ်ယောက်တည်း နေလာတာပဲ"

"မကြီးတို့ မလေးတို့ တစ်ယောက်ယောက်နဲ့ လိုက်နေပါလား။ နေ မကောင်းရင်တောင် သူတို့နဲ့ဆိုတော့ စိတ်ချရတာပေါ့"

"မနေချင်ပါဘူးကွယ်။ တစ်သက်လုံး တစ်ယောက်တည်း နေလာ ပြီးတော့ သူတို့မှာလည်း သားတွေ၊ သမီးတွေနဲ့ ဒီအထဲမှာ ကိုယ် ကန့်လန့် ကန့်လန့်နဲ့ သွားမနေချင်ပါဘူး။ ကိုယ်က အမယ်ကြီးအိုဆို သူတို့က လက်ခံဦး။ သူတို့ယောကျ်ားတွေနဲ့ သူတို့သားသမီးတွေက ကြ ချင်မှ ကြိုက်မှာ"

"သူတို့နဲ့ကော အဆက်အသွယ်ရှိရဲ့လား"





"ကိစ္စရှိတဲ့အခါတော့ လာကြပါတယ်။ အငယ်မကလေးလည်း မန္တလေး က်ရင်တော့ ဝင်လာပြီး ကန်တော့သွားတတ်ပါတယ်။ ဒါလောက်ပါပဲ"

"ဒါဖြင့် မမကြီးဘာသာ ချက်စားတယ်ပေါ့"

"ဒါပေါ့။ နို့ဆီဘူးနှစ်လုံးလောက် ချက်ထားလိုက်ရင် မနက်ဆွမ်း က်လည်း ရတယ်။ ငါ့အတွက် မနက်စာ ညစာလည်း ရတယ်။ တော် ဟင်းကလည်း တစ်ခွက်ကောင်းပေါ့။ တစ်ခါတလေလည်း ငါးကြော် လေး ကြော်ထားပြီး ငါးကြော် ဆီဆမ်းပြီး စားလိုက်တာပဲ။ တစ်ခါတလေ ည်း ငါးခြောက်ဖုတ်ကလေးနဲ့ ဟင်းချိုကလေးနဲ့ ပြီးသွားတာပဲ"

"ည အိပ်တော့လည်း တစ်ယောက်တည်းပေါ့။ လက်တိုလက်တောင်း ဘူးပေါ့"

"မရှိပါဘူးကွယ်။ လူတစ်ယောက် မွေးရတယ်ဆိုတာ လွယ်တဲ့အလုပ်မှ တ်တာ။ ကျွေးဖို့မွေးဖို့ကလည်းရှိသေးတယ်။ သူ့ကို ထိန်းဖို့ ကျောင်းဖို့ ည်း ရှိသေးတယ်။ ဒီအရွယ်ကြီးရောက်မှလည်း ဒါတွေ ထိန်းမနေနိုင် ဘူး။ အိမ်တစ်ခြမ်းကို ဒရိုင်ဘာလင်မယားနှစ်ယောက်ကို ငှားထားတော့ လခလည်းရတယ်။ အစောင့်အရှောက်လည်း ရပါတယ်။ ကောင်လေးက ည်း တစ်လမှာ နှစ်ရက်သုံးရက်လောက်ပဲ အိမ်နေရတာ။ အဝေးပြေး နဲ့ အမြဲထွက်နေရတာ။ ဒီတော့ ကောင်မလေးနဲ့ငါနဲ့ နှစ်ယ ောက်ပဲ ယ်။ အရေးရှိရင် သူ့ကို ခေါ်ရမှာပေါ့။ သူရှိသားပဲ"

ထိုအကြိမ်သည် ကျွန်တော်နှင့် မမကြီး နောက်ဆုံးတွေ့ခဲ့သ အကြိမ် ပါသည်။ ကျွန်တော်နှင့် မမကြီးသည် အိမ်မက်ထဲကလို ဆယ်နှစ်မှ ခါလောက်သာ တွေ့တတ်ကြပါသည်။ ထို့နောက် တော်တော်နှင့် မတွေ့ တော့ပါ။ ယခု အသက်အရွယ်အထိ လေးကြိမ်သာ တွေ့ဖူးပါသည်။ မဆုံးအကြိမ်သာလျှင် ကြာကြာတွေ့လိုက် နေလိုက်ရပြီး နောက် ကြိမ်များမှာ ကြုံတုန်းကြုံခိုက် အလည်သဘောမျှ တွေ့ခြင်းမျိုးသာ ဖြစ်ပါ သည်။

*

ကျွန်တော်နှင့် မမကြီးတို့ စတုတ္ထအကြိမ်တွေ့ပြီးနောက် ဆယ်နှစ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကျော်လောက် ကြာသွားသည်။

သည်အတောအတွင်းတွင် မမကြီးအကြောင်းကိုလည်း ရံဖန်ရံခါမှ ကြား၏။ ယခုအသက် ၈၀ အရွယ်တိုင်အောင် ကျန်းမာလျက်ရှိကြောင်း မန္တလေးက အိမ်ကလေးတွင် သူတစ်ယောက်တည်း နေထိုင်လျက်ရှိကြောင်း အသက်ကြီးလာပြီဖြစ်သဖြင့် မသေခင် ရန်ကုန်သို့ တစ်ခေါက်ဆင်း ရွှေတိဂုံသို့ ဖူးသွားချင်သေးသည်ဟုပြောကြောင်း စသည့်သတင်းများလောက် ကိုသာ ကြားရသည်။

လူချင်းကမူ မတွေ့ဖြစ်။

တလောကတော့ ကျွန်တော့်အိမ်ရှေ့သို့ နောက်ဆုံးပေါ် ရွှေအိုရောင် အက်စ်အီးကားကလေးတစ်စီး ဆိုက်လာပြီး ကားပေါ်မှ အသက်ကြီးကြီး ခန့်ညားချောမောသည့် အမျိုးသမီးကြီးတစ်ဦး ဆင်းလာသည်။

အခြားသူ မဟုတ်ပါ။ မမကြီး ဖြစ်ပါသည်။

မမကြီးသည် ယခုတိုင် ချောမောနေဆဲ ဖြစ်ပါသည်။ အသက် ကျော်သည့်တိုင် သူ့ကို ကြည့်ရသည်မှာ ၆၀ ကျော်လောက်ဟုပင် ထင်ရ သည်။ မမကြီးသည် ယောဂီရောင် ဘီဘဲ လုံချည်၊ အဖြူရောင် လက်ရှည် အင်္ကျီနှင့် ယောဂီရောင် ပိုးပဝါလေးကို ရင်ဘတ်မှာ သိုင်းထားပြီး ထောက်တွင် ကတ္တီပါပုံတော် ဖိနပ်တစ်ရန်ကို စီးထားသည်။

ကျွန်တော်သည် သည်ခေတ်ကြီးထဲတွင် မန္တလေး ကတ္တီပါပုံတော် ဖိနပ်ကို စီးထားသော မမကြီးနှင့် အက်စ်အီးကားကိုကြည့်ပြီး အံ့သြနေသည်။

ဒရိုင်ဘာက သူ့ကို ကားတံခါး ဖွင့်ပေးပြီးနောက် "မမေ ကျွန်တော် စောင့်ရမလားခင်ဗျာ"ဟု ရိုသေစွာမေးသည်။ မမကြီးက "မစောင့် နဲ့။ လေးနာရီကျမှ ငါ့ကို လာခေါ်လှည့်။ ငါ ဒီမှာ တစ်နေ့လုံးရှိမယ်" ဟု ပြောပြီး အိမ်ထဲသို့ ဝင်လာသည်။

"ဟင် မမကြီး ဘယ်တုန်းက ရန်ကုန် ရောက်နေတာလဲ။ ဘယ်မှာ တည်းလဲ"

"သိပ်မကြာသေးဘူး။ ဘယ်မှာမှ မတည်းဘူး။ ငါ ရန်ကုန် ပြောင်း ပြီ"





"ဟုတ်လား။ ဘယ်မှာလဲဟင်"

"မင်းအားသလား။ မင်းနဲ့ စကားပြောရအောင် လာတာ။ အဲဒီ ...လာတဲ့အကြောင်းတွေကို ပြောမလို့"

မမကြီးက ကျွန်တော့်အသက်ကို မေးသည်။

"အင်း ... မင်းတို့တောင် တော်တော်ကြီးပြီပဲ။ မင်းနဲ့ငါနဲ့ မောင်နမ ...ယ် မင်းနဲ့ငါနဲ့တွေ့တာ ငါ မှတ်မိသလောက် လေးငါးခါပဲ ရှိသေး ... စစ်မဖြစ်ခင် မင်းတို့အိမ်မှာ ငါ လာပြီးတော့ ဇာပန်းထိုးနေတုန်းက ...ကြိမ်။ အဲဒီအကြိမ်ကတော့ အကြာဆုံးပေါ့လေ။ နောက်တော့ မင်း ...နဲ့ အိမ်ထောင်ကျပြီးတော့ တစ်ကြိမ်။ အဲဒါ ၁၉၅၅ ခုလောက် ...ပေါ့။ အဲဒါက ဒုတိယအကြိမ်။ တတိယအကြိမ်က မင်းဦးလေး ပင်စင် ...တော့ မန္တလေးက အိမ်ကလေးကို တို့ဝယ်ပြီးစ။ စတုတ္ထအကြိမ်က ...တစ်ယောက်တည်း မန္တလေးမှာ နေတုန်းလေ။ မင်းသားငယ်နဲ့ ...။ ငွေတစ်ရာတောင် ကန်တော့သွားသေးတယ်"

"ဟုတ်တာပေါ့။ ဆယ်နှစ်လောက်တော့ ရှိရောပေါ့"

"ရှိပြီပေါ့။ မောင်နမနှစ်ဝမ်းကွဲပဲရှိသေးတယ်။ တို့များ တစ်ယောက်နဲ့ ...ယောက် တွေ့လိုက်ရတဲ့အချိန်ကလေးဟာ ဘာမှ မကြာလိုက်ဘူး။ ပထမ ...ပဲ တစ်နှစ်လောက် နေလိုက်ကြရတယ်။ နောက်တော့ မင်းကလည်း ...ဲ တွေ့လိုက်ကြရတာ။ ခုလည်း မမကြီး မသေခင် မင်းနဲ့ တွေ့ရ ...င်ဆိုပြီး တမင်ဝင်လာတာ"

"ဒီပုံနဲ့ဆိုရင် မမကြီးက အသက်ရှည်ဦးမှာပါ"

"ဒါကတော့ နေ့မြင် ညပျောက်တဲ့။ ကွေးသောလက် မဆန့်မီ၊ ဆန့် ...လက် မကွေးမီတဲ့။ ဘယ်သူမှ ပြောလို့ရတာ မဟုတ်ဘူး။ မမကြီး ...ဆုံးတော့ ဒီလိုပဲ မမကြီး ငယ်ငယ်ကလေးပဲ ရှိသေးတယ်။ အကောင်း ... ဆုံးသွားတာပဲ"

"ဟုတ်လား။ မမကြီး မေမေဆုံးတော့ ငယ်ငယ်လေး ရှိသေးလား"

"ဒါပေါ့။ ဘာရှိဦးမှာလဲ။ မမကြီး ၁၃ နှစ် သမီးလောက်ပဲ ရှိဦးမယ်။ ...တော့ ပါပါ နောက်အိမ်ထောင် ထူတယ်လေ။ မမကြီး မိထွေးက



www.burmeseclassic.com

www.burmeseclassic.com



ဆိုးတော့ မဆိုးပါဘူး။ တောသူပါပဲ။ ဒါပေမဲ့ ခေတ်ပညာတို့ဘာတို့ မတ
တော့ ပေါင်းရသင်းရ ဆက်ဆံရတာ ခက်တယ်။ မမကြီးနဲ့ အဆင်မ
ဘူး။ ဒီတင် ပါပါက မမကြီးကို ယောက်ျား ပေးစားလိုက်တယ်။ မမ
ယောက်ျားက မြို့အုပ်ရုံးစာရေး။ စာရေးဘဝနဲ့ စေတုတ္တရာကို ပြောင်း
အဲဒီမှာ ငှက်ဖျားမိပြီး ဆုံးတယ်။ မမကြီးနဲ့ လေးငါးလပဲ ပေါင်းလိုက်
တယ်။ ဒီတင် မမကြီးလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ရတာ
အဲဒီမှာ မမကြီး ပါပါတို့ဆီ ပြန်လာတယ်။ အဲဒီတုန်းက ပါပါတို့နဲ့ မင်းတို့
တစ်မြို့တည်းမှာ နေတယ်လေ။ ပါပါဆီမှာနေရင်း မင်းတို့အမေအိမ်
လာလာပြီး မမကြီး စက်ပန်းထိုးတာပေါ့။ အဲဒီမှာ တစ်နှစ်လောက် စက်
ထိုးနေပြီး နောက်နှစ်ကျတော့ မင်းတို့ ဦးလေးနဲ့ လူကြီးတွေက ပေးစား
တယ်။ မင်းတို့ဦးလေးက ပါပါရဲ့ ညီမအရင်းရဲ့ ယောက်ျား။ မမကြ
အဒေါ်ပေါ့။ သူဆုံးတော့ မမကြီးကို အဒေါ်ယောက်ျားဖြစ်တဲ့ မကြီး
မလေးတို့အဖေနဲ့ ပေးစားတယ်။ သူနဲ့တော့ သားသမီးမရဘူး။ သူဆုံးတော
မမကြီးတစ်ယောက်တည်း မန္တလေးမှာပဲ ကျန်ရစ်ခဲ့တာပေါ့။ အသက်က
ကြီး၊ ပိုက်ဆံကလည်း မရှိ၊ ခုပြီး ဆောင်းပြီးသားရယ်လို့ ထုပ်ထုပ်
ထည်လည်း မရှိတော့ ဆွေမျိုးတွေအလယ်မှာ မျက်နှာငယ်ရတာပေါ့
ဒါကြောင့်မို့ မမကြီး ဘယ်ဆွေမျိုးတွေဆီမှ မသွားဘူး။ ပြီးတော့ က
ထက် ငယ်တဲ့သူတွေပဲ ကျန်ခဲ့တယ် မဟုတ်လား။ ဒီတော့ သူတို့က တာ
ယူရန်း ငါတို့က တာဝန်ယူရှိုးနဲ့ ထင်ကြလိမ့်မယ်ဆိုပြီး မမကြီး တစ်ယော
တည်း မန္တလေးမှာ နေခဲ့တယ်။ ဒီအိမ်ကလေးပေါ်မှာ ခေါင်းချမယ်
မမကြီးမရှိရင်တော့ ဒီအိမ်ကလေးကို မကြီးတို့ မလေးတို့ ခွဲယူကြ
သူတို့ကတော့ မမကြီးနေတဲ့ အိမ်ကလေးမျိုးမှာ နေလည်း မနေနိုင်
နေဖို့လည်း အကြောင်းမရှိဘူး။ တစ်ယောက်က ရန်ကုန်မှာ ဝင်ဒါမီယာ
နေတယ်။ နောက်တစ်ယောက်ကလည်း ပါရမီထဲမှာ။ သူတို့ကလည်း မန္တ
ကို နေချင်ကြတာ မဟုတ်ပါဘူး။ ဒါကြောင့် တစ်ယောက်တည်းပဲ နေခဲ့

မမကြီးက သကြားမပါသည့် ကော်ဖီကို သောက်သည်။

"ခုတော့ကော"





"ခုတော့ မမကြီး ရန်ကုန်ကို ပြောင်းလာပြီပေါ့ကွယ်"

"ဟင် ... ဟုတ်လား။ ဘယ်မှာ နေသလဲ။ မန္တလေးက အိမ်ကလေး
"

မမကြီးက ရယ်သည်။

"အဲဒါ ပြောမလို့ပေါ့ကွယ်။ မန္တလေးက ဝိုင်းကလေး ဈေးကောင်းရလို့
ပစ်လိုက်တယ်။ ကိုးဆယ်ရတယ်။ ဆိုတုန်းကတော့ တစ်ရာဆိုတာပဲ။
တော့ ကိုးဆယ်နဲ့ ဈေးတည့်သွားကြတယ်။ အဲဒီ ကိုးဆယ်ကို
ရယ်၊ မကြီးရယ်၊ မလေးရယ် သုံးယောက် တစ်ယောက် သုံးဆယ်စီ
တယ်။ အစတုန်းကတော့ မမကြီး ရောင်းဖို့ စိတ်ကူးမရှိပါဘူး။ မကြီးနဲ့
က မန္တလေး ၂၀ ဈေးတွေကောင်းလာတာသိတော့ သူတို့က ဒီဝိုင်း
ကို ရောင်းပစ်ချင်ကြတယ်လေ။ မမကြီးကလည်း သဘောတူလိုက်
မမကြီးလည်း အသက်ကြီးလာပြီ မဟုတ်လား။ နောင် အလွန်ဆုံး
ရင် လေးငါးနှစ်ပေါ့။ လေးငါးနှစ်အတွင်းမှာ ဘာလို့ ဆင်းဆင်းရဲရဲ
မှာလဲတဲ့။ သူတို့ပြောတာ ဟုတ်သားပဲဆိုတာ မမကြီး သဘောပေါက်
ယ်လေ။ ဒါကြောင့် မမကြီးကလည်း သဘောတူလိုက်ပြီး ရောင်းလိုက်
တစ်ယောက်ကို သုံးဆယ်စီရတယ်။ ခုတော့ မမကြီးရှိတဲ့ ငွေကလေးကို
ချင်တာ လှူတယ်။ တချို့ကို ငွေစုဘဏ်မှာ စုထားလိုက်တယ်။
က ထိုင်စားလို့ ရတာပေါ့လေ။ ပြီးတော့ သူတို့ တိုက်တွန်းတာနဲ့
အက်စ်အီးတစ်စီး ဝယ်စီးလိုက်တယ်။ မမကြီးက ဒူးမခိုင်ဘူး။
ဘုရားကိုသွားတော့ ဘက်စ်ကားနဲ့ မသွားနိုင်ဘူး။ ပြီးတော့
ကားကိုလည်း နေ့တိုင်းယူစီးရရင်လည်း မျက်နှာငယ်တယ်။ ဒါကြောင့်
သွားဖို့ဆိုပြီး အက်စ်အီးတစ်စီး ဝယ်ထားလိုက်တယ်။ အားတဲ့အချိန်
သူတို့ သုံးချင်လည်း သုံးပေါ့လေ။ မမကြီး အသက်လည်း ကြီး
၊ ဟိုတုန်းက အိမ်လခကလေး နှစ်ရာနဲ့ စားခဲ့ပြီးပြီ။ ခု သုံးဆယ်
တော့လည်း သူ့အလျောက်ပေါ့။ ဒရိုင်ဘာလခကိုက တစ်ထောင်
ပြီပဲ"

"ဒါဖြင့် မမကြီးက ဘယ်သူနဲ့ နေမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမကြီးကရော၊ မလေးကရော သူတို့နဲ့ လာနေပါလို့တော့ ခေါ်
ပဲကွ။ လူဆိုတာ ဒီလိုပေါ့ကွယ်။ တဲကုတ်ကလေးနဲ့ နေတုန်းကတော့ ...
ယောက်တည်းပေါ့။ အက်စ်အီး စီးနိုင်တော့လည်း ရွှေရုံသင်းပင်းဆို...
ရှိလာတော့တာပေါ့။ မမကြီးကတော့ ဘယ်သူနဲ့မှ နေမယ်လို့ မဆုံး...
သေးဘူး။ မသေခင် အကုန်လှူပစ်ပြီး အကုန်သုံးသွားမယ်လို့ စိတ်ကူးတာ..."

ကျွန်တော်က သေးသွယ်ဖြူနုနေသော မမကြီး၏ လက်များကို ကြည့်...

"မမကြီး စက်ပန်းထိုးပေးသလား။ ဟိုတုန်းက စက်ပန်းထိုးရင် ...
တော်ရှေ့ဆရာတင်ရဲ့ သီချင်းကလေးဆိုဆိုပြီး ပန်းထိုးတတ်တယ်လေ။ ...
ထိုးရတာ လက်နာတယ်၊ လက်နာတယ်၊ ရိုက်ချင်ရိုက်တော့၊ မလိုက်...
အိမ်မှာနေတာ အကောင်းဆုံးပဲရှင်၊ ကိုလံဘီယာစာတ်ပြားဖွင့်မယ်ရှင်...
သီချင်းလေ"

မမကြီးက မျက်လုံးတွေ ရွှန်းလဲ့သွားအောင် ရယ်လိုက်ရင်း ...

"အမယ် ... ခုလည်း ပန်းထိုးပါတယ်ကွယ့်။ ခု ပန်းထိုးတာ...
ဘုရားကျောင်းဆောင်တွေအတွက် ကုသိုလ်ရဖို့ ထိုးရတာ။ ငယ်ငယ်တုန်း...
ပန်းထိုးရတာကတော့ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ထိုးရတာ၊ ...
နေရေးအတွက် ထိုးရတာ။ တစ်နေ့က ငါ့ရှေ့က မှန်နားမှာ ရေမွှေးပု...
တင်ဖို့ ဇာစားပွဲခင်းကလေးတစ်ထည်တောင် ထိုးဖြစ်သေးတယ်"

ကျွန်တော်သည် ဇာပန်းထိုးသော မမကြီး၏ လက်ချောင်းကလေးများ...
ငေးကြည့်နေမိလေ၏။

(ကလျာမဂ္ဂဇင်း၊ မေ၊ ၁၉...)

* * *

# ကိုင်းခုတ်တဲ့ ဖိုးတုတ်

www.burmeseclassic.com

www.burmeseclassic.com

# ကိုင်းခုတ်တဲ့ ဖိုးတုတ်

ဟောပြောပွဲက နာရီပြန်တစ်ချက်ကျော်ပြီးမှ ပြီးသည်။ ဟောပြော[illegible] လုပ်သည့်နေရာမှာ ကွင်းပြင်ကြီး ဖြစ်သဖြင့် မြောက်လေသည် အတားအဆီး[illegible] မရှိ တိုက်နေ၏။ လဆန်းရက်ဖြစ်သဖြင့် ဆန်းစလကလေးသည် အစောပိုင်း[illegible] ပေါ်လာပြီး နှုတ်ဆက် ပျောက်ကွယ်သွားခဲ့သည်မှာ ကြာလှပြီ။ ယခုလော[illegible] ဆိုလျှင် ဘယ်စကြဝဠာသို့ ရောက်နေလေမည် မသိ။

အိမ်ရှင်များက ကျွန်တော်တို့ကို တည်းခိုနေရာသို့ ပြန်ပို့မည်ပြုသည်[illegible] တစ်ယောက်က လက်နှိပ်ဓာတ်မီးကို မြေကြီးသို့ ထိုးပြလိုက်ပြီး "ဆ[illegible] ဒီဘက်ကိုလာ ဆရာ။ ဒီဘက်ကို"ဟု ပြောသည်။ ကျွန်တော် မျက်[illegible] သဖြင့် ခလုတ်ကန်သင်းကို စိုးရိမ်၍ ပြောခြင်းဖြစ်ဟန်တူပါ၏။

"ကျွန်တော်တို့ တည်းခိုတဲ့နေရာကို မပြန်ချင်သေးဘူးဗျာ။ ဟိုကလေး[illegible] သွားကြည့်ချင်တယ်"ဟု ကျွန်တော်က ပြောသည်။

အိမ်ရှင်ဖြစ်သော စာဆိုတော် ကော်မတီဝင်များသည် တစ်ယောက်[illegible] တစ်ယောက် တီးတိုး ပြောနေကြသည်။ သူတို့အချင်းချင်း တိုင်ပင်နေ[illegible]





[illegible] တူ၏။

"ဆရာတို့ မပင်ပန်းသေးဘူးလား။ ညဉ့်နက်နေပြီ"

"ရပါတယ်။ ဘာဖြစ်လို့လဲ။ ဆေးရုံက ဝေးလို့လား"

"ကျွန်တော်တို့ရွာမှာ ဆေးရုံ မရှိဘူးဆရာ။ ဆရာဝန်ဆေးခန်းပဲ [illegible]ယ်"

ဟုတ်ပေသားပဲ။ သူတို့ရွာက ရွာကြီးဖြစ်သည့်တိုင် ခရီးလမ်းပန်းက [illegible]ခေါင်ကျသည်။ ရန်ကုန်ကနေလာလျှင် သာရဝေါ်ရထားကိုစီး၊ သာရဝေါ် [illegible] သောင်ထွန်းနေသော မြစ်ကြောင်းအတိုင်း မော်တော်ကလေးနှင့် [illegible]နေကုန် သွားရသည်။ မွန်းတည့်ချိန် သာရဝေါ်ရထား ဆိုက်ကတည်းက [illegible]တော်ကလေးဖြင့် ထွက်လာခဲ့ရာ ညနေ မိုးစုပ်စုပ်ချုပ်မှ သူတို့ရွာသို့ [illegible]က်တော့သည်။ ရွာတွင် တွဲဖက် အထက်တန်းကျောင်းရှိသည်။ ရဲစခန်း [illegible]ည်။ ကျန်းမာရေးမှူးဦးစီးသည့် ကျန်းမာရေးဌာနနှင့် သားဖွားဆရာမတို့ [illegible]ည်။ သမဝါယမဆေးခန်းနှင့် လူငယ်ဆရာဝန်ကလေးတစ်ယောက် လာဖွင့် [illegible]သည့်ကိုယ်ပိုင်ဆေးခန်းတော့ ရှိသည်။ သို့ရာတွင် တိုက်နယ်ဆေးရုံ [illegible]တော့ မရှိပါ။

"ဩော် ... ဟုတ်သားပဲ။ ကျွန်တော်တို့ ဆရာဝန်လေးရဲ့ ဆေးခန်း [illegible] ဟုတ်လား"

ကျွန်တော်တို့ ဆရာဝန်လေးဟု ပြောရခြင်းမှာ အခြားကြောင့် မဟုတ်။ [illegible]ရာဝန်ကလေးမှာ စာဆိုတော်ကော်မတီထဲမှာပါပြီး သူကိုယ်တိုင် တက် [illegible]ကြွကြွ ဦးဆောင်နေသည့် စာပေဝါသနာရှင်တစ်ဦး ဖြစ်သောကြောင့် [illegible]န်တော်တို့ ဆရာဝန်လေးဟု ခေါ်ရခြင်း ဖြစ်သည်။

ထိုနေ့ည ဟောပြောပွဲကို ၇ နာရီတွင် စတင်ရာ ကျွန်တော် ပထမဆုံး [illegible]သည်။ ကျွန်တော် ဟောပြောပြီး မကြာမီ စင်ဘေးတွင် ကျွန်တော်တို့ [illegible]ရာဝန်ကလေးနှင့် စာဆိုတော် ကော်မတီဝင် လူကြီးများ လှုပ်လှုပ်ရွရွ [illegible]နေသည်ကို ကျွန်တော် သတိပြုလိုက်မိသည်။ ပထမ လူတစ်ယောက် [illegible]ပျာယာ ဝင်လာပြီး ဆရာဝန်ကလေးကို တိုးတိုးပြောသည်။ နောက် [illegible]သတစ်ယောက် နှစ်ယောက် ထပ်လိုက်လာပြီး ဆရာဝန်ကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပထမလူငယ်ကို တိုးတိုး တိုးတိုး ပြောနေပြန်သည်။ ဆရာဝန်ကလေး ကော်မတီဝင် နှစ်ယောက်သုံးယောက်ရော၊ လာခေါ်သည့် လူငယ်နှစ်ယောက် သုံးယောက်ရော စုစုပေါင်း လေးငါးခြောက်ယောက်လောက် ဟောပြော အပြင်သို့ ခပ်သုတ်သုတ် ထွက်သွားကြသည်ကို ကျွန်တော် မြင်လိုက်သည် တစ်ခုခုတော့ တစ်ခုခုပဲဟု သိလိုက်၏။ သို့ရာတွင် ဘာတစ်ခုခုမှန်း မသိ။

ဟောပြောပွဲ တစ်လျှောက်လုံး ကော်မတီလူကြီးတွေ သိပ်မျက်နှာ မကောင်းကြ။ ကျွန်တော်တို့က မေးသည့်အခါတွင် "ဆရာကလေး ဆရာ့ ဟောပြောပွဲကို လာနားမထောင်နိုင်တော့ဘူး"ဟု ပြောသည်။

ကျွန်တော်တို့က ထိတ်ထိတ်ပျာပျာဖြင့် ...

"ဟင် ... ဘာဖြစ်လို့လဲ။ ဆရာဝန်ကလေးရဲ့ အမျိုးသမီး မတွေ့ပါလား"

"လင်မယားနှစ်ယောက်စလုံး အလုပ်များနေကြတယ်။ အရေးပေါ် လူနာ ရောက်နေလို့"ဟု ဆိုကာ အကျိုးအကြောင်း ပြောပြကြသဖြင့် စိုးမိ သွားသည်။

ဟောပြောပွဲ ပြီးသည့်အခါတွင် ကျွန်တော်ကပင် "ကလေးကို သွား ကြည့်ချင်တယ်"ဟု ပြောသည်။

"ဆရာတို့ မအိပ်ချင်သေးဘူးလား"

"ရပါတယ်။ ခဏတော့ သွားကြည့်တာပေါ့။ ခုကော သက်သာရဲ့လား"

"သက်သာပြီလို့ ပြောပါတယ်။ ခုတော့ အိပ်ဆေး ထိုးထားလိုက်တယ် တဲ့"

"ကလေးက အသက် ဘယ်လောက်ရှိပြီတဲ့လဲ"

"ဘာရှိဦးမှာလဲ ဆရာ။ ၁၉ နှစ် ၂၀ လောက်ပဲ ရှိဦးမှာပေါ့"

"ဖြစ်နိုင်ရင်တော့ သွားကြည့်ချင်တယ်ဗျာ"

ကျွန်တော့်အဆိုကို အားလုံးက ထောက်ခံကြသည်။

ယခုအချိန်တွင် လမရှိတော့။ လမ်းမီး မရှိ၊ ဘာမရှိသည့် တောရွာ ဖြစ်၍ ကျွန်တော်တို့သည် လက်နှိပ်ဓာတ်မီးမှ မီးရောင်ကို အားကိုး





ခဲ့ကြရသည်။ စာဆိုတော် ဟောပြောပွဲက ရွာပြင်ဘက်၊ တွဲဖက်ကျောင်း က ကွက်လပ်ကြီးထဲတွင် ကျင်းပခြင်းဖြစ်သည်။ မိုးတွင်းတုန်းကမူ ထို သည် လယ်ကွင်းကြီးများ ဖြစ်သည်။ ယခုတော့ ရိုးပြတ်များသာ တော့သည်။ ရိုးပြတ်များတွင် နှင်းတွေ စိုရွှဲနေသဖြင့် ကျွန်တော်တို့ ထောက်တွေ စိုရွှဲကုန်ကြသည်။

ကော်မတီ လူကြီးတစ်ဦးက လက်တစ်ဖက်မှ လက်နှိပ်ဓာတ်မီးဖြင့် ကို ထိုးပြရင်း လက်တစ်ဖက်မှ ကျွန်တော့်ကို စိုးရိမ်တကြီး တွဲခေါ်လာ သည်။ တစ်ခါတစ်ရံ သူသည် ကျွန်တော့်ရှေ့သွားပြီး ကျွန်တော့်အား သူ့ ကို လှမ်းကိုင်စေသည်။ တစ်ခါတရံ သူက ဘေးကလိုက်ပြီး သူ့ပခုံးကို စေသည်။

"ရပါတယ်။ ကျွန်တော့်ဘာသာ ကျွန်တော် နောက်က အသာလိုက်ခဲ့ မယ်"

ကျွန်တော်က ပြောသည့်အတိုင်း သူတို့က လက်မခံပါ။ ကျွန်တော့်ကို က အသွားမခံပါ။ ကျွန်တော်က ရှေ့ရောက်သွားသည်နှင့် ကော်မတီ ကြီးတစ်ယောက်ယောက်က ကျွန်တော့်ရှေ့သို့ တက်လာပြီး သူက ရှေ့ ဆောင်ပါသည်။ တစ်ခါတစ်ရံတွင်လည်း ကျွန်တော့်ဘေးက လိုက်ပါ၊ ဘာပြီး ကျွန်တော့်ကို ချိုင့်ထဲကျင်းထဲသို့ မကျစေရန် တွဲပါသည်။ တစ်နေရာတွင် ကျွန်တော်သည် လက်ကန်သင်းရိုး နိမ့်နိမ့်ကလေးကို မမြင်မိဘဲ ခလုတ် တိုက်၍ လဲတော့မည်ကဲ့သို့ ဖြစ်သွားပါသည်။ ကော်မတီဝင်တစ်ဦးက ကျွန်တော့်ကို ဖမ်းဆွဲထားလိုက်သဖြင့် မြေကြီးပေါ်သို့ ဝမ်းလျားထိုး မလဲကျ ဖြစ်သည်။

"ဆရာတို့ကို အားနာလိုက်တာ ဆရာရယ်။ ကျွန်တော်တို့ရွာက မီးလည်း လမ်းကလည်း မကောင်း၊ ဒီကြားထဲမှာ ကျွန်တော်တို့လုပ်တဲ့ စာဆို ပွဲက လယ်ကွင်းထဲမှာဆိုတော့ သွားရလာရတာ ပိုဆိုးတာပေါ့"

တစ်ယောက်က ပြောသည်။

"ရပါတယ်။ ကျွန်တော်တို့မှာ ဒီလို အတွေ့အကြုံမျိုးတွေ အများကြီး ခင်ဗျားတို့ရွာကမှ စင်မြင့်တွေ ဘာတွေ ရှိသေးတယ်။ နားထောင်ယ့်



www.burmeseclassic.com

www.burmeseclassic.com



အလယ်တန်းတို့၊ တွဲဖက်အထက်တန်းတို့၊ ဝန်ထမ်းတို့ ဘာတို့ရှိသေးတယ်။ တချို့ တောရွာကလေးတွေမှာဆိုရင် နားထောင်မယ့်သူကလည်း ကျေးလက်က လယ်သမား၊ တချို့က ကျွန်တော်တို့စာတွေကို ဖတ်ဖူးဖို့မပြောနဲ့၊ နာမည်တောင် ကြားဖူးတာ မဟုတ်ဘူး။ စာလည်း မဖတ်တတ်ဘူး။ စင်မြင့်ထိုးစရာ ပစ္စည်းတို့၊ ရန်ပုံငွေတို့ မရှိလို့ စင်မြင့်တောင် မထိုးနိုင်ဘူး။ ကောက်လှိုင်းရိုက်တဲ့ စင်ကလေးရှိတယ် မဟုတ်လား။ လေးတိုင်စင် ကလေးလေ။ ဘုန်းကြီးကျောင်းက အောက်လင်းဓာတ်မီးကို ငှားထွန်းပြီး လေးတိုင်စင်ပေါ်မှာပဲ ဟောကြရတယ်"

သူတို့က သဘောကျ၍ ရယ်သည်။

"မရယ်နဲ့ တကယ်ပြောတာ"

"ကျေးလက်ဆိုတော့ ကျေးလက်ပရိသတ်နားလည်အောင် ပြောရမှာပေါ့နော်"

"ဒါပေါ့ သူတို့ကိုတော့ ပုံပြင်လို ပြောရတာပေါ့။ ရွှေယုန်ရွှေကျားဟာဆိုတဲ့ပုံမျိုးဟာ ဝတ္ထုရဲ့ အစဖြစ်တယ်ဆိုတဲ့အကြောင်း၊ ရွှေယုန်နဲ့ ရွှေကျားနေရာမှာ လူတွေကို အစားထိုးလိုက်တာဖြစ်တဲ့အကြောင်းတို့၊ နိပါတ်တော်ထဲက ဝတ္ထုကြောင်းတို့၊ နိပါတ်တော်မှာ၊ ဇာတကတွေမှာ၊ မြန်မာနောက်ပိုင်းဇာတ်တွေမှာ မင်းသား၊ မင်းသမီးနဲ့ လူကြမ်းတို့၊ ကုန်းချောတဲ့ကောင်တို့ပါသလို ဝတ္ထုတွေထဲမှာလည်း အဲဒီလို ဇာတ်ဆောင်တွေ ပါတဲ့အကြောင်းတို့၊ ပဒုမပေါင်တိုအကြောင်းတို့၊ မဟာဝေဿန္တရာဇာတ်အကြောင်းတို့ စသဖြင့် ဇာတကတွေကိုလည်း ပြောပြရတာပေါ့။ ကွက်စိပ်ဆရာ မဖြစ်ရုံ တမည်သာ ကျန်တော့တယ်"

သူတို့က ရယ်ကြပြန်သည်။

ကျွန်တော်တို့ရှေ့ ခပ်လှမ်းလှမ်းမှ လက်နှိပ်ဓာတ်မီးနှင့် သွားနှင့်နေသူ တစ်ဦးက ရှေ့တွင် တစိုက်စိုက်သွားနေရာမှ ရပ်သွားပြီး မြေကြီးကို လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးနေသည်။

"ဘာတဲ့လဲ"

ကျွန်တော်တို့နှင့်အတူ ပါလာသော ကော်မတီလူကြီးတစ်ယောက်က မေးသည်။

"ဘာမှ မဟုတ်ပါဘူး"

ရှေ့မှ လက်နှိပ်ဓာတ်မီးနှင့် သွားနေသူသည် ဆက်သွားသည်။

"ဟောဟိုက ဓာတ်မီး၊ အောက်လင်းဓာတ်မီး၊ မီးချောင်းထွန်းထားတာ ဆရာဝန်ကလေးရဲ့ ဆေးခန်းပဲ ဆရာ"

"အံမယ် ... မီးမရဘူးသာဆိုတယ်။ ဆရာဝန်ကလေးရဲ့ ဆေးခန်းမှာတော့ မီးချောင်းတွေ ထိန်လို့ပါလား"

"ဒီလျှပ်စစ်က ဘယ်က ရတာလဲ"

"ဘတ်ထရီနဲ့ ထွန်းထားတဲ့ ကိုယ်ပိုင်မီးချောင်းလေ ဆရာရဲ့။ ကျွန်တော်တို့တောတွေမှာတော့ အရေးရှိရင် ဒီလိုပဲ ဘတ်ထရီနဲ့ ထွန်းရတာပဲ။ ဆီးနည်းပါးပါးတော့ သုံးလို့ ရပါတယ်"

ကျွန်တော်တို့သည် လယ်ကွင်းများထဲမှ ပေတစ်ရာပေါ်သို့ တက်မိကြသည်။ ပေတစ်ရာဆိုသော်လည်း ကတ္တရာစေးလမ်း၊ ကျောက်လမ်းမဟုတ်ပါ။ မြေတာရိုးကို မြေဖို့ထားသည့် မြေလမ်းသာ ဖြစ်ပါသည်။

"ဆရာ့ကို သတိထားပြီး တွဲခေါ်ဟေ့။ အောက်ကိုလည်း လက်နှိပ်ဓာတ်မီးလေးဘာလေး ထိုးပြကြဦး။ ချိုင့်တွေ ကျင်းတွေထဲ ကျနေမယ်"

"ဆရာဝန်ကလေးက စာဆိုတော် ဟောပြောပွဲကို နားမထောင်လိုက်ရလို့ နည်းနည်း စိတ်မကောင်းဖြစ်နေတယ်။ သူ့ခမျာ ဒီပွဲဖြစ်အောင် သူကိုယ်တိုင်လည်း ပိုက်ဆံစိုက်၊ ရန်ပုံငွေလည်း လိုက်ရှာ၊ ပြီးတော့ ဘယ်စာရေးဆရာကို ဖိတ်သင့်တယ်ဆိုတာ သူပဲ အကြံပေး၊ ညှိခံရေးကိစ္စကစပြီး သူ တာဝန်ယူလုပ်တာ။ ခုတော့ စာဆိုတော်ပွဲကို နားမထောင်လိုက်ရဘူး"

"ဒါက လူမမာက အရေးကြီးနေတာကိုး"

တစ်ယောက်က ပြောသည်။

"ဆရာဝန်ကတော်ကလေးကလည်း တော်တော် နားထောင်ချင်ရှာတာ။ သူ ရန်ကုန်မှာနေတုန်းက ဘယ်ဟောပြောပွဲမှ မရောက်ဖူးဘူးတဲ့။ ခု ဒီရွာ ရောက်မှ ဟောပြောပွဲကို နားထောင်ရတော့မယ်ဆိုပြီး ဝမ်းသာနေတာ။ သူလည်း နားမထောင်လိုက်ရဘူးပေါ့"







www.burmeseclassic.com

www.burmeseclassic.com



"သူကကော ဘာဖြစ်လို့ နားမထောင်လိုက်ရတာလဲ"

"သူတို့ ဆရာဝန်လေးမှာ အကူအညီတစ်ယောက်မှ မရှိဘူး မဟုတ်လား"

"သူကလည်း ဆရာဝန်ပဲ မဟုတ်လား"

"ဟုတ်တယ်လေ။ သူတို့နှစ်ယောက်စလုံး ဆရာဝန်တွေချည်း... ဆရာဝန်လေးကို သူ့မိဘတွေက စက်သူဌေးတစ်ယောက်ရဲ့ သမီးနဲ့ ပေးစား... ချင်တယ်။ မိုးကုတ်က သိန်းပေါင်းများစွာ ချမ်းသာတဲ့ သူဌေးသ... တစ်ယောက်နဲ့ ပေးစားချင်တယ်။ နှစ်ယောက်စလုံးက မိဘပေးစားတာ... လက်မခံဘဲ သူတို့သဘောနဲ့သူတို့ လက်ထပ်ခဲ့ကြတာတဲ့။ နှစ်ဖက်စလုံး... မိဘတွေက သူတို့ကို အမွေပြတ် ကြော်ငြာထားတယ်တဲ့"

"သူတို့က ဘာဖြစ်လို့ ဒီရွာကို ရောက်လာတာလဲ"

ကျွန်တော်က မေးသည်။

"ကျွန်တော်တို့ကျေးရွာ သမဝါယမက ဆရာဝန်ခေါ်တော့ ဆရာ... မကလေးကို ခန့်တယ်လေ။ ဆရာမကလေးက သမဝါယမဆေးခန်းလု... တော့ ဆရာလေးကလည်း သူ့ကိုယ်ပိုင် ဆေးခန်းကလေးတစ်ခုထောင်ပြီး... ဒီမှာ လာနေတာပေါ့။ ခုတော့ ဆရာဝန်ကလေးရော၊ ဆရာဝန်မကလေး... ဟန်ကျပါတယ်။ အနီးအနားက ရွာတွေကိုဆိုရင်လည်း သူတို့ပဲ လိုက်ကုပေး... တယ်။ ပိုက်ဆံမရှိတဲ့သူဆိုရင် ဆင်းရဲချမ်းသာ မခွဲဘူး။ လိုက်ကုပေးတယ်... ပိုက်ဆံ မတတ်နိုင်ရင်လည်း အလကားကုပေးတယ်။ ပိုက်ဆံပေးရင်လည်း... ပေးသလောက်ပဲ ယူတယ်။ သွားခေါ်ရင်လည်း အချိန်မရွေး ထလိုက်တာပဲ... ညလာနှိုးရင် ညထလိုက်လာတာပဲ။ ထမင်းစားတုန်း သွားခေါ်ရင်လည်း... အရေးကြီးရင် ကြီးသလို လက်ဆေးပြီး ထလိုက်လာတာပဲ။ ကျွန်တော်တို့... အဖို့ ဒီလို ဆရာဝန်မောင်နှံ ရောက်လာတာ သိပ်ဟန်ကျတာပဲ။ ကျန်း... ရေးဘက်က ကြည့်ကြည့်၊ ပညာရေးဘက်က ကြည့်ကြည့်၊ လူမှုရေးဘက်... ကြည့်ကြည့် ခုလို စာဆိုတော်ဟောပြောပွဲတွေဖြစ်တာ သူတို့ လင်မယား... ကြောင့်ပေါ့"

ကျွန်တော်သည် ဆရာဝန်လေးတို့ လင်မယား၏ ကောင်းသတင်း...





...လိုက်ရသဖြင့် ရင်ထဲမှာ ကြည်နူးသွားသည်။

"သာဓုဗျာ။ သာဓု ... သာဓု။ ကျွန်တော်တို့တိုင်းပြည်မှာ ဒီလို ...တော်ရှိတဲ့ ဆရာဝန်လူငယ်တွေ များများ ထွန်းကားပါစေ"

"ဒါပေမယ့် ဆရာရေ၊ ဆရာ စောစောက ပြောသွားတဲ့ ဝတ္ထုသဘော ...ထဲကလိုပဲ လောကမှာ ဘယ်လိုပဲ စိတ်ကောင်းရှိပေမယ့် စိတ်ဆိုးရှိတဲ့ ...တွေကတော့ ရှိမြဲပဲ"

"ဒါပေါ့ အလင်းရှိရင် အမှောင်ရှိတာပေါ့"

"ဆရာဝန်ကလေးတို့ လင်မယား ရောက်လာတော့ ကျွန်တော်တို့က ...ကြတာ။ စိတ်ညစ်တဲ့ သူတွေလည်း ရှိသေးတယ်ခင်ဗျ"

"ဟုတ်လား ... ဘယ်လိုလူတွေလဲ"

"ဘယ်လိုလူတွေရမှာလဲ။ ဒေါက်တာရမ်းကုတွေပေါ့။ အဲဒီ ဒေါက်တာ ...တွေက ဟိုတုန်းကတော့ တောသူတောင်သားတွေကို မိုးရေထိုးပေးပြီး ...တောင်းကြ၊ ခေါင်းကိုက်ပျောက်ဆေးတစ်ပြားကိုလည်း မတရားသဖြင့် ...ယူကြလုပ်ပြီး စီးပွားလမ်း ဖြောင့်ခဲ့ကြတယ်။ တချို့ဆိုရင် တစ်ရွာမှာ ...ယ်တစ်ယောက်၊ ဘိုင်စကယ်တစ်စီး၊ သွပ်မိုးအိမ်တစ်ဆောင်နဲ့ အကြီး ...ယ် ထောနေကြတာပေါ့။ ဒါပေမဲ့ ဆရာလေးတို့ လင်မယား ရောက် ...တော့ သူတို့လည်း သိပ်မစားသာဘူးပေါ့။ ဒီတွင် တချို့ ဒေါက်တာ ...က ဆရာလေးက ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ ဆရာမလေးက ...တွေကို ဘယ်လိုသုံးတယ်စသဖြင့် ပစ်စာတွေနဲ့ အထက်ကို ပစ်စာ ...ပေါ့ ဆရာရယ်"

"ဟုတ်လား။ ဒါကတော့ သက်သက်မဲ့ သူတစ်ပါးကို ဒုက္ခရောက် ...ောင် လုပ်တာပေါ့"

"ဒါတင် ဘယ်ကမလဲ ဆရာ။ ဒီလို ပစ်စာတွေ ဘာတွေပေးလို့ ... အရာမရောက်တဲ့အခါကျတော့ ဆရာလေးကို ရန်ရှာလာတယ်လေ"

"ဟုတ်လား။ ဘယ်လို ရန်ရှာတာလဲ"

"တစ်ခါတော့ ဆရာလေးတို့ လင်မယား မီးမဖွားနိုင်တဲ့ လူနာတစ်ဦး ... တခြားရွာတစ်ရွာကို ညကြီးမင်းကြီး လိုက်သွားကြတယ်။ ဟိုရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကလေးကို မီးဖွားပေးပြီး ပြန်လာတော့ လမ်းမှာ ဆရာလေး... ဆီးရိုက်တယ်လေ။ ဒီကောင်တွေက မူးမူးရူးရူး၊ သူတို့ တပည့်တွေကို အ... တိုက်ပြီး အရိုက်ခိုင်းတာ။ တပည့်တွေကလည်း တော်တော်ဟုတ်တဲ့... တွေ။ အရက်ကို မူးအောင်သောက်ပြီး ကြောက်ကြောက်နဲ့ရဲဆေးတင်... ကြပါရဲ့။ ဒါပေမဲ့ မူးနေတော့ ဆရာလေးက တစ်ချက်၊ နှစ်ချက် ... လိုက်ရင်ပဲ ခွေလဲပြီး ထပြေးကုန်ကြတယ်။ ဆရာလေးတို့ကို လိုက်မို... ရွာသားတွေ မီလာပြီး အဲဒီကောင်တွေကို ဖမ်းပြီး ရဲကို သွားအပ်တော့... သူတို့ကို ဘယ်သူက ခိုင်းတယ်ဆိုတာ ဝန်ခံကြတယ်။ နောက်တော့ သူ... ရော၊ သူတို့ဆရာ ဒေါက်တာရမ်းကုတွေရော ထောင်ကျသွားကြတ... ဒီရွာမှာလည်း မနေရဲကြတော့ဘူးလေ"

"ဟော ... ဆရာကတော်တော့ အပြင်ထွက်မျှော်နေပြီ"

"ဆရာကတော်နာမည်က လှတယ်နော်"

"ဟုတ်တယ်။ ဒေါက်တာကေခိုင်တဲ့။ ဆရာဝန်ကလေးရဲ့ နာမည်... တော့ ဒေါက်တာရဲခိုင်တဲ့"

"နှစ်ယောက်စလုံး ခိုင်ချည်းပဲပေါ့"

"ဟုတ်တယ် ဟုတ်တယ်။ ဒေါက်တာ ရဲခိုင်နဲ့ ဒေါက်တာကေခိုင်..."

"ခုန သူငယ်ကလေးရဲ့ နာမည်ကကော"

"ဖိုးတုတ်တဲ့"

"တကယ့် ကျေးလက်ပီသတဲ့ နာမည်ပဲ"ဟု ကျွန်တော်တို့အထဲ... တစ်ယောက်က ပြောသည်။

ကျွန်တော်တို့သည် ကေခိုင်က ဖိတ်ခေါ်ရာသို့ လိုက်လာခဲ့ကြသည်... ကေခိုင်က ကျွန်တော် ကြည့်ချင်သည်ဆိုသည့် လူမမာဖိုးတုတ်ကို ပြသ...

"ကိုရဲခိုင်ကတော့ ရေချိုးနေတယ် ဆရာ"

"အမယ်လေး။ ဒီလောက် အေးရတဲ့အထဲမှာ"

"ရေနွေးနဲ့ စပ်ပေးထားပါတယ်"

ကေခိုင်က ခန်းဆီးကာထားသော ကြေးကွင်းကလေးတွေ တင်... သည့် ခန်းဆီးကို ဘေးသို့ ဆွဲဖယ်လိုက်သည်။ အထဲတွင် လူနာခုတင်တစ်...

...တင်ပေါ်တွင် အသက်နှစ်ဆယ်တဝိုက်လောက်မှာ ရှိဦးမည့် လူနာ ဖိုးတုတ်။ တကယ့် ကျေးလက်က လူငယ်ကလေး ဆံပင်တို့က ခေတ်လူငယ်ပီပီ ...ခေတ် လူငယ်များထုံးစံ ဆံပင်က အရှည် ...။ သူ့ကုပ်က ဆံပင်များ ...ည် ခေါင်းအုံးဖြူဖြူပေါ်တွင် ပုံကျနေသည်။ ရှေ့ဆံပင်များက နဖူးပေါ်သို့ ...ရိုင်းဖွာကျလျက်။ ဖိုးတုတ်သည် အညှိုစား ဇင်စဖြင့် ချုပ်ထားသည့် ...အင်္ကျီ အဟောင်းကလေးတစ်ထည်ကို ဝတ်ထားသည်။ ထိုဂျင်းအင်္ကျီ ...အက်တွင် ခပ်ညစ်ညစ် စွပ်ကျယ်အင်္ကျီကလေးတစ်ထည် ဝတ်ထားပြီး ...အောင် အရောင်လွင့်စ ပြုနေသော နှစ်ခြောက်ဆယ် ကချင်လုံချည် ...ကလေးကို ဝတ်ထားသည်။ ကချင်လုံချည် အတုကလေးက အဖြူရောင် ...နေပြီ။

ကျွန်တော်သည် လူနာခုတင်ပေါ်တွင် အသက်ရှုမှန်မှန်ဖြင့် အိပ်ပျော် ...သည့် ဖိုးတုတ်ကို ငေးကြည့်နေမိသည်။ တကယ့် ကျေးလက် လူငယ် ...လေး။ သူ့အနီးတွင် ဓားရှည် ကိုင်းခုတ်ဓားတစ်လက်က ထောင်လျက်။ ...ပ်ကောင်းစင်သည့် အရွယ်ကလေး။ ဘာရှိဦးမည်နည်း။ အလွန်ရှိလှမှ ...ယ်ပေါ့။ အလုပ်ကြမ်းဒဏ်၊ ဘဝဒဏ်တို့ကြောင့် ရင့်ရော်နေသည့်အထဲမှ ...သော မျက်နှာကလေးကို သတိထားလိုက်မိသည်။ မျက်နှာကောင်း၊ ...နံကောင်း၊ နှာတံပေါ်၊ မေးရိုးကားကားနှင့်။

"ကေခိုင်ရေ။ ကိုယ်လည်း မောပြီ။ ဆရာတို့လည်း မောပြီ။ မင်း ...ထားတဲ့ ဘရန်ဒီကလေးချကွာ။ ပြီးတော့ လယ်ကြွက်ကြော်ကလေးရော ... ဆရာရေ ... ကျွန်တော်တို့အကြောင်းကို ဝတ္ထုရေးမလို့ဆို။ ကျွန်တော် ...အကြောင်းကို မရေးနဲ့ ဆရာရေ။ ကျွန်တော်တို့အကြောင်းက ဘာမှ ...လောက်ဘူး။ ဖိုးတုတ်အကြောင်းကိုရေး။ သူကမှ တကယ့်ဇာတ်လိုက်"

...ကိုရဲခိုင်က အင်္ကျီအနွေးထည်ကို အမြန်ကောက်ဝတ်ပြီး စားပွဲတွင် ...ကေခိုင်လာချပေးသည့် ဘရန်ဒီခွက်ကို ကောက်ကိုင်သည်။

"ချီးယား ... ဆရာ"

"ဒီနေ့ည ဆရာတို့ ဟောပြောပွဲကို နားထောင်ချင်ပေမယ့် မထောင် ...ရလို့ စိတ်မကောင်းပေမယ့် ကောင်းမှုတစ်ခု လုပ်လိုက်ရလို့ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆရာ”

ကေနိုင်က ဝင်ပြောသည်။

“ဒီကောင်လေးက ဆရာတို့ပွဲကို လာတာ ဆရာ။ ဆရာ့ပရိတ်သ
ဆရာ့ရဲ့ ဓားတောင်ထဲက သံချောင်းရဲ့ ပရိတ်သတ်။ သူကလည်း သံချော
လို အဖေအမေမရှိဘူး။ အဲ ... သူ့မှာ ဆွေမျိုးတော့ ရှိတယ်။ ကြီးေ
တစ်ယောက် ရှိတယ်။ ကြီးတော် မုဆိုးမရဲ့ ကိုင်းထဲမှာ လုပ်နေ
ကျောင်းကတော့ လေးတန်းလောက်ပဲ တက်မှာပေါ့ ဆရာ။ ဒီကော
စာသိပ်ဖတ်တယ်။ ကျွန်တော့်ဆီက ဆရာတို့ ဝတ္ထုတွေဘာတွေကို
ဖတ်တယ်။ မဂ္ဂဇင်းတွေလည်း ယူဖတ်တယ်။ ဒီနေ့တော့ ဆရာတို့ လာမ
လို့ ဒီကောင်က အိမ်ကို မပြန်တော့ဘဲ ကိုင်းထဲကနေ စာဆို
ဟောပြောပွဲကို တန်းလာတာ။ ကိုင်းထဲကတက်ပြီး ကမ်းနားရောက်
ညနေ မှောင်စပျိုးနေပြီ။ ဒီတုန်းက သူက စာဆိုဟောပြောပွဲကို သွားမယ်
ပြီး၊ သူ့သူငယ်ချင်းကတော့ အိမ်ပြန်ဦးမယ်ဆိုပြီး ပြန်သွားတယ်။ သူက
စာဆိုတော်ပွဲကို သွားမယ်ဆိုပြီး လမ်းအခွဲမှာ လှည်းလမ်းထဲက ဖုန်လူး
အကောင်နဲ့ သွားတွေ့တယ်။ သူက အရှောင်လိုက်မှာ အကောင်က
ဖမ်းပေါက်လိုက်တယ်။ သူ့ခြေမျက်စိကို ထိသွားတယ်။ ဒီတင် သူ့မှာပါလာ
ကိုင်းခုတ်ဓားနဲ့ အကောင်ကို ခေါင်းဖြတ်ပြီး ပါးစပ်နဲ့ ကိုက်လာတ
ကျွန်တော့်လာခေါ်တဲ့ သူ့သူငယ်ချင်းက ကျွန်တော့် ဆေးခန်းကို လို
ပြီး ကျွန်တော့် လာခေါ်တယ်။ ကျွန်တော့် ဆေးခန်းရောက်သွား
ဖိုးတုတ်ရယ် မျက်နှာတစ်ချက်မှ မပျက်ဘူးဆရာ။ တော်တော် သတ္တိ
တဲ့ကောင်။ လက်က ကိုင်းခုတ်တဲ့ဓားကို ကိုင်ထားတယ်။ ပါးစပ်က မြွေ
အသေကောင်ကို ကိုက်ထားတယ်။ ကိုယ့်ပေါက်တဲ့အကောင်ကို ပါးစ
ကိုက်ထားရင် အဆိပ်မတက်ဘူးလို့ အယူရှိကြတယ်လေ။ သူက ပြော
သေးတယ် ဆရာ။ ကျွန်တော် ဟောပြောပွဲ နားမထောင်လိုက်ရတာ
မကောင်းဘူး ဆရာ။ ပိုးထိတာကတော့ မနက်ဆိုရင် ကောင်းသွားမှာ
သံချောင်းအကြောင်းကို ကျွန်တော် သိပ်သိချင်တာလို့ ပြောလိုက်သေး
အံ့ရော။





သတ္တိကောင်းတာတော့ မပြောနဲ့။ နောက် အိပ်ဆေးထိုးပေးလို့ အိပ်
ပျော်သွားသည်အထိ တစ်ချက်မှ သတိမလွတ်ဘူး။ ဆရာတို့ဟောပြောပွဲက
အသံကို နားထောင်နေသေးတယ်။ အသံချဲ့စက်က ဒီအတိုင်း ကြားနေရတာ
ကိုး။ ဆရာက ဝတ္ထုတွေအကြောင်း ပြောတော့ ဘယ်ဝတ္ထုကို ကျွန်တော်
ဖတ်ဖူးတာပေါ့။ အဲဒီဝတ္ထုက ဇာတ်လိုက် ဘယ်သူကပေါ့ဆိုပြီး ပြောနေလိုက်
သေးတယ်။

ကျွန်တော်တို့ ကျေးလက်မှာလည်း ဒီလို စာဖတ်တဲ့ လူငယ်ကလေးတွေ
ရှိပါတယ် ဆရာရဲ့။ ကျွန်တော်တို့ရဲ့ အချစ်ဇာတ်လမ်းကို ရေးတာထက်
ဖိုးတုတ်တို့လို ကျေးလက်က လူငယ်ကလေးတွေရဲ့ ဘဝဇာတ်လမ်းကို ရေး
တာက ပိုပြီး မကောင်းဘူးလား”

ခုတင်ပေါ်တွင် အိပ်ပျော်နေသော ဖိုးတုတ်၊ ကျေးလက် လူငယ်နှင့်
ကျွန်တော်တို့ဝိုင်းတွင်ထိုင်နေသည့် မြို့ပြလူငယ် ကိုရဲနိုင်နှင့် ကေနိုင်တို့
အကြောင်း ကျွန်တော် စဉ်းစားနေသည်။

ထိုညက မနက်လင်းအားကြီး သုံးနာရီလောက်ကျမှ ကျွန်တော်တို့
ရေစုခွဲကြသည်။

အပြန်လမ်းတွင် ကျွန်တော်တို့ရှေ့မှ လူငယ်တစ်ယောက်က လက်နှိပ်
ဓာတ်မီးဖြင့် မြေကြီးကို ထိုးပြသွားပြီး ကျွန်တော့်ရှေ့မှ လူတစ်ယောက်က
ကျွန်တော့်ကို လက်တွဲခေါ်သွားသည်။

(ကလျာမဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၂)

* * *

www.burmeseclassic.com

www.burmeseclassic.com

# အဝေးပြေးကားကြီးပေါ်က အချစ်နှင့်

## သူ၏ကိုကို

# အဝေးပြေးကားကြီးပေါ်က အချစ်နှင့်

## သူ၏ကိုကို

မကွေးတိုင်း သမဝါယမမှ မော်တော်ကားကြီးသည် မနက် ငါးနာရီ [illegible]တွင် ဆင်မလိုက်အဝေးပြေးဂိတ်မှ ထွက်သည်။ ကျွန်တော်နှင့် ကျွန်တော့် [illegible]ဆွေတို့ ရောက်သွားသည့်အချိန်တွင် မော်တော်ကားကြီးသည် ဘီး [illegible]နေလေပြီ။ အမှန်ကတော့ ကျွန်တော်တို့သည် အဝေးပြေးဂိတ်သို့ အချိန်မီ ရောက်ခဲ့ကြပါသည်။ သို့ရာတွင် သည်လောက်များပြားလှသော [illegible]မာတစ်ပြည်လုံးမှ မော်တော်ကားဂိတ်များကို လိုက်ရှာနေရသဖြင့် အချိန် အတော်ကြာသွားခြင်းဖြစ်ပါ၏။ ကျွန်တော်တို့ ဆင်မလိုက်ဂိတ်သို့ ရောက် သည့်အချိန်မှာ လေးနာရီမိနစ်လေးဆယ်ဖြစ်ရာ မော်တော်ကားထွက်ဖို့ မိနစ် [illegible]ဆယ်လုံးလုံး အချိန်ပိုနေသေးသည်။ ယခုတော့ ကားဂိတ်ကို လိုက်ရှာနေ [illegible]ဖြင့် မိနစ်နှစ်ဆယ် အချိန်ကုန်သွားသည်။ နောက်ဆုံး ကားဂိတ်မှာ [illegible]လိမ့်စပြုနေသော မော်တော်ကားကြီးကို မြင်လိုက်သဖြင့် အပြေးအလွှား [illegible]ောက်လာပြီး လက်တားကာ ကားပေါ်သို့ ဒရောသောပါး တက်ခဲ့ရသည်။ မော်တော်ကားဂိတ်တွင် သွားအိပ်နိုင်လျှင်အိပ်၊ သို့မဟုတ်လျှင် စောစော



www.burmeseclassic.com

www.burmeseclassic.com



စီးစီး ကြိုရောက်လျှင်ရောက် သို့မဟုတ်လျှင် မသွားခင်ကြို၍ ကားဂိတ် သွားကြည့်၊ သို့မဟုတ်လျှင်မူ မနက်လေးနာရီ အချိန်အတွင်းတွင် ခရီး မှ ကားဂိတ်ကို လာစီးရသူအဖို့ ကားဂိတ်ကို ရှာရသည်မှာ မလွယ်။ ရစ်ခဲ့ဖို့သာ ပြင်ပေတော့။

မော်တော်ကားပေါ်သို့ အထုပ်အပိုးတွေ ကိုယ်စီဖြင့် ကျွန်တော် နှစ်ယောက် တက်လာသည့်အခါတွင် ကားပေါ်ရှိ မအိပ်ချင်သေးသေ မျက်လုံးအစုံတို့သည် ကျွန်တော်တို့နှစ်ယောက်ဆီသို့ ရောက်လာကြသည် နိုင်ငံတော်၏ တာဝန်ကို အရေးတကြီး ထမ်းဆောင်နေရသူတစ်ဦးဟု သူ့ကို သူ ယူဆထားဟန် ရှိသည့် ပုဂ္ဂိုလ်တစ်ဦးမှအပ အခြား မည်သူ ဘာမျှ မပြောကြပါ။ ထိုပုဂ္ဂိုလ်ကမူ ကျွန်တော်တို့ကို စည်းကမ်းမရှိသေ ကောင်းလား၊ အချိန်တန်ဖိုးကို မသိရကောင်းလား၊ ခရီးသွားများကို အားမ ရကောင်းလားဟု သွယ်ဝိုက်စောင်းမြောင်း၍ ပြစ်တင်မောင်းမဲနေသည်

ကျွန်တော်တို့နှစ်ယောက် ဘာမျှ ပြန်မပြောကြပါ။ မကြားချင်ယော ဆောင်၍သာ နေလိုက်ကြပါသည်။ ကိုယ့်အပြစ်နှင့်ကိုယ်ကိုး။ ခံရမှာပေ့

ကားသည် ဆင်မလိုက်မှ လှည်းတန်းသို့ ထွက်သည်။ ထို့နောက် အင်းစိန်လမ်းသို့ ချိုးသည်။ ကျွန်တော်တို့သည် တအိအိသွားနေသေ မော်တော်ကားပေါ်တွင် အထုပ်အပိုးတွေကို နေရာချကြရသည်။ ကိုယ့်နေ ကို ရှာရသည်။ အထုပ်အပိုးတချို့ကို စင်ပေါ်သို့ တင်သည်။ တချို့ ထိုခုံကြားထဲသို့ ချသည်။ သို့ကလို နေရာချပြီးမှ အလယ်ခုံတန်းကြား ထိုင်နေကြသည့် ခရီးသွားတို့ကို "ကန်တော့"ကာ ကျွန်တော်တို့ ခုံရှိရာ ကျော်လွှားလာခဲ့ကြရသည်။ ကိုယ့်ခုံသို့ရောက်မှ ကိုယ့်နေရာ တစ်နေ စာကလေးတွေ ကျပ်ကျပ်တည်းတည်း ထိုင်ကြရသည်။

မော်တော်ကားထဲက မီးရောင်မှိန်မှိန်ထဲတွင် ဘာကိုမျှ သဲသဲကွဲ မမြင်ရ။ ရေးရေးရိပ်ရိပ်သာ မြင်ရသည်။ တိုက်ကြီးကို ကျော်လာသ အခါတွင်မူ အလင်းရောင်သည် မော်တော်ကား မှန်ပြတင်းများကို ဟပ်နေလေသည်။ ပဲခူးရိုးမအစွယ် တောရိပ်များပေါ်မှ နေခြည်သ လယ်ကွင်းများ၊ ကားလမ်းဘေးမှ သစ်ပင်များနှင့် မော်တော်ကား လမ်း





းကျလာသည်။

ထိုအခါကျမှ ကျွန်တော့်ရှေ့ ခုံတန်းမှလိုက်လာသော အတွဲတစ်တွဲကို တော် သဲသဲကွဲကွဲ မြင်ရသည်။ ခပ်စောစောတုန်းကတော့ သူတို့ဆီမှ တစ်ယောက်ကိုတစ်ယောက် ယုယကြင်နာသံ၊ မူနွဲ့သံ၊ ကူညွဲသံတို့ကို ကြားရသည်။ ပုံသဏ္ဌာန်ကို ထင်ထင်ရှားရှား မမြင်ရ။ ဆံပင်ရှည်ရှည် ကောင်လေးတစ်ယောက်နှင့် ဆံပင်ရှည်ရှည်နှင့်ကောင်မလေးတစ်ယောက် တစ်ယောက်လည်ပင်းကိုတစ်ယောက်ဖက်ကာ တစ်ယောက်ဘက်ကို ယောက် ခေါင်းစောင်းနေသည့်သဏ္ဌာန်ကိုသာ မြင်ရသည်။ အရိပ်ပြပွဲ ကို ကြည့်ရသလိုပါပဲ။

အမတော့ မှုန်ရီရီထဲမှာမို့ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် နေကြခြင်း ဖြစ်သည်ဟု ကျွန်တော် ထင်သည်။ တစ်ယောက် င်းကို တစ်ယောက်ဖက်နေကြခြင်းလည်း ဖြစ်သည်ဟု ကျွန်တော် သည်။ သို့ရာတွင် မဟုတ်ပါ။

ယခု နေရောင်လင်းဝင်းကာ လင်းလင်းကျင်းကျင်း ဖြစ်လာသည့်အခါ ည်း သူတို့နှစ်ယောက်သည် တစ်ယောက်လည်ပင်းကို တစ်ယောက် ကြဆဲ။ တစ်ယောက်ကိုတစ်ယောက် အစာခွံ့နေကြဆဲ။ ကောင်လေးက စ်တစ်ချပ်ကိုယူပြီး ကောင်မလေး ပါးစပ်သို့ ခွံ့သည်။ ကောင်မလေးက က်ကိုက်သည်။ ပြီးတော့မှ ကောင်လေးက တစ်ကိုက်ကိုက်သည်။ င်မလေးက ဓာတ်ဘူးထဲက ငှဲ့ထားသည့် ကော်ဖီကို ကောင်လေး သို့တေ့ပြီး တိုက်သည်။ ပြီးတော့မှ သူသောက်သည်။ ကောင်လေး၏ တွင်ပေနေသည့် မုန့်အစအနတွေကို သူ့လက်ထဲက လက်ကိုင်ပုဝါကို သုတ်ပေးပြန်သည်။ ထို့နောက် သူတို့နှစ်ယောက် သဘောကျပြီး ကြသည်။ နေပွင့်လာ၍ သူတို့ဘေးက တံခါးပေါက်ကို ဖွင့်လိုက်သော လေက ခပ်ကြမ်းကြမ်းတိုက်လာသည်။ ထိုအခါတွင် ကောင်မလေး၏ များသည် နဖူးပေါ်၊ မျက်လုံးပေါ်သို့ ဝဲကျလာသည်။ ကောင်လေးက င်မလေး၏ နဖူးပေါ်သို့ ဝဲကျနေသော ဆံနွယ်စတို့ကို လက်ဖြင့် ပေးသည်။ စကားတွေ တတွတ်တွတ် ပြောကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် တစ်ယောက်ကိုတစ်ယောက် ယုယကြင်နာနေကြ[...] သူတို့နှစ်ယောက်ကိုကြည့်၍ လိုက်လာသည်။ ကျွန်တော်တင် မကပါ။ [...] အနားတဝိုက်က လူတွေကလည်း သူတို့နှစ်ယောက် ယုယ ကြင်နာ[...] ကြည့်၍ လိုက်လာကြပါသည်။

သူတို့နှစ်ယောက်သည် အသက် ဘာရှိဦးမည်နည်း။ ကောင်[...] အလွန်ဆုံးရှိမှ အသက်နှစ်ဆယ် တစ်ဝိုက်လောက်မှာသာ ရှိဦး[...] ကောင်မလေးက အသက် ဆယ့်ရှစ်နှစ်ထက်ကျော်ဟန် မတူသေး။ တ[...] ကလေးသာသာ အရွယ်ကလေးတွေ။

ကောင်လေးက သွယ်သွယ်နွဲ့နွဲ့၊ ကောင်မလေးကလည်း သွယ်[...] နွဲ့နွဲ့၊ အသားခပ်ဖြူဖြူ။

လက်ပံတန်းတာဆုံရောက်တော့ မော်တော်ကားသည် လက်ဖက်[...] သောက်ရန် ခဏရပ်သည်။ ကျွန်တော်တို့က လက်ဖက်ရည်သော[...] အောက်သို့ ဆင်းကြသည်။ အောက်သို့ ဆင်းလိုက်သည့်အခါမှ [...] နှစ်ယောက်သည် ပို၍ ကလေးလေးတွေနှင့် တူနေသည်။ ကောင်[...] မှာ သေးသေးသွယ်သွယ်။ အရပ်က ငါးပေကျော်လောက်မျှသာ ရှိ[...] တကယ့် ကလေးမကလေးပါပဲ။ ကြင်စဦး ဇနီးမောင်နှံတော့ မ[...] သမီးရည်းစားမျှသာ ရှိလိမ့်ဦးမည်ဟု ကျွန်တော် ထင်သည်။

သူတို့နှစ်ယောက်သည် လက်ဖက်ရည်ဆိုင်ထဲရောက်တော့ စား[...] လက်ဖက်ရည်ကိုမှာပြီး စားကြ သောက်ကြပြန်သည်။ လက်ဖက်ရည်ဆိုင်[...] လည်း သူတို့နှစ်ယောက်သည် ပူးကပ်ထိုင်ကာ တစ်ယောက်ကိုတစ်[...] အစာခွံ့ကြသည်။ လောကကြီးတစ်ခုလုံးတွင် သူတို့နှစ်ယောက်တည်း[...] ရှိသည်ဟု ထင်သလား မပြောတတ်ပါ။ သို့ရာတွင် သူတို့ အမူအရာ[...] လောကကကို အထီမဲ့မြင်ပြုသည့်သဏ္ဌာန် မပေါ်ပါ။ တကယ် ရိုးရိုးသား[...] ကြင်နာယုယသည့်ဟန်သာ ပေါ်နေပါသည်။

မော်တော်ကားပြန်ထွက်တော့ ကျန်သည့်ခရီးသည်တွေ အားလုံး[...] ကားပေါ်ရောက်ကုန်ပြီ။ သူတို့နှစ်ယောက် မပေါ်လာသေးပါ။ [...] လိုက်တော့ ကောင်မလေးက တပိုတပါးသွားသည်ကို ကောင်လေးက [...]





[...]တွင် သူတို့နှစ်ယောက်သည် ရက်ကြောက် အားနာသော မျက်နှာ[...]းတွေဖြင့် မော်တော်ကားဆီသို့ ပြေးလာကြသည်။ ကားပေါ်ရောက် [...] အားနာသည့် အပြုံးကို ပြုံးပြပြီး သူတို့နေရာတွင် ဝင်ထိုင်သည်။ [...]တော်တို့ကို ပြစ်တင်မာန်မဲခဲ့သည့် ပုဂ္ဂိုလ်မှအပ မည်သူကမျှ စိတ်ဆိုး [...] မပြုကြပါ။ ပြုံး၍သာ နေလိုက်ကြပါသည်။

"တို့က မင်းသမီးနဲ့ မင်းသားပျောက်နေလို့ မျှော်လိုက်ရတာကွာ။ [...]ရှင် ကြည့်ချင်လှပြီကွ"ဟု အသက်ခပ်ကြီးကြီး လူတစ်ယောက်က [...]နောက်သည်။ ကောင်လေးက ရှက်ရှက်ဖြင့် အသံထွက်အောင် ရယ်[...] ကောင်မလေးကတော့ ခေါင်းကိုငုံ့ပြီး ပြုံးနေသည်။

မော်တော်ကားထွက်တော့ ကောင်လေးနှင့် ကောင်မလေး ဇာတ်လမ်း[...]သည်။ သူတို့နှစ်ယောက်သည် ခေါင်းချင်းပူးကာ တစ်ယောက်လည်ပင်း [...]တစ်ယောက်ဖက်ပြီး စကားတွေ ပြောလာကြပါသည်။ ခဏနေတော့ [...]မလေးက ကောင်လေး ပခုံးပေါ်တွင် ခေါင်းတင်ပြီး အိပ်ပျော်သွား[...]ပါသည်။ စကားသံ ထွက်မလာတော့ပါ။

[...]ရှင်ဇာတ်လမ်း ပြတ်သွားသဖြင့် ကျွန်တော်လည်း အိပ်ငိုက်၍ လိုက်[...]သည်။ ပြည်အဝင် ရေပြာသို့ ရောက်သည့်အခါတွင် မော်တော်ကား [...] မနက်စာစားရန် ရပ်ပါသည်။ ခရီးသည်များအားလုံး အောက်သို့ဆင်း၍ [...]ဆိုင်အသီးသီးတွင် ဝင်၍ ထမင်းစားကြသည်။

ထမင်းဆိုင်တွင် စားပွဲတွေ ပြည့်နေပြီ။ သူတို့နှစ်ယောက်သည် စားပွဲ [...] မရတဲ့ ဖြစ်နေကြသည်။ နောက်ဆုံး ကျွန်တော်တို့စားပွဲအနီးသို့ [...]နှစ်ယောက် လာရပ်သည်။

"ဦးလေး။ ဒီဘက်ကခုံတွေ လူရှိသလား"

ကောင်လေးက အားတုံ့အားနာဖြင့် မေးသည်။

"အားပါတယ်။ ဒီစားပွဲမှာ တို့နှစ်ယောက်ပဲ ရှိတယ်"

ကျွန်တော်က ပြောသည်။

"ဒီလိုဆို ကျွန်တော်တို့နှစ်ယောက် ထိုင်မယ်နော်"

"ထိုင်ပါဗျာ။ ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ထမင်းမှာစားကြသည်။

"ချစ် ဘာစားမလဲ"

ကောင်လေးက မေးသည်။

"ကိုကို ကြိုက်တာမှာလေ"

"ချစ် ကြိုက်တာမှာပါ"

"ချစ်က ကိုကိုစားတာပဲ စားမယ်"

"ကိုကိုက ကြက်သားမှာမလို့ စိတ်ကူးနေတာ"

"ချစ်လည်း ကြက်သားစားချင်နေတာ"

"ကိုကိုစားချင်တာနဲ့ ချစ်စားချင်တာ အတူတူ ဖြစ်နေတယ်နော်"

ကောင်မလေးကပြုံး၍ ခေါင်းညိတ်သည်။

"ကောင်းတာပေါ့။ ကိုကိုနဲ့ချစ် အတွေးချင်း တူနေတဲ့ သဘော... ကိုကို ဘာစားချင်သေးသလဲ"

"မြင်းခွာရွက်သုပ်"

"ဟုတ်တယ်။ ချစ်လည်း မြင်းခွာရွက်သုပ် စားချင်နေတာနဲ့ အ... ချစ်နဲ့ ကိုကိုနဲ့ အကြိုက်ချင်း တူနေပြန်ပြီနော်"

"အကြိုက်ချင်းတူလို့ ညားလာကြတာပေါ့"

"ဟွန်း ... ပိုတယ်"

ကောင်မလေးက မျက်စောင်းထိုးလိုက်သည်။

ချစ်သူတွေဟာ တစ်ပြိုင်နက်တည်းမှာ တစ်ယောက်နဲ့တစ်ယော... အတွေးချင်း တူနေကြတယ်။ ဒါမျိုးနေမှာပဲဟု ကျွန်တော် စဉ်းစား... သည်။

သူတို့နှစ်ယောက်သည် ကြက်သည်း ကြက်မြစ်တုံးကလေး တစ်... သူစားသင့် ကိုယ်စားသင့် ငြင်းနေကြသည်။ ကောင်လေးက ကောင်မ... ပန်းကန်ထဲသို့ ထည့်ပေးသည်။ ကောင်မလေးက ကောင်လေးပန်းကန်... ပြန်ထည့်ပေးသည်။ ကောင်လေးက ကောင်မလေး၏ ပန်းကန်ထဲသို့... ထည့်ပြန်သည်။

"ကိုကို စား"





"ချစ် စားပါ"

"ဟင့်အင်း ကိုကိုစားပါ"

"ကဲ ဒီလိုဆိုရင် တစ်ယောက်တစ်ကိုက်စီ စားမယ်"ဟု ဆိုကာ ...င်လေးက သူတစ်ကိုက်ကိုက်လိုက်ပြီး ကျန်သည့် ကြက်မြစ်ကြက်သည်း ...လေးကို ကောင်မလေးပါးစပ်ထဲသို့ ထည့်ပေးသည်။

သူတို့ပြောနေကြသည့် စကားများကို နားထောင်ရင်း ကျွန်တော် ...ည် သူတို့နှစ်ဦးမှာ ညားခါစ ကြင်စဦးဇနီးမောင်နှံများဖြစ်သည်ကို သိလာရ...။

"အပြန် ရန်ကုန်က ပြန်ရင်တော့ ဖေဖေက အခြေအနေကိုကြည့်ပြီး ...ပ်ဖို့ကိစ္စကို စနည်းနာကြည့်မယ် ပြောတာပဲ။ ချစ်ရဲ့ အဘိုးကြီးက ...ခံပါ့မလား မသိဘူး"

"သိပ်ကောင်းတာပေါ့။ ကိုကို့ဖေဖေက ပြန်အပ်မယ်လို့ ပြောသလား"

"ဖေဖေကတော့ ပြန်အပ်ချင်တယ်တဲ့။ သူများ သားပျို သမီးပျိုကို ...ပြီးလည်း လာသေးတယ်။ ကိုယ့်ဘက်ကလည်း မာနနဲ့ တင်းခံနေတယ် ... မကောင်းဘူးလို့ မေမေ့ကို ပြောနေသံ ကြားရတယ်"

"ကိုကို့မေမေကကော ဘာပြောသလဲ"

ကောင်လေး၏မျက်နှာသည် အနည်းငယ်ညှိုးသွားသည်။

"မေမေကတော့ ထုံးစံအတိုင်းပေါ့ ချစ်ရယ်။ မိန်းမလည်း မိန်းမ ...လား။ သူကတော့ မာနရှိတာပေါ့။ ချစ် စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး။ ဘာဖြစ်လို့ ဆိုးရမှာလဲ"

ကောင်မလေးက ကောင်လေးမျက်နှာကို မော့ကြည့်သည်။

"သူ့သမီးက ကြိုက်လို့ လိုက်လာတာပဲတဲ့။ ဘာအပ်စရာ ရှိသလဲတဲ့။ ...င်မလေးက အရွယ်လည်းရောက်ပြီတဲ့။ မအပ်ရင်လည်း ဖြစ်တာပဲတဲ့။ ...တော့ ချစ်တို့ မိဘတွေရှေ့မှာ အောက်ကျို့ပြီး သွားပြောမနေနိုင်ဘူးတဲ့။ ...ယောက်လုံး တစ်ယောက်မျက်နှာကို တစ်ယောက် မကြည့်ချင်လောက်အောင် ...ဘာပြီးမှ ဒီကိစ္စကြောင့် သွားပြီး အောက်မကျို့ချင်ဘူးတဲ့"

"လူကြီးတွေက ခက်ပါတယ် ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကလည်း ညည်းသည်။ သူတို့နှစ်ယောက် အတန်ကြာ ငြိမ်သက်နေကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြ။ ကိုယ့် အတွေးနှင့်ကိုယ် ငြိမ်လိုက်လာကြဟန် တူသည်။

ကျွန်တော်သည်လည်း သူတို့စကားများကိုကြားကာ ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်၍ လိုက်လာသည်။

ကောင်လေးမိဘများနှင့် ကောင်မလေးမိဘများသည် ပြိုင်ဘက်တွေ ဖြစ်ဟန်တူသည်။ သူတို့အချင်းချင်းကြားတွင် အကျိတ်အခဲတွေရှိဟန်တူသည်။ ထို့ကြောင့်သာလျှင် တစ်ယောက်နှင့်တစ်ယောက် တစ်သက်လုံး မျက်နှာ မကြည့်ချင်လောက်အောင် ဖြစ်နေကြခြင်းဖြစ်သည်။

ခုတော့ မျက်နှာမကြည့်ချင်လောက်အောင် ဖြစ်နေကြသည့် မိဘတွေ မွေးလာသည့် ကောင်လေးနှင့် ကောင်မလေး ခိုး၍ ထွက်ပြေးလာကြပြီ။

ကျွန်တော်သည် ရိုမီယိုနှင့် ဂျူးလီးယက်ဇာတ်လမ်းကို သတိရနေသည်။ ရိုမီယိုနှင့် ဂျူးလီယက် ဇာတ်လမ်းတွင် နှစ်ဖက်မိဘများသည် မိသား အဆက်ဆက် ငြိုးသူရန်ဖက်ကြီးတွေ ဖြစ်ခဲ့ကြသည်။ မိဘတွေ ရန်ငြိုး မပြေနိုင်ကြလွန်းသဖြင့် အပြစ်ကင်းမဲ့သည့် ရိုမီယိုနှင့် ဂျူးလီးယက်တို့ သေပွဲဝင်ခဲ့ကြရသည်။

"ချစ်ကကော ပြန်အပ်စေချင်သလား"

"ချစ်ကတော့ ပြန်အပ်စေချင်တာပေါ့ ကိုကိုရယ်။ ချစ်တို့ရော၊ နှစ်ဖက် လူကြီးမိဘတွေရော စိတ်ချမ်းသာရရင် အကောင်းဆုံးပေါ့။ နှစ်ဖက် ပြေလည် ရင် အကောင်းဆုံးပေါ့"

"မပြေလည်ဘူးဆိုရင်ကော"

ကောင်မလေးက တရိပ်ရိပ် ကျန်ရစ်ခဲ့သော ရှုခင်းများကို ငေးကြည့် လိုက်လာရင်း ပြောသည်။

"မပြေလည်ဘူးဆိုရင်တော့ ဘယ်တတ်နိုင်မလဲ။ ချစ်နဲ့ကိုကိုက ခိုးပြေး လာခဲ့ကြပြီပဲ။ ဒါပေမဲ့ လူကြီးတွေအတွက် လူငယ်တွေက ဒဏ်ခံရတာ တော့ မကောင်းဘူးပေါ့"

ကျွန်တော်တို့ကားသည် အောင်လံခေါ် မြေထဲမြို့သို့ ဝင်လာသည်။





...တော်ကားသည် သမဝါယမအသင်းဝင်းထဲသို့ ချိုးဝင်၍ ရပ်သည်။ ...ပေါ်မှ ခရီးသည်တွေက လက်ဖက်ရည်သောက် ဆင်းကြသည်။

ကောင်လေးက ကောင်မလေးကို တယုတယ လက်တွဲကာ မော်တော် ...ပေါ်မှ ချပေးသည်။ သူတို့နှစ်ယောက်သည် လူရှင်းသည့် ကျွန်တော် ...နှစ်ယောက် စားပွဲသို့ပင် ရောက်လာကြသည်။

"ဦးလေးတို့စားပွဲမှာပဲ ထိုင်ရဦးမယ်နော်"

ကောင်လေးက ပြော၏။

"ထိုင်ပါဗျာ။ ထိုင်ပါ။ နေရာ အကျယ်ကြီးပဲ"

သူတို့နှစ်ယောက်က သည်တစ်ခါတွင် ပက်ပ်စီတစ်ပုလင်း မှာသောက် သည်။ စုပ်တံကလေးက တစ်ချောင်းတည်း။ စက္ကူစုပ်တံကလေးတစ်ချောင်း ...ပုလင်းထဲတွင် ထိုးစိုက်ကာ တစ်ယောက်တစ်လှည့်စီ စုပ်ကြသည်။

"ခု ဘယ်ပြန်ကြမှာလဲ"

ကျွန်တော် မသိမသာ စပ်စုသည်။

"မကွေးကိုပါ"

"မင်းတို့က ဟန်းနီးမွန်း ထွက်လာကြတာပေါ့"

ကောင်မလေးက ပြုံးနေသည်။ ကောင်လေးက ...

"ဟုတ်ကဲ့။ ဟန်းနီးမွန်းလို့လည်း ပြောလို့ရပါတယ်။ ခိုးပြေးတယ်လို့ ... ပြောလို့ရပါတယ်။ ကျွန်တော်တို့ ရန်ကုန်မှာ မင်္ဂလာဆောင်ခဲ့ပြီးပြီ"

"ဒါဖြင့် ခု အိမ်ကို ပြန်တာပေါ့"

"ဟုတ်ပါတယ်။ အိမ်ပြန်မှာပါ"

"ဘယ်အိမ်ကို ပြန်မှာလဲကွ။ မင်းတို့အိမ်လား၊ သူတို့အိမ်လား"

ကျွန်တော်က သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်၍ မေးသည်။

"ခုတော့ ကျွန်တော့်အိမ်ကိုပဲ ပြန်မှာပါ။ သူ့အိမ်ကိုတော့ ဘယ်တော့မှ ...ကမယ် မပြောတတ်သေးပါဘူး။ ဟုတ်တယ်မဟုတ်လား ချစ်"

ကောင်မလေးက ခေါင်းညိတ်ပြသည်။

"မိဘတွေက သဘောတူရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခိုးပြေးရတယ်ဆိုတော့ မိဘတွေကတော့ ဘယ်တူမလဲ ဦးလေး ... ဒါကြောင့်မို့ ခိုးပြေးရတာပေါ့"

ဟုတ်သားပဲ။ သူတို့စကားထဲတွင် အဖြေပါပြီးသားကို ကျွန်တော် ... ထပ်မေးနေသဖြင့် ကျွန်တော့်အမေးသည် အပိုဖြစ်သွားသည်။

"ဟုတ်တာပေါ့။ မင်းတို့က ငယ်သေးတော့ ဘယ်သဘောတူပါ့မ ... ခုမှ ကျောင်းသားအရွယ်ပဲ ရှိကြသေးတာ။ မင်းတို့က ဘယ်အတန်း ... ရောက်ပြီလဲ"

"ကျွန်တော်တို့ နှစ်ယောက်စလုံး ဆယ်တန်းအောင်ထားကြ ... ကျောင်းတော့ မတက်ရသေးဘူးပေါ့။ ဒါပေမဲ့ သဘောမတူတာက ငယ် ... လို့ မဟုတ်ပါဘူး။ သူတို့အကြောင်းနဲ့ သူတို့ သဘောမတူတာပါ"

ကောင်လေးက ပြောလိုက်ရမလားဆိုသည့်သဘောဖြင့် ကောင်မ ... ဘက်ကို လှမ်းကြည့်သည်။ ကောင်မလေးက ...

"ချစ်တို့အကြောင်းကို ပြောပြလိုက်စမ်းပါ"ဟု ထောက်ခံသည်။

"ကျွန်တော်တို့မိဘတွေက မြို့ပေါ်မှာ ကုန်သည်ကြီးတွေ ဦးလေး ... ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် စီးပွားရေးပြိုင်ဘက်တွေဆိုတော့ ... ပြီး ဆက်ဆံရေး အဆင်မပြေကြဘူး။ ဆိုးတာက တစ်ခေတ်တုန်း ... ကျွန်တော့်အဖေက စီးပွားရေးပုဒ်မနဲ့ အဖမ်းခံရတယ်။ အဲဒါကို ကျွန် ... အဖေက သူတို့အဖေ လက်ချက်လို့ ထင်တယ်။ နောက်တစ်ခေတ်ကျ ... သူတို့အဖေလည်း စီးပွားရေးပုဒ်မနဲ့ အဖမ်းခံရတယ်။ အဲဒါကို သူတို့အ ... ကလည်း ကျွန်တော်တို့အဖေလက်ချက်လို့ ထင်တယ်။ အဲဒီကစပြီး ဆ ... ရေးက ပိုပြီး ဆိုးလာတော့တာပဲ။ ဒီအထဲမှာ သူနဲ့ကျွန်တော်က သူ ... ချစ်မိကြတယ်။ ခုတော့ အခြေအနေက ပိုဆိုးသွားတာပေါ့။ တစ်ယော ... တစ်ယောက် မျက်နှာချင်းဆိုင်လို့ မရတော့လောက်အောင် ဖြစ်သွားတာ ... ဒီအထဲမှာ သားရှင်ဘက်က နာတယ်။ သမီးရှင်ဘက်ကနာတယ်ဆိုပြီး သ ... တွေဖြစ်လာတော့ တစ်ယောက်နဲ့တစ်ယောက်ဟာ နာမည်တောင် မကြား ... လောက်အောင် ဖြစ်သွားကြတယ်။ ကျွန်တော်တို့က အဆင်ပြေ ... လူကြီးတွေကြောင့် ခက်နေတာပေါ့"

"မင်းနာမည်က"

"ကိုကိုပါ"

"သြော် ... ကိုကိုဆိုတာ နာမည်ရင်းပေါ့"

"ဟုတ်ပါတယ်"

"မင်းကကော"

"ချစ်လို့ ခေါ်ပါတယ်"

"သြော် ... ဒါဖြင့် ချစ်ဆိုတာလည်း နာမည်ရင်းပေါ့"

သူတို့နှစ်ယောက်စလုံးက ပြုံး၍ ခေါင်းညိတ်ပြကြသည်။

"ကိုကိုက အသက်ဘယ်လောက်ရှိပြီလဲ"

"၂၀ ပါ"

"ချစ်ကကော"

"၁၈ နှစ်ပါ"

"အင်း ... ငယ်ငယ်လေးတွေ ရှိကြသေးတာပဲ။ ကိုကိုက အကြီး ... ဆုံးလား"

"ကျွန်တော်က တစ်ဦးတည်းသော သားပါ"

"ချစ်ကကော"

"ချစ်က မွေးချင်း ငါးယောက်မှာ အငယ်ဆုံးပါ"

"နှစ်ဖက်စလုံးကတော့ ဒီအရွယ်မှာ အိမ်ထောင်ပြုစေချင်ဦးမှာ မဟုတ် ... သေချာတယ်။ ကိုကိုလည်း တစ်ဦးတည်းသောသားဆိုတော့ မိဘက ... အိမ်ထောင်မပြုဘဲ နေစေချင်လိမ့်ဦးမယ်။ ချစ်ကလည်း အငယ်ဆုံးဆိုတော့ ... ကိုလည်း အိမ်က အိမ်ထောင်ပြုစေချင်ဦးမှာ မဟုတ်ဘူး"

"ဟုတ်ပါတယ်။ ကျွန်တော်တို့နှစ်ယောက် ရန်ကုန်ကို ခိုးထွက်ပြေး ... ကြတော့ အိမ်က ဖေဖေ လိုက်လာပါတယ်။ ဖေဖေက မင်းတို့ကိစ္စ ... နှုန်ပြီးပြီတဲ့။ တို့ဘက်ကတော့ အတတ်နိုင်ဆုံး အဆင်ပြေအောင် လုပ်ချင် ... ယ်တဲ့။ မင့်အမေကတော့ နည်းနည်းစိတ်ဆိုးနေတယ်။ ခုလောလောဆယ် ... တော့ ဖြစ်ချင်မှ ဖြစ်ဦးမယ်တဲ့။ မေမေစိတ်ဆိုးပြေတော့ ပြန်အပ်ပြီး တောင်း ... ပေးဖို့ သူနားချမယ်တဲ့။ ခုလောလောဆယ်တော့ အိမ်ကို ခဏပြန်ခဲ့ကြဦး





www.burmeseclassic.com

www.burmeseclassic.com



လို့ မှာတာနဲ့ ကျွန်တော်တို့ ပြန်လာကြတာပါ"

မော်တော်ကားသည် တောင်တွင်းကြီးသို့ ရောက်သောအခါတွင် သ... ဝါယမအသင်းဝင်းထဲတွင် တစ်ကြိမ်ရပ်ပြန်သည်။ ကျွန်တော်တို့လည်း လက်ဖက်ရည် ဆင်းသောက်ကြပြန်သည်။ တောင်တွင်းကြီးတွင် လက်ဖက်ရည် သောက်စဉ် မိတ်ဆွေတွေနှင့် တွေ့သဖြင့် သူတို့က ကျွန်တော် စာရေး ဆရာမှန်း သိသွားကြသည်။

ကောင်လေးက တအံ့တသြဖြင့် ကျွန်တော့်ကိုကြည့်ရင်း ...

"ဟင် ... ဆရာက စာရေးဆရာ ဟုတ်လား"

ကျွန်တော်က ပြုံး၍ ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင် ဆရာ့ကို ကျွန်တော်တို့ တိုင်တည်ပါတယ်ဆရာ။ ကျွန်တော် တို့နှစ်ယောက်ဟာ တကယ်ချစ်တာပါ။ ကျွန်တော်တို့နှစ်ယောက်ဟာ လူကြီး တွေ မတည့်တာနဲ့ ကျွန်တော်တို့နှစ်ယောက်ကို မချစ်ရဘူးလို့တားရ... တရားသလား ဆရာ"

ကျွန်တော်က ရိုမီယိုနှင့် ဂျူးလီးယက်တို့၏ အချစ်ဇာတ်လမ်းကို ပြော... ပြသည်။ ရိုမီယိုနှင့် ဂျူးလီးယက်တို့ သေပွဲဝင်ခဲ့ကြရခြင်းမှာ သူတို့အပြစ် မဟုတ်ကြောင်း၊ အစဉ်အဆက် ရန်ငြိုးကြီးခဲ့ကြသည့် လူကြီးများ... အပြစ်သာဖြစ်ကြောင်း၊ ရှိတ်စပီးယားသည် လူငယ်တွေကို သေပွဲဝင်... ရေးခဲ့ခြင်းမဟုတ်ဘဲ လူကြီးများကြောင့် အပြစ်မဲ့သော လူငယ်တွေ တန်... ခံဖြစ်ရပုံကို ရေးလိုရင်းဖြစ်ကြောင်း၊ ရှိတ်စပီးယားသည် လူကြီးများ... အပြစ်ဆိုကာ လူငယ်တို့၏ အချစ်ကို ဂုဏ်ပြုရေးခဲ့ခြင်းဖြစ်ကြောင်း... ကျွန်တော်က ပြောပြသည်။

"ဒီလိုဆိုရင် ကျွန်တော်တို့က ဒဏ်မခံသင့်ဘူးပေါ့"

"ဒါပေါ့။ စောစောက ချစ်ပြောခဲ့သလိုပေါ့။ လူကြီးတွေရဲ့အမှားကြောင့် လူငယ်တွေက ဒဏ်ခံရတယ်ဆိုရင် ဘယ်တရားမလဲ။ ဒါကြောင့် မင်းတို့... လည်း ဦးလေး ပြောချင်တယ်။ လူကြီးတွေရဲ့အမှားကြောင့် လူငယ်တွေ... ဘာဖြစ်လို့ ဒဏ်ခံရမှာလဲ။ ဘဝကို ရဲရဲနေပါ။ အဝေးပြေး မော်တော်ကား... ပေါ်က ရိုမီယိုနဲ့ ဂျူးလီးယက်ကို ဦးလေး မတွေ့ချင်ဘူး။ အဝေးပြေး...





...ကြီးပေါ်က ချစ်နဲ့ သူ့ရဲ့ကိုကိုကိုသာ ဦးလေး မြင်ချင်တယ်"

ထိုစဉ် မော်တော်ကားထွက်ရန် ဟွန်းတီးအချက်ပေးနေလေပြီ။

(ကလျာမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၉၂)

* * *

www.burmeseclassic.com

www.burmeseclassic.com

# မလွမ်းဘယ်သူရှိလိမ့်မည်

မလွမ်းဘယ်သူရှိလိမ့်မည်

ယ်ငယ်တုန်းကဝေ-ာ့ အန်တီနော်မာသည် တော်တော်ချောသည့် ်ယောက် ဖြစ်ပေလိမ့်မည်။ တစ်ခါတလေတွင် ပို့မျှစ်ဓုနယ်ခြင်း သည် ရောထွေးနေတင်ပြီး တစ်ခါတစ်ရံတွင်လည်း ထိုနှစ်ခုသည် ဖြစ်နေတတ်သည်။ ယခု အ ်နီတီနော်မာ့မျက်နှာသည် ပို့မျှစ်နုနယ် အလှတို့သည် တခြားစီ ဖြစ်နေ သည်။ သူ့မျက်နှာပေါ်တွင် ပို့မျှစ် သည် တဖြည်းဖြည်း လွင့်ပြယ်စပြု နေလေပြီ။ တစ်ပတ်လျှို ထုံး ာ ဆံပင်ထဲတွင် ငွေရောင်သည် ပြောက်ငပြောက်ကျား စွန်းထင်းစ

ပြင်သည် အနည်းငယ် ကျယ်နေသည့်တိုင် အရှ ်ကောင်းတုန်း ာလင်းပြင်လို ပြန့်ပြူးသည့် နဖူးပြင်ဟု စာဆိုရမည့် နဖူးပြင်မျိုး မျက်ခုံးတို့သည် စိမ်းမှောင်ထူထဲနေကြဆဲဖြစ်၍ ထိုမျက်ခုံး များ မျက်လုံးများတွင်လည်း ပုန္နေးဝင်းလက်သောအရောင်သည် ပြိုး ဲမှိုသေး၏။ နှာတံ၊ ပါးပြင်၊ နှုတ်ခမ်းတို့သည်လည်း လှပနေသေ

www.burmeseclassic.com



ဖြစ်၏။ အသားအရည် အနည်းငယ် လျော့ရဲနေသည်မှအပ အန်တီနော်မာ မျက်နှာပေါ်တွင် အလှသည် ကြွင်းကျန်နေဆဲ၊ အသက်ကို ပြောလိုက် အခါတွင် ကျွန်တော် ပို၍ အံ့သြသွားရသည်။ သူ့အသက် ၇၀ ဆိုပါတကား။

ကျွန်တော်သည် အန်တီနော်မာ့ထံတွင် ပျိုမျစ်နုနယ်ခြင်းကို မ တော့သော်လည်း အလှကို တွေ့နေရ၏။ အရွယ်နှင့်မလိုက် လှပနေသော အန်တီနော်မာကို ကျွန်တော် ငေးကြည့်နေမိသည်။

အန်တီနော်မာသည် ကျွန်တော့်အတွက် ပဟေဠိတစ်ပုဒ်နှင့် တူနေ ကျွန်တော် အံ့အားသင့်ရသည့် ပထမအချက်မှာ သူ့အရွယ်နှင့် သူ့ နောက်အံ့အားသင့်ရသည့် အချက်မှာ သူ့အမည်နှင့် သူ့အဝတ် သူ့အမည်မှာ အင်္ဂလိပ်အမည် ဖြစ်သည်။

"အန်တီနော်မာမှာ တခြားအမည် မရှိတော့ဘူးလား"

အန်တီနော်မာက ခေါင်းကို ဖြည်းညင်းစွာ ယမ်း၍ ပြုံးသည်။

"မရှိပါဘူး ဆရာရယ်။ ငယ်ငယ်ကတည်းက အဖေနဲ့ အမေက တဲ့ နာမည်။ ကျောင်းတုန်းကလည်း ဒီနာမည်ပဲ။ နောက် ကျောင်းက အလုပ်လုပ်တော့လည်း ဒီနာမည်ပဲ။ ခု ဒီကို ရောက်တော့လည်း ဒီနာ

သူ့အဝတ်အစားမှာ အင်္ကျီအဖြူ လက်ရှည်၊ ယောဂီရောင် တ ထဘီနှင့် ပခုံးပေါ်တွင် ယောဂီတဘက်တစ်ထည်ကို လက်ကန်တော တပ်ထားသည်။ ကျွန်တော်သည် ယောဂီရောင်ထဲမှ အန်တီနော်မာကို တအံ့တသြဖြစ်နေသည်။

"ကျောင်းနေတော့ကော"

"ဆရာကြားရင် အံ့အားသင့်သွားဦးမလား မသိဘူး။ တစ်လျှော ကွန်ဗင့်မှာ ကျောင်းအိပ် ကျောင်းစား နေလာတာ။ နောက်တော့ မှာ တက်တယ်။ ဆယ်တန်းအောင်တော့လည်း စိန့်မေရီကပဲ တယ်။ ကောလိပ်က ဘွဲ့တော့ မရခဲ့ပါဘူး။ တီတီစီကို တက်ခါစမှာ ဖြစ်လာတော့ ကျောင်းထွက်လိုက်ရပါတယ်"

ကျွန်တော်သည် သူကြားညှပ်၍ ပြောသွားသော အင်္ဂလိပ်အသံ

ကောင်သည့်အခါတွင်လည်း တအံ့တသြ ဖြစ်ရပြန်ပါသည်။ သူ့ အင်္ဂလိပ် ထွက်သည် အင်္ဂလိပ်တော်တော်ဆန်သည့် အသံထွက်ဖြစ်ပါသည်။

"ငယ်ငယ်တုန်းကတော့ ကွန်ဗင့် ကြီးတော့ တရားရိပ်သာပေါ့လေ"

အန်တီနော်မာက သူ့စကားကိုသူ သဘောကျ၍ ရယ်သည်။

ကျွန်တော်နှင့် အန်တီနော်မာတို့သည် ရန်ကုန်မြို့ လူသူအရောက် ကနည်းသည့် ရပ်ကွက်တစ်ခုမှ တရားရိပ်သာရှိ အုပ်ချုပ်ရေးမှူး ထံတွင် စကားပြောနေကြခြင်း ဖြစ်သည်။ သူက သူ့ကိစ္စဖြင့်သူ သို့ လာခြင်းဖြစ်ပြီး ကျွန်တော်ကလည်း ကျွန်တော့်ကိစ္စဖြင့်ကျွန်တော် သို့ ရောက်အသွားတွင် အုပ်ချုပ်ရေးမှူးက မိတ်ဆက်ပေး၍ သိကျွမ်း း ဖြစ်သည်။

"ကျွန်မအကြောင်းကိုရေးရင် ဝတ္ထုရှည်ကြီး တစ်ပုဒ်လောက်တောင် ထင်တယ်။ မောပတ်ဆွန်းရဲ့ "မိန်းမ"ဆိုတဲ့ ဝတ္ထုတစ်ပုဒ်ရှိတယ် လား ဆရာ။ မိန်းမတစ်ယောက် မွေးလာကတည်းက အဘွားအိုကြီး သွားသည်အထိ ရေးထားတဲ့ ဝတ္ထုလေ။ အဲဒီ ဝတ္ထုလိုပေါ့။ ကွန်ဗင့် င်းမှာ ဘဝနေဝင်ချိန်ကို ကုန်လွန်ရတဲ့ မိန်းမတစ်ယောက်အကြောင်း

"သိပ်ကောင်းတာပေါ့ အန်တီနော်မာ။ မွေးစတုန်းက ခရစ်ယာန် ရှိုးကျောင်းမှာ ရေနှစ်ခံခဲ့ပြီး နေဝင်ချိန်ကျတော့ တရားရိပ်သာကို နေတယ်ဆိုတော့ ဘဝမှာ ကြီးမားတဲ့ အပြောင်းအလဲကြီးတစ်ခုပဲ လား။ ဘာသာတရားတစ်ခုကနေ တစ်ခုကိုပြောင်းတယ်ဆိုတာ ယောက်ရဲ့ဘဝမှာ အင်မတန်ကြီးမားတဲ့ အပြောင်းအလဲကြီးတစ်ခု ပဲ၊ တော်တော်တန်တန် အကြောင်းနဲ့တော့ ပြောင်းလဲနိုင်မှာ မဟုတ် ဘဝမှာ တော်တော်ထိရိုက်စရာကောင်းတဲ့ အဖြစ်အပျက်တွေကို တွေ့ခဲ့ နေမှာပဲ"

"ဟုတ်တယ်။ ဆရာပြောတာ မှန်တယ်။ ကျွန်မဘဝမှာ အင်မတန် ရိုက်စရာကောင်းတဲ့ အဖြစ်အပျက်တွေ အများကြီး။ ဒီအဖြစ်အပျက် တွေ့ အကြောင်းတရားကို လိုက်ရှာရင်း ရှာရင်းနဲ့ နောက်ဆုံးတော့





www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့တာပဲ"

"ဟုတ်တာပေါ့ အန်တီနော်မာ။ ယေဓမ္မော ဟေတုပဘဝါတဲ့။ အ
တရားတိုင်းမှန်သမျှ၌ အကြောင်းတရားသည် ရှိကြကုန်၏လို့ ဗုဒ္ဓဘာသ
ဆိုထားတယ်ခင်ဗျ။ ဖြစ်ခြင်းပျက်ခြင်းဟူသမျှဟာ အကြောင်းတရားနှင့်က
ဖြစ်ကြပျက်ကြတာမဟုတ်ဘူး။ သူ့အကြောင်းနဲ့သူ ရှိနေကြတယ်။ ဒါ
မို့ ဖြစ်ပျက်တယ်ဆိုတာ အကြောင်းတရားနဲ့ အကျိုးတရားကို ရှု
ဒီလိုရှုရင်း ရှုရင်းနဲ့ ဖြစ်ပျက်တို့၏ ချုပ်ငြိမ်းရာသည် နိဗ္ဗာန်ပါကလာ
တကယ် သဘောပေါက်လာတဲ့အချိန်မှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရတ
ဆိုတယ် မဟုတ်လား"

"ဟုတ်တာပေါ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရသေးခင်မှာတော့ ကျွ
တစ်တွေဟာ ဖြစ်ပျက်သံသရာမှာ ဝဲလည်နေကြဦးမှာပဲ မဟုတ်လား
ဝဲလည်နေတုန်းမှာ ဒီဝဲဩဃထဲက ကျော်ဖြတ်နိုင်အောင် ဖြစ်
ဥပေက္ခာ သဘောနဲ့ ရှုမှတ်နိုင်အောင် သတိကပ်နိုင်အောင် ကျွ
ကြိုးစားနေရတာ ပေါ့။ ဒီတရားကိုသာ ကျွန်မ သဘောမပေါက်
ကျွန်မဘဝဟာ ရှုံးလောက် တယ် ဆရာ။ ရှုံးလောက်တယ်"

အန်တီနော်မာ၏ အသံသည် အနည်းငယ် တုန်ယင်သွား၏။ သို့
သူသည် သူ့အဖြစ်ကို သူချက်ချင်း သတိထားလိုက်မိပုံရသည်။

"အေးလေ ... ဒါတွေက တရားသဘောနဲ့ကြည့်ရင်တော့
မဆန်းပါဘူး"

ကျွန်တော်တို့သည် အတန်ကြာ တိတ်ဆိတ်နေကြသည်။ လ
ပေါ်မှ တစ်ချက်တစ်ချက် လွင့်လာသော မော်တော်ကားသံမှလွဲလျှင်
ပရိဝုဏ်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ကျေးငှက်တို့၏ တေးသံ
အခြား ဘာသံကိုမျှမကြားရ။ တရားမွှေ့သူတို့ပျော်ရာ ကျောင်းသ
ရင်ငြိမ်ချမ်းမြေ့မှုသည် ကျွန်တော့်ရင်တွင်းသို့ တိုးဝင်လာနေသည်။

"ကျွန်မ ကံ၏ အကျိုးပေးဆိုတာကို ယုံသွားတယ်ဆရာ။ ဘ
ဖြစ်ဖြစ် တစ်နေ့မှာ သူ့အကျိုးပေးနဲ့သူ ဖြစ်လာကြရတယ်ဆိုတာကို
ယုံသွားတယ်။ တကယ်တော့ ကျွန်မဟာ အခုချိန်မှာ မီလျံနာ





ယောက် ဖြစ်နေလောက်ပြီ။ ဒါပေမဲ့ သူ့အကျိုးပေးနဲ့သူဆိုတော့ မီလျံနာ
တော်မဖြစ်ဘဲ တရားရိပ်သာတွေမှာသွားပြီး တရားအားထုတ်နေရတဲ့
ယောဂီတစ်ယောက်။ ဒီလိုဘဝကို ရောက်လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်
ခဲ့ဘူး။ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လိမ့်မယ်လို့လည်း ဘယ်တုန်းကမှ
ခဲ့ဘူး"

"အန်တီနော်မာရဲ့ မျိုးရိုးတွေက ခရစ်ယာန်တွေပေါ့"

"ဟုတ်တယ်။ အမေ့ရဲ့အစ်ကိုတစ်ယောက်ဆိုရင် တရားဟောဆရာ။
မေကဆိုရင်လည်း သိပ်ပြီး ဘာသာတရား ကိုင်းရှိုင်းတာ။ အသက် ၇၀
မှာ ဆုံးသွားတယ်။ တစ်လျှောက်လုံး တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုး
မှန်မှန်တက်တယ်။ အဖေကတော့ ခရစ်ယာန်တော့ ခရစ်ယာန်ပဲ။
မဲ့ အမေလောက်တော့ ဘာသာတရား ကိုင်းရှိုင်းတယ်လို့ မခေါ်နိုင်
အဖေက အင်္ဂလိပ်တပ်မှာ စစ်ဗိုလ်လေ။ ကျွန်မတို့ အဖေနဲ့အမေက
မကမ္ဘာစစ်အပြီးမှာ လက်ထပ်ကြတာ။ အဲဒီတော့ အင်္ဂလိပ်တပ်ထဲမှာ
ဖြစ်နေပြီ၊ နောက်တော့ ဗိုက်စရိုင်းကော်မရှင်ရတာပေါ့လေ။ အိန္ဒိယ
ခံချုပ်ရဲ့ ကော်မရှင်ပေါ့။ အဖေက ဘိလပ်တို့ ဘာတို့ကို စစ်ကျောင်း
တက်ရတယ်။

ပထမကမ္ဘာစစ် အပြီးမှာပေါ့။ ဒုတိယကမ္ဘာစစ် မဖြစ်သေးဘူး။ နောက်
ကျွန်မက ပြင်ဦးလွင်မြို့က ကွန်ဗင့်မှာ နေခဲ့ရတယ်။ တောင်ဂူက
[illegible]မှာလည်း နေခဲ့ရတယ်။ နောက်ဆုံး ရန်ကုန်က စိန့်မေရီမှာ လာတက်
တယ်။ အဲဒီတော့ အဖေကလည်း အင်္ဂလိပ်တပ်ထဲမှာ မေဂျာအဆင့်
နေပြီ။ ကျွန်မဘဝတစ်လျှောက်လုံးမှာ လိုလေသေး ဘာမှမရှိဘူး။
ကြီးဖြစ်တော့လည်း ကျွန်မ တီတီစီမှာ တက်နေတယ်။ အဲဒီတုန်းက
ဖြစ်ပြီး အဖေတို့ အမေတို့နဲ့အတူ ကျွန်မ အိန္ဒိယကို ပါသွားပါတယ်။
ဘဝအတွေ့အကြုံကတော့ တကယ့်ကို ဝတ္ထုကြီးတစ်ပုဒ် ရေးလောက်တယ်
[illegible] ကျွန်မတို့တစ်တွေ ရန်ကုန်ကနေ မန္တလေး၊ မန္တလေးကနေ မုံရွာ၊
နေပြီး တောလမ်းကိုဖြတ်၊ ကလေးဝ၊ အဲဒီကမှတစ်ဆင့် တမူးကို
ပြီး အိန္ဒိယနယ်ထဲကို ဝင်ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပြောလိုက်တာက အတိုချုံးပြီး ပြောလိုက်တာ။ မန္တလေးက ... မုံရွာသွားရတဲ့ခရီး၊ မုံရွာကနေ ကလေးဝကို သွားရတဲ့ခရီး၊ ကလေးဝက ... တမူးကို သွားရတဲ့ ခရီးမှာကိုက ကြောက်စရာလန့်စရာ၊ အသည်းထိတ် ... တွေ၊ စစ်ပြေးအိန္ဒိယလူမျိုးတွေရဲ့ အလောင်းတွေကို ပိုးလိုးပက်လက်၊ ... လည်း မသေသေးဘူး။ ဒါပေမဲ့ ဝမ်းရောဂါတို့ ဘာတို့ဖြစ်လို့ ခရီးဆ... မသွားနိုင်ဘူး။ တချို့လည်း ဝမ်းတွေ သွားနေတဲ့ သားငယ် သမီးငယ် ... ကို စွန့်ပစ်ပြီး ခရီးဆက်သွားကြရတယ်။ တချို့လည်း အဲဒီနေရာ ... ဘယ်ကိုမှ ဆက်မသွားတော့ဘဲ ကျန်ရစ်ခဲ့ကြတယ်။ သွားလည်း မသွား... ကြတော့ဘူးလေ။ ငှက်ဖျားဒဏ်၊ ဝမ်းရောဂါဒဏ်၊ အစာရေစာငတ်တဲ့ ... တွေကို မခံနိုင်ကြတော့ဘဲ ဗုန်းဗုန်းလဲ ကျန်ရစ်ခဲ့ကြတယ်။ မုံရွာက ... ကလေးဝကိုအသွား မဟာမြိုင်တောကြီးထဲရောက်တော့ အမေလည်း ... ရောဂါဖြစ်ပြီး အဲဒီမှာ ဆုံးသွားတယ်လေ။ အမေ့အလောင်းကို ကျွန်မ ... မြှုပ်တောင် မမြှုပ်နိုင်ဘူး။ လမ်းဘေးမှာ လဲကျသေနေတဲ့ အလောင်း ... ကြားထဲမှာ ဒီအတိုင်းပဲ ပစ်ထားခဲ့ရတယ်။ ထားပါတော့လေ။ ဒီအ ... အကြိုတွေကိုတော့ ဆရာလည်း ကြားဖူးမှာပါပဲ။

အဲဒီတော့ ကျွန်မအသက် ၁၉ နှစ်ထဲ ရောက်နေပြီ။ ကျွန်မ ... အားကိုးစရာဆိုလို့ အဖေပဲ ကျန်တော့တယ်။ အဖေကလည်း စစ်သားဆို ... ကျွန်မကို ကောင်းကောင်းစောင့်ရှောက်ချိန် မရပါဘူး။ အိန္ဒိယရောက် ... ကျွန်မတို့ ဒေလီမှာ နေရတယ်။ နောက် ဒယ်ရာဒွန်းတို့ ဆင်းမလားတို့ ... လည်း နေရတယ်။ ကျောင်းတို့ ဘာတို့ ဆက်မနေနိုင်တော့ပါဘူး။ ... ပြောင်း ဒီပြောင်းနဲ့ပဲ အချိန်ကုန်တော့တာပါပဲ။

အဲ ... ဆင်းမလားမှာ ရောက်တုန်း ကျွန်မ သူနဲ့တွေ့တာပေါ့။ ... ဆိုတာ ကျွန်မရဲ့ ဖီယန်ဆေးလေ။ သူ့နာမည်က ကိုဟုတ်စိမ်းတဲ့။ ခ... ဦးဟုတ်စိမ်းပေါ့လေ။ သူက အဲဒီတုန်းက ဆင်းမလားမှာ နေတယ်။ သူ... အရှေ့တောင်အာရှမှာ နာမည်ကြီးတဲ့ တရုတ်သူဌေးကြီးတစ်ယောက်ရဲ့ ... မှာ မော်တော်ကားဒရိုင်ဘာ၊ ဒီတော့ အသက် ဘာရှိဦးမှာလဲ။ သူက... နှစ်ဆယ်နဲ့ အစိတ်ကြား ရှိဦးမှာပေါ့။ သူဌေးကြီးက စစ်ဖြစ်တော့ တ...

...ပြန်ဖို့ပဲ။ ဒါပေမဲ့ သူက ချန်ကေရှိတ်နဲ့ သိပ်မတည့်ဘူး။ ချန်ကေရှိတ် ...သူ့ကို မုန်းတယ်။ သူက အရှေ့တောင်အာရှတိုက်က တရုတ်တွေကြား ...ာ တော်တော်သြဇာရှိတဲ့ သူဌေးကြီး။

ချန်ကေရှိတ်နဲ့ မတည့်တော့ တရုတ်ပြည်ကို မပြန်ရဲဘူး။ မြန်မာပြည် ...ပြေးလာတယ်။ ရန်ကုန်မှာ နေတယ်။ ရန်ကုန်ကို ဂျပန်ဝင်တော့ သူ ...မနေရဲပြန်ဘူး။ ဒါနဲ့ အိန္ဒိယမှာ သွားနေတာ။ ဆင်းမလားမှာ နေတယ်။ ...တုန်းက ကျွန်မတို့ကလည်း ဆင်းမလားမှာ ရောက်နေတယ်။ သူတို့အိမ် ... ကျွန်မတို့အိမ်နဲ့ ခြံချင်းကပ်နေကြတယ်လေ။ ပြီးတော့ အဲဒီတုန်းက ...လားမှာ မြန်မာရယ်လို့ သိပ်ရှိတာ မဟုတ်တော့ သူတို့နဲ့ ကျွန်မတို့ ...းသွားကြတယ်။ တရုတ်သူဌေးကြီးက ရန်ကုန်က တရုတ် - မြန်မာ ...း အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ ရန်ကုန်မှာလည်း ...ါတလေနေတယ်။ စကော့ပူမှာလည်း နေတယ်။ ဒီလိုနဲ့ ကျွန်မတို့ချင်း ...ယ်ဘာဝ ရင်းနှီးသွားကြတယ် ဆိုပါတော့လေ။ ညနေ ညနေဆိုရင် ...တို့နှစ်ယောက် ဆင်းမလားမှာ လျှောက်လည်ကြတယ်။ ကိုဟုတ်စိမ်း ... သူဌေးကြီးအိမ်မှာ မော်တော်ကားဒရိုင်ဘာ လာလုပ်ရတယ်။ ကား ...လေးစီးရှိပြီး ဒရိုင်ဘာကလည်း သုံးလေးယောက် ထားတယ်။ တခြား ...ာတွေက အိမ်သူ အိမ်သားတွေစီးတဲ့ကားကို မောင်းရတယ်။ ကိုဟုတ် ...တော့ သူဌေးကြီးစီးတဲ့ကားတစ်စီးကိုပဲ မောင်းရတယ်။ တခြား ဘယ် ...ကိုမှ မမောင်းရဘူး။

သူဌေးကြီးကလည်း တစ်ခါတလေမှ မြို့ထဲတို့ ဘယ်တို့ကို ထွက်တော့ ...လုပ်မရှိပါဘူး။ ညနေမှာ လေညင်းခံ တစ်ပတ် မောင်းပို့ရတာပဲ ...။ ကျန်တဲ့ အချိန်တွေမှာဆိုရင် ကိုဟုတ်စိမ်းက အလုပ်မရှိသလောက် ...ဒီမှာတင် သူနဲ့ကျွန်မ သူဌေးကြီးအလစ်မှာ မော်တော်ကားနဲ့ လျှောက် ...ကြတယ်။

...နင်္ဂနွေနေ့ဆိုရင် သူဌေးကြီးက အလုပ်နားတယ်။ ကိုဟုတ်စိမ်းကို ... အလုပ်အနားခိုင်းတယ်။

...ဒီနေ့တွေမှာဆိုရင် ကျွန်မတို့နှစ်ယောက် "တုန်ဂါ"ကလေးစီးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆင်းမလားမှာ လျှောက်လည်ကြတာပဲ။ အဝေးမှာ ဟိမဝန္တာတောင်ကြီး နှင်းတွေဖုံးလို့၊ နေရောင်ကတောက်လို့၊ တလက်လက်နဲ့ သိပ်ကြည့် ကောင်းတာပဲ။ ဒီလိုနေရင်း ကျွန်မတို့နှစ်ယောက် ဆင်းမလားမှာ တစ် လောက် ဆုံလိုက်ကြတယ်။

နောက်တော့ စစ်ကြီးပြီးသွားလို့ သူဌေးကြီးလည်း စက်ာပူကို ပြန်သွား တယ်။ ကျွန်မတို့လည်း မြန်မာပြည်ကို ပြန်လာခဲ့ကြတယ်။ ဖေဖေလည်း စစ်တပ်က ပင်စင်ယူပြီး ကလောမှာ သွားနေတယ်။ ကျွန်မလည်း လိုက် ရတာပေါ့။

စစ်ပြီးတော့ ကိုဟုတ်စိမ်း မြန်မာပြည် ပြန်ရောက်လာပြီး ကျွန်မ လက်ထပ်ဖို့ ဖေဖေ့ကို ပြောတယ်။ ဒါပေမဲ့ ဖေဖေက ကိုဟုတ်စိမ်း သဘောမတူဘူး။ သူက ဒရိုင်ဘာဆိုပြီး အထင်သေးတာပေါ့လေ။ ပြီးတော့ ဖေဖေကလည်း အဲဒီအချိန်မှာ သိပ်ကျန်းမာတော့တာ မဟုတ်ဘူး။ အဖေ သမီးနှစ်ယောက်တည်းသာ ကျန်ခဲ့တဲ့အချိန်ဆိုတော့ ကျွန်မအနေနဲ့ အဖေ့ ပြုစုစောင့်ရှောက်ရတယ်။ အဖေကလည်း ကျွန်မအပေါ်မှာ သိပ်သံယော ကြီးတယ်။ ဒါနဲ့ အဖေ့မျက်နှာကိုထောက်ပြီး ကျွန်မ ကိုဟုတ်စိမ်းကို ငြ လိုက်ရတယ်။ သူလည်း စိတ်ပျက်လက်ပျက်နဲ့ စက်ာပူကို ပြန်သွားတယ် ပြန်ခါနီးမှာ သူပြောသွားတဲ့ စကားတစ်ခွန်း ရှိတယ်။

"မင်းကြိုက်တဲ့သူတွေ့ရင် မင်းအိမ်ထောင် ပြုနိုင်တယ်"တဲ့။ သူ ဘာမှ ငဲ့ကွက်စရာ မလိုဘူးတဲ့။ ဒါပေမဲ့ သူတော့ ကျွန်မနဲ့မှ နဖူးစာ ရင် ဒီတစ်သက်မှာ အိမ်ထောင်မပြုတော့ဘူးလို့ ပြောသွားတယ်။

ဒီတော့ ကျွန်မကလည်း ပြောလိုက်တယ်။ ကျွန်မလည်း အိမ်ထော မပြုဘူးလို့။ တကယ်ချစ်ကြတယ်ဆိုရင် အဖေမရှိတဲ့နောက်မှာ ကျွန် နှစ်ယောက် လက်ထပ်မယ်လို့ ပြောလိုက်တယ်။ သူလည်း ဒီစကား လက်ခံပြီး ပြန်သွားတယ်။

ဒီအတွင်းမှာ ကျွန်မတို့ စာချင်း အဆက်အသွယ် အမြဲရှိတယ်။ တော့ ကျွန်မတို့အသက် ဘာရှိဦးမှာလဲ။ သူက အသက် ၃၅ နှစ်တ လောက်။ ကျွန်မက အသက် ၃၀ တစ်ဝိုက်လောက်မှာ ရှိဦးမှာပေါ့။





လူ့စိတ်ဟာ တော်တော်တော့ [illegible] ကြိုက်လည်း ကြောက်စရာကောင်းတယ်။ ဒီသဘောကိုမြင်လို့ ကျွန်မ ဗုဒ္ဓဘာသာဝင် ဖြစ်လာသလား မပြောတတ်ဘူး။ လူဟာ ကိုယ်ကျိုးကို တော်တော်ကြည့် တတ်တဲ့ သတ္တဝါဆိုတာ ကျွန်မ တွေ့လာရတယ်။ ဒီလိုလေ။ အဖေရှိတဲ့ အတွက် ကျွန်မတို့နှစ်ယောက် လက်မထပ်ကြရဘူး။ ဒါကြောင့် တစ်ခါ တလေမှာ အဖေ့အပေါ်မှာ မကောင်းတဲ့စိတ်ဆိုးတွေ ပေါ်မိတယ်။ တစ်ခါ တလေမှာ ဘယ်လောက်အထိများလဲဆိုရင် အဖေ လူမမာကြီးကို ပြုစုရတာ ကို ငြီးငွေ့မိတယ်။ တစ်ခါတလေမှာ အဖေသေသွားရင် ကောင်းမှာပဲလို့တောင် တွေးမိတယ်။ ဘယ်လောက်ကြီးတဲ့ အကုသိုလ်လဲဟင်။

ကိုယ့်ချစ်သူနဲ့ နေချင်လို့၊ ကိုယ်စိတ်ချမ်းသာချင်လို့ တစ်ဖက်သားကို သေပါစေဆိုတဲ့ စိတ်မျိုး ပေါ်မိတာ။ ပြီးတော့ အဲဒီလို သွားပြစ်မှားတဲ့သူ ကလည်း ကိုယ့်ဖအေရင်းခေါက်ခေါက်ကြီး။ အဲဒီလောက် စိတ်ထားယုတ် တာ။ ဘယ်လောက်များ အကုသိုလ်ကြီးသလဲဆိုတာ ဆရာစဉ်းစားကြည့်ပေ တော့။ ဒါပေမဲ့ ကျွန်မကသာ အဲဒီစိတ်ထားမျိုးရှိတာ။ ကိုဟုတ်စိမ်းကတော့ အဖေနေထိုင်မကောင်းဘူးဆိုရင် ဆေးဝါးတွေကိုဝယ်ပြီး မှန်မှန်ပို့ပေးတယ်။ ဆေးဝါးတွေ သိပ်ရှားပါးနေတုန်းကဆိုရင် သူ့ဆီကို လှမ်းပြီး မှာရတယ်။ ကျွန်မအပေါ်မှာ သူတစ်စက်ကလေးမှ သစ္စာမမဲ့ဘူး။ သူနဲ့ကျွန်မကို သဘော မတူခဲ့တဲ့ အဖေ့ကိုတောင်မှ သူစေတနာ မပျက်ခဲ့ဘူး။ အဲဒီလောက် စိတ် သဘောထား မြင့်မြတ်တဲ့လူ။

ဒီအတောအတွင်းမှာ ကိုဟုတ်စိမ်းတို့နေတဲ့ နိုင်ငံခြားမှာ ပြဿနာ တစ်ခု ဖြစ်တယ်။ အဲဒါက ဘာလဲဆိုတော့ သူ့သခင်ဖြစ်တဲ့ တရုတ်သူဌေး ကြီးကို လူဆိုးတွေက ပြန်ပေးဆွဲကြတယ်။ ဒီတင် ကိုဟုတ်စိမ်းက ကယ်လိုက် တယ်။ သူ့သားတွေ၊ သမက်တွေ အများကြီးရှိတယ်။ ဘယ်သူမှ တရုတ် သူဌေးကြီးကို သက်စွန့်ကြိုးပမ်း မကယ်ကြဘူး။ ဒါနဲ့ သူဌေးကြီးလည်း ကွယ်လွန်တော့ သူ့ကို သားသမီးတွေနည်းတူ အမွေတစ်စု ပေးပစ်ခဲ့တယ်။ တိုက်ထောင်ပေါင်းများစွာတွေကို အမွေခွဲလိုက်တော့ သူရလိုက်တဲ့ အမွေ [illegible] မနည်းပါဘူး။ အဲဒီအမွေတွေနဲ့ စက်ာပူမှာ ဟိုတယ်ကြီးတွေ ထောင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နိုင်ငံခြားဟိုတယ်ချိန်းကြီးတွေနဲ့ ဖက်စပ်လုပ်တယ်။

ဒီတုန်းမှာ ကျွန်မအဖေလည်း လူကြီးရောဂါနဲ့ ဆုံးသွားတယ်။ ကျွန်မ အဖေဆုံးတဲ့အကြောင်း သူ့ဆီကို စာရေးလိုက်တယ်။ သူကလည်း ဒီလို ရင် စက်ာပူကို လိုက်ခဲ့တော့။ သူနဲ့တရားဝင် လက်ထပ်ပြီး အတူနေ မယ်လို့ စာရေးလိုက်တယ်။ စရိတ်စကလည်း ပို့လိုက်တယ်။ လေယာ ပျံ လက်မှတ်တွေဘာတွေလည်း ပို့ဖို့ အဆင်သင့်ပဲ။ အဲဒီတော့ ကျွန်မ အသက် လေးဆယ့်ငါးနှစ်ကျော်ကျော်၊ သူက အသက် ငါးဆယ်ကျော်ကျော် ပဲ ရှိသေးတယ်။

ဒီလိုနဲ့ ကျွန်မ နိုင်ငံခြားမှာ အပြီးသွားနေဖို့ လျှောက်တယ်။ နိုင် ကူးလက်မှတ်၊ ဗီဇာတို့စတဲ့ ကိစ္စတွေကို လုပ်ရတာပေါ့လေ။ ဒါပေမဲ့ အဲ တုန်းက နိုင်ငံကူးလက်မှတ်ရဖို့ဆိုတာ သိပ်ခက်တယ်လေ။ တစ်နှစ်လော စောင့်နေရတယ်။ ဒီလိုနဲ့ တစ်နှစ်လောက်အကြာမှာ ကျွန်မ နိုင်ငံကူး လက်မှတ်ရတယ်"

အန်တီနော်မာ၏ မျက်လုံးတွင် မျက်ရည်တို့ မသိမသာ ဝဲနေသည်ကို ကျွန်တော် သတိထားလိုက်မိသည်။

"ဆရာ ယုံမှ ယုံပါ့မလား မသိဘူး။ အဖြစ်အပျက်တွေဟာ သိ တိုက်ဆိုင်လွန်းတယ် ဆရာ။ ကျွန်မ စက်ာပူလိုက်ဖို့ နိုင်ငံကူးလက်မှ ရတဲ့နေ့မှာပဲ စက်ာပူက ကြေးနန်းတစ်စောင် ရောက်လာတယ်။ အဲဒီ မနက်မှာပဲ ကိုဟုတ်စိမ်းဟာ နှလုံးရောဂါနဲ့ ကွယ်လွန်သွားတယ်တဲ့။ ကျွ ဘယ်လိုခံစားရမလဲ။ ဆရာတွေးကြည့်ပါ ဆရာ။ ကျွန်မတို့နှစ်ယောက် ငယ်ငယ်ကလေးကတည်းက ချစ်ခဲ့ကြတယ်။ အဲဒီတုန်းက ကျွန်မက အသ နှစ်ဆယ် တစ်ဝိုက်လောက်။ သူက အသက် အစိတ်လောက်။ နောက် အတူနေခဲ့ကြတယ်။ လက်ထပ်ဖို့ကတော့ အဖေ သဘောမတူလို့ လက် ခဲ့ရဘူး။ သူကလည်း မိလ္လာကြီးဖြစ်ပြီး ကျွန်မကို လက်ထပ်ချင်တ အခြားတစ်ယောက်နဲ့ လက်မထပ်ဘူးလို့ ကတိပေးခဲ့ကြတဲ့အတိုင်း စည်းခဲ့ကြတယ်။ ကျွန်မတို့ လက်ထပ်မယ်။ ဘဝတစ်လျှောက်မှာ ခ တော့မယ်လို့ ဆုံးဖြတ်ပြီး ပြင်ဆင်ပြီးတဲ့အချိန်မှာ သူ ရုတ်တရက် ကွယ်





သွားခဲ့တယ်။ ကျွန်မဟာ မိလ္လာကတော်တစ်ယောက်ဖြစ်ဖို့ ဆုံလျက်သား နဲ့ အကျိုးမပေးတော့ လွဲခဲ့ရတယ်။

အဲဒီကတည်းက ကျွန်မ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်သွားတယ် ဆရာ။ အဲဒီ အဖြစ်အပျက်ပြီးတဲ့နောက် ဗုဒ္ဓဘာသာကို ပြောင်းလိုက်တဲ့အခါ မှာ ကျွန်မရင်ထဲက အပူတွေငြိမ်းသွားတယ်။ တည်ငြိမ်သွားတယ်။

ခုတော့ ကျွန်မ တရားရိပ်သာတွေမှာပဲ နေတော့တယ်လေ။ ကျွန်မ တရားရိပ်သာတွေမှာ နေလာတာ အနှစ်သုံးဆယ်နီးပါး ရှိတော့မယ်။ တရားရိပ်သာတွေမှာ အမြဲနေလို့မရတော့ တရားရိပ်သာပေါင်းစုံမှာ ကျွန်မ သွားပြီး တရားထိုင်တယ်။ ဒီလိုနဲ့ တရားရိပ်သာ တစ်ခုပြီးတစ်ခု လျှောက် သွားပြီး တရားထိုင်နေတာ။ ဒီနေ့လည်း ကျွန်မတစ်နေရာကို ပြောင်းရမယ် လေ။ ဒီတရားရိပ်သာမှာ ယောဂီတစ်ယောက်ကို သုံးလထက် ဆက်တိုက် တရားထိုင်ခွင့် မပြုဘူး။ နောက်တစ်ပတ်ပြန်လာမှ တစ်ကြိမ်ခွင့်ပေးတယ်။ ဒါကြောင့် ဒီနေ့ ကျွန်မ အုပ်ချုပ်ရေးရုံးခန်းကို ရောက်လာတာ။ တွေ့ရတာ ကျေးဇူးတင်ပါတယ်ဆရာ။ ပြောစရာတွေကတော့ အများကြီးပဲ။ ဒါပေမဲ့ ဒီလောက်ဆိုရင် ဆရာ ကျွန်မဇာတ်လမ်းကို အကြမ်းဖျင်းလောက်တော့ သိမိရောပေါ့"

(ကလျာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၂)

* * *

www.burmeseclassic.com

www.burmeseclassic.com

# နှစ်ချုပ်လက်ကျန်ရှင်းတမ်း

နှစ်ချုပ်လက်ကျန်ရှင်းတမ်း

တစ်မနက် ကျွန်တော် လမ်းလျှောက်ရာမှအပြန် အိမ်တွင် လူငယ်ဦးကို တွေ့ရသည်။ လူငယ်မှာ အသားညိုညို၊ အရပ်မြင့်မြင့်၊ ဆံပင်ရှည် ဖြစ်သည်။ နိုင်ငံခြား ရှပ်တစ်ထည်ကို လက်ခေါက်ဝတ်ထားပြီး က်နှင့် အစိမ်းကွက်ကျဲ ကချင်လုံချည်ကို ဝတ်ထားသည်။ သူ့ပခုံးပေါ်တွင် ခြားဖြစ် ခရီးဆောင်အိတ်တစ်လုံးကို လျော့ရဲရဲ လွယ်ထား၏။

ည့်ခန်းထဲသို့ ကျွန်တော် ဝင်လာသည့်အခါတွင် သူသည် ကုလားထိုင် ထိုင်နေရာမှ ထရပ်လိုက်ပြီး "ကျွန်တော့်ကို မှတ်မိလား ဦးကြီး"ဟု ဆက်သည်။

ကျွန်တော့်ထံ လူငယ်တွေ လာတတ်ကြသော်လည်း ကျွန်တော့်ကို ကြီးဟု ခေါ်သူမရှိပါ။ ကျွန်တော့် ညီ ညီမငယ်များ၏ သားသမီးများက ခေါ်တတ်ကြပါသည်။

ကျွန်တော်က သူ့ကို တစ်ချက်လှမ်း၍ အကဲခတ်လိုက်ရင်း ...

"စိုးဦး မဟုတ်လား"ဟု မေးလိုက်ပါသည်။ သူက ကျေနပ်စွာ ပြုံးလ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ဦးကြီးက မှတ်မိသားပဲ"

ကျွန်တော်သည် သူ့ရုပ်ကို အကဲခတ်ပြီး မှန်းဆပြောလိုက်ခြင်း ဖြ[...] သည်။ သူ့ရုပ်နှင့်သူစကားပြောပုံတို့မှာ သူ့အဖေနှင့် တော်တော်ဆင်ပါ[...] ထို့ကြောင့် ကျွန်တော်မှန်း၍ မေးလိုက်ခြင်း ဖြစ်သည်။

စိုးဦးသည် ကျွန်တော့် ညီတော်မောင်သုံးယောက်အနက် တစ်ယော[...] သားဖြစ်ပါသည်။ သူ့အဖေနှင့် သူ့အမေသည် လူငယ်တို့ဘာဝ သူတို့အ[...] နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြပြီးနောက် သားတစ်ယောက် [...] တစ်ယောက် ရပြီးသည့်နောက်တွင် သူတို့နှစ်ဦးသဘောတူ လမ်းခွဲ[...] ပါသည်။ ဘာကြောင့် သူတို့နှစ်ဦး လမ်းခွဲခဲ့သည်ကို ယနေ့တိုင် ကျွန်[...] မသိပါ။ ကျွန်တော့်ညီကလည်း ပြောမပြပါ။ ကျွန်တော်ကလည်း မမေး[...] ကျွန်တော်တို့နှစ်ယောက်ပင်လျှင် တစ်နှစ်မှ တစ်ခါ၊ နှစ်နှစ်မှ [...] လောက်သာ တွေ့ကြသည့်အတွက် ကိုယ်ရေးကိုယ်တာကိုလည်း မမေး[...] တစ်ခါတစ်ရံတွင် ကျွန်တော်သည် "ဘဝတက္ကသိုလ်"သို့အကြာကြီး [...] တတ်ရာ ထိုအခါများတွင် အကြာကြီး ကွဲကွာနေကြပါသည်။

ကျွန်တော် နောက်ဆုံးအခေါက် ဘဝတက္ကသိုလ်မှ ပြန်လာသည့်[...] တွင်မူ ကျွန်တော့်ညီတော်မောင်သည် နောက်အိမ်ထောင်ပြုနေပါပြီ။ သူ့[...] ဟောင်းသည်လည်း နောက်အိမ်ထောင်ပြုသွားပြီဟု ဆိုပါသည်။ သား[...] ယောက်နှင့် သမီးတစ်ယောက်မှာ အမေနှင့်အတူ ပါသွားပါသည်။

"ကျွန်တော့်မှာ နောက်အိမ်ထောင်နဲ့ သားတွေ သမီးတွေ ရ[...] သူလည်း နောက်အိမ်ထောင် ကျသွားတယ်။ တင့်တင့်တယ်တယ်ပါပဲ။ [...] ရေးတို့ နေရေးထိုင်ရေးတို့လည်း အဆင်ပြေပါတယ်။ ခုတော့ သူ[...] မှာပဲ နေကြတယ်"

ကျွန်တော့်ညီတော်မောင်က ပြောသည်။

"ဒီလိုပေါ့ကွာ။ ချစ်လျက်နဲ့ ကွဲသွားတဲ့ အိမ်ထောင်တွေလည်း အ[...] ကြီး။ မချစ်ဘဲနဲ့ သေတစ်ဖန်သက်ဆုံး ပေါင်းသွားကြတဲ့ အိမ်ထောင်[...] လည်း အများကြီး။ ရေစက်ကုန်လို့ပဲလို့ အောက်မေ့ရမှာပေါ့"

သူက ဘာမျှ မပြောဘဲ ပြုံးနေပါသည်။





သူ့နှင့်ကျွန်တော် မတွေ့သည်မှာကား ဆယ်စုနှစ်တွေချီ ကြာခဲ့ပါ[...] သူ့ကလေးများကိုကား ကျွန်တော် တစ်ခါမျှ မမြင်ဖူးသေးပါ။

[...]လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကျော်လောက်ကမူ အသက် (၂၀)ခန့် [...]တစ်ဦးနှင့် အသက် (၁၈)နှစ်ခန့် မိန်းကလေးတစ်ဦး ကျွန်တော့် [...]သို့ ရောက်လာကြပါသည်။

သူတို့က သူတို့ကိုယ်သူတို့ ကျွန်တော့် ညီတော်မောင်၏ သားဖြစ်သူ [...]နှင့် သမီးဖြစ်သူ မေဦးတို့ ဖြစ်သည်ဟု မိတ်ဆက်ကြသည်။

ကျွန်တော်သည် သူတို့ကို ယခုမှပင် မြင်ဖူးခြင်း ဖြစ်လေသည်။ [...]တော်က သူတို့အကြောင်းကို မေးရသည်။ စိုးဦးက ရန်ကုန်တက္ကသိုလ် [...] နောက်ဆုံးနှစ်၊ မေဦးက ဒုတိယနှစ်ဟု ပြောဆိုကြသည်။

"မင်းတို့ အမေရော နေကောင်းလား"

"ကောင်းပါတယ်။ ခုတော့ မြို့မှာပဲ ပြန်နေကြပါတယ်။ အမေကတော့ [...]က ပင်စင်ယူလိုက်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်နေပါတယ်။ [...]ရော အမေရော နှစ်ယောက်စလုံး ကြိုးကြပ်လုပ်ကြတော့ အဆင် [...]ပါတယ်"

[...]ဦးလေးဆိုသည်မှာ သူ့အမေ၏ နောက်အိမ်ထောင်ကိုဆိုလိုခြင်း ဖြစ် [...]ဟု ကျွန်တော် နားလည်လိုက်ပါသည်။

မာကြောင်း သာကြောင်းပြောပြီး စကားအပြတ်တွင် စိုးဦးက ...

"ဦးကြီးဆီလာတာကတော့ တခြားအကြောင်းမဟုတ်ပါဘူး။ ဦးကြီးကို [...]ဖူး မမြင်ဖူးလို့ လာကန်တော့တာပါ။ ပြီးတော့ အဖေနဲ့လည်း တွေ့ [...]ပါ။ အဖေ့ကို ကျွန်တော်တို့ကြီးမှ တစ်ခါမှ မမြင်ဖူးသေးပါဘူး။ [...]တော်တို့ လူမှန်းမသိခင်ကတည်းက ကွဲကွာသွားကြတာပါ"

ကျွန်တော်သည် သူ့စကားများကို နားထောင်ရင်း စဉ်းစားနေသည်။ [...]တစ်တွေ၏ ဆက်ဆံရေးကို ကျွန်တော် ကောင်းကောင်းမသိ။ ယခု [...]တွင် သူတို့နှစ်ဦးစလုံးမှာ နောက်အိမ်ထောင်တွေနှင့် ဖြစ်နေကြပြီ။ [...]တွေနှင့် သူတို့အဖေ ပြန်တွေ့ကြလျှင် သူတို့ နောက်အိမ်ထောင် [...] မည်သို့ သဘောထားမည်နည်း။ ကျွန်တော် စီစဉ်ပေးရ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါမည်လော။

ကျွန်တော်သည် အဖြေမပေးနိုင်ဘဲ အတန်ကြာ တွေးနေမိသည်

ကျွန်တော့်အခြေအနေကို ရိပ်မိသွားဟန်ဖြင့် ...

"ကျွန်တော်တို့ တစ်သက်မှာ မြင်ဖူးတယ်လို့ရှိအောင် တွေ့ချင်တာ

တခြားဘာမှတော့ ကိစ္စမရှိပါဘူး"

"အေး ... တွေ့တာကတော့ ဖြစ်ပါတယ်။ ဒါပေမဲ့ မင်းတို့အ

သဘောတူရဲ့လား။ မင်းအမေကိုကော အသိပေးပြီးပြီလား"

"အမေ့ကိုရော ဦးလေးကိုရော ကျွန်တော် ပြောပြီးပါပြီ။ ခု သူ

ခွင့်ပြုချက်နဲ့ ကျွန်တော် တွေ့ဖို့လာတာပါ"

"အေးလေ ... ဒီလိုဆိုရင် စီစဉ်တာပေါ့။ ငါ့အိမ်မှာပဲ တွေ့ကြ

မင်းအဖေကို ချိန်းထားလိုက်မယ်။ မင်းတို့ ဘယ်နေ့အားသလဲ။ ငါစဉ်

တာက တခြားကြောင့် မဟုတ်ပါဘူး။ ငါ့အိမ်မှာတွေ့တယ်။ ငါက

ပေးတယ်ဆိုတော့ ငါ့ကို မင်းအမေတို့ ဦးလေးတို့က တစ်မျိုးတ

ထင်မှာစိုးလို့ မေးရတာပါ။ ခုတော့ မင်းမိဘတွေကလည်း ခွင့်ပြု

မင်းတို့ကလည်း ဆန္ဒရှိတယ်ဆိုရင် တွေ့ပေးရတာ မခက်ပါဘူး။

အဖေဘက်ကလည်း မတွေ့နိုင်စရာ ဘာမှ အကြောင်းမရှိဘူးလို့

ပါတယ်"

သို့ဖြင့် သူတို့သားအဖ သုံးယောက်ကို ကျွန်တော့်အိမ်တွင် တွေ့

သည်။ ယင်းမှာ လွန်ခဲ့သည့် ဆယ်နှစ်ကျော်ခန့်က ဖြစ်သည်။

ယခုအကြိမ်မှာ စိုးဦးနှင့် ဒုတိယအကြိမ်တွေ့ခြင်း ဖြစ်သည်။ သူ

မေဦးကိုမူ နောက်ထပ် မတွေ့တော့။

စိုးဦးက ကုလားထိုင်တွင် ဝင်ထိုင်ရင်း ...

"ဦးကြီးက ကျွန်တော့်ကို မှတ်မှ မှတ်မိပါ့မလားလို့ ထင်နေတာ

"မှတ်မိပါတယ်ကွာ။ မင်း အခု ဘာလုပ်နေသလဲ။ အိမ်ထောင်

လား။ မေဦးကော။ မင်းနည်းနည်းတော့ ဝလာတယ်။ ဟိုတုန်းက

လေးရယ်"

"ညီမလေးကတော့ ကျောင်းကထွက်လို့ အထက်တန်းပြ





နေပြီး ဦးကြီး။ အိမ်ထောင်လည်း ကျသွားပြီ"

"မင်းကကော"

"ကျွန်တော်ကတော့ အိမ်ထောင် မကျသေးပါဘူး ဦးကြီး။ လူလွတ်ပါ"

"ကျောင်းတော့ ပြီးခဲ့တယ်မဟုတ်လား"

"ဟုတ်ကဲ့ ပြီးပါပြီ။ ခုတော့ ကျွန်တော် အညာမှာ စီးပွားရေး လုပ်နေ

တယ်"

စိုးဦးမှာ အသက် (၃၀)ကျော်လောက် ရှိတော့မည်။ သည်အချိန်ထိ

ထောင်မကျသေးဘူးဆိုတော့ အချိန်အနည်းငယ် နှောင်းနေလေပြီ။

"မင်း အိမ်ထောင်ကော မပြုတော့ဘူးလား"

စိုးဦးက ပြုံးလိုက်ရင်း ...

"မပြုတော့ဘူးရယ်လို့တော့ မဟုတ်ပါဘူး ဦးကြီးရာ။ ဒါပေမဲ့ ခုထိ

တော့ အိမ်ထောင်ပြုချင်စိတ်ရယ်လို့ သိပ်စိတ်မပါသေးဘူး။ တွေ့လည်း

တွေ့သေးဘူး။ အဖေတို့ အမေတို့ အိမ်ထောင်ရေးကိုကြည့်ပြီး အိမ်

ထောင်ရေးကိုများ စိတ်ပျက်သွားသလားမဆိုနိုင်ဘူး။ အနည်းဆုံး မသိစိတ်

က ဖြစ်ချင်ဖြစ်မှာပေါ့လေ။ ကိုယ် ငယ်ငယ်ကတည်းက ပြိုကွဲသွားတဲ့

အိမ်ထောင်ကို မြင်လိုက်တော့ မသိစိတ်မှာ အလိုလို အိမ်ထောင်ပြုချင်စိတ်

ကုန်သွားသလားတော့ မပြောတတ်ဘူးပေါ့ ဦးကြီးရာ။ ခုထိတော့ အလုပ်

နဲ့ပဲ စိတ်ထက်သန်နေတာပဲ"

"အလုပ်ကကော အဆင်ပြေရဲ့လား။ အရင်တုန်းကတော့ မင်း အလုပ်

လုပ်နေတယ်ဆိုတာတော့ ငါကြားပါတယ်။ မော်တော်တွေ ဆွဲနေတယ်ဆို"

"အရင်တုန်းကတော့ မော်တော်ဆွဲနေပါတယ် ဦးကြီး။ မော်တော်

ငါး သုံးစင်းလောက် ရှိပါတယ်။ ခုတော့ အဲဒီ မော်တော်တွေအားလုံး

ရောင်းပစ်လိုက်ပြီး သစ်လုပ်ငန်းလုပ်တာ ရှစ်နှစ်လောက် ရှိသွားပါ

"ဘယ်မှာလုပ်တာလဲ"

"ဟို အညာက တောထဲမှာပါ။ နေတော့လည်း အဲဒီမှာပဲ နေပါတယ်။

ခါတလေမှပဲ အမေတို့ဆီကို ပြန်ရောက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးဦးကိုကြည့်ရသည်မှာ အသားတွေမည်းပြီး တုတ်ခိုင် တောင့်တင်း
သည်။

"တောထဲဆိုတော့ နေရထိုင်ရတာ ပင်ပန်းမှာပေါ့"

"ပင်ပန်းတာတော့ မပြောပါနဲ့တော့ ဦးကြီးရာ။ ကျွန်တော် စ
တာကတော့ ရွာထဲမှာပါပဲ။ ဒါပေမဲ့ ရွာထဲမှာ နေရတယ်လို့ သိ
ပါဘူး။ တောထဲမှာပဲ များပါတယ်။ သစ်ခုတ်၊ ခုတ်ပြီးသားသစ်တွေ
တောထဲမှာပဲခွဲ၊ တောထဲကနေပြီး သစ်ထုတ်လမ်းအတိုင်း မော်တော်ကား
ရထားလမ်းကိုထုတ်၊ ရထားနဲ့ မန္တလေးတို့၊ ရန်ကုန်တို့ကိုပို့၊ သစ်တွေ
တွဲတင်တော့မှပဲ ရွာနား၊ မြို့နား ရောက်တော့တာပဲ။ ကျန်တဲ့အချိန်မှာ
တောထဲမှာပဲ အချိန်ကုန်တာပါပဲ။ တောထဲမှာ ဖျင်းရင် စာဖတ်၊ ရေ
နားထောင်၊ ကက်ဆက်ဖွင့်၊ အရက်ကလေးဘာလေးသောက်ပေါ့ ဦးကြီး
တောထဲမှာ ဘာမှ လုပ်စရာမရှိ၊ ဘယ်မှလည်း လည်စရာမရှိဘူး။ ပြီး
ငှက်ဖျားတို့ ဘာတို့ကလည်းရှိတော့ အရက်တို့ဘာတို့ကတော့ သေ
ဖြစ်နေတာပါပဲ။ နည်းနည်းခပ်ကြမ်းကြမ်းတော့ နေရတာပေါ့"

ကျွန်တော် ပထမအကြိမ် တွေ့စက စိုးဦးမှာ အရပ်ရှည်ရှည်၊ ပိ
ပါးပါး၊ လူပုံနွဲ့နွဲ့၊ ပျော့ပျော့ပျောင်းပျောင်းကလေး ဖြစ်သည်။ စကား
လျှင်လည်း တိုးတိတ်ညင်သာစွာ ပြောသည်။ ရုတ်တတ်ကြောက်တတ်
ယခု ကျွန်တော် ပြန်တွေ့ရသော စိုးဦးမှာ ကိုယ်လုံးကိုယ်ပေါက် ခေ
တောင့်၊ အသားမည်းမည်း၊ ပွင့်လင်း၍ ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြ
ဟန်ပေါက်နေသော စိုးဦးဖြစ်သည်။

"မင်းတို့လုပ်ငန်းက တော်တော်ကြီးသလား"

"မကြီးမသေးဆိုပါတော့ ဦးကြီး။ ကျွန်တော်တို့ သူငယ်ချင်း
ယောက် တစ်ယောက်ကို အိမ်က တစ်သိန်းစီတောင်းပြီး စုစုပေါင်း ဆယ်
လောက်ရှိမှာပေါ့။ ကျွန်တော်တို့ သစ်ကွက်တစ်ခုကို လိုင်စင်ဝယ်ပြီး
သစ်ကွက်က သစ်တွေကို ထုတ်ကြတာပါ။ ကျွန်တော်တို့ ဆယ်ယောက်
တောထဲမှာ သွားနေကြတာပါ။ နောက်တော့ နှစ်ယောက် ငှက်ဖျား
နေလို့မရလို့ ပြန်သွားရတယ်။ သူတို့ တစ်ခါတလေမှပဲ လာကြ





င်လည်း တောထဲမှာ သိပ်ကြာကြာ မနေပါဘူး။ ခဏတစ်ဖြုတ်လောက်
နိုင်ကြတယ်။ ဦးကြီးစဉ်းစားကြည့်လေ။ ကျွန်တော်တို့အားလုံး ရန်ကုန်
သိုလ်နဲ့ မန္တလေးတက္ကသိုလ်က ဘွဲ့ရလာတဲ့ကောင်တွေချည်းပဲ။ ကတ္တရာ
ကြီးနဲ့ နီယွန်မီးချောင်းတွေအောက်မှာ နေလာတဲ့ကောင်တွေ ဆိုပါ

ဒါပေမဲ့ တောထဲရောက်တော့ ကျွန်တော်တို့စခန်းမှာ သက်ငယ်တဲတွေ
နေရတယ်။ အကာကလည်း အင်ဖက်တို့၊ သက်ငယ်တို့၊ ဝါးထရံတို့
က်ပဲရှိတယ်။ ဆောင်းတွင်းဆို အေးသလား မမေးနဲ့။ ကျွန်တော်တို့
င်ရတဲ့သစ်ကွက်က လက်ဝဲသုန္ဒရရဲ့ မဲဇာကြိုးဝိုင်းထဲမှာ ဦးကြီးရဲ့။
ာ့ တကယ် အေးမှအေး။ ချမ်းမှချမ်း။ နေကို တကယ်မမြင်ရတာ။
တစ်ဖြုတ်လောက် မြင်လိုက်ရပြီး ပျောက်သွားတာပဲ။ မနက် ဆယ်နာရီ
လောက်မှ တောင်နိုးတွေ၊ နှင်းတွေပိတ်နေရာက နည်းနည်းပါးသွား
။ ဒါတောင် လွတ်လွတ်ကျွတ်ကျွတ် ပျောက်သွားတာ မဟုတ်ဘူး။
င်နိုးကတော့ ရှိတော့ ရှိသေးတာပဲ။ နေ့လည် နာရီပြန် နှစ်ချက်
က်ဆိုရင် နေက လုံးလုံးပျောက်သွားပြီ။ ဒီကြားထဲက ကျွန်းပင်တွေ၊
င်တွေက အုပ်ဆိုင်းနေတော့ နေရောင်ရယ်လို့ကို ကောင်းကောင်း
လိုက်ရပါဘူး။ ကျွန်တော်တို့က တောတွေခုတ်ပြီး ကွင်းပြန့်ပြန့်ကလေး
ဖြစ်လာတော့မှ နေရောင်ကို ကောင်းကောင်းမြင်ရတော့တယ်။

ရောက်စတုန်းကတော့ စိတ်ဓာတ်ကျလိုက်တာ မပြောပါနဲ့တော့ ဦးကြီး
လူတွေကလည်း ပန်းဖျားဖျားတဲ့ကောင် ဖျား၊ ငှက်ဖျားမိတဲ့ကောင်က
သွားတဲ့ကောင်က သွား၊ တော်တော့်ကို ဒုက္ခရောက်ကြတယ်။ ဒါပေမဲ့
ပြန်လို့လည်း မဖြစ်တော့ဘူးလေ။ ပိုက်ဆံတွေကလည်း ကုန်လှပြီ။
ာင်မြင်ဘဲနဲ့ အိမ်ကို မျက်နှာပြရမှာလည်း ရှက်တယ်။ လိုင်စင်ဆွဲခ၊
ျင်းခ၊ အလုပ်သမားငှားခ၊ သစ်ထုတ်ဖို့ ကားနှစ်စီးလောက်လည်း
ပြီ။ တောရှင်းဖို့ ဘူလ်ဒိုဇာတစ်စီးလည်း ဝယ်ပြီးပြီ။ ငွေတွေက
န်ပြီ။ နောက်ပြန်ဆုတ်လို့ မရတော့ဘူး။ ဒီတော့ သေသေရှင်ရှင်
ာင်လုပ်တော့မယ်ဆိုပြီး ကျွန်တော်တို့ရှစ်ယောက် ဆက်လုပ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကတော့ ပြန်သွားကြတယ်။ သူတို့မိဘတွေက ပိုက်ဆံချမ်း
တော့ အကြောင်းမဟုတ်ဘူးလေ။ သူတို့သားတွေက တက္ကသိုလ်က ဘွဲ့
အလုပ်မရတော့ အလုပ်တစ်ခုခုရှိရင် ကောင်းတယ်။ စိတ်ငြိမ်တယ်
နှစ်သိန်းထုတ်ပေးလိုက်တယ်။ ရှုံးသွားရင်လည်း အကြောင်းမဟုတ်ဘူး
မနေနိုင်လို့ ပြန်သွားပြီ။ သူတို့ပိုက်ဆံကိုတော့ ပြန်မနှုတ်ပါဘူး။ စာ
စာတမ်းနဲ့ဆိုတော့ ပြန်နှုတ်လို့လည်း မရတော့ဘူး။ မင်းတို့ကြည့်
လုပ်တော့တဲ့။ မင်းတို့စရိတ်တို့ဘာတို့နှုတ်လို့ မြတ်ရင်လည်း အမြတ်
ခွဲပေါ့တဲ့။ မမြတ်ရင်လည်း အရေးမကြီးဘူးတဲ့။

ဒါပေမဲ့ ကျွန်တော်တို့အဖို့ကတော့ ငွေနှစ်သိန်းက အရေးကြီးတယ်
ရှိသမျှ ပစ္စည်းကလေးတွေကို ပေါင်နှံရောင်းချပြီး ရင်းကြရတာ။ ကျွန်
တို့အထဲက တစ်ယောက်ဆိုရင် သူ့မြို့မှာရှိတဲ့ အိမ်ကလေး ပိုင်းကလေ
ရောင်းပြီး လိုက်လာတာ။ ဖောင်ဖျက်ပြီး လာခဲ့ရတာ။ ဒီကမဟန်လို့
သွားရင် ပြန်စရာ အိမ်တောင်မရှိတော့ဘူး။ ကျွန်တော်ဆိုရင်လည်း မော်
တစ်စင်းကိုရောင်းပြီး လိုက်လာခဲ့ရတာ။ ကျွန်တော့်ကို နောက်ထပ် အ
မပေးချင်နေပါတော့။ ဒီအရင်းတော့ ထုတ်ပေးပါလို့ပြောပြီး ယူခဲ့ရ
အမေတို့ကလည်း အလုပ်လက်မဲ့ဖြစ်နေရင် စိတ်လေမယ်။ ဒီတော့ သ
လုပ်ချင်တာ လုပ်ကြည့်စမ်းပေ့စေဆိုပြီး ထုတ်ပေးလိုက်တာပါ။ ရှိလို့
လို့ မဟုတ်ပါဘူး။ ပထမ တစ်နှစ် နှစ်နှစ်လောက်မှာတော့ သိပ်မဆိုး
ကျွန်တော်တို့ နည်းနည်းပါးပါးတော့ မြတ်ပါတယ်။ အဲဒီတုန်းက
သစ်ကွက်လိုင်စင်ရတဲ့သူတွေကလည်းနည်း၊ သစ်ဈေးကလည်း ဒီလော
မကြီးသေးတော့ အနုတ်များတယ်။ ရထားတွဲစရိတ်ကလည်း သိပ်မ
သေးဘူး။ သစ်ထုတ်သားတွေကလည်း ငှားလို့ လွယ်တယ်။ ဒီဇယ်က
ဈေးသိပ်မရှိသေးဘူး။ နောက်ပိုင်းတော့ ပြိုင်ဆိုင်မှုတွေကလည်း များ
တယ်။ စရိတ်စက၊ နေထိုင်စရိတ်၊ ဒီဇယ်စရိတ်၊ တွဲစရိတ်တွေက
ကြီးလာတယ်။ ဒီတော့ သိပ်မကိုက်ဘူး။ ဒီအထဲမှာ ပေးရကမ်းရတာ
ကလည်း များလာတယ်။ သစ်တွဲတင်လိုက်လို့ ရထားဘီးပူပြီဆိုရင် ငွေ
ပိုက်ပြီး လိုက်ပေတော့။ ဘီးကလည်း ခဏခဏပူတယ် မဟုတ်လား။





ပြီဆိုရင် ကိုယ့်သစ်တွဲကို ရထားလမ်းတစ်လျှောက်မှာ လိုက်ရှာပေတော့။
ဘူတာထောင်မှာ ရှိမလား။ မြို့ဟောင်းမှာ ရှိမလား။ တစ်ခါတလေမှာ တစ်လ
လောက် ကြာတတ်တယ်။ အဲဒီလို အခါမျိုးကျရင် ကြာတယ်။ အဲဒီတော့
စရိတ်ကလည်း တော်တော်ပွန်းပြီလေ။ တခါတလေမှာ မျှောစာက တော်တော်
နဲ့ ထွက်မလာဘူး။ ဒီတော့ သစ်တွေ မျှောဖို့အတွက် မျှောကြောင်းကို
ခွဲရတာတွေလည်း ရှိတယ်။ အများကြီးပါပဲ ဦးကြီးရာ။

မြို့ကြည့်ရင် အစပိုင်းတစ်နှစ် နှစ်နှစ်လောက်တုန်းက နည်းနည်း ကိုက်
သလိုလိုရှိပေမယ့် နောက်ပိုင်းမှာ ကျွန်တော်တို့ မကိုက်ဘူး။ အကုန်အကျ
က သိပ်များတယ်။ ဒီတော့ မကိုက်ဘူးလေ ဦးကြီး။ တစ်ခါတလေမှာလည်း
ကျွန်တော်တို့ သမဝါယမတို့ ဘာတို့ကို ရောင်းမိရင် ပိုက်ဆံထုတ်ရတာ
ကြာတယ်။ ရန်ကုန်ကဝယ်ရင် ရန်ကုန်ကို လာထုတ်ရတယ်။ မန္တလေးက
ဝယ်ရင် မန္တလေးကို လာထုတ်ရတယ်။ ဒီတော့ စရိတ်စကတို့ ဘာတို့
ကုန်ကုန်တာပေါ့။ ပြီးတော့ ထုံးစံအတိုင်း ချက်ချင်းရတာ မဟုတ်ဘူး။
တစ်ခါတလေ တစ်ပတ်လောက် စောင့်ရတာမျိုးတွေလည်း ရှိတယ်။
တစ်ခါတလေ စာရင်းမရှင်းရသေးလို့ဆိုပြီး တစ်ခေါက်တည်းနဲ့ မရဘဲ
နှစ်ခေါက်သုံးခေါက် လာရတာမျိုးတွေလည်း ရှိတယ်။ ဒီတော့ စရိတ်က
ထပ်ထောင်းတာပေါ့။ ဒါပေမဲ့လည်း တခြားလုပ်စရာမရှိတော့ လုပ်ရတာပဲ
ကြီးရေ။ ဖျားလိပ်ခေါင်းထဲဝင်မိတဲ့ခွေး ဆိုတာမျိုးလို။ နောက်ပြန်ဆုတ်လို့
ရတော့ ရှေ့ကိုပဲ တိုးသွားရတာပဲ"

စိုးဦးက သူတို့အဖြစ်ကိုသူတို့ သဘောကျဟန်ဖြင့် ရယ်သည်။

"ခုကော မင်းတို့အခြေအနေက"

"ရှစ်နှစ်လောက်လုပ်ပြီး ပြန်ကြည့်လိုက်တော့ ကျွန်တော်တို့အရင်း
တစ်ဝက်လောက် ရှုံးနေတယ်။ ရစရာကြွေးလေးတွေနဲ့ မော်တော်ကားတို့
ယ်တွန်စက်တို့ ဘာတို့ ပြန်ရောင်းလိုက်ရင် တစ်ဝက်ဖိုးလောက်တော့
ရတန်ကောင်းပါရဲ့လို့ အောက်မေ့ရတာပဲ။ ခုထိတော့ ကျွန်တော်တို့
လက်ထဲမှာ ငွေသားဆိုလို့ တစ်သိန်းပြည့်အောင်တောင် မရှိချင်တော့ဘူး။
ကျွန်တော်တို့က သူများလိုင်စင်ရထားတဲ့ သစ်ကွက်ကိုဝယ်ပြီး လုပ်ရတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



လိုင်စင်ရတဲ့ သူကတော့ ဟန်ကျတာပေါ့။ လိုင်စင် ရောင်းလိုက်ရင် အသာ တင် အမြတ်က ပေါ်နေပြီ။ သူ့မှာ ဘာကုန်တာမှတ်လို့။ စာရွက်ဖိုး၊ စ ဖိုး၊ လျှောက်လွှာဖိုးပဲ ကုန်တာ။ ကျွန်တော်တို့ကတော့ သိန်းချီပြီး ပေးလို ရပြီး ရတော့လည်း ခု ရှစ်နှစ်လောက်ကြာလို့ ကြည့်လိုက်တော့ လက်ထဲ ငွေတစ်သိန်းလောက်ရယ်။ ငှက်ဖျားရောဂါရယ်။ အရက်သောက်တတ် တာရယ်။ စိတ်ကြမ်းလူကြမ်း ဖြစ်သွားတာရယ်။ ဒါကျန်ရစ်ခဲ့တယ်။ ဒါ ဦးကြီးရေ မတတ်နိုင်ဘူး။ တခြား လုပ်စရာမရှိတော့ ဆက်ပြီး လုပ်ရဦး ပဲ"

"အေး ... မင်းတို့ လူငယ်တွေအကြောင်းက တော်တော် စိတ် စားစရာ ကောင်းတာပဲ။ ငါတောင် မင်းတို့တောထဲကို တစ်ခေါက်လော လိုက်ချင်သေးတယ်။ ဝတ္ထုလေးဘာလေး ရေးရအောင်"

"လိုက်ခဲ့စမ်းပါ ဦးကြီးရာ။ ဦးကြီးလာမယ်ဆိုရင် ကျွန်တော် ကောင်တွေလည်း ဝမ်းသာမယ်။ အားလည်းရှိမယ်။ ဝတ္ထုတွေ အများကြီး ရသွားမယ်။ ခု ကျွန်တော်ပြောတဲ့ အခက်အခဲတွေဆိုတာ အကင်းပဲရှိသေး တယ်"

စိုးဦးသည် ပြန်ခါနီးတွင် ကျွန်တော့်ကို ကန်တော့၏။ စိုးဦး ထိုထ လုပသော လက်ကျန်ရှင်းတမ်း စာရင်းကို ထုတ်နိုင်ပါစေဟု ကျွန်တော ဆုတောင်းပါ၏။

(ကလျာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉

* * *

# သမုဒ္ဒရာဆီးပြီး သူ့ရည်စားရှိရာ

www.burmeseclassic.com

www.burmeseclassic.com

# သမုဒ္ဒရာဆီးဖြိုးသူ့ရှည်စားရှိရာ

ကျွန်တော်တို့ စီးလာသည့် ဂျစ်ကားသည် မန်းချောင်းသောင်ပြင်တွင် ခင်းထားသည့် ရွှေစက်တော် ပွဲဈေးခင်းကြားမှ ကွေ့ကောက်မောင်းလာ ခဲ့ပြီးနောက် တစ်နေရာအရောက်တွင် အနောက်ဘက် တောင်ကမ်းပါးယံ ရှိ လှည်းလမ်းကလေးအတိုင်း ကုတ်တတ်၍ တွယ်တက်လာခဲ့သည်။ သင် ကယ်မိုးထားသည့် ဝါးထရံကာထားသော ဈေးဆိုင်တန်းများ၊ တည်းခိုခန်း များ၊ ဌာနဆိုင်ရာတို့၏ ရုံးခန်းများ၊ ပြခန်းများသည် ရွှေစက်တော်ခြေတော် ရင်းတွင် ကွေ့ဝိုက်စီးဆင်းနေသော မန်းချောင်းသောင်ပြင်ဖြူဖြူပေါ်တွင် ဝေးကျန်ရစ်ခဲ့သည်။ မန်းချောင်းသည် ငွေရောင်ဖဲကြိုးတစ်ချောင်း သက်ငယ်တဲတွေ၊ တောအုပ်တွေကြား ထွက်ပေါ်လိုက်၊ ပျောက်လိုက် တစ်နေရာတွင် မန်းငွေဖဲမျှင်သည် သက်ငယ်တဲဝါဝါတွေကြားမှာ ပျော သွားပြီး နောက်တစ်နေရာတွင် စိမ်းညို့ဝါရွှေသော တောအုပ်ထဲမှ ခေါ င်း တိုးထွက်လာသည်။ မုဆိုးတောင်ရိုးတစ်လျှောက်က ပိန်းနေသော အစိမ်း ထဲတွင် စိမ်းဝါဝါ နွေသစ်ရွက်များကြားတွင် ဆေးနီတွေ ကြဲပက်ထားသည်





င်နေသော အနီတွေ စွန်းထင်းနေသည်ကို မြင်ရသည်။ တပို့တွဲလဆန်းစ လှ၍ပွင့်သော ပေါက်လဲပွင့်ဦးတို့ဖြစ်မည် ထင်သည်။ သို့မဟုတ်လျှင် ည်း တပေါင်းကိုကြိုသော အင်ကြင်းပွင့်သစ်တို့ ဖြစ်မည်ထင်သည်။

ကျွန်တော်တို့ ဂျစ်ကားကလေးသည် မန်းချောင်းအနောက်ဘက်ကမ်း ခယောင်းလမ်းကြမ်းကို တွယ်တက်နေဆဲ။ မန်းချောင်းဘေး သောင်ပြင် ကျန်ရစ်ခဲ့သော တဲတန်းတို့မှာ ဝေး၍ ဝေး၍သွားကာ ဝါဝါလဲ့လဲ့ ဘက်ကြောင်းကလေးတစ်ခုလောက်မျှသာ မြင်ရတော့သည်။ စားသောက် င်များ၊ တည်းခိုခန်းများမှ ဖွင့်နေကြသော အသံချဲ့စက်များသည်လည်း ဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေပြီ။

တောင်ကမ်းပါးယံတစ်ဖက်ကို ကွေ့လိုက်သည်နှင့် စက်တော်ရာပွဲဈေး၏ င်းနှင့် အသံဗလံဟူသမျှတို့သည် ရုတ်တရက် ပျောက်ကွယ်သွားကြသည်။ ောင်ကမ်းပါးယံ အကွေ့တွင်တော့ တောမြိုင်ခြေလမ်း၊ ကွေ့ကောက်နေ ာ တောမြိုင်ခြေလမ်း။ မြို့ပြ၏ အသံများအစား တောင်တောမြိုင်၏ဂီတ၊ ငှက်တို့၏ အသံ၊ မျောက်တို့၏ ကြိုးခွေသံ။ မြိုင်စောင်းမှာ တွန်သံ ကြသော ဒေါင်းတို့၏ အိုးဝေသံ။

"ဟော့ကောင် ဇော်မင်း ဖြည်းဖြည်းမောင်းကွ။ လမ်းက ဆိုးတယ်"

ကျွန်တော်က ဂျစ်ကားမောင်းလာသည့် ဇော်မင်းကို သတိပေးရသည်။ င်းက တဟားဟား ရယ်၏။

"မောင်းပါတယ်ဆရာ။ ဆရာတို့ပါလို့ ဒီလောက် ဖြည်းဖြည်းမောင်းနေ ကျွန်တော်တို့ချည်းပဲဆိုရင် ဘယ် ဒီလိုမောင်းမလဲ"

"အမလေး ... ကြောက်ပါပြီ ကိုဇော်မင်းရယ်"

ကျွန်တော်တို့အထဲက တစ်ယောက်က အရွှန်းဖောက်သည်။

"ဟုတ်တယ် ဆရာ။ ကျွန်တော်တို့ချည်းပဲဆိုရင် ဒီလမ်းကိုတောင် ဆယ်၊ အစိတ် သုံးဆယ်လောက် မောင်းတာ။ အခု အလွန်ဆုံးရှိမှ ာရီကို ဆယ့်ငါး ဆယ့်နှစ်မိုင်ပေါ့။ ထားပါ ဆယ့်ငါးမိုင်"

ကျွန်တော်တို့ကို လိုက်ပို့သည့် ဦးသိန်းဝင်းက ပြောသည်။ သူတို့ းသည် မှန်သောစကား ဖြစ်နိုင်ပါ၏။ ကျဉ်းမြောင်း မတ်စောက်၍

www.burmeseclassic.com

www.burmeseclassic.com



အချိုးတွေ ကွေ့တွေများလှသည့် တောင်ကမ်းပါးယံပတ်လမ်းမှာပင် ဇော်မင်းသည် စီးကရက်ကို ဟန်ပါပါခဲကာ တစ်နာရီကို ဆယ့်ငါးမိုင်နီးပါး မောင်းသည်။

"ဒီကောင်တွေက ဒီလမ်းတွေမှာ မောင်းနေကျ ဆရာရဲ့။ ည ဘယ်လောက်မှောင်မှောင်၊ မိုးဘယ်လောက်ရွာရွာ အမြဲမောင်းနေတာ မဟုတ်လား။ မျက်စိမှိတ်မောင်းရင်တောင် ရမလား မသိဘူး"

"ရတာပေါ့ တစ်ခါတုန်းက ကျွန်တော် မျက်စိမှိတ်ပြီး မောင်းသွားတာ ကံကောင်းလို့ ဆယ်မိုင်ကွေ့က ချောက်ထဲကို မကျတယ်။ အိပ်ငိုက်ပြီး မောင်းလာတာလေ။ ဘယ်အချိန်က ငိုက်သွားမှန်းမသိဘူး။ မောင်းလိုက်တာ ဆယ်မိုင်ကွေ့နားရောက်မှ လန့်နိုးသွားတယ်။ ကံကောင်းလို့ပေါ့"

ဇော်မင်းက သူ့စကားကိုသူ သဘောကျ၍ တဟားဟား ရယ်သည်။

"ဟေ့ကောင် ဇော်မင်း။ မင်း ဘာဖြစ်လို့ ဒီလောက်မြန်မြန်မောင်းသလဲဆိုတာ ငါ သိတယ်နော်။ နင့်ထက်အရင် ငါက ထမင်းစားလာတဲ့ကောင်"

ဦးသိန်းဝင်းက ပြောသည်။ ဇော်မင်းက ဘာမျှမပြော၊ တဟဲဟဲ ရယ်နေသည်။

"ဒီကောင် ဘာ အကြံအဖန် လုပ်လာလို့လဲ"

ကျွန်တော်တို့အထဲက တစ်ယောက်က မေးသည်။

"ရွှေစက်တော်တုန်းက ကျွန်တော်တို့တစ်တွေ မင်းဘူးဘက်ကို တည်း ပြန်မလား၊ ဖေါကိုသွားမလားလို့ ပြောနေသံကြားတော့ ဒီကောင် ဖေါကိုသွားဖို့ ကောင်းတယ်။ ဝက်ပါနားမှာ ကြိုးတံတားကိုလည်း ဆရာတို့ ဖို့ ကောင်းတယ်လို့ နင် ဆရာတွေကို အတင်းဖွတ်ပြောနေတာလေ"

ဇော်မင်းက ရယ်လျက် ...

"ဟုတ်ပါတယ် ကိုကြီးသိန်းရ။ ကျွန်တော်က ဆရာတွေ တစ်ခါလာတာ။ ဝက်ပါ ကြိုးတံတားကို ရောက်ဖူးစေချင်လို့ပါ"

"ခွေးကောင် မသိရင်ခက်မယ်"

ဦးသိန်းဝင်းက ကြိမ်းသည်။





"ကိုကြီးသိန်းကလည်း သိရင်လည်း အသာနေတာ မဟုတ်ဘူး"

ကျွန်တော်တို့က သူတို့နှစ်ယောက်စကားကို နားမလည်သဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေကြသည်။

"ရွှေစက်တော်တုန်းက ကျွန်တော်တို့က မင်းဘူးကို ပြန်မယ်ဆိုတော့ ဒီကောင်က ဖေါကို သွားမယ်လို့ ပြောတယ် မဟုတ်လား။ ဆရာတွေကို ဖေါကိုရော၊ ပတိမ်းကိုရော၊ ဝက်ပါကြိုးတံတားကိုရော ရောက်စေချင်လို့ ပါရစေလို့ ဖွတ်ပြောနေနေတယ်လေ"

"ဟုတ်တယ်လေ။ ပို့တော့ ရောက်ဖူးတာပေါ့။ မကောင်းဘူးလား"

တစ်ယောက်က မေးသည်။

"ကောင်းတော့ ကောင်းတာပေါ့။ ဒါပေမဲ့ ... ဟေ့ကောင် ဇော်မင်း ပြောလိုက်ရမလား"

ဇော်မင်းက ရယ်လျက် ...

"ကိုကြီးသိန်းကလည်း ကျွန်တော်က တကယ့်စေတနာနဲ့ပါ။ ဒီဘက်ကို လှည့်ပြန်တော့ ဆရာတွေ အပြောင်းအလဲရတာပေါ့။ ပဒန်းကျရင် "ရွက်နဝေ"ကိုလည်း ပို့ချင်လို့ပါ"

"ပဒန်းက "ရွက်နဝေ"ဆိုတာ ဘာလဲ"

ကျွန်တော်က မေးသည်။

"ကျွန်တော်တို့ စတည်းချတဲ့ဆိုင်ကလေး ဆရာ။ ထန်းရည်ကောင်း ကောင်းရတယ်။ ချိုးကြော်တို့၊ ယုန်သားကြော်တို့ရတယ်"

ဇော်မင်းက ဝင်ဖြေသည်။

"ဟေ့ကောင်။ ဆရာတွေကို ပို့ချင်တယ်ဆိုတာ ငါယုံတယ်။ ဒါပေမဲ့ ဟာ ဘုရားလည်းဖူး လိပ်ဥလည်းတူးရင်း မဟုတ်လား"

ဇော်မင်းက ရယ်နေသည်။

"ဒီလို ဆရာ။ ဒီကောင်နဲ့ ကျွန်တော်တို့ ရွှေစက်တော်သွားတာ လေးနှစ်ရှိပြီ။ သူ့ကောင်မလေးကလည်း ရွှေစက်တော်ကို လာတယ်။ ရွှေစက်တော်ကိုလာရင် သူ့ကောင်လေးက ဝက်ပါရွာနားက ဘုန်းကြီးကျောင်း ကျောင်းမှာ တည်းတယ်။ သူ့ဦးကြီးရဲ့ကျောင်း၊ အဲဒီကနေမှ ဖေါက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် ရွှေစက်တော်ကို လာတာ။ ခု ကောင်မလေးကို သွားတွေ့ ဆရာတို့ကို အဲဒီကိုခေါ်တာ။ လူကတော့ ဉာဏ်ချည်းပဲ”

ဖော်မင်းသည် ငြင်းပယ်ခြင်း မပြုတော့၊ ရယ်၍သာ နေသည်။

“ဟုတ်လားကွ ဖော်မင်း။ မင်းကောင်မလေးက ဘယ်ကလာတာ မင်းဘူးက လာတာလား”

ဦးသိန်းဝင်းက ကြားဖြတ်၍ ...

“မဟုတ်ဘူး ဆရာ။ ကောင်မလေးက ရန်ကုန်က။ နှစ်တိုင်း ရွှေ တော်ကို လာလေ့ရှိတယ်။ ရွှေစက်တော်ကိုလာရင် သူက မင်းဘူးက ငဖဲကိုဖြတ်ပြီး ဝက်ပါက သူ့ဦးကြီး ဘကြီးဘုန်းကြီးကျောင်းမှာ တည်းတယ်။ ဝက်ပါမှာ တစ်ရက်တန်သည် နှစ်ရက်တန်သည် နေပြီးတော့ ရွှေစက်တော်ကို လာတယ်။ ရွှေစက်တော်ကမှ မင်းဘူးကို ပြန်ဖြတ် ရန်ကုန်ကိုပြန်တာ”

“ဒီလိုဆိုသွားပါစေဗျာ။ ကျွန်တော်တို့ကလည်း အားပေးပါတယ် မနှောင့်ယှက်ပါဘူး”

ဖော်မင်းက ဘာမျှမပြောတော့ ရယ်၍သာ နေသည်။

“မင်းရဲကောင်မလေးက ရန်ကုန်ကလား”

“ဟုတ်တယ် ဆရာ”

“ကျောင်းသူလား”

“မဟုတ်ဘူးဆရာ ဝန်ထမ်း”

ဖော်မင်းက လူသိများသည့် အစိုးရဌာနကြီးတစ်ခုကို ပြောပြသည်

“အမယ် ... ဒီလိုဆို တို့တောင် တွေ့ဖူးမှာ။ မင်းကောင်မလေး ပုံပန်းသဏ္ဌာန်က ဘယ်လိုလဲ”

ဦးသိန်းဝင်းက ...

“မနှစ်က ကျွန်တော် မြင်လိုက်ဖူးတယ် ဆရာ။ ခပ်ချောချော၊ အ ဖြူဖြူ၊ အရပ်မြင့်မြင့်၊ အသက်အစိတ်နဲ့ သုံးဆယ်ကြားရှိဦးမှာပေါ့။ နာ က ခင်ခင်ဦးတဲ့”

“ဝင်းဝင်းမေပါ ကိုကြီးသိန်းရာ။ ဘယ်ကလာ ခင်ခင်ဦးရမှာလဲ”





“ဟော့ကောင် မင်းပြင်ပေးမှာပဲဆိုပြီး ပါးစပ်ထဲတွေ့ရာကို ပြောလိုက်တာ ခုတော့ မင်းပါးစပ်က ထွက်လာပြီ မဟုတ်လား”

“ကောင်မလေးက ရန်ကုန်သူပေါ့”

“ကြည့်မြင်တိုင်သူမှ ကြည့်မြင်တိုင်သူစစ်စစ် ဆရာ”

ဦးသိန်းဝင်းက ပြောပြန်သည်။

“ကိုကြီးသိန်းကလည်း လုပ်ပြန်ပြီ။ ဘယ်ကသာ ကြည့်မြင်တိုင်သူရမှာ ပုဇွန်တောင်သူပါ ရေကျော်ကပါ”

ဦးသိန်းဝင်းသည် သဘောကျသဖြင့် တဟားဟား ရယ်နေသည်။

“ငါက ငါ့ပါးစပ်ထဲ တွေ့ရာတွေကိုပြော။ မင်းက လိုက်ပြင်၊ ဒီလိုနဲ့ ဇာတ်လမ်းက ပေါ်တော့မှာပါကွာ။ မထူးပါဘူး။ ဆရာတို့ကို ပြောပြ မ်းပါ။ ဇာတ်လမ်းလေးဘာလေး ရတာပေါ့”

“ရန်ကုန်က ပုဇွန်တောင်သူနဲ့ မင်းဘူးသားက ဘယ်လိုတွေ့တာလဲ ရွှေစက်တော်လာရင်း စတွေ့တာလား”

“မဟုတ်ပါဘူး ဆရာ။ ရန်ကုန်မှာ တွေ့ကြတာပါ။ သူကလည်း န်သူဆိုပေမယ့် သူ့အမေများက ငဖဲနယ်ကပါ။ အမေက အိမ်ထောင် ရန်ကုန်ပြောင်းသွားတော့ သူတို့လည်း ရန်ကုန်သူတွေ ဖြစ်သွား ဆရာ”

“မင်းက မင်းဘူးမှာ။ သူတို့က ရန်ကုန်မှာ ဘယ်လိုတွေ့တာလဲ”

“ကျွန်တော်က အရင်တုန်းက ရန်ကုန်မှာသွားပြီး ကျောင်းနေတယ် ဆယ်တန်းပေါ့လေ။ ဗိုလ်တထောင် အထက(၆)မှာ ကျောင်းတက် ကျွန်တော့်ဦးလေးက ရေကျော်ထဲမှာ နေတယ်။ ဒီလိုနဲ့ မနက်တိုင်း သွား၊ ကျွန်တော်က ကျောင်းတက်ရင်း စတွေ့သွားတာပါပဲ ဆရာ”

“သူက ကျောင်းပြီးသွားပြီလား”

“ခုတော့ ပြီးသွားပြီဆရာ။ ကျွန်တော်နဲ့စတွေ့တုန်းကတော့ သူက န်းအောင်ပြီးလို့ စာပေးစာယူ ပထမနှစ်တက်နေတုန်းပါ”

“င်းကတော့ ဆယ်တန်းမအောင်သေးဘူးပေါ့”

“တ်တယ် ဆရာ။ မအောင်သေးဘူး။ ခုလည်း မအောင်သေး



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ဆယ်တန်းကို ဆက်မဖြေတော့ဘဲ ကျွန်တော် အလုပ်ဝင်လုပ်နေတာ ပါ"

"ဒါဖြင့် မင်းတို့ဇာတ်လမ်းက ဇာတ်သိမ်းကို မရောက်သေးဘူးပေါ့"

"ရောက်ပြီလို့ ဆိုနိုင်တယ်။ မရောက်သေးဘူးလို့ ဆိုနိုင်တယ် ဆရာ"

ဦးသိန်းဝင်း၏ အသံဖြစ်ပါသည်။ ဇော်မင်းကမူ ဘာမျှမပြော စီးကရက်ကိုခဲရင်း ဂျစ်ကားကို မောင်းလာသည်။

ကျွန်တော်တို့ ဂျစ်ကားကလေးသည် ဖဲမြို့ကလေးထဲသို့ ဝင်လာခဲ့ကြ၏။ ဖဲမြို့ကလေးမှာ သန့်ရှင်းလှပပြီး အိမ်တိုင်းရှေ့တွင် တသွင်သွင် စီးဆင်းနေသော ရေမြောင်းကလေးတွေရှိသည်။ မြို့နောက်ဖေးတွင် အထက် မန်းချောင်းဆီမှ ရေစီးသံကို ကြားရတတ်သည်။

ဖဲမြို့ကအထွက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရောက်တော့ လက်ဖက် ရည်ဆိုင်က ကောင်လေးတစ်ယောက်က ဂျစ်ကားကို ထွက်တားပြီး ဇော်မင်း ကို စာတစ်စောင်ပေးသည်။

"ဝက်ပါကိုလိုက်ခဲ့တဲ့။ မှာသွားတယ်"

ဇော်မင်း ပြုံးသွားသည်။

"ကြည့်စမ်း။ ခွေးကောင်လေး။ မင်းက မင်းအဆက်နဲ့ ချိန်းထားတာ ပေါ့လေ။ ဟုတ်လား"

"အမှန်က ဒီနေ့ သူတို့ကို မင်းဘူးကနေ ဝက်ပါကိုရောက်အောင် ပို့ဖို့ချိန်းထားတာခင်ဗျ။ ဆရာတို့ကို ပို့စရာရှိတယ် လိုက်ခဲ့လို့ ကိုကြီး ခေါ်တာနဲ့ လိုက်ခဲ့ရတာ။ ခု သွားပြီး တောင်းပန်ရဦးမယ်"

"ဒီလိုဆို တို့ကြောင့် အနှောင့်အယှက်ဖြစ်ရတာ စိတ်မကောင်းဘူး ကွာ။ တို့ဘာသာ ဖဲမှာပဲ နေရစ်ခဲ့ပါတော့မယ်။ နောက်တစ်နေ့မှ ကြုံ ကားနဲ့ မင်းဘူးကို ပြန်တော့မယ်။ တို့မှာ သူများချစ်ခြင်းကို ခွင်း ဝင့်လိုက်နေပါဦးမယ်"

ကျွန်တော်တို့အထဲက တစ်ယောက်က နောက်သည်။

"ရပါတယ် ဆရာ။ ကိစ္စမရှိပါဘူး။ နောက်ဆရာတို့ကို ဒီနေ့ည မင်း ကို ပို့ပြီး နောက်တစ်နေ့ကျမှ ကျွန်တော် ဒီကို ပြန်လာပြီး ရွှေစက်





ကို ပို့ပေးမှာပေါ့။ ခုတော့ ဆရာတို့ကို ကြိုးတံတားကိုလည်း ရောက်ဖူး စေချင်လို့ပါ"

ဖဲက ကျွန်တော်တို့ ထွက်သွားသည့်အခါတွင် နေတော်တော်စောင်း နေလေပြီ။ အနောက်ရိုးမတောင်စွယ်အရိပ်ထိုးသဖြင့် မှုန်မှိုင်းစပြုလေပြီ။

ကျွန်တော်တို့ကားသည် တောလမ်းကြမ်းကြီးအတိုင်း ဖဲမှ ဝက်ပါရွာ သို့ မောင်းလာခဲ့သည်။ လမ်းတစ်ဝက်လောက်အရောက်တွင် ကြော့နေ အောင် ဆင်ထားသည့် လှည်းယဉ်ကလေးကို လှမ်းမြင်လိုက်ရသည်။ လှည်း ယဉ်ကလေးမှာ ကော်ဇောခင်းထားပြီး နွားနှစ်ကောင်ကလည်း ကြော့နေ အောင် ခြူကလေးဆင်ထားကာ ခြူသံတချွင်ချွင်ဖြင့် မြည်နေသည်။

လှည်းယဉ်ကလေးပေါ်တွင်မူ ထီးလှလှကလေးတွေကို ဆောင်းထားပြီး တတ်ဆန်ဆန် ဝတ်ထားသည့် မိန်းမပျိုနှစ်ယောက်နှင့် အသက်ခပ်ကြီးကြီး ကျော်ခန့်ရှိ အမျိုးသမီးကြီးတစ်ယောက်။

ထိုမျှခေါင်သော တောထဲတွင် ထိုမျှခေတ်ဆန်၍ ထိုမျှလှပသော မိန်းမ ကလေးနှစ်ယောက်ကို မြင်လိုက်ရသဖြင့် ကျွန်တော်တို့ အံ့အားသင့်နေ သည်။

တောလမ်းကျဉ်းကျဉ်းကလေးပေါ်တွင် ချိုင့်တွေ၊ ကျင်းတွေ၊ ချောက် တွေနှင့် ဖြစ်နေသည်။ ထိုလှည်းယဉ်က ကျွန်တော်ကား ဖြတ်သွားနိုင်ရန် ဘေးသို့ကပ်၍ ရပ်ပေး၏။

သို့ရာတွင် ကျွန်တော်တို့ဂျစ်ကားသည် ရှေ့သို့ ဆက်မသွားပါ။ ဇော်မင်း သည် စက်ကိုရပ်ပြီး ကားပေါ်မှ ခုန်ဆင်းသွားပါသည်။ ကောင်မလေးက ထီးကို နှုတ်ခမ်းကိုစူပြီး မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်ပါသည်။ ကောင်မလေးတစ်ယောက်နှင့် အဒေါ်ကြီးကသာ စကားပြောပြီး ကျန်သည့် ကောင်မလေးတစ်ယောက်က သူ့ကို မျက်စောင်းလေးတစ်ချက်ထိုး နှုတ် ခမ်းလေးတစ်ချက်စူကာ မျက်နှာကို တစ်ဖက်သို့ လွှဲနေလိုက်ပါသည်။

သူသည် ဝင်းဝင်းမေဖြစ်မည်မှာ သေချာပါသည်။

"ဆရာတို့ကို လိုက်ပို့နေရလို့ နောက်ကျသွားတယ် ဒေါ်လေးရေ။ ကျွန်တော်တို့သွားနှင့်မယ်။ ဝက်ပါရောက်မှ ဘုန်းကြီးကျောင်းကို ဝင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မယ်။ သွားမယ်နော်"

ဇော်မင်းက ဝင်းဝင်းမေဘက်သို့ မျက်လုံးတစ်ချက် လှမ်းကြည့် နှုတ်ဆက်သည်။ ဝင်းဝင်းမေက တစ်ချက်လှည့်ကြည့်ပြီး ကုပ်ပေါ်တွင် ဝဲ နေသည့် ဆံပင်ကလေးတွေ ယမ်းခါသွားအောင် သူ့ခေါင်းကို ခပ်ဆ ဆတ် တစ်ဖက်သို့ လှည့်လိုက်ပြီး နှုတ်ခမ်းစူနေသည်။

"ကောင်မလေးတော့ မင်းကို နာကစ်သွားပြီကွ။ တို့အပြစ်ပဲကွ" ဟု ကျွန်တော်က ပြောသည်။

"ရပါတယ် ဆရာ။ ကိစ္စမရှိပါဘူး။ ဒီနေ့ ဝက်ပါကို ကျွန်တေ ရောက်အောင် လာခဲ့မယ်လို့ ပြောထားပြီးပဲ။ ကျွန်တော် ရောက်အေ ပြန်မှာ။ ပြန်လာခဲ့မယ်လို့ ပြောထားခဲ့တယ်။ ပြန်မှာပေါ့"

"ဘာရယ်။ မင်း ဒီနေ့ည ဒီမှာအိပ်ရင် တို့က ဘာနဲ့ပြန်ရမှာ ဦးသိန်းဝင်က ပြောသည်။

"ကိုကြီးသိန်းတို့ မင်းဘူးပြန်ပို့ပြီးမှ ကျွန်တော် ပြန်မှာပေါ့"

"ဟေ့ကောင်။ မင်းရူးနေသလား"

"ရပါတယ်။ ကိုကြီးသိန်းတို့သာ ကြိုးတံတားတို့ ဘာတို့ကို မြ သွားကြည့်ခဲ့။ ကျွန်တော်ကတော့ ဘုန်းကြီးကျောင်းကိုဝင်ပြီး ဘုန်းကြီးနေ ကန်တော့ရင်း သူတို့နဲ့လည်းတွေ့ရင်း ကျောင်းမှာ ခဏနေရစ်ခဲ့မယ်။ မြ ပြန်လာခဲ့နော် ကိုကြီးသိန်း"

ကျွန်တော်တို့သည် ဝက်ပါရွာအနီးက အထက်မန်းချောင်ကို ကူး သည့် ကြိုးတံတားကို ကြာကြာမကြည့်နိုင်ပါ။ အပြေးအမြန်ကြည့်ပြီး ပြန် ကြပါသည်။

ဘုန်းကြီးကျောင်းတွင် ဇော်မင်းသည် ကားကို အသင့်ပြင်ကာ ကျွန် တို့ကို စောင့်နေသည်။ ကျွန်တော်တို့သည် ဘုန်းတော်ကြီးကို ကန် ပြီး ကားပေါ်သို့ တက်ခဲ့ကြ၏။ ဝက်ပါမှ ကျွန်တော်တို့ ထွက်လာသည် တွင် ညနေ ၄း နာရီကျော်နေလေပြီ။ ၎ဖဲကို ဝင်ရဦးမည်။ ပတိမ်းကို ဦးမည်။ ပဒန်းကို ကျော်ရဦးမည်။ ဘယ်လောက်ပင် မောင်းမောင်း လမ်းတွင် စိတ်ထင်တိုင်း မောင်း၍မရ။ တောင်ကမ်းပါးယံတွေက များ





ချောက်ကမ်းပါးတွေ ပေါသည်။ တောထူသည်။ လမ်းကြမ်းသည်။ လမ်းက မှောင်သည်။

မော်တော်ကားသည် ၎ဖဲမှ ထွက်ကတည်းက တစ်နာရီကို မိုင်သုံးဆယ် ကျော် လေးဆယ်နှုန်းဖြင့် မောင်းလာသည်။ လမ်းက မည်းမှောင်လျက် ကျွန်တော်တို့ကားမှ မီးလုံးကြီးနှစ်လုံး၏ မီးရောင်သည် မျက်လုံးကြီးများ သဖွယ်တောက်ပကာ တောလမ်းကလေးပေါ်သို့ ထိုးကျနေသည်။ တစ်ခါ တရံတွင် ချောက်ကမ်းပါးကြီး ဆီးတားသည်။ တစ်ခါတရံတွင် တောကြီး မှောက်မည်းကို မြင်လိုက်ရသည်။

တောကြီးတောင်ကြီး မှောင်ကြီးမည်းကြီးထဲတွင် ကားငယ်လေးတစ်စီး သည်း မောင်းနေရသဖြင့် ကျွန်တော်တို့တတွေ အလိုလို အားငယ်လာကာ တစ်ယောက်စကား သီချင်းဆိုသည်။ သို့ရာတွင် ကြာကြာမဆိုနိုင်ပါ။ အထီး ကျန်စိတ်၊ အားငယ်စိတ်သည် အလိုလို ပေါ်လာ၏။

သည်ခရီးတွင် ညမပြောနှင့် နေ့သွားသည့်ကားပင် တစ်စီးတစ်လေ တွေ့ခဲလှသော ရှိသည်။ ညဆိုလျှင်မူ မော်တော်ကား အသွားအလာ တစ်စီး မှ မရှိတော့။ လူသွားလူလာဆို၍လည်း တစ်ယောက်မျှ မရှိတော့။ တော တောင်စုံမြိုင်ယံထဲက အထီးကျန် တောလမ်းကြမ်းကြီး ဖြစ်သည်။

ကျွန်တော်တို့ ဂျစ်ကားကလေး မင်းဘူးမြို့ရှိ တည်းခိုရိပ်သာရှေ့ကို ရောက်တော့ ည ၉ နာရီထိုးနေပြီ။

ကျွန်တော်တို့ ကားပေါ်မှအဆင်းတွင် ဇော်မင်းက ...

"ကိုကြီးသိန်း ... လိုလိုမယ်မယ် ကျွန်တော့်ကို သွားလာခွင့် လက်မှတ် လေးတစ်စောင်လောက် ရေးပေးလိုက်ပါလား။ ဘုရားဂေါပကအနေနဲ့ ပါ"

"ဟေ့ကောင် မင်း တကယ်သွားမှာလား"

ဦးသိန်းဝင်က မေးသည်။

"သွားမှာပေါ့ ကိုကြီးသိန်းရ။ ဓာတ်ဆီလည်း အပြည့်ရှိတယ်။ ခုနေ မောင်းသွားရင် နာရီပြန်တစ်ချက်ကျော်ကျော် နှစ်ချက်လောက်ဆိုရင် ရောက် မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပါသေးသလဲ။ မင်းမှာ အဖော်ပါရဲ့လား"

"ပါပါတယ်။ ဒါ ပါတယ်လေ"

သူက ခါးကြားမှ ဓားမြှောင်ကို ထုတ်ပြသည်။

"ပြီးတော့ ဒါလည်း ပါပါသေးတယ်။ မပူပါနဲ့ ကိုကြီးသိန်းရ။ ကိုကြီးသိန်းညီ ဒီလမ်းမှာ ကျောက်ခဲဘယ်နှစ်လုံးရှိပြီး သစ်ပင်ဘယ်နှစ်ပင်ရှိတယ်ဆိုတာကအစ ဒီလမ်းကို ကောင်းကောင်းသိတယ်"

သူက ဂျစ်ကားခြေနင်းစက်ခေါင်းအောက်တွင် ထိုးထားသည့် ငှက်ကြီးတောင်ဓားကို ပြသည်။

"ဇော်မင်း ဖြစ်ပါ့မလား" ဟု ကျွန်တော်က မေးသည်။

"ဖြစ်ပါတယ် ဆရာ။ ဘာမှ မပူပါနဲ့။ ဒီလမ်းကို ကျွန်တော်သွားနေကျပါ။ ကဲ ... သွားမယ် ဆရာ။ သိပ် နောက်ကျနေလိမ့်မယ်"

ကျွန်တော်သည် မှောင်ကြီးမည်းကြီး၊ တောကြီးမြက်မည်းအနီး တောင်ကြားလမ်းမပေါ်တွင် ပြေးလွှားနေသည့် ဂျစ်ကားမီးရောင်နှင့် ကားပေါ်မှ ဇော်မင်း၏ အချစ်ရည်ရွှန်းသော တောက်ပသည့် မျက်လုံးများကို မြင်နေရလေသည်။

(ကလျာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၉၂)

* * *

# မင်းသမီးရုပ်နှင့် ဘီလူးခေါင်း

www.burmeseclassic.com

www.burmeseclassic.com

# မင်းသမီးရုပ်နှင့် ဘီလူးခေါင်း

ဗိုလ်ချုပ်ဈေးထဲသို့ ကျွန်တော် အခါခါ အခေါက်ခေါက် ရောက်ဖူး ခဲ့ပါသည်။ ကျောင်းသားဘဝတုန်းကလည်း မကြာခဏ ရောက်ဖူးသည်။ ကျောင်းကထွက်တော့လည်း ရောက်ဖူးသည်။ စာကလေးဘာလေး ရေး တော့လည်း ရောက်ဖူးသည်။

ကျွန်တော်တို့ စာစ၍ ရေးစဉ်က ရှုမဝမဂ္ဂဇင်းတိုက်သည် ဗိုလ်ချုပ် ဈေး အနောက်ဘက်တန်း ၁၄၆ မှာရှိသည်။ နာမည်ကျော် ဘသန်းကား သည်လည်း ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်းမှာ ရှိသည်။

ဒေါ်ခင်ရီ စာအုပ်ဆိုင်သည်လည်း ဗိုလ်ချုပ်ဈေးအနောက်ဘက်တန်းမှ ရှိသည်။ တက္ကသိုလ် သမဝါယမအသင်းဆိုင်၊ သမဝါယမ ဆံပင်ညှပ်ဆိုင် တို့လည်း ဗိုလ်ချုပ်ဈေးမှာရှိသည်။ နောက်ပိုင်းတွင် ရှုမဝမဂ္ဂဇင်းသည် ဗိုလ်ချုပ်ဈေး တံတားကြီးဘက်သို့ ရောက်သွားသည်။

ထိုအခါတွင်လည်း ကျွန်တော်သည် ဗိုလ်ချုပ်ဈေးကို အမြဲတမ်းလိုလို ဖြတ်သွားတတ်သည်။ မဂ္ဂဇင်းတိုက်တွင် မိတ်ဆွေများနှင့်တွေ့၍ လက်ဖက်ရည်





…ဘက် ထွက်လျှင်လည်း ဗိုလ်ချုပ်ဈေးထဲက အရှေ့ဘက်တန်းက မြကဖီး …သွားသောက်သည်။

တစ်ခါတစ်ရံ မြန်မာထမင်းဟင်း စားချင်လျှင်လည်း ဗိုလ်ချုပ်ဈေးထဲက …ာထမင်းဆိုင်တွေမှာ သွားစားသည်။ တစ်ခါတစ်ရံ လက်သုပ်တို့၊ ကျောက် …ာတို့ စားချင်လျှင်လည်း ဗိုလ်ချုပ်ဈေးထဲမှာ သွားစားသည်။

ရန်ကုန်မှာနေသည့် ကာလများတွင် ဗိုလ်ချုပ်ဈေးကို ကျွန်တော် …ောက်သည့်အခါဟူ၍ မရှိပါ။ အနည်းဆုံး တစ်ပတ်တစ်ခေါက်တော့ …က်တတ်ပါသည်။

ကျွန်တော်သည် မြောက်ဘက်တန်းခေါ် နောက်ကျောဘက်တန်းက …တန်းများကိုလည်း ရောက်ဖူးပါသည်။ အသားတန်း၊ ငါးတန်း၊ …ွဲစားတန်း၊ ကျောက်ပွဲစားတန်း စသည့် ဈေးရုံတန်းများကြားကိုလည်း …က်ဖူးပါသည်။ ဗိုလ်ချုပ်ဈေး၊ အပေါ်ထပ် အောက်ထပ်စုံနေပါပြီ။

အလယ်ရုံ ဘေးရုံ စုံနေပါပြီ။ ဆိုင်တန်း တောတော်များများ ရှေ့ကို …ည်း ရောက်ဖူးပါသည်။ ရွှေဆိုင်တန်း၊ အထည်တန်း၊ ဖိနပ်တန်း၊ …ည်တွေ ရောင်းသည့်ဆိုင်တန်း၊ ပန်းချီကားတွေ ရောင်းသည့် ဆိုင်တန်း၊ …ုပ်အစားအစာများ၊ အရက်ပုလင်းများရောင်းသည့် ဆိုင်တန်း၊ ယွန်း …တွေ ရောင်းသည့်ဆိုင်တန်း စသည်ဖြင့် စုံနေပါသည်။

ဗိုလ်ချုပ်ဈေးကြီးသည် သူ့ပစ္စည်းနှင့်သူ ပြည့်စုံ ဖူလုံနေသော ကမ္ဘာ …ာကြီးတစ်ခု ဖြစ်ပါသည်။

ဗိုလ်ချုပ်ဈေးကြီးထဲတွင် ကျွန်တော် မရောက်ဖူးသည့်နေရာ၊ ကျွန်တော် …က်ဖူးသည့် ဈေးရုံ မရှိသလောက် ဖြစ်ပါသည်။

…သို့ရာတွင် သူနှင့် တွေ့လိုက်သည့်အခါမှပင် ကျွန်တော်သည် ဗိုလ်ချုပ် …ထဲတွင် ကျွန်တော် မရောက်ဖူးသည့်နေရာတွေရှိကြောင်းကို ကျွန်တော် …ပါသည်။

…သူနှင့် ကျွန်တော် မတွေ့သည်မှာ ကြာလှပါပြီ။ သူသည် ကျွန်တော့် …အသက်ကြီးပါသည်။ ကျွန်တော်တို့မြို့ဇာတိဖြစ်သော်လည်း သူ့ကို …ာ် မြို့မှာတုန်းက ကောင်းကောင်း မသိပါ။ တစ်ခါနှစ်ခါလောက်



www.burmeseclassic.com

www.burmeseclassic.com



သာ မြင်ဖူးလိုက်ပြီး နောက်မတွေ့တော့ပါ။ သူ့ညီနှင့် ကျွန်တော်တို့ သူငယ်ချင်းဖြစ်သဖြင့် သူ့အိမ်သို့ မကြာခဏ ရောက်တတ်ပါသည်။ သို့ တွင် သူ့ကို သိပ်မတွေ့ရပါ။ သူသည် ငယ်ငယ်ကလေးကတည်း အိမ်မှာနေသည်ဟူ၍မရှိ။ အမြဲလိုလို ခရီးသွားနေတတ်ပါသည်။ ကျေ လည်း နေဟန်မတူပါ။

"မင်းအစ်ကိုက ကျောင်းမနေဘူးလား"ဟု ကျွန်တော့်သူငယ်ချင်း မေးသည်။

"သူက မနေချင်ဘူးတဲ့ကွ။ စာမသင်ချင်ဘူးတဲ့။ အလုပ်ပဲ လုပ် တယ်တဲ့။ သူ့ကို အရင်းအနှီး ထုတ်ပေးပါလို့ အဖေတို့ အမေ ခဏခဏ ပူဆာတယ်"

"ဒီတော့ မင်းအဖေတို့ အမေတို့က အရင်းအနှီး ထုတ်ပေးသ

"အစတုန်းကတော့ ထုတ်မပေးဘူးပေါ့။ ကျောင်းပဲ အတတ်နိုင် ပေါ့။ နောက်တော့ ၉ တန်းမှာ သုံးလေးခါကျတော့ အဖေတို့ အ ကလည်း ဒီလောက်တောင် ရှိလှတာ သူလုပ်ချင်တဲ့ စီးပွားရေးလုပ် လုပ်ပေ့စေဆိုပြီး အရင်းအနှီး စိုက်ထုတ်ပေးလိုက်တယ်။ သူက ဟို သွားကုန်ကူးလိုက်၊ ပြန်လာလိုက်ဆိုတော့ အိမ်မှာမရှိတာများတယ်"

"မင်းအစ်ကိုက ဘာကုန်တွေ ကူးတာလဲကွ"ဟု ကျွန်တော်က မေး

"ငါ့အစ်ကိုကူးတဲ့ကုန်က အဆန်းကွ။ အာနန္ဒာပွဲဈေးတို့၊ ရွှေ ပွဲဈေးတို့ သီဟိုဠ်ရှင်ပွဲဈေးတို့မှာ ပွဲဈေးလိုက်ပြီး အရုပ်ကလေး ရောင်းတယ်"

"ဘာ ... အရုပ်ကလေးတွေ ဟုတ်လား"

"အေးပေါ့။ တို့အိမ် ဗီရိုပေါ်မှာ တင်ထားတဲ့ ဇီးကွက်ရုပ်တို့ မျိုး၊ ပြီးတော့ ကျောက်ဆည်တို့ ဘာတို့ကလုပ်တဲ့ ဆင်ရုပ်တို့၊ မြ သစ်သားနဲ့လုပ်တဲ့ ကျားရုပ်တို့၊ မင်းသားရုပ်တို့၊ မင်းသမီးရုပ်တို့ ရုပ်တို့ကို ရောင်းတယ်။ သူက အလှကြိုက်၊ အသန့်ကြိုက်ကိုး ကုန်မျိုးကိုမှ ရောင်းချင်တယ်တဲ့။ ဒီပြင်ပစ္စည်းတွေ ရောင်းရတာ တယ်တဲ့။ တစ်ခါ အမေက နင့်အရုပ်တွေ ရောင်းရတာ အ





တို့လည်း သိပ်မရှိဘူး။ အောက်မှာ တို့ဆွေမျိုးတွေရှိတယ်။ အဲဒီက ငါးခြောက်တို့ကို ယူရောင်းပါလားလို့ပြောလို့ စိတ်ဆိုးလိုက်တာ။ သို့ ညစ်ပတ်တဲ့ အလုပ်မျိုးကို တစ်သက်လုံး မလုပ်ဘူးတဲ့"

ကျွန်တော်သည် သူ့အကြောင်းကို ထိုမျှလောက်သာ သိခဲ့ပါသည်။ တော်နှင့်သူသည် သိပ်မတွေ့ဖြစ်ကြပါ။ ကျွန်တော့်ထက် အသက် လေးငါး ကန်နှစ်လောက်လည်း ကြီးသဖြင့် မတွဲဖြစ်ခဲ့ကြပါ။

ယင်းမှာ စစ်ပြီးစက ဖြစ်ပါသည်။

ကျွန်တော်သည် ရန်ကုန်မှာ ကျောင်းနေသည့်အခါတွင် သူ့ကို တစ်ခါ ဆူးလေဘုရားလမ်းမှာ တွေ့လိုက်ရသည်။ ထိုစဉ်က သွင်းကုန် လိုင်စင်တွေ ခေတ်စားချိန် ဖြစ်ပါသည်။

သူသည် သွင်းကုန် လိုင်စင်ရကာ မဟာဗန္ဓုလလမ်း (ထိုစဉ်က ဒါလ လမ်း)တွင် စတိုးဆိုင်ကြီးတစ်ဆိုင် ဖွင့်ပါသည်။ သူ့စတိုးဆိုင်တွင် နိုင်ငံ လာသည့် အလှကုန်များ၊ အဝတ်အထည်များ၊ နာရီများ၊ ဦးထုပ်လှလှ များ စသည်တို့ကို ရောင်းချပါသည်။ ရှေ့မှန်ဗီရိုကြီးထဲတွင် ကော် ထားသည့် မိန်းမရုပ်လှလှတစ်ရုပ်ရှိပြီး ထိုမိန်းမရုပ်ကို ပြင်ဆင် ပြသထားပါသည်။ သူသည် လေအေးစက်တပ်ထားသည့် သူ့ရုံးခန်း ရင်း အမှာစာများကို ရေးနေသည်။ လှပချောမောသည့် လက်နှိပ် လေးတစ်ယောက်က သူ့ပါးစပ်မှ ရွတ်ပေးသည့် အမှာစာများကို ရေးပေးနေသည်။

သူ့စတိုးဆိုင်ကလေးသည် ပန်းချီကားထဲက ဆိုင်ကလေးတစ်ဆိုင်လို သစ်လွင်နေသည်။ ဆိုင်ရှေ့တွင် မှန်ဗီရိုများက ပြောင်လက်တောက်ပ သည်။ မှန်ဗီရိုများထဲတွင် လှပသစ်လွင်သော ပစ္စည်းတွေကို အစီအရီ ထားသည်။ ရှိုးကေ့စ်များထဲတွင်လည်း အလှပဆုံး ပစ္စည်းကလေးများ ကျင်းပြထားသည်။

အရောင်းစာရေးမကလေးများက သူ့မှန်ဗီရိုများကို ကြက်မွေးများဖြင့် တ်နေကြသည်။ ဖုန်မှုန့်ရယ်လို့ သိပ်မရှိ။ မနက်လင်း၍ ဆိုင်ဖွင့် ဆိုင်သန့်ရှင်းရေးသမားများက အကုန်လှည်းကျင်းပြီးပြီ။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



ညစ်ပတ်မှု၊ ဖုန်မှုန့်အစွန်းအထင် စသည်တို့ကို မုန်းသူဖြစ်သည်။

သူသည် သူ့အခန်းကို ဖြူဖွေးပြောင်လက်နေအောင် ဆေးသုတ်ထားသည်။ သူ့ရေအိမ်က ကြွေခွက်သည် ဖွေးပြောင်လက်နေကာ အနီးရှိ ဖြူဖွေးသည့် ကြွေလက်ဆေးကန်စင်ပေါ်တွင် မွှေးကြိုင်သင်းပျံ့နေသော အမွှေးဆပ်ပြာအနီးရှိ တန်းပေါ်တွင် ဖြူဖွေးနေသည့် လက်သုတ်ပုဝါ တင်ထားသည်။ အနံ့အသက်ပျောက် ဆေးဘူးကို အခန်းထဲတွင် ချိတ်ထားသဖြင့် သူ့ရေအိမ်သည် မွှေးကြိုင်နေသည်။

"ခင်ဗျားကတော့ တကယ့် အရောင်းအဝယ်လုပ်ငန်းရှင်ကြီး ဖြစ်နေပြီနော်"ဟု ကျွန်တော်က သူ့ကိုကြည့်၍ ပြောသည်။

"ကျောင်းဆက်နေရင် ငါ့အဖို့ အချိန်ကုန်မှာပဲလေ။ ငါက ကျောင်းမှာ မနေချင်ဘူး။ စာလည်း မသင်ချင်ဘူး။ ဒါကြောင့်မို့လား မသိ ကျောင်းစာဆိုလို့လည်း နောက်ဆုံးက။ ပညာပါရမီနည်းတယ်လို့ ဆိုရမှာပေါ့ကွာ။ ဒီတော့ ကိုယ်လုပ်ရမယ့် လုပ်ငန်းကို စောစောစီးစီး ရွေးလိုက်တာ ပိုကောင်းတာပေါ့။ ဒါကြောင့် ဟန်ကျသွားတာပေါ့"ဟု သူက ပြောသည်။

"ကျွန်တော် မှတ်မိသေးတယ်။ ကျွန်တော် ငယ်ငယ်တုန်းက ရှေ့တန်း အရုပ်ဆိုင်ကလေး ဖွင့်တာလေ။ မင်းသမီး၊ မင်းသား ရုပ်ကလေး ယမင်းရုပ်ကလေးတွေ"

"အေး ... ဟုတ်တယ်။ အဲဒီတုန်းက ငါက အရုပ်လှလှကလေးတွေမှ ရောင်းချင်တာ။ ပြီးတော့ အသန့်ကလည်း ကြိုက်တယ်ကွ။ ခုထိ ဒီအတိုင်းပဲ" ဟုဆိုကာ သူသည် ရယ်နေသည်။

ကျွန်တော်နှင့် စကားပြောနေသည့်အချိန်အတွင်း သူက ရေချိုးခန်းသို့ မကြာခဏ ဝင်သွားကာ ဆပ်ပြာဖြင့် လက်ဆေးတတ်သည်။ လူတစ်ယောက်နှင့် လက်ဆွဲနှုတ်ဆက်ပြီးတိုင်း သူကိုင်နေကျမဟုတ်သည့် ပစ္စည်းတစ်ခုခုကို ကိုင်ပြီးတိုင်း မကြာခဏ လက်ဆေးတတ်သည်ကို ကျွန်တော် သတိပြုမိသည်။

"အိမ်ထောင်တွေ ဘာတွေကျပြီလား"

သူက ခေါင်းယမ်းပြလိုက်ရင်း





"ငါက အိမ်ထောင်ကျတတ်တဲ့ လူမျိုးမဟုတ်ဘူး။ တော်တော်တန်တန် ယောက်ျားကိုလည်း ငါမယူချင်ဘူး။ ပြီးတော့ တော်တော်တန်တန် မိန်းမကလည်း ငါ့အညစ်အကြေးညည်းညည်းကို ခံနိုင်မှာမဟုတ်ဘူး။ ဒါကြောင့်မို့ ခုထိတော့ မယူဖြစ်သေးဘူး။ နောင်တော့ မပြောတတ်ဘူး"

ယင်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ က ဖြစ်သည်။

တစ်လောကတော့ ကျွန်တော်သည် မိုလ်ချုပ်ဈေးထဲသို့ လက်ဖက်ဆိုင်တစ်ဆိုင်အတွက်တွင် သူနှင့် သွားတွေ့သည်။

သူကလည်း ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်ကလည်း သူ့ကို ကြည့်သည်။ နောက်ဆုံး ကျွန်တော်မနေနိုင်တော့ဘူး။ သူ့အနီးသို့ လျှောက်သွားကာ ...

"ခင်ဗျား ကိုကြီးမောင် မဟုတ်လား"ဟု မေးသည်။

"အေး ... ဟုတ်တယ်။ ငါလည်း မင်းနဲ့တူပါတယ်လို့ ကြည့်နေတာ။ လာ လက်ဖက်ရည်သောက်ရအောင်"

ကျွန်တော်တို့သည် လက်ဖက်ရည် ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ကြသည်။ ကိုကြီးမောင်၏ရုပ်မှာ များစွာပြောင်းလဲခြင်းမရှိ၊ ခေါင်းတစ်ခုလုံး ပြောင်သွားသည်မှအပ ငယ်ငယ်ကအတိုင်းပင်။ ငယ်ငယ်တုန်းကလည်း သူသည် အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ ဒိုင်ကျယ်ကျယ် မျက်နှာပြည့်ပြည့်။ ကြည်လင်သန့်ရှင်းသည့် ဥပမိရုပ်။ ယခုလည်း ထိုအတိုင်းပင်။ ကိုယ်လုံးကိုယ်ပေါက်လည်း ငယ်ငယ်ကအတိုင်းပင်။ ဝလည်း ဝလာခြင်းမရှိ။ သို့ရာတွင် အဝတ်အစားကမူ ပြောင်းသွားသည်။ ငယ်ငယ်တုန်းက ဖြူဖွေးနေသည့် ရှပ်အကျႌ၊ ရွှေတောင်ပိုးလုံချည်၊ ပိုး ပိုးလုံချည်၊ ဘန်ကောက်လုံချည်တို့ကို ဝတ်သော်လည်း ယခုမူ အရောင်မှိုင်းမှိုင်းပါတိတ်အကျႌကို ဝတ်ထားပြီး အပေါ်တွင် အရောင်လွင့်စပြုနေသော ဂျင်းကုတ်အကျႌရှည်ကြီးကို ဝတ်ထားသည်။ ခါးတွင် အရောင်မှိန်မှိန် ရခိုင်လုံချည်ကို ဝတ်ထားသည်။ ယခင်ကလို ဖြူဖွေးတောက်ပနေသော အဝတ်အစားများမဟုတ်သည့်တိုင် အဖိုးတန် အကောင်းစားတွေ ဖြစ်ပါသည်။ လက်တွင် ဒိုင်ခွက် အဖြူရောင် ရိုးလက်စ်အိုင်းစတား နာရီပင် ပက်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့တွေ့ချင်နေတာကွ။ ညီမောင်ကလည်း ပင်စင်ယူသွားပြီ။ ခု… နယ်မှာ ရောက်နေတယ်"

သူက သူ့ညီအကြောင်းကို ပြောပြသည်။

"ဟုတ်တယ်။ ကြားတယ်။ အေးလေ။ သူလည်း ပင်စင်ယူ… ရောပေါ့။ ကျွန်တော့်ထက်တောင် နှစ်နှစ်သုံးနှစ် ကြီးသေးတာပဲ။ နို့ ခင်… ကော သားတွေ မြေးတွေ ရနေပြီလား။ ဘယ်နှစ်ယောက်တောင် ရှိပြီ…"

"တစ်ယောက်မှ မရသေးဘူးကွ"

"ဘာလဲ ... သားတွေ သမီးတွေက လူလွတ်တွေပဲ ရှိသေးသ…"

သူက ရယ်နေသည်။

"သားတွေ သမီးတွေလည်း မရှိဘူး။ ငါ ခုထက်ထိ အိမ်ထောင်… သေးဘူးကွ။ လူပျိုကြီးပဲ ရှိသေးတယ်"

အသက် ၇၀ နားသို့ ကပ်နေသော လူပျိုကြီး ကိုကြီးမော… ကျွန်တော် ငေးကြည့်နေမိသည်။

"ဟင် ဘယ်သူနဲ့နေသလဲ"

"အမေနဲ့ နေတယ်ကွ။ အမေက အသက် ၉၀ ကျော်နေပြီ။ ဒီ… အဘွားကြီးကို ငါပဲ စောင့်ရှောက်ရတာပေါ့။ ညီတွေ ညီမတွေက … အိမ်ထောင်တွေနဲ့ သူတို့ဆိုတော့ အမေ့ကို ကြည့်ချိန်မရဘူးကွာ။ စိ… ရှိတာ။ လက်တွေ မလုပ်နိုင်ကြပါဘူး"

"သာဓုပျာ သာဓု။ အသက် ၉၀ ကျော် အမေကြီးကို အသ… နားကပ်နေတဲ့ လူပျိုသားကြီးက စောင့်ရှောက်နေတယ်ဆိုတာ ကြ… မင်္ဂလာရှိတဲ့ စကားပါ။ ခင်ဗျား အလုပ်အကိုင်ကော။ စတိုးဆိုင်တို့ … ရှိသေးသလား"

"စတိုးဆိုင်ကတော့ မရှိတော့ဘူးကွ။ ပြည်သူပိုင်သိမ်းတုန်းက … တယ်။ ခု ရှေးဟောင်းပစ္စည်း အရောင်းဆိုင်ကလေးတစ်ဆိုင် ဖွင့်ထား… ဗိုလ်ချုပ်ဈေးထဲမှာ ခု မင်းကို ပြချင်လို့။ မင်းက ဝါသနာပါတယ် … လား"

"ဝါသနာပါပေမယ့် ကျွန်တော်က နားတော့မလည်ပါဘူးဗျာ။ …

…တော့ စပဲ။ ငယ်ငယ်တုန်းကတော့ အလှအပ အသစ်အလွင် ပစ္စည်း… …သေးတွေချည်း ရောင်းခဲ့တာ။ ခုတော့ ဘာဖြစ်လို့ အဟောင်းအမြင်း… …ျိုးအပုံတွေကို ရောင်းနေရတာလဲ"

"လူဆိုတာ ပြောင်းသွားတာပေါ့ကွာ။ ဒဿနစကားနဲ့ ပြောရရင် …ငယ် တုန်းကတော့ အပေါ်ယံအလှ၊ အပေါ်ယံသဘောလောက်ပဲ ကြည့်… …ားကွ။ အသက်ကြီးလာတော့ အနှစ်သာရကို သဘောကျလာတာပေါ့။ …သေးတစ် ယောက်ကို မင်းလုပ်တဲ့ မင်းသမီးရုပ်လှလှကလေးတစ်ရုပ်နဲ့ …နေတဲ့ ဒသဂီရိဘီလူးခေါင်းတစ်ခေါင်းကို ယှဉ်ချပေးရင် ဘယ်ဟာကို …မလဲ။ လှပ သစ်လွင်နေတဲ့ မင်းသမီးရုပ်ကလေးကိုပဲ ယူမှာပေါ့။ …ူးခေါင်းကြီး ကို ဘယ်ယူမလဲ"

"ဟန်ကောကျရဲ့လား"

"ကျပါတယ်။ ဒါပေမဲ့ ရှေးဟောင်းပစ္စည်းဆိုတာ ဥပဒေနဲ့လွတ်အောင် … သတိတော့ ထားရတာပေါ့ကွာ။ ပြီးတော့ ရှေးဟောင်းပစ္စည်းဆိုတာ …တန်တယ် မတန်ဘူးဆိုတာဟာ လူများ မသိဘူးလေကွာ။ ဝါသနာပါ …တို့ ပညာရှင်တို့ကမှသိတာ မဟုတ်လား။ ဒီတော့ တချို့ပစ္စည်းဆိုရင် … ကိုယ်က နည်းနည်းလောက်နဲ့ရပေမယ့် သိန်းချီပြီး တန်ချင် တန်နေ … လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက တနင်္သာရီတိုင်းက မြို့ကလေး …ို့ ရောက်သွားလို့ ရေထဲက ဆယ်လာတဲ့ ကြွေကရားကလေးတစ်ရုပ် …ရောင်းတယ်။ ဘာပေးရမှာလဲ။ တစ်ရာကျော်ပဲ ပေးရတယ်။ ကြည့်လိုက် … ၁၃ ရာစုနှစ်လောက်က ကြွေအိုးကွ။ ငါ ပွသွားတာပေါ့ကွာ။ အများကြီး …ာ်တယ်။ ဒီလိုပေါ့ကွာ။ အရင်တုန်းကတော့ အသစ်ရောင်းတဲ့သူ။ ခုတော့ …ဟောင်းရောင်းတဲ့သူ။ ပြီးတော့ ငါ့ပစ္စည်းတွေက ရယ်ရတယ်ကွ။ ဒီပစ္စည်း …ကို ဖုန်မှုန့်တို့ ဘာတို့ သုတ်စရာလည်း မလိုဘူး။ ဆေးကြော တိုက်ချွတ် …ည်း မလိုဘူး။ ဖုန်တွေ ကြေးတွေ တက်နေလေလေ ဟောင်းလေ …ိုလေလေ မဟုတ်လား။ ဒီတော့ ဟိုတုန်းကလိုလည်း သူ့ကို အရောင် …ဆေးစရာ မလိုဘူး။ ဖုန်သုတ်ပေးစရာ မလိုဘူး။ ဒီအတိုင်း ပစ်ထားလိုက် …ူးမှာလည်း မကြောက်ရဘူး။ ဒီအဟောင်းအမြင်းပစ္စည်းတွေ ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



ယူမလဲကွ။ သွားကိုင်ရင် ဖုန်တောင် ပေသေးတယ်။ သိတဲ့လူအဖို့
တန်ဖိုးရှိတာ။ မသိတဲ့လူအဖို့တော့ အကျိုးအပဲ့ အဟောင်းအမြင်း
ဒီတော့ ငါ့ဆိုင်ကို သူခိုးဖောက်မှာလည်း မပူရဘူး။ ခု ငါတစ်ယောက်
ဆိုင်မှာထိုင်တယ်။ အပြင်သွားချင်ရင် ဆိုင်နားနီးချင်းကို မှာပြီး ထွက်လာ
ပျောက်မှာရှမှာ ဘာမှ မပူရဘူး။ မင်းကို ပြရဦးမယ်"

ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်မှ ထလာခဲ့ကြကာ ဗိုလ်ချုပ်
တစ်ခုသော၊ တစ်ခုသော ဆိုင်တန်းမှာ တစ်ခုသော ချောင်ကလေး
ချောင်ထဲက သူ့ဆိုင်သို့ ရောက်လာခဲ့သည်။

သူ ပြောသည့်အတိုင်း သူ့ဆိုင်ပေါ်တွင် အရုပ်အကျိုးအပဲ့တွေ၊
အိုး အရွဲ့အပဲ့တွေ၊ ဆေးတံ အတိုအစတွေ ပန်းပု အကျိုးအပဲ့တွေ
လျက်။

"ဒီပစ္စည်းတွေ ဘယ်သူ ခိုးမလဲကွာ။ ကိုင်ရင် လက်တောင် ဖုန်
မယ်။ ငါ့အဖို့တော့ ဟန်ကျတာပေါ့။ မင်းတို့ပြောတဲ့ ဒဿနအမြင်
ပြောရရင် ယယ်ယယ်တုန်းကတော့ သစ်သစ်လွင်လွင်၊ လှလှပပကလေး
အဟုတ်ထင်ပြီး အဲဒီလိုပစ္စည်းကလေးတွေကို မရောင်းချင်တာပေါ့
ခုတော့ အဟောင်းထဲမှာ အနှစ်သာရရှိတယ်ဆိုတာ ငါ သဘော
သွားပြီကွ။ ဒဿဂီရိခေါင်းရုပ်ကို ကြည့်စမ်း၊ ရှေးလက်ရာကွ။ ဘယ်
တန်မယ်လို့ မင်းထင်သလဲ။ ဂဏန်းခြောက်လုံးလောက်အထိ ရှိတယ်

သူသည် ဖုန်တွေပေနေပြီး မည်းနက်နေသည့် သစ်သားဘီလူး
ရုပ်တစ်ခုကို ကောက်ကိုင်ပြပြီးနောက် လက်တွင်ပေနေသည့်ဖုန်များ
လက်ချင်းပွတ်၍ ခါချနေလေတော့သည်။

(ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ...

* * *

# စက်သမားရတက်ဖွား

www.burmeseclassic.com

www.burmeseclassic.com

# စက်သမားရတက်ဖွား

ဦးအောင်မြင့်သည် အသက် ငါးဆယ်ခန့် ရှိလေပြီ။ သူသည် အ
အမောင်း မနိမ့်မမြင့်၊ အသားလတ်လတ်ဖြစ်ပြီး စကားပြောလျှင် ခပ်
ပြုံးဖြင့် ပြောတတ်သည်။ တက်ထရွန်စဖြင့် ချုပ်ထားသည့် စတစ်ကော်
လက်ရှည်အကျီကို သေသပ်စွာ လက်ခေါက်၍ ဝတ်ထားပြီး ခါးတွင် ဝမ်းတွ
မြို့ဖြစ် ရခိုင်လုံချည် အတုတစ်ထည်ကို ဝတ်ဆင်ထားသည်။

သူသည် စကားပြောလျှင် မျက်နှာကိုကြည့်၍ ပြောလေ့မရှိဘဲ အ
သို့လှမ်းကြည့်ရင်း ပြောတတ်သည်။ သူ့လက်ချောင်းများသည် အနုပ
သည် တစ်ဦး၏ လက်ချောင်းလို သေးသွယ်ပျော့ပျောင်းနေကြပြီး လ
သည်းများမှာ သန့်ရှင်းနေကြသည်။

ဈေးနှင့် မနီးမဝေးရှိ သူ့စက်ဆိုင်ကလေးသို့ ကျွန်တော် ရောက်
သည့်အခါတွင် သူသည် ကော်ဘူးတစ်ဘူး၊ မီးပူတစ်လုံး၊ ကတ်ကြေးတစ်လ
ကိုက်တံတစ်ချောင်း၊ ခံတံတစ်တံဖြင့် အလုပ်များနေသည်။ ကျွန်တော် ရော
သည့်အခါတွင် သူသည် ထိုပစ္စည်းများကို ဘေးချကာ ကျွန်တော်တို့





ဘာ၍ညည့်ခံသည်။ ကျွန် တော်က သူ့အလုပ်ကို ဆက်လုပ်ရန် ပြောသော်
သည်း လက်မခံ။ ဘာမျှ အရေးတကြီး လုပ်စရာမလိုကြောင်း အေးအေး
ဆေးဆေး လုပ်လျှင်လည်း ဖြစ်ကြောင်းဖြင့်ပြောကာ ကျွန်တော်တို့နှင့်
ကားကောင်းနေသည်။

"ဟုတ်ကဲ့။ ကျွန်တော်က ဒီဇာတိ မဟုတ်ပါဘူး။ ဆိုင်ဘုတ်က ရန်ကုန်
အပ်ချုပ်ဆိုင်လို့ ရေးထားပေမယ့် ရန်ကုန်ဇာတိလည်း မဟုတ်ပါဘူး။ ကျွန်
တော်က ဒီမြို့နဲ့လည်း ဘာမှ မဆိုင်ဘူး။ ရန်ကုန်နဲ့လည်း ဘာမှ မဆိုင်
ဘူး တောကပါ။ ရန်ကုန် အပ်ချုပ်ဆိုင်လို့ နာမည်ပေးတာကတော့ ကျွန်တော့်
ဆင်းကားစက်က ရန်ကုန်က ဝယ်လာလို့ ရန်ကုန်အပ်ချုပ်ဆိုင်လို့ နာမည်
ပေးလိုက်တာပါ။

အများအားဖြင့် ဒီမှာ ရန်ကုန်ကဝယ်တဲ့ အပ်ချုပ်စက်ဆိုလို့ သိပ်
မရှိကြဘူးလေ။ တချို့က မုံရွာဘက်က ဝင်လာတဲ့ အိန္ဒိယပြည်လုပ်တဲ့
အပ်ချုပ်စက်တွေရှိတယ်။ တချို့ကလည်း လားရှိုးတို့ မန္တလေးတို့က ဆင်း
လာတဲ့ တရုတ်အပ်ချုပ်စက်တွေ ရှိတယ်။ ဆင်းကားစက်ဆိုလို့ ဘီးမရှိ
သလောက်ဘဲ။ မရှိဆို ကျွန်တော်သိသလောက် စက်ချုပ်စားတဲ့ လူတွေထဲမှာ
တော့ ဆင်းကားစက်ရှိတာ ကျွန်တော် တစ်ယောက်ပဲရှိတယ်။ ဒီဆင်းကား
စက်က ရန်ကုန်က ဝယ်လာတာ။ ရန်ကုန်မှာလည်း ဒီလို ဆင်းကားစက်
မျိုးလို့ သိပ်ရှာလို့ မတွေ့တော့ဘူး။ အိန္ဒိယနဲ့ တရုတ်တွေပဲ များပါတယ်။

ကျွန်တော်ကသာ ကံကောင်းလို့ ဆင်းကားအဟောင်းကလေးတစ်လုံး
ရလာတာ။ ရလာပုံကလည်း တော်တော် မတော်တဆရလာတာ ဆရာ။
သေသေချာချာ လိုက်ရှာရင်တောင် ရချင်မှရမှာ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်
တုန်းက ကျွန်တော် ရန်ကုန်ရောက်သွားတော့ တောင်ဥက္ကလာက ကျွန်တော့်
ဦးမတစ်ဝမ်းကွဲအိမ်မှာ သွားတည်းတယ်။ အဲဒီတော့ ဒီမြို့ကလေးမှာ
ကျွန်တော် စက်ချုပ်ဆိုင်ဖွင့်တာ တော်တော်ကြာနေပြီ။

သွားတုန်းကတော့ ဘုရားလည်းဖူးရင်း၊ ရန်ကုန် လမ်းမတော် သံဈေး
တို့ သိမ်ကြီးဈေးတို့မှာရှိတဲ့ အကျီကလေးတွေ တစ်ဆင့်ရောင်းဖို့ ဝယ်ရင်း
ပြီး ဆင်းသွားတာ။ ရန်ကုန်ရောက်တော့ အဲဒီ အကျီကလေးတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ဖြစ်ပါတယ်။ သံဈေးနဲ့ သိမ်ကြီးဈေးမှာ ကလေးအင်္ကျီကလေးတွေကို လည်း ဝယ်ဖြစ်ပါတယ်။ သံဈေးနဲ့ သိမ်ကြီးဈေးမှာ ကလေးအင်္ကျီတို့ မိန်းမဝတ်အင်္ကျီတို့ ဘာတို့ လက်ကားရောင်းတဲ့ဆိုင်တွေ ရှိတယ်။ သူတို့ ဆီကို သွားဝယ်ရတာပေါ့လေ။ ဒီရည်ရွယ်ချက်နဲ့ ရန်ကုန်ဆင်းလာတာ ပုံဆန်းကလေးတွေ တွေ့ရင်လည်း ကိုယ့်မြို့ရောက်တော ကိုယ့်ဘာသာ ကိုယ် ချုပ်ရောင်းမယ်ပေါ့လေ။ အိမ်မှာ စက်ကလေးနှစ်လုံးရှိတာကိုး ကျွန်တော့်ညီမကလည်း စက်ချုပ်တာကိုး။ အဲဒီလို ပုံဆန်းကလေးတွေကို ကိုယ့်ဘာသာကိုယ် ချုပ်ရောင်းနိုင်ရင် ပိုပြီးကျန်မှာပဲဆိုတဲ့ စိတ်ကူးနဲ့ပေါ့။

ဒီလို ရည်ရွယ်ချက်နဲ့ရန်ကုန်ဆင်းလာတာ။ တောင်ဥက္ကလာရောက် တော့ တစ်နေ့မနက် ညီမဝမ်းကွဲကတစ်ဆင့် အဲဒီမှာ ဆင်းကားစက် အဟောင်းကလေးတစ်လုံး ရောင်းချင်တဲ့ အဘွားကြီးနဲ့ဆက်မိပြီး ဒီဆင်းကား စက်ကလေး တရိတသေ သုံးလာတာဆိုတော့ ကျွန်တော့်စက်ကလေးဟာ တစ်ပတ်ရစ်ဆိုပေမယ့် တော်တော်လေး ကောင်းသေးတယ်ဆရာ။ ဒါကြောင့် ကျွန်တော့်အပ်ချုပ်စက်ဟာ သူများ အပ်ချုပ်စက်တွေလို လားရှိုးတို့ မုံရွာတို့က လာတဲ့စက် မဟုတ်ဘူး။ ရန်ကုန်က လာတဲ့စက်ဆိုတဲ့သဘောနဲ့ ကျွန်တော့် အပ်ချုပ်ဆိုင်ကို ရန်ကုန်အပ်ချုပ်ဆိုင်လို့ အမည်ပေးလိုက်တာပါ။ တကယ် တော့ ကျွန်တော်က ရန်ကုန်နဲ့ ဘာမှဆိုင်တာ မဟုတ်ပါဘူး။ စက်ကလေး ကသာ ရန်ကုန်နဲ့ဆိုင်တာပါ။

ကျွန်တော်က ရန်ကုန်နဲ့ မဆိုင်ရုံတင် မကဘူး။ ဒီမြို့ကလေးနဲ့တောင် ဘာမှဆိုင်တာ မဟုတ်ပါဘူး။ ကြီးမှ ဒီမြို့ကို ရောက်လာတာပါ။ ငယ်ငယ် တုန်းက ကျွန်တော်တို့မျိုးရိုးက စက်သမား လယ်သမားမျိုးရိုးပါ။ အဖေ ရော အမေရော စာမတတ်ကြပေမယ့် ကျွန်တော်ကတော့ ရွာက မူလတန်း ကျောင်းမှာ လေးတန်းအထိ နေခဲ့ဖူးပါတယ်။ လေးတန်းတော့ မအောင်ခဲ့ ပါဘူး။

ကျွန်တော်တို့မှာ မိသားစု ၇ ယောက် ရှိပါတယ်။ ဒီအထဲမှာ ကျွန်တော် က အကြီးဆုံးပါ။ ကျွန်တော်က ငယ်ငယ်က လယ်မလုပ်ချင်ဘူး။ စာလည်း မသင်ချင်ဘူး။ လယ်မလုပ်ချင်တော့ ဘာလုပ်ရမလဲ။ မြို့တက်ပြီး တစ်နေ





ပဲမလား။ မြို့တက်ပြီး အလုပ်လုပ်ရအောင်ကလည်း ကျွန်တော့်မှာ ပညာအခြေခံ ရှိလို့လဲ။ ကျွန်တော့်လိုကောင် မြို့တက် အလုပ်လုပ် ရင် ဘာရမှာလဲ။ ဆိုက်ကားပဲ နင်းရမှာပေါ့။ ဒါမှမဟုတ် ကူလီပဲ ထမ်းရ မှာပေါ့။

ဒီတင် ကျွန်တော် စိတ်လေနေတယ်။ အဖေရဲ့ လယ်ကိုလည်း ကူမလုပ် ကျောင်းလည်း ဆက်မနေနိုင်။ တခြားအလုပ်လည်း မရှိဆိုတော့ အဲ့အတိုင်း စိတ်လေတော့တာပေါ့ ဆရာရယ်။ အဲဒီတုန်းက ကျွန်တော့် အသက် ၁၆ နှစ်လောက် ရှိဦးမှာပေါ့။

အဲဒီတုန်းက ကျွန်တော် ဘာလုပ်သလဲဆိုတော့ အိမ်အလုပ်ဆိုလို့ ဘာမှ မလုပ်ဘူး။ တစ်ရွာနဲ့တစ်ရွာလည်ပြီး ကြက်တိုက်တယ်၊ အရက် သောက်တယ်။ ကြက်တိုက်တာကို ဘယ်လောက် ဝါသနာပါသလဲဆိုရင် တစ်ခါတလေမှာ တစ်လကိုးသီတင်း အိမ်မပြန်ဘူး။ ရွာစဉ်လျှောက်ပြီး ကြက်တိုက်နေတာပဲ။ အရက်ကလေး ဘာလေးလည်း ပါတာပေါ့ ဆရာရယ်။

နောက်တော့ ကျွန်တော်တို့ ရွာစဉ်လျှောက် ကြက်တိုက်ရင်း ကြက် မှာ လူသတ်မှု ဖြစ်တယ်။ အမှန်ကတော့ အဲဒီအမှုမှာ ကျွန်တော်က ဆိုင်တာ မဟုတ်ဘူး။ အဲဒီတုန်းက ကျွန်တော်က "ကြက်ဆွဲ" လုပ်နေ တယ်။ တစ်ဖက်က ကြက်ဆွဲနဲ့ ကျွန်တော်နဲ့ နည်းနည်း စကားများတယ်။ ပေမယ့် ဘာမှ မဖြစ်ပါဘူး။ နောက်တော့ ကြက်ဝိုင်းကို ဆက်လုပ် တာပဲ။ ဒါပေမဲ့ အဲဒီနောက် လုပ်တဲ့ကြက်ဝိုင်းမှာတော့ စောစောက တော်နဲ့ စကားများခဲ့တဲ့ ကြက်ဆွဲနဲ့ ကျွန်တော့်ဘက်က ကြက်ရှင်နဲ့ များတယ်။ ဒီတင် ကျွန်တော့်ဘက်က ကြက်ရှင်က ပါလာတဲ့ ဓားမြှောင် ထိုးလိုက်တာ ပွဲချင်းပြီး သေသွားတယ်။

အဲဒီမှာတင် ရဲက ကျွန်တော်တို့ကို လောင်းကစားပုဒ်မနဲ့ရော၊ လူ မှုနဲ့ရော တရားစွဲပြီး ရုံးတင်လိုက်တယ်။ ကျွန်တော်ကတော့ နှစ် ခံပေါ့ ဆရာရယ်။ ဒီလိုနဲ့ ကျွန်တော်တို့ ထောင်ကျသွားတယ်။ တ်မှု ကျူးလွန်တဲ့ ကြက်ရှင်က ၇ နှစ်၊ ကျွန်တော်က ၅ နှစ်။ ၅ နှစ် မယ့် ၅ နှစ်ပြည့်အောင်တော့ မနေရပါဘူး။ ဒီတုန်းမှာ သာသနာ



www.burmeseclassic.com

www.burmeseclassic.com



၂၅၀၀ ပြည့်တဲ့နှစ်နဲ့ကြုံတော့ ကျွန်တော်တို့ လွတ်လာတယ်။ ကျွန်တေ
ဆိုရင် ၂ နှစ်သာသာလေးပဲ နေလိုက်ရတယ်။ ကျွန်တော်နဲ့အတူကျ
လူသတ်မှု ကျူးလွန်တဲ့လူလည်း ၂ နှစ်ကျော်ကျော်လေးပဲ နေလိုက်ရတယ်
ကျွန်တော်နဲ့အတူတူ လွတ်လာတယ်ဆိုပါတော့။

ထောင်ထဲမှာနေတုန်း ကျွန်တော်တို့ အလုပ်ကြမ်း လုပ်ရတယ်။ အထဲ
စာပုံနှိပ်တိုက်ရှိတယ်။ ကုလားထိုင် ကြိမ်ထိုးရှိတယ်။ လက်သမား ရှိတ
စက်ချုပ်ရှိတယ်။ ကျွန်တော် အဲဒီမှာ စက်ချုပ်တတ်လာတယ်။ ကော
တာက ကျွန်တော်တို့လိုပဲ လူသတ်မှုနဲ့ ကျလာတဲ့ တရုတ်ကြီးတစ်ယော
ရှိတယ်။ သူက စက်ချုပ် သိပ်တော်တယ်။ အပြင်မှာလည်း စက်ဆ
လုပ်လာတာ။ ယောကျ်ားဝတ် တိုက်ပုံတို့၊ ရှပ်တို့၊ ဘောင်းဘီတို့၊ ကုတ်အ
တို့ အစုံချုပ်တတ်တယ်။ အများအားဖြင့် အမျိုးသားဝတ်စုံတွေပေါ့ ဆ
ရယ်။ အမျိုးသမီးဝတ်စုံကိုတော့ သူ မကိုင်ဘူး။ အပြင်မှာ သူ့သမီးတွေ
ချုပ်တယ်တဲ့။

ထောင်ထဲမှာ အဲဒီ တရုတ် စက်ဆရာကြီးက ကျွန်တော့်ကို ကေ
ကောင်း စက်ချုပ် သင်ပေးလိုက်တယ်။ တိုက်ပုံအင်္ကျီတို့၊ ရှပ်တို့ညှပ်တာ
သင်ပေးလိုက်တယ်။ ကျွန်တော်က အဲဒီတုန်းက ထောင်ထဲမှာ အငယ်
ကိုး ဆရာရဲ့။ ကျွန်တော့်အသက်ဟာ ၁၈ နှစ်လောက်ပဲ ရှိဦးမှာပေါ့။
၁၈ နှစ်တောင် မပြည့်သေးပါဘူးလေ။ ပထမ တစ်နှစ်မှာ ကျွန်
သရက်တော်စတယ် ကလေးထောင်ကို သွားလိုက်ရသေးတာကိုး။

နောက်တစ်နှစ်ကျမှ လူကြီးထောင်ကို ပြောင်းရတာ။ အဲဒီတော့ က
ဆိုပြီး ကျွန်တော့်ကို တရုတ်ကြီးက သနားတယ်။ ပြီးတော့ သေသွာ
သူ့သားလေးတစ်ယောက်နဲ့လည်း တူလို့တဲ့။ သူ့မှာ သမီးတွေချည်းပဲ
ရစ်ခဲ့တယ်တဲ့။ သားမရှိဘူးတဲ့။ ဒါကြောင့် ကျွန်တော့်ကို မွေးစားမယ်
ထောင်ထဲမှာ မွေးစားတာ။ သူလည်း သာသနာ ၂၅၀၀ ပွဲမှာ ကျွန်တေ
နဲ့အတူ လွတ်လာတယ်။

သူ့အိမ်မှာ ကျွန်တော် တစ်နှစ်လောက်လိုက်ပြီး စက်ချုပ်သေး
သူ့သမီးတွေကလည်း အိမ်ထောင်ခွဲတွေဖြစ်ပြီး စက်ဆိုင်တွေ ဘာတွေ





ခြားအလုပ်ကို လုပ်နေကြတယ်။ သမီးအကြီးဆုံးနဲ့ သူ့ယောကျ်ားကပဲ
တို့နဲ့အတူ နေတယ်။ ကျွန်တော်ကလည်း အဲဒီမှာ တစ်နှစ်လောက်နေပြီး
ချုပ်တယ်။ နောက် သူတို့တစ်တွေလည်း တစ်ရပ်တစ်ကျေးကိုပြောင်း
ကျွန်တော်လည်း ကျွန်တော့်ရွာကို ပြန်လာခဲ့တယ်။

ကျွန်တော် ထောင်ထဲမှာနေတုန်း အဖေဆုံးသွားပြီလေ။ ဆင်းရဲသား
တော့ ကျွန်တော် ထောင်ကျနေပေမယ့်လည်း လာမတွေ့နိုင်ကြဘူးပေါ့
ရယ်။ အဲ ... အမေတော့ ထောင်ဝင်စာ နှစ်ခါလာတွေ့ပါရဲ့။ ကျွန်တော့်
ပဲလှော်ကလေး၊ ငှက်ပျောသီးကလေး၊ ကြံသကာကလေးတွေ ယူလာပါ
ယ်။ ဒါပေမယ့် အမေ့ကို ကြည့်လိုက်ရင် ကျွန်တော် သိပါတယ်။ ကျွန်တော့်
လာချင်လွန်းလို့သာ လာရတယ်။ သူ့အဖို့ တာဝန်ကြီးတယ်ဆိုတာ
တော် သိပါတယ်။ ခရီးက သဘောတစ်တန်၊ မီးရထားတစ်တန် လာရတဲ့
ဆရာရယ်။ စရိတ်စက ရှိတယ်။ စားစရိတ်ရှိတယ်။ ကျွန်တော့်ဖို့
ယ်ချမ်းရတဲ့ စရိတ်ရှိတယ်။ ဒီတော့ တစ်ခေါက်ကို မကုန်ဘူးဆိုဦး တစ်ရာ၊
စ်ရာငါးဆယ်လောက်တော့ ကုန်တယ် ဆရာ။

ဆရာ စဉ်းစားကြည့်လေ။ အဲဒီတုန်းက ရွှေဈေး ဘယ်လောက်များ
လဲ။ အလွန်ဆုံးရှိမှ တစ်ကျပ်သား တစ်ရာ့ငါးဆယ်ပေါ့။ ဒီတော့
မလာတာကို ကျွန်တော် မမြင်ရက်ဘူး။ ကျွန်တော်က အမေရယ် နောက်
ပါနဲ့တော့။ ကျွန်တော့်အပြစ်နဲ့ ကျွန်တော် ရှိပါစေတော့။ အမေတို့
ပတို့သာ အပြင်မှာ အေးအေးချမ်းချမ်း ကျန်းကျန်းမာမာရှိအောင်
းစားနေကြပါ။ ကျွန်တော့်အတွက် မစဉ်းစားပါနဲ့လို့ ကျွန်တော်
တယ်။ အမေက မျက်ရည်ဝဲပြီး ငိုသားရယ်။ အမေတို့အတွက် ဘာမှ
နဲ့လို့ ပြောတယ်။ အဖေ့အကြောင်းမေးတော့ အမေက ရှုန်းရှုန်းဝေလို့
လိုက်တာ။ အဖေ ဘယ်လောက် အလုပ်အကိုင်ကောင်းကြောင်း၊ လယ်
စပါးထွက်ကောင်းကြောင်း စသည်ဖြင့် ရှုန်းရှုန်းကို ဝေနေတာပဲ။
ပမဲ့ အမေဟာ ဒီလိုသာ ပြောနေတယ်။ သူ့မျက်နှာက သိပ်မရွှင်ဘူး။
မျိုးဖြစ်နေတယ်။ အေးလေ ... တစ်မျိုးဖြစ်နေတယ်လို့ ကျွန်တော်
တယ်။ နောက်တော့ ကျွန်တော်ထင်တဲ့အတိုင်းပါပဲ။ အမေကသာ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



တွေကို ပြောနေပေမယ့် ကျွန်တော်တို့ လယ်ကလေးတွေ မရှိတော့ဘူး
မြေရှင် လက်ထဲကို အပ်လိုက်ရပြီ။ ပေါင်လိုက်ရပြီ။

မြေပေါင်တယ်ဆိုတာ ဆရာသိတဲ့အတိုင်း မတန်တဆဈေးနဲ့ ရောင်း
ပဲ မဟုတ်လား။- မြေကို တန်ရာတန်ကြေးနဲ့ မဝယ်ချင်တော့ မြေကို မ
တဆဈေးနဲ့ အပေါင်ခံတယ်။

ပေါင်တဲ့လယ်ရှင်ကလည်း ငါ့မြေ ပေါင်ရုံပေါင်တာပဲ။ အပိုင် ရော
တာမှ မဟုတ်ဘဲ။ ဒီလောက် ငွေကလေးနဲ့ဆိုရင် တော်ရောပေါ့လို့ အော
မေ့တတ်တယ်။

ဒီလို စိတ်သက်သာအောင် ဖြေပြီး လယ်ကို ငွေကလေး နည်းနည်း
ပေါင်လိုက်ရော။ နောက်တော့ အတိုးနဲ့ဘာနဲ့ ဖြစ်လာပြီး အဲဒီမြေက
တော့ ကြွေးရှင်ရဲ့လက်ထဲမှာ ဆုံးသွားတော့တာပါပဲ။ ဒါကြောင့် မြေ
တယ်ဆိုတာ အမှန်ကတော့ မတန်တဆ ဈေးနဲ့ရောင်းတာလို့ပဲ ကျွန်
မြင်တယ်။

ကျွန်တော်ထင်တဲ့အတိုင်း အမေဟာ ကျွန်တော့်ဆီကိုသာ ထောင်
စာ လာတယ်။ မြေကလေးလည်း မရှိတော့ဘူး။ မြေကလေးတင် မက
အဲဒီအချိန်မှာ အဖေလည်း မရှိတော့ဘူး။ ပန်းနာရင်ကျပ်ရောဂါနဲ့ ဆုံး
ပြီ။ ဒါပေမဲ့ အမေဟာ တစ်ခွန်းမှ ဒီစကားတွေကို မပြောဘူး။ ဘာ
မဖြစ်သလို ဟန်ဆောင်နေပြခဲ့တယ်။

ဒါပေမဲ့ အမေ ကြာကြာဟန်မဆောင်နိုင်ဘူးလေ။ ကျွန်တော်လွှတ်
တော့ သူ ဟန်ဆောင်တာတွေဟာ ဘွားဘွားကြီး ပေါ်လာလာတော့တာ

ဒီတင် ကျွန်တော် တရုတ်ဆရာကြီးဆီမှာ အပ်ချုပ်ပညာကို ဆက်
တယ် ဆရာ။ နောက်ပိုင်းမှာ သူ့သမီးကြီးရဲ့ စက်ဆိုင်မှာ အင်္ကျီပုံ
သင်တယ်။ ကျွန်တော် ပညာတွေ အများကြီး ရခဲ့တယ် ဆရာ။
အပ်ချုပ်ဆိုင်က ရန်ကုန်မှာ ဆရာ။ ချောင်ကြို ချောင်ကြားမှာပဲ။ ဘာ
ဆိုင်းဘုတ်တို့ဘာတို့ ရေးထားတာ မဟုတ်ဘူး။ ဒါပေမဲ့ ဆရာရေ လာ
အမျိုးသမီးတွေ နည်းတာတွေ မဟုတ်ဘူး။

ရုပ်ရှင်မင်းသမီးတွေ၊ တက္ကသိုလ်ကျောင်းသူတွေ၊ အရာရှိကတော်





ရေးမတွေ၊ အို ... မိန်းကလေးပေါင်းစုံပဲ။ သူက သိပ်ပုံကျတာကိုး
ရဲ့။ ပြီးတော့ အင်္ကျီက ကော်ကပ်အင်္ကျီတစ်ထည်အပ်ရင် သုံးလေးလ
က်ကြာတယ်။ အပ်ထည်တွေ များလွန်းလို့ ရက်ချိန်းကို ဝေးဝေး
ရတယ်။ ကျွန်တော်လည်း အဲဒီမှာ အင်္ကျီညှပ်တဲ့ပညာ တော်တော်လေး
တယ်။

တရုတ်အဘိုးကြီးကတော့ စက်မချုပ်တော့ဘူး ဆရာ။ အင်္ကျီတို့ ဘာတို့
ည်း မကိုက်တော့ဘူး။ သူ့သမီးနဲ့ သမက်ပဲ လုပ်ကြတော့တယ်။ သူက
က်ကြီးတော့ မချုပ်နိုင်တော့ဘူးလေ။ အဲဒီမှာ ကျွန်တော် နောက်ထပ်
နေတာ တစ်နှစ်လောက် ကြာတယ်။ အများအားဖြင့် ကျွန်တော်က
ကပ်ပေးတာပါပဲ။ မိန်းမအင်္ကျီတွေပဲ များပါတယ်။

သူတို့ဆီမှာ တစ်နှစ်လောက် နောက်ထပ်နေပြီး ကျွန်တော်လည်း
ကို ပြန်လာခဲ့တယ် ဆရာ။ ကျွန်တော့် ညီတွေ၊ ညီမတွေကလည်း
ထောင်ကျသူကျ၊ တစ်ရပ်တစ်ကျေးကို ပြောင်းသူပြောင်းနဲ့ အမေ့အိမ်မှာ
နဲ့ ကျွန်တော့်ညီမ အငယ်ဆုံးကလေးပဲ ကျန်ရစ်ခဲ့တယ်။ ဒီမှာတင်
တော် ရန်ကုန်မှာ စက်ချုပ်တုန်းက စုထားတဲ့ ငွေကလေးနဲ့ မြို့ကို
င်းလာခဲ့တယ်။

အရင်တုန်းကတော့ ဒီလိုနေရာမှာတောင် မနေနိုင်သေးဘူးပေါ့ ဆရာ
မြို့ပြင်က ကွက်သစ်ကလေးမှာ အိမ်ခန်းကလေးတစ်ခန်းငှားပြီး စက်
ကလေး ဖွင့်တာပေါ့။ ရပ်ကွက်ထဲက ကလေးအင်္ကျီကလေးတွေ၊ ပုဆိုး
းတွေ၊ ထဘီကလေးတွေ ချုပ်ရတယ်။ ကျွန်တော့် ညီမလေးကတော့
သီးတံ တပ်တယ်။ တခြားစက်တွေက ကြယ်သီးတံ လာအပ်ရင်လည်း
ခံတယ်။ ကြယ်သီးတံက မိန်းမအင်္ကျီ ကြယ်သီးတံရော၊ တိုက်ပုံအင်္ကျီ
တပ်တဲ့ ကြယ်သီးတံရော အစုံပေါ့ ဆရာရယ်။ ကျွန်တော်က စက်ချုပ်
။ အများအားဖြင့်တော့ ဆင်းရဲသူ ဆင်းရဲသားအင်္ကျီ လုံချည်ကလေး
ပဲ။

ဟင့်အင်း ဆရာ။ ကျွန်တော် ခုထိ လူပျိုကြီးပါပဲ။ နောင်လည်း အိမ်
ပြုဖို့ စိတ်မကူးတော့ပါဘူး။ ကျွန်တော့်အမေနဲ့ ညီမလေးတို့နဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com





အတူနေသွားမှာပါ။ အမေက အသက် (၈၀) ကျော်ပြီလေ။ ညီမလေးက [illegible] လေးဆယ်လောက်ပေါ့ ဆရာရယ်။ ကျွန်တော့်အဖို့တော့ ကလေးမက [illegible] တစ်ယောက်လိုပဲ ထင်နေမိတယ်။ သူကလည်း အစ်ကိုလည်း အိမ်ထော [illegible] မပြုနဲ့ ညီမလည်း မပြုတော့ဘူးတဲ့။

အဲဒီမှာနေရင်း ကျွန်တော့်ညီမလေးက တစ်ဖက်က ကြယ်သီးတံ [illegible] ဘာတို့လည်း တပ်၊ စက်လည်းချုပ်၊ တစ်ဖက်ကလည်း တောကိုသွား [illegible] ကလေးဝတ်တဲ့ အထည်ကလေးတွေ၊ မိန်းမတွေဝတ်တဲ့ ဖာဘော်လီက [illegible] တွေ အင်္ကျီပုံဆန်းကလေးတွေ သွားရောင်းတယ် ဆရာ။ တောဆို [illegible] ကျွန်တော်တို့ မွေးခဲ့တဲ့ ဇာတိပေါ့ ဆရာရယ်။ ဟိုမှာဆိုတော့ ခွေမျိုး [illegible] မကင်းရာ မကင်းကြောင်းတွေ မဟုတ်လား။ ကိုယ့်အပေါ်မှာလည်း [illegible] လည်လှည့်ဖြားမယ့်သူ မရှိဘူး။ စပါးပေးတို့၊ သီးပေါ်ပေးတို့ အ [illegible] ရောင်းခဲ့တယ်။ သူတို့ကလည်း စပါးပေါ်ရင် မြို့ကိုရောက်လာရင် ပေး [illegible] ရှိတဲ့ ကြွေးကို ဝင်ပေးသွားကြတာပါပဲ။ လိုက်တောင်းနေစရာ မလို [illegible]

ဒီလိုနဲ့ ကျွန်တော်တို့ မောင်နှမနှစ်ယောက် စက်ကလေးတစ် [illegible] ကြယ်သီးတံတပ်တဲ့ ခုနကလေးတစ်လုံးနဲ့ လုပ်ကိုင်လာခဲ့ကြတာ။ နောက် [illegible] မှာ အဲဒီအိမ်ကလေးကို ဝယ်နိုင်ခဲ့တယ် ဆရာ။ နောက်တော့ ကျွန် [illegible] ညီမလေးကလည်း မိန်းမဝတ်အင်္ကျီတွေကို ညှပ်တတ် ချုပ်တတ် [illegible] ကျွန်တော်တို့မြို့မှာ နာမည်ရတဲ့ စက်ဆိုင်တစ်ဆိုင် ဖြစ်လာခဲ့တယ်။ [illegible] မှာတင် ရန်ကုန်ဆင်းပြီး ဆင်းကားစက်ကလေးတစ်လုံးဝယ်ပြီး ဆိုင်က [illegible] ကို တိုးချဲ့လာခဲ့တယ်။ ဆင်းကားစက်ကလေးကို ရန်ကုန်မှာ ဆင်း [illegible] တာရယ်။ ကျွန်တော့်ကျေးဇူးရှင် တရုတ်ကြီးကလည်း ရန်ကုန်အပ်ချုပ် [illegible] လို့ သူ့ဆိုင်ကလေးကို ခေါ်ထားတော့ သူ့ကိုလည်း အမှတ်တရဖြစ်အော [illegible] ပြီး ကျွန်တော့်ဆိုင်ကလေးကို ရန်ကုန်အပ်ချုပ်ဆိုင်လို့ အမည်ထ [illegible] ဒီနေရာကို ပြောင်းလာခဲ့တာပါ။

ဒါပေမဲ့ ဆရာရေ၊ စီးပွားရေးလုပ်ငန်းဆိုတာ ဘာမှ ရေရာတာ [illegible] ဘူး။ ဒီမြို့လယ်ဈေးနားရောက်တော့ အလုပ်အကိုင်ကလေး နည် [illegible] ဟန်သလိုလိုတော့ ရှိပါရဲ့။ ဒါပေမဲ့ မကြာလိုက်ဘူး ဆရာ။ ကျွန် [illegible]





[illegible] ဆိုင်ကလေးဟာ တဖြည်းဖြည်း ကျဆင်းလာတယ်။ စီးပွားရေး လုပ်ငန်း [illegible] တစ်ချိန်တစ်ခါမှ တက်လာပြီး နောက်တစ်ချိန်တစ်ခါမှာ ကျသွားတတ် [illegible] မမှတာပဲ ထင်ပါရဲ့။

ဒီနေရာရောက်လို့ နှစ်နှစ် သုံးနှစ်လောက်လည်း ကြာရော ကျွန်တော် [illegible] မြို့မှာ ဝတ်စားဆင်ယင်ပုံတွေ ပြောင်းသွားတယ် ဆရာ။ အရင်တုန်းက [illegible] ကျွန်တော်တို့ဆိုင်မှာ လက်ရာကောင်းလှချည်ရဲ့ဆိုပြီး ကောင်မလေးတွေ [illegible] ကျွန်တော်တို့ဆိုင်မှာပဲ လာအပ်ကြတယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ [illegible] တို့ ဝတ်စားဆင်ယင်ပုံတွေက တစ်မျိုးဖြစ်လာပြီး ကျွန်တော်တို့ဆီမှာ [illegible] ပ်ကြတော့ဘူး။ တစ်မျိုးဖြစ်သွားတယ်ဆိုတာ ဒီလိုလေ ဆရာ။ ထဘီတိုတို [illegible] လေးဝတ်၊ ဆံပင်ကို ဖားလျားချ၊ ရှပ်အင်္ကျီ ဖားဖားကြီးကို ဒူးဆစ်နား [illegible] ကအောင် အပြင်ထုတ်ဝတ်။ သူတို့ ဖက်ရှင်ပေါ့ ဆရာရယ်။ ဒီတော့ [illegible] အင်္ကျီတွေက နိုင်ငံခြားက အဟောင်းတွေလား အသစ်တွေလား [illegible] ရတဲ့ အထည်တွေက အများကြီးဝင်နေတယ် မဟုတ်လား။

ကျွန်တော် တစ်လောကသွားတုန်းကဆိုရင် ရန်ကုန်လမ်းဘေးမှာ အဆင် [illegible] လေးတွေကလည်း အသစ်အဆန်းတွေဆိုတော့ ကောင်မလေးတွေဟာ [illegible] င်တုန်းကလို မိန်းကလေးအင်္ကျီတွေကို သိပ်မချုပ်ကြတော့ဘူး။ အဲဒီ [illegible] ပြီးသား ယောက်ျားဝတ် ဖားဖားကြီးတွေကိုပဲ ဝယ်ဝတ်နေကြတော့ [illegible] တော်တို့ အလုပ်မဖြစ်တော့ဘူးပေါ့။

ယောက်ျားဝတ်တွေကလည်း ဒီအတိုင်းပဲ။ ခုခေတ် ကျွန်တော်တို့မြို့က [illegible] င်လေးတွေက စက်ဆိုင်မှာ ချုပ်ပြီးမဝတ်ကြတော့ဘူး။ ရန်ကုန်ကလာတဲ့ [illegible] ဘေးထည်လို လမ်းဘေးမှာ ပုံရောင်းနေတဲ့ ရှပ်အင်္ကျီတွေကိုပဲ ဝတ် [illegible] တော့ ယောက်ျားဝတ်တွေလည်း ကျွန်တော်တို့စက်ဆိုင်မှာ အချုပ်ရ [illegible] သွားတယ်။ မိန်းမဝတ်အင်္ကျီကတော့ မပြောနဲ့တော့။

ခေတ်နောက်ကျတယ်ပြောပြော၊ မိန်းကလေးတွေ ယောက်ျားဝတ် [illegible] အင်္ကျီဖားဖားကြီးတွေကို ဒူးဆစ်နားရောက် အပြင်ထုတ်ဝတ်တာမျိုးကို [illegible] ဘူး။ မိန်းကလေးရဲ့ ခါးအလှ၊ တင်အလှ၊ ကိုယ်လုံးအလှတို့ဟာ [illegible] အင်္ကျီဖားဖားကြီးတွေရဲ့အောက်မှာ ပျောက်သွားတော့တာပဲ။ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကာမှ လွဲရော။ ဒီ ထဘီတိုတိုနဲ့ ရှပ်အင်္ကျီဖားဖားကြီးကို ဒူးဆစ်လော ရောက်အောင် အပြင်ထုတ်ဝတ်တဲ့ ဖက်ရှင်ဟာ ကိုယ်လုံးကိုယ်ပေါက်မ ရုပ်ရှင် မင်းသမီးတစ်ယောက်ယောက်က ထွင်လိုက်တဲ့ ဖက်ရှင်ဖြစ်မှာ ဘယ်သူရယ်လို့တော့ မပြောတတ်ဘူး။ ကျွန်တော်က ရုပ်ရှင် မကြည့်ဘ မပြောနိုင်ဘူးပေါ့လေ။ စိတ်ထဲမှာ ထင်တာကို ပြောရတာ။

နောင် ဖက်ရှင်သစ်တွေ ပေါ်လာရင်တော့ ကျွန်တော့် ဆင်းကား ကလေး ပြန်ပြီး အရောင်ထွက်ဦးမယ်လို့ မျှော်လင့်ရတာပဲ ဆရာ

(ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉

* * *

# ဆိုင်းဘုတ်ရေးသမား၏ ဝေဒနာ

www.burmeseclassic.com

www.burmeseclassic.com

# ဆိုင်းဘုတ်ရေးသမား၏ဝေဒနာ

သူနှင့်ကျွန်တော် မတွေ့သည်မှာ နှစ်ပေါင်းလေးဆယ်ကျော်လော
တော့ ရှိပြီထင်သည်။ ကျွန်တော်တို့မြို့က အထက်တန်းကျောင်းတွင် သူ
ကျွန်တော် ပထမတန်းလောက်ကတည်းက အတူတူ နေခဲ့ကြသည်။ ဒု
ကမ္ဘာစစ်ကြီး ဖြစ်လာတော့ ကျွန်တော်တို့တစ်တွေ ကွဲကွာသွားခဲ့ကြသ
သူရော ကျွန်တော်ရော ပဥ္စမတန်း။

စစ်ကြီးဖြစ်လာသည့်အတွက် စာမေးပွဲကြီးကို မဖြေလိုက်ကြရ။ သ
အချိန်က ကျွန်တော်တို့တစ်တွေ အသက် ဘာရှိဦးမည်နည်း။ ကျွန်
က ၁၂ နှစ်လောက်၊ သူက ၁၄ နှစ်လောက်။ အတန်းထဲတွင် ဝတ္ထုတ
နိုးဖတ်ကြတော့လည်း အတူတူ။ ကဗျာတို့၊ ဝတ္ထုတို့ မတောက်တ
ရေးကြတော့လည်း အတူတူ။ အများအားဖြင့် ကျွန်တော်က ကဗျာ
ဝတ္ထုတို့ရေးပြီး သူက ပန်းချီအရေးများသည်။ ပုံဆွဲစာအုပ်တွေပေါ်မှာ
ကျင့်ခန်းစာအုပ်တွေပေါ်မှာ သူရေးတတ်သည့် ရှုမျှော်ခင်း ပန်းချီကားက
တွေကို ကျွန်တော် ယခုတိုင် အမှတ်ရနေသေးသည်။





နှဝင်ဆည်းဆာ ရောဝတီမြစ်ကမ်း၏ ရှုခင်း။ နေလုံးက အနောက်
က်တောင်စွယ်တွင် မေးတင်နေပြီ။ ကုန်းမို့မို့ကလေးပေါ်တွင် စေတီကလေး
စ်ဆူ။ ကောင်းကင်တွင် တိမ်လိပ်တစ်လိပ်က ရေပြင်တွင် မှန်ကြည့်နေ
ည်။ မြစ်လယ်တွင် ရွက်လှေတစ်စင်းက ရွက်တိုက်လျက်။ ငှက်ကလေး
တွေက ရွက်လှေနောက်မှာ ပျံဝဲလိုက်လာလာကြသည်။ ရေထဲတွင် ရွက်
လှေကလေး၏ အရိပ်သည် ပြောင်းပြန်ပေါ်နေသည်။ တစ်ခါတလေတွင်
ည်း ကမ်းစပ်မှာ ကိုင်းညွှတ်နေသည့် သစ်ပင်ကလေး တစ်ပင်စ၊ နှစ်ပင်
တဲအိုကလေး တစ်လုံးစ နှစ်လုံးစ။ ခဲတံ၊ သို့မဟုတ် ဖောင်တိန်ဖြင့်
စ်ကြောင်းဆွဲ ရေးခြစ်ထားသည့် ရှုမျှော်ခင်းပုံကလေးများ ဖြစ်သည်။

ကြီးကျယ်ခမ်းနားသည့် ရှုမျှော်ခင်း ပန်းချီကားကြီး မဟုတ်ပါ။ ကျောင်း
းကလေးတွေ အတန်းထဲတွင် ပျင်းပျင်းနှင့် လျှောက်ခြစ်ထားသည့် တစ်
ကြောင်းဆွဲ ပန်းချီကားကလေးမျိုး ဖြစ်ပါသည်။ ရေးတုန်းက ထုတ်ဝေသည့်
ယမဂ္ဂဇင်း၊ မြန်မာ့အလင်းမဂ္ဂဇင်း၊ သက်စောင့်မဂ္ဂဇင်း စသည်တို့တွင်
တစ်ပုဒ်အဆုံး သို့မဟုတ် ဆောင်းပါးတစ်ပုဒ်အဆုံးတွင် ကွက်လပ်
သည့်သဘောဖြင့် ထည့်လေ့ရှိကြသည့် ရှုခင်းပုံကလေးတွေ ဖြစ်ပါ
ည်။

အများအားဖြင့် စိတ်မဝင်စားသော ဘာသာကို သင်နေချိန်တွင် နောက်
ခုံတန်းမှ ထိုင်နေသော ကျောင်းသားလေးတွေ ဆွဲလေ့ရှိသည့်ပုံမျိုး
သည်။ ကျွန်တော်က ကဗျာတိုတိုကလေးတစ်ပုဒ်၊ စာညွန့်တိုတိုကလေး
ဒ်လောက် လေ့ကျင့်ခန်း စာအုပ် နောက်ဘက်စာရွက်ပေါ်မှာ ရေးလျှင်
ထိုကဗျာကလေးတွေ၊ စာညွန့်ကလေးတွေကိုဖတ်ပြီး သင့်လျော်မည့်
ကို ကောက်ရေးတတ်ပါသည်။ တစ်ခါတစ်ရံတွင်လည်း ပန်းပွင့်နှင့်
ကလေးပုံ၊ တစ်ခါတလေတွင်လည်း ဆွေးလျနေသော ကောင်မလေး
သာက် မျက်နှာ။ တစ်ခါတစ်ရံတွင်လည်း မြားတစ်ချောင်း အသည်း
တွင် စူးဝင်နေသည့်ပုံ။ တစ်ခါတစ်ရံတွင်လည်း တိမ်ညိုတွေကြားမှာ
င်နေသော လဝန်း၏ပုံ။ တစ်ခါတလေတွင်လည်း ထန်းပင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပင် နှစ်ပင်နှင့် ယာတဲကလေးပုံ။

နောက်တော့ သူရောင်စုံခဲတံကလေးတွေကို ကိုင်လာသည်။ ကျွန်တော်တို့နှစ်ယောက် ပန်းချီဆရာ ဦးလှ၏ စာပေးစာယူ ပန်းချီသင်တန်းကို တက်ကြသည်။ ဦးလှ၏ ပန်းချီရေးနည်းစာအုပ်ကို စာတိုက်ကမှာပြီး ပန်း သင်ကြသည်။ ကျွန်တော့်မှာ ဝါသနာသာရှိပြီး ပါရမီရှိသူ မဟုတ်ပါ။ ထို့ နောက် နောက်ဆုံးတွင် ကျွန်တော် လက်လျှော့လိုက်ပါသည်။

သူကမူ လက်စလက်နရှိသူ ဖြစ်သဖြင့် ဦးလှ၏ ပန်းချီ စာပေးစာ သင်တန်းကို ဆက်တက်ပါသည်။ သူသည် ဘလုံ၊ အုန်းလွင်၊ ကိုဖေ စသည့် ပန်းချီဆရာကြီးများ၏ လက်ရာကို တော်တော် သဘောကျပါသည် (ပန်းချီဆရာကြီးများ၏ အမည်ကို ဦးတွေ၊ ကိုတွေ မပါဘဲ လက်မှတ်ထိုး သည့်အတိုင်း ကျွန်တော်တို့ ခေါ်လေ့ရှိကြပါသည်။) စစ်မဖြစ်မီ ဗန္ဓုလ ကြေးရုပ်ထုထုရန် ရေးဆွဲသည့် ပန်းချီဆရာ ဦးဘဖန်၏ ဗန္ဓုလပန်းချီကား ကြီးကိုလည်း သူတော်တော် သဘောကျပါသည်။ ဗန္ဓုလက မြင်းပေါ်မှ ဓားကြီးကို မြှောက်ထားသည့်ဖြစ်ပါသည်။ သူသည် ထိုပုံကို ကြည့် ပုံတူဆွဲပါသည်။ ဦးဘဖန်၏ လက်ရာနှင့် တော်တော်တူပါသည်။ ထိုအ တွင်မူ သူသည် ရေဆေးကို ကိုင်နေပါပြီ။

"ကြီးလာရင် မင်းက စာရေးဆရာလုပ်၊ ငါက ပန်းချီဆရာလုပ်မယ် ဇဝနတို့၊ မဟာဆွေတို့ ဝတ္ထုမျက်နှာဖုံးတွေကို အုန်းလွင်ဆွဲပေးတာ မဟုတ် လားကွ။ သူတို့က သူငယ်ချင်းတွေတဲ့"

တကယ် သူငယ်ချင်းဟုတ်မဟုတ် ကျွန်တော်တို့ မသိပါ။ ကြား နားဝနှင့် ပြောနေကြခြင်း ဖြစ်ပါသည်။

"မင်းက ပန်းချီဆရာလုပ်ဖို့ မကောင်းဘူးကွ။ ဇာတ်လိုက်မင်းသား လုပ်ဖို့ကောင်းတာ။ မင်းက ရုပ်လည်းဖြောင့်တယ်။ အသံလည်း ကော တယ်"

သူက မိုလ်အောင်ဒင်ဇာတ်ကားမှ ခင်မောင်ရင်ရယ်သလို ခါးထော ၍ ခေါင်းကိုနောက်သို့လှန်ပြီး အားရပါးရ ရယ်ပါသည်။ မိုလ်အောင် ဇာတ်ကားကိုကြည့်ပြီးမှ ထိုသို့ရယ်တတ်လာခြင်း ဖြစ်သည်။





"ဟုတ်တယ်ကွ။ တကယ်ပြောတာ။ နာဓ်ညိုရော်တဉ္ဇ/ ခင်မောင်ရင်"ဆို တာ့ ဇာတ်လိုက်မင်းသား နာမည်မျိုး၊ ခပ်ဆန်းဆန်း"

သူ့အရုပ်သည် ထိုစဉ်ကတည်းက ငါးပေခြောက်လက်မလောက် ရှိ ပါသည်။ အသားဖြူဝင်းပြီး မျက်လုံးမျက်ခုံး ကောင်းသည်။ ဆံပင်တို့က ညှိပျော့ပျောင်းကာ လှိုင်းအိကလေးတွေ ထသလို ဝေ့ဝိုက်နေကြသည်။ ားများက ဖြူဖွေးညီညာသည်။ အသံကောင်းပြီး သီချင်းဆိုတော့လည်း င်မောင်ရင်လေမျိုးကို အတုခိုးဆိုနိုင်သည်။ ထို့ကြောင့် ကျွန်တော်က ူ့ကို ဇာတ်လိုက်လုပ်ဖို့ ပြောခြင်းဖြစ်သည်။

မကြာမကြာ သူနှင့် ကျွန်တော်မြို့ထိပ်က ရွှေမုဋ္ဌောဘုရားကိုသွားပြီး ဗျာစပ်၊ ပန်းချီဆွဲ လုပ်ကြသည်။ ရွှေမုဋ္ဌောဘုရားမှာ နေ့လယ်ဆိုလျှင် ှင်းသည်။ ဘုရားမှ ဆည်းလည်းသံကလေးတွေ နားထောင်ပြီး ကျွန်တော် ို့နှစ်ယောက် ကဗျာတွေ စပ်ကြသည်။ သူက ပန်းချီဆွဲသည်။ မြစ်တစ်ဖက် ွင် ပုပ္ပါးတောင်ကို မြူတွေကြားမှ ရေးရေးရိပ်ရိပ် မြင်ရသည်။ မြစ်လယ် သောင်ပြင်တွင် စိုက်ခင်းတွေက စိမ်းစိုနေကြသည်။ တစ်ကြိမ်မကပါ။ ျွန်တော်တို့နှစ်ယောက်သည် အားအားရှိလျှင် ရွှေမုဋ္ဌောသို့ ဘိုင်စကယ် စ်စီးစီဖြင့် ရောက်လာကာ ဝတ္ထုတွေကို တစ်အုပ်ပြီးတစ်အုပ် ထိုင်ဖတ် ကြသည်။ ဝေဖန်ကြသည်။

စစ်ဖြစ်တော့လည်း ကျွန်တော်တို့ ကွဲကွာသွားကြသည်။ စစ်ပြီးသည့် ခါတွင်လည်း တစ်ခါနှစ်ခါသာ တွေ့လိုက်ရသည်။ ကျွန်တော်က ရန်ကုန် ာ အနေများပြီး သူကအညာမှာ ကျန်ရစ်ခဲ့သဖြင့် တစ်ယောက်နှင့် စ်ယောက် မတွေ့ဖြစ်ကြ။

၁၉၅၀ ခုနှစ် တစ်ဝိုက်လောက်တွင် သူ ရန်ကုန် ဆင်းလာသည်။ ျွန်တော်တို့ အားကိုးဖြင့် ပန်းချီကလေး ဘာလေးဆွဲကာ ပန်းချီလောက ဲသို့ ဝင်မည်ဟူသော မျှော်လင့်ချက်ဖြင့် ရောက်လာခြင်းဖြစ်သည်။ သို့ရာ ွင် ကျွန်တော်တို့လည်း သူ့ကို ဘာမျှ ထိထိရောက်ရောက် အကူအညီ ပေးနိုင်ပါ။ နောက်ဆုံးတွင် အဆက်အသွယ်တစ်ခုဖြင့် သတင်းစာတိုက် ွင် စာပြင်အလုပ်ရသည်။ သတင်းစာတိုက်ဆိုသည်မှာ အချိန်မဲ့ အခါမဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရသဖြင့် သူနှင့် ကျွန်တော် သိပ်မတွေ့ဖြစ်ကြပါ။ တစ်နှစ်လောက်ထဲ ပြီး သူ အညာပြန်သွားသည်ဟု ကျွန်တော် ကြားလိုက်ရသည်။

ထိုကတည်းက သူနှင့် ကျွန်တော် မတွေ့တော့။

တစ်လောကတော့ သူ့ဆီက စာတစ်စောင် ရောက်လာသည်။ သူ့စာ တွင် ကျွန်တော့်အတွက် ဆီဆေးပန်းချီကားတစ်ကား ရေးထားကြောင်း မကြာမီ ပို့လိုက်မည်ဖြစ်ကြောင်းဖြင့် ပါရှိသည်။

နှစ်ပေါင်း လေးဆယ်ကျော်လောက်အတွင်း သည်စာတစ်စောင်ပဲ ရေး သဖြင့် ကျွန်တော် အံ့အားသင့်နေသည်။ ဘာစိတ်ကူးရ၍ ဘယ်လို ပန်း ကားမျိုးတွေကို ရေးထားလေသည်မသိ။ ကျွန်တော် တော်တော်နှင့် စာမပြ ဖြစ်ပါ။

တစ်နေ့ကမှ ကျွန်တော့်အိမ်သို့ သူရောက်လာသည်။ သူနှင့်အ အသက် ၂၅ နှင့် ၃၀ တွင်းရှိဟု ခန့်မှန်းရသည့် လူငယ်တစ်ယောက်လည်း ပါလာသည်။

ကျွန်တော်သည် သူ့ကို မြင်မြင်ချင်း မှတ်မိလိုက်ပါသည်။ ဆံပ တွေ တစ်ခေါင်းလုံး ဖြူဖွေးသွားသည်မှအပ သူ့ရုပ်က သိပ်ပြောင်းလ ခြင်းမရှိ။ အရင်တုန်းကလို အသားဖြူဖြူ၊ သွားဖွေးဖွေး၊ ပြုံးရွှင်ရယ်မော လျက်။

ကျွန်တော်က သူ့ကို နေရာထိုင်ခင်းပေးရင်း ...

"ခေါင်းကတော့ တော်တော် ဖြူသွားပြီကွ"ဟု ပြောသည်။ သူက သူ့ထုံးစံအတိုင်း ရယ်လိုက်ရင်း ...

"ဖြူရော့ပေါ့ကွ။ ၆၅ နှစ်နား ကပ်နေပြီ။ ဆံပင်ဖြူတာ တော်သေးတာ ပေါ့။ တချို့တော့ လူ့လောကမှာတောင် မရှိကြတော့ဘူး"

သူသည် ရန်ကုန်တွင် ကိစ္စတစ်ခုဖြင့် ရောက်လာရင်း ကျွန်တော့်ဆီ ဝင်လာခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်က သူရေးပေးသည့်စာရကြောင်း၊ ဒီ ရာတွင် စာမပြန်ဖြစ်ကြောင်းဖြင့် တောင်းပန်သည်။

သူက ရယ်လိုက်ရင်း ...

"ဟာ့ကောင်၊ ငါ့ကို တောင်းပန်ဖို့လည်း မလိုဘူး။ စာပြန်ဖို့လည်း





ဘူး။ ငါ့စာထဲမှာ ပါသားပဲ။ စာမပြန်နဲ့လို့။ အေး မင်းကိုယ်တိုင်က ချင်ရင် အချိန်ရရင်တော့ ရေး။ ဝတ္တရားတစ်ခုအနေနဲ့တော့ လုပ်မနေ ငါ နားလည်တယ်"

သူက သူ့သားနှင့် မိတ်ဆက်ပေးသည်။

"သူက အကြီးဆုံးကွ။ သူ့အောက်မှာ ၆ ယောက် ရှိသေးတယ်။ ချို့လည်း အလုပ်လုပ်နေကြပြီ။ တချို့လည်း ကျောင်းနေကြတုန်းပဲ"

ကျွန်တော်က သူ့နေရေးထိုင်ရေးကို မေးသည်။

"ငါ ဘာလုပ်တတ်မှာလဲကွ။ ပန်းချီဆွဲစားတာပေါ့။ အေး ပန်းချီလို့ ာင် မပြောသင့်ပါဘူးကွ။-အရုပ်နဲ့ စာလုံးရေးစားတဲ့ကောင်ပေါ့။ ပန်းချီ ငါ မရေးနိုင်ဘူး။ မင်းသိသားပဲ။ ပန်းချီရေးတယ်ဆိုတာ ခံစားချက်ရှိမှ ဆို့ရတာ။ ရေးလို့ကောင်းတာ။ ခံစားချက်မရှိဘဲနဲ့ ရေးနေရင် ပန်းချီ ဖြစ်မလဲ။ အရုပ်တွေပဲ ဖြစ်မှာပေါ့။ ငါကတော့ အရုပ်တောင် သိပ် တော့ဘူး။ စာလုံးတွေပဲ ရေးနေတာ"

သူက တဟားဟား ရယ်သည်။ သူသည် သူ့ဘဝကို နာကြည်းဟန် မရှိ။ ခါးသီးဟန်လည်း မရှိ။ ကံကြမ္မာကို အပြုံးအရယ်ဖြင့် လက်ခံ ဖြစ်ပါသည်။

"စာလုံးတွေဆိုတာ ဘာကို ပြောတာလဲကွ"

"ဆိုင်းဘုတ်တွေလေကွာ။ ဆိုင်းဘုတ်ရေးတာပေါ့။ ဆိုင်းဘုတ်ရေးတယ် အနုပညာခံစားချက်ရှိဖို့ ဘာလိုတာမှတ်လို့ စာလုံးကို ခံစားချက်နဲ့ လည်း မလိုဘူး။ ကြည့်လို့ကောင်းအောင် ရေးပေးလိုက်ရင် တော်ပြီ။ မြန်မြန်ပြီးချင်ရင် ဆိုင်းဘုတ်တောင် မရေးဘဲ ကားနံပါတ် ရေးပေါ့။ ဆိုင်းဘုတ်ရေးတဲ့နေရာ၊ ကားနံပါတ်ရေးတဲ့နေရာမှာ ငါက တော မင်းက နိုင်ငံကျော် စာရေးဆရာဖြစ်သလို ငါလည်း တောကျော်

"တောပန်းချီဆရာပြောပါကွာ"

"တောပန်းချီဆရာ မဟုတ်ဘူးကွ။ တောပန်းချီဆိုရင် အဆင့်က မြင့်နေသေးတယ်။ တောမှာ ကျေးလက်ပန်းချီရှိတယ်။ မ



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီရှိတယ်။ စပ်ပန်းချီရှိတယ်။ ယာယီပန်းချီ ရှိတယ်။ အဲဒီ ပန်းချီ ဟာ သူ့နေရာနဲ့သူ အနုပညာရှိတယ်။ ခံစားချက်နဲ့ ဆွဲရတယ်။ စော က ငါ ပြောတဲ့ ဆိုင်းဘုတ်ရေးတာတို့၊ ကားနံပါတ်ရေးတာတို့က ခံစားချ ရှိဖို့ မလိုဘူး။ ငွေရှာတဲ့ အလုပ်သက်သက်ပဲ။ ငါ့မှာ စားအိုးကြီး ပန်းချီအနုပညာကို မလုပ်နိုင်တော့ဘူးဟေ့။ ထမင်းအိုး မကွဲအောင် လုပ်နေရတယ်။ ဟိုတုန်းကတော့ ရုပ်ရှင်ရုံတွေမှာ ပိုစတာတို့ အာ ရေးသေးတယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ရုပ်ရှင်တွေကလည်း အ ကျဲသွားကြတယ်။ ရုံတင်တဲ့ ရုပ်ရှင်တွေကလည်း ပိုက်ဆံ သိပ်အကုန် တော့ဘူး။ နဖူးစည်းပေါ်မှာ စာလုံးရေးလိုက်ရင် တော်ပြီ။ အရင် ကလို မင်းသားရုပ်၊ မင်းသမီးရုပ်တွေ၊ ဇာတ်ဝင်ခန်းထဲမှာ ပါတဲ့ပုံတွေ မဆွဲကြတော့ဘူး။ စရိတ်က သိပ်ကြီးတာကိုး။ ဒီတော့ ရုပ်ရှင်ပိုစတာဆွဲ သိပ်မကိုက်ဘူးကွ။ ဒါကြောင့် ဆိုင်းဘုတ်ရေးစားရတာ”

ကျွန်တော်သည် ငယ်ငယ်တုန်းကလိုပင် ပေါင်ကို လက်ဖြင့် ဖျတ်ပုတ်ရင်း စကားပြောနေသော စိမ်းဝေကို ငေးကြည့်နေမိသည်။

“ရန်ကုန်မှာ စာပြင်ဆရာ လုပ်တုန်းက ပန်းချီကျောင်းတွေ မရှိသေးဘူးနော်”

သူက သက်ပြင်းတစ်ချက် ချလိုက်ကာ ...

“ဒီခေတ် လူငယ်တွေ သိပ်ကံကောင်းတာပေါ့ကွာ။ သူတို့မှာ ပညာသင်ကျောင်း ရှိတယ်။ ဂီတ ပညာသင်ကျောင်း ရှိတယ်။ အ အဆင်သင့်ပဲ။ တို့တုန်းက ဘယ်မှာ ပန်းချီသင်တန်းကျောင်း ရှိလို့ ပန်းချီဆွဲတတ်လာတာဟာ ရွှေမုဋ္ဌောဘုရားပရဝုဏ်ထဲက လှေကား ဦးလုရဲ့ စာပေးစာယူပန်းချီသင်တန်းကြောင့် တက်လာတာ။ ဘယ်မှာ ကောင်းရယ်လို့ ရှိလို့လဲ။ ရွှေမုဋ္ဌောဘုရားမှာ မင်းနဲ့ ငါနဲ့လာပြီး ကဗျာတွေရေး၊ ငါက ပန်းချီတွေရေးနဲ့ ရမ်းသန်းလုပ်ခဲ့ကြတာပဲ ဒီအမြင်နဲ့ကြည့်ရင်တော့ ရွှေမုဋ္ဌော ဘုရားပရဝုဏ်ဟာ ငါ့ပန်းချီကျော ပေါ့။ အဲဒီ ရင်ပြင်တော်ပေါ်ကနေပြီး မြင်ရတဲ့ ရေဝတီရဲ့ ရှု ပုပ္ပားရဲ့ ရှုခင်းတွေ၊ သောင်ပေါ်က ရှုခင်းတွေ၊ တံငါလှေတွေရဲ့





တွေကို ငါကြည့်ဆွဲခဲ့တာပေါ့။ ဒီလိုနဲ့ အစတော့ မင်းပြောတဲ့ တောပန်းချီ ဆရာ ဖြစ်လာတာပေါ့။ နောက်မှသာ ဆိုင်းဘုတ်ရေးစားတဲ့လူ ဖြစ်သွား တာ။ ဟား ... ဟား”

စိမ်းဝေသည် ငယ်ငယ်ကလို အားရပါးရ ရယ်တတ်တုန်းပင်။ သူ့သွား းကလည်း ငယ်ငယ်တုန်းကလို ဝင်းလက်တောက်ပနေကြတုန်းပင်။

“မင်းဆီကို ငါ ပန်းချီကားတစ်ခု ပို့ပေးမယ်လို့ ရေးလိုက်တာ။ ခု လာတယ်ကွ”

စိမ်းဝေက သူ့လွယ်အိတ်ထဲမှ လိပ်လာသည့် ပန်းချီကားတစ်ချပ်ကို တ်ပေးသည်။

ကျွန်တော်သည် ပန်းချီကားကို ဖြေကြည့်လိုက်သည်။ ဆီဆေးဖြင့် ဲထားသည့် ပန်းချီကားတစ်ချပ်။ ရွှေမုဋ္ဌောဘုရား၏ရှုခင်း ကျွန်တော်တို့ ငယ်ငယ်က မြင်ရသည့် ရွှေမုဋ္ဌောနှင့် ဘာမျှမခြား။ ရှေ့ဆုံးတွင် ကျွန်တော်တို့ င်လေ့ရှိသည့် ခုံတန်းကလေး။ ထိုနောက်ပင် ပတ်လည်ကိုပတ်၍ ရိုက် ားသည့် သစ်သားခုံတန်းကလေးဖြစ်သည်။ ထို့နောက်တွင် မဟာရံ တံတိုင်း။ ပြင်ပေါ်သို့တက်သည့် လှေကားမုခ်ဝကလေးနှင့်။ ထို့နောက်တွင် ပရဝုဏ် တွင် ပေါက်နေသည့် ထန်းပင်နှစ်ပင်။ ထို့နောက်တွင် အာရုံခံတန်ဆောင်း တန်ဆောင်းအထက်မှ ရွှေရောင်တောက်နေသည့် ရွှေမုဋ္ဌော စေတီ တော်။ ထို့နောက်တွင်ကား အဝေးတွင် မှိုင်းညို့နေသော တောရိပ်များ။

တံတိုင်းရှေ့သို့ စင်္ကြံလျှောက်နေသော ရဟန်းတော်တစ်ပါး။ ဘိုင်စကယ် သောသော သူငယ်ကလေးတစ်ယောက်နှင့် တုတ်ကောက်နှင့် လမ်းလျှောက် သော အဘိုးကြီးတစ်ဦး၏ သဏ္ဌာန်တို့ကို ခပ်ဝါးဝါး ရေးခြယ်ထား သည်။

ကျွန်တော်တို့ငယ်စဉ်က ရခဲ့သော ရွှေမုဋ္ဌောပရဝုဏ်တစ်ဝိုက်က မှုကို အပြည့်ပေးနိုင်သော ပန်းချီကား ဖြစ်ပါသည်။

သူသည် ကျွန်တော်နှင့် ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောပြီးနောက် သက်ပြန်သွားသည်။

နောက်နှစ်ပတ်လောက်ကြာသည့်အခါတွင် သူ့ဆီမှ စာရှည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်စောင်ကို ကျွန်တော်ရသည်။

"မင်းဆီကို ငါပေးခဲ့တဲ့ ရွှေမုဋ္ဌောပန်းချီကားဟာ အနုပညာ၊ နည်းပညာအနေနဲ့တော့ ကားကောင်းတစ်ခု ဖြစ်ချင်မှ ဖြစ်မယ်။ ဖန်တီး ပစ္စည်းကောင်းကောင်းမရှိတော့ ဖြစ်တဲ့ရှိတဲ့ ပစ္စည်းနဲ့ ဖြစ်အောင် ဆွဲပေး လိုက်တာ ဆိုပါတော့ကွာ။ ဒါပေမဲ့ ဒီပုံဟာ တို့ရဲ့ သီးသန့် ခံစားချက်မှု တော့ အရေးကြီးနေတယ်။

ဒီပုံဖြစ်ပေါ်တဲ့ အကြောင်းရင်းကတော့ မင်းရေးတဲ့ "တံတားအောက် ရေတွေ စီးကြပြီ"ဆိုတဲ့ ဝတ္ထုကလေးက အခြေခံတယ်ပေါ့ကွာ။ အဲဒီ အထဲ မှာပါတဲ့ ရွှေချောင်းတံတားတို့၊ ဗုဒ္ဓဘာသာအဲထက်တန်းကျောင်းတို့ ဆိုတာ တွေကို ငါ ပြန်သတိရလာတယ်။ လွမ်းလာတယ်ပေါ့ကွာ။ ရွှေချောင်းတံတား ဟိုဘက်မှာတော့ တို့သွားနေကျ ရွှေမုဋ္ဌောဘုရားပေါ့။ အဲဒီမှာ ငါတို့ရဲ့ အနုပညာ သန္ဓေတည်ရာလို့ ဆိုနိုင်ပါတယ်။ တို့တစ်တွေ ခုခေတ်ပြော ကျောင်းချိန်ကိုလစ်တာမဟုတ်ဘဲနဲ့ ကျောင်းကိုစောသွားပြီး စက်ဘီးကိုယ်စီ နဲ့ ရွှေမုဋ္ဌောသွား၊ အဲဒီမှာ ဝတ္ထုရေးချင်စိတ်၊ ပန်းချီဆွဲချင်စိတ်တွေ ပေါ်လာပြီး စိတ်ကူးယဉ်ခဲ့ကြတာလို့ ဆိုနိုင်တယ်။

တို့အဲဒီတုန်းက ရောက်ခဲ့တဲ့ ရွှေမုဋ္ဌောဟာ ခု ရွှေမုဋ္ဌောတော့ မဟုတ် တော့ဘူးပေါ့။ တို့သိခဲ့တဲ့ တန်ဆောင်းနေရာကိုဖျက်ပြီး တန်ဆောင်းအသစ် ကြီး ဆောက်ပြီးနေပြီ။ ငါလည်း အဲဒီကို သွားကြည့်တယ်။ တို့ငယ်ငယ်က ထိုင်ခဲ့တဲ့ တောင်ဘက်က ဇရပ်ကလေးတွေကတော့ မရှိတော့ဘူးကွ ရေတိုက်စားရာ ပါသွားပြီ။ ဒါပေမဲ့ အရှေ့ဘက်က ရှုခင်းကတော့ မပြောင်း သေးဘူးကွ။ အရင်အတိုင်းပဲ ရှိနေသေးတယ်။ တို့ငယ်ငယ်က ဘဝကို သတိရတယ်ကွာ။ ဒါနဲ့ အဲဒီကို နောက်တစ်ခေါက်သွားပြီး ခဲနဲ့ ပုံကြမ်း ခြစ်။ အိမ်ရောက်တော့ ရေဆေးနဲ့ အရောင်သွင်းတယ်။ အဲဒီကား သင့်ပါတယ်။ မဆိုးပါဘူး။ ဒါပေမဲ့ ဆွဲတဲ့စက္ကူက ပန်းချီဆွဲစက္ကူမဟုတ်ဘူး ကျောင်းသားတွေကိုင်တဲ့ မြေပုံဆွဲစက္ကူ ဖြစ်နေတော့ သိမ်းထားရင် ရောင် ခွေကျသွားတာတို့၊ တွန့်ခေါက်သွားတာတို့ ဖြစ်နေတယ်။ ဒါနဲ့ တစ်မျိုး ကြံရတယ်။ ငါကလည်း ဒီပုံကို မင်းဆီပို့ပေးဖို့ ဆန္ဒပြင်းနေတယ်။ ဓာတ်





လည်း မကောင်း၊ ဆေးကလည်း ဝင်ဆာနယူတန်တို့ ဘာတို့မဟုတ်တော့ သိပ်ကြာကြာမခံဘူးပေါ့ကွာ။

ဒီတုန်းမှာ အကြောင်းတစ်ခု ဆိုက်လာတယ်ကွ။ ဘုန်းကြီးတစ်ပါးက ပုံတူဆွဲပေးဖို့ ငါ့ကို လာပြောတယ်။ သူက ငါ့ကို ဂျပန်ဆီဆေးတစ်ကပ် ပေးတယ်။ အဲဒီ ပုံတူဆွဲပြီးတော့ ငါ့မှာ ဆီဆေးတော်တော်များများ ကျန် နေသေးတယ်။ ဒါပေမဲ့ အဖြူရောင်က မရှိပြန်ဘူး။ ပန်းချီဆွဲတဲ့ ကင်းဗတ် ဆိုတာကတော့ ဝေးရော့ပေါ့ကွာ။ အဲဒီတုန်းမှာ လူတစ်ယောက်က ပုံတူ ဆွဲအပ်ပြန်တော့ ပိတ်သားကို သင်္ဘောဆေးအဖြူသုတ်ပြီး ဆွဲပေးလိုက်တယ်။ အဲဒီ သင်္ဘောဆေးအဖြူသုတ်ထားတဲ့ ပိတ်ကားပေါ်မှာ သူ့ပုံတူ ဆွဲပေးလိုက် တယ်။ ဆွဲရပုံက သိပ်တော့ မနိုပ်ဘူးပေါ့။ ဒါကြောင့် တစ်ဆက်တည်း ဆွဲချင်နေတဲ့ ရွှေမုဋ္ဌောရှုခင်းပုံကို ဆွဲပေးလိုက်တယ်။ အဖြူရောင်အတွက် တော့ လူတစ်ယောက်ဆီက ဆေးတောင့်တစ်တောင့်ရတာနဲ့ အတော်ဖြစ် သွားတယ်။ ဒါပေမဲ့ ခက်တာက ဆေးတောင်က ခဲနေတယ်ကွ။ အဲဒီ ခဲနေတဲ့ဆေးကို ပျော်အောင် ကြံဖန်လုပ်ပြီး ဆွဲပေးလိုက်တယ်။ မူရင်းဆွဲ ထားတဲ့ ရေဆေးကားကိုတော့ မမီဘူး။ ဒါပေမဲ့ ကိစ္စမရှိဘူးလေ။ မင်းနဲ့ တို့ရဲ့ သီးသန့်ခံစားချက်ကို မင်းသိအောင် ဆွဲပေးလိုက်နိုင်တယ်ဆိုရင် တော်ပြီပေါ့။

အင်း ... စဉ်းစားရင်တော့ အနုပညာသန္ဓေ တို့မှာရှိတယ်။ ကိုယ် ရောက်ချင်တဲ့နေရာကို ရောက်အောင်လည်း ကြိုးစားခဲ့ကြတယ်။ ဒါပေမဲ့ ငါ့အနေခြင်းကတော့ ကွာလွန်းနေတယ်။ မင်းက မြန်မာပြည် မြို့တော်မှာ ကြီး စာတွေကို ရေးနေတဲ့အချိန်မှာ ငါက တောမှာနေပြီး အဆင့်နိမ့်လှတဲ့ ကြော်ငြာပန်းချီ လုပ်စားနေရတယ်။ ပြောင်မြောက်တဲ့ ပန်းချီပညာနဲ့ တိုင်း ပြည်အကျိုးကို မဆောင်နိုင်သေးဘူး။ တောမှာသာကျော်တဲ့ တောကျော်ဖြစ် တယ်။ တောကျော်ကွ။ တောပန်းချီမဟုတ်ဘူး။ တောပန်းချီက အဆင့် ရှိတယ်ကွ။ ငါပြောခဲ့တဲ့အတိုင်း ကျေးလက်အနုပညာက ကျေးလက်လူထု အကျိုးကို ဆောင်တယ်ကွ။ ကျေးလက် ပန်းချီ၊ စပ်ပန်းချီ၊ မဏ္ဍပ်ပန်းချီဆိုတာ ပေါ့။ အဲဒီကျေးလက်ပန်းချီမှာလည်း ရန်ခုန်မှ ဆွဲလို့ရတာကွ။ ငယ်



www.burmeseclassic.com

www.burmeseclassic.com



အနုပညာ၊ ဘယ်ပန်းချီဖြစ်ဖြစ် ရင်မခုန်ဘဲဆွဲလို့ မရဘူး။ ခု ငါရေးနေ
ကြော်ငြာဆိုင်းဘုတ်တွေကတော့ ရင်ခုန်စရာ မလိုဘူးဟေ့။ အနုပညာစ
ဝင်စရာလည်း မလိုဘူး။ ဆိုင်းဘုတ်အပ်တဲ့လူလာရင် ကောက်ရေး
လိုက်တာပဲ။ ထမင်းအိုးမှန်မှန်တည်နိုင်အောင်တော့ ဆိုင်းဘုတ်ပဲ ရေး
ရတာပဲ။ တစ်ခါတလေမှာ ရင်ခုန်လာရင်တော့ ပန်းချီကားကောင်းကော
ကလေးတွေ ရေးနိုင်လိမ့်မယ် ထင်ပါရဲ့။ ငါ့ဆီကို စာပြန်ဖို့ မလိုဘူး
ဒါပဲ"

ကျွန်တော်သည် သူပို့လိုက်သည့် ရွှေမုဋ္ဌောပန်းချီကားကို လှမ်းကြ
လိုက်မိသည်။

စိမ်းညို့နေသော ထနောင်းတောအုပ်နောက်ခံတွင် ရွှေမုဋ္ဌော
သည် ရွှေရောင်ဖြင့် ဝင်းနေလေသည်။

(ကလျာမဂ္ဂဇင်း၊ မတ်၊ ၁၉

* * *

# လှဲ့ဝင်းကို အယူခက်တယ်

www.burmeseclassic.com

www.burmeseclassic.com

# လွဲဝင်းကို အယူခက်တယ်

ညှိနှိုင်းပွဲမှာဖြစ်စေ၊ လူမှုရေးစုဝေးပွဲများမှာဖြစ်စေ သူနှင့်ကျွန်တော် မကြာခဏ ဆုံတတ်သည်။ အခါတိုင်း မာကြောင်းသာကြောင်း၊ စာပေ သောက်ရေးအကြောင်း၊ နေရေးထိုင်ရေးအကြောင်းကို တစ်ခွန်းစ နှစ်ခွန်း တော့ ပြောမိတတ်ကြသည်။ တစ်ခါတစ်ရံတွင်လည်း ရှေးဟောင်းနှောင်းဖြစ် တွေ၊ ငယ်ငယ်ကအကြောင်းတွေ၊ နှစ်ဦးစလုံးသိသော မိတ်ဆွေသူငယ်ချင်း အကြောင်းတွေကို ပြောမိကြသည်။ အလုပ်အကိုင်အကြောင်း ပြောကြသည့် အခါလည်းရှိသည်။ တစ်ခါတစ်ရံတွင် ကျွန်တော်နှင့် သူသည် တစ်နာရီ နှစ်နာရီကြာအောင်ထိုင်ပြီး စကားလက်ဆုံကျတတ်သည်။ သူက ကျွန်တော် အလုပ်အကိုင်၊ ကိုယ်ရေးကိုယ်တာ၊ သားသမီးတို့၏ ပညာရေးအကြောင်း စသည်တို့ကို မေးတတ်သည်။

သို့ရာတွင် သူ့ကိုယ်ရေးကိုယ်တာကိုမူ တစ်ခါမှ မပြောစဖူး။ ကျွန်တော် ကလည်း တစ်ခါမျှ မမေးစဖူး။

ကျွန်တော်တို့ ငယ်ငယ် ကျောင်းသားဘဝတုန်းက သူသည် ကျောင်းမှာ





"စတား"ဖြစ်သည်။ အဖေက အရာရှိကြီးတစ်ယောက်ဖြစ်ပြီး ဆွေမျိုးတွေ ကလည်း အရာရှိကြီးတွေ၊ ကုန်သည်ကြီးတွေ ဖြစ်ကြသည်။ ကျောင်းမှာ တုန်းက သူ့ကို ပိုးပန်းသူတွေ တစ်ပုံတစ်ပင်။ ကိုယ့်ကျောင်းက ကျောင်း သားတင်မက တခြားကျောင်းက ကျောင်းသားကပါ သူ့ကိုလာ၍ ပိုးပန်းကြ သည်။ သူ့ကို လာပိုးသဖြင့် ကျွန်တော်တို့ကျောင်းက ကျောင်းသားတွေ မခံမရပ်နိုင်ဖြစ်ကာ ကျောင်းသားချင်းရန်ပွဲတွေတောင် ဖြစ်လိုက်သေးသည်။ ကျောင်းပေါင်းစုံဘောလုံးပွဲတို့၊ အားကစားပွဲတို့ ကျင်းပ၍ သူလာအားပေး လျှင် ကျွန်တော်တို့ကျောင်းကကောင်တွေ အသေအလဲ ကစားကြသည်။ တခြားကျောင်းက ကောင်တွေလည်း ထို့အတူပင်။ သူ့ရှေ့မှာ လူစွမ်း လူစပြချင်သူချည်း။ သူ့ရှေ့မှာ ဟီးရိုးဖြစ်ချင်သူချည်း။ သူ့ရှေ့တွင် ဩဘာ သံကို ရချင်သူချည်း။

နားချိန်ပေး၍ သူသံပရာသီး လာပေးသည့်အခါတွင် ထိုသံပရာသီးကို စားရက်ဘဲ "သူ့လက်ကလေးနဲ့ ထိထားတဲ့ သံပရာသီးကွ။ မစားဘူးကွ၊ မောတိုင်း အဲဒီ သံပရာသီးကလေးကို နမ်းနမ်းနေမယ်"ဟု ပြောကာ နေခဲ့ကြသည်။ သူ့အမည်က ဝင်းလွဲနွယ်ဟု ခေါ်သော်လည်း ကျွန်တော်တို့ က ဝင်းလွဲဟု ခေါ်ကြသည်။

သူ့ကို ဝိုင်းဝန်းပိုးပန်းကြသည့်အထဲတွင် ကျွန်တော်တို့အထဲက ကိုကို အောင် ဖြစ်သည်။

ကိုကိုအောင်သည်လည်း မိန်းကလေးတွေ သဘောကျလောက်သည့် ယောက်ျားမျိုး ဖြစ်သည်။ အသားလတ်လတ်၊ အရပ်က ငါးပေရှစ်လက်မ၊ အားကစားသမား၊ ကျောင်းမှာ စာတော်သည်။ အားကစားထူးချွန်သည်။ ရုပ်က ယောက်ျားပီသသည်။ သို့ရာတွင် သူ့မိဘများကတော့ ဆင်းရဲကြ သည်။ ကိုကိုအောင်၏ အဖေမှာ ဈေးနားတွင် နာရီပြင်ဆိုင်ကလေးတစ်ဆိုင် ဖွင့်ထားသည်။ နာရီပြင်ဆရာဖြစ်သည်။ နာရီပြင်ဆိုင်ဆိုသော်လည်း ကြီးကြီး ကျယ်ကျယ် မဟုတ်ပါ။ သူများဆိုင်ခန်းရှေ့က နေရာကလေးကို တစ်ဆင့် ငှားကာ ထိုနေရာကလေးတွင် နာရီပြင်သည့် မှန်ဗီရိုကလေးတစ်လုံးနှင့် ထိုင်ခုံကလေးတစ်လုံးသာရှိသည့် နာရီပြင်ဆိုင် ဖြစ်သည်။ သူ့အဖေ ရှင်ကျပ်



www.burmeseclassic.com

www.burmeseclassic.com



ပန်းနာစွဲသည့်အခါ နာရီဆိုင်ကလေးကိုပင် ကောင်းကောင်းမဖွင့်နိုင်။ သူ့အမေက ဈေးကြီးထဲတွင် ထန်းသီးမုန့်၊ ရွှေချီမုန့် စသည့် သရေစာမုန့်ကလေးများ ရောင်း၍ သူတို့မိသားစုကို ရှာဖွေကျွေးမွေးခဲ့ရသည်။

ကိုကိုအောင်မှာ စတုတ္ထတန်းမှစ၍ တစ်လျှောက်လုံး စကောလားရှစ်ရသဖြင့် ပညာကို ဆက်လက်သင်နိုင်ခဲ့ခြင်း ဖြစ်သည်။

နောက်တော့ ကိုကိုအောင်ရော လဲ့လဲ့ပါ ဆယ်တန်းအောင်ကြပြီး နှစ်ယောက်စလုံး တက္ကသိုလ်သို့သွားကြသည်။ ကိုကိုအောင်က ဆေးပညာဘက်သို့လိုက်ပြီး လဲ့လဲ့ကတော့ ရိုးရိုးဝိဇ္ဇာဘွဲ့ကို ယူသည်။

အထက်တန်းကျောင်းမှာကတည်းက ချစ်ခဲ့ကြသော ချစ်သူနှစ်ဦးသည် တက္ကသိုလ်မှာရောက်တော့လည်း ကံကောင်းသူများ ဖြစ်လာကြသည်။ သူတို့နှစ်ယောက်ကို ဆူးလေဘုရားလမ်းက ဘိုင်စကုပ်ရုံများမှာ တွေ့ရတတ်သည်။ အင်းလျားကန်ပေါင်မှာ တွေ့ရတတ်သည်။ ထိုစဉ်က ခေတ်စားသော "ရိုစ်မာရီ"လက်ဖက်ရည်ဆိုင်မှာ တွေ့ရတတ်သည်။ သင်တန်းကျောင်းဆောင် (သီရိ)ရှေ့က ရေတမာပင်အုပ်အုပ်ကလေးနားတစ်ပိုက်မှာ တွေ့ရတတ်သည်။ အင်းလျားဆောင်ရှေ့နားက ကံ့ကော်ပင်တန်းတွေအောက်မှာ တွေ့ရတတ်သည်။ သထုံလမ်းတစ်လျှောက်က ပိတောက်ပင်တန်းတွေကြားထဲမှာ တွေ့ရတတ်သည်။ ကျောင်းဆောင် နှစ်ပတ်လည်ညစာစားပွဲများမှာ တွေ့ရတတ်သည်။ တက္ကသိုလ် ဘုတ်ကလပ်နားမှာ တွေ့ရတတ်သည်။ ကိုကိုအောင်က ဘုတ်ကလပ်အသင်းဝင်တွေဝတ်သည့် ဖိနပ်အဖြူ၊ ဘောင်းဘီရှည်အဖြူ၊ စပို့ရှပ်အဖြူပေါ်တွင် ကုတ်အင်္ကျီအစိမ်းကိုဝတ်လျက် လဲ့လဲ့က သူ့လက်မောင်းကို မှီတွဲကာ ပြုံး၍မော်ကြည့်လျက်။

ဪ … လုလိုက်သည့်မြင်ကွင်း။ ပြုံးပျော်နေသည့် ချစ်သူနှစ်ဦး။

ကိုကိုအောင် ဆေးကျောင်းဒုတိယနှစ်၊ လဲ့လဲ့နောက်ဆုံးနှစ်တွင် သူတို့နှစ်ယောက် ရုံးတက်လက်ထပ်လိုက်ကြသည်။ ဘာမျှ ဇာမချဲ့နိုင်။ တရားသူကြီးရှေ့မှောက်သို့သွားကာ တစ်ဆယ်တန် တံဆိပ်ခေါင်းပေါ်တွင် လက်မှတ်ထိုးကြသည်။ ကျွန်တော်နှင့် သူငယ်ချင်းတစ်ယောက်တို့က သက်သေလက်မှတ်ထိုးပြီးတော့ သူတို့နှစ်ယောက်က မြို့လယ်ရှိ ပျော်ပွဲစားရုံတစ်





ခုတွင် မင်္ဂလာထမင်းကျွေးသည်။ ကျွန်တော်တို့ လေးယောက်တည်းသာ။ ကျွန်တော်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ထမင်းခွံ့ကျွေးတာ ကြည့်ချင်သည်ဆို၍ သူတို့နှစ်ယောက် ကျွန်တော်တို့ရှေ့မှာ အပြန်အလှန် ထမင်းခွံ့ကျွေးပြကြရသေးသည်။

လဲ့လဲ့ကို သူ့အိမ်က အမွေပြတ်ကြေညာသည်။ ကျောင်းမပြီးသေးခင် လက်ထပ်သည့်အတွက်ကြောင့် တစ်ကြောင်း၊ လူကြီးမိဘကို မတိုင်ပင်ဘဲ သူ့အချစ်ကို သူ့ဘာသာ ရွေးသည့်အတွက်ကြောင့်တစ်ကြောင်း၊ နောက်ဆုံးနှင့် အရေးကြီးဆုံးအကြောင်းမှာ အဆင့်အတန်းမတူဟု ယူဆသည့် အတွက်ကြောင့်လည်းကောင်း မိဘတွေက လဲ့လဲ့ကို အမွေဖြတ်လိုက်သည်။ ထိုစဉ်က သတင်းစာတွေထဲမှာ ဟိုးလေးတကျော် ပါခဲ့သည်။

သူတို့နှစ်ယောက်ကတော့ အပြုံးမပျက်။ အပျော်မပျက်။

"အချစ်ဟာ အရာရာကို ကျော်လွှားနိုင်ပါတယ်ကွ။ ချစ်ခြင်းသည် သေခြင်းထက် ခွန်အားကြီးသည်လို့တောင် ဆိုတယ် မဟုတ်လား"ဟု သူကြားခဏ ပြောတတ်သည်။

သူတို့နှစ်ယောက်သည် စံရိပ်ငြိမ်နားက အခန်းကလေးတစ်ခန်းကို ငှားနေကြသည်။ လဲ့လဲ့က ကျောင်းထွက်ပြီး ရုံးတစ်ရုံးတွင် စာရေးမ ဝင်လုပ်သည်။ ကိုကိုအောင်က ဆေးကျောင်းကို ဆက်တက်သည်။ အချိန်တန်လာသည့်အခါတွင် လဲ့လဲ့က အပြင်မှဖြေပြီး ဝိဇ္ဇာဘွဲ့ရသည်။ ကိုကိုအောင်က ဆေးတက္ကသိုလ်မှ ဘွဲ့ရသည်။ သမီးကလေးတစ်ယောက်နှင့် သားကလေး တစ်ယောက်ရသည်။

ကိုကိုအောင် ဆေးကျောင်းတက်နေစဉ်တစ်လျှောက်လုံး လဲ့လဲ့က သူ့ကို ကျောင်းစရိတ် ထောက်ပံ့သည်။ လဲ့လဲ့ကပင် ရှာဖွေကျွေးရသည်။ ဝိဇ္ဇာဘွဲ့ရသည့်အခါတွင် လဲ့လဲ့က ပညာရေးဘက်သို့ကူးပြီး ဒီပလိုမာကို ယူသည်။ ကိုကိုအောင်က ဆရာဝန်ပေါက်စကလေး ဖြစ်လာသည်။

သည့်နောက်တော့ ကျွန်တော်တို့နှင့် သူတို့ အဆက်ပြတ်သွားကြသည်။ ကိုကိုအောင်က ဆရာဝန်အဖြစ် နယ်အနှံ့ ပြောင်းရွှေ့နေရသည်ဟု ကြားရသည်။ ထို့နောက် နိုင်ငံခြားသို့ ဆေးဘွဲ့တစ်ဘွဲ့ထပ်ယူရန် ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဟု ကြားလိုက်သည်။

ထိုနောက်တော့ မမျှော်လင့်သည့် သတင်းတစ်ခုကို ကျွန်တော် ကြား လိုက်ရသည်။ သူတို့လင်မယား ကွဲသွားပြီဆိုသည့် သတင်းဖြစ်သည်။

ယခုဆိုလျှင် အနှစ်နှစ်ဆယ်၊ အစိတ်ရှိသွားလေပြီ။

ထိုအနှစ်နှစ်ဆယ် အစိတ်အတွင်းတွင် လဲ့လဲ့နှင့် ကျွန်တော် တစ်နှ ကို လေးငါးခါလောက်တော့ တွေ့ဖြစ်ကြသည်။ သူ့သမီးကြီးက ဆရာဝန် ဖြစ်ပြီး သားငယ်က အင်ဂျင်နီယာဖြစ်နေပြီ။ လဲ့လဲ့လည်း အလုပ်မှ ပင်စင် ယူနေပြီ။

တစ်လောကမှ ဆွမ်းကျွေးတစ်ခုတွင် လဲ့လဲ့နှင့် သွားဆုံဖြစ်သည်။ အိမ်ရှင်ကလည်း ရင်းနှီးသူများဖြစ်၍ ကျွန်တော်တို့ကို လူရှင်းသည်အထိ အနေနိုင်းသဖြင့် ကျွန်တော်တို့နှစ်ယောက် စကားပြောဖြစ်ကြသည်။

လဲ့လဲ့သည် မြေးတွေရသည့်တိုင် ချောနေတုန်း ဖြစ်ပါသည်။ ငါး စလောက် ဝလာသည်မှအပ ရုပ်မကျသေး။ ဆံပင်မဖြူသေး။ မျက်စိတော နည်းနည်းမှုန်သဖြင့် မျက်မှန်တပ်ထားသည်။ အဝါရင့်ရင့်ပေါ်တွင် အညို ရောင်၊ အစိမ်းရောင်၊ ပန်းနုရောင် ပန်းခက်ပန်းနွယ်လေးတွေ ယှက်ထား သည့် အင်ဒိုနီးရှားပါတိတ် ဝမ်းဆက်ကို ဝတ်ထားပြီး သားရေအိတ်တစ်လုံး ကို လွယ်ထားသည်။

မာကြောင်း သာကြောင်းကို မေးမြန်းပြီးနောက် လဲ့လဲ့က …

"ရှင့်သူငယ်ချင်း သတင်းကို ကြားပြီးပြီလား"ဟု လဲ့လဲ့က မေးသည်။

ဘယ်သူ့ကိုမေးမှန်း မသိသဖြင့် ကျွန်တော် ဇဝေဇဝါ ဖြစ်နေသည်။

"ရှင့်သူငယ်ချင်း ဆရာဝန်ကြီးလေ"

သည်တော့မှ ကိုကိုအောင်ကိုပြောမှန်း ကျွန်တော် ရိပ်မိသည်။ သူ့ အကြောင်းကို တစ်ခါမှ မပြောဖူးသဖြင့် ကျွန်တော် အံ့အားသင့်နေသည်။

"ဟင့်အင်း။ ကျွန်တော် ဘာမှ မကြားသေးဘူး"

"ဆုံးသွားပြီလေ။ အရင်လက ဆုံးတာ"

သူ့အသံထဲတွင် မည်သည့်ခံစားချက်မျှမပါ ဝမ်းနည်းသံလည်း မပါ၊ နာကြည်းသံလည်းမရှိ၊ ဥပေက္ခာဆောင်သည့် အသံဟုပင် ဆိုရတော့မည်





ဆင်သည်။

"ဩော် … ဟုတ်လား"

ကျွန်တော်က တစ်ခွန်းသာ ပြောနိုင်သည်။ ဝမ်းနည်းကြောင်း ပြောရ မည်လား၊ အပြစ်ဆိုသည့်စကား ပြောရမည်လားဟု ကျွန်တော် မဝေခွဲနိုင်။

"ဘယ်မှာ ဆုံးတာလဲ"

"ဩစတြေးလျမှာ မြို့ကလေးတစ်မြို့က ဆေးတက္ကသိုလ်တစ်ခုမှာ ပါမောက္ခလုပ်နေတယ်တဲ့။ ကင်ဆာနဲ့ ဆုံးသွားတာတဲ့။ ကျွန်မ သူ့ကို စိတ်နာပေမယ့် အမျှတော့ ဝေပါတယ်။ အတိတ်တွေ အနာဂတ်တွေ မထား တော့ပါဘူး။ သတ္တဝါဆိုတာ သူ့ကံအကြောင်းတရားနဲ့သူ ဖြစ်လာကြရတာပဲ မဟုတ်လား။ မသေချင်ပေမယ့် သေကြရ၊ မကွဲချင်ပေမယ့် ကွဲကြရ၊ မမုန်း ချင်ပေမယ့် မုန်းကြရတာပဲ မဟုတ်လား။ ကံအကြောင်းတရားလို့လည်း အောက်မေ့ပါတယ်"

ထိုစကားများကိုပြောနေစဉ် သူ့မျက်နှာသည် ပကတိငြိမ်သက်နေသည် ကို ကျွန်တော် သတိပြုမိသည်။

"ဟိုတုန်းကတော့လည်း တစ်ယောက်နဲ့တစ်ယောက် အသက်ပေး လောက်ချစ်ခဲ့ကြတာပဲ။ အေးလေ။ ချစ်ခဲ့ကြတယ်လို့ ထင်ခဲ့မိတာပဲ။ ဒါပေမဲ့ နောက်ကျတော့လည်း နာစရာအကြောင်းတွေက သူ့အလိုလို ပေါ်လာတာပါပဲ။ ကျွန်မ ဘယ်သူ့ကိုမှ အပြစ်မပုံချင်ပါဘူး။ တစ်ခုတော့ ရှိတယ်ပေါ့လေ။ သူ့ကိုချစ်လို့ ကျွန်မ ဆွေမျိုးသားချင်းကို စွန့်ခဲ့တယ်။ မိဘရဲ့ အမွေ စွန့်ခဲ့ရတယ်။ သူ ဆေးကျောင်းတက်နိုင်အောင် တစ်လျှောက်လုံး ကျွန်မ အလုပ်လုပ်ပြီး ထောက်ခဲ့တယ်။ ဒီလိုပြောတော့ တစ်ဖက်သားကို စိတ်နာ လို့ ပြောတယ်လို့ ထင်ကောင်းထင်လိမ့်မယ်။ ဒါတွေ ရှင်သိပါတယ်လေ။ ပုဇွန်တောင် အခန်းကျဉ်းကျဉ်းကလေးကို တစ်လ ဆယ့်ငါးကျပ်နဲ့ငှား။ ကုတင်မရှိတဲ့ လခလေးနဲ့ လင်မယားနှစ်ယောက် အတူတော်ခဲ့ကြတယ်။ ဟုတ် တယ်။ အတူ ငတ်ခဲ့ကြတယ်။ တစ်ခါတလေမှာ ဟင်းချက်စရာတောင် မတတ်နိုင်လို့ ပဲပြုတ်ကလေး ထမင်းကြော်ကလေးနဲ့ ပြီးလိုက်ရတဲ့ နေ့တွေ လည်း အများကြီး။ ဗယာကြော်ကလေးနဲ့၊ ကြက်သွန်ကလေးကို ကိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထမင်းစားရတဲ့ ရက်တွေလည်း အများကြီး။ နောက် သားလေး သမီးလေးတွေ မွေးလာပြီး သူဆရာဝန်ဖြစ်လာတော့ နည်းနည်း ဟန် သွားတာပေါ့လေ။ ဒါပေမဲ့ သူက ဟိုနယ်ပြောင်း၊ ဒီနယ်ပြောင်း။ ကျွန် ကလည်း အလုပ်တစ်ဖက်နဲ့ဆိုတော့ သူပြောင်းတိုင်း လိုက်မပြောင်းနိုင် လင်ရယ်မယားရယ်လို့ ဖြစ်လာပေမယ့် ကျွန်မတို့နှစ်ယောက် အတူနေလို ကြရတဲ့ရက်ဆိုလို့ ဘယ်လောက်ရှိလို့လဲ။ အလွန်ရှိလှရင် လေးငါးနှစ် ဒါတောင် တစ်ဆက်တည်း လေးငါးနှစ် နေရတာမျိုး မဟုတ်ဘူး။ ခြော လလောက်နေပြီး ပြောင်းသွားရ၊ တစ်နှစ်လောက်နေပြီး ပြောင်းသွား ဒီကြားထဲက ကျွန်မက သူ့နောက်ကို လိုက်ပြောင်းသွားရတဲ့အခါမျိုး တစ် နှစ်ခါ ရှိရဲ့။ စုစုပေါင်းလိုက်ရတဲ့အချိန်ဟာ ငါးနှစ်လောက်ပဲ ရှိမယ်။ နော တော့ သူ ဘိလပ်ကို ထွက်သွားတယ်။ ဘိလပ်ရောက်တော့ ရှင့်သူငယ်ချင်း နောက်မိန်းမတစ်ယောက် ယူတယ်လေ။ နိုင်ငံခြားသူ၊ ဩစတြေးလီယ တဲ့။ အစတော့ ကျွန်မ မသိပါဘူး ... ။

နောက်တော့ သတင်းတွေကြားလာရတာပါပဲ။ အဆက်အသွယ် ဒီလောက်ကောင်းနေတဲ့ ဒီခေတ်ကြီးမှာ ဘာဖုံးလို့ရမှာလဲရှင်။ နောက် အစိုးရက သူ့ကို ပညာတော်သင်စည်းကမ်း ဖောက်ဖျက်တယ်ဆိုပြီး ပြန် တယ်။ ဒီတော့ သူ ပြန်မလာဘူး။ ကျွန်မက ကျွန်မတို့ လိုက်လာမယ် တော့လည်း သဘောမတူဘူး။ အနေအထိုင် ဆင်းရဲတယ်။ စရိတ်ကြီး ဆိုတဲ့ အကြောင်းပြချက်နဲ့ ကျွန်မကို မလာအောင်လုပ်တယ်။ ကျွန်မ ကလည်း သူတို့အမျိုးဟာ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး လက်ညှိုး လာကြတယ်။ ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ ကျွန်မ ခေါင်းငုံ့ခံပါတယ်။ သူ ကျွန်မကို ဖြတ်စာရေးတယ်။ ကျွန်မဘက်ကသိတော့ ဆွေမျိုးဂုဏ်သိက္ခာ ထိခိုက်လှတယ်။ သူတောင်ပြတ်ရင် ကိုယ်က ဘာဖြစ်လို့ မပြတ်နိုင်ရ လို့ ပြောလာကြတယ်။ ဟုတ်တော့လည်း ဟုတ်တယ်လေ။ ကျွန်မတို့ သူက ဖောက်တာ။ ကျွန်မဘက်က ဘာမှ ပျက်ကွက်တယ်မရှိဘူး။ နောက် နှစ်ဦးသဘောတူ လမ်းခွဲလိုက်တယ်ပဲ ဆိုကြပါစို့။ သူက ဘုရားပြီး ဖျက်တာကိုး။ သူ ဆင်းဆင်းရဲရဲဘဝတုန်းက ကျွန်မ သူ့ကို ကူညီခဲ့တာ





င်းဆင်းရဲရဲဘဝမှာ ဒိုးတူပေါင်ဖက် လုပ်ခဲ့တာတွေကို မထောက်ဘူးလေ။ လည်း ကြီးပွားသွားရော ကျွန်မကို စွန့်ပစ်လိုက်တာပဲ မဟုတ်လား။ တော့ ကျွန်မက ဘာလွမ်းနေရဦးမှာလဲ။ ဘာဖြစ်လို့ သံယောဇဉ်အမျှင် န်းနေရဦးမှာလဲ။ ကလေးတွေကို ကျွန်မ သဘောပေါက်အောင် ပြောပြ ယ်။ သူတို့ကို လူလားမြောက်အောင် ကျွန်မ ပညာသင်ပေးတယ်။ သူက လမ်းကိုသူ လမ်းခွဲပြီးလျှောက်သွားရင် ကျွန်မကကော ကိုယ့်လမ်းကိုကိုယ် ဘာဖြစ်လို့ မလျှောက်နိုင်ရမှာလဲ။ ဘဝနဲ့ရင်းလိုက်ရတဲ့အတွက် ကြီးမားတဲ့ င်ခန်းစာကြီးတစ်ခုတော့ ရလိုက်တယ်ပေါ့လေ။ အဲဒါကတော့ ဘယ်လို ပြောရမလဲ”

လဲ့လဲ့သည် စကားကိုဖြတ်ပြီး စဉ်းစားနေသည်။ စကားလုံးကို ရွေး ခြင်းလား။ ပြောသင့် မပြောသင့်အကြောင်းအရာကို ချိန်ဆနေခြင်းလား တော့ ကျွန်တော်မပြောနိုင်။

“အထူးသဖြင့် ရှင်က စာရေးဆရာမို့လို့ ကျွန်မပြောချင်တာပါ။ သည်းတွေ ဟက်တက်ကွဲအောင်ချစ်၊ တဲအိုပျက်မှာနေခဲ့ပြီး ခယောင်း တာကို ဖြတ်လျှောက်ခဲ့ကြတယ်ဆိုတဲ့ လင်မယားတွေဟာလည်း ကွဲချင် သွားကြတာပါပဲ။ မချစ်ဘဲနဲ့ မိဘလူကြီး ပေးစားလို့ညားသွားတဲ့ လင် ားတွေဟာလည်း နောက်တော့ ချစ်သွားကြပြီး သေတစ်ပန် သက်ဆုံး ါင်းဖော်သွားကြတာပါပဲ။ ဒီတော့ ကျွန်မပြောချင်တာက ချစ်လို့ ညားခဲ့ ပေမယ့် ကွဲချင် ကွဲသွားကြပြီး မချစ်ဘဲ ညားခဲ့ကြပေမယ့် ကြင်ကြင်နာနာ သေတစ်ပန်သက်ဆုံး ပေါင်းသွားတာတွေလည်း အများကြီးပါပဲ။ ကျွန်မ ဆင်တော့ အဲဒီလို အိမ်ထောင်မျိုးတွေက ပိုတောင် များလိမ့်ဦးမယ် င်တယ်။ ဒါကြောင့် အချစ်ဆိုတာကို ကျွန်မ သိပ်မယုံချင်တော့ဘူး။ မ်ထောင်ရေးမှာ မဲရစ်အော့လပ်ဗ်(ချစ်လို့အိမ်ထောင်ပြုတာ)နဲ့ မဲရစ် ော့ကွန်ဗီးနီးယင့်စ် (အဆင်ပြေလို့ အိမ်ထောင်ပြုတာ) ရယ်လို့ရှိတယ် ုတ်လား။ ကျွန်မကတော့ မဲရစ်အော့ဗ်ကွန်ဗီးနီးယင့်စ်ကိုပဲ ယုံတော့ ယ်။ ဒါကြောင့် ကျွန်မသားနဲ့သမီးကို ဆုံးမတယ်။ အိမ်ထောင်ပြုတယ်ဆိုရင် ်အော့ဗ်ကွန်ဗီးနီးယင့်စ်ကိုရွေးလို့ သူတို့ကို ပြောရတယ်။ ကျွန်မ အထူ



www.burmeseclassic.com

www.burmeseclassic.com



အဆဟာ ခါးသီးရာရောက်နေမလားတော့ မပြောတတ်ဘူး။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ ဒါ ကျွန်မ ဘဝက ပေးလိုက်တဲ့ အသီကိုး။ မဟုတ်ဘူးလား"

သူ့အမေးကို ကျွန်တော် မဖြေနိုင်ပါ။

(ကလျာမဂ္ဂဇင်း၊ မေ၊ ၁၉၉၁)

* * *

# ဆရာမနှင့် သူ၏တပည့်များ

www.burmeseclassic.com

www.burmeseclassic.com

# ဆရာမနှင့် သူ၏ တပည့်များ

မူဆယ်ဈေးသည် နှင်းမြူနှင့် တောင်နိုးတွေကြားမှာ သတ် လှုပ်ရှားနေသည်။ အဝေးမှကြည့်လျှင် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။ အ အုတ်ကျက်ကျက် အသံများကိုသာ ကြားနေရသည်။ ထိုအသံမျာ နှင်းမြူတွေကြားတွင် အိပ်ပျော်နေသော သတ္တဝါကြီးတစ်ကောင်၏ အ ရှူသံနှင့်တူသည်ဟု ထင်ရ၏။ အနီးသို့ ရောက်သည့်အခါတွင်မူ လူ အဝတ်အစားအမျိုးမျိုးကို ဝတ်ထားသည့် ဈေးရောင်း ဈေးဝယ်မျာ မြင်ရသည်။ အချို့က ဆိုင်တွေ၊ ကနားတွေပေါ်မှာဖြစ်ပြီး အချို့က ရော နေကြခြင်း ဖြစ်သည်။

ကျွန်တော်သည် မူဆယ်ဈေးထဲက စားသောက်ဆိုင်တစ်ဆိုင်တွင် တွေ့ခဲ့ခြင်း ဖြစ်၏။ သူ့အမည်က ဒေါ်အေးမြင့်။ အသားဖြူဖြူ၊ အ ပျပ်၊ အသက်ကတော့ လေးဆယ်လောက်တော့ ရှိမည်ထင်သည်။ သူ တောင်ပေါ်ဒေသမှ မဟုတ်။ မြန်မာပြည်အောက်ပိုင်း မြို့တစ်မြို့မှ ဖြစ် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီး တောင်ပေါ်ဒေသတွင် ကျောင်းဆရာ





နေသည်။ တောင်ပေါ်ဒေသသို့ ရောက်သည်မှာ ကြာလှလေပြီ။ သူ့ကို ကြည့်ရသည်မှာ မြန်မာနှင့်ပင် မတူတော့။ တောင်ပေါ်သူ အမျိုးသမီး တစ်ယောက်နှင့် တူနေသည်။

အသားက ဖြူရုံမက ပါးတွင် နှင်းဆီရောင် ပြေးနေသည်။ အဝတ် အစားက တရုတ်ပြည်ဖြစ် ဆွယ်တာအင်္ကျီလက်ရှည်၊ ရှမ်းထဘီနှင့် ခေါင်းတွင် ခမောက်ကို ဆောင်းထားကာ လည်တွင် မာဖလာတစ်ထည်ကို ပတ်ပြီး ပခုံးနှင့် ကျောပေါ်သို့ ချထားသည်။ ရုပ်ရော ပုံပန်းသဏ္ဌာန်ပါ ရှမ်း အမျိုးတစ်ယောက်နှင့် တူနေပြီး စကားပြောလျှင် အနည်းငယ် ဝဲနေသည် ဟုပင် ကျွန်တော် ထင်လိုက်မိသေးသည်။ တစ်ခါတစ်ရံတွင် ရှမ်းအမျိုးသမီး ဈေးသည်နှင့် ရှမ်းဘာသာစကားကို ပြောနေသေးသည်။ ထိုအခါမျိုးတွင်မူ ဒေါ်အေးမြင့်သည် တကယ့်ရှမ်းအမျိုးသမီးကြီးတစ်ယောက်နှင့် ခွဲမရတော့။

သူ့အတွေ့အကြုံကို ပြောပြသည်။

"ကျွန်မ ရှမ်းပြည်နယ်ရောက်တာ အနှစ်နှစ်ဆယ်လောက်ရှိပြီ ဆရာ။ ထမတော့ တောင်ပေါ်မှာသွားပြီး စာသင်ရတယ်။ တောင်ပေါ်ဆိုတာ ဒီကနေ တောင်လေးငါးလုံးလောက်ကျော်ပြီး သွားရတဲ့ ပလောင်ရွာကလေး။ တောင် တွေက မြင့်တာပေါ့ ဆရာရယ်။ ကျွန်မတို့နေတဲ့ရွာက ပေလေးထောင် ကျော်လောက်ရှိတဲ့ တောင်ပေါ်က ရွာကလေး၊ ရွာကလေးဆိုပေမယ့် အဲဒီ ဒေသမှာဆိုရင်တော့ ရွာကြီးလို့ ခေါ်နိုင်တာပေါ့လေ။

အိမ်ခြေနှစ်ရာလောက်ရှိတာကိုး။ အဲဒီတောင်ပေါ်ရွာမှာ ခြောက်နှစ် လောက် နေခဲ့ရတယ်။

ရောက်စတုန်းကတော့ သိပ်ပြီး စိတ်ဓာတ်ကျတာပေါ့ ဆရာရယ်။ ကျွန်မ က ချောင်းထဲ မြောင်းထဲမှာ မွေးလာတာ။ မြစ်ဝကျွန်းပေါ်သူ၊ တောင်ကိုမြင် င်လို့ မမြင်ရတဲ့နေရာ။ ဒီရောက်တော့ တောင်တွေပေါ်မှာချည်း နေရတာ။ မြေရော၊ ရာသီဥတုရော၊ အစားအသောက်ရော အစစအရာရာ မတူဘူး တ်လား။ ဥပမာ ကျွန်မတို့ဆီက ဆောင်းက မချမ်းဘူး။ ဒီကဆောင်း တော့ အမယ်လေး အရိုးကွဲမတတ်ဘဲ။ ဆောင်းတွင်းမှာ ရေချိုးဖို့ဆိုတာ တော် ခွန့်စားရတယ်။ အစားအသောက်ဆိုရင်လည်း ကျွန်မတို့ဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



ငါးပုစွန် ပေါတယ်။ ဒီမှာ ငါးကို အရုပ်ရေးကြည့်ရတယ်။ ဒီမှာစားရတာက ပဲပုပ်၊ မှိုညင်းချဉ်၊ မှိုညင်းစော။ ဒါတွေလောက်ပဲ စားရတယ်။ အဲ — ဝက်သားတို့၊ ကြက်သားတို့ကတော့ နည်းနည်းပါးပါး စားရပါတယ်။ ဒီမှာ က ဝက်မွေးကြ၊ ကြက်မွေးကြတော့ အဲဒီအသားတွေကတော့ သိပ်မရှားပါ ပါဘူး။ ဒါပေမဲ့ ဈေးကြီးတယ်။

ဟုတ်ကဲ့။ ကျွန်မ မိဘတွေက ဟင်္သာတနဲ့ ပုသိမ်သွား ရထားလမ်းပေါ် မြို့ကလေးတစ်မြို့မှာ ကုန်စုံဆိုင်ကလေးတစ်ဆိုင် ထောင်ပါတယ်။ ထော ကုန်စုံဆိုင်ကလေးပေါ့လေ။ တိုလီမိုလီ ပစ္စည်းကလေးတွေ၊ အိမ်သုံးဆေး ကလေးတွေ၊ ဖဲကြိုး ဖဲပြားတွေကအစ လယ်သမားသုံးပစ္စည်းတွေအထိ ပေါ့။ ကိုင်းခုတ်ဓားတို့၊ နဖားကြိုးတို့၊ ပေါက်ပြားတို့၊ ကြိမ်တို့စတဲ့ပစ္စည်း တွေပေါ့။ အဖေက တို့ဆွေမျိုးထဲမှာ ပညာတတ်တဲ့သူ မရှိဘူး။ လယ်သမား ကိုင်းသမားနဲ့ ဈေးသည်ချည်းပဲ။ ဒါကြောင့် ပညာတတ်အောင်သင်ဆိုပြီး ကျွန်မကို ဆယ်တန်းအောင်အောင် မြို့မှာသင်ပေးပြီး ဆယ်တန်းအောင် တော့ ရန်ကုန်တက္ကသိုလ်ကို ပို့ပေးပါတယ်။

ကျောင်းကထွက်တော့ အဖေက ကုန်စုံဆိုင်မှာ မလုပ်နဲ့တဲ့။ ကုန်စုံဆိုင် ကျွန်မအထက်က ကျွန်မအောက်က ညီမလေးတွေ ရှိတယ်။ သူတို့နဲ့ အလုပ်လုပ်လို့ရတယ်။ လူမလိုဘူး။ အစိုးရအမှုထမ်းအလုပ် လုပ်လို့ ခိုင်းတော ကျွန်မ ပညာရေးဌာနမှာ အမှုထမ်းပါတယ်။ ဝင်ဝင်ချင်း ကျွန်မကို ရှမ်း ပြည်နယ်ကို ပို့လိုက်တာပါပဲ။ ခုထိ မပြောင်းရသေးပါဘူး။ အဲ ... တစ်ခါ မပြောင်းရသေးတာတော့ မဟုတ်ဘူးပေါ့လေ။ တောင်ပေါ်ကနေ ခု ကျွန် မူဆယ်ကို ပြောင်းလာရတာတော့ ရှိတယ်ပေါ့။

ဒါပေမဲ့ ရှမ်းပြည်နယ်ထဲမှာပဲ ရှိနေသေးတယ်။ ရှမ်းပြည်နယ်မှာတော တခြားဒေသမဟုတ်ဘူး။ ကိုယ့်မြို့နယ်ထဲမှာပဲ ပြောင်းရသေးတယ်။ အ တောင်ပေါ်မှာတုန်းကလည်း ကျွန်မတို့က မူဆယ်မြို့နယ်ထဲမှာပဲ။ ခုလည်း မူဆယ်မြို့နယ်ထဲမှာပဲ။ တောင်ပေါ်ကနေ တောင်အောက်ရောက်လာတာ တော့ ရှိတာပေါ့။ တောကနေမြို့ပေါ် ရောက်လာတာတော့ ရှိတာပေါ့

ကျောင်းဆရာမဘဝကို ကျွန်မ ပျော်ပါတယ်။ တချို့ ကျွန်မမိတ်





တွေကတော့ ကျောင်းဆရာမဘဝမှာ မပျော်ဘူးဆိုပြီး ထွက်သွားကြပါတယ်။ သူတို့က ကျောင်းဆရာဆိုတာ လစာကလည်း မဖြစ်စလောက်၊ လုပ်ရတဲ့ အလုပ်ကလည်း သိပ်တာဝန်ကြီးတော့ မလုပ်ချင်ကြဘူး။ ဒါကတော့ သူတို့ အမြင်ပေါ့လေ။ သူတို့က ဒီပြင်ဝန်ထမ်းတွေက ရုံးကနေလစ်လို့ရတယ်။ ကျောင်းဆရာကတော့ ကျောင်းကနေပြီး လစ်လို့လည်းမရ။ သူက အတန်း ထဲမှာ စာသင်နေရပြီး အတန်းကိုထိန်းနေရတော့ အလုပ်ခွင်မှာ သူမရှိရင် ဖြစ်ကို မဖြစ်တဲ့နေရာ မဟုတ်လား။

ပြီးတော့ မြို့မှာမဟုတ်တဲ့ တောမှာနေရတော့ ပိုဆိုးတာပေါ့။ ဒါကြောင့် သူတို့ကတော့ ကျောင်းဆရာအလုပ်က ထွက်သွားကြတယ်။ ကျွန်မ သူငယ် ချင်း တချို့ဆိုရင် ဒီမှာတင်ပဲ အိမ်ထောင်ကျပြီး ဟိုဘက်နဲ့ ဒီဘက်နယ်စပ် ကုန်ကူးလို့ တော်တော်ဟန်ကျပြီး ကြီးပွားသွားကြတယ်။ လူဆိုတာ ကိုယ့် အမြင်နဲ့ကိုယ်ပေါ့ ဆရာရယ်။

ကျွန်မကတော့ ကျောင်းဆရာအလုပ်ကို ဝါသနာကိုပါတာ။ ငယ်ငယ် တုန်းကတည်းက ကစားရင် ကိုယ်က ကျောင်းဆရာမလုပ်တမ်း ကစားတယ်။ အဖေကလည်း ဒါကြောင့်မို့ ကျွန်မကို ကျောင်းဆရာမလုပ်ခိုင်းတာ။ ကျောင်း ဆရာလုပ်ရတာကို ပျော်တယ်။

ခုဆိုရင် ဒီနယ်တစ်ဝိုက်မှာ ကျွန်မသင်ပေးလို့ စာတတ်သွားတဲ့ ကလေး တွေ အများကြီးရှိသွားပြီ။ တချို့လည်း ကောလိပ်တွေ ဘာတွေကိုရောက် လို့ အလုပ်အကိုင်နဲ့ ဖြစ်ကုန်ပြီ။ ကျွန်မမှာ တပည့်တွေများလွန်းလို့ တချို့ ကို မှတ်တောင် မမှတ်မိတော့ဘူး။ သူတို့က ပြောပြတော့မှ မှတ်မိတော့ တယ်။ ဒါတောင် နာမည်တွေကို အကုန်မမှတ်မိဘူး။ သီတင်းကျွတ်တို့ ဘာတို့ဆိုရင် ကျွန်မကို လာကန်တော့ကြတယ်။

တချို့ကျောင်းတွေမှာ ပြဿနာကောင်လေးတွေ ရှိတတ်တယ် ဆရာ။ သူတို့နဲ့တွေ့ရင် သူတို့ကိုကျွန်မ ဆုံးမ သွန်သင်နိုင်တယ်။ ကျွန်မ ဆုံးမ သွန်သင်လိုက်လို့ လူကောင်းကလေးတွေ ဖြစ်သွားတယ်ဆိုရင် ကျွန်မ ပီတိဝမ်းသာတယ်။ ကျွန်မအလုပ်ဟာ အင်မတန် ကုသိုလ်ရတဲ့အလုပ်ပါလား လို့ တွေးမိရင် ကျွန်မ ကြည်နူးတယ်။ ဒါဟာ ကျောင်းဆရာဘဝရဲ့ အရသာ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆရာဘဝရဲ့ စည်းစိမ်လို့ပဲ ကျွန်မ မြင်တယ်လေ။

ကျောင်းဆရာဟာ သူကိုယ်တိုင် ဆင်းရဲချင် ဆင်းရဲမယ်။ ဒါပေမဲ့ ကိုယ့်တပည့်တစ်ယောက် ကြီးပွားသွားတာ၊ ဆိုးသွမ်းနေတဲ့ ကိုယ့်တပည့် လေးတစ်ယောက် လူကောင်းဖြစ်သွားတာကိုမြင်ရင် သိပ်ကြည်နူးစရာ ကောင်းတယ်။ ကျွန်မကတော့ အဲဒီကြည်နူးမှုကို ဘာနဲ့မှ မလဲနိုင်ဘူး။ ဒါကြောင့် ကျောင်းဆရာဘဝနဲ့ အရိုးထုတ်မယ်လို့ ဆုံးဖြတ်ခဲ့တာပဲ။

ကျွန်မတပည့်ကလေးတစ်ယောက်အကြောင်းကို ဆရာ့ကို ပြောပြရဦး မယ်။ သူ့နာမည်က "ဇော်နောင်"တဲ့။ ကချင်ကလေး။ ကောင်လေးက နည်းနည်း ပေချင်တယ်။ စာလည်း ညံ့တယ်။ ဒီတော့ တချို့ဆရာတွေက ကောင်လေးကို ကျောင်းမှာ လက်မခံချင်ကြဘူး။ ကိုယ့်အတန်းမှာ လက်ခံဖို့ ဆိုတာ ဝေးရော။ တစ်ခါတော့ ကောင်လေးက အရပ်ထဲမှာ အချင်းချင်း ရန်ဖြစ်ကြရင်း လက်မောင်းတစ်ဖက် ကျိုးသွားတယ်။ အဲဒီနောက် ကောင်လေး တော်တော်နဲ့ ကျောင်းကို ပေါ်မလာဘူး။ ကျောင်းတို့ ဘာတို့ လည်း ခွင့်တိုင်ရကောင်းမှန်း မသိဘူး ထင်ပါရဲ့။ နှစ်ဝက်နီးပါးလောက် ကျောင်းမတက်ဘူး။ စုံစမ်းကြည့်တော့ သူ့အမေနဲ့ တောင်ယာကူလုပ်နေတယ် လို့ ကြားရတယ်။

ဒီတင် တချို့ဆရာတွေက ကောင်လေးကို ကျောင်းက တစ်ခါတည်း ထုတ်ပစ်လိုက်ချင်ကြတယ်။ ဒါပေမဲ့ ကောင်လေးက အသက် ဘယ်လောက် ရှိဦးမှာလဲ ဆရာရယ်။ ၁၄ နှစ်လောက်ပဲ ရှိဦးမှာပေါ့။ ဒီအရွယ်ဟာ ကျောင်း နေရမယ့်အရွယ် မဟုတ်လား။

ဒါနဲ့ ကျွန်မလည်း စုံစမ်းပြီး သူ့အိမ်ကို လိုက်သွားတယ်။ ကျောင်း မနေရင် ကလေးပျက်စီးသွားနိုင်တဲ့အကြောင်း၊ ဒီအရွယ်ဟာ ကျောင်း နေဖို့အရွယ် ဖြစ်တဲ့အကြောင်း သူ့အမေကို နားချတာပေါ့။ သူ့အမေ ကလည်း ကျွန်မနဲ့ သိနေတာကိုး။ သူ့အမေက တစ်ခါတလေ ဈေးရောင်း တော့ ကျွန်မ ဈေးဝယ်နေကျ၊ မုန့်ညင်းချဉ်တို့၊ မုန့်ညင်းစောတို့ကို ကျွန်မ ဝယ်နေကျ။ သူ့အမေက ဆရာမသဘောကျ စီစဉ်ပါ။ ဆရာမတပည့်ပဲ ဆရာမပြောပါလို့ ပြောတယ်။ သူကလည်း ကျောင်းပြန်ထားဖို့ သဘော





တူပါတယ်တဲ့။

ဒါနဲ့ ဇော်နောင်ကို ကျောင်းပြန်တက်ဖို့ ကျွန်မပြောတယ်။ ချော့ တာရော၊ ခြောက်တာရောပေါ့လေ။ နောက်ဆုံးတော့ သူကလည်း ကျောင်း ပြန်တက်မယ်လို့ ပြောတယ်။ ဒါပေမဲ့ ဆရာရယ်။ နဂိုကမှ စာကို စိတ်မဝင် စားတဲ့ကလေး၊ နှစ်ဝက်လောက်ကျောင်းအပြင်လည်း ရောက်နေတော့ စာ လိုက်နိုင်ဘူးပေါ့။ အတန်းထဲမှာ သူဟာ အနှောင့်အယှက် ဖြစ်နေတာပေါ့။ အတန်းထဲမှာလည်း ကောင်းကောင်း မငြိမ်ဘူး။ ရန်ဖြစ်ချင်တာတို့၊ နောက် ချင်ပြောင်ချင်တာတို့ ရှိတယ်။ ကျွန်မလည်း နည်းနည်းတော့ စိတ်ပျက် တာပေါ့လေ။ ဒါပေမဲ့ ခု ရေတွင်းတူး၊ ခု ရေကြည်သောက်ချင်လို့ မဖြစ် ဘူးလေ။ အချိန်တော့ ယူရမှာပေါ့လို့ ကျွန်မဘာသာ စဉ်းစားတယ်။

ဒါနဲ့ သူ့ကိုခေါ်ပြီး မင်းကိုရအောင် ငါလုပ်ခဲ့ရတာ။ တကယ်ဆိုရင် မင်းကို ကျောင်းက ထုတ်ရတော့မှာ။ ခု ငါက တာဝန်ခံပြီး ကျောင်း ပြန်နေခွင့်ရအောင် လုပ်ပေးခဲ့ရလို့ ငါ့မျက်နှာကိုတော့ ထောက်ပါဆိုပြီး သူ့အတွက် စည်းမျဉ်းနှစ်ခု ချပေးတယ်။ ကျွန်မ စည်းမျဉ်းက ရိုးရိုးလေး ပါ။

တစ် - အတန်းထဲမှာ စာသင်ရင် နားထောင်ရမယ်။ နှစ် - အတန်း ထဲမှာ သတ်မှတ်တဲ့ ကျောင်းစည်းကမ်းတွေကို လိုက်နာရမယ်ဆိုတဲ့ အချက် နှစ်ချက်ပါ။

သူမမီတဲ့စာတွေကိုလည်း ကျွန်မ အိမ်ခေါ်ပြီး သင်ပေးတယ်။ ဒီလိုနဲ့ နှစ်တန်းအောင်သွားတယ် ဆရာ။ ရှစ်တန်းအောင်တော့ မင်း ဆယ်တန်း အောင်အောင် ကြိုးစားရမယ်။ ခု မင်းသိပ္ပံဘာသာတွဲရတယ်။ ဒါကြောင့် မင်း ဇီဝတို့၊ ဓာတုတို့၊ ရူပတို့ စတဲ့ ဘာသာရပ်တွေက ကြိုးစားမှုဖြစ်မှာလို့ ပြောရတယ်။

နှစ်စမှာ သူကောင်းကောင်း မလိုက်နိုင်ဘူး။ စာ မလိုက်နိုင်တော့ သူ ဘာဖြစ်လာပြန်သလဲ။ သူအရင်တုန်းကလို ခပ်ပေပေ လုပ်လာပြန်တယ်။ စာကောင်းကောင်း မကျက်ဘူး။ အတန်းထဲမှာ ကောင်းကောင်းမနေဘူး။ ငြိမ်ငြိမ်ကောက် ကျည်တောက်စွပ်လို့မရပါဘူး။ ကောက်မြဲကောက်မှာပဲလို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို တချို့ဆရာတွေက ပြောကြတယ်။ ဒါပေမဲ့ ကျွန်မသူ့ကိုခေါ်ပြီး ဆုံးမတယ်။ ခု ခေတ်စကားနဲ့ပြောရင်တော့ ဆွေးနွေးတယ်ပေါ့ ဆရာရယ်။ ဒီတော့ ကောင်လေး စိတ်ပြန်လည်သွားတယ် ထင်တယ်။ စာကိုချည်းပဲ ကြိုးစားတော့တာပဲ။ ဆယ်တန်းရောက်တော့ သင်္ချာဒီနဲ့ ထွက်လာတယ် ဆရာ။ ကျွန်မ ကြိုးစားရကျိုးနပ်ပါတယ် ဆရာ။

နောက်တစ်ယောက်ရှိသေးတယ် ဆရာ။ အဲဒီကလေးကိုတော့ စတုတ္ထ တန်းမှာ တွေ့တာ။ ကျွန်မ အတန်းရောက်လာလို့ ကျွန်မ စာသင်တော့ အဲဒီကလေးဟာ တစ်ချိန်လုံး မော်တော်ကားအရုပ်တွေချည်း ဆွဲနေတယ်။ အဲဒီနေ့က ကျောင်းမှာ စာစသင်တဲ့နေ့။ ဒါနဲ့ ကျွန်မလည်း သူ့အနားသွား ပြီး မင်း ဘာဖြစ်လို့ စာမလိုက်ဘဲ အရုပ်တွေ လျှောက်ဆွဲနေတာလဲလို့ မေးတယ်။ ဒီတော့ သူက မျက်နှာမှုန်တေတေနဲ့ ကျွန်တော့်ဘာသာ ဆွဲချင် လို့ ဆွဲတာပေါ့ဗျတဲ့။ ဖြေပုံကိုလည်း ကြည့်ဦးလေ။ ကျွန်မစိတ်ထဲမှာ ဒေါသ ခနဲ ဖြစ်သွားတယ်။ ဒါပေမဲ့ ကျွန်မစိတ်ကို ထိန်းလိုက်ပါတယ်။ ဒီကလေး ဟာ ဘာဖြစ်လို့များ ဒီလောက်စိတ်တိုနေရတာလဲ။ ဘာဖြစ်လို့များ ပြေပြေ ပြစ်ပြစ်စကားမပြောနိုင်ရတာလဲလို့ ကျွန်မ စဉ်းစားမိတယ်။

အဲဒီနေ့က နေ့လယ်ကျောင်းဆင်းတော့ ကလေးတွေအားလုံး အိမ် နေ့လယ်စာပြန်စားကြတယ်။ ဝေးတဲ့ကလေးတွေလည်း ပါလာတဲ့ ထမင်း ကလေးတွေကိုယူပြီး အပြင်မှာ စားနေကြတယ်။ အတန်းထဲမှာ သူတစ် ယောက်ပဲ ကျန်ရစ်ခဲ့တယ်။ ဒါက တစ်ရက်လည်းမဟုတ်ဘူး၊ နှစ်ရက်လည်း မဟုတ်ဘူး။ တစ်ပတ်လောက် ကျွန်မ သူ့ကို အကဲခတ်ကြည့်နေတယ်။ နေ့လယ်ကျရင် သူ အိမ်ပြန်ပြီး ထမင်းမစားဘူး။ ထမင်းဘူးလည်း မလာဘူး။ ကော့ ဒီကလေးဟာ ဆာနေတာပဲ ဖြစ်ရမယ်။ ဆာလို့ သူစိတ်တို နေတာပဲဖြစ်ရမယ်။ အိမ်မှာလည်း တတ်နိုင်ဟန် မတူဘူး။ မနက်က ထမင်း တည်း စားလာပြီး တစ်နေကုန် ဒီအတိုင်းပဲ နေရတယ်ထင်တယ်လို့ ကျွန်မ တွေးလိုက်မိတယ်။

ဒါနဲ့ သူ့ကို ကျွန်မစားဖို့ စားစရာတစ်ခု အဝယ်ခိုင်းလိုက်ပြီး သူ့ကို လည်း တစ်ဝက် ခွဲပေးလိုက်တယ်။ အစကတော့ သူရှက်လို့ထင်တယ်





ငြင်းနေသေးတယ်။ နောက် ကျွန်မက အတင်းကျွေးတော့ ဘာပြောကောင်း လဲ အားရပါးရ စားလိုက်တာ ဆရာရယ်။ ကြည့်ရတာ အိမ်က ထမင်း ကောင်း ကောင်းကောင်း မစားခဲ့ရဘူး ထင်ပါရဲ့။ ဒီလိုနဲ့နောက်တော့ ကျွန်မ နဲ့သူဟာ တော်တော်လေး ခင်ခင်မင်မင်ဖြစ်သွားပြီး ကျွန်မစကားကို နားထောင်စပြုလာတယ် ဆရာ။

သူ့ကို ကျွန်မက မေးတယ်ဆရာ။ ဘာဖြစ်လို့ စာသင်ချိန်မှာ စာမလိုက် ဘဲ မော်တော်ကားရုပ်တွေ ဆွဲနေရတာလဲ။ မင်း စာမေးပွဲကျမှာပေါ့လို့ ပြောတော့ သူက သူ မော်တော်ကားကို ဝါသနာပါတယ်တဲ့။ လမ်းရောက် ရင် သူ မော်တော်ကားတွေကိုပဲ ကြည့်နေတာပဲတဲ့။ သူ့ဦးကြီးတစ်ယောက်က မော်တော်ကားဝပ်ရှော့ ဖွင့်ထားတယ်တဲ့။ မော်တော်ကားတွေ အများကြီး ပြင်ပေးတယ်တဲ့။ ပြင်တော့ ပိုက်ဆံချမ်းသာသွားတယ်တဲ့။ ဟိုတုန်းက သူ့ ဦးကြီးဟာ သိပ်ဆင်းရဲတာပဲတဲ့။ မော်တော်ကားတွေကိုပြင်လို့ ပိုက်ဆံ ချမ်းသာ သွားတယ်တဲ့။

သူလည်း သူ့ဦးကြီးလို မော်တော်ကားဝပ်ရှော့တွေဖွင့်ပြီး သူဌေး ဖြစ်ချင်တယ်တဲ့။ သူ့ဦးကြီးဟာ ဘယ်သူ့ကိုမှ မကြောက်ရဘူးတဲ့။ ဒီလို ဘယ်သူ့ကိုမှ မကြောက်ရတာဟာ ပိုက်ဆံရှိလို့တဲ့။ ဒါနဲ့ ကျွန်မက သူ့မိဘ တွေအကြောင်းကို မေးကြည့်တယ်။ သူ့မိဘတွေအကြောင်း မေးလိုက်တော့ ခေါင်းငုံ့သွားတယ်။ သူ့အဖေက ကိုယ်တစ်ပိုင်းသေနေလို့ အိပ်ရာထဲမှာ နေတယ်တဲ့။ အမေကလည်း အဖေကို ပြုစုရ၊ သားသမီးတွေကို ရှာဖွေ ကျွေးရနဲ့ဆိုတော့ သူတို့မှာ ချောင်လည်တယ်ရယ်လို့ မရှိဘူးတဲ့။ အများ အားဖြင့် အိမ်မှာ ထမင်းရယ်လို့ ကောင်းကောင်းမစားရဘဲ ဆန်ပြုတ်ကိုပဲ သောက်နေရတယ်တဲ့။ အမေကလည်း သူ့ကို ဂရုမစိုက်၊ အဖေ လည်း လူမမာ၊ ဒီကြားထဲမှာ ဝဝလင်လင်လည်း မစားရတော့ ကောင် လေးဟာ လောကကြီးကို စိတ်ချဉ်ပေါက်နေတော့တာပေါ့ ဆရာရယ်။ ဆရာမညိုက စိုင်းလိတ်တဲ့။

စိုင်းလိတ်က ကျွန်မနဲ့အတူ အနားမှာ ထမင်းကြော်နဲ့ မုန့်ညင်းချဉ် စားနေရင်း သူ့မှာ ဂျပ်စက္ကူနဲ့ လုပ်ထားတဲ့ မော်တော်ကားလေး



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်တဲ့။ ဒီတော့ ကျွန်မကလည်း မင်းမော်တော်ကားကလေးကို ယူခဲ့ စမ်းလို့ ပြောလိုက်တယ်။ နောက်တစ်နေ့ကျတော့ စိုင်းလိတ်ဟာ သူ ကျွ စက္ကူနဲ့ လုပ်ထားတဲ့ မော်တော်ကားလေးကို ယူလာတယ်။ အမယ် ... သူ့ကားလေးက မဆိုးဘူး ဆရာ။ ဘီးကလေးတွေက ဂျပ်စက္ကူအမာနဲ့ လုပ်ထားတော့ လည်တယ်။ ဒါနဲ့ ကျွန်မက သူ့ကို ရွှေလီဘက်ကလာတဲ့ ကစားစရာ မော်တော်ကားရုပ်ကလေးတွေကို ဝယ်ပေးတယ်။ အဲဒါကိုကြည့်ပြီး သူ မော်တော်ကားကလေးတွေ လုပ်တယ်။ သူဟာ ကျွန်မတို့မြို့နယ် လုပ်တဲ့ လက်မှုပြပွဲမှာ ကျွန်မတို့ကျောင်းက ကလေးတွေလုပ်တဲ့ ကစားစ ပစ္စည်းတွေကိုပြတော့ သူ့မော်တော်ကားကလေးက ပထမဆု ရတယ်။

ဒီတင် သူအားတက်လာပြီး စာကို ကြိုးစားလာတယ်။ ကျွန်မ မော်တော်ကားလုပ်တတ်ချင်ရင် ပထမစာကို ကြိုးစားရကြောင်း၊ အင်ဂျင် စက်တို့၊ လျှပ်စစ်ဓာတ်တို့အကြောင်းကို သိရကြောင်း၊ အဲဒီ ပညာတွေ ကျောင်းက သင်ပေးလိုက်ကြောင်း၊ အခြေခံတွေကိုသိမှ အလုပ်ရုံထဲ ဝင်လုပ်လို့ရကြောင်း ကျွန်မ ရှင်းပြတာပေါ့လေ။ အတန်းဖော်တွေကလည် သူ့ကို အထင်ကြီးလာကြတယ်။

ကျွန်မ ဆိုလိုချင်တာက ကျောင်းသားတစ်ယောက် အထူးသ အကြောင်းအမျိုးမျိုးကြောင့် စိတ်ဓာတ်ကျနေတဲ့ ကျောင်းသားတစ်ယော ကို ဆရာတွေကရော၊ အတန်းဖော်တွေကရော ဝိုင်းမပယ်သင့်ဘူး။ သူ့ ဝိုင်းပယ်ရင် အဲဒီကလေးဟာ တခြားကို လွင့်သွားပြီး ပျက်စီးသွား တယ်။ သူ့ကို ဆရာတွေကရော၊ အတန်းဖော်တွေကရော ဝိုင်းဝန်းကူညီ ရင် အဲကလေးဟာ ကောင်းသွားနိုင်တယ်ဆိုတဲ့ သဘောပါ။

အဲဒီကလေးဟာ နောက်မှာ သင်္ချာနဲ့ ရူပဗေဒဂုဏ်ထူးနဲ့ ဆယ် အောင်သွားတယ် ဆရာ။

ကျွန်မကျောင်းဆရာဖြစ်လာတာ အနှစ်နှစ်ဆယ် ပြည့်ပါတော့ ဒီအတွင်းမှာ ပျော်စရာတွေ တွေ့သလို စိတ်ညစ်စရာတွေကလည်း အမ ပါပဲ။ ကျွန်မ ဆယ်တန်းရောက်တဲ့နှစ်က ကျွန်မ စာတော်တော့ ဆရာ ဆရာမတွေက ကျွန်မကို သင်္ချာတို့ဘာတို့ကို ပြခိုင်းပါတယ်။ အထူး





သင်္ချာဆရာ မလာတဲ့နေ့ဆိုရင် သင်္ချာပြပေးရပါတယ်။ ဒီလိုနဲ့ ကျွန်မ စာပြတာကို ဝါသနာပါလာတာပါ။

ခု ဒီမှာနေရတာ တော်တော်လေးတော့ ကြာပြီပေါ့ ဆရာ။ ခုတော့ မြင် ညီအစ်ကို မောင်နှမတွေကလည်း အိမ်ထောင်ကျကုန်ပါပြီ။ အဖေနဲ့ အမေတို့ကိုတော့ ကျွန်မကပဲစီစဉ်ပေးလို့ မူဆယ်ကို ရောက်နေကြပါပြီ။ အိမ်ကလေးတစ်လုံးဝယ်ပြီး ဒီမှာ အခြေချဖို့ ဆုံးဖြတ်ထားကြပါတယ်။ အဖေရော အမေရော မူဆယ်မှာ ကုန်စုံဆိုင်ကလေးဖွင့်ထားပါတယ်။ ဟိုတုန်း လို လယ်သမား၊ ပစ္စည်းတွေ ဘာတွေကိုတော့ မရောင်းတော့ပါဘူး။ ယ်စပ်မြို့ဈေးဆိုတော့ ဟိုဘက်ဒီဘက်က ထွက်တဲ့ကုန်ပစ္စည်းတော်တော် းများကို အရောင်းအဝယ် လုပ်ပါတယ်။

ဟုတ်ကဲ့။ ကျွန်မကတော့ နဂိုကတည်းက ကျောင်းဆရာကို ဝါသနာ လို့ ကျောင်းဆရာပဲ ဆက်လုပ်နေပါတယ်။ ကျွန်မကလေးတွေနဲ့နေရတာ ပျော်လို့ လုပ်နေတာပါ။ အထူးပြဿနာဖြစ်တဲ့ ကလေးတွေကို လူကောင်း လေးတွေ၊ လူတော်ကလေးတွေဖြစ်အောင် လုပ်ပေးရတာကို ကျွန်မ ပ်ပျော်ပါတယ်။ ကျွန်မအဖို့ ကုသိုလ်ကောင်းမှုတစ်ခုကို လုပ်လိုက်ရသလို ဖြစ်ရပါတယ်။"

(ကလျာမဂ္ဂဇင်း၊ မေ၊ ၁၉၉၃)

* * *

www.burmeseclassic.com

www.burmeseclassic.com

# ပန်းပန်တဲ့ ပန်းရုံဆရာ

# ပန်းပန်တဲ့ ပန်းရုံဆရာ

ကျွန်တော်နှင့်သူသည် ဆောက်လုပ်နေဆဲ တိုက်တစ်တိုက်၏ င်များဘေးတွင် စကားပြောနေကြသည်။ သူ့အသက်မှာ ငါးဆယ်ကျော် လောက်ရှိမည် ထင်သည်။ အရပ်ပျပ်ပျပ်၊ ရင်အုပ်ကားကား၊ လက်မောင်း ိုး ကောင်းကောင်းနှင့် ဖြစ်သည်။ သူ့ကိုကြည့်လိုက်လျှင် စစ်အင်္ကျီဟောင်း ကလေးကို ဝတ်ထားပြီး ခေါင်းပေါ်တွင် အဝတ်ဦးထုပ် ခပ်ညစ်ညစ်ကလေးကို ဆောင်းထားတတ်သည်။

သူ့လက်တွင် အင်္ဂတေတွေ ပေကျံနေပြီး သူ့အနားသို့ကပ်လျှင် ဘိလပ် မြေနံ့၊ ဆေးပြင်းလိပ်နံ့နှင့် ချွေးနံ့သည် ရောထွေးနေတတ်သည်။ ဆေး ပြင်းလိပ်ကတော့ သောက်သလား မမေးနှင့်။ သီချင်းမဆိုလျှင် ပါးစပ်တွင် ဆေးပြင်းလိပ်ခဲမထားသည့်အကြိမ်ဆို၍ ကျွန်တော်တစ်ခါမျှ မမြင်ဖူးပါ။ ဆေး ပြင်းလိပ်ခဲမထားသည့် အခါများတွင် သူသည် အလုပ်လုပ်ရင်း သီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုနေတတ်သည်။ သီချင်းကလည်း တော်တော်ရသည်။ တ်ဟောင်းဟု ခေါ်ကြသော စစ်မဖြစ်ခင်က သီချင်းတွေ၊ အနှစ်နှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



တေးဟု ခေါ်ကြသော စစ်ပြီးခေတ် သီချင်းတွေနှင့် ထို့နောက်ပိုင်းတွင် ခေတ်စားသော မြန်မာ့သံ သီချင်းတော်တော်များများကို သူရသည်။

သူသည် မနက်လင်းလျှင် သူ့တပည့်နှစ်ယောက် သုံးယောက်နှင့်အရှေ့ ဆိုက်ထဲသို့ ရောက်လာမည်။ "ဆိုက်"ထဲသို့ရောက်လျှင် ကန်ထရိုက်က ဖြစ်စေ၊ အိမ်ရှင်ကဖြစ်စေ တည်ခင်းသော ရေနွေးကြမ်းကလေးကို တစ်ပန်း ကန် နှစ်ပန်းကန် သောက်မည်။ ဆေးပြင်းလိပ်ကလေးကိုဖွာရင်း မနေ့က ပြီးစီးခဲ့သော အလုပ်များကို လျှောက်ကြည့်မည်။ မနေ့က အင်္ဂတေကိုင်ခဲ့ သော နေရာများတွင် လက်ရာအကြမ်းအချောကို ကြည့်လျှင် ကြည့်မည်။ သို့မဟုတ် မနေ့ကစီခဲ့သော အုတ်များအနေအထားကို ကြည့်မည်။ ထို့နောက် ဘိလပ်မြေအိတ်များထဲက ဘိလပ်မြေကို စစ်ဆေးကြည့်မည်။ သူ့ တပည့် ကောင်လေးတွေကို မဆလာစပ်ခိုင်းမည်။ တခြားကလာမည့် ပန်းရံဆရာ မဆလာသယ်သူတွေ ရောက်မရောက် သူမေးမည်။ သံချိုသံကွေး ထည့်စရာ တွေရှိလျှင် အထည့်ခိုင်းမည်။ ထို့နောက် လမ်းတွင် ဝတ်လာသည့် သပ်သပ် ရပ်ရပ် အဝတ်အစားများကိုချွတ်ကာ အလုပ်လုပ်လျှင်ဝတ်သည့် အဝတ် အစားများကိုလဲမည်။ သူ့အဝတ်အစားမှာ ဟောင်းနွမ်းနေသည့် စစ်အင်္ကျီ တစ်ထည်နှင့် ဟောင်းနွမ်းနေသည့် လုံချည်တစ်ထည်တို့ ဖြစ်သည်။

ထို့နောက် အရေးမကြီးသည့် နေရာများကို သူ့တပည့်များအား အပ် နိုင်းပြီး အရေးကြီးသည့် နေရာများတွင် သူကိုယ်တိုင် ငြမ်းပေါ်သို့တက်၍ သီချင်းတအေးအေးနှင့် အုတ်စီသည်။ သို့မဟုတ် မဆလာချောမည်။ အလုပ် လုပ်နေရင်းကလည်း တစ်ခါတရံတွင် အုတ်လှမ်းတောင်းသည့်အသံ၊ မဆလာ ပို့ပေးဖို့ အော်သည့်အသံကို ကြားနေရတတ်သည်။

နေ့လယ် ဆယ့်တစ်နာရီ ဆယ့်နှစ်နာရီလောက်ရောက်သည့်အခါ ငြမ်းပေါ်မှ ဆင်းလာကာ သူ့တပည့်တွေနှင့် ဝိုင်းဖွဲ့ထမင်းစားမည်။ မဆလာ သယ်သည့် ကောင်မလေးများကို နောက်မည်။ တကယ်တော့ မဆလာ သယ်သည့် ကောင်မလေးများနှင့် သူသည် အဖေနှင့်သမီးလောက် ကွာသည်။ သို့ရာတွင် သူသည် ဣန္ဒြေကြီးဖြင့် မနေ။ သူတို့တစ်တွေနှင့် ရယ်မော နောက်ပြောင်နေတတ်သည်။ လူကြီးတန်မဲ့ ဣန္ဒြေမဲ့သော နောက်ပြောင်ခြင်း





မျိုး မဟုတ်ပါ။ တူမတွေ၊ သမီးတွေကို နောက်ပြောင်သလို နောက်ပြောင် ခြင်းမျိုး ဖြစ်ပါသည်။

ညနေ အလုပ်သိမ်းချိန်တွင် သူသည် ရေချိုးမည်။ အဝတ်အစား လဲမည်။ ကန်ထရိုက် သို့မဟုတ် အိမ်ရှင်ထံမှရသော ပိုက်ဆံတို့ကို ဝေပေး မည်။ ထို့နောက် အိမ်ပြန်မည်။ အဲ ... သူနေသည့်ရပ်ကွက်ကလေးတစ်ခုမှ လမ်းထိပ်တစ်ခုတွင်တော့ သူသောက်နေကျ အရက်ဖြူဆိုင်ရှိသည်။ ထို အရက်ဖြူဆိုင်တွင် တစ်ပိုင်းလောက် ဝင်ဝယ်လာမည်။ အိမ်ရောက်တော့ ဇနီးသည်က ပြင်ပေးသည့် အမြည်းကလေးနှင့် ဆေးလိပ်ကလေးဖွာလိုက်၊ စကားကလေးပြောလိုက်ဖြင့် အရက်တစ်ပိုင်းတော့ ကုန်အောင် သောက် တတ်သည်။ ထိုအခါကျမှ သူအမောပြေသည်။ အိပ်လို့ပျော်သည်။ သို့ မဟုတ်လျှင် နေ့လယ်က ပင်ပန်းထားသည့်အရှိန်ကြောင့် ကောင်းကောင်း အိပ်မပျော်ချင်။ ဟိုကညောင်းသလိုလို ကိုက်သလိုလို၊ ခါးကတောင့်သလို လို လက်ပြင်အောင့်ချင်သလိုလိုနှင့် ဖြစ်ချင်သည်။ အရက်ကလေး တစ်ပိုင်း လောက် သောက်လိုက်ရလျှင်တော့ ဘာမျှမရှိတော့။ ထိုဒဏ်ရာဒဏ်ချက် တို့သည် အဝေးသို့ထွက်ပြေးကြသည်။

နောက်တစ်နေ့မနက် အိပ်ရာကနိုးလျှင် ဇနီးသည် ထည့်ပေးလိုက်သည့် ထမင်းဘူးကိုယူကာ သံသရာတစ်ပတ်လည်ပြန်သည်။

"ဦးကြီးစိန် ပန်းရံလုပ်တာ တော်တော်ကြာပြီလား"

နေ့လယ် သူ့အလုပ်နားချိန်တွင် ကျွန်တော်နှင့် စကားပြောနေစဉ် ကျွန်တော်က ကြားဖောက်၍ မေးသည်။

"ဟုတ်ကဲ့ ... ကြာပြီဆရာ။ ကျွန်တော် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် သားလောက်ကတည်းက လုပ်လာတာ။ ခုဆို သုံးဆယ်ငါးနှစ်လောက်ရှိရော ပေါ့"

"ပန်းရံ မလုပ်ခင်ကကော"

"ငယ်ငယ်တုန်းကတော့ တောမှာဆိုတော့ ကြုံရာလုပ်တာပေါ့ ဆရာ ရယ်။ ကျွန်တော့်ဇာတိက ချောက်ကဆိုတော့ ရေနံတွင်းတူးဖူးတယ်။ ရေနံ တွင်းတူးတယ်ဆိုတာ ကျွန်တော်တို့ဆီမှာ မြန်မာတွေပိုင်တဲ့ လက်တွင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ အဲဒီတွင်းမှာ ရေနံတူးဖူးတယ်။ တွင်းထဲလည်း ဆင်းဖူးတယ်။ တွင်းပေါ်က ကြိုးဆွဲလည်း လုပ်ခဲ့ဖူးတယ်။ အများအားဖြင့်တော့ ရေနံတွင်းပေါ်က ကြိုးဆွဲတဲ့အလုပ်ပါ။ ရေနံခပ်တာပေါ့ ဆရာ။ ကျွန်တော်တို့ဆီမှာ တွင်းထဲကို ရေခပ်သလို ပုံးကို ကြိုးတပ်ပြီး ရေနံခပ်ရတယ်။ တွင်းကနက်တော့ လူလေးငါးယောက် ဆွဲရတယ်။ ဆွဲပြီး ကြိုးကိုကိုင်ပြီး အဝေးကြီးအထိ ပြေးရတာပေါ့။ ပေတစ်ရာ၊ တစ်ရာ့ငါးဆယ်လောက် ဆိုပါတော့။ ရေနံကို သံပုံကြီးတွေနဲ့ခပ်၊ ကျွန်တော်တို့က အပေါ်ကနေဆွဲပြီး ကြိုးဆုံးအောင် ပြေးရတာပေါ့။

နောက်တော့ သံပိုက်လုံးတွေကို လိုက်ဖြုတ်တယ်။ ဒါကတော့ ပြစ်မှု မကောင်းဘူးဆရာ။ ကျွန်တော်တို့ဆီမှာ ရေနံပိုက်တွေ ရှိတယ်။ အဲဒီရေနံပိုက်တွေကို အလစ်သုတ်ပြီး တခြားကို ခိုးထုတ်ရတာပေါ့။ နောက် ရေနံတွင်းအလုပ်သမားတွေကိုလိုက်ပြီး လက်ဖက်ရည်လိုက်ရောင်းဖူးတယ်။ ကျွန်တော်တို့ဆီမှာ ရေနံစင်တွေ ရှိတယ်မဟုတ်လား။ အဲဒီ ရေနံစင်တစ်ဝိုက်မှာသွားပြီး လက်ဖက်ရည်ဖျော်ပြီးသားကို ကရားကလေးတစ်လုံး၊ လက်ဖက်ရည်ပန်းကန်ကလေး လေးစုံလောက် လက်ဆွဲပုံးကလေးထဲထည့်ပြီး လျှောက်ရောင်းရတာမျိုးပေါ့။

အဲဒီတုန်းက အတန်းကျောင်းတို့ ဘာတို့ကိုလည်း မနေခဲ့ဖူးပါဘူး။ ဘုန်းကြီးကျောင်းမှာပဲ နေခဲ့ရတာပေါ့။ ဘုန်းကြီးကျောင်းမှာ မင်္ဂလသုတ်၊ ရတနာရွှေချိုင့်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း စတာတွေကို သင်ခဲ့ရတာပေါ့။ အဲ … ဘုန်းကြီးကျောင်းသားဘဝနဲ့ သတင်းစာကိုတော့ ဖတ်တတ်လာတယ်ဆရာ။ ကျွန်တော့်ကျောင်းက ဆရာတော်ကြီးက သတင်းစာကို အမြဲဖတ်တယ်။ အဲဒီတုန်းက မြန်မာ့အလင်းသတင်းစာထင်ပါရဲ့။ တကာတစ်ယောက်က သတင်းစာလှူထားတော့ သတင်းစာကို အဲဒီတကာ့အိမ်ကို နေ့တိုင်း နေ့တိုင်း သွားယူရတယ်။ လမ်းမှာ ကျွန်တော်က သတင်းစာတစ်စောင်လုံးကုန်အောင် ထိုင်ဖတ်တယ်။ အဲဒီကနေ သတင်းစာဖတ်တဲ့အကျင့်တော့ စွဲသွားတယ်။ ဒါကတော့ ကြီးလာသည်အထိပေါ့။ ဘုန်းကြီးကျောင်းကြောင့် သတင်းစာဖတ်တတ်လာတာပေါ့။





တိုင်းပြည်မငြိမ်မသက်ဖြစ်တဲ့ ၁၉၄၉-၅၀ တစ်ဝိုက်လောက်မှာ ကျွန်တော် ဆယ်နှစ်သားလောက်ပဲ ရှိသေးတယ်။ ပိုက်လုံးတွေကို ခိုးတတ်တာ အဲဒီတုန်းကပေါ့။ အဲဒီတုန်းက ခေတ်ပျက်နေတယ်လေ။ အစိုးရတပ်လည်း မရှိဘူး။ တစ်ဖက်မှာလည်း အကြမ်းဖက်သောင်းကျန်းသူတွေ ရှိတယ်၊ ကျွန်တော်တို့ဆီမှာ ရဲဘော်ဖြူတွေ သိမ်းထားတယ်။ ရဲဘော်ဖြူ မသိမ်းခင်မှာ ကျွန်တော်တို့တစ်တွေ ဘီအိုစီက ပိုက်လုံးတွေ အကြီးအကျယ် ခိုးကြတာပေါ့။ ဒါကတော့ ကျွန်တော်တို့တင် မဟုတ်ဘူး။ တော်တော်များများပဲ ပိုက်လုံးတွေကို ယူကြတာပါပဲ။ ပိုက်လုံးတွေက ရေနံစင်တွေဘေးမှာ ပုံနေတယ် မဟုတ်လား။ တချို့တွေလည်း ရေနံစင်ဆောက်မလို့ ပုံထားတာတွေ။ တချို့ကလည်း အဟောင်းတွေကိုဖျက်ပြီး ပုံထားတာတွေ။ အဲဒါတွေကို ပန်းပဲဖိုတို့၊ ဝပ်ရှော့တို့က ဝယ်ကြတော့ ကျွန်တော်တို့တစ်တွေ အဲဒီပိုက်လုံးတွေနဲ့ပဲ အလုပ်ဖြစ်နေကြတာပေါ့။

ပန်းရံလုပ်တတ်သွားတာကတော့ ၁၉၅၅ ခုနှစ်လောက်မှာ ဆရာ။ အဲဒီတုန်းက ပုဂံမှာ တချို့ဘုရားတွေ၊ စေတီအဟောင်းတွေကို အစိုးရ ပြန်ပြင်နေတယ်။ အဲဒီမှာ ကျွန်တော့်ဦးလေးတစ်ယောက်က ပန်းရံဆရာကြီး။ ကျွန်တော်က အဲဒီတော့ အရက်ကလေးဘာလေး နည်းနည်းသောက်တတ်ပြီ။ ကြက်ကလေးဘာလေးလည်း တိုက်တတ်နေပြီ။ မနက်လင်းတာနဲ့ အိမ်က ကြက်ကလေးပိုက်ပြီး ရွာနီးချုပ်စပ်မှာ သွားကြက်တိုက်နေတာပဲ။ ညနေကျတော့ အသောက်အစားကလေးနဲ့ပေါ့။ ကြက်တိုက်တတ်သွားတာ၊ အသောက်အစားလုပ်တတ်သွားတာကလည်း လူကြီးတွေနဲ့ပေါင်းပြီး သူတို့နိုင်းတာလုပ်၊ သူတို့နဲ့နေရင်း အဲဒီ အတတ်ပညာတွေကို ရလာတာ။ ဒါနဲ့ အမေကရော ဆွေမျိုးတွေကရော မဖြစ်ချေဘူး။ ဒီကောင်လေး ကြာရင် ပျက်စီးမယ်ဆိုပြီး ပန်းရံဆရာဦးကြီးတစ်ယောက်ရဲ့ လက်ထဲကို အပ်လိုက်တာ။

ပုဂံရောက်တော့ ကျွန်တော် ပန်းရံလုပ်တာကို တော်တော်စိတ်ပါသွားတယ်ဆရာ။ ပုဂံက ရှေးဘုရားကြီးတွေက အုတ်ကြီးတွေကလည်း သိပ်ကောင်း၊ စီတာတွေကလည်း တော်တော်သေသပ်တာကိုး ဆရာရဲ့။ ရှေးတုန်းက အုတ်စီတာ သရွတ်ကိုင်တာတွေကို သေသေချာချာကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သဘောကျသွားတယ်။ ဦးကြီးပြောတော့ အဲဒီခေတ်တွေတုန်းက ဘိလပ်မြေလည်း မရှိဘူးတဲ့။ ထုံးနဲ့ သစ်စေးနဲ့ လုပ်သွားတာတဲ့။ အဲဒီတုန်းကတော့ ကျွန်တော်က ပန်းရံကောင်းကောင်း မလုပ်တတ်သေးဘူးပေါ့။ အလုပ်ကြမ်းပေါ့။ မဆလာပဲ အဖျော်နိုင်းတယ်။ မဆလာဖျော်ရတဲ့ဘဝနဲ့ကို အကြာကြီးနေခဲ့ရတယ်။ အဲဒီတုန်းကတော့ ဘိလပ်မြေကလည်းပေါ်တော့ မဆလာကို တစ်၊ တစ်၊ သုံးပဲစပ်ကြတယ်။ ဘိလပ်မြေတစ်ဆ၊ ထုံးတစ်ဆ၊ သဲသုံးဆ။ ခုခေတ်မှာလို တစ်၊ သုံး၊ ငါးတို့ ဘာတို့ ဘယ်မှာ စပ်လိမ့်မလဲ။ မဆလာ မွှေတယ်ဆိုရင်လည်း အဲဒီတုန်းက စက်တို့ ဘာတို့ မရှိသေးတော့ ပေါက်ပြားနဲ့ပဲ မွှေရတာပဲ။ စေးနေအောင် နယ်ရတယ်။ ပန်းရံဆရာက စေးနေပြီလား၊ သမပြီလားဆိုတာ လာကြည့်တယ်။ လိုသေးတယ်ဆိုရင် မွှေဦးရော့ပဲ။ လက်မောင်းတွေ၊ ကျောတွေ၊ ခါးတွေကို အောင့်နေတာပဲ။ ပန်းရံဆရာက သူ့စိတ်ကြိုက် မဆလာရပြီဆိုတော့မှ ရပ်ရတယ်။

ကျွန်တော့် အတွေ့အကြုံအရပြောရရင် ပန်းရံဆရာကောင်းတစ်ယောက်ဖြစ်ဖို့အတွက် အခြေခံအကျဆုံးကတော့ မဆလာကောင်းကောင်းဖျော်တတ်ဖို့ပဲ။ ကျွန်တော့်ဦးကြီးပန်းရံဆရာဆိုရင် မြင်လိုက်ရုံနဲ့ အဲဒီမဆလာဟာ ကောင်းမကောင်း တန်းပြီးပြောနိုင်တယ်။ သဲများနေသလား၊ ထုံးများနေ့သလား၊ ရေနည်းနေသလား၊ ရေများနေသလားဆိုတာကို မြင်ရုံနဲ့ ပြောနိုင်တယ်။ မဆလာဖျော်ထားတာကို အဝေးကနေ လှမ်းကြည့်လိုက်ပြီး မရဘူး မရဘူး ထပ်မွှေဦးဆိုရင် မသက်သာဘူးသာ အောက်မေ့ပေတော့။

မဆလာဖျော်တာ တော်တော်ကျွမ်းကျင်ပြီးဆိုမှ ဦးကြီးက အုတ်သယ်နိုင်းတယ်။ အုတ်သယ်တယ်ဆိုတာကလည်း မလွယ်ဘူးဆရာရဲ့။ ပန်းရံဆရာ ဘယ်လိုအုတ်ကို လိုချင်နေသလဲဆိုတာ ကိုယ်က မြင်တတ်ရတယ်။ လေးပေါက်အုတ်လောက်လား၊ ဆယ်ပေါက်အုတ်အကောင်း လိုချင်တာလားဆိုတာ သိရတယ်။ ကျားပါးစပ်တွေ ဖွင့်ပစ်ခဲ့တော့မယ်။ ထောင့်ချိုးတွေ အကွေ့တွေကို ရောက်တော့မယ်ဆိုရင် ဆယ်ပေါက်အုတ် မလိုတော့ဘူးလေ။ လေးပေါက်အုတ်တို့၊ ခြောက်ပေါက်အုတ်တို့၊ ရှစ်ပေါက်အုတ်တို့လောက်သာ လိုတယ်။ အုတ်ကျိုးပေါ့ ဆရာရယ်။ ကိုယ်က အုတ်ကောင်းတွေ သယ်သွား





အကောင်းတွေကို ဖွဲ့နေရတဲ့အတွက် ပိုင်ရှင်မှာလည်း နစ်နာတယ်။ ရံဆရာမှာလည်း လုပ်ပင်ပန်းတယ်။ အချိန်ကုန်တယ်။

ဒီတော့ ပန်းရံဆရာ မတောင်းခင်ကတည်းက ဒီနေရာ အုတ်ကောင်းနဲ့ ယ့်နေရာလား၊ အုတ်ကျိုးနဲ့ စီမယ့်နေရာလားဆိုတာ ကိုယ်က မြင်တတ် တယ်။ နို့မို့ရင် ပန်းရံဆရာ ဆဲတာကိုချည်းပဲ ခံနေရမှာ။ အထက်ကို က်တော့ အုတ်ကို လှမ်းပစ်ပေးရတာ။ အောက်က ပစ်ပေးတဲ့ အုတ်ကို မ်းရတာမျိုးလည်း ရှိတယ်။ အပစ်မတတ်ရင် ဆီးဖမ်းတဲ့လူ ရင်ပတ်တို့ က်နှာတို့ကို ထိသွားနိုင်တယ်။ အဖမ်းမတတ်ရင် လက်ဖဝါးဟက်တက် သွားနိုင်တယ်။ အုတ်ဖောင်းက ကြည့်တော့သာ ဘာမှ မဟုတ်တာ။ တ်တော်ထက်တယ်။ အောက်က အရှိန်နဲ့ ပစ်ပေးတာကို ကိုယ်က မဖမ်း တ်ဘဲ ဖောင်းကို လက်နဲ့ သွားဆုပ်လိုက်မိရင် လက်ဖဝါးကြီး ဟက်တက် ပြီး သွေးတွေဝေါက်တောက် ပန်းထွက်တတ်တာမျိုး။

အဲဒါတွေပြီးတော့မှ သံလက်ကိုင်ရတယ်။ အဲဒီအခါကျရင်တော့ ပန်းရံ လုပ်သင်ပေါ့လေ။ အရေးကြီးတဲ့နေရာတွေကို မစီရသေးဘူး။ သိပ်အရေး ကြီးတဲ့နေရာ၊ အကြမ်းထည်ကိုင်မယ့်နေရာတွေလောက်ပဲ စီရမယ်။ မဟုတ် ဆရာ။ မဆလာ အချောမကိုင်ရသေးဘူး။ အုတ်စီရုံပဲ။ အဲဒီ အကြမ်း ည်ထည်နေရာတွေ အရေးမကြီးတဲ့နေရာတွေမှာ တော်တော်စီတတ်လာပြီ။ လက်ကို ကောင်းကောင်းကိုင်တတ်လာပြီဆိုတော့မှ အရေးကြီးတဲ့နေရာ တွေမှာ အုတ်စီနိုင်းတယ်။ ထောင့်ချိုးတို့ အိမ်ရှေ့မျက်နှာစာတို့၊ ကျား စပ်ဖွင့်ရမယ့် နေရာတို့မှာ အစီနိုင်းတယ်။ အဲဒါတွေ တော်တော်တတ်ပြီ မှ မဆလာကို အချောနိုင်းတယ်။ မဆလာအချောနိုင်းတဲ့နေရာမှာလည်း စောစောက ပြောသလို အရေးမကြီးတဲ့နေရာတွေမှာ လူမမြင်မယ့် နေရာတွေမှာပဲ အချောနိုင်းတယ်။ ကျွန်တော်တို့လက်ရာက ကြမ်းတယ် ဟုတ်လား။ ကြမ်းတော့ ဖြူတ်တွေ ထနေတတ်တယ်။ ဒီတော့ ကျွန်တော် လို လက်သင်တွေကို လူမြင်မယ့်နေရာတွေ၊ ဧည့်ခန်းတို့ အိပ်ခန်းတို့မှာ ချောမနိုင်းဘူး။

ပုဂံ ဘုရားဟောင်းတွေကို သွားပြီး မြင်ပြီးကတည်းက ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးနဲ့တောက်လျှောက် ပန်းရံလုပ်လာခဲ့တာပဲ။ ဟုတ်ကဲ့။ ရန်ကုန် ရော... တာကတော့ ကရဝိတ်ဆောက်မှ ရောက်တာပါ။ ကရဝိတ်ဟိုတယ်ဆော... မယ်ဆိုတော့ နီးစပ်ရာ နီးစပ်ရာ ပန်းရံဆရာကြီးတွေဆီက နယ်က ပန်း... ဆရာကလေးတွေကို ခေါ်ကြတယ်။ လုပ်ခလည်း သက်သာတယ်။ နိုင်... လည်း ကောင်းတယ်ဆိုပြီး ခေါ်တာထင်ပါရဲ့။ ပုဂံက ပြန်လာပြီး ချော... တို့၊ ကျောက်ပန်းတောင်းတို့၊ ရေနံချောင်းတို့မှာပဲ ဦးကြီးနဲ့အတူလိုက်... ပန်းရံလုပ်နေတယ်။ အဲဒီတုန်းမှာ ဦးကြီးလည်း ပန်းနာရင်ကျပ်နဲ့ ဆုံး... တော့ ကျွန်တော်တို့ ပန်းရံအဆိုင်းလည်း ခေါင်းကွဲသွားတယ်။

ဒီတင် ကျွန်တော် အလုပ်လက်မဲ့နဲ့ ယောင်လည်လည်ဖြစ်နေတ... အဲဒီတော့ ကျွန်တော်က အိမ်ထောင်ကျနေပြီ။ ကျွန်တော့်မိန်းမက ထ... သမား တောင်သူသမီးပါ။ သူက ငွေးချိုမှာ ထန်းရေခါးရောင်းတ... ဆရာလည်း ရောက်ဖူးမှာပေါ့။ ချောက်နဲ့ ကျောက်ပန်းတောင်းကြား... ငွေးချို ကားဆိပ်ရှိတယ် မဟုတ်လား။ ထမင်းဟင်းကောင်းတယ်။ ကြက်သ... ကြော်ကောင်းတယ်လို့ နာမည်ကြီးပြီး အဝေးပြေးကားတွေ ထိုးဆို... ထမင်းစားကြတဲ့နေရာလေ။ အဲဒီမှာ အဲဒီတုန်းက ကျွန်တော့်မိန်းမက ထ... ရည် ရောင်းတယ်။ သူနဲ့ ကျွန်တော်တို့ရဲ့ ဇာတ်လမ်းကတော့ သိပ်မ... ပါဘူး ဆရာ။ ကျွန်တော်တို့က ကျောက်ပန်းတောင်းတို့၊ သာစည်... မိတ္ထီလာတို့၊ ညောင်ဦးတို့ကို သွားအလုပ်လုပ်ရင်း အဲဒီမှာ ထမင်းစားနေ... ထန်းရည်ကလေးဘာလေး သောက်နေကျ။ အဲဒီမှာတွေ့ပြီး ချစ်ကြ... သွားကြတာပါပဲ။ အဲဒီ ... အိမ်ထောင်ကျတော့ ကျွန်တော့်ယော... ထန်းတောမှာ ထန်းတက်သေးတယ်။ သုံး လေးနှစ်လောက် ကြာမှာ... နောက်တော့ တောမှာနေရတာ သိပ်မပျော်ဘူး ဆရာရယ်။

ဒါနဲ့ ပန်းရံထဲ ပြန်လိုက်ပြီး ချောက်မှာပဲ ပန်းရံလုပ်နေတယ်။ အဲဒီ... မှာ ကရဝိတ်ဟိုတယ်ကြီးဆောက်မယ်ဆိုပြီး ကျွန်တော်တို့ဆီက ပန်းရံ... သွားအလုပ်လုပ်ကြတော့ ကျွန်တော်လည်း သူတို့နဲ့အတူ လိုက်လာ... ပန်းရံဝင်လုပ်တယ်။ ကရဝိတ်ပြီးတော့လည်း တောကိုမပြန်တော့ဘဲ ကျွန်... မြောက်ဥက္ကလာမှာ သူငယ်ချင်းတွေစုပြီး နေကြတယ်။ ပန်းရံလည်...





...တော့ လုပ်မြဲပေါ့လေ။ နောက်ကျတော့ ရတဲ့ငွေကလေးလည်း အိမ်ကို ...ပို့ပေါ့။ ကျွန်တော့်မှာ သမီးကလေးနှစ်ယောက်လည်း မွေးလာပြီလေ။ ... နောက် ရန်ကုန်မှာ အိမ်တွေ အဆောက်များလာတော့ ကျွန်တော်တို့ ...ရံတွေလည်း နည်းနည်းဟန်ကျလာတယ်ဆရာ။ ကျွန်တော်လည်း ပန်းရံ ...ရာကြီးစာရင်းထဲ ဝင်လာတယ်။ အရင်တုန်းကလို သူများအလုပ် လက်ခံ ...တာကို ကိုယ်က လက်ဝေခံလုပ်ရမျိုး မဟုတ်တော့ဘဲ ကိုယ်တိုင် ကြီးကြပ် ...လုပ်၊ ကိုယ်တိုင် အလုပ်လက်ခံတဲ့အဆင့်ကို ရောက်လာတယ်။

မှတ်မှတ်ရရ မြောက်ဥက္ကလာဟိုဘက်က ဘုန်းကြီးကျောင်းကို စဆောက် ...မှာ ကျွန်တော် ပန်းရံကန်ထရိုက်အနေနဲ့ စပြီး လက်ခံတာပဲ ဆရာ။ ...ယ်တိုင်လည်း ပန်းရံလုပ်၊ အလုပ်သမားလည်းငှား၊ ကိုယ်တိုင်ကြီးကြပ်။ ...မှာ ကျွန်တော့် ပန်းရံဆရာကြီး စဖြစ်လာတာပဲ။ နောက်တော့ အဆက် ...သူငယ်တွေ ဘာတွေရပြီး မြောက်ဥက္ကလာထဲက နံကပ်တိုက်ကလေးတွေ၊ ...င်ဥက္ကလာထဲက နံကပ်တိုက်ကလေးတွေကို ကန်ထရိုက်ရလာတယ်။ ...တော့ အာစီတွေကိုပါ ပန်းရံကန်ထရိုက် ရလာတယ်။ ဒီလိုနဲ့ ကျွန်တော် ...ရံဆရာကြီးဘဝ ရောက်လာတာဆိုပါတော့။

...အဲဒီတော့ ကျွန်တော်သားတွေ မယားတွေကိုခေါ်နိုင်ပြီဆရာ။ ကျွန်တော် ...တာကတော့ ပုရွက်ဆိတ်ကုန်းမှာ နေပါတယ်။ အိမ်ကလေးတစ်လုံးလည်း ...နိုင်လာတယ်။ ပေ ငါးဆယ်၊ ပေသုံးဆယ် မြေကွက်ကလေးပေါ်က ...င်နှစ်ခန်း၊ ထရံကာ သွပ်မိုးအိမ်ကလေးပါ ဆရာရယ်။ အဲဒီတုန်းကတော့ ...လောက်မှ မပေးရဘူး။ နှစ်သောင်းလောက်ပဲ ပေးလိုက်ရတယ်။ အဲဒီမှာ ...က ဘုတာရုံနားမှာ ဆေးလိပ်ဆိုင်ကလေး၊ ကွမ်းယာဆိုင်ကလေး

ကျွန်တော်က ပန်းရံဆရာလုပ်ပေါ့။ သမီးလေးတွေကလည်း ကြီးလာ ... သူတို့ကလည်း အများကြီး အထောက်အကူရပါတယ်။ ...တင့်အင်း ... သမီးတွေက တစ်ယောက်မှ အိမ်ထောင်မကျသေးပါဘူး ... အကြီးက ကောလိပ်ကိုရောက်နေပါပြီ။ ဒုတိယနှစ်ပေါ့။ အငယ်က ... ကိုးတန်းအောင်လို့ ဆယ်တန်းရောက်နေပါပြီ။ ...နှင့်တော့်အဖို့ ရန်ကုန်ရောက်တာ ဒီတစ်ခုတော့ မြတ်လိုက်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာ။ တောမှာသာနေရင် ကျွန်တော့်သမီးကလေးတွေ ထန်းရည်ပဲ ရောင်း ရမှာပေါ့။ ဒါမှမဟုတ် မဆလာပဲ သယ်နေရမှာပေါ့။ ခုတော့ သမီး တွေကို ပညာသင်ပေးနိုင်တယ်ဆိုတော့ ကျွန်တော် သိပ်ဝမ်းသာ ဂုဏ်လည်းယူတယ်။ ကျွန်တော့်အမျိုးထဲမှာရော သူ့အမျိုးထဲမှာ ကောလိပ်ရောက်ဖို့ မပြောနဲ့။ လေးတန်းအောင်တဲ့လူတောင် ခပ်ရှား ရယ်။

ခု ပန်းရံဆရာရဲ့သမီး ကောလိပ်ရောက်တယ်ဆိုတော့ ကျွန်တော့် ဒီ့ထက်ကြီးကျယ်တဲ့ အောင်မြင်မှုရှိနိုင်ဦးမှာလား ဆရာ။ ကျွန်တော့်သမီး ပညာတတ်ပြီး လူတစ်လုံး သူတစ်လုံးဖြစ်သွားတာကိုမြင်ရရင် ကျွန် သေပျော်ပါပြီ။ ကျွန်တော်တို့ အဘိုးကြီးအဘွားကြီးကတော့ ဘာထူး လဲ။ နေချိန်လည်း သိပ်မရှိတော့ပါဘူး။ သိပ်လည်း ချမ်းသာချင်တာ စည်းစိမ်နဲ့ နေရချင်တာတို့လည်း မရှိတော့ပါဘူး။ ဒီလောက် အခြေ ကို ရောက်ရင် တော်လောက်ပြီပေါ့။ ပန်းရံဆရာ ပန်းပန်နိုင်ပြီပေါ့

(ကလျာမဂ္ဂဇင်း၊ ဇွန်၊ ၁

* * *

# ရွာပုံတော်သစ်

www.burmeseclassic.com

www.burmeseclassic.com

# ရှာပုံတော်သစ်

ပုဂံတစ်ဝိုက်က ရွှာဟောင်းကြီးဘုရားခေါ် လောကမုန်ကင်းလိုဏ်ဂူဘုရားကြီးပေါ်သို့ ကျွန်တော်တို့နှစ်ယောက် တက်လာသောအခါတွင် တော်တော်မှောင်နေလေသည်။ အောက်တွင် မြင်းလှည်းတစ်စင်း ရပ်ထားသဖြင့် လိုဏ်ဂူပေါ်တွင် ကျွန်တော်တို့ထက် အရင်ရောက်နေသူများရှိကြောင်းကို သိနိုင်သည်။ ကျွန်တော်တို့သည် မှုန်ဝါးသော အလင်းရောင်ထဲတွင် ကွေ့ကောက်နေသော ကြောင်လိမ်လှေကားထစ်များကို စမ်း၍တက်လာခဲ့ကြ၏။ ရွှာဟောင်းကြီးဘုရား ပစ္စယာထက်မှနေ၍ အနောက်ဘက် တန့်ကြည့်တောင်ထိပ်တွင် တဖြည်းဖြည်း ဆုတ်ခွာစပြုနေသော နေဝင်ချိန်ကိုကြည့်ရန် ဖြစ်သည်။ ဓာတ်ပုံဆရာ ညောင်ဦးဖိုးချိုကမူ တန့်ကြည့်တောင်နောက်တွင် နေလုံးကြီး ပျောက်ကွယ်သွားမည်ကို စိုးရိမ်သဖြင့် ရှေ့မှ ခပ်သုတ်သုတ် တက်နေသည်။

"ဆရာ မြင်ရတယ်မဟုတ်လား။ နောက်ကဖြည်းဖြည်း တက်လိုက်လာခဲ့နော်။ ကျွန်တော် တက်နှင့်မယ်။ နေလုံးက တောင်ထိပ်ကို ရောက်နေ





ပြီ။ လျှောခနဲကျသွားမှာ၊ မမီလိုက်မှာစိုးလို့၊ ဒီရှုခင်းက ဒီအချိန်ကလေးမှာ ဖမ်းရိုက်မှ ရတာဆရာ"

လူဝသလောက် ဖျတ်လတ်သွက်လက်သော ညောင်ဦးဖိုးချိုသည် ကင်မရာအိတ်ကြီးကိုလွယ်ပြီး ရှေ့မှတက်သွားသည်။

ဟုတ်သားပဲ။ နောက်ထပ် ငါးမိနစ်လောက်အကြာ ပစ္စယာအထက်သို့ ကျွန်တော်ရောက်သွားသည့်အခါတွင် နေလုံးသည် တန့်ကြည့်တောင်ထိပ်တွင် လေးပုံတစ်ပုံလောက်သာ ကျန်တော့သည်။

"ဘယ့်နှယ့်လဲဗျို့ ကိုချိုကြီး ရလိုက်ရဲ့လား"

"ရပါတယ် ဆရာ။ ရတယ်။ နေဦး။ ကျွန်တော် ရသလောက်ကလေး ထပ်ရိုက်လိုက်ဦးမယ်။ သူတို့က ကျွန်တော်တို့ထက် စောရောက်တော့ တော်တော်လေး ရလိုက်တယ်။ ကင်မရာကြီးတွေကလည်း ကောင်းလိုက်တာ ဆရာရယ်။ ဒါမျိုးကြီးတွေနဲ့များ ရိုက်လိုက်ရရင်"

ညောင်ဦးဖိုးချိုသည် ပါးစပ်ကပြောရင်း ကင်မရာကို ထောင့်အမျိုးမျိုးမှ ချိန်ပြီး အိုမင်းသွားသော အနောက်ဘက်ဆည်းဆာကောင်းကင်ကို တဖျတ်ဖျတ်ရိုက်နေသည်။

နိုင်ငံခြားသားတစ်သိုက်မှာ ကျွန်တော်တို့ထက် အရင်ရောက်ကာ ကြီးမားလှသည့် ကင်မရာကြီးကို သုံးချောင်းထောက်တွေပေါ် အကျတင်ပြီး မိတ်တိုင်းကျ ရိုက်နေကြသည်။ နိုင်ငံခြားသားတစ်ယောက်၊ နှစ်ယောက်၊ သုံးယောက် ကင်မရာကလေးတစ်လုံးဖြင့် သူတို့အနားတွင်ရပ်ပြီး ရိုက်နေသည့် နောက်တစ်ယောက်လည်း ပါသေးသည်။ စုစုပေါင်းလေးယောက်။ ငါးသူတို့ စကားပြောသံများကြောင့် ဂျပန်အမျိုးသားတွေမှန်း ချက်ချင်း ခံလိုက်ရသည်။ သူတို့သည်လည်း အိုမင်းသော အနောက်ဘက်ဆည်းဆာ ရှုခင်းကို ဓာတ်ပုံရိုက်၍ မဝနိုင်ကြသေးဘဲ တဖျတ်ဖျတ်ရိုက်ယူနေကြသည်။

ကျွန်တော်သည် မောမောဖြင့် ပစ္စယာထောင့် စေတီငယ်တစ်ဆူအနီးရှိ ထန်းလျှားအိုကလေးတစ်လုံးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ကာ အိုမင်းသော အနောက်ဘက်ဆည်းဆာရှုခင်းကို ကြည့်နေသည်။

"ကျေးဇူးပြုပြီး ထိုင်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စကား မပီတပီဖြင့် ပြောသံကိုကြား၍ ကြည့်လိုက်သည့်အခါတွင် ခပ်စောစောက ကင်မရာငယ်ကလေးဖြင့် တစ်ယောက်တည်း ရိုက်နေသည့် ဂျပန်အမျိုးသားကြီးဖြစ်နေသည်ကို တွေ့ရသည်။

"အား ... သိပ်လှတယ်။ ခင်ဗျားတို့ မြန်မာပြည် သိပ်လှတယ်"

သူပြောလိုက်သည့် ပီသလှသော မြန်မာစကားကြောင့် ကျွန်တော် အံ့အားသင့်သွားသည်။ ဂျပန်အမျိုးသားကြီးမှာ အရပ်ပြတ်ပြတ်၊ ကိုယ်လုံးဖိုင့်ဖိုင့်၊ ပါးလျားဖြူဖွေးသော ဆံပင်များရှိပြီး အသက် ၇၀ ကျော်ခန့်ရှိမည်ဟု ထင်ရသည်။

"စီးကရက်သောက်"

သူက ကျွန်တော်ရှေ့သို့ မာဘာရိုစီးကရက်ဘူးကို ထိုးပေးသည်။ ကျွန်တော်က တစ်လိပ်ယူလိုက်သည့်အခါတွင် သူသည် မီးခြစ်ခြစ်ပြီးသား ဖြစ်နေသည်။

"မြန်မာလို တော်တော်ပြောတတ်တာပဲ။ ခင်ဗျား မြန်မာပြည်မှာ နေဖူးသလား"

သူက ခေါင်းကို အားရပါးရ ညိတ်လိုက်ပြီး ...

"နေဖူးတယ်။ စစ်အတွင်းတုန်းက ကျွန်တော် မြန်မာပြည်အနှံ့ ရောက်ဖူးတယ်။ ဗိုလ်ချုပ် ဆာကူရိုင်းရဲ့ အမှတ် ၂၈ တပ်မတော်နဲ့ ကဘော်ချိုင့်ဝှမ်းမှာလည်း စစ်တိုက်ခဲ့ဖူးတယ်။ ရခိုင်စစ်မျက်နှာမှာလည်း တိုက်ခဲ့ဖူးတယ်။ ပဲခူးရိုးမကိုလည်း ကျော်ခဲ့ဖူးတယ်။ စစ်တောင်းကိုလည်း ကျော်ခဲ့ဖူးတယ်။ ကျွန်တော် အများကြီး ရောက်ဖူးတယ်"

"အခု အလည်လာတာပေါ့"

သူ့မျက်နှာသည် ကြည်လင်နေရာမှ အနည်းငယ် မှုန်မှိုင်းသွားသလား ဖြစ်ကာ သက်ပြင်းကြီးတစ်ချက်ကို ရှိုက်လိုက်သည်။

"အလည်ပြောပါတော့။ ကျွန်တော့်နာမည် "ဟာရာဒါ"ပါ။ တိုးရစ်ဗီဇာနဲ့ လာတာပါ။ တကယ်ပြောရရင်တော့ အလည်သက်သက် မဟုတ်ပါဘူး"

"စီးပွားရေးကိစ္စပေါ့"

သူက ခေါင်းကို တွင်တွင်ယမ်းလိုက်ရင်း ...





"မဟုတ်ပါဘူး။ ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုပါ။ ကျွန်တော့် သားတစ်ယောက်နဲ့ မြေးတစ်လက်ကို လာရှာတာပါ"

"ခင်ဗျားသားတစ်ယောက် ဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော့်သား။ ပြီးတော့ ကျွန်တော့်မြေး။ ကျွန်တော့် အဘိုးပေးခဲ့တဲ့ ကန်ကီချို"

သူက မြန်မာလိုပြော၍ အားမရဟန်ဖြင့် မြေးလွယ်ကို ဂျပန်လို ပြောသည်။

"ကျွန်တော့်သားနဲ့ ကျွန်တော့်မြေး မြန်မာပြည်မှာ ကျန်ရစ်တယ်လေ၊ ကျွန်တော့်ဘဝမှာ အရေးအကြီးဆုံးအရာနှစ်ခု ကျန်ရစ်ခဲ့တဲ့နေရာကို ကျွန်တော် ဘယ်တော့မှ မမေ့နိုင်ဘူး"

ရင်ထဲမှ ခံစားချက်ဖြင့် လှိုက်လှိုက်လှဲလှဲပြောနေသော သူ့စကားများသည် ဆွေးလျှဖွယ် ကောင်းနေ၏။

"ဂျပန်ပြည်မှာ သမီးလေးနှစ်ယောက်ရှိတယ်လေ။ သားတစ်ယောက်မှ မရှိဘူး။ မြန်မာပြည်ရောက်တော့မှ ကျွန်တော့်မှာ သားရတာ။ ဒါပေမဲ့ ဒီသားဟာ ခု ဘယ်ရောက်နေမှန်း မသိဘူး။ ရှာလို့မရတော့ဘူး။ မသေတော့ မသေဘူးထင်တာပဲ။ ဒါပေမဲ့ ခုထိတော့ ရှာလို့မရသေးဘူး"

"သားကရှိရင် အသက်ဘယ်လောက်ရှိမှာလဲ။ လေးဆယ်ကျော် ငါးဆယ် တွင်းတော့ ရောက်ရောပေါ့"

"အား ဟုတ်တယ်။ ကျွန်တော့်သားက ၁၉၄၃ ခုနှစ်မှာ မွေးတာ၊ ခုဆိုရင် ၄၇ နှစ်ရှိပြီ။ (သူနှင့် ကျွန်တော် တွေ့ကြသည်မှာ ၁၉၉၀ ခုနှစ်က ဖြစ်သည်) ကျွန်တော် ကသာနယ်မှာ တာဝန်ကျတုန်းက ရွှေလီရိုးထဲက ရွာတစ်ရွာမှာ "မရွှေ"ဆိုတဲ့ မြန်မာအမျိုးသမီးနဲ့ အိမ်ထောင်ကျတယ်၊ ကျွန်တော် တကယ်ချစ်လို့ လက်ထပ်တာပါ။ အနိုင်အထက် သိမ်းပိုက်တာ မဟုတ်ပါဘူး။ မရွှေက လှတယ်။ ငယ်လည်း ငယ်တယ်။ အသားကလည်း ရွှေလိုဝင်းနေတယ်။ သူ့ကိုမြင်တော့ ကျွန်တော် သိပ်ချစ်သွားတယ်။ စစ်ပြီးရင် ကျွန်တော် ဂျပန်ပြည်ကို မပြန်တော့ဘဲ မြန်မာပြည်မှာပဲ မရွှေနဲ့ နေခဲ့တော့မယ်လို့ ကျွန်တော် ဆုံးဖြတ်ခဲ့တယ်။ ကျွန်တော်တို့မှာ သားကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မွေးတယ်။ သားလေးမွေးတော့ ကျွန်တော် သိပ်ဝမ်းသာတယ်။ ဂျပန်ပြည်မှာ ကျွန်တော့်မိန်းမ ကျန်ရစ်ခဲ့တယ်။ သူက သမီးနှစ်ယောက် မွေးတယ်။ သားလိုချင်နေတုန်း သားလေးရတော့ ကျွန်တော် သိပ်ဝမ်းသာတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စစ်တပ်ထုံးစံအရ မရွှေနဲ့ကျွန်တော် အတိအလင်း နေလို့မရဘူး။ တိတ်တိတ်ပုန်းပဲ နေကြရတယ်။ ကျွန်တော့်သားလေး တစ်နှစ်သားလောက်ရောက်တော့ ကျွန်တော် ကိုဟီးမား စစ်မြေပြင်ကို ထွက်သွားရတယ်။ နောက် ကိုဟီးမားမှာ ကျွန်တော်တို့တပ်တွေ ရှုံးလာတယ်။ အကျအဆုံးလည်း သိပ်များတယ်။ ရောဂါတွေလည်း ဖြစ်တယ်။ ဒါနဲ့ ကျွန်တော်တို့တပ်ကို ခဏနားဖို့ဆိုပြီး ရခိုင်ကို ပို့လိုက်တယ်။ ဒါပေမဲ့ ရခိုင်စစ်မျက်နှာမှာလည်း မနားရပါဘူး။ ကျွန်တော် မရွှေနဲ့ ကျွန်တော့် သားလေးကို သိပ်သတိရတာပဲ။ ဒါပေမဲ့ ခွဲလာကတည်းက တစ်ခါမှ ပြန်မတွေ့ရတော့ဘူး။ ပြန်တွေ့ရင် ကျွန်တော့်သားကို ဂျပန်ခေါ်မယ်။ ဟိုမှာ အလုပ်အကိုင်ရှာပေးမယ်။ သူမလိုက်နိုင်ရင်လည်း ကျွန်တော် တတ်နိုင်သမျှ ထောက်ပံ့မယ်။ ဒါကြောင့် ကျွန်တော် သူ့ကို လာရှာတာ"

"ခု ရှာပြီးပြီလား"

"ပြီးပြီ။ ကျွန်တော် ဗီဆာ ဆယ့်ငါးရက် ရတယ်။ သန်ဘက်ခါဆိုရင် ပြန်ရတော့မယ်။ ကျွန်တော် ကသာနယ်ထဲမှာ လိုက်ရှာတယ်။ ရွာကို သွားရှာတယ်။ မတွေ့ဘူး။ သားကိုတွေ့ဖို့မပြောနဲ့ သူတို့ကို သိတဲ့လူတောင် အဲဒီရွာမှာ မရှိတော့ဘူး။ လူသစ်တွေ၊ နောက်လူတွေချည်းပဲ။ ခက်တာက မရွှေအဖေနဲ့အမေ့နာမည်ကို ကျွန်တော် မေ့နေတယ်။ ဦးဘိုးသိန်းလို ထင်လို့ ဦးဘိုးသိန်းကို မေးကြည့်တော့ ဦးဘိုးသိန်းဆိုတာလည်း သူတို့ရွာမှာ မရှိဘူးလို့ ပြောတယ်။ ခုလောက်ဆိုရင် မရွှေဟာ အဘွားကြီး ဖြစ်လောက်ရောပေါ့။ နောက်အိမ်ထောင်ကျလို့ သားသမီးတွေဘာတွေ ရချင်လည်း ရနေမှာပဲ။ ကျွန်တော့်သားကို သူငယ်ငယ်ကလေးကတည်းက ကွဲလာခဲ့တာဆိုတော့ ကျွန်တော့်ကိုလည်း သူက မသိဘူး။ ကျွန်တော်ကလည်း သူ့ကို မသိဘူး။ ဒီတော့ မရွှေကို အရင်တွေ့အောင်ရှာဖို့ အရေးကြီးတယ်။ ဒါမှမဟုတ်ရင် လည်း မရွှေရဲ့ ရင်းနှီးတဲ့ဆွေမျိုး၊ ရင်းနှီးတဲ့မိတ်ဆွေတွေကို တွေ့အောင်





ရှာဖို့ အရေးကြီးတယ်။ ပထမ ကျွန်တော် မရွှေကို လိုက်ရှာကြည့်တယ်။ ကသာနယ်ထဲမှာရော ကျွန်တော် ရောက်လေရာရာမှာရော မရွှေနဲ့တူတဲ့ မိန်းကို လိုက်ရှာတယ်။ မတွေ့ဘူး။ ဒါနဲ့ မရွှေကိုသိသလားဆိုပြီး အဲဒီနယ်က လူတွေကို မေးကြည့်တယ်။ ကြေကွဲစရာပဲဗျာ။ ဒီလောက်များလူတွေထဲမှာ မရွှေကိုသိတဲ့လူဆိုလို့ တစ်ယောက်မှ မရှိပါကလား။ ခုတော့ မြန်မာပြည် ရောက်တဲ့ အချိန်ကစပြီး မရွှေ သို့မဟုတ် မရွှေနဲ့တူတဲ့မိန်းမကို ကျွန်တော် လိုက်ရှာတာ တစ်ယောက်မှ မတွေ့ဘူး။ သူ့ရွာမှာလည်း မရှိဘူး။ ဒီတော့ အမေကို မတွေ့တဲ့အခါကျတော့ သားကို ကျွန်တော် ဘယ်လိုလုပ် လိုက်ရှာတော့မှာလဲ။ ခုတော့ ကျွန်တော် ပြန်ရတော့မယ်လေ။ တော်တော်တော့ ကြေကွဲစရာကောင်းတဲ့အဖြစ်ပဲ"

သူသည် စီးကရက်တစ်လိပ်ပြီးတစ်လိပ်ဖွာရင်း စကားပြောနေသည်။

"ခင်ဗျားပြောတဲ့ ဓားကကော ရှာပြီးပြီလား"

"အား ကန်ကီချိ ဟုတ်တယ်။ ကန်ကီချိကိုလည်း ရှာခဲ့ပြီးပြီ။ မတွေ့ဘူး။ ကြေကွဲစရာပဲ"

"ဓားကတော့ ဘယ်မှာ ကျန်ရစ်ခဲ့တာလဲ။ ခင်ဗျားလွယ်ခဲ့တဲ့ ဓားလား"

ကျွန်တော့်အဘိုး လွယ်ခဲ့တဲ့ဓား။ ကျွန်တော့်အဘိုးက ရုရှား-ဂျပန် စစ်ပွဲတုန်းက ပါခဲ့တယ်။ အဲဒီဓားကို အဖေကိုင်တယ်။ အဖေက မန်ချူးရီးယားကို ဝင်တိုက်တော့ ကွမ်တောင်တပ်မတော်နဲ့ ပါသွားတယ်။ နောက်တော့ မန်ချူးရီးယားမှာ ကျတယ်။ အဲဒါက ၁၉၃၇ ခု၊ ကျွန်တော်က ကျောင်းသားပဲ ရှိသေးတယ်။ အဖေကျသွားတော့ သူ့ရဲဘော်တွေက အဖေ့ဓားလွယ်ကိုယူပြီး အိမ်ကို ပြန်ပို့ပေးကြတယ်။ မြန်မာပြည်ကိုတိုက်တော့ ဂျပန်အမှတ် ၂၈ တပ်မတော်နဲ့အတူ ကျွန်တော် ပါလာတယ်။ တစ်လျှောက်လုံး ဒီဓားလွယ်ကို ကျွန်တော် လွယ်ခဲ့တယ်။ မြန်မာပြည် စတိုက်တုန်းက စစ်တောင်းတံတားတိုက်ပွဲမှာလည်း ဒီဓားနဲ့ ရန်သူတွေကို ခုတ်ခဲ့တယ်။ ကိုဟီးမားတိုက်ပွဲမှာလည်း ဒီဓားလွယ်ကို ကျွန်တော် ကိုင်ခဲ့တယ်။ ရခိုင်စစ်မျက်နှာမှာလည်း ဒီဓားလွယ်ကို ကျွန်တော် ကိုင်ခဲ့တယ်။ ကျွန်တော့်အဘိုး ကိုင်ခဲ့တဲ့ ကန်ကီချိ။ ကျွန်တော်တို့ အမျိုးထဲမှာ အဘိုးကိုယ်စား၊ အဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စား သားစဉ်မြေးဆက် ကိုင်ခဲ့တဲ့ ကန်ကီချိ။ ဒီဓားလွယ်ဟာ ရုရှား စစ်မြေပြင်၊ တရုတ်ပြည် စစ်မြေပြင်။ မန်ချူးရီးယား စစ်မြေပြင်၊ မြန်မာ စစ်မြေပြင်တွေမှာ ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက် သားစဉ်မြေးဆက်ကိုင် ခဲ့တဲ့ ဓားလွယ်မဟုတ်လား။ ဒီဓားလွယ်ကို ကျွန်တော် လိုက်ရှာတာလည်း ခုတော့ ကျွန်တော် မတွေ့ခဲ့ပါဘူး"

"ရှာခဲ့ပြီးပြီပေါ့"

"ဟုတ်တယ်။ ရှာခဲ့ပြီးပြီ။ မတွေ့ခဲ့ပါဘူး။ ကြေကွဲစရာပဲ"

"ဘယ်မှာ ကျန်ရစ်ခဲ့တာလဲ။ ကျန်ရစ်ခဲ့တဲ့နေရာကိုကော မှတ်မိတယ် မဟုတ်လား"

"သိပ်မှတ်မိတာပေါ့။ ကျွန်တော်တို့တပ် ရခိုင်ကနေ တောင်ကုတ်ကိုဖြတ် ပြီး ပြည်ကို ဆုတ်လာကြတယ်။ ရန်ကုန်မှာ ကျွန်တော်တို့ စစ်ဌာနချုပ် မရှိတော့ဘူး။ မော်လမြိုင်ကို ပြောင်းသွားပြီ။ ဒီတော့ ကျွန်တော်တို့တပ်တွေ လည်း ပြည်ရဲ့ အရှေ့ဘက်ကနေပြီး ပဲခူးရိုးမထဲကို ဝင်လာခဲ့ကြတယ်။ ကျွန်တော် မှတ်မိတယ်။ ၁၉၄၅-ခု၊ မေလ ၁၉ ရက်နေ့၊ ကျွန်တော့် သားလေး မွေးတဲ့နေ့၊ ကျွန်တော့်သားက ၁၉၄၃-ခုနှစ်၊ မေလ ၁၉ ရက် နေ့မှာ မွေးတာ။ လွန်ခဲ့တဲ့နှစ်နှစ်က ကျွန်တော့်ရဲ့ ပထမဆုံးသားကို မွေးပြီး နောက်နှစ်နှစ်ကြာတဲ့ မေလ ၁၉ ရက်နေ့မှာ ပဲခူးရိုးမထဲက တောကြီး မျက်မည်း ကျွန်တော့်သားကလေးကို ဘယ်တော့မှ မတွေ့နိုင်တော့တဲ့ အဖြစ် မျိုးကို ရောက်နေရတယ်။ ဘယ်လောက် ကြေကွဲစရာ ကောင်းသလဲ။ အဲဒီနေ့က ကျွန်တော်တို့တစ်တွေ ဆင်တဲစခန်းဆိုတဲ့နေရာကလေးကို ရောက်ကြတယ်။ လူသူရယ်လို့ တစ်ယောက်မှ မရှိဘူး။ အဲဒီနားမှာ ဝါးမိုး တွေနဲ့ တဲထိုး၊ ငှက်ပျောရွက်တွေမိုးပြီး တစ်ညနားကြတယ်။ အနားမှာလည်း စမ်းချောင်းကလေးတစ်ခု ရှိတယ်။ ရေသိပ်ငတ်နေတုန်းမှာ စမ်းချောင်း ကလေးကိုတွေ့တော့ ဘာပြောကောင်းမလဲဗျာ။ အပြေးအလွှားသောက် ရေပုလင်းထဲ ရေဖြည့်တဲ့သူဖြည့်၊ ရေချိုးသူချိုးနဲ့ သိပ်ဝမ်းသာကြတာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ ဝမ်းသာလိုက်ရချိန်ဟာ သိပ်တော့ မကြာလိုက်ဘူး ဗျ၊ နောက်တစ်နေ့ စမ်းချောင်းကလေးဘေးအတိုင်း တောင်ရိုးပေါ်





တက်တဲ့ လမ်းကလေးအတိုင်း တက်လာခဲ့ကြတော့ စမ်းချောင်းထဲမှာ မြင်း သေကောင်ကြီးတစ်ကောင်ဗျာ။ စမ်းချောင်းထဲ ခေါင်းစိုက်ပြီး သေနေတယ်။ ခေါင်းရော၊ တစ်ကိုယ်လုံးရော ပုပ်ပွရောင်ကိုင်းပြီး လောက်တွေ တဖွားဖွားတက်နေတယ်။ လက်စသတ်တော့ ကျွန်တော်တို့သောက်လာခဲ့တဲ့ စမ်း ချောင်းရေဟာ အဲဒီက စီးလာတာကိုး။

ပြီးတော့ ကျွန်တော်တို့တစ်တွေ တောင်ကုန်းအမှတ် ၁၂၂၁ ပေါ်ကို တက်လာခဲ့ကြတယ်။ အဲဒီတောင်ကုန်းကနေပြီး ပဲခူးချောင်းဖျားကို ဆင်းလာ ခဲ့ကြတယ်။ ပဲခူးချောင်းအစပေါ့လေ။ ချောင်းက ကိုက် ၆၀ လောက် ကျယ်ပေမယ့် ခါးလောက်ပဲနက်တယ်လို့ ကျွန်တော်တို့ လွယ်လွယ်ပဲ ကူးနိုင် ခဲ့ကြတယ်။ ဒါပေမဲ့ ပဲခူးချောင်းရဲ့ လက်တက်တစ်ခုဖြစ်တဲ့ ဓဝယ်ချောင်း ကတော့ ကျွန်တော်တို့ တော်တော် ခက်ခက်ခဲခဲ ကူးရတယ်။ ပဲခူးချောင်း လောက် မကျယ်ပေမယ့် ရေက သိပ်နက်တာကိုး။ ရေစီးကလည်း သန်တယ်။ ကျွန်တော်တို့ တပ်သားလေးယောက်လောက် ရေစီးထဲမျောပါသွားကြတယ်။ အဲဒီလူတွေကို နောက်ထပ် ပြန်မတွေ့ရတော့ဘူး။ အဲဒီချောင်းကို ကြိုးတန်း၊ ဖက်သီးတပ်၊ ဖောင်ဖွဲ့ပြီး ဖက်သီးနဲ့ဆွဲပြီး ကူးရတယ်။ တစ်ခါကူးရင် ညည်းနည်းပဲ ကူးလို့ရတဲ့အတွက် ကျွန်တော်တို့တစ်တွေ နှစ်ရက်ကြာအောင် ကူးယူရတယ်။

ကျွန်တော့်တပ်သားအများစုက ဝမ်းကိုက်နေကြတယ်။ ငှက်ဖျားစွဲနေ ကြတယ်။ ခု ရန်သူက ရန်ကုန်ပြည်လမ်းကို သိမ်းထားလိုက်ပြီ။ ရန်ကုန်- မန္တလေးလမ်းမကြီးကိုလည်း သိမ်းထားလိုက်ပြီ။ ကျွန်တော်တို့ ပဲခူးရိုးမထဲမှာ ပိတ်မိနေကြတာ။ ရိုးမပတ်လည်မှာ ရှိနေတဲ့ ရန်သူစခန်းတွေကြားထဲက ဖောက်ထွက်၊ စစ်တောင်းကိုကူး၊ စစ်တောင်းအရှေ့ကမ်းကမှ ဟိုတစ်ဖက် နိုင်ငံထဲကို ဆုတ်ရမှာ။ ဒီတော့ ကျွန်တော့်မှာ အနည်းဆုံး တစ်လစာ ရိက္ခာတော့ ပါမှ။ ကျွန်တော်တို့မှာ ဘာမှမရှိဘူး။ ဒါနဲ့ ကျွန်တော် တပ်သား တွေကိုခေါ်ပြီး ဓားတူကိုဝင်တယ်။ ဓားတူကို ခင်ဗျားသိတယ် မဟုတ် လား။ ပဲခူးချောင်းဖျားက ရွာကြီးလေ"

"အဲဒီတုန်းက ခင်ဗျားကန်ကီချိ ရှိသေးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်တော့်စကားကို သဘောကျ၍ ရယ်သည်။

"အား ရှိတယ်။ ရှိတယ်။ အဲဒီတုန်းက ကျွန်တော့်လက်ထဲမှာ ရှိသေးတယ်။ ဖောင်းတူရောက်တော့ ရွာတစ်ရွာလုံး လူတစ်ယောက်မှ မရှိဘူး။ ဒါပေမဲ့ ဆန်တွေ၊ စားစရာတွေ တွေ့ရတယ်။ မီးဖိုထဲက အိုးတွေကို လှစ်ကြည့်တော့ ငါးပိအိုးတွေ တွေ့ရတယ်။ ငါးပိတွေကို ဝါးကျည်တောက်နဲ့ ထည့်၊ ဆန်တွေကို အိတ်နဲ့လွယ်ပြီး ကျွန်တော်တို့ ဖောင်းတူက ပြန်ထွက်လာခဲ့ကြတယ်။ ဖောင်းတူကိုဝင်တော့ ကျွန်တော့်နောက်မှာ တပ်သားနှစ်ရာလောက် ပါလာတယ်။ ဖောင်းတူက ပြန်လာတော့ ကျွန်တော့်တပ်သားတွေ တော်တော် စိတ်ဓာတ်ကျကုန်ပြီ။ အလစ်မှာ ထွက်ပြေးကုန်ကြတယ်။ တချို့လည်း လဲကျကျန်ရစ်ခဲ့ကြတယ်။ ဆက်မလိုက်နိုင်တော့ဘူး။ တချို့လည်း လက်ပစ်ဗုံးခွဲပြီး ကိုယ့်ကိုယ်ကို သတ်သေသွားကြတယ်။ အနားက တောတွေထဲမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေကြလို့ လက်ပစ်ဗုံးတွေ တဝုန်းဝုန်း ပေါက်နေတယ်။ ကျွန်တော့်မှာ လူမမာ လေးဆယ်ကျန်သေးတယ်။ ဒါကြောင့် ဗိုလ်လေး "ကီနိုရှိတာ"ကို လူမမာ လေးဆယ်နဲ့ ထားပစ်ခဲ့ရတယ်။ ကျွန်တော်တို့အတွက် ရန်ကုန်–မန္တလေးမီးရထားသံလမ်းရောက်ရုံ ရိက္ခာယူပြီး ကျန်ရိက္ခာကို ထားပစ်ခဲ့ပြီး အရှေ့ဘက် ရန်ကုန်–မန္တလေးလမ်းဘက်ကို ဆင်းကြတယ်။ ဗိုလ်လေးကီနိုရှိတာရဲ့ မျက်နှာကို ကျွန်တော်ဘယ်တော့မှ မမေ့တော့ဘူးဗျာ။ သူ့မျက်နှာဟာ ပြုံးပြီး တည်ငြိမ်နေတယ်။ ခွဲခါနီး နှုတ်ဆက်တော့ သူက တည်ငြိမ်တဲ့အပြုံးကိုပြုံးပြီး ခင်ဗျားကတော့ အောင်မှာပါဗျာ လို့ ပြောလိုက်တဲ့ စကားကိုလည်း ကျွန်တော် ဘယ်တော့မှ မမေ့တော့ဘူး ဒီတစ်ခါဟာ သူနဲ့ ကျွန်တော် နောက်ဆုံးတွေ့ခြင်း၊ နောက်ဆုံးနှုတ်ဆက်ခြင်း ဖြစ်တယ်ဆိုတာ သူကောင်းကောင်းသိတယ်။ ဒါပေမဲ့ မျက်နှာတစ်ချက်မပျက်ဘူး။ ကျွန်တော်ထင်တဲ့အတိုင်းပါပဲ။ ကီနိုရှိတာနဲ့ လူမမာလေးဆယ်အကြောင်းကို နောက်ကျတော့ ဘာမှလည်း မကြားရတော့ပါဘူး။ သူတို့ လူမမာ လေးဆယ်ရော ပဲခူးရိုးမတောကြီးထဲမှာ ပျောက်သွားကြတယ်။

ဩဂုတ်လတစ်ရက်နေ့ မနက်သုံးနာရီမှာ ကျွန်တော်တို့တပ် ရန်ကုန်–မန္တလေး လမ်းမကြီးကိုဖြတ်တယ်။ ကျွန်တော်တို့ ဖြတ်နေတုန်း ရှေ့ဘက် လေယာဉ်က ခေါင်းပေါ်ကို မီးကျည်တွေချပြီး စက်သေနတ်နဲ့ လိုက်ပစ်တယ်။ အနီးတစ်ဝိုက်မှာ လက်ချင်းဆက်မိမတတ် ချထားတဲ့ ရန်သူတပ်တွေကလည်း ကျွန်တော်တို့ကို အမြောက်ကြီးတွေနဲ့ လှမ်းပစ်ကြတယ်။ ကျွန်တော်တို့မှာ လက်နက်ကြီးဆိုလို့ ဘာမှ မပါဘူး။ လက်ပစ်ဗုံးလောင်ချာလောက်ပဲ ပါတယ်။ အဲဒီပါတဲ့ လက်နက်ငယ်ကလေးတွေနဲ့ ပြန်ပစ်ပြီး ရန်ကုန်–မန္တလေး မီးရထားသံလမ်းနဲ့ မော်တော်ကားလမ်းကို အတင်းဖြတ်ကျော်ပြီး အရှေ့ဘက်ရောက်လာခဲ့ကြတယ်။ ရန်သူအမြောက်နဲ့ဝေးရာရောက်တော့ ကျွန်တော်က ကျွန်တော့်တပ်သားတွေကို ဒီမှာစခန်းချမယ်။ ပြီးရင် ဒီကနေ အရှေ့တောင်ကိုရွေ့မယ်လို့ ပြောတယ်။

ဩဂုတ်လ ၇ ရက်နေ့မှာ ကျွန်တော်တို့ တပ်ကြွင်းတွေ ဒလဆိပ်ကို ရောက်တယ်။ ဒလဆိပ်ကို ခင်ဗျားရောက်ဖူးသလား"

ကျွန်တော် ခေါင်းခါပြသည်။

"ဒလဆိပ်ဆိုတာ စစ်တောင်းမြစ်ကမ်းက ရွာကလေးဗျ။ ကျွန်တော်တို့ နောက်မှာ ရန်သူက လိုက်နေတယ်။ ခေါင်းပေါ်ကလည်း လိုက်လာတယ်။ မြေပြင်ကလည်း လိုက်လာတယ်။ ဒီကြားထဲမှာ တိုက်ပွဲတွေ မကြာခဏ ဖြစ်လို့ ကျွန်တော်တို့တစ်တွေ တရကြမ်းဆုတ်ပြေးခဲ့ကြတယ်။ ကျွန်တော် စိတ်ကူးတာက ဒလဆိပ်ရောက်ရင် လေ့ရှာမယ်။ အရှေ့ဘက်လမ်းကို ကူးမယ်ပေါ့။ ဒါပေမယ့် ဟိုရောက်တော့ ဒလဆိပ်ကို ရန်သူက သိမ်းပြီးသား ဖြစ်နေပြီ။ လှေလိုချင်တဲ့အတွက် ကျွန်တော်တို့ ဒလဆိပ်ကို တိုက်ကြတယ်။ ဒါပေမယ့် ရန်သူက လက်နက်သိပ်ကောင်းတယ်လေ။ ကျွန်တော်တို့မှာ လက်ပစ်ဗုံးလောင်ချာ သုံးလေးလက်ပဲ ကျန်တော့မယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ဒလဆိပ်ကို မတိုက်တော့ဘဲ ကွင်းလာခဲ့ကြတယ်။ ကျွန်တော်တို့ ဘဝမှာ "ပူကာမီ" ဒဏ်ရာရတာ အဲဒီတိုက်ပွဲမှာပေါ့။ ကျွန်တော်တို့လည်း ပူကာမီကို ထမ်းစင်နဲ့တင်ပြီး ခြောက်ပေလောက်မြင့်တဲ့ ကိုင်းတောကြီးတွေကိုဖြတ်ပြီး စစ်တောင်းမြစ်ကမ်းဘက်ကို လာခဲ့ကြတယ်။ မှတ်မှတ်ရရ အဲဒီနေ့က ဩဂုတ်လ ၈ ရက်နေ့ဗျ။ ရန်သူက ကျွန်တော်တို့ကို တောင်ဘက်၊ မြောက်ဘက်နဲ့ အနောက်ဘက်ကနေပြီး အမြောက်ကြီးတွေနဲ့ လှမ်း







www.burmeseclassic.com

www.burmeseclassic.com



ပစ်နေတယ်။ ကျွန်တော်တို့ ဒီနေရာမှာ ကြာကြာနေလို့ မရဘူး။ အရှေ့ဘက်ကမ်းကို မြန်မြန်ကူးနိုင်မှ ဖြစ်မှာ။ နောက်တော့ ပုန်းနေတဲ့ ရန်သူက အတင်းဝင်တိုက်လို့ ကျွန်တော်တို့တပ်လည်း ပျက်သွားတယ်။ တပ်မှူးကာမီလည်း အဲဒီတိုက်ပွဲမှာ ကျသွားတယ်။ ကျွန်တော် ရန်ကုန်-မန္တလေးလမ်းကို ဖြတ်ကျော်လာခဲ့တုန်းက ကျွန်တော်တို့မှာ လူ ၁၀၀ လောက်ရှိသေးတယ်။ ခု ၁၇ ယောက်ပဲ ကျန်တော့တယ်။ တချို့လည်း တိုက်ပွဲကျ တချို့လည်း ထွက်ပြေး၊ တချို့လည်း လက်ပစ်ဗုံးနဲ့ ကိုယ့်ကို "ဟာရာကီရီ" လုပ်သွားကြတယ်။

အဲဒီနားတစ်ဝိုက်မှာ စစ်တောင်းမြစ်က တော်တော်ကျယ်တယ်ဗျ။ ကျွန်တော့်အထင်တော့ ကိုက်ရာပေါင်းများစွာ ရှိမယ်ထင်တယ်။ ရေစီးကလည်း သန်တယ်။ ကျွန်တော့်မှာ ကူးစရာလှေ မရှိဘူး။ ဒါနဲ့ အဲဒီနားမှာ ကျွန်တော်တို့တစ်တွေ တစ်ရက်လောက်၊ နှစ်ရက်လောက် လှေရှာနေကြတုန်းမှာ လှေကလေးတစ်စင်း လှော်လာတာ တွေ့ရတယ်။ အဲဒီလှေကို ယူမယ်ပေါ့။ ဒီဘက်ကမ်းကို ရောက်ပေ့စေပေါ့ဆိုပြီး စောင့်နေကြတယ်။ လှေက တဲကလေးရဲ့ ရေစင်တိုင်မှာ ချည်ထားတယ်။ ညကျတော့ ကျွန်တော်တို့က အဲဒီလှေကလေးကို ယူဖို့ ကြိုးစားတယ်။ ဒါပေမဲ့ တဲနားရောက်တော့ တဲထဲက စက်သေနတ်နဲ့ တဝေါဝေါ ဆီးပစ်တာနဲ့ ကျွန်တော်တို့ အနားမကပ်နိုင်ဘဲ ဖြစ်ရတယ်။ နောက်ဆုံးတော့ ကျွန်တော်တို့ ဝါးပိုးတွေခုတ်၊ လျှော်နဲ့တွဲချည် ဖောင်ဖွဲ့၊ အဲဒီဖောင်ပေါ်မှာ ရိက္ခာထုပ်တို့ လက်နက်တို့တင်၊ လူကတော့ ရေထဲကဖောင်ကိုတွယ်ပြီး လိုက်လာကြရတယ်။ ခြောက်ယောက်တစ်ဝ ဟိုဘက်ကမ်းကို ကူးရတယ်။ စစ်တောင်းမြစ်ထဲက ပုပ်ပွနေတဲ့ အလောင်းတွေပြည့်နေတာပဲ။ ကျွန်တော်တို့ တပ်သားတွေလေ။ တချို့လည်း အထဲက မျောပါသွားကြတယ်။ တချို့ ကိုင်းပင်တို့၊ ဒိုက်ပုံတို့နဲ့ငြိပြီး အဲဒီနေရာမှာ ဝဲလည်နေကြတယ်။

ကျွန်တော်တို့အားလုံးရောက်တော့ စားကျက်တွေကိုဖြတ်ပြီး ရွာကလေးတစ်ရွာဆီကို လာခဲ့ကြတယ်။ စားကျက်အစွန်းရောက်တော့ တဲကလေးတစ်လုံးထဲက သေနတ်သံတွေ ပေါ်လာပြီး ကျွန်တော့်တပ်စုမှူး ကိုနီမူရာ ကျသွား





တယ်။

အဲဒီရွာကလေးကို ရှောင်ကွင်းပြီး ကျွန်တော်တို့ အရှေ့တောင်ဘက်ကို မှန်းလာခဲ့ကြတယ်။ ကျွန်တော်တို့မြေပုံတွေ ပါပေမယ့် ရေစိုနေတော့ သုံးလို့မရတော့ဘူးလေ။ ကျွန်တော့်မှာ အိမ်မြှောင်ကလေးတစ်လက် ပါသေးတော့ အဲဒီအိမ်မြှောင်ကလေးကိုကြည့်ပြီး အရှေ့တောင်ဘက်ကို လာခဲ့တယ်။ ထမင်းစားချိန်လောက်ရောက်တော့ ယာတဲတစ်လုံးတွေ့လို့ ဝင်နားတယ်။ တဲထဲမှာ ကျွန်တော်တို့အပြင် မြန်မာအမျိုးသားတစ်ယောက်လည်း ရှိတယ်။ ကျွန်တော်တို့က အင်္ဂလိပ်စစ်တပ် ဒီနားမှာ ရှိသလားလို့ မေးတော့ မရှိဘူးလို့ ပြောတယ်။ ပြီးတော့ သူ့ကိစ္စရှိတယ်ဆိုပြီး ထွက်သွားတယ်။ ညနေအထိ ပြန်မလာဘူး။ ညရောက်တော့ ကျွန်တော်တို့ တဲကလေးကို ဝိုင်းပစ်တော့တာပါပဲ။ ဒီတင် ကျွန်တော်တို့တဲကလေးထဲက ထွက်ပြေးခဲ့ရတယ်။ ကျွန်တော်က တဲလေးအောက်က မြေကြီးမှာဝပ်ပြီး ပစ်နေတုန်း တဲကြမ်းပြင်ပေါ်က သွေးတွေ တစက်စက်ကျနေတယ်။ တဲပေါ်မှာ ဘယ်သူရှိသေးသလဲ မသိဘူး။ ကျွန်တော့်ရဲဘော် ဆူဆူမိထင်တယ်။ ဒါနဲ့ ကျွန်တော်က ဆူဆူမိလား။ တဲပေါ်မှာလားလို့ လှမ်းမေးဟယ်။ သူက ကျွန်တော်ကို ထိသွားပြီ ဗိုလ်ကြီး။ ကျွန်တော် သေ...တော့မယ်လို့ ပြောတယ်။ ကျွန်တော်ကလည်း တစ်ဖက်က ပစ်ခတ်နေရင်း နေဦး နေဦး ကျွန်တော်လာခဲ့မယ်လို့ အော်ပြောတယ်။

နောက်တော့ ဆူဆူမိ ကျသွားတယ်။ ကျွန်တော်တို့လည်း ဆူဆူမိကို မြှုပ်ပစ်ခဲ့ပြီး အရှေ့တောင်ဘက်ကို ဆက်ထွက်လာခဲ့တယ်။ အဲဒီတော့ ဩဂုတ်လ ၂၂ ရက်နေ့။ စစ်ကြီးတရားဝင်ပြီးသွားတာ ဩဂုတ်လ ၁၅ ရက်နေ့ဆိုတော့ စစ်ပြီးလို့ တစ်ပတ်တိတိရှိနေပြီ။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ စစ်ပြီးတာ ဘယ်မှာသိဦးမလဲ။ ကျွန်တော်တို့မှာ လူလေးယောက်ပဲ ကျန်တော့တယ်။ ကျွန်တော်တို့ ဆက်လာခဲ့ကြတော့ ရှေ့မှာ အင်းကြီးတစ်ခုတွေ့ရတယ်။ အဲဒီတုန်းကလည်း စစ်တောင်းက မိုးတွင်းကြီးဆိုတော့ စစ်တောင်းက ရေလျှံတုန်း၊ ဒီအင်းကြီးကို ကျွန်တော်တို့ ငါးရက်တိုင်တိုင် ဖြတ်ရတယ်။ ငှက်ပျောတုံးတွေကိုဖောင်ဖွဲ့၊ ညကျတော့ ရေမမြုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ပေါ်တက်အိပ်၊ တစ်ခါတလေလည်း အိပ်ငိုက်ပြီး သစ်ပင်ပေါ်က လိမ့်ကျ။ နောက်တော့ ခြေထောက်ကို ကြိုးတွေ၊ ခါးပတ်တွေနဲ့ချည်ပြီး အိပ်ရတယ်။ အဲဒီအထဲမှာ သစ်ပင်ပေါ်တက်လာတဲ့ မြွေကြီးတွေက တွယ်လိုက်သေးတယ်။ ခါချဉ်ကြီးတွေကလည်း လူနံ့ရလို့ ရောက်လာကြပြီး ကိုယ်ကို လျှောက်ကိုက်တာ တစ်ကိုယ်လုံးနီရဲပြီး အပိမ့်တွေချည်းပဲ။ ခြေထောက်တွေဆိုတာလည်း ပွယောင်းပြီး ပုပ်စော်နံနေတယ်။ ခြေချောင်းတွေ ကြားထဲမှာ အသားနီတွေလန်ပြီး အနာတွေ ဖြစ်နေတယ်။

ကျွန်တော်တို့ ရေထဲမှာ ငါးရက်လောက်နေခဲ့ရတုန်းမှာ လေယာဉ်တွေဝဲပြီး စာရွက်တွေချတယ်။ ဘာစာရွက်တွေမှန်း မသိဘူး။ အင်းထဲက တက်လာတော့ ကျွန်တော်တို့ တောကြီးထဲ ရောက်သွားကြတယ်။ ကျွန်တော့် အထင်တော့ အမှတ် ၂၈ တပ်မတော် ဖြတ်ဆုတ်သွားတဲ့ ရွှေကျင်ရဲ့ အရှေ့ဘက်ကို ရောက်နေပြီ ထင်တာပဲ။ တောထဲမှာနေတုန်း စာရွက်တစ်ရွက် ရလို့ ဖတ်ကြည့်တော့ စစ်ပြီးလို့ လက်နက်ချဖို့ ဂျပန်လိုရေးထားတဲ့စာရွက် ဖြစ်နေတယ်။

ကျွန်တော့်စိတ်ထဲမှာ စစ်ကြီးပြီးသွားတယ်ဆိုတာ မယုံနိုင်ဘူး။ ဂျပန် လက်နက်ချတယ်ဆိုတာကိုလည်း မယုံနိုင်ဘူး။ ဒီလိုနဲ့ ကျွန်တော်တို့ ရွာ တောကြီးတွေထဲမှာ ဆုံးပဲ မဆုံးနိုင်ဘူး။ ဒီတုန်း တစ်နေ့မနက်မှာ ဂျပန် စစ်သားရှိသလား၊ ဂျပန်စစ်သားရှိသလားဆိုတဲ့ အသံကို ကြားရတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း မြက်တောထဲပုန်းပြီး စောင့်ကြည့်နေတယ်။ ရွာ တောကြီးထဲက လူနှစ်ယောက်ထွက်လာပြီး တစ်ယောက်က ဂျပန်အလံ ကိုင်ပြီး နောက်တစ်ယောက်က အလံဖြူကို ကိုင်ထားတယ်။ သူတို့နှစ်ယောက် စလုံး ဂျပန်ယူနီဖောင်းတွေကို ဝတ်ထားကြတယ်။ ကျွန်တော်က သူတို့ကိုတို ဖို့ လက်တစ်ဖက်က ပစ္စတိုကိုင်ပြီး တစ်ဖက်က ကျွန်တော့်ဓားလွယ် ကိုင်ထားတယ်။ သူတို့နှစ်ယောက်က ကျွန်တော်တို့ကိုမြင်တော့ ရပ်လိုက် တယ်။ သူတို့မှာ ဘာလက်နက်မှ မပါဘူး။

အဲဒီထဲက တစ်ယောက်က ကျွန်တော့်ဗိုလ်မှူး "ဟာတာနိုရိ"ပါ။ မြန်မာ ပြည် စစ်ဒေသတပ်မတော်က လွှတ်လိုက်တဲ့ စစ်ပြေငြိမ်းရေး ကိုယ်စား





လှယ်ပါ။ စစ်ကြီးပြီးသွားပြီ။ ဟောဒီမှာ ကေရာဇ်ဘုရင်ရဲ့ အမိန့်ပြန်တမ်း ပါတယ်လို့ ပြောတယ်။ ကျွန်တော်တို့က သူတို့နှစ်ယောက်ကို ဝိုင်းထား လိုက်တယ်။ ဒီလူတွေဟာ ဗြိတိသျှလက်ထဲရောက်သွားတဲ့ သုံ့ပန်းတွေ၊ ကျွန်တော်တို့ကို ညာခေါ်တာပဲ ဖြစ်ရမယ်။ အင်္ဂလိပ်က သူတို့ကို အသုံးချ တာပဲ ဖြစ်ရမယ်လို့ ယူဆတယ်။ ကျွန်တော်က သူတို့ပေးတဲ့ အမိန့်ပြန်တမ်း ကို ဖတ်ကြည့်တယ်။ သူ့လက်ထဲမှာ လက်နက်ချဖို့ အမိန့်ထုတ်ထားတဲ့ "ဗိုလ်ချုပ်ဆာကူရိုင်း"ရဲ့အမိန့်လည်း ပါတယ်။ ဗိုလ်ချုပ်ဆာကူရိုင်းရဲ့အမိန့် က ဘားအံကနေပြီး ထုတ်တဲ့အမိန့်၊ ကျွန်တော်က သူတို့အမိန့်ပြန်တမ်းကို မယုံဘဲဖြစ်နေတယ်။ ကျွန်တော် သူတို့ကိုလည်း သတ်၊ ကိုယ့်ကိုယ်လည်း သတ်ပစ်လိုက်ရင်ကောင်းမလားလို့ စိတ်ထဲမှာ ချီတုံချတုံဖြစ်နေတယ်။ ဒီတုန်းမှာ ကျွန်တော့်တပ်ကြပ်က သူတော့ လက်နက်မချဘူးကွ။ သူ့ကိုယ်သူ သတ်သေမယ်လို့ ပြောတယ်။ ဒီတော့ ဗိုလ်မှူးက ဒီလိုလုပ်လို့ ဘယ်ဖြစ် လဲကွ။ ဒီမှာ ဘုရင်ကေရာဇ်ရဲ့ အမိန့်ပြန်တမ်းလည်း ပါတယ်။ ဗိုလ်ချုပ် ဆာကူရိုင်းရဲ့အမိန့်လည်း ပါတယ်။ ဘယ်လောက်ပဲ ကြောက်စရာကောင်း ကောင်း ကျိတ်မှိတ်ခံရမှာပဲလို့ ငိုပြီးပြောတယ်။

ကျွန်တော် တော်တော်စိတ်ထိခိုက်သွားတယ်။ နောက်ဆုံးတော့ ဗိုလ်မှူး က "ကျွန်တော် ခင်ဗျားတို့ကို သွားခွင့်မပေးနိုင်ဘူး။ ခင်ဗျားကို သွားခွင့် ပေးလိုက်ရင် အထက်အမိန့်ကို မနာခံရာ ရောက်မှာပေါ့။ တွေ့ရာနေရာ မှာ ဂျပန်ကေရာဇ်၏ တပ်မတော်မှ တပ်သားများကို ခေါ်ဆောင်ခဲ့ရမည် လို့ အမိန့်ထဲမှာမှာ ပါတယ်"လို့ ပြောတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ဗိုလ်မှူးနောက်ကို လိုက်လာခဲ့ကြတယ်။ မွန်းတည့်ချိန်လောက်ကျတော့ ကျွန်တော်တို့တစ်တွေ တောင်ကုန်းကလေးတစ်ခုပေါ် တက်လာခဲ့ကြတယ်။ တောင်ကုန်းအောက်မှာ ရွှေကျင်မြို့ကလေး၊ သူညွှန်ပြရာကိုကြည့်လိုက်တော့ ကွင်းပြင်တစ်ခုထဲမှာ ဂျပန်စစ်သုံ့ပန်းအုပ်ကြီး တန်းစီထိုင်နေတာကို တွေ့ရ တယ်။ သူတို့ပတ်ပတ်လည်မှာ သံဆူးကြိုးတွေခတ်လို့။ ဟုတ်တယ်။ စစ်ကြီး ပြီးသွားပြီ။ ကျွန်တော်တို့ရှုံးပြီဆိုတာ ကျွန်တော် မယုံလို့မရတော့ဘူး။ ကျွန်တော် မျက်ရည်တွေ စီးကျလာပြီး ဟိုအဝေးကွင်းထဲက စစ်သုံ့ပန်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို ငေးကြည့်နေတယ်။ ကျွန်တော်တို့အနားမှာ ရေကန်ကလေးတစ်ခု ရှိတယ်။ ကျွန်တော့်အဘိုး၊ ကျွန်တော့်အဖေကိုင်ခဲ့တဲ့ ကန်ကီချိဟာ ကျွန်တော့် ခါးပေါ်မှာ ရှိနေသေးတယ်။ ကျွန်တော်စိတ်ကိုတင်းပြီး ဓားလွယ်ကို ကန်ထဲကို ပစ်ချလိုက်တယ်။ ပြီး သူတို့နောက်က လိုက်လာခဲ့တယ်။ ဗိုလ်မှူးက ကျွန်တော် လုပ်တာကို နားလည်တဲ့သဘောနဲ့ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေတယ်။

ကျွန်တော့်အဘိုး၊ ကျွန်တော့်အဖေကိုင်ခဲ့တဲ့ ဓားလွယ်ကို သူတို့ဆီမှာ မအပ်နိုင်ဘူးလေ။ သူတို့လက်ထဲအပ်ရတာနဲ့စာရင် ရေထဲလွှင့်ပစ်ခဲ့ရတာက ပိုပြီး ဂုဏ်ရှိတယ် မဟုတ်လား။

နောက်တော့ ကျွန်တော်လည်း မော်လမြိုင်ရောက်၊ အဲဒီကမှ စစ်သုံ့ ပန်းတွေ ပြန်ပို့တော့ ဂျပန်ပြည်ကို ရောက်သွားတာပါပဲ။ ဟိုရောက်တော့ ကျွန်တော့်ဇနီးရော၊ သမီးနှစ်ယောက်ရော မရှိတော့ဘူးလေ။ သူတို့က ဟီရိုရှီးမားမှာ နေတာကိုး။ အဏုမြူဗုံးထဲမှာ ပါသွားကြပြီ"

မစ္စတာဟာရာနာ၏အသံသည် တိမ်ဝင်သွား၏။

"ဒါဖြင့် အဲဒီကန်ကီချိကိုလည်း ရှာခဲ့ပြီးပြီပေါ့"

"ရန်ကုန်ရောက်ပြီး နောက်တစ်နေ့မှာ ကျွန်တော်ရွှေကျင်ကိုလာပြီး ကျွန်တော့်ဓားကို သွားရှာတယ်။ ကျွန်တော် ရပ်ကြည့်ခဲ့တဲ့ တောင်ကုန်းကလေး ကိုတော့ တွေ့ပါရဲ့။ ဒါပေမဲ့ ကန်ကလေးကတော့ မရှိတော့ဘူးဗျ။ အဲဒီနေရာ မှာ မြေတွေပို့လို့ ကောသွားပြီး ကိုင်းတောကြီး၊ စားကျက်တောကြီး ဖြစ် နေပြီ။ ကျွန်တော်ထင်ပါတယ်။ အဲဒီမြေတွေပို့နေတဲ့ မြေလွှာတွေ အထပ်ထပ် အောက်မှာ ကျွန်တော့်အဘိုး၊ ကျွန်တော့်အဖေနဲ့ ကျွန်တော်ကိုင်ခဲ့တဲ့ ဓား ဟာ ရှိနေဦးမယ်လို့"

"ဒါဖြင့် ဓားကိုလည်း မတွေ့ဘူး။ သားကိုလည်း မတွေ့ဘူးပေါ့"

"ဟုတ်တယ်။ ခုထိတော့ မတွေ့သေးဘူး။ ဒါပေမဲ့ ကျွန်တော့်သား ဟာလည်း သန်းဆယ်ပေါင်းများစွာသော မြန်မာပြည်က သားတွေထဲမှာ ရှိနေဦးမယ်လို့တော့ ကျွန်တော် ထင်နေတယ်လေ"

"နတ်ဆု ဂုဆာယ

ဆူဝါမိုနို ဒိုမိုနို





ယူမိနို အားတု"

မစ္စတာ ဟာရာဒါသည် ဂျပန်လို ရွတ်နေသည်။ ကျွန်တော်သည် အသံနေ အသံထားဖြင့် ရွတ်နေသော သူ့အသံကို နားထောင်နေသည်။

"စစ်သားတို့ရဲ့ အိပ်မက်က ကျန်ခဲ့တဲ့အရာဟာ နွေမြက်ပင်များသာ တဲ့။ ဘာရှိုးရဲ့ ဟိုက္ကူကဗျာကလေးလေ။ အား ... စစ်ဖြစ်တယ်ဆိုတာ မကောင်းဘူးဗျာ"

ရွှေဟောင်းကြီး ဘုရားလိုဏ်ဂူ ပစ္စယာပေါ်က ကျွန်တော်တို့ ဆင်းလာ သည့်အခါတွင် တော်တော်မှောင်နေလေပြီ။ အမှောင်ထဲတွင်မူ ပိုးစုန်းကြူး များသည် တလက်လက် တောက်နေကြသည်။

(ကလျာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉၃)

* * *

www.burmeseclassic.com

www.burmeseclassic.com

# သတင်းစာမှန်မှန်မရောက်က တိုင်ကြားပါ



# သတင်းစာမှန်မှန်မရောက်က တိုင်ကြားပါ



သူသည် နွေဆိုလျှင် တရုတ်ဖြစ်တီရှပ်အင်္ကျီကလေးနှင့် ကျောင်းစိမ်းလုံချည်လေးကိုဝတ်ထားပြီး ခေါင်းပေါ်တွင် ဟွန်ဒါ၊ ယာမာဟာ၊ လပ်ကီးစထရိုက်သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခု၏ ကြော်ငြာကို ရေးထားသည့် ကြက်လျှာစွန်း ဦးထုပ်လေးတစ်လုံးကို ဆောင်းထားတတ်သည်။ မိုးတွင်းဆိုလျှင်လည်း ထိုအတိုင်းပင် ထီးတို့၊ မိုးကာအင်္ကျီတို့ မပါဘဲ မိုးရေထဲတွင် ဘိုင်စကယ်ကလေးတစ်စင်းဖြင့် ရောက်လာတတ်သည်။ ဆောင်းတွင်းဆိုလျှင်တော့ အလွန်ဟောင်းနွမ်းနေပြီဖြစ်သည့် မြန်မာချုပ် ဂျင်းဂျက်ကက်ကလေးတစ်ထည် ထပ်ဝတ်လာတတ်သည်။ ကျောင်းစိမ်းလုံချည်ကလေးကမူ ခါးပေါ်တွင် အမြဲတွေ့တတ်သည်။ သူ့ ဘိုင်စကယ်နောက်က ကယ်ရီယာပေါ်တွင်မူ သတင်းစာတစ်ထပ်ကြီး တင်လာသည်။ အင်္ဂလိပ်သတင်းစာများနှင့် မြန်မာသတင်းစာများ ဖြစ်သည်။ အများအားဖြင့်တော့ မြန်မာသတင်းစာတွေသာ ဖြစ်သည်။ သူ့သတင်းစာပို့လမ်းကြောင်းတွင် အင်္ဂလိပ်သတင်းစာဖတ်သူဆို၍ သိပ်မရှိ။ လေးငါးဆယ်အိမ်လောက်သာရှိသည်။ အင်္ဂလိပ် သတင်းစာဖတ်သူ

www.burmeseclassic.com



မှာ အများအားဖြင့် အရာရှိ အရာခံများနှင့် ကျောင်းဆရာမများသာ ဖြစ်သည်။ ကျန်အိမ်များကမူ မြန်မာသတင်းစာကို အဖတ်များကြသည်။ အင်္ဂလိပ်သတင်းစာက အရွက်ရေများသည်။ အရွက်ကြီးသည်ဆိုပြီး ယူကြသည့် အိမ်များလည်း ရှိသည်။ အများအားဖြင့်မူ မြန်မာသတင်းစာကိုသာ အဖတ်များကြသည်။

တစ်နေ့တွင် ကျွန်တော့်ဆီသို့ သတင်းစာဖိုးလာကောက်ရင်း သူနှင့်ကျွန်တော် စကားလက်ဆုံကျသည်။ အစတုန်းကတော့ သူက သိပ်စကားမပြောချင်။ သတင်းစာဖိုးတွေ အချိန်မီလိုက်ကောက်နိုင်ဖို့ စိတ်စောနေသည်။ ခဏကြာတော့ သူသည် အရှိန်ရလာကာ သူ့အကြောင်းများကို ကျွန်တော့်အား ပြောပြသည်။

"ကျွန်တော့်နာမည်က မောင်သန်းဇော်လို့ ခေါ်ပါတယ်။ အသက် ၁၈ နှစ်ရှိပါပြီ။ ကျွန်တော် ဆယ်တန်းဖြေထားပါတယ်။ မအောင်ရင်တော့ ဘာလုပ်ရမယ် မသိသေးပါဘူး။ အောင်ရင်တော့ ဂျီတီအိုင်ကို တက်မယ်လို့ စိတ်ကူးထားပါတယ်။ တက်ခွင့်ရရင်ပေါ့လေ။ တက္ကသိုလ်ကိုတော့ ဆက်နေနိုင်မယ် မထင်ပါဘူး။ အခြေအနေပေးရင်တော့ အဝေးသင်တက္ကသိုလ်ကို တက်မယ်လို့ စိတ်ကူးထားပါသေးတယ်။ ဒါပေမဲ့ စိတ်ကူးပဲ ရှိပါသေးတယ်။ ကိုယ်က အောင်လား၊ မအောင်ဘူးလား။ ဂျီတီအိုင်ကို တက်ဖြစ်မလား၊ မတက်ဖြစ်ဘူးလားဆိုတာ ဘာမှ မရေရာသေးပါဘူး။

ဟုတ်ကဲ့။ ကျွန်တော့်မှာ မိဘအစုံအလင် ရှိပါသေးတယ်။ အဖေက အရင်တုန်းကတော့ အစိုးရဌာနတစ်ခုမှာ စာရေးကြီးပါ။ ဌာနခွဲစာရေးကြီးပေါ့လေ။ ခုတော့ အဖေက ပင်စင်ယူပြီး အလုပ်တစ်ခု ဝင်လုပ်နေပါတယ်။ ခင်ဗျာ။ ကုမ္ပဏီအလုပ်တို့ ဘာတို့ မဟုတ်ပါဘူး။ ညစောင့်အလုပ်ပါ။ အမျိုးတစ်ယောက်က သွင်းပေးလို့ ရုံးတစ်ရုံးမှာ ညစောင့်ရပါတယ်။ ပုတ်ပြတ်နဲ့ လုပ်ရတာပါ။ အဖေက သိပ်လက်ဖက်ရည်ကြိုက်တယ်ခင်ဗျ။ ပြီးတော့ ဆေးလိပ်လည်း ကြိုက်တယ်။ ဒီတော့ သူ့လက်ဖက်ရည်ဖိုးလေးနဲ့ ဆေးလိပ်ဖိုးကလေးရအောင်ဆိုပြီး ဝင်လုပ်တာပါ။ သားသမီးတွေက အဖေ့လက်ဖက်ရည်ဖိုးနဲ့ ဆေးလိပ်ဖိုးကို ပေးပါ့မယ်လို့ ပြောပေမယ့် လက်မခံဘူး။ မင်းတို့





မှာလည်း မင်းတို့စရိတ်နဲ့ မင်းတို့တောင် မလောက်ဘူးတဲ့။ သူ့ကို မထောက်နဲ့တဲ့။ ဟုတ်ကဲ့။ ကျွန်တော်တို့မှာ မွေးချင်း ငါးယောက်ရှိပါတယ်။ ကျွန်တော်က အငယ်ဆုံးပါ။ ကျွန်တော့်အစ်ကို အကြီးဆုံးကတော့ မရှိတော့ပါဘူး။ ဆုံးသွားပါပြီ။ သူဆုံးသွားတာကတော့ ဆေးစွဲပြီး ဆုံးသွားတာပါ။ ဆေးစွဲပြီး ရဲဘက်စခန်း ရောက်ပါတယ်။ နောက် ရဲဘက်စခန်းကနေ ထွက်ပြေးလာပြီး အိမ်ကိုလာအိပ်လိုက်၊ တခြားသွားရှောင်နေလိုက်နဲ့ ဥပဒေကို ရှောင်တိမ်းနေပါတယ်။ အဖေက တရားဥပဒေနဲ့ မလွတ်တဲ့ဟာမျိုးဆိုရင် သိပ်ကြောက်တယ်။ ဒီတော့ အိမ်မှာလည်း လက်မခံရဲဘူး။ နောက်တော့ သူလည်း ဟိုနေ ဒီနေနဲ့ ရှောင်တိမ်းသွားလာနေရင်း ဆုံးသွားတာပါပဲ။ ဆုံးတော့လည်း တခြားအရပ်မှာ သွားဆုံးတာပါ။

ဒုတိယက အစ်မပါ။ သူက ဆယ်တန်း မအောင်ဘူး။ အိမ်ထောင်ကျသွားပြီး အိုးခွဲစားပါတယ်။ နေတော့ ကျွန်တော်တို့အိမ်မှာပဲပေါ့။ တော်သေးတာပေါ့။ အိမ်ဈေး၊ မြေဈေးတွေ မတက်ခင်တုန်းက တောမှာရှိတဲ့ အမေအမွေရတဲ့ မြေကွက်ကလေးကိုရောင်းပြီး အဲဒီအိမ်ကလေးကို ဝယ်လိုက်လို့။ သုံးပင်နှစ်ခန်းအိမ်ကလေးပါ။ အဲဒီတုန်းကတော့ အဖေကလည်း ပင်စင်မယူသေးဘူး။ အမေကလည်း တစ်ဖက်မှာ စက်ချုပ်တယ်။ ကျွန်တော်တို့ တစ်တွေကလည်း သိပ်မကြီးသေးတော့ စရိတ်သိပ်မကုန်သေးဘူးလေ။ ဒီတော့ စုမိဆောင်းမိတာကလေးတွေ နည်းနည်းပါးပါးရှိတယ်။ အမေ့ဦးလေးတစ်ယောက် ပန်းထိမ်လုပ်တော့ ရွှေကလေးဘာလေးတွေကိုလည်း သူ့ဆီကလပေးနဲ့ ဝယ်စုထားလို့ အဲဒီတုန်းကတော့ ချောင်လည်ပါတယ်။ ဒါပေမဲ့ အစ်ကိုက ဆေးစွဲ၊ ကျွန်တော်တို့ကလည်း ကျောင်းသားတွေဖြစ်လာတော့ ကျောင်းစရိတ်တို့ဘာတို့ ကုန်လာပြီလေ။

တတိယကလည်း မိန်းကလေးပါပဲ။ သူကတော့ ဘွဲ့ရသွားပါပြီ။ ဘီကွန်းမ်ဘွဲ့ရလို့ သူက စာရင်းရုံးမှာ လုပ်ပါတယ်။ ခု ကချင်ပြည်နယ်ကို သွားပြီး အမှုထမ်းရပါတယ်။ သူတို့မြို့ကလေးမှာ ကုန်စရာရယ်လို့ သိပ်မရှိဘူး။ မိန်းကလေးဆိုတော့ ချွေချွေတာတာနေတတ်တယ်။ စာရင်းစစ်သွားလို့ ခရီးစရိတ်တို့၊ နေ့တွက်တို့ရတဲ့အတွက် သူက စုမိပါတယ်။ တစ်နှစ်တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကို နှစ်ခါသုံးခါလောက်တော့ ငွေပို့တတ်ပါတယ်။ တစ်ခါပို့ရင် နှစ်ထောင်၊ သုံးထောင်၊ များတဲ့အခါဆိုရင်လည်း ငါးထောင်လောက်အထိ စုဆောင်းပြီး ပို့ပါတယ်။ ပြီးတော့ လူကြုံကောင်းရင်၊ ဒါမှမဟုတ် သူပြန်လာရင် စားစရာ သောက်စရာတို့။ ပဲတို့၊ ဆီတို့ ကြက်သွန်တို့ ငရုတ်တို့ ပါလာတတ်ပါတယ်။

စတုတ္ထကလည်း မိန်းကလေးပါပဲ။ သူကတော့ ဆယ်တန်းမအောင်ပါဘူး။ နှစ်ခါလောက်ကျတော့ ဆက်မဖြေတော့ပါဘူး။ စာမေးပွဲကိုလည်း မဖြေချင်တော့ဘူးတဲ့။ ကျောင်းလည်း မနေချင်ဘူးတဲ့။ ပညာလည်း ဆက်မသင်ချင်တော့ဘူးတဲ့။ ပညာသင်ရမှာ ပျင်းတယ်တဲ့။ စိတ်မပါဘူးတဲ့။ သူ့ကို ကျောင်းဆက်ထားရင်လည်း သူအောင်မှာ မဟုတ်ဘူးတဲ့။ သူက စာသင်ရတာကို ဝါသနာကို မပါဘူးတဲ့။ ရှင်းရှင်းပဲ ပြောတယ်။ ဒါနဲ့ အဖေက သူ့ကို ကျောင်းဆက်မထားတော့ပါဘူး"

"မင်းအဖေက သူပြောတာကို လက်ခံသလား။ ကျောင်းဆက်နေဖို့ မတိုက်တွန်းဘူးလား"

ကျွန်တော် ကြားဖြတ်မေးသည်။ မောင်သန်းဇော်က အဖြေထုတ်ပြီးသား အဆင်သင့်ဖြစ်ဟန်ဖြင့် ...

"အဖေက ခပ်အေးအေးပဲ နေတတ်တယ်လေ။ အေး ... မနေချင်ဘူးဆိုရင်လည်း မနေနဲ့ပေါ့တဲ့။ ဒါပဲပြောတယ်။ အမေကတော့ အတင်းထားချင်ပါသေးတယ်။ ဒါပေမဲ့ အဖေက သူစာသင်တာကို မပျော်ပိုက်ရင် ဘယ်နှယ်လုပ်မလဲ။ ဆက်ထားရင်လည်း အချိန်ကုန်ရုံ ငွေကုန်ရုံပဲ ရှိမှာပေါ့လို့ ပြောတယ်။ ကျွန်တော့် အစ်မအငယ်ဆုံးက ပထမတော့ အမေစက်ချုပ်ရာ ကူချုပ်ပေးတာတို့၊ ကြယ်သီးတပ်တာတို့ လုပ်ပေးပါတယ်။ နောက်တော့ ခုခေတ်က နိုင်ငံခြားက အင်္ကျီတွေ ရောက်လာတော့ စက်က သိပ်မချုပ်ရတော့ဘူးလေ။ အထက်ဆင့်တက်တာတို့၊ ယောကျ်ားလုံချည်ချုပ်တာလောက်ပဲ ရှိတော့တယ်။ ဒါနဲ့ အမေက သူ့စက်ကလေးကို ရောင်းလိုက်တယ်။ သူကိုယ်တိုင်ကလည်း မျက်စိမှုန်၊ နောက်ကျောတက်၊ အသက်လည်း ကြီးလာတော့ သိပ်မထိုင်နိုင်တော့ဘူး။ အစ်မ အငယ်ဆုံးကလည်း တကယ်ကျတော့ အပ်ချုပ်ကြောင်းသွားရုံလောက်ပဲ ချုပ်တတ်





တာ။ သိပ်ချုပ်တတ်တာ မဟုတ်ဘူး။ အဖေ ပင်စင်ယူတော့ အပ်ချုပ်စက်ကလေးလည်း ရောင်းပစ်လိုက်ပါတယ်။ အစ်ကိုကြီးကို ဆေးကုရတာတွေလည်း ပါတာပေါ့လေ။ ဒါနဲ့ အစ်မအငယ်က လုပ်ငန်းရှင်တစ်ယောက်ဆီမှာ ဆီးထုပ်ထုပ်ပါတယ်။ လုပ်နိုင်ရင် လုပ်နိုင်သလောက် ရပါတယ်။ ပျမ်းမျှ လေးငါးဆယ်တော့ ရပါတယ်"

"မင်း သတင်းစာပို့လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"သုံးနှစ်လောက်ရှိပါပြီ။ သူငယ်ချင်းတစ်ယောက်ရဲ့ အဖေက သတင်းစာ ကိုယ်စားလှယ် လုပ်ပါတယ်။ သူ့ဆီမှာ လခနဲ့ လုပ်တာပါ။ ကျွန်တော့် အလုပ်က သတင်းစာတွေကိုလိုက်ပို့ရတယ်။ သတင်းစာဖိုးတွေကို လိုက်ကောက်ရပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်ဆီမှာ သတင်းစာပို့တဲ့ ကောင်လေးတွေ လေးယောက်လောက်ရှိပါတယ်။ ကိုယ့်လမ်းကြောင်းနဲ့ ကိုယ် ပို့ရပါတယ်။ ပိုက်ဆံတောင်းရင်လည်း ဒီအတိုင်းပါပဲ။ ကျွန်တော် သတင်းစာပို့လမ်းကြောင်းမှာ အိမ် ၆၀ ကျော် ၇၀ နီးပါးရှိပါတယ်။ အဲဒါတွေကို ကျောင်းမသွားခင် ရောက်အောင်ပို့ရတာပါ။ ကျွန်တော့်ကျောင်းက နေ့လည်ကျောင်းဆိုတော့ အချိန်ရပါတယ်။ တစ်ခါတလေမှာ သတင်းစာ နောက်ကျတော့ ကျွန်တော်တို့ ၁၁ နာရီလောက်မှ ပို့လို့ပြီးပါတယ်။ တစ်ခါတလေသိပ်နောက်ကျလွန်းရင်လည်း နောက်တစ်နေ့မှ နှစ်ရက်စာပေါင်းပြီး ပို့ရပါတယ်။ သတင်းစာဖတ်သူကိုတော့ တောင်းပန်ရတာပေါ့လေ"

"သူရိယသတင်းစာဆိုတာ မင်းကြားဖူးသလား"

"မကြားဖူးဘူး"ဟု သူက ဖြေသည်။

"မြန်မာ့အလင်းသတင်းစာကတော့ ရှေးတုန်းကရှိခဲ့တဲ့ သတင်းစာလို့ ပြောသံကြားဖူးပါတယ်"

"အေး ... ဟုတ်တယ်။ ရှေးတုန်းက ရှေးတုန်းကဆိုတော့ စစ်မဖြစ်မီ အင်္ဂလိပ်ခေတ်က နာမည်ကြီးတဲ့ သတင်းစာကြီးနှစ်စောင်ရှိတယ်။ တစ်ခုက မြန်မာ့အလင်း နောက်တစ်ခုက သူရိယ။ သူရိယသတင်းစာမှာ အယ်ဒီတာတစ်ယောက်ရှိခဲ့ဖူးတယ်။ သူ့နာမည်က ဦးအောင်ထူးတဲ့။ နောက်တော့ အောင်ထူးဆိုတဲ့ ကလောင်အမည်နဲ့ စာအုပ်တွေဘာတွေလည်း ရေးခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီ ဦးအောင်ထူး သတင်းစာဆရာ ဦးအောင်ထူးဟာ မင်းတို့လိုပဲ သတင်းစာပို့တဲ့ သူငယ်ကလေးတဲ့ကွ။ သတင်းစာပို့ရင်း ပို့ရင်း သတင်းစာအလုပ်ကို စိတ်ဝင်စားလာပြီး သတင်းစာဆရာဖြစ်သွားတာ။ မင်းကော သူ့လို မဖြစ်ချင်ဘူးလား"

မောင်သန်းဇော်သည် ဘာမျှမပြောဘဲ ရယ်နေသည်။ ရှက်ကိုးရှက်ကန်းလည်း ဖြစ်နေသည်။

"သူ့လိုပဲ အမေရိကန်တို့ ဘယ်တို့မှာလည်း သတင်းစာပို့တဲ့သူငယ်ကလေးကနေ သတင်းစာဆရာဖြစ်သွားတဲ့ နာမည်ကြီးပုဂ္ဂိုလ်တွေ အများကြီးပဲကွ။ သူတို့လို မဖြစ်ချင်ဘူးလား"

မောင်သန်းဇော်သည် အရယ်ရပ်သွားကာ သူ့မျက်နှာသည် လေးနက်သည့်အသွင်ကို ဆောင်သွားသည်။

"ကျွန်တော်တို့လိုဟာတွေ ဘယ်မှာ သတင်းစာဆရာကြီး ဖြစ်နိုင်ပါ့မလဲ ခင်ဗျာ"ဟု စိတ်ပျက်သည့် လေသံဖြင့်ဆိုသည်။

ကျွန်တော်က အညတရဘဝမှ သတင်းစာဆရာကြီးဖြစ်သွားသည့် ပုဂ္ဂိုလ်ကျော် တစ်ဒါဇင်နီးပါးကို ရွတ်ပြသည်။ သို့ရာတွင် သူ နားမဝင်ပါ။

"ကျွန်တော့်ဘဝက ဘာမှရေရာတာ မဟုတ်ပါဘူး ဦးလေးရာ။ ကျွန်အိုင်ကျောင်းသားပဲဖြစ်မလား။ သတင်းစာပို့ပဲ ပြန်ဖြစ်မလား။ အဖေ့လို ညစောင့်ပဲလုပ်ရမလားဆိုတာ ဘာမှ ပြောလို့မရသေးပါဘူး။ ဦးလေးပြောတဲ့ သတင်းစာဆရာကြီးတစ်ဦး ဖြစ်ဖို့ဆိုတာကတော့ ကျွန်တော့်စိတ်ထဲမှာ တစ်ခါမှတောင် မစဉ်းစားဖူးပါဘူး"

"ခု သတင်းစာပို့တာ ဒီရပ်ကွက်မှာပဲ လုပ်နေတာလား"

"မဟုတ်ဘူးခင်ဗျ။ ဟို .... ရပ်ကွက်မှာလည်း ပို့ခဲ့ရဖူးသေးတယ်။ အဲဒီ ရပ်ကွက်ကို ဘယ်သူမှ သတင်းစာမပို့ချင်ကြဘူး။ အဲဒီရပ်ကွက်က ခြံကြီး ဝင်းကြီးတွေနဲ့။ သူတို့ရပ်ကွက်ကို သတင်းစာပို့တာက သိပ်ပြဿနာ ပေါ်တယ်။ ဦးလေးစဉ်းစားကြည့်လေ။ သူတို့က ခြံကြီးတွေနဲ့နေတာ။ သံဝင်းထရံတွေ၊ အုတ်တံတိုင်းတွေနဲ့။ သံဝင်းတံခါးကြီးတွေက ပိတ်ထားကြတာ။ ဒီတော့ ကျွန်တော်တို့က သတင်းစာပို့ရင် ခြံစည်းရိုးက ပုဏ္ဏရိပ်ချုံတွေကို





ကျော်ပြီး ခြံဝင်းထဲရောက်အောင် ပစ်ရတယ်။ အစတုန်းက သံတံခါးမှာ ညှပ်ပစ်ခဲ့တယ်။ သတင်းစာကို တခြားလူကယူသွားတော့ သူတို့သတင်းစာ မရဘူးပေါ့။ ကျွန်တော့်ကို ကိုယ်စားလှယ်ဆီကို တိုင်တာပေါ့။ ကျွန်တော်ကလည်း နေ့တိုင်းမှန်မှန်ပို့တဲ့အကြောင်း၊ သံဝင်းတံခါးမှာ လိပ်ပြီးညှပ်ပစ်ခဲ့တဲ့အကြောင်း ပြောတယ်။ ဒီတော့ သူတို့က မရဘူးတဲ့။ သူတို့မရတာ လေးငါးရက် ရှိပြီတဲ့။ သတင်းစာဖိုးကို တစ်လစာအပြည့် မပေးနိုင်ဘူးတဲ့။ နုတ်ပြီးပေးမယ်တဲ့။ ဒီမှာ သတင်းစာကိုယ်စားလှယ်နဲ့ စကားများတယ်။ နောက်ဆုံးတော့ ကိုယ်စားလှယ်က လျှော့ပေးလိုက်ပြီး ဖတ်သူလက်ကို ရောက်အောင် မပို့နိုင်ဘူးဆိုပြီး ကျွန်တော့်လုပ်ခထဲက ဖြတ်တယ်။

ဒါနဲ့ နောက်တော့ ကျွန်တော်က သတင်းစာကို ခြံစည်းရိုးကိုကျော်ပြီး အထဲရောက်အောင် ပစ်သွင်းတယ်။ အဲဒီလို ပစ်သွင်းတော့လည်း ပြဿနာတစ်ခု ပေါ်လာတယ်။ မိုးတွင်းဆိုရင် သတင်းစာတွေ ရေစိုကုန်တယ်တဲ့။ ကျွန်တော်တို့ သတင်းစာပို့တဲ့ကောင်လေးတွေ မိုက်ရိုင်းတယ်တဲ့။ တကယ်ဆိုရင် တံခါးဝမှာ လူခေါ်တဲ့ ခေါင်းလောင်းရှိတယ်တဲ့။ ဒီခေါင်းလောင်းကို ဆွဲလှုပ်ပြီး ခေါ်ပေးပါတဲ့။ ဒါနဲ့ ကျွန်တော် တစ်ရက်နှစ်ရက်လောက် ခေါင်းလောင်းတီးတယ်။ တော်တော်နဲ့ ထွက်မလာဘူး။ ထွက်လာတော့လည်း တချို့အိမ်က မျက်နှာထားကြီးနဲ့။ တချို့အိမ်ကလည်း သူတို့ကို ဒီလိုခေါ်ပြီး သတင်းစာပေးရပါမို့လားဆိုပြီး ဟောက်တယ်။ တချို့ကျတော့လည်း အကြာကြီးနေမှ ထွက်လာတယ်။ ဦးလေး စဉ်းစားကြည့်လေ။ ကျွန်တော် တစ်မနက်ထဲမှာ အိမ်ပေါင်း ၇၀ လောက်ရောက်အောင် ဝေရမှာ။ တစ်အိမ်တစ်အိမ်ကို သူတို့ထွက်လာတဲ့အထိ စောင့်နေရင် ကျွန်တော့်အလုပ် ဘယ်မှာပြီးပါတော့မလဲ။ ဒီတင် ကျွန်တော်က ဝင်းဝမှာ စာထည့်တဲ့ သေတ္တာကလေးတစ်လုံးချိတ်ဖို့ပြောတယ်။ ဒီတော့ တချို့အိမ်က ဒါ မင်းအလုပ်မဟုတ်ဘူးတဲ့။ ငါ ချိတ်ချင်မှ ချိတ်မှာပေါ့တဲ့။ မင်းအလုပ်က သတင်းစာလိုက်ပို့ဖို့ပဲတဲ့။ ဘာလုပ်ရမယ်၊ ညာလုပ်ရမယ်ဆိုတာ မင်းပြောဖို့မလိုဘူးတဲ့။ ဘယ်လောက်ခက်သလဲ ဦးလေး"

ကျွန်တော်သည် သူ့စကားကို နားထောင်ရင်း ရယ်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တချို့ကျတော့လည်း လကုန်လို့ သတင်းစာဖိုးသွားကောက်ရင် မရှိဘူး။ နောက်မှလာခဲ့လို့ ပြောလိုက်တာမျိုးတွေရှိတယ်။ မိန်းမကြီးတစ်ယောက်ဆိုရင် ပေါ်တင်ကြီးကို လုပ်တာ။ ကျွန်တော်က သတင်းစာဖိုးသွားကောက်တော့ သူ့သားလေးက မေမေရေ သတင်းစာဖိုးလာတယ်ပြောတယ်။ ဒီတော့ အသွားကြီးက တိုးတိုး လူကြီးတွေမရှိသေးဘူးလို့ ပြောလိုက်လို့ ပြောသံကို ကျွန်တော်ကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားလိုက်ရတယ်။ တချို့လည်း အိမ်မှာမရှိဘူး။ အဲဒီလို အခါမျိုးဆိုရင် ကျွန်တော်တို့မောရော့ပဲ။ နောက်တစ်ခေါက် အလုပ်ပျက်ခံပြီး လာရတယ်။ တစ်အိမ်လုံး မနက်သွားလည်း မရှိ။ ညနေသွားလည်းမရှိလို့ ကျွန်တော် ည ၇ နာရီ ၈ နာရီလောက်ကျမှ သွားပြီးတောင်းရတယ်။ ဒီတော့ ဒီအချိန်မှာ လာရပါမို့လားဆိုပြီး စိတ်ဆိုးသေးတယ်။ ပိုက်ဆံပေးတော့လည်း ဆောင့်ကြီးအောင့်ကြီးနဲ့ သူ့ပိုက်ဆံကို အလကားတောင်းတဲ့အတိုင်းပဲ။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော့်အဖို့တော့ ယူရတာပေ့ါ။ သူ့ဘာသာသူ ဘယ်လောက်စိတ်ဆိုးဆိုး ကိုယ့်ပိုက်ဆံရအောင်တော့ ယူရတာပေ့ါ။ တစ်ခါတော့ သတင်းစာဖိုးသွားတောင်းတာ ခွေးနဲ့ ရှူးတိုက်လွှတ်တယ်။ ကျွန်တော့်မှာ ခွေးကိုက်ခံရတယ် ဦးလေး။ ခွေးကိုက်တော့မှ သူတို့က စောစောတုန်းကမသိဘဲ ခုမှ သိတဲ့ပုံမျိုးလုပ်သေးတယ်။ ကိုယ်စားလှယ်ကို ခွေးကိုက်ခံရတဲ့အကြောင်းပြောတော့ ကိုယ်စားလှယ်က နောက် ကြည့်သွားပေ့ါတဲ့။ ဒါပဲပြောတော့။ ကျွန်တော့်မှာတော့ ဆေးရုံကို သွားပြီး ဗိုက်ကိုဆေးထိုးရသေးတယ်။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် အကုန်အကျခံပြီး ထိုးရတာ။ ဘယ်သူကမှ စိုက်ပေးတာ မဟုတ်ဘူး။ ကိုယ်စားလှယ်ကလည်း ပေးတာမဟုတ်ဘူး။ တိုက်ကလည်း ပေးတာမဟုတ်ဘူး။ တိုက်ကတော့ ဘယ်ပေးမလဲ။ သူတို့ခန့်ထားတာမှ မဟုတ်ဘဲကိုး။ သူတို့နဲ့ဆိုင်မှ မဆိုင်ဘဲကိုး။

ကျွန်တော်တော့ မရှိလို့သာ လုပ်နေရတယ်။ သတင်းစာပို့တဲ့အလုပ်ကို သိပ်မလုပ်ချင်ဘူးခင်ဗျ။ ပြီးတော့ ဒီရပ်ကွက်က သတင်းစာသွားပို့ရတဲ့ အိမ်တွေကိုလည်း ကျွန်တော် မကြိုက်ဘူး။ သတင်းစာမှန်မှန်မရောက်ရင် သတင်းစာနောက်ကျရင် ကျွန်တော့်ကို ဆူတယ်။ ကျိန်းလားမောင်းလား





တယ်။

ဒါပေမဲ့ ကောင်းတဲ့ သတင်းစာဖတ်ပရိတ်သတ်လည်း အများကြီးရှိပါတယ်။ သူတို့က စာနာကြတယ်။ ကြင်နာတယ်။ သတင်းစာပို့တဲ့ ကောင်လေးတွေထဲမှာ ကျွန်တော့်ထက်ငယ်တဲ့ ကောင်လေးတွေလည်း ရှိတယ်ခင်ဗျ။ တချို့ဆိုရင် ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်လောက်ရှိသေးတယ်။ ကျွန်တော်ကလည်း ဆယ့်ငါးနှစ်သားက လုပ်လာတာပဲလေ။ ခုဆိုရင် သုံးနှစ်ရှိပြီ။ သုံးနှစ်အတွင်း ဘာမှ မစုဖြစ်ပါဘူးခင်ဗျာ။ ဘတ်ကြိုးကလေးတစ်ကုံးဝယ်မယ်လို့ ပိုက်ဆံစုထားတယ်။ စုရင်းစုရင်း ရွှေဈေးက တက်သွားတော့ ကျွန်တော် ဘယ်မှာဝယ်နိုင်တော့လို့လဲ။ ခုတော့ ဘတ်ကြိုးကို စိတ်မကူးတော့ပါဘူး။ ထမင်းနပ်မှန်အောင် စားရရင် တော်ပါပြီ။ ခုဆို ကျွန်တော်တို့အိမ်မှာ လူငါးယောက်ရှိတယ်။ အဖေနဲ့အမေရယ်။ ကျွန်တော့်အစ်မနှစ်ယောက်ရယ်။ ကျွန်တော်ရယ် ပေါင်းငါးယောက်ပေ့ါ။ ငါးယောက်မှာ အဖေက ပင်စင်လစာကလေးရယ်။ ညစောင့်လခကလေးရယ် ရတယ်။ ရုံးမှာလုပ်တဲ့အစ်မက တစ်ထောင်ကျော်လောက်ရတယ်။ ဆိုးထုပ်ထုတ်တဲ့ အစ်မကလည်း တစ်ထောင်ကျော်လောက်ရတယ်။ ကျွန်တော်က ခြောက်ရာရတယ်။ သုံးလေးထောင်တော့ ဝင်ပါတယ်။ ရရ စားစားပါပဲ ဦးလေးရယ်။ ဒီကုန်ဈေးနှုန်းနဲ့ဆိုရင်တော့ လကုန်အောင် မသုံးရပါဘူး။ ကျွန်တော် အလုပ်လုပ်လို့ အဖတ်တင်တာကတော့ ဒီဘိုင်စကယ်လေးတစ်စင်းပဲ အဖတ်တင်ပါတယ်။ သတင်းစာပို့ရမှာဆိုတော့ အချိန်ကုန်သက်သာအောင်၊ မြန်အောင်ဆိုပြီး ဘိုင်စကယ်အဟောင်းကလေးတစ်စီးကို သူငယ်ချင်းတစ်ယောက်ဆီက အရစ်ကျနဲ့ ဝယ်ထားတာပါ။ ကျေးဇူးပဲ ဦးလေး သတင်းစာ မှန်မှန်မရောက်ရင် ပြောပါနော်"

(ကလျာမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၉၃)

* * *

www.burmeseclassic.com

www.burmeseclassic.com

# အောင်ဝတ္ထုတစ်ပုဒ်

# အောင်ဝတ္ထုတစ်ပုဒ်

ဆင်းရဲရာမှ ကြီးပွားချမ်းသာသွားသည့် ပုဂ္ဂိုလ်များ၏အကြောင်းကို အင်္ဂလိပ်ဘာသာတွင် "ဆပ်ဆက်စ်စတိုရီ"ဟု ခေါ်ကြပါသည်။ မြန်မာလို "အောင်ဝတ္ထု"ဟု ခေါ်ကြပါသည်။

တစ်လောက ဆွမ်းကျွေးတစ်ခုသို့သွားစဉ် ကျွန်တော်သည် "အောင်ဝတ္ထု"တစ်ပုဒ်ကို ရခဲ့ပါသည်။ ကျွန်တော့်အောင်ဝတ္ထု၏ ဇာတ်လိုက်မှာ ကျွန်တော့်မိတ်ဆွေဟောင်းတစ်ဦး ဖြစ်ပါသည်။ မိတ်ဆွေဟောင်းဟုဆိုသည်ထက် အသိဟောင်းတစ်ဦးဟုပြောလျှင် ပို၍မှန်မည် ထင်သည်။

သူသည် ကျွန်တော့်ထက် အသက်ဆယ့်လေးငါးနှစ်ကြီးပြီး ကျွန်တော် ငယ်ငယ်ကတည်းက သူက လူပျိုပေါက်အရွယ်။ ကိုယ့်ဝမ်းကိုယ်ကျောင်းနိုင်သည့်အရွယ် ရောက်နေပါပြီ။ ငယ်ငယ်က ကျွန်တော်တို့က သူ့ကို "ကိုညွန့်" ဟု ခေါ်ခဲ့ကြပါသည်။ ယခုတော့ သူ့အသက်အရွယ် သူ့ဂုဏ်ဒြပ်နှင့် ကိုက်ညီအောင် ဦးညွန့်ဟု ခေါ်ပါသည်။

ဦးညွန့်နှင့်ကျွန်တော် မတွေ့သည်မှာ တော်တော်ကြာပြီ၊ မြို့မှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထွက်လာပြီးနောက် တစ်ခေါက်သာ ပြန်တွေ့ပါသည်။ ထိုအချိန်က သူသည် ယခုလောက်မကြီးပွားသေးပါ။ ဝပ်ရှော့ကလေးတစ်ခုကို ထောင်ထားသည့် ဝပ်ရှော့ပိုင်ရှင်ကလေးတစ်ယောက်သာ ဖြစ်ပါသည်။ ယခုတော့ သူသည် သူဌေးကြီးစာရင်းတွင် ပါနေပါပြီ။ ရန်ကုန်မြို့နေရာဟောင်းရပ်ကွက်ကောင်းတွင် မြေတွေ ခြံတွေအများကြီး ပိုင်နေပါပြီ။

"ခင်ဗျားလာတာ အတော်ပဲ။ ဦးညွန့်လည်း လာမယ်။ ဦးညွန့်က ခင်ဗျားကို တွေ့ချင်နေတာ"ဟု အိမ်ရှင်က ပြောပါသည်။

သူပြောသည့်အခါကျမှပင် ကျွန်တော်သည် ဦးညွန့်အကြောင်းကို ပြန်သတိရလာပါသည်။ သူ့ကို ကျွန်တော်သိစက သူသည် အသက်နှစ်ဆယ်ကျော်လောက်မျှသာ ရှိဦးမည်။ ထိုစဉ်က သူသည် မော်တော်ကား ဝပ်ရှော့တစ်ခုတွင် စက်ပြင်ဆရာ လုပ်နေသည်။ မက္ကင်းနစ်ဟု ခေါ်ကြသည်။ သူသည် ပထမတွင် စပယ်ယာ လုပ်သည်။ နောက်တော့ သူ့ကားပိုင်ရှင်က ခရီးသည်ဆွဲသော ဘတ်စ်ကားလုပ်ငန်း၊ ကုန်တင်ကားလုပ်ငန်းတို့ကို ဖြုတ်ပစ်လိုက်ပြီး ဝပ်ရှော့တစ်ခုထောင်သည်။ ထိုစဉ်က ဝပ်ရှော့များမှာ ပစ္စည်းတွေပေါသည်။ မပေါဘဲရှိပါမည်လော။ ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစဖြစ်သဖြင့် စစ်ကားတွေ၊ ခေါင်းတို၊ ခေါင်းရှည်တွေ၊ ဒေါ့ဂျစ်တွေ၊ ဂျစ်ကားတွေ ဘယ်နေရာသွားသွား ရှောင်လို့မလွတ်။ မော်တော်ကားတွေ တစ်ပုံတစ်ပင်။ အနီးနားရွာတွေက ထိုကားပျက်များကို ဖြုတ်ယူကြသည်။ ဝင်ရိုးတွေ၊ ဘီးခွေတွေ၊ ပန်ကာတွေ၊ အင်ဂျင်ခေါင်းတွေ၊ သံကိုင်းတွေ၊ လက်ကိုင်ဘီးဝိုင်းတွေ၊ စက်ခေါင်းဖုံးတွေ၊ မူလီတွေ၊ ပလပ်ခေါင်းတွေ၊ ကာဘူရေတာတွေ၊ ဂီယာအုံတွေ၊ လေးတွေ ...။

ဗြိတိသျှနှင့် အမေရိကန်တပ်များသည် မြန်မာပြည်သို့အဝင်တွင် ကျွန်တော်တို့နယ်သည် စစ်လမ်းကြောင်းကျသည့်နယ်ဖြစ်ရာ ထိုအချိန်လောက်တုန်းက တစ်နေ့တစ်နေ့ ကျွန်တော်နေသည့် မြို့ကလေးမှာ ဖြတ်သွားသော မော်တော်ကား စင်းရေသည် လေးငါးရာလောက်ရှိသည်။ ထိုစစ်ကားများသည် နေ့ရောညပါဖြတ်၍ မောင်းနေကြသည်။ ထိုသို့ နေ့ရောညပါ စစ်ကားတွေ ဖြတ်မောင်းသည့်အချိန်သည် တစ်လနီးပါးလောက်ရှိမည် ထင်





သည်။ တချို့စစ်ကားများမှာ ပျက်သဖြင့် ကရိန်းဖြင့် လာဆွဲသွားသည်။ တချို့ကိုမူ ကရိန်းဖြင့်ပင် မဆွဲတော့ဘဲ အရေးကြီးသည့် အစိတ်အပိုင်းလောက်ကိုသာ ဖြုတ်ယူသွားကာ ကျန်ပစ္စည်းတို့ကို စွန့်ပစ်ထားခဲ့သည်။ သို့ဖြင့် ကျွန်တော်တို့မြို့နားတွင် ကားတွေအများအပြား ကျန်ရစ်ခဲ့သည်။ အချို့က လမ်းဘေးမှာ။ အချို့က ယာခင်းတွေထဲမှာ။ အချို့က ချောင်းပြင်ထဲမှာ။ အချို့က ချုံကြိုချုံကြားမှာ။

စွန့်ပစ်ခဲ့သည့် ကားများကို လက်ရဲဇက်ရဲရှိသူတွေက ဖြုတ်ယူကြသည်။ လှည်းဖြင့်ဆွဲပြီး အိမ်ကို ယူလာကြသည်။ ပြန်ရောင်းကြသည်။ ပြန်ပြင်ကြသည်။ ထိုအထဲတွင် သူ့လုပ်ငန်းရှင်ဖြစ်သူလည်း ပါသည်။

အစတုန်းက သူ့လုပ်ငန်းရှင်သည် ကားအုံနာဟုခေါ်သော ကားပိုင်ရှင်ဖြစ်သည်။ သည်တုန်းက သူက စပယ်ယာဖြစ်သည်။ နောက်တော့ သူ့လုပ်ငန်းရှင်သည် ကားပြေးသည့်လုပ်ငန်းကို ဖြုတ်လိုက်ကာ ဝပ်ရှော့တစ်ခုထောင်သည်။ ထိုအခါတွင် သူသည်လည်း ဝပ်ရှော့အလုပ်သမားတစ်ယောက်ဖြစ်လာခဲ့သည်။

ကျွန်တော်သိသလောက် သူသည် ကျောင်းမှာ စာသင်ခဲ့ရသည် မဟုတ်။ ငယ်ငယ်ကလေးကတည်းက ဘတ်စ်ကားနောက်မြီးတွင် တွဲလွဲခိုကာ စပယ်ယာလုပ်နေသည်ကိုသာ မြင်ခဲ့ဖူးသည်။ ယခုတော့ သူသည် မက္ကင်းနစ်ဖြစ်နေပြီ။ သူ့တစ်ကိုယ်လုံး ဆီချေးတွေ ပေကျံလျက်၊ ဝတ်ထားသည့် ဘောင်းဘီကလည်း ဆီချေးတွေဖြင့် မည်းလျက်။ အပေါ်ပိုင်းတွင်မူ အင်္ကျီပင်မပါ။ တချို့နေရာတွင် ဆီချေးတွေ စွန်းကွက်လျက်။

ကျွန်တော်သည် ထိုရုပ်ပုံကိုသာ မျက်စိထဲတွင် စွဲနေသည်။

တစ်ခါတရံတွင် သူသည် အမိုးမပါ၊ မှန်ပါသော ဂျစ်ကားပက်လက်ကလေးကို မောင်းသွားတတ်သည်။ တစ်ခါတစ်ရံတွင်လည်း အင်္ဂလိပ်လုပ် အော်စတင် အေဖော်တီးတို့၊ မေဖလားဝါးတို့ စသည့်ကားအဟောင်းကလေးများကို မောင်းသွားတတ်သည်။ တစ်ခါတစ်ရံတွင်လည်း ကွန်သည်တို့၊ ဖောက်စ်ဟောစသည့် ကားများကို မောင်းသွားတတ်သည်။ တစ်ခါတစ်ရံတွင်လည်း ကုန်ကားကြီးများ၊ ဘတ်စ်ကားကြီးများကို မြို့ထဲတွင် လျှောက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းနေသည်ကို မြင်ရတတ်သည်။

သူတို့ ဝပ်ရှော့တွင် လာပြင်သည့် မော်တော်ကားများကို စမ်းသပ်မောင်းကြည့်နေခြင်း ဖြစ်သည်။

ကျွန်တော်သည် ထိုရုပ်ပုံကို မျက်စိထဲတွင် မြင်ယောင်နေသည်။

ယခု မြင်လိုက်ရသည့်ပုံနှင့် လားလားမျှမတူ။ ယခုတော့ သူသည် ဆူအစ်ဝဖြိုးကာ ဆင်ကြီးတစ်ကောင်လို လေးလံနေသော ရောမ လူကြီးတစ်ယောက် ဖြစ်နေပြီ။ ခေါင်းတစ်ခေါင်းလုံးမှာလည်း ပြောင်တင်းကာ အရောင်ဟဖိတ်ဖိတ် ထွက်နေသည်။ မျက်အိမ်ကြီးများကလည်း ဖောင်းမို တွဲကျနေသည်။ အသားအရေမှာ ဖြူစင်ပြည့်တင်းလျက်ရှိသည်။ ငယ်ငယ်တုန်းကလို နီညိုညို မဟုတ်တော့။ သူ့ဝမ်းဗိုက်သည် အစားကောင်း အသောက်ကောင်းကို စားရသူတို့၏ ပြည့်တင်းလုံးဝန်းနေသည့် ဝမ်းဗိုက်မျိုးဖြစ်နေပြီး

အရေတို့ တွန့်နေပြီဖြစ်သည့် လက်ချောင်းများမှာလည်း နုနယ်ဖြူဖွေးနေကြသည်ကို ကျွန်တော် သတိထားလိုက်မိသည်။ သူ့လက်ဖဝါးများမှာ ဆေးဆိုးထားသကဲ့သို့ နီရဲပြီး နူးညံ့နေသည်။

သူသည် အိစက်နေသည့် နောက်ဆုံးပေါ် မော်တော်ကားပေါ်မှ ဆင်းလာပြီး လှေကားထစ်များပေါ်သို့ ဖြည်းညင်းစွာ တက်လာ၏။ သူ့ဘေးမှ အသက်နှစ်ဆယ်ကျော် မိန်းမပျိုကလေးတစ်ယောက်က တွဲခေါ်လာသည်။

ကျွန်တော်တို့ စားပွဲသို့ ရောက်လာသည့်အခါတွင် အားလုံးက သူ့ကို နှုတ်ဆက်ကြသည်။ ကျွန်တော်က နှုတ်ဆက်သည့်အခါတွင် ကျွန်တော့်ကို သေသေချာချာကြည့်နေပြီးနောက် ကျွန်တော့်အမည်ကိုတပ်၍ ဟုတ်မဟုတ် မေးသည်။

"ဟုတ်ပါတယ် ကျွန်တော် မြသန်းတင့်ပါ"

"အေး ... ငါ မင်းကို တွေ့ချင်နေတာနဲ့ အတော်ပဲကွ။ ငါ့မြေးတွေကတော့ မင်းစာဖတ်ပရိသတ်တွေ ငါကတော့ သိပ်မဖတ်ဖြစ်ပါဘူးကွာ ဘုရားစာ တရားစာနဲ့ပဲ အချိန်ကုန်တာပဲ။ မင်းက ဓာတ်ပုံလွှာဆိုလား ဘာလား ခုခေတ်မှာ မင်းတွေ့ခဲ့ရတဲ့ လူတွေအကြောင်းကို ရေးနေသတဲ့





လို့ မြေးတွေက ပြောတယ်။ ငါ့အကြောင်းကို မင်းပြောပြချင်လို့။ ရေးဖို့ ပြောတာတော့ မဟုတ်ပါဘူး။ ငါပြောချင်လို့ ပြောတာပါ။ ရေးတာ မရေးတာတော့ မင်းသဘောပေါ့။ တို့ဗုဒ္ဓဘာသာမှာပြောတဲ့စကားရှိတယ်ကွ။ ကံ ဉာဏ် ဝီရိယတဲ့။ လူတစ်ယောက် ကြီးပွားတိုးတက်ဖို့အတွက် ဒီသုံးပါး ပြည့်စုံဖို့လိုတယ်။ ဒီသုံးပါ မပြည့်စုံရင် ဘယ်တော့မှ မအောင်မြင်ဘူး"

ကျွန်တော် သူ့စကားကို အလိုက်သင့် နားထောင်နေသော်လည်း စိတ်မဝင်စားလှပါ။ ကံ ဉာဏ် ဝီရိယသုံးပါးပြည့်စုံမှ အောင်မြင်ပြီးမြောက်နိုင်သည်ဆိုသည့်စကားသည် အဆန်းမဟုတ်။ လူတိုင်းသိနေသော အမှန်တရားဖြစ်ပါသည်။ ကျွန်တော် မျှော်လင့်ထားသည်မှာ သူ့တိုးတက်ကြီးပွားလာပုံအကြောင်း စပယ်ယာကလေးတစ်ယောက်ဘဝမှ ရန်ကုန်မြို့အကောင်းဆုံး ရပ်ကွက်တွင် တစ်ကေလောက်ကျယ်သည့် ခြံကြီးဝင်းကြီး အိမ်ကြီးရှင်အဖြစ် ဘယ်လိုဘယ်ပုံရောက်လာသည့်အကြောင်း ဖြစ်ပါသည်။ ကံ ဉာဏ် ဝီရိယကြောင့် ထိုဘဝရောက်သည်ဆိုသည်ကမူ အတော်အကျဉ်းချုံးလွန်းသည် ထင်ပါသည်။

"ငါ ငယ်ငယ်တုန်းက မင်းမြင်သားပဲ။ ငါ ဘာလုပ်ရမလဲ။ ငါ့အဖေက သမ္မာန်ပြာတာလုပ်ရတယ်။ ခုခေတ်စကားနဲ့ပြောရင်တော့ ရုံးအကူပေါ့။ တို့ခေတ်တုန်းကတော့ ရုံးကဆင့်တဲ့ သမ္မာန်စာတွေကို သွားပေးရတဲ့အတွက် သမ္မာန်ပြာတာလို့ ခေါ်တယ်။ အပြင်သွားရတဲ့ ပြာတာပေါ့။ ရုံးက အရာရှိအနီးမှာ အလုပ်လုပ်ရတဲ့ ပြာတာကိုတော့ ရုံးပြာတာလို့ခေါ်တာပေါ့။ အင်ဒိုးနဲ့ အောက်ဒိုးကွဲတာပေါ့။ အဖေက အရက်သိပ်သောက်တော့ အရက်နဲ့ပဲ သေသွားရတယ်။

အမေက မြို့ကဈေးမှာ ကုန်စိမ်းရောင်းရတယ်။ ကုန်စိမ်းရောင်းရတယ်ဆိုတာတောင် တကယ့် ကုန်စိမ်းမဟုတ်ဘူး။ ပွဲရုံတို့ ဘာတို့က ပယ်ချလိုက်တဲ့ ခရမ်းချဉ်သီးခပ်ရိရိ ခပ်နွမ်းနွမ်း၊ ကြက်သွန် ခပ်ရှုံ့ရှုံ့ ခပ်နွမ်းနွမ်းတို့ ဈေးပေါက်ဝမှာ ဗန်းကလေးပုံပြီး ရောင်းရတာ။ တတ်နိုင်တဲ့သူတွေကအဲ့ထဲမှာ ကြက်သွန်ကို ပိဿာလိုက်ဝယ်တယ်။ အဲဒီခေတ်တုန်းကတော့ ပိဿာလိုက်တောင် မဟုတ်ပါဘူးကွာ။ တစ်နှစ်စာဆိုပြီး အချိန်တစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ် ဝယ်ထားလိုက်ကြတာ။ သာမန်လခစားတို့ ဘာတို့လောက်ပဲ ကြက်သွန်ကို ပိသာနဲ့ဝယ်တာ။ ဆင်းရဲတဲ့လူတွေကျတော့ ကြက်သွန်ကို တစ်ပိသာတောင် မဝယ်နိုင်ဘူး။ ငါ့အမေဗန်းကလေးနဲ့ ပုံရောင်းတဲ့ ကြက်သွန်အရိုကို ဝယ်ရတာ တစ်ပုံမှ နှစ်ပြားတစ်ပဲ ဒီလောက်ပဲ ပေးရမယ်။ တချို့ ကြက်သွန်ဥဆိုရင် ရိတဲ့ဘက်ကို လှီးဖြတ်ပြီး ကျန်တဲ့အပိုင်းတစ်ပိုင်းကိုပဲ ရောင်းတာ။

နောက်တော့ ငါ စပယ်ယာလိုက်ရတယ်။ ကားအုံနာအိမ်မှာအိပ်၊ အဲဒီမှာပဲစား၊ ထမင်းစား ကျွန်ခံဆိုတာမျိုးပေါ့ကွာ။ ငါလည်း ကျောင်းတို့ ဘာတို့ကို မနေချင်ဘူး။ ပညာပါရမီက တော်တော်ရင့်သန်တယ်ထင်ပါရဲ့"

သူက သူ့စကားကိုသူ သဘောကျ၍ ရယ်သည်။

"အဲဒီတုန်းက လခဆိုလို့ တစ်ပြားမှရတာ မဟုတ်ဘူး။ အမေကလည်း သူမကျွေးနိုင်တော့ တစ်ပြားမှမရချင်နေပေ့စေ။ တစ်ယောက်တာဝန်ပေါ့ရင် နည်းသလားဆိုပြီး သူတို့ဆီကို အပ်ထားတာ။ ဒါနဲ့ ငါ အဲဒီမှာ ပထမမြို့နဲ့တောပြေးတဲ့ ဘတ်စ်ကားမှာ စပယ်ယာလိုက်တယ်။ စပယ်ယာအဖြစ် နှစ်နှစ်လောက်ကြာတယ်။ နောက်တော့ အုံနာက ငါ့ကို စိတ်ချလာပြီး ရန်ကုန်တို့ မန္တလေးတို့ကိုပြေးတဲ့ ကုန်တင်ကားကြီးတွေနဲ့ထည့်တယ်။ နောက်တော့ ဒီလို ကားပြေးရတာ အန္တရာယ်များတယ်။ ဓားပြတို့ ဘာတို့ကလည်း သိပ်ထတော့ စိုးရိမ်ရတယ်ဆိုပြီး ကားလိုင်းကိုဖြုတ်ပြီး ဝပ်ရှော့ထောင်တယ်"

သူ့ကားအုံနာ ဝပ်ရှော့ထောင်သည့်အထိ ကျွန်တော် သိပြီးသားဖြစ်သည်။ ကျွန်တော် သိချင်သည်မှာ သူဘယ်လိုကြီးပွားသွားသလဲဆိုသည့် ဇာတ်လမ်းဖြစ်ပါသည်။ သူ ကားဝပ်ရှော့တွင် သူမကျွင်းနစ်ဖြစ်နေစဉ် ကျွန်တော် သူ့ကို နောက်ဆုံးတွေ့ခဲ့ရခြင်းဖြစ်သဖြင့် နောက်ပိုင်းဇာတ်လမ်းကို သိချင်နေသည်။

"နောက်တော့ ဦးညွှန့်ကိုယ်တိုင် ဝပ်ရှော့ထောင်တယ်ကြားတယ်"

"ဟုတ်တယ်။ အုံနာက အသက်ကြီးပြီလေ။ ပြီးတော့ စီးပွားရေး သိပ်စိတ်မဝင်စားတော့ဘူး။ ပိုက်ဆံရှိလာတော့ ထုံးစံအတိုင်းပေါ့ကွာ။ ချမ်း





သာတဲ့ဒဏ်ကို မခံနိုင်တော့ဘူးပေါ့။ မယားငယ်ယူ အပျော်အပါးအားကြီး၊ ဒီတော့ အလုပ်အကိုင်မှာ လစ်ဟင်းလာတော့တာပေါ့။ အဲဒီတုန်းက မြစ်ကြီးနားတို့ ဘယ်တို့မှာ မော်တော်ကားတွေကလည်း သိပ်ပေါတယ်။ တို့ဆီမှာထက်တောင် ဈေးချိုသေးတယ်။ ဂျစ်ကားတစ်စင်းမှ ငါးရာလောက်ပေးရတာ ခေါင်းတိုတစ်စီးဆိုရင်လည်း လေးငါးရှစ်ရာလောက်နဲ့ ရတယ်၊ အဲဒါတွေကို ကက်စဘီတို့ အင်္ဂလိပ်တပ်တို့က လေလံတင်တယ်။ တချို့ကိုလည်း လေလံဆွဲပြီးသား လူတွေဆီကတစ်ဆင့် ဝယ်ရတယ်။ ဒီလိုနဲ့ အဲဒီကိုတက်ပြီး မော်တော်ကားကို လေလံဆွဲဝယ်ဖို့ ငါ့ကိုနိုင်းတယ်၊ ငါကလည်း ကိုယ့်ကျေးဇူးရှင်ဆိုတော့ သစ္စာရှိရှိလုပ်တယ်။ ဒီတင် သူပိုပြီး ချမ်းသာသည်ထက် ချမ်းသာလာတယ်။ သူကတော့ ဘာမှ မလုပ်တော့ဘူး။ ကားတွေလေလံဆွဲတဲ့လုပ်ငန်းတွေရော ဝပ်ရှော့လုပ်ငန်းကိုရော ပစ်ထားလိုက်ပြီး ငါပဲ ကြီးကြပ်ရတာဆိုပါတော့။ သူကတော့ အရက်ကလေးတစ်မြမြနဲ့ နောက်ဆုံးတော့ အသည်းခြောက်ပြီး သေသွားတာပါပဲ။ သူမသေခင်မှာ ငါ့ကို ဝပ်ရှော့ကလေးတစ်ခုလည်း ထောင်ပေးသွားတယ်။ နောက်တော့ သူ့ဝပ်ရှော့ကိုလည်း ငါပဲ အမ်းပြီးယူလိုက်တာပါပဲ။ ခုတော့ ငါလည်း အသက်ကြီးပြီလေ၊ ဝပ်ရှော့ကိုလည်း တပည့်တွေပေးခဲ့ပြီး ငါကတော့ ရန်ကုန်မှာပဲ နေတော့တာပါပဲ။ ငါ့သားတွေ၊ မြေးတွေက ရန်ကုန်မှာ အခြေကျနေပြီလေ၊ သမီးတစ်ယောက် ဆရာဝန်မကြီး။ သူ့ယောက်ျားကလည်း ဆရာဝန်ကြီး၊ သားနှစ်ယောက်နဲ့ သမီးနှစ်ယောက်က နိုင်ငံခြားမှာ သူတို့လည်း နိုင်ငံခြားက ဘွဲ့တွေရပြီး နိုင်ငံခြားမှာပဲ အလုပ်လုပ်နေကြတယ်။ တစ်ယောက်က အာယာဥ်ကုမ္ပဏီကြီးတစ်ခုမှာ အင်ဂျင်နီယာ။ သမီးရဲ့ယောက်ျားက ကုမ္ပဏီပိုင်ရှင် အားလုံး အမေရိကမှာရောက်နေကြတယ်။ မြန်မာပြည်မှာတော့ ဆရာဝန်မလုပ်တဲ့သမီးနဲ့ သူ့မိသားစုတွေပဲ ကျန်တော့တယ်၊ ခုတော့ ငါလည်း စီးပွားရေးလုပ်ငန်းတွေ သိပ်မလုပ်တော့ပါဘူး။ ဘာသာရေး၊ လူမှုရေး စတဲ့ အလုပ်တွေကိုပဲ လုပ်နေတော့တယ်။ အသက်ကြီးပြီမဟုတ်လား၊ ကိုယ့်ဗိုလ် အောင်လုပ်ဦးမှကွ။ မင်းလည်းအားရင် ငါ့အိမ်ကို လာခဲ့ဦးကွာ စကားလေး အေးအေးဆေးဆေး ပြောရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကားစပယ်ယာဘဝမှ ရန်ကုန်မြို့ အကောင်းဆုံးရပ်ကွက်တွင် တိုက်ကြီး ခြံကြီးနှင့်နေသည့် ဦးညွန့်က ကျွန်တော့်ကို ပြောသည်။

သူ့အုံနာ ကွယ်လွန်သည့်အခါတွင် ဦးညွန့်သည် အုံနာ၏ဇနီးနှင့် လက်ဆက်ခဲ့သည်။ အုံနာ၏ဇနီးသည် အုံနာထက် အသက်အများကြီးငယ်ပြီး ဦးညွန့်နှင့် ရွယ်တူလောက်သာရှိဦးမည်ထင်သည်။ သူ့ဆရာသည် အငြိမ့်သမတစ်ယောက်ကိုယူခဲ့ပြီး ကွယ်လွန်သွားရာ ဦးညွန့်က သူ့ဇနီးအငြိမ့်သမကိုရော ဝပ်ရှော့လုပ်ငန်းကိုရော ဆက်ခံသိမ်းပိုက်ခဲ့ခြင်းဖြစ်ကြောင်းကို ကျွန်တော်သိပြီးသား ဖြစ်သည်။

သို့ရာတွင် ဦးညွန့်သည် သူ့အောင်ဝတ္ထုထဲတွင် ထိုအကြောင်းကိုတော့ ထည့်ပြောမသွားပါ။

(ကလျာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၉၃)

* * *

# ညီအစ်မနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

# ညီအစ်မနှစ်ယောက်

သာစည်ဘူတာထဲသို့ ကျွန်တော်ရောက်သွားသည့်အခါတွင် မှောင်ရီပျိုးစ ရှိသေးသည်။ တစ်နေ့လုံး ဘတ်စ်ကားစီးလာသဖြင့် တစ်ကိုယ်လုံး ဖုန်တွေ၊ ချွေးတွေသံတွေ ပေနေပြီး ငြီးစီစီ ဖြစ်နေသည်။ ထမင်းကလည်း ဆာသည်။ ထမင်းဆာသည်က အကြောင်းမဟုတ်။ နေနိုင်သည်။ တစ်ခုခု ဝယ်စားလိုက်လျှင် ဗိုက်ပြည့်သည်။ ရေချိုးချင်သည့် ကိစ္စကိုမူ အစားထိုး၍ မရ။ ရေချိုးလိုက်ရမှ လန်းဆန်းသန့်ရှင်းသွားမည်။

သာစည်မြို့ထဲတွင် မိတ်ဆွေတွေ ရှိသည်။ ဘူတာအနီးတွင်လည်း အသိမိတ်ဆွေအိမ်တွေ ရှိသည်။ သာစည်မီးရထား အမှုထမ်းရိပ်သာများထဲတွင်လည်း အသိတွေရှိသည်။ သူတို့ဆီသွားရေချိုးရလျှင် ကောင်းမည်လားဟု ကျွန်တော် စဉ်းစားနေသည်။

သို့ရာတွင် မချိုးနိုင်သေးပါ။ ရန်ကုန်ဆင်းမည့် ရထားလက်မှတ် ဝယ်ရဦးမည်။ အမြန်နဲ့ပဲရရ အနေးနဲ့ပဲရရ၊ အကြောင်းမဟုတ်။ ရရာရထားနှင့် ရှာနေရာကပင် လိုက်တော့မည်။ တတိယတန်းမှာပဲရရ၊ ရိုးရိုးတန်းမှာပဲ





ရရ။ အထူးတန်းမှာပဲ ရရ။ ထိုင်ခုံနှင့်ပဲ ထိုင်ရ ထိုင်ရ။ ကော်ရစ်ဒါတွင် မတ်တတ်ပဲ ရပ်ရ ရပ်ရ၊ အကြောင်းမဟုတ်။ ကိုယ်က ကြိုကြိုတင်တင် လက်မှတ်မှ ယူမထားဘဲကိုး။ ရရာရထားနှင့်လိုက်ပြီး ရရာနေရာက လိုက်ရမှာပေါ့။ သည်လိုခရီးတွေကို သွားခဲ့ဖူးပြီပဲ။ တစ်ခါတလေမှာ သာစည်က ရန်ကုန်အထိ အထူးတန်းပေါက်ဝတွင် ထိုင်လိုက်လာခဲ့ရသည်။ တစ်ခါတစ်ရံတွင် တောင်တွင်းမှ ပျဉ်းမနားအထိ ကျပ်ညပ်နေသော ရိုးရိုးတွဲမှ မတ်တတ်ရပ်လိုက်ခဲ့ရသည်။ ထိုင်စရာနေရာကလေး တစ်နေရာမျှပင် မရှိ။

လူတွေ ညပ်သိပ်နေသည့်ကြားထဲမှာ အနံ့အမျိုးမျိုး၊ ချွေးနံ့၊ အရက်နံ့၊ ကွမ်းယာနံ့၊ ကျင်ငယ်နံ့၊ ကျင်ကြီးနံ့၊ ဟင်းနံ့၊ ဆေးပြင်းလိပ်နံ့၊ မှုစ်ချဉ်နံ့၊ ငါးပိနံ့၊ ကြက်သွန်နံ့၊ အနံ့ပေါင်းများစွာ ...။

ထိုအခါမျိုးတွင် အထက်တန်းတွဲ အပေါက်ဝနားက ထိုင်လိုက်ရသည်ကပင် ဖိမ်ရှိသေးသည်။

ကျွန်တော်သည် ဘူတာတွင် လက်မှတ်ပြေး၍ ဝယ်သည်။ လက်မှတ်က မရတော့။ အထက်တန်းတွဲတွင် ထိုင်ခုံမပါဘဲ ရမည်ဟုဆိုသည်။ ကိစ္စမရှိပါ။ သည်လောက်ရလျှင် တော်ပါပြီ။ အပေါက်ဝနားတွင် သတင်းစာစက္ကူကလေးခင်းပြီး လိုက်သွားနိုင်ပါသည်။

လက်မှတ်ကိစ္စပြီးသည့်အခါတွင် အချိန်နည်းနည်း နောက်ကျသွားသည်။ မြို့ထဲကအိမ်ကိုသွားပြီး ရေချိုးနေဖို့ အချိန်မရ။ ထို့ကြောင့် ဘူတာအပြင်ဘက် အလုပ်သမားတန်းလျားတွေနားတွင်ရှိသည့် ရေချိုးရုံကလေးများဆီသို့ လာခဲ့သည်။ သည်နေရာမှာပင် ချိုးတော့မည်။

ဘူတာအပြင်ဘက်သို့ထွက်ရန် ခုံးတံတားကြီးရှိရာသို့ လာခဲ့သည်။ ခုံးတံတားနားမရောက်ခင် ဘူတာရုံအမိုးစွန်း အမှောင်ရိပ်ပျပျထဲမှ ကျွန်တော့်နာမည်ကိုတပ်၍ခေါ်ကာ ကျွန်တော် ဟုတ်သလားဟု မေးလိုက်သော အမျိုးသမီးတစ်ယောက်၏ အသံကို ကျွန်တော် ကြားလိုက်သလို ထင်မိသည်။ သို့ရာတွင် ကျွန်တော် သတိမထားမိ။ သည်နေရာမျိုးတွင် ကျွန်တော့်နာမည်ကို သိမည့်သူ မရှိ။ အထူးသဖြင့် ကျွန်တော့်ကို သိမည့်အမျိုးသမီး မရှိ။



www.burmeseclassic.com

www.burmeseclassic.com



မီးရထားဘူတာရုံ အမိုးစွန်မှောင်ရိပ်ထဲမှ ကျွန်တော့်ကို နောက်တစ်ခါ ခေါ်လိုက်သည့်အသံ ပေါ်လာပြန်သည်။ ကျွန်တော့်မှာ မျက်စိမွဲသူဖြစ်ရာ အလင်းတစ်ဝက် အမှောင်တစ်ဝက်ဖြစ်နေသော ထိုနေရာတစ်ဝိုက်ကို သဲကွဲစွာ မမြင်ရ။

ကျွန်တော်က ခြေလှမ်းများကိုတုံ့က နောက်သို့ လှည့်ကြည့်လိုက်သည်။

မီးရထားဘူတာရုံအမိုးစွန် အမှောင်တစ်ဝက် အလင်းတစ်ဝက်ထဲတွင် အမျိုးသမီးကြီးတစ်ယောက်နှင့် အမျိုးသမီးငယ်တစ်ယောက် ရပ်နေကြသည်။ အမျိုးသမီးကြီးမှာ အသက် ၆၀ ကျော်လောက်ရှိပြီဟု ကျွန်တော်ထင်သည်။ အဝတ်အစားက ခပ်နွမ်းနွမ်း။ အမျိုးသမီးငယ်မှာ အသက် ၃၀ ကျော် လောက်ဟု ကျွန်တော် ခန့်မှန်းသည်။ အသားဖြူဖြူ၊ ကိုယ်လုံးသွယ်သွယ် ဆံပင်တိုတိုနှင့် ဖြစ်သည်။ သူ့အဝတ်အစားမှာလည်း ခပ်နွမ်းနွမ်းပင် ဖြစ် သည်။ သို့ရာတွင် အဝတ်အစားနွမ်းနွမ်းထဲမှ ရွှန်းစိုသော သူ့အလှသည် အထင်းသား ပေါ်နေသည်။

အမျိုးသမီးကြီးနှင့် မိန်းမပျိုသည် ခြင်းတောင်းများကြားတွင် ရပ်နေ သည်။ သူတို့ခြင်းတောင်းများထဲတွင် ပန်းဂေါ်ဖီထုပ်တွေ၊ ခရမ်းချဉ်သီးတွေ ဂေါ်ရခါးသီးတွေ ပြည့်မောက်နေအောင် ထည့်ထားသည်။ ရှေ့တွင်လည်း ကြက်သွန်ဖြူများနှင့် အာလူးများကို မိုးကာဖျဉ်စသုံးလေးစနှင့် ဖြန့်ခင်းထား သည်။

'ကိုမြသန်းတင့် ဟုတ်ပါတယ်နော်"

အမျိုးသမီးကြီးက ကျွန်တော့်ကို မရဲတရဲနှင့် မေးသည်။ သည်နေရာ တစ်ဝိုက်တွင် ကျွန်တော့်ကိုသိသူ၊ ကျွန်တော့်ကို ကိုမြသန်းတင့်ဟုခေါ်မည့်သူ တစ်ယောက်မျှမရှိ။

ကျွန်တော်က ဇဝေဇဝါဖြင့် သူတို့ကို ရပ်ကြည့်နေသည်။

"လူကတော့ ပိန်သွားတယ်။ ဒါပေမဲ့ မျက်မှန်ကိုကောင်းကောင်း မှတ်မိ ပါတယ်။ ရှင့်လိုမျက်မှန်ထူထူက ခပ်ရှားရှားမဟုတ်လား"

"ဟုတ်ကဲ့ ဘယ်သူများပါသိမ့်"

မိန်းမပျိုက ရှက် သိုဖြင့် ကို ငုံ့နေသည်။ အမျိုးသမီးကြီး





ပြုံးလိုက်ရင်း ...

"ကျွန်မ မေခင်ပါ။ ကိုမင်းမောင်ရဲ့ ဇနီးလေ"

မေခင်နှင့် ကိုမင်းမောင်။ ကိုမင်းမောင်နှင့် မေခင်။

ထိုနာမည်ကို ကြားလိုက်သည့်အခါမှပင် ကျွန်တော်သည် သူတို့ နှစ်ယောက်ကို သတိရလာတော့သည်။ သူတို့နှင့် မတွေ့သည်မှာ နှစ်ပေါင်း လေးဆယ်ကျော်လောက် ရှိသွားလေပြီ။ ဟိုတုန်းကတော့ ကျွန်တော်တို့ တစ်တွေ ကျောင်းသွားဖော်တွေ။ ကျောင်းသားအဖွဲ့အစည်းတွေမှာ လုပ်ဖော် ကိုင်ဖက်တွေ။

သည်တုန်းက မေခင်သည် ပိန်ပိန်ပါးပါး။ သွက်သွက်လက်လက် စာတွေ ကဗျာတွေကို ဝါသနာပါသည်။ နိုင်ငံရေးကို ဝါသနာပါသည်။ အသင်းအဖွဲ့ ကိစ္စတွေကို ဝါသနာပါသည်။ ကိုမင်းမောင်ကမူ ကျွန်တော့်ထက် နည်းနည်း အသက်ကြီးသည်။ သို့ရာတွင် ကျွန်တော်နှင့် တစ်တန်းတည်း။ သည်တုန်းက ကျောင်းလက်ရေးမဂ္ဂဇင်းထုတ်လျှင် ကျွန်တော်နှင့် ကိုမင်းမောင်က အယ်ဒီ တာတွေ။ လက်ရေးမဂ္ဂဇင်းတစ်စောင်လုံးတွင် ကျွန်တော်တို့စိတ်ကူးတွေကို ရုပ်လုံးဖော်ထားကြသည်။ ကျွန်တော်တို့ သဘောကျသည့် ဝတ္ထုတိုကလေး တွေ၊ ကျွန်တော်တို့နှစ်သက်သည့် ကဗျာလေးတွေကိုရွေးပြီး မဂ္ဂဇင်းမှာ ထည့်ကြသည်။ ကျွန်တော်က အယ်ဒီတာ၊ ကိုမင်းမောင်က ပန်းချီဆရာ၊ ပြီးတော့ မေခင်က လက်ရေးလှသူမို့ လက်ရေးမဂ္ဂဇင်းကို ရေးကူးသူ။

ကျောင်းသားကိစ္စတွေမှာ ကိုမင်းမောင်က ဥက္ကဋ္ဌ၊ ကျွန်တော်က အတွင်း ရေးမှူး၊ မေခင်က ငွေထိန်းစသည်ဖြင့် ပါခဲ့ကြသည်။ မေခင်၏ဖခင်မှာ သခင်တစ်ယောက်ဖြစ်သည်။ ကျွန်တော်တို့သည် သူတို့အိမ်မှာပင် စာအုပ် တွေ ဖတ်ကြသည်။ သူတို့အိမ်မှာပင် စာကျက်ကြသည်။ သူတို့အိမ်မှာပင် စားကြ၊ သောက်ကြသည်။ ကျောင်းအားလပ်ရက်များတွင်ဆိုလျှင် ကျွန်တော် တို့တစ်တွေသည် သူတို့အိမ်မှာပင် စုဝေးပြီး စာပေအကြောင်း နိုင်ငံရေး အကြောင်းတွေ ပြောကြသည်။ ကျွန်တော်တို့မပြောလျှင်လည်း သူ့ဖခင်ပြော ပြောသည်ကို နားထောင်ကြသည်။ မေခင့်အဖေသည် ကျွန်တော်တို့ဒေသတွင် တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်ခဲ့သူဖြစ်ပြီး ဂျပန်ခေတ်တွင်လည်း


www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုကို ခေါင်းဆောင်ခဲ့သူများထဲတွင် တစ်ယောက် အပါအဝင်ဖြစ်သည်။

စစ်ပြီး၍ ဗြိတိသျှတို့ မြန်မာပြည်သို့ ပြန်ရောက်လာသည့်အခါတွင် မေခင်တို့အိမ်မှာပင် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကို တည်ထောင်ခဲ့ကြသည်။ ထိုစဉ်က အင်္ဂလိပ်အစိုးရကို ဆန့်ကျင်သည့်အဖွဲ့ဖြစ်၍ ဘယ်သူမှ ဖဆပလ အဖွဲ့ကို တည်ထောင်ခြင်း မပြုရဲကြ။ မြို့မျက်နှာဖုံး လူကြီးတွေကို ချဉ်းကပ်ပြီး ဖဆပလအဖွဲ့ထဲပါရန်၊ ဥက္ကဋ္ဌ၊ ငွေထိန်း စသည်တို့လုပ်ရန် ဆွေးနွေးမေတ္တာရပ်ခံသော်လည်း အားလုံးက ခေါင်းခါလွှတ်လိုက်ကြသည်။ နောက်ဆုံးတော့ ဖဆပလအဖွဲ့ကို မေခင်တို့အိမ်မှာ ထူထောင်ခဲ့ကြသည်။

ထို့နောက် လွတ်လပ်ရေးရပြီး နိုင်ငံရေးပါတီ အကွဲအပြဲတွေ ပေါ်ခဲ့သည်။ မေခင်၏အဖေသည် ဥပဒေပြင်ပသို့ ရောက်သွားခဲ့သည်။ မေခင်မှာ သည်တုန်းက ဆယ်တန်းသာရှိသေးသည်။ သူ့အမေသည် မေခင်တို့မောင်နှမတစ်တွေ လူတစ်လုံး သူတစ်လုံး ဖြစ်လာသည်အထိ ပြုစုစောင့်ရှောက်ခဲ့သည်။

ထို့နောက် ကျွန်တော်က မြို့ကထွက်လာပြီး ရန်ကုန်မှာ ရောက်နေသည်။ မေခင်တို့ကတော့ မြို့ကလေးမှာပင် ကျန်ရစ်ခဲ့ကြသည်။ သူနှင့် ကိုမင်းမောင်တို့လည်း အိမ်ထောင်ကျပြီးနောက် သူတို့လင်မယားနှစ်ယောက်စလုံး တောခိုသွားကြသည်ဟု ကျွန်တော် သဲ့သဲ့ကြားလိုက်ရသည်။

သည့်နောက် မေခင်နှင့်ကျွန်တော် မတွေ့တော့။ သူနှင့်ကျွန်တော်တို့ကြားတွင် အနှစ်လေးဆယ်သည့် တံတိုင်းကြီးတစ်ခုလို ခြားသွားခဲ့သည်။

ယခု ပြန်တွေ့သည့်အခါတွင် မေခင်သည် အသက် ၆၀-ကျော်ပြုနေပြီ။ ငယ်ငယ်တုန်းက ဖြူဝင်းခဲ့သော အသားသည် နီညိုညိုအရောင်သန်းနေပြီ။ အရွယ်နှင့်မလိုက်အောင်လည်း အိုစာရင့်ရော်သွားသည်။

"စောစောက ဘူတာရုံ လက်မှတ်ပေါက်နားမှာ လှမ်းမြင်လိုက်ကတည်းက ရှင်နဲ့တူတယ်လို့ အောက်မေ့လိုက်တာ မသေချာတာနဲ့ အကဲခတ်နေတာ။ ဒီနားဖြတ်လာတော့မှ ဟုတ် မဟုတ် စုံစမ်းကြည့်မယ်ဆိုပြီး မေးကြည့်တာ"





မေခင်က ပြောသည်။

"ဘယ်ကလာတာလဲ။ ဘယ်မှာနေသလဲ ဘာလုပ်နေသလဲ"

မေးခွန်းများသည် ကျွန်တော့်ပါးစပ်မှာ ဗုံးပေါက်သလို ဆက်တိုက်ထွက်လာကြသည်။

"ဒါက သမီးလေ ခု အောင်ပန်းက လာတာ"

သူက ကျွန်တော့်မေးခွန်းကို မဖြေမီ အနားတွင်ရှိသည့် မိန်းမပျိုနှင့် မိတ်ဆက်ပေးသည်။

မိန်းမပျိုသည် လှပဝိုင်းစက်သော မျက်လုံးများထဲမှ စူးစမ်းသောအကြည့်ဖြင့် ကြည့်နေသည်။ သူ့အကြည့်၌ ကျွန်တော်သည် ရန်သူလော၊ မိတ်ဆွေလောဆိုသည့် အကြည့်မျိုး၊ မသင်္ကာသော အကြည့်မျိုးကို ကျွန်တော် မြင်နေရသည်။ သူ့မျက်လုံးများသည် ကျွန်တော့်ကို ကြည့်နေကြသည့်တိုင် ဝေးကွာသည့်အသွင်ကို ဆောင်နေကြသည်။

"ဪ ... ဟုတ်လား။ ခု အသက် ဘယ်လောက်ရှိပြီလဲ"

"၃၀ ကျော်ပြီလေ။ ခု အောင်ပန်းနားက ရွာတစ်ရွာမှာ မူလတန်းပြဆရာမ လုပ်နေတယ်။ ကျွန်မကတော့ သူ့ဆီသွားနေလိုက် ဟိုသွားလိုက် ဒီသွားလိုက်ပေါ့"

မေခင်က တည်ငြိမ်သောအသံဖြင့် ပြောသည်။ ကျွန်တော်သည် ကိုမင်းမောင်အကြောင်းကို မေးချင်သည်။ သို့ရာတွင် မေးသင့် မမေးသင့် ချီတုံချတုံဖြစ်နေသည်။

"ကိုမင်းမောင်လည်း ဆုံးသွားပြီလေ။ ၁၉၆၀ တစ်ဝိုက်လောက်က တိုက်ပွဲမှာ ကျသွားတာ။ ကျွန်မတို့လည်း သူမရှိတော့ မြို့ပေါ်ကို ပြန်ရောက်လာကြတာ။ မြို့ပေါ်ရောက်တော့လည်း ထုံးစံအတိုင်း ရှန်းရကန်ရတာပေါ့ရှင်"

"ကိုမင်းမောင် မရှိလို့ ပြန်လာတော့ ဘယ်မှာနေကြသလဲ"

"ပထမတော့ မြို့ကိုပဲ ပြန်ရတာပေါ့။ အဲဒီတုန်းက ကျွန်မ ဘာလုပ်ရမှာလဲ။ သုံးဆယ်ကျော်လောက်ကလေးပဲ ရှိသေးတယ်။ ကျွန်မ ပြန်ရောက်တော့ စက်ချုပ်သင်တယ်။ မြို့မှာပဲ မိန်းကလေး အင်္ကျီကလေးတွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ချုပ်တယ်။ သမီးလေးကိုလည်း ကျောင်းထားရသေးတယ်လေ"

"သမီးက တစ်ယောက်တည်းလား"

"မဟုတ်ဘူး။ သူ့ထက် အကြီးတစ်ယောက် ရှိသေးတယ်။ မိန်းကလေးပဲ။ သူကတော့ သမီးလို့သာ ပြောရတာပါလေ။ ကျွန်မကိုလည်း အမေလို့ မမှတ်တော့ပါဘူး။ သူ့မွေးစား အဖေ အမေတွေဆီမှာပဲ ပျော်နေပါပြီ"

"ဟုတ်လား ဘယ်မှာလဲ"

"ကချင်ပြည်နယ်ထဲမှာ ၁၉၆၀ ကျော်တစ်ဝိုက်မှာ အစိုးရထိုးစစ်တွေ လာတော့ ကျွန်မတို့ ပြေးရလွှားရတာပေါ့။ အဲဒီမှာ ကျွန်မသမီးကြီးကို ကချင်လင်မယားနှစ်ယောက်ကို ပေးပစ်ခဲ့တယ်လေ။ အဲဒီကတည်းက သမီးကြီးနဲ့ ကွဲသွားကြတာ။ နောက်ဆယ်နှစ်လောက်ကြာပြီး ကျွန်မ မြို့ပေါ်ကိုရောက်မှ သူ့ကိုသွားတွေ့နိုင်တယ်။ ကျွန်မသွားတွေ့တော့ သမီးကြီးက ကျွန်မကို မှတ်လည်း မမှတ်မိဘူး။ အမေလို့ မထင်တော့ဘူးလေ။ ကချင်လင်မယားကိုပဲ အဖေအမေလို့ ထင်နေတာပေါ့။ မြန်မာစကားတောင် ကောင်းကောင်း မတတ်တော့ဘူး။ တစ်လုံးတလေပဲ ပြောနိုင်တော့တယ်။ အဲဒီက ကချင်စကားပဲ တတ်တော့တယ်။ ကြည့်လိုက်တော့လည်း တစ်ကယ့် ကချင်မ။ တကယ်တော့ ကျွန်မ မွေးရုံပဲ မွေးပေးခဲ့တာပါလေ။ ကျွေးမွေး စောင့်ရှောက်တာက ကချင်လင်မယားဆိုတော့ သူတို့နဲ့ပဲ နီးစပ်ပြီး သူတို့လိုပဲ ဖြစ်သွားတာပေါ့"

"မေခင်ကကော သူ့ကို ပြန်မခေါ်ဘူးလား"

"ခေါ်တာပေါ့။ ဒါပေမဲ့ သူက မလိုက်ချင်ဘူးတဲ့။ တောင်ပေါ်မှာပဲ နေတော့မယ်တဲ့။ ဒါနဲ့ ဒီကသမီးကိုခေါ်သွားပြီး သူတို့ညီအစ်ကို တွေ့ပေးတယ်။ ပထမတော့ သူ့ညီမလေးကို အကဲခတ်နေတယ်။ နောက်တော့ သွေးက စကားပြောတယ် ထင်ပါရဲ့။ သူတို့နှစ်ယောက် ရင်းနှီးသွားကြတယ်။ ဒါပေမဲ့ သဘောထားကတော့ မပြောင်းဘူး။ ကျွန်မတို့ဆီကို မလိုက်ဘူးတဲ့။ တောင်ပေါ်မှာပဲ နေမယ်တဲ့"

"တောင်ပေါ်ဆိုတာ ဘယ်မှာလဲ"

"ဟိုအဝေးကြီး လောခေါင်တို့ ဘယ်တို့အနားက တောင်ပေါ် [illegible]





ကချင်ရွာမှာ ရွာဆိုပေမယ့် အိမ်ခြေ လေးငါးဆယ်အိမ်ပဲ ရှိတယ်လေ။ အဲဒီမှာပဲ သူပျော်တယ်တဲ့။ ကျွန်မတို့ဆီမှာ မနေချင်ဘူးတဲ့။ ခုထိလည်း သူဘယ်ကိုမှ မရောက်ဖူးဘူး။ မြစ်ကြီးနားကိုလည်း မရောက်ဖူးဘူး။ မြို့ဆိုလို့ လောခေါင်ကိုပဲ ရောက်ဖူးတယ်။ စာလည်း မတတ်ဘူး။ တကယ့် တောင်ပေါ်သူ"

"ကချင်လင်မယားကကော"

"သူတို့ကလည်း ဘယ်လိုက်စေချင်မလဲ။ သူတို့ တစ်သက်လုံး မွေးခဲ့ရတာတဲ့။ နင့်သမီးကို ခေါ်လို့ရရင်တော့ ထည့်ရမှာပေါ့တဲ့။ သူတို့သဘောကတော့ သူတို့နဲ့ပဲ နေစေချင်တယ်တဲ့"

"ခုကော ဘယ်က လာတာလဲ"

"သမီးက အောင်ပန်းနယ်ထဲက ရွာတစ်ရွာမှာ မူလတန်းကျောင်းဆရာမ လုပ်နေတယ်လေ။ ကျောင်းပိတ်လို့ သွားခေါ်ရင် အပြန်မှာ ခရီးစရိတ်ကလေး ဘာလေးကြေအောင်ဆိုပြီး ခရမ်းချဉ်သီးတို့၊ ဂေါ်ဖီတို့၊ ကြက်သွန်တို့၊ အာလူးတို့ သယ်လာတာ။ ကျွန်မ သူ့ဆီသွားရင် ဒီလိုပဲ သယ်လာလေ့ ရှိတယ်။ ဒီကသွားရင်လည်း လက်သုတ်ပဝါတို့၊ လုံချည်တို့၊ စောင်တို့ သယ်သွားပြီး ဟိုမှာရောင်းတယ်။ ဟိုက ဆင်းလာရင်လည်း ကုန်စိမ်းတွေ သယ်လာပြီး ဒီမှာရောင်းတယ်။ သာစည်ဘူတာမှာ ပစ္စည်းတွေချပြီးရောင်းရင် ရန်ကုန်ကလာတဲ့လူတွေက လက်လီဝယ်သွားတာလည်း ရှိတယ်။ လက်ကားချုပ် ဝယ်သွားတဲ့အခါလည်း ရှိတယ်။ တချို့လည်း ဒီနားတစ်ဝိုက်က မြို့တွေ ရွာတွေက ဖောက်သည်တွေ လာဝယ်သွားကြတယ်။ သွားရင်း လာရင်း ခရီးစရိတ်ကလေးဘာလေး ကြေလိုကြေငြားပေါ့"

"ခု ဘယ်မှာ အခြေတကျ နေတာလဲ။ ဘယ်သူရှိလို့လဲ"

"အစတုန်းကတော့ မြို့မှာပဲ နေတာပါပဲ။ နောက်တော့ သမီးက ရှမ်းပြည်အောင်ပန်းကို မပြောင်းခင်က သာစည်နယ်ထဲက ရွာတစ်ရွာမှာ ထမအလုပ်ရတယ်။ ဒါနဲ့ သမီးနဲ့ လိုက်နေရင်း အဲဒီရွာမှာပဲ အခြေချမိတယ်ဆိုပါတော့။ ရွာမှာ အိမ်ဝိုင်းကလေးတစ်ဝိုင်းရယ်။ အိမ်ကလေးတစ်လုံးရယ်ရှိတော့ အဲဒီမှာပဲ နေတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရေချိုးချိန် မရတော့။

သူတို့သားအမိနှင့် ရေးဟောင်းနှောင်းဖြစ်တွေ ပြောနေမိသည်။

ရထားထွက်ခါနီးသောအခါ မေခင်သည် ကျွန်တော့်ကို ခရမ်းချဉ်သီးတစ်တောင်း လက်ဆောင်ပေးလိုက်ပါသည်။ သို့ရာတွင် ကျွန်တော် မယူရက်ပါ။ ရထားထွက်ခါနီးတွင် သူငြိုင်းနေသည့်ကြားမှပင် နှစ်ရာတန်တစ်ရွက်ကို သူ့တောင်းထဲသို့ ပစ်ချခဲ့ပါသည်။

(ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၃)

* * *

# မြေနုကျွန်း အချစ်ဇာတ်လမ်းတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com

# မြေနုကျွန်း အချစ်ဇာတ်လမ်းတစ်ပုဒ်

ကျွန်တော့်ဇာတိမြို့ကိုပြန်လျှင် ရန်ကုန်မှ မြင်းခြံသို့ ရထားစီးရသည်။ မြင်းခြံမှ မော်တော်ဆိပ်ဆင်းရသည့်ခရီးမှာ ရန်ကုန်မှ မြင်းခြံသို့လာရသည့် ခရီးထက်ပင် ပင်ပန်းသည်။ ဖုန်တထောင်းထောင်း လှည်းဘီးရာကြီးတွေ ဒူးဆစ်လောက်ထင်နေသည့် သောင်ပြင်အတိုင်း တလှုပ်လှုပ်သွားနေသော မြင်းလှည်းပေါ်မှာ ထိုင်ရသည်။ ကျွန်တော်ကမူ ထိုခရီးကို ဘယ်တော့မှ မြင်းလှည်းမစီးပါ။ ခြေကျင်သာသွားလေ့ ရှိပါသည်။ သုံးလေးမိုင်လောက်တော့ ဝေးမည်ထင်သည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ဆီးပင်ကလေးတွေ ကျိုးတိုးကျဲတဲ။ ဆေးခင်းကြီးတွေက တစ်မျှော်တစ်ခေါ်။ လမ်းဘေးနားက ဆေးခင်းများမှာ ဖုန်တွေ အလိမ်းလိမ်းကပ်နေကြကာ ဝါကျင့်ကျင့်အရောင် သန်းနေသည်။ အဝေးက ဆေးခင်းများကတော့ စိမ်းမြနေကြသည်။

ဆေးခင်းတွေထဲကို မြင်းလှည်းကလေးဖြတ်လာရင်း မော်တော်ဆိပ်ကို မျှော်ကြည့်ကြသည်။ ဟိုးအဝေးတွင် မြစ်သည် ကွေ့သွားကာ သောင်စွယ် တစ်ခုအကွယ်တွင် ပျောက်ကွယ်သွားသည်။ သဲသောင်ကမ်းပါးထိပ်မှာ တဲသိုက်





ကလေးတစ်သိုက်ကို မြင်ရသည်။ နေရောင် ရှူးရှူးရှဲရှဲအောက်က သောင်ပြင် ဖွေးဖွေးထဲတွင် တဲကလေးများသည် သနားစရာကောင်းနေကြသည်။ တဲသိုက်ကလေးအထက်တွင် လွှင့်ထားသော အလံဖြူဖြူကလေးမှာ အရောင်မွှမ်း ဖျော့နေသည်။ သောင်ပြင်ကြီးထဲတွင် ကွေ့ကောက်သွားနေသည့် လှည်းဘီး ရာကလေးတွေအတိုင်း လိုက်လာရသဖြင့် မော်တော်ဆိပ်သို့ တော်တော်နှင့် မရောက်နိုင်။ ဖုန်တွေကို တစ်နာရီသာသာလောက် ရှူရှိုက်ပြီးတော့မှ မော်တော်ဆိပ်သို့ ရောက်သည်။

မော်တော်ဆိပ်မှာ သဲကမ်းပါးအောက်ခြေတွင်ရှိသဖြင့် မော်တော်ကို မမြင်ရပါ။

ကျွန်တော်သည် မြင်းလှည်းပေါ်တွင် ပါလာသည့် လက်ဆွဲအိတ်ကိုဆွဲ၍ မော်တော်ဆီသို့ လာခဲ့သည်။ ကမ်းပါးအောက် ရေစပ်တွင်မူ ကျွန်တော်တို့ မကြာခဏ စီးခဲ့သည့် မော်တော်ကြီးဆိုက်ထားသည်။ မော်တော်အမည်က "မင်းဒင်"။ ဇာတိမြို့သို့ မြင်းခြံလမ်းက လှည့်ပြန်တိုင်း သည်သဲဖြူဝ သောင်ပြင်ကို ဖြတ်နေကျ။ သည်"မင်းဒင်"ကိုစီးနေကျ။ သာစည့်ရထား သည် အစောဆုံးနေ့လယ်နာရီပြန်တစ်ချက်လောက်မှ မြင်းခြံသို့ ဆိုက်လေ့ ရှိသည်။ အစောဆုံး ညနေ နှစ်နာရီလောက်မှ သဲဖြူဝဆိပ်ကမ်းမှ ခွာဖြစ် သည်။

"မင်းဒင်"မှာ နှစ်ထပ်သင်္ဘောဖြစ်သဖြင့် အပေါ်ထပ်သို့ ကျွန်တော် တက်လာခဲ့သည်။ အောက်ထပ်မှာ ကုန်ပစ္စည်းတွေအပြည့်။ လူတွေအပြည့်၊ ကုန်များမှာ စုံနေသည်။ ဆေးလိပ်ဖိုတွေ၊ လက်ဖက်ခြင်းတွေ၊ ဒီဇယ်ပီပါ တွေ၊ အထည်ထုပ်တွေ၊ ပလပ်စတစ်တွေပစ္စည်းတွေ၊ ဘိလပ်မြေအိတ်တွေ၊ အိမ်ဆောက်ပစ္စည်းတွေ ... ။

လူတွေကလည်း အပြည့်။ သူတို့တွေမှာ လမ်းခရီးတွင် ဆင်းကြမည့် သူများဖြစ်သည်။ ရွာတွေပတ်လည်တွင် ဆီးတော်ခြံတွေ ရှိသည်၊ တကျိုးနှီး သားဆေးခင်းတွေ ရှိသည်။ မြေနုကျွန်းစိုက်ခင်းများသည် နှစ်စဉ်နှင့်အမျှ နေရာပြောင်းနေကြသည်။ သည်နားတစ်ဝိုက်ရွာများတွင် မြေနုကျွန်းလုပ်ငန်းတွေ ဆက်တိုင်းလိုလို ဖြစ်ကြသည်။ တစ်ခါတစ်ရံ လူပုဂ္ဂိုလ်ချင်း ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ(ထဲ)ရင်ကြော်ကြောက်ချ ဖြစ်ကြသည်။ တချို့နှစ်များတွင် အသေအပျောက်တွေ ရှိတတ်သည်။

ကျွန်တော်သည် "မင်းဒင်"မော်တော်အပေါ်ထပ်ကလက်ရန်းအနီးရှိ လူရှင်းသည့် တစ်နေရာကို ရွေးယူပြီး ကမ်းပေါ်မှ ရှုခင်းကို ငေးကြည့်လိုက်သည်။

"ဆရာ ပခုက္ကူပြန်မလို့လား"

အသံကြားသဖြင့် လှည့်ကြည့်လိုက်သည့်အခါတွင် အသက် လေးဆယ်ကျော် ငါးဆယ်အတွင်း အမျိုးသမီးတစ်ယောက်ကို တွေ့ရ၏။

"ဩော် ... ဟုတ်ကဲ့။ ပခုက္ကူကိုသွားမလို့ပါ။ မရောက်တာကြာပြီလေ"

ကျွန်တော်က သူ့ကို အကဲခတ်သည်။ ဘယ်နေရာမှာ တွေ့ဖူးသနည်း။ ပြန်ပြန်စဉ်းစားသော်လည်း မမှတ်မိ။

"ကျွန်မက ခင်မြအေးပါ။ ခုရွာမှာ အလယ်တန်းကျောင်းအုပ် လုပ်နေပါတယ်။ မြင်းခြံက ပြန်လာတာပါ။ ဟိုတုန်းက မမခင်တို့ မမရင်တို့ရဲ့ တပည့်မလေ"

ကျွန်တော်ညီမများမှာ ကျောင်းဆရာမများဖြစ်သဖြင့် သူတို့တွင် တပည့်တပန်းတွေပေါသည်။ ခရီးသွားလျှင် မကြာခဏဆိုသလို သူတို့တပည့်များ တပည့်မများကို တွေ့ရတတ်သည်။

"ဩော် ... ဟုတ်ကဲ့ ဆရာမ။ ကျွန်တော်က ပခုက္ကူမှာအနေနည်းတော့ သိပ်မသိဘူး။ ဆရာမက .... ရွာဇာတိလား"

"ဟုတ်ပါတယ်။ ကျွန်မ ကျွန်းထဲမှာပဲမွေးပြီး ကျွန်းထဲမှာပဲ အလုပ်လုပ်တယ်။ အက်စ်အေတီ ဘဝနဲ့တုန်းကတော့ ကချင်ပြည်နယ်တို့၊ ချင်းပြည်နယ်တို့ကို ရောက်ခဲ့ပါသေးတယ်။ ခု အလယ်တန်းကျောင်းအုပ်ဖြစ်တော့ ရွာကို ပြန်ရောက်တာပါ။ ကြုံတုန်းမှာ ဆရာကို ကျွန်မတို့ရွာရဲ့ အတ္ထုပ္ပတ္တိကို ပြောပြချင်လို့ပါ။ ကျွန်မတို့ရွာရဲ့ အတ္ထုပ္ပတ္တိဆိုပေမယ့် သူ-ကျွန်မ အဲ ... ကျွန်မသူငယ်ချင်းရဲ့ အတ္ထုပ္ပတ္တိလည်း ပါတာပေါ့လေ။ ဒါပေမဲ့ ကျွန်မပြောချင်တာက ကျွန်မသူငယ်ချင်းရဲ့ အတ္ထုပ္ပတ္တိက အဓိကမဟုတ်ပါဘူး





ဆရာ။ ကျွန်မတို့ မြေနုကျွန်းသားတွေရဲ့အကြောင်းက အဓိကပါ ဆရာ။ အချိန်ရတဲ့တစ်နေ့မှာ ကျွန်မတို့ရွာကိုလာဖို့လည်း ဖိတ်ပါတယ်"

"ဟုတ်ကဲ့ ... ကျွန်တော်ကြိုးစားပါ့မယ်။ ကျွန်တော်လည်း ရောက်ဖူးချင်နေတာနဲ့ အတော်ပဲ။ တစ်နေ့နေ့မှာတော့ လာဖြစ်ပါလိမ့်မယ်။ မြေနုကျွန်းတွေအကြောင်း ကျွန်တော် ဝတ္ထုရှည်ကြီးတစ်ပုဒ်လောက် ရေးချင်နေတာ။ ဒါပေမဲ့ အဲဒီကျွန်းတွေပေါ်ကို မရောက်ဖြစ်လို့ ရေးကို မရေးနိုင်သေးဘူး။ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်တုန်းက ဒီနားတစ်ဝိုက်မှာ ကျွန်းလုပွဲတစ်ခု ဖြစ်ခဲ့တယ်လေ။ တော်တော်ကြီးကျယ်တဲ့ မြေနုကျွန်းလုပွဲ။ အဲဒီတုန်းက ရွာသူရွာသားတွေ တော်တော်များများ သေကြတယ်။ သတင်းစာတွေထဲမှာ ဟိုးလေးတကျော်ပေါ့"

ဆရာမ ခင်မြအေးက နွမ်းလျစွာ ပြုံးသည်။

"ဟုတ်တယ် ဆရာ။ ယေဘုယျပြောရရင်တော့ ဒီအတိုင်းပါပဲ။ ကျွန်မတို့ရွာက ဒီနားတစ်ဝိုက်မှာ အကြီးဆုံးရွာပါ ဆရာ။ အဲဒီရွာမှာ ကျွန်မ၊ အဲ ... ကျွန်မ သူငယ်ချင်းပေါ့လေ။ ကျွန်မနဲ့ ကျောင်းနေဖက်ပေါ့လေ။ ရွာမှာပဲ မူလတန်းအောင်၊ အလယ်တန်းနဲ့ အထက်တန်းကျတော့ ပခုက္ကူမှာ သွားတက်ကြပါတယ်။ တစ်တန်းတည်း သူငယ်ချင်းတွေပါ။ ဒီမှာလည်း အတူတူ။ ပခုက္ကူ မမခင်တို့ မမရင်တို့ဆီမှာ ကျောင်းသွားတက်တော့လည်း အတူတူ။ ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်ကိုသွားတော့လည်း အတူတူ။ သီရိဆောင်မှာနေတော့လည်း တစ်ခန်းတည်း အတူတူပါ။ သူငယ်ချင်းသာ ဆိုရတယ်။ ကျွန်မတို့နှစ်ယောက်ဟာ တစ်ကိုယ်တည်းအတူတူပါ။ သိပ်ချစ်ပါတယ်။ ခုဇာတ်လမ်းက သူ့ဇာတ်လမ်းပါ။ ဒါနဲ့ပြောရရင် တစ်နှစ်မှာတော့ ကျွန်မတို့နားမှာ တော်တော်ရေကြီးတယ် ဆရာ။ ရေဝတီရေရောချင်းတွင်းရေပါ ကျလာလိုက်တာ။ ခါတိုင်းဆိုရင် ကျွန်မတို့တစ်တွေ ကျွန်းထက ရွာမှာနေလို့ ရသေးတယ်။ အဲဒီနှစ်ကတော့ ကျွန်မတို့ လုံးဝနေလို့မရဘဲ မြို့ကို ခဏပြောင်းနေရတယ်။ ကျွန်မတို့ကတော့ မရှိပါဘူး၊ ကျောင်းတက်နေပါတယ်။ ကျွန်မသူငယ်ချင်းရောပေါ့လေ။ သူ့အဖေက ရွာမှာ အဲဒီတုန်းက ကျေးရွာကာကွယ်ရေးခေါင်းဆောင်ပါပဲ။ ဩဇာရှိတယ်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာရယ်။ အစဉ်အဆက်လည်း ဒီရွာမှာနေပြီး ဒီရွာမှာပဲ မြေနုကျွန်းတွေကို လုပ်ကိုင်လာတော့ ရွာမှာ အချမ်းသာဆုံးလို့လည်း ပြောနိုင်ပါတယ်။ အဲဒီ ခေတ်တုန်းကတည်းကိုက အိမ်ကသွပ်မိုး၊ ကျွန်းပျဉ်ထောင်၊ အိမ်မှာ အပ်ချုပ်စက်နဲ့၊ မီးစက်နဲ့၊ ရေဒီယိုနဲ့ အကျနေနိုင်ပါတယ်။ ဗာဂျီးနီးယားဆေးကလည်း အဲဒီအချိန်တုန်းက သိပ်ဈေးကောင်းပါတယ်။ အဲဒီတုန်းက ပခုက္ကူမှာ စီးကရက်စက်ရုံ မရှိသေးပါဘူး။ ဒါပေမဲ့ ရန်ကုန်က စီးကရက်ကုမ္ပဏီတွေက ကျွန်မတို့ဆီ ဗာဂျီးနီးယားဆေးတွေကို အများဆုံးဝယ်ပါတယ်။ လူထုစီးကရက်တို့၊ လစ်ဘာတီစီးကရက်တို့၊ ကြောင်နက် စီးကရက်တို့ ခေတ်စားတုန်းကပေါ့ ဆရာရယ်။ ဒီခေတ် ကလေးတွေကတော့ ဒီစီးကရက်တွေကို ဘယ်သိကြတော့မလဲ။ ကျွန်မတို့ဆီကထွက်တဲ့ ဗာဂျီးနီးယားက တော်တော်လေးကောင်းတယ်လို့ ဆိုပါတယ်။ ဒီတင် တစ်ရွာနဲ့တစ်ရွာ ဗာဂျီးနီးယားဆေးတွေကို အပြိုင်စိုက်ကြပါတယ်။

ဟိုတုန်းကတော့ မြန်မာဆေးတွေကို စိုက်ကြပေါ့လေ။ ကျွန်မသူငယ်ချင်းရဲ့ အဖေက အစကတော့ နည်းနည်းပါးပါးလောက်ပဲ ဆေးစိုက်ပါတယ်။ နောက်တော့ စီးကရက်ကုမ္ပဏီတွေက ဆေးစိုက်ဖို့ ပင်ငွေထောင်ထုတ်ချေးတဲ့ အခါမှာ ကျွန်မသူငယ်ချင်းအဖေက ငွေအရင်းအနှီးကောင်းလာပြီး ဆေးတွေကို တိုးချဲ့စိုက်ပါတယ်။ သူ့ဆေးတွေအားလုံးကို ကုမ္ပဏီတစ်ခုက ချုပ်ပြီး ဝယ်ပါတယ်"

ကျွန်တော်သည် မြန်မာစီးကရက်ကုမ္ပဏီတွေ ခေတ်စားခဲ့သည့် ထိုခေတ်ကို ပြန်၍ သတိရနေသည်။ ကျွန်တော်တို့တစ်တွေ စီးကရက်သောက်တတ်ခါစ၊ လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော် လေးဆယ်နီးပါးအချိန်၊ ဦး စီးကရက်၊ လူထုစီးကရက်၊ လီဘာတီစီးကရက်၊ ကြောင်နက် စီးကရက် လွတ်လပ်ရေးရပြီး ကျွန်တော်တို့နိုင်ငံတွင် တိုင်းရင်းစက်မှုလုပ်ငန်းတွေ စတင်အရှိန်ယူခါစ .... ။

"အဲဒီတုန်းက ဗာဂျီးနီးယားဆေးလုပ်ငန်းက တော်တော်ကြီးကျယ်တာပဲ နော်"

"မြန်မာနိုင်ငံမှာ ပြည်တွင်းစီးကရက်ကုမ္ပဏီတွေ ပေါ်လာခါစကိုး ဆရာ





ရဲ့။ ဗာဂျီးနီးယားဆေးက ရှမ်းပြည်နယ်က လင်းခေးရယ်၊ ဟသာတရယ်၊ ကျွန်မတို့ဆီရယ် သုံးနေရာလောက်ပဲ စိုက်တာကိုး။ စီးကရက်ဆေးက ကျွန်မတို့ဆီက အများဆုံးထွက်တယ်။ လင်းခေးတို့၊ ဟသာတတို့က ဆေးတံသောက်ဆေးတွေ အများဆုံးထုတ်တယ်။ ကျွန်မတို့ကျွန်းထဲက လူတွေ ဆေးစိုက်ချိန်၊ ဆေးခူးချိန်ဆိုရင် သိပ်ငွေရှင်တယ်။ အလုပ်လည်း ပေါတယ်။ တော်သလင်းလပြည့်ကျော် ကြည်လွှဲမိုးရွာတယ်ဆိုရင် ဆေးစပျိုးနေပြီ။ မြစ်ရေကလည်း ကျစပြုပြီ။ တန်ဆောင်မုန်းလဆန်းလောက်ဆိုရင် ဆေးတွေ စိုက်ကုန်ကြပြီ။ ပြာသိုလဆန်းလောက်ဆိုရင် အောက်လက်ခူးပါတယ်။ ဆေးခူးရင်တစ်ရစ်ပြီးတစ်ရစ် ခူးရပါတယ်။ အောက်လက်ခူးပြီးရင် အလယ်လက်ခူး၊ အလယ်လက်ခူးပြီးရင် ဂေါင်လက်ခူး စသဖြင့်ပေါ့လေ။ တစ်ရစ်ပြီး တစ်ရစ်ခူးသွားလိုက်တာ သင်္ကြန်ကျချိန်လောက်ရောက်ရင် အားလုံးခူးပြီး သွားပါပြီ။ တစ်ဧကကို အပင် ၄၀၀၀ လောက် စိုက်ပါတယ်။ ဆေးပိဿာ ၁၅၀၀ လောက် ထွက်ပါတယ်"

"ခဏကလေး ဆရာမ၊ ဆေးက ဘယ်အချိန်မှာစစိုက်ပြီး ဘယ်အချိန်မှာ လုပ်ငန်းသိမ်းသလဲ"

"တော်သလင်းလဆန်းလောက်ဆိုရင် ဆေးပင်တွေပျိုး၊ တန်ဆောင်မုန်းလဆန်းလောက်မှာ စစိုက်ပြီး သင်္ကြန်လောက်ဆိုရင် စခန်းသိမ်းပါတယ်။ ဒါက ဆေးခင်းထဲမှာ လုပ်ရတဲ့အလုပ်ပါ။ တော်သလင်းလောက် ရေကျတာနဲ့ မြေနုကျွန်းတွေ စပေါ်နေပါပြီ။ အဲဒီမှာ မြေနုကျွန်းကို ဝေချခြမ်းရတာတွေ ရှိပါတယ်။ နောက် ထွန်ရယက်ရတာတွေ ရှိပါတယ်။ ဒီအချိန်မှာ ကျွန်မတို့ မြေနုကျွန်းသားတွေ သိပ်အလုပ်များတဲ့အချိန်ပေါ့။ ဆေးပင်စိုက်ပြီး ဆေးပင်တွေကို ရေလောင်းရတယ်။ ပိုးသတ်ရတယ်။ အောက်လက်ခူးရတယ်။ အလယ်လက်ခူးရတယ်။ ရေလောင်းတာကလည်း စိန်ဖူးပေါ်ချိန်အထိ လောင်းရပါတယ်။ စိန်ဖူးဆိုတာ အဖူးတွေကို ခေါ်တာပါ၊ ဒီတော့ ဆေးစိုက်၊ ရေလောင်း၊ ဆေးရွက်ခူး၊ ပေါင်းသင် စသဖြင့် ကျွန်မတို့ ဆေးရာသီတစ်ရာသီလုံး အလုပ်နဲ့လက်နဲ့ မပြတ်ကြပါဘူး။ အဲဒီလို စီးကရက်ကုမ္ပဏီက ဆေးတွေကို လှိုင်လှိုင်ဝယ်လာတော့ ကျွန်မသူငယ်ချင်းရဲ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



လည်း တော်တော် စီးပွားတက်သွားပါတယ်။ သူက အာဏာတို့ ဘာတို့ လည်းရှိတော့ အဲဒီနားက မြေနုတွေကို သူပဲ အများဆုံး လက်ဝါးကြီးအုပ်လိုက်ပါတယ်။ နောက်တော့ ကုမ္ပဏီကချေးငွေတို့၊ ပင်ထောင်ချေးငွေတို့ ရတာနဲ့ ဆေးပေါင်းရုံတွေ ထောင်ပါတယ်။ ဆေးပေါင်းရုံတွေထောင်တော့ လည်း သိပ်အလုပ်ဖြစ်ပါတယ်။ ဆေးပိဿာ ၁၀၀ ပေါင်းရင် အခြောက် ၁၇ ပိဿာလောက် ထွက်ပါတယ်။

ဆေးပေါင်းရုံမှာ ဆေးသိတဲ့အလုပ်သမား၊ ကြီးကြပ်ရေးမှူး၊ ကတ္တားစာရေး၊ ဆေးပေါင်းသူ၊ မီးထိုး၊ ဆေးရွေး စသဖြင့် အလုပ်သမားတွေ အမျိုးမျိုးရထားတော့ ရွာနားက အရင်းအနှီးမရှိလို့ ဆေးမစိုက်နိုင်သူတွေ လည်း ဆေးပေါင်းရုံတွေမှာ အလုပ်ရကြပါတယ်။ ဒီလိုနဲ့ ကျွန်မသူငယ်ချင်း ရဲ့ အဖေဟာ ဆေးပေါင်းရုံပိုင်ရှင်ကြီး ဖြစ်လာပါတယ်။ တစ်ဖက်မှာ ကိုယ့်မြေနုကျွန်းတွေမှာ ဆေးစိုက်၊ ကိုယ့်ဆေးပေါင်းရုံမှာ ဆေးပေါင်း၊ ထွက်လာတဲ့ ဗာဂျီးနီးယားဆေးတွေကို စီးကရက် ကုမ္ပဏီမှာသွင်း သိပ်ပြီး စီးပွားဖြစ်လိုက်ပါတယ်။ ဒါက ကျွန်မတို့ရွာ အခြေပေါ့လေ။ ကျွန်မတို့ သူငယ်ချင်းရဲ့ အဖေကြီးကြပ်မှုကြောင့် သူ့ဆေးခင်းတွေ သူ့ဆေးပေါင်းရုံတွေမှာ ရွာကလူတွေ အလုပ်ရကြတယ်။ ရွာကဆေးခင်းတွေဆီက ဆေးကိုလည်း ကျွန်မသူငယ်ချင်းရဲ့အဖေက ချုပ်ဝယ်ပြီး သူ့ဆေးပေါင်းရုံမှာ ဆေးပေါင်းယူတယ်"

"တစ်ရွာလုံးရဲ့ စီးပွားရေး ဖြစ်သွားတာပေါ့"

"ဟုတ်တယ် ဆရာ။ ကျွန်မရွာက ဒီလို စီးပွားတက်နေတုန်းမှာ တစ်ဖက်ရွာမှာလည်း မိရိုးဖလာဘိုးစဉ်ဘောင်ဆက် စိုက်လာတဲ့ဆေးခင်းတွေ ရှိတယ်။ သူတို့ရွာကတော့ ကျွန်မတို့ရွာလောက် လုပ်ငန်းမကြီးဘူးပေါ့လေ။ ဆေးပေါင်းရုံပိုင်တဲ့လူလည်း မရှိဘူး။ မိသားစုတစ်နိုင်လုပ်တဲ့ ဆေးခင်းကလေးတွေပဲ ရှိတယ်။ ဆေးတွေကို ကွမ်းရွာက ဆေးပေါင်းရုံတွေကို သွားသွင်းတယ်။ ကျွန်မသူငယ်ချင်းအဖေရဲ့ ဆေးပေါင်းရုံကို လာမသွင်းဘူး။ တစ်ရွာနဲ့တစ်ရွာ ပြိုင်ဘက်သဘောမျိုး ဖြစ်လာတာကိုး။ ဒီအထဲမှာ ကျွန်မသူငယ်ချင်းရဲ့ အဖေနဲ့ အရင်တုန်းက စီးပွားဘက်လုပ်ခဲ့သူ မိတ်ဆွေသူငယ်ချင်းလည်း





ဖြစ်တဲ့သူက တစ်ဖက်ရွာမှာ ခေါင်းဆောင်နေပါတယ်။ သူကအရင်တုန်းက သူငယ်ချင်းရဲ့အဖေနဲ့ အတူတူအလုပ်လုပ်ဖက်ပါ။ သူ့မိတ်ဆွေဆိုရင်လည်း မှန်ပါတယ်။ သူငယ်ချင်းရဲ့အဖေဆီက လုပ်နည်းကိုင်နည်းတွေ သိသွားတော့ သူကလည်း ခွဲထွက်သွားပြီး ရန်ကုန်ဆင်း၊ စီးကရက်ကုမ္ပဏီတွေနဲ့ အဆက်ရှာပါတယ်။ တစ်ဖက်က ကျွန်မတို့ရွာကို မလိုတဲ့လူတွေကလည်း သူ့ကို မြှောက်ပေးတာပေါ့လေ။ ဒီတင် အလိုလို ပြိုင်ဘက်တွေလို ဖြစ်သွားတာပါ"

"စီးပွားဘက်ဆိုတာ ဒီလိုဖြစ်တတ်တယ်လေ။ မကြီးပွားခင်တုန်းကတော့ အတူတူ၊ လုပ်ငန်းအောင်မြင်ပြီး ကြီးပွားလာကြပြီဆိုတော့ လောဘဇော ကပ်လာကြတာပေါ့။ လောဘကပ်လာတော့ ခင်မင်ရင်းနှီးတာတွေ၊ ဘဝတူ အနစ်နာခံခဲ့ရတာတွေ တစ်ယောက်ကိုတစ်ယောက် အနစ်နာခံခဲ့ရတာတွေ၊ ရှန်းကန်ခဲ့ရတာတွေကို မမြင်နိုင်ကြတော့ဘူးပေါ့"

"ဟုတ်တယ်ဆရာ သူကလည်း သူ့ဘာသာသူ တစ်စင်ထောင်မယ်ဆိုပြီး သူတို့ရွာဘက်မှာ ဗာဂျီးနီးယားတွေကို ချုပ်ဝယ်တယ်။ ဆေးပေါင်းရုံ ထောင်တယ်။ အဲတစ်နှစ်ကျတော့ ကျွန်မတို့ဘက်မှာ ရေသိပ်ကြီးနေတယ် ဆရာ။ အိမ်ခေါင်မိုးအထိမြုပ်လို့ ကျွန်မတို့ ရွာတွေအားလုံး ရေမြုပ်ကုန်ကြတယ်။ ကျွန်မတို့ကျွန်းထဲက ရွာတွေလည်း ကုန်းပေါ်ကို ပြောင်းကြရတယ်။ ရေကျသွားလို့ကြည့်လိုက်တော့ အဲဒီနှစ်က မြေနုကျွန်းက ကျွန်မတို့ရွာမှာ လာပေါ်တယ်ဆရာ။ ခါတိုင်းဆိုရင် သူတို့ ရွာဘက်မှာရော ကျွန်မတို့ရွာဘက်မှာရော ပေါ်တာပဲ။ အနည်းနဲ့အများပဲ ကွာတယ်။ ဒီနှစ်ကတော့ ဆရာရေ ... သူတို့ရွာဘက်မှာ လုံးဝ မပေါ်ဘူး။ ကျွန်မတို့ရွာဘက်မှာချည်းပဲ ပေါ်လာတယ်။ အို ဒီမြေနုတွေအားလုံးကိုသာ လုပ်ရရင် ကျွန်မတို့ရွာက အင်အားနဲ့မလောက်ဘူး။ တခြားရွာက အလုပ်သမားတွေခေါ်ရမှာ။ ဒါပေမဲ့ ဒီလိုဖြစ်နေတုန်းမှာ သူတို့ရွာက ကျွန်မတို့ ဘက်မှာ လာပေါ်တဲ့ မြေနုကျွန်းတွေကို ဝင်ပြီးထွန်ကြယက်ကြတယ်။ အဲဒီ မှာတင် ကျွန်မသူငယ်ချင်းအဖေနဲ့ သူတို့ရွာနဲ့ စကားများကြတယ်။ သူတို့ နှစ်ယောက် အချင်းဖြစ်တော့ ရွာကလူတွေလည်း ကိုယ့်လူနောက်က အသီး သီး ပါလာကြတာပေါ့ ဆရာရယ်။ ကိုယ့်ရွာကလူရမှ ကိုယ့်မှာ အလုပ်ရ မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်း မြေရမယ်မဟုတ်လား။ ဒီမှာတင် အတင်းဝင်ထွန်ကြ ယက်ကြရင်း တစ်ရွာနဲ့တစ်ရွာ အချင်းများကြတော့တာပါပဲ။

"ဆရာမပြောတဲ့ မြေနုကျွန်းက ရှိမီယိုနဲ့ ဂျူးလီယက်ကကော"

"ပြောမယ် ဆရာ။ အဲဒီ ကျွန်မ- အဲ ... ကျွန်မသူငယ်ချင်းတို့အဖေက ကျွန်မတို့ရွာက ခေါင်းဆောင်။ သူ့ဆီက ခွဲထွက်သွားတဲ့ သူ့လုပ်ဖော်ကိုင်ဖက် ခုတော့ သူ့ရဲ့ပြိုင်ဘက်က ဟိုဘက်ရွာက ခေါင်းဆောင်။ ဟိုဘက်ရွာကခေါင်းဆောင်ရဲ့သားနဲ့ ကျွန်မသူငယ်ချင်းက ချစ်သူတွေ။ သူ့ချစ်သူကလည်း မန္တလေးတက္ကသိုလ်က ဆင်းလာတာ။ သူတို့ကလည်း ဗာဂျိုးနီးယားဆေးလုပ်ငန်းလုပ်နေတော့ အပြိုင်ဖြစ်သွားကြတယ်။ သူတို့ လူငယ်ချင်းကတော့ ဒါတွေ စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ အဖေတွေ ပြိုင်ဘက်ဖြစ်နေတော့ သူတို့လည်း ဒုက္ခရောက်နေတာပေါ့။ သူတို့ချစ်လာကြတာက သူတို့အဖေတွေ ပြိုင်ဘက်မဖြစ်ခင် အတူတူ စီးပွားဖက်အဖြစ် အလုပ်လုပ်စဉ်ကတည်းက ချစ်လာခဲ့ကြတာ။ ဒါပေမဲ့ ပြိုင်ဘက်တွေဖြစ်သွားတော့ သူတို့နှစ်ယောက်မှာ အခက်တွေ့နေတယ်။ တစ်နေ့တော့ အဲဒီမြေနုကျွန်းလုရာမှာ ရွာသားအချင်းချင်း တစ်ဘက်နဲ့တစ်ဘက် လက်နက်တွေနဲ့ တုတ်ဓားတွေနဲ့ ရိုက်ကြ ခုတ်ကြသည်အထိ ဖြစ်တယ်။ အဲဒီမှာ ကျွန်မ-ကျွန်မသူငယ်ချင်းရဲ့ချစ်သူဟာ ကျွန်မတို့ရွာကလူတွေရဲ့လက်ချက်နဲ့ သေသွားရှာတယ်။ ဒါက လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်လောက်ပေါ့လေ။ ကြာတော့ ကြာခဲ့ပါပြီ ဆရာရယ်"

သူ့အသံသည် တိမ်ဝင်သွားသည်ဟု ကျွန်တော်ထင်လိုက်သည်။ သူ့မျက်လုံးများသည်လည်း မှုန်မှိုင်းသွားကြသည်။ သူသည် မော်တော်ပေါ်မှနေ၍ ဆေးခင်းများကို ငေးကြည့်နေသည်။ မော်တော်က ခေါင်းလောင်းတီးသံပေါ်လာ၏။

"ဟော ... ပြောရင်းဆိုရင်း စကားကောင်းလာလိုက်တာ။ ကျွန်မတို့ရွာကိုတောင်ရောက်ပြီ ဆရာ။ နောက်ဆရာ့ကို တစ်ခါလောက် ဖိတ်ပါဦးမယ် ဆရာ။ ဟော ... ဟော ... ဟိုမှာ ကျွန်မသားတွေ သမီးတွေ။ ကျွန်မကို လာကြိုနေကြပြီ။ သူတို့အားလုံးဟာ ကျွန်မ သားသမီးတွေလေ"



ဆရာမ ခင်မြအေးက သူ့ကိုလာကြိုနေသည့် ကျောင်းသား ကျောင်းသူအုပ်ကြီးကို လက်ညှိုးထိုးပြကာ သူတို့ကို လက်ပြနှုတ်ဆက်နေသည်၊

"လာခဲ့မယ် ဆရာမ။ စိတ်ချ။ မသွားခင် တစ်ခုတော့ မေးလိုက်ဦးမယ်။ ဆရာမရဲ့ သူငယ်ချင်းကကော။ ခု ဘယ်မှာလဲ။ ရှိသေးလား"

"ရှိပါသေးတယ်။ ကျွန်မတို့ရွာမှာပါပဲ။ ကျွန်မ- အဲ ... ကျွန်မသူငယ်ချင်းက အပျိုကြီးဘဝနဲ့ပဲ အရိုးထုတ်တော့မယ်လို့ ပြောပါတယ်။ ကြုံရင် မမခင်တို့ မမရင်တို့ကို မေးကြည့်ပါ ဆရာ။ ကျွန်မ-ကျွန်မသူငယ်ချင်းရဲ့ဇာတ်လမ်းကို သူတို့ကောင်းကောင်းသိပါတယ်။ ခွင့်ပြုပါဦး ဆရာ၊ သားတွေ သမီးတွေ လာနေကြပြီ"

"မင်းဒင်"သည် ကုန်းဘောင်ကိုရုပ်၍ ကမ်းမှခွာသည်။ ကျွန်တော်သည် စူးရဲသော နေရောင်အောက် ဆေးခင်းစိမ်းစိမ်းများနှင့် ကမ်းပါးဖြူဖြူများ နောက်ခံတွင် လက်ပြကျန်ရစ်ခဲ့သော ဆရာမခင်မြအေးကို လက်ပြနှုတ်ဆက်နေသည်။

(ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၉၄)

* * *

www.burmeseclassic.com

www.burmeseclassic.com

# ကျေးလက်ဘုရားပွဲ

# ကျေးလက်ဘုရားပွဲ

တစ်နှစ်က ပုဂံအာနန္ဒာဘုရားပွဲတော်သို့ သွားဖြစ်သည်။ ဘုရားပွဲများကို အရောက်အပေါက်နည်းသွားသဖြင့် ကြိုတင်စီစဉ်၍ သွားခဲ့ခြင်းဖြစ်၏။ ငယ်ငယ်တုန်းကတော့ အညာဘုရားပွဲ တော်တော်များများကို သွားဖြစ်ခဲ့သည်။ အောက်မင်းဘူးရွှေစက်တော်မှ အထက်ဟီတောဘုရားပွဲအထိ၊ အနောက်ဘက် မုံရွေးသံဗုဒ္ဓေဘုရားပွဲမှ အရှေ့ဘော်ကြိုဘုရားပွဲအထိ အထက်ပိုင်း မြန်မာပြည်နှင့် အလယ်ပိုင်းမြန်မာပြည်ရှိ ဘုရားပွဲများသို့ အခါအခွင့်သင့်သလို ရောက်တတ်သည်။ နှစ်စဉ်မဟုတ်သည့်တိုင် နှစ်ခြား၍ ရောက်တတ်သည်။ ကျွန်တော့် မှတ်စုစာအုပ်ထဲတွင် အညာဘုရားပွဲတော် ကျင်းပသည့် ရက်တွေ မှတ်ထားသည်။

ကျေးလက်က လူတွေက ကျေးလက်ထွက် ကုန်ပစ္စည်းတွေကို သယ်လာကြသည်။ သစ်ဝါးထွက်ပစ္စည်းများ၊ လယ်ယာအသုံးအဆောင်ပစ္စည်းများ၊ မြေအိုးမြေခွက် စဉ့်အိုး စဉ့်ခွက် စသည့်အိုးခွက်ပစ္စည်းများ၊ လယ်သမားသုံး သံထည်ပစ္စည်းများ၊ ကျေးလက်မှထွက်သည့် စားသောက်ဖွယ် အဆာ်ကြ



www.burmeseclassic.com

www.burmeseclassic.com



အခြမ်းပစ္စည်းများနှင့် သစ်သီးဝလံများ၊ ကျေးလက်အနုပညာပစ္စည်းများ စသဖြင့် လာ၍ရောင်းကြသည်။

မြို့ပြက ကုန်သည်တွေ၊ ဈေးသည်တွေလည်း ဘုရားပွဲသို့ ဆင်းလာကြသည်။ သူတို့နှင့်အတူ အထည်အလိပ်များ၊ ကျေးလက်အိမ်သုံးပစ္စည်းများ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ လက်ဖက်ခြောက်၊ ဆား၊ ငါးပိ၊ ဆီ စသည့် အခြေခံစားသောက်ကုန်များ၊ ဘုရားကားနှင့် ပြက္ခဒိန်များ၊ တရားစာအုပ်များ၊ ရုပ်ပွားတော်များစသည့် ကိုးကွယ်မှုဆိုင်ရာပစ္စည်းများ၊ မိတ်ကပ်ဘူး၊ သနပ်ခါးခဲ၊ နှုတ်ခမ်းနီဆိုးဆေး စသည့်အလှအပပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အိမ်သုံးဆေး၊ မြန်မာတိုင်းရင်းဆေး စသည့် ဆေးဝါးပစ္စည်းများ၊ ထီး၊ ဖိနပ်၊ ခမောက်၊ ဦးထုပ်၊ ပလတ်စတစ် စသည့် အကာအကွယ်ပစ္စည်းများ၊ သွပ်ပုံး၊ သံပုံး၊ ပလတ်စတ်ပုံးစသည့် မြို့ပြမှ ထုတ်လုပ်သော ထည့်စရာပစ္စည်းများ၊ ဂုန်အိတ်၊ မြွေရေခွံအိတ်၊ ကျွတ်ကျွတ်အိတ်၊ ပလတ်စတစ်အိတ်၊ လွယ်အိတ်စသည့် အိတ်များ၊ ဆင်ရုပ်၊ မြင်းရုပ်၊ မော်တော်ကားရုပ်၊ လူရုပ်၊ အိုးစည်၊ လင်းကွင်း၊ ပလုတ်တုတ်တုတ် စသည့် ကလေးကစားစရာပစ္စည်းများ စသည် စသည် …

ကျေးလက်ကဘုရားပွဲသည် မြို့ပြနှင့် ကျေးလက်တို့၏ ဆုံချက်ဖြစ်သည်။ ဒုန်းစိုင်း၍ ပြေးလာနေသော နှစ်ဆယ့်တစ်ရာစုနှင့် နောက်ဆံတင်ငင်နှင့် ဆုတ်ခွာနေသော နှစ်ဆယ်ရာစုတို့၏ တွေ့ဆုံနှုတ်ဆက်ပွဲဖြစ်သည်။ တစ်ခါတစ်ရံတွင် မျက်စိလည်လမ်းမှားကျန်ရစ်ခဲ့သည့် ဆယ့်ကိုးရာစု၏ အရိပ်အယောင်ကိုပင် လှစ်ခနဲ မြင်လိုက်ရသေးသည်။

ကျေးလက်ဘုရားပွဲသည် ထရန်စစ္စတာရေဒီယိုနှင့် ဝါးပုလွေတို့ တစ်ဦးကိုတစ်ဦး မျက်စောင်းထိုးကြည့်ရာ ဖြစ်သည်။ တွံ့တေးသိန်းတန်နှင့် စိတ်ကစားတတ်သည့် အပျိုပေါက်အရွယ် အေးမတို့ ဆုံစည်းရာဖြစ်သည်။ ဗွီဒီယိုဓာတ်ကားက သေတ္တာပေါက်ကလေးထဲ ချောင်းကြည့်ရသည့် လမ်းဘေးအထမ်းရုပ်ရှင်ကို အထင်သေးစွာ ငုံ့ကြည့်သည့်နေရာဖြစ်သည်။ ထိုင်းနိုင်ငံမှ မိတ်ကပ်ဘူးက ကျေးလက်လုံမပျို၏ နေလောင်ထားသော ပါးပြင်ကို မျက်စပစ်ခေါ်နေသည့် နေရာဖြစ်သည်။ မန္တလေးမနပ်မြို့သားနှင့် ချက်အရက်





ပြင်းတို့ စတင်မိတ်ဆက်ရာ ဖြစ်သည်။ ဝေဖာနှင့် မုန့်ပျားသလက်တို့ အားပြိုင်ရာဖြစ်သည်။ ထုံချိုင်းနှင့် ရဲကိုကိုတို့ အစွမ်းပြရာဖြစ်သည်။ ဒိုင်နာကားနှင့် လှည်းကြမ်းတို့ ထိပ်တိုက်တွေ့ရာဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်၏ စပို့ရှပ်နှင့် ရှေးဟောင်းမြေဆေးတံတို့ လဲလှယ်ရာ ဖြစ်သည်။ တမွတ်ကြွေပန်းပန်နှင့် ရှိန်းမကားစည့်အင်တုံတို့ အလှပြိုင်ရာဖြစ်သည်။ ပလတ်စတစ်မော်တော်ကားနှင့် ချိုးရုပ်တို့အပြိုင် လက်ယပ်ခေါ်ရာ ဖြစ်သည်။

ကျေးလက်ဘုရားပွဲသည် …

ကျေးလက်၏လုပ်အားနှင့် မြို့ပြ၏အစွန်းထွက်တန်ဖိုးတို့ ရောင်းဝယ်ရာဖြစ်သည်။ ကျေးလက်၏ ချွေးနှင့် မြို့ပြ၏လောင်စာဆီတို့ စီးဆင်းရာဖြစ်သည်။ ကျေးလက်၏ သင်းပျံ့ချိုမွှေးသော ရနံ့နှင့် ဖုန်၊ ဓာတ်ဆီနံ့၊ မီးခိုး၊ ကာဗွန်ဒိုင်အောက်ဆိုက်တို့ ရောယှက်ရာဖြစ်သည်။ ဈေးကွက်စီးပွားရေးဝါဒနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့ ပဋိပက္ခဖြစ်ပွားရာဖြစ်သည်။ သက္ကရာဇ်နှစ်ထောင်၏ အရှိန်နှင့် အိုမင်းသောအတိတ်ဆည်းဆာတို့ပေါင်းဆုံရာဖြစ်သည်။ စက်မှုဝါဒနှင့် ပုဂ္ဂလိကမြေယာတို့ အငြင်းအခုံလုပ်ရာ ဖြစ်သည်။ မိုးလေဝသ ဂြိုဟ်တုသတင်းပို့ချက်နှင့် သင်္ကြန်စာတို့ ကိုယ့်အယူအဆကိုယ့်ဝါဒဖြန့်ရာ ဖြစ်သည်။ ကတ္တရာလမ်းမနှင့် လှည်းဘီးရာဖောက်ကြီးများဦးတည်ရာ ဖြစ်သည်။ ကျေးလက်ပန်းပဲဆရာနှင့် မက္ကင်းနစ်တို့ ဈေးခေါ်ရာဖြစ်သည်။ လေလွင့်နေသောအရူးမနှင့် ဆူညံသောင်းကျန်းနေသော ကာလသားတို့ ကစားမြူးတူးရာ ဖြစ်သည်။ အိမ်တွင်းပုန်းရာမှ ထွက်လာသော ပုန်းမကြည်မနတ်နှင့် ပဲပွဲစားတို့ ဈေးဆစ်ရာဖြစ်သည်။

ကျေးလက်ဘုရားပွဲသည် …

ထိုင်းရေမွှေးနှင့် ရှင်မတောင် သနပ်ခါးတို့ အမွှေးပြိုင်ရာဖြစ်သည်။ ဖန်လုံအိမ်အာနီသင်နှင့် ပြာသိုအချမ်းတို့ လွန်ဆွဲရာဖြစ်သည်။ ချွေးအင်္ကျီတို့ ကွမ်းယာတို့ အပျင်းပြိုင်ရာဖြစ်သည်။ နိုင်ငံခြားသကြားလုံးနှင့် ထန်းညိုဦးထန်းလျက်တို့ အချိုပြိုင်ရာဖြစ်သည်။ ကြေးနောင်သံနှင့် ဖေတီဆွဲပွဲတို့ ဂီတပြိုင်ရာဖြစ်သည်။ ကိုကာကိုလာနှင့် ရေချမ်းစင်တို့ အားပြိုင်ရာဖြစ်သည်။ ပြဇာတ်အော်ပရာနှင့် မိုးအလင်းကြည့် သုံးကားတို့ ပရိသတ်စုရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ယွန်းဖျာနှင့် စတီးလင်ဗန်းတို့ အလှပြိုင်ရာဖြစ်သည်။ ဥက္ကလာပါတိတ်နှင့် ပင်နီဖျင်ကြမ်းတို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရာဖြစ်သည်။ အလောင်းစည်သူ၏ ဖောင်တော်ဦး စေတီဖောင်းရစ်သို့ အမြောက်ဆန်တစ်ဖြစ်လည်း ကြေးထီးတော်ကို ပန်းရထားနှင့် ပင့်ဆောင်ရာဖြစ်သည်။ နေရှင်နယ်နီယွန် မီးချောင်းနှင့် သံဖြူရေနံချေးမီးခွက်တို့ အလင်းပြိုင်ကြရာ ဖြစ်သည်။

ကျေးလက်ဘုရားပွဲသည် ...

ပြက္ခဒိန်မျက်နှာဖုံးနှင့် လမ်းဘေးပန်းချီဆရာ၏ ရှုခင်းပန်းချီကားတို့ ရသပြိုင်ကြရာဖြစ်သည်။ မှန်ကားထဲက လေအေးစက်နှင့် အညာဆောင်းတို့ အအေးပြိုင်ကြသည့်နေရာ ဖြစ်သည်။ ပက်ပစီနှင့် ထန်းရေချိုတို့ အချိုပြိုင်ကြသည့်နေရာ ဖြစ်သည်။ ဂျော်နီဝေါ့ကားတံဆိပ်နီနှင့် တောအရက်တို့ အမူးပြိုင်ကြသည့်နေရာ ဖြစ်သည်။ ဗလာဆိုင်းနှင့် စတိတ်ရှိုးတို့ အသံအဝေးပြိုင်ရာ ဖြစ်သည်။ ဈေးတန်းမှ မင်းသမီးရုပ်နှင့် ပြက္ခဒိန်မျက်နှာဖုံးပေါ်မှ အလှမယ်တို့ အလှချင်းပြိုင်ရာဖြစ်သည်။ အလှူ့ခံပုဂ္ဂိုလ်နှင့် ဖုန်းတောင်းယာစကာတို့ မေတ္တာအပို့ပြိုင်ရာဖြစ်သည်။ ဂျင်းဘောင်းဘီနှင့် ကင်းတပ်ဆင် ယောလုံချည်တို့ အထူပြိုင်ကြရာ ဖြစ်သည်။ ကူးစက်ရောဂါနှင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတို့ နပန်းသတ်ရာဖြစ်သည်။ လမ်းဘေးမျက်လှည့်ပွဲနှင့် ကြယ်တာရာစစ်ပွဲ ရုပ်ရှင်ကားပြတ်တို့ မျက်လှည့်ပြိုင်ရာ ဖြစ်သည်။

ကျေးလက်ဘုရားပွဲသည် ...

ဇီဝဗေဒဆိုင်ရာ အစုအဝေးနှင့် ဓာတုဗေဒ စည်းရုံးပေါင်းဆုံရာဖြစ်သည်။ လူ၊ နွား၊ မြင်း၊ ခွေး၊ ကြက်၊ ပုရွက်ဆိတ်၊ ပိုးဟပ် စသည့် သတ္တလောကကြီးနှင့် ဝါးလုံးကုလားထိုင် အထည်စ၊ မှန်၊ သစ်သား၊ ရွှံ့စေးဆန်မှုန့်စသည့် အဝိညာဏကပစ္စည်းတို့၏ စုဝေးရာဖြစ်သည်။ ဂေဟဗေဒနှင့် အင်ဒရင်းပိုးသတ်ဆေးတို့ ပဋိပက္ခဖြစ်ပွားရာ စစ်တလင်းဖြစ်သည်။ ပယောဂကုအတတ်နှင့် ခေတ်သစ်ဆေးသိပ္ပံတို့၏ ဆေးချက်ပြိုင်ရာ ဖြစ်သည်၊ အသံချဲ့စက်နှင့် ဖျိုးဟစ်သံတို့ အသံကျယ် ပြိုင်ကြရာဖြစ်သည်။





အေးမြသောမေတ္တာပို့သံနှင့် ပူလောင်သောရန်ဖြစ်သံကို တစ်ပြိုင်တည်းကြားရသောနေရာဖြစ်သည်။ ဆွတ်ပျံ့ဖွယ် ကြေးစည်သံနှင့် ဝေါ်တူးရှူးရှူသော မော်တော်ကားဟွန်းသံကို ကြားရသည့်နေရာ ဖြစ်သည်။ ခေတ်ပေါ်တည်းခိုရိပ်သာနှင့် သာလာယံဇရပ်တို့ ဘေးချင်းယှဉ်နေသောနေရာ ဖြစ်သည်၊ လင်းကြက်တွန်သံနှင့် နှိုးစက်နာရီတို့၏ မနက်ခင်းကို ကြွေးကြော်ရာနေရာ ဖြစ်သည်။ ဆွမ်းကြီးလောင်းပွဲနှင့် လောင်းကစားပွဲတို့ ရှေ့ဆင်းနောက်ဆင့် ကျင်းပရာဖြစ်သည်။ မနက်တွင် ဗျောသံကိုကြားရပြီး နေ့လယ်တွင် ဈေးတန်းမှ ပလုတ်တုတ်သံကို ကြားရသောနေရာ ဖြစ်သည်။ ညတွင် ဖိုးကွက်၏ ကြိုးဝါးသံကိုကြားရပြီး နေ့လယ်တွင် ကျီးတို့၏ ကြွေးကြော်သံကို ကြားရသည့်နေရာ ဖြစ်သည်။ လေထုထဲတွင်ရှိသည့် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်များကို ကာဗွန်ဒိုင်အောက်ဆိုက်တို့က မောင်းထုတ်နေသည့်နေရာ ဖြစ်သည်။

ရှေးဟောင်းဒဏ္ဍာရီများထဲမှ ရက္ခမျာ၊ ဂုမ္ဘာန်များ၊ လှည်းဓာတ်ထဲမှ ဓာတ်ရုပ်များအသွင်ဖြင့် လှည်းတန်းကြီးများပေါ်တွင် ကခုန်လိုက်ပါလာကြရာနေရာ ဖြစ်သည်။ ဖုန်တက်နေသော တိုင်းရင်းဆေးပုလင်းက မှန်ဗီရိုထဲက နိုင်ငံခြားဆေးဘူးကို အားကျစွာ ငေးကြည့်နေရာလည်း ဖြစ်သည်။ ဗေဒင်သင်္ချာဆရာနှင့် ထီဆိုင်တို့ မဟာမိတ်စာချုပ် ချုပ်ဆိုထားရာနေရာ ဖြစ်သည်။ ခေတ်သစ်သူဌေးပေါက်စက ဂထာန်းခြောက်လုံးတန် ရိုးလက်စ်ကို ပတ်ထားရာနေရာလည်း ဖြစ်သည်။ သဇင်ပန်းနှင့် စက္ကူပန်းတို့သည် အရောင်ချင်းပြိုင်နေကြသည့် နေရာဖြစ်သည်။

ကျေးလက်ဘုရားပွဲသည် ဘဝဖြစ်သည်။ ခေတ်ဖြစ်သည်။ လောကဖြစ်သည်။ အစစ်အမှန်ဖြစ်သည်။ အလုံးစုံလွှမ်းခြုံရာဖြစ်သည်။ ဖွဲ့စည်းမှုတစ်ခုဖြစ်သည်။ ဖြစ်တည်မှုဖြစ်သည်။ ပေါင်းစည်းမှုဖြစ်သည်။ သဟဇာတဖြစ်မှုဖြစ်သည်။ မဟာပွဲသဘင်တစ်ခု ဖြစ်သည်။ ဒွန္ဒမှုဖြစ်သည်၊ နိယာမဖြစ်သည်။ စိတ်ဓာတ်ဖြစ်သည်။ အင်အားအစုအဝေးဖြစ်သည်၊ ဟာမိုနီဖြစ်သည်၊ ညီညွတ်မှုဖြစ်သည်။

ထိုအထဲတွင် ကွဲပြားမှုတွေရှိသည်။ ဆန့်ကျင်ဘက်တွေရှိသည်၊ ဝိရောဓိ



www.burmeseclassic.com

www.burmeseclassic.com



တွေရှိသည်။ ပဋိပက္ခတွေရှိသည်။ မညီညွတ်မှုတွေ ရှိသည်။

သို့တိုင်အောင် ထိုကွဲပြားမှုများသည် ပေါင်းစည်းနေကြသည်။ ဆန့်ကျင်ဘက်များသည် စုစည်းနေကြသည်။ မညီညွတ်မှုများသည် ညီညွတ်နေကြသည်။ ဝိရောဓိများသည် သဟဇာတဖြစ်နေကြသည်။ ပဋိပက္ခများသည် သမ္မုဟဖြစ်နေကြသည်။

(ကလျာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၉၄)

* * *

# လူကြမ်းမင်းသား

www.burmeseclassic.com

www.burmeseclassic.com

# လူကြမ်းမင်းသား

သူ့ကို ပန်းဆိုးတန်းတစ်ဝိုက်က လက်ဖက်ရည်ဆိုင်များတွင် မကြာ ခဏ တွေ့ရတတ်သည်။ လှိုင်းတွန့်လိုဝေ့နေသော ဆံပင်သည် ဂုတ်ပေ အထိ ဝဲကျနေသည်။ နေကာမျက်မှန်ကို အမြဲတပ်ထားတတ်သည်။ ရင်အုပ် ခပ်ကျယ်ကျယ်၊ အရပ်က ထောင်ထောင်မောင်းမောင်း။ အသက်ကတော့ သုံးဆယ်တစ်ဝိုက်လောက်မှာ ရှိမည်ဟု ကျွန်တော် ခန့်မှန်းကြည့်သည်။ အဝတ်အစားမှာ စပို့ရှပ်အင်္ကျီ (သို့မဟုတ်) ဂျင်းဂျက်ကက်တ် အရောင်ဖျော့ ဖျော့ကို ဝတ်ထားတတ်ပြီး လုံချည်က ဝမ်းတွင်းရက် ရခိုင်လုံချည်ကို ဝတ် ထားတတ်သည်။ ကွမ်းဝါးသည်ကို တွေ့ရတတ်ပြီး ဆေးလိပ်ကတော့ မသောက်တတ်ပါ။ အာမွှေးထည့်ထားသည့် ကွမ်းယာကိုတော့ အမြဲငုံထား တတ်သည်။ သူ့လွယ်အိတ်ကလေးထဲတွင် အသင့်ယာပြီး ကွမ်းယာများ သံဘူးကလေးတစ်ဘူးဖြင့် ထည့်ထားတတ်သည်။ သူ့လက်မောင်းတွင် ဆေး တွေ ထိုးထားသည်။

သူသည် စကားပြောလျှင်လည်း ခပ်တိုးတိုးပင် ပြောတတ်သည်။ ...





အမူအရာမှာ ညင်သာသိမ်မွေ့သည်။ ကျွန်တော့်ကိုတွေ့လျှင် အမြဲတမ်းသို လို ရှိရှိသေသေ လေးစားဟန်ဖြင့် ခါးကိုညွတ်ကာ လက်နှစ်ဖက်ကို ရင်ပတ် တွင်ယှက်၍ နှုတ်ဆက်တတ်သည်။ စကားပြောလျှင်လည်း အလွန်ယဉ်ကျေး သိမ်မွေ့သည်။ သူ့ကို အများကပင် "ဇော်ကြီး"ဟု ခေါ်ကြသည်။ သူ့အမည် အရင်းမှာ "ဇော်မင်း"ဖြစ်ပါသည်။ သို့ရာတွင် မည်သူကမျှ ဇော်မင်းဟု သောအမည်ဖြင့် မခေါ်ကြပါ။ ဇော်ကြီးဟုသာ ခေါ်တတ်ပါသည်။

သူ့ကို ရုပ်ရှင်နယ်မှ ဖြစ်သည်ဟုသာ ကျွန်တော်သိသော်လည်း ဘာမှန်း မသိပါ။ နောက်မှ လူကြမ်းမင်းသားဖြစ်ကြောင်း သိရခြင်းဖြစ်သည်။

တစ်နေ့တွင် ကျွန်တော်နှင့်သူ လက်ဖက်ရည်ဆိုင်တွင်ထိုင်ရင်း ကိုဇော်ကြီးက သူ့ဘဝဇာတ်လမ်းကို ပြောပြပါသည်။

"ကျွန်တော်က မအူပင် ရေလဲကလေးကပါ ဆရာ။ ကျွန်တော့်မိဘများက လယ်သမားတွေပါ။ ကိုယ်ပိုင်လယ်မရှိပါဘူး။ သူများလယ်မှာ စာရင်းငှားလုပ် ရတာပါ။ လယ်မလုပ်တဲ့အချိန်မှာတော့ တံငါလုပ်ပါတယ်။ မအူပင်ဘက်က အင်းတွေ သိပ်ပေါတယ်မဟုတ်လား ဆရာ။ လယ်လုပ်လို့ အဆင်ပြေရင် လည်း လယ်လုပ်။ လယ်လုပ်လို့ အဆင်မပြေတဲ့အခါဆိုရင်လည်း တံငါလုပ် ပေါ့ ဆရာရယ်။ ကျွန်တော့် မွေးပြီးမကြာခင်မှာ အဖေတို့ အမေတို့ မအူပင်ကို ပြောင်းလာပါတယ်။ ဘာကြောင့် ပြောင်းလာတယ်ဆိုတာတော့ ကျွန်တော်ကောင်းကောင်း မသိပါဘူး။ ဒါပေမဲ့ တောမှာ နေရေး ထိုင်ရေး အဆင်မပြေလို့ ပြောင်းလာတာလို့တော့ ကျွန်တော် နားလည် ပါတယ်။

မအူပင်ရောက်တော့ အဖေက ပထမ ကမ်းနားကူလီလုပ်ပါတယ်။ မအူပင်က ရောဝတီသင်္ဘောကြီးတွေဆိုက်တဲ့ ဆိပ်ကမ်းမဟုတ်လား။ ဒီတော့ အလုပ်အကိုင်ကတော့ ဒီလောက်မရှားဘူးလို့ ပြောပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော်က အကြီးဆုံးပါ။ ကျွန်တော်တို့မှာ မောင်နှမ ...ုံးယောက်ရှိပါတယ်။ ကျွန်တော်က အကြီး။ အလတ်က မိန်းကလေး ...ငယ်ဆုံးက ယောက်ျားလေးပါ။ သူတို့ကတော့ မအူပင်ရောက်မှ မွေး ...ကြတာပါ။ အဖေက ဆိပ်ကမ်းမှာ အလုပ်သမားလုပ်ရင်း အမေက ...ကောက်



www.burmeseclassic.com

www.burmeseclassic.com



ညှင်းထုပ်ကလေးအစ၊ မာလကာသီးလေးအစ၊ ဆီးထုပ်ကလေးအစ သင်္ဘော ပေါ်မှာ လိုက်ရောင်းပါတယ်။

နောက်တော့ ကျွန်တော်လည်း သင်္ဘောပေါ်မှာပဲ စီးကရက်တို့၊ ဆေးလိပ်တို့၊ ကွမ်းယာတို့၊ ရေခဲရေတို့၊ သံပရာရေတို့ လိုက်ရောင်းပါတယ်။ ဘာပစ္စည်းရယ်လို့တော့ ပုံသေမရှိပါဘူး။ နွေဆိုရင် ရေခဲရေရောင်းမယ်။ သစ်သီးဝလံပေါ်ချိန်ဆိုရင် စားစရာသစ်သီးဝလံ လိုက်ရောင်းတယ်။ ဆီးသီးထုပ်တို့ ဘာတို့ရောင်းလို့ကောင်းရင် ဆီးသီးထုပ်ရောင်းတယ်။

ကျွန်တော်တို့အိမ်က ကမ်းနားလမ်းမှာဆိုတော့ သင်္ဘောဆိုက်ချိန်၊ အညာဆန်သင်္ဘောကြီးတွေ ဆိုက်ချိန်ဆိုရင် အစုန်အဆန် ကျွန်တော် တက်ရောင်းနေတာပါ။ တစ်ခါတလေမှာလည်း အဲဒီသင်္ဘောကြီးနဲ့ ညောင်တုန်းတို့၊ ဓနုဖြူတို့အထိ လိုက်သွားပြီး အစုန်နဲ့မှ ပြန်လိုက်လာတဲ့အခါတွေလည်း ရှိပါတယ်။

ဟုတ်ကဲ့။ ကျောင်းရယ်လို့ ကျွန်တော် ကောင်းကောင်းမနေခဲ့ရပါဘူး။ ဆဋ္ဌမတန်းရောက်တော့ ကျွန်တော် စာမေးပွဲ ခဏခဏ ကျပါတယ်။ နှစ်နှစ် သုံးနှစ်လောက်ကျပြီးတော့ ကျွန်တော် ကျောင်းဆက်မနေတော့ပါဘူး။ အိမ်ကလည်း စီးပွားရေးကြောင့် မထားနိုင်တာပါတယ်။ စီးပွားရေးကြောင့် မထားနိုင်ဘူးဆိုတာ တခြားမဟုတ်ပါဘူး။ ကျောင်းစရိတ်က သိပ်မကုန်လှပါဘူး။ ဒါပေမဲ့ အိမ်က မိဘတွေနဲ့လိုက်ပြီး ဈေးတို့ဘာတို့ လျှောက်ရောင်းနေရတာနဲ့ ကျောင်းမတက်ဖြစ်တော့တာပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း စာမေးပွဲ ခဏခဏကျတော့ နောက်တက်လာတဲ့ ကလေးတွေနဲ့ စာသင်ရတာရှက်တာနဲ့ ကျောင်းမနေတာလည်း ပါပါတယ်။

ကျွန်တော် ရုပ်ရှင်နယ်ထဲ ရောက်လာတာကလည်း သိပ်တော့ ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ ဒါရိုက်တာ ဆရာဦး ... က ကျွန်တော်တို့ဆီမှာ ရုပ်ရှင်လာရိုက်တုန်း တွေ့သွားတာပါ။ ဆရာက ကျွန်တော် သွက်သွက်လက်လက် ချက်ချာတာ၊ နိုင်းလို့ကောင်းတာတွေကိုကြည့်ပြီး သဘောကျသွားတယ် ထင်တာပါပဲ။ ဆရာနဲ့ တွေ့ပုံကတော့ ဒီလိုပါ။ ကျွန်တော်က ရုပ်ရှင်တို့ ဘာတို့ သိပ်ဝါသနာပါပါတယ်။ ကျွန်တော်တို့ဆီကို လာတဲ့ရုပ်ရှင်တိုင်းကို ကြည့်





ဖြစ်တယ်။ ကြည့်ဖြစ်တယ်ဆိုတာကလည်း ကျွန်တော်က ကွမ်းယာတို့၊ စီးကရက်တို့ဘာတို့ရောင်းတော့ ရုပ်ရှင်ရုံကို ညတိုင်းလို ရောက်နေတယ် ဆရာ။ ကားပြတိုင်း ရောက်နေတယ်။ အစတုန်းကတော့ ညီမလေးက ရောင်းပါတယ်။ ဒါပေမဲ့ နောက်တော့ အဖေနဲ့အမေက ကလေးကို မြို့ထဲသွားပြီး ကွမ်းယာတို့၊ ဆေးလိပ်တို့ အရောင်းခိုင်းရတာ အနိုင်ကျင့်ခံရတယ်။ ပြီးတော့ အဲဒီမှာ အများအားဖြင့် ယောကျ်ားလေးတွေပဲ ရောင်းကြတာကိုး။ ဒီတော့ မိန်းကလေးသွားရောင်းတော့ ယောကျ်ားကလေးတွေက အနိုင်ကျင့်ချင်တယ်။ အသက်က ဘာရှိဦးမှာတုန်း ဆရာ။ ဆယ့်သုံးနှစ် ဆယ့်လေးနှစ် အပျိုပေါက်ပဲ ရှိဦးမှာပေါ့။ ပြီးတော့ ရုပ်ရှင်ရုံဆိုတာကလည်း လူစုံတယ်မဟုတ်လား ဆရာ။ ဒီအရွယ်မှာ ပျက်စီးသွားနိုင်တယ်။ ဒါကြောင့် အဖေနဲ့အမေက ညီမလေးကို သူတို့နဲ့နီးရာ သင်္ဘောဆိပ်မှာပဲ အရောင်းခိုင်းပြီး ရုပ်ရှင်ရုံဘက်ကိုတော့ ကျွန်တော့်ကိုလွှတ်ပြီး အရောင်းခိုင်းတယ်၊ ဒါနဲ့ ကျွန်တော် ရုပ်ရှင်ကို သိပ်ကြိုက်သွားပြီး ဝါသနာပါသွားတာပါ၊ အဲဒီတုန်းက ဦးဝင်းဦးတို့၊ ဦးမြတ်လေးတို့၊ ကောလိပ်ဂျင်နေဝင်းတို့က မင်းသားကြီးတွေ ဖြစ်နေပြီပေါ့။ သူ့နောက်မှာ ကိုကျော်တို့၊ အဲ ... ကိုကျော်ဟိန်းတို့ခေတ်ပေါ့။ ပြီးတော့ ကိုဇော်လင်းတို့၊ သူတို့နောက်ခေတ်ကျတော့ ကိုနေအောင်တို့၊ ကိုကျော်သူတို့၊ ကိုစိုးသူတို့ခေတ်ပေါ့။ သူတို့ကိုကြည့်ပြီး သိပ်ရုပ်ရှင်ဇာတ်လိုက် ဖြစ်ချင်တာပဲ။

မအူပင်မှာ ရုပ်ရှင်ဇာတ်ကားသစ်တွေလာရင် ကြော်ငြာပိုစတာတွေရှ၊ အိမ်မှာ ကပ်ထား။ ကျွန်တော့်အိမ်မှာဆိုရင် ရုပ်ရှင်လက်ကမ်းကြော်ငြာတွေ ချည်းပဲ။ တစ်ထပ်ကြီး။ တချို့ကိုလည်း အိမ်လှရုံ အိမ်ထရံမှာ ကပ်ထားတယ်။ ကျွန်တော်က အထူးသဖြင့် ဖိုက်တင်ကားတွေကို ပိုသဘောကျတယ် ဆရာ။ ရှေးတုန်းက ဖိုက်တင်မင်းသားကြီးတွေကိုလည်း သဘောကျတယ်၊ သူတို့ကိုတော့ ကျွန်တော် မမီလိုက်ဘူးပေါ့ ဆရာရယ်။ ရုပ်ရှင်လောကထဲ ရောက်မှ စာတို့ဘာတို့ဖတ်ပြီး သိလာရတာပေါ့။ ချစ်ရွှေကြီးတို့၊ တင်ရွှေ ဘို့၊ တင်ဖေတို့၊ ကျော်ညွန့်တို့ဆိုတဲ့ မင်းသားကြီးတွေပေါ့။

သူတို့ကို ဒီလိုခေါ်လို့ ရိုင်းတယ်လို့ မအောက်မေ့ပါနဲ့ ဆရာ။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



မင်းသားနာမည်ကို ရုပ်ရှင်ပရိသတ်ခေါ်သလိုခေါ်တာပါ။ တကယ်ကတော့ ကျွန်တော့်အဘိုးလောက် ရှိနေပါပြီ။ အဘိုးဦးချစ်ရွှေကြီး၊ အဘိုးဦးတင်ငွေ၊ အဘိုးဦးတင်ဖေ၊ အဘိုးဦးကျော်ညွှန့်တို့လို့ ခေါ်ရမှာပါ။ ဒါပေမဲ့ ရုပ်ရှင်မင်းသားနာမည်ကိုပဲ ခေါ်နေကျဆိုတော့ အများခေါ်သလို ခေါ်လိုက်တာပါ။ အဲဒီတုန်းကတော့ ဖိုက်တင်မင်းသားလို့ မခေါ်သေးဘူး။ စတန့်မင်းသားလို့ ခေါ်မှာပေါ့။

စာစာက စကားကို ဆက်ရဦးမယ်ဆရာ။ အဲဒီတုန်းက ကျွန်တော့်ဆရာက ကျွန်တော်တို့ဆီမှာ စတန့်ကားတစ်ကား လာရိုက်တယ်။ အဲဒီမှာ ကျွန်တော်တို့သွားကြည့်တယ်။ တစ်ခန်းက သဘော်ဆိပ်ခံ ခေါင်မိုးကနေပြီး ဒိုင်ဗင်ထိုးချရမှာ။ လူဆိုးနဲ့ ဇာတ်လိုက်ဖိုက်တင်ပေါ့ ဆရာ။ ဇာတ်လိုက်က ရဲမှူးလား ဘာလားမသိဘူး။ လူဆိုးကိုလိုက်ဖမ်းတော့ လူဆိုးက ဆိပ်ခံခေါင်မိုးကြီးပေါ် တက်ပြေးတယ်။ ဒီတော့ ဇာတ်လိုက်က နောက်က လိုက်ဖမ်းတယ်။ လိုက်ဖမ်းရင်း ဇာတ်လိုက်မင်းသားက ဆိပ်ခံခေါင်မိုးကနေပြီး ဒိုင်ဗင်ထိုးချမယ့်အခန်းရောက်တော့ ဒိုင်ဗင်ထိုးမယ့်လူ မရှိဘူး။ မင်းသားကလည်း မထိုးရဲဘူး။ လူကြမ်းကလည်း မထိုးရဲဘူး။ ဒီမှာတင် ဒါရိုက်တာက ဟေ့ကောင်လေး မင်းဆိပ်ခံပေါ်က ဒိုင်ဗင်ထိုးချရဲသလားလို့ မေးပါတယ်။ အဲဒီတော့ သူနဲ့ကျွန်တော် တော်တော်မျက်မှန်းတမ်းမိနေပြီ ဆရာ။ မအူပင်မှာ ကားရိုက်နေတာ သုံးလေးရက်ရှိနေပြီ။ ဒါနဲ့ သူကမေးတော့ ကျွန်တော်ကလည်း ထိုးရဲတယ်ဆိုပြီး ပြောတာနဲ့ ကျွန်တော့်ကို ဆိပ်ခံခေါင်မိုးပေါ်ကနေ သုံးလေးကြိမ်လောက် ဒိုင်ဗင်အထိုးခိုင်းပြီး ကင်မရာနဲ့ ရိုက်တယ်။ ကျွန်တော်ထင်တာကတော့ ကျွန်တော်က ဇာတ်လိုက်နေရာမှာ ဆိပ်ခံအမိုးပေါ်မှာ လူဆိုးတွေနဲ့သတ်၊ သတ်ပြီးတော့ ရေထဲကို ဒိုင်ပင်ထိုးပြရလိမ့်မယ် ထင်တာကိုး။ ဒါပေမဲ့ ဘယ်ဟုတ်မလဲ ဆရာ။ လူဆိုးနဲ့ ဇာတ်လိုက်သတ်တဲ့အခန်းကို သပ်သပ်ရိုက်ပြီး ကျွန်တော် ဒိုင်ဗင်ထိုးတဲ့အခန်းကို သပ်သပ်ရိုက်တာကိုး ဆရာရဲ့။ အခြောက်တိုက် သုံးလေးခါ ထိုးပြရတာပေါ့။ ကျွန်တော်လည်း ခိုင်းတဲ့အတိုင်း ဒိုင်ဗင်ထိုးပြတယ်။ တော်ပြီလား ဆရာ နောက်ထပ်ထိုးပြရဦးမလားလို့မေးတော့ ဆရာက တော်ပြီဆိုပြီး ကျွန်တော်





ကို ငွေအစိတ်ပေးလိုက်ပါတယ်။ ဆရာက ကျွန်တော့်ကို သဘောကျသွားလို့လား မသိဘူး။ ကောင်လေး မင်းရန်ကုန်လိုက်မလားလို့ မေးတယ်၊ ကျွန်တော်လည်း ဝမ်းသာလိုက်တာ ဘာပြောကောင်းမလဲ ဆရာရယ်၊ ကျွန်တော်က ရုပ်ရှင်ရူး ရူးနေတဲ့ကောင်။ နှစ်ခါ မခေါ်ရဘူး။ ကျွန်တော်လိုက်သွားတာပေါ့။ ရန်ကုန်ရောက်တော့ ကျွန်တော် ဆရာ့အိမ်မှာ နေရတယ်။ ဆရာက ကန့်ဘဲ့မှာ တစ်ယောက်တည်းနေတယ် ဆရာ။ ဒါနဲ့ သူ့အိမ်မှာပဲ ကျွန်တော်သူ့အတွက် ထမင်းချက်ပေး၊ သူ့အတွက် အဝတ်လျှော်ပေး၊ သူခိုင်းတဲ့အလုပ်လုပ်၊ ရုပ်ရှင်ရိုက်ရင် သူနဲ့လိုက်သွား။ တောက်တိုမယ်ရပေါ့ ဆရာဆရာ။ ဒီအတွင်းမှာ ကားရိုက်ဖြစ်ရင်လည်း ဖိုက်တင်ခန်းတွေမှာ ကျွန်တော့်ကို ထည့်သုံးတယ်။ ဒါနဲ့ ဆရာကပဲ ကျွန်တော့်ကို "ဇော်ကြီး" ဆိုတဲ့ နာမည်ကို ပေးပါတယ်။ ကျွန်တော့်နာမည်ရင်းကတော့ ဇော်မင်းပါ၊ ဒါပေမဲ့ ကျွန်တော် ပထမဆုံး လူစားထိုးရတဲ့ကား မဟုတ်ဘဲ ကျွန်တော် လူကြမ်းမင်းသားအဖြစ် ပါရတဲ့ကားမှာ လူကြမ်းဇော်ကြီးဆိုပြီး ကျွန်တော့်ကို နာမည်ပေးလိုက်ပါတယ်။ အဲဒီနောက်မှာ ဆရာရိုက်တဲ့ ကားတိုင်းမှာလိုလို ကျွန်တော် အရန်လူကြမ်း ဖြစ်လာပါတယ်။ လူကြမ်း မင်းသားတော့ မဟုတ်သေးဘူးပေါ့ ဆရာရယ်။ ကိုယ်က လူကြမ်းမင်းသားဗီလိန်ရဲ့ နောက်လိုက်ပေါ့။ ဗီလိန်ရဲ့ နောက်လိုက် ဆိုက်ပတ်အဖြစ် ကျွန်တော် လေးငါးခြောက်နှစ်လောက် လုပ်ခဲ့ပါတယ်။ အဲဒီလို လူကြမ်းဆိုက်ပတ်အဖြစ် လေးငါးနှစ်လောက် လုပ်ပြီးတော့မှ ကျွန်တော် လူကြမ်းမင်းသားရယ်လို့ ဖြစ်လာတာပါ။

ကျွန်တော် လူကြမ်းမင်းသားဖြစ်ပြီး နှစ်နှစ်လောက်ကြာတော့ ကျွန်တော် အိမ်ထောင်ကျပါတယ်။ အဲဒီနှစ်နှစ်အတွင်းမှာ ဗွီဒီယိုကလည်း ပေါ်လာဆိုတော့ ဗွီဒီယိုမှာ ရိုက်ရတာပဲများပါတယ်။ ဖလင်တို့ ဘာတို့ကလည်း မရှိတော့ ကားကြီးမရိုက်ဖြစ်ကြဘူးလေ။ ဒီတော့ ကျွန်တော်တို့ ရုပ်ရှင်လောက သရုပ်ဆောင်တော်တော်များများ ဗွီဒီယိုကို ဆင်းကြတယ်။ ဗွီဒီယိုကို မဆင်းဘူးဆိုတဲ့လူတွေလည်း ရှိတော့ရှိတာပေါ့ ဆရာ။ ကျွန်တော်တို့ လူကြမ်းကတော့ ကားကြီးရော၊ ဗွီဒီယိုရော ဘာရွေးနေစရာရှိမလဲ ဆရာ

www.burmeseclassic.com



ရယ်။ ဒါရိုက်တာကသုံးရင် ဝင်ရိုက်လိုက်တာပေါ့။ ပြီးတော့ ကျွန်တော်တို့ ကိုယ်တိုင်ကလည်း ဒီလိုလူကြမ်းကားရိုက်ရတာကို ပျော်နေတယ်ဆရာ။ တစ်ခါ တလေများ ပိုက်ဆံတောင် ကောင်းကောင်းရတာ မဟုတ်ပါဘူး။ အခွေဖြန့် ပြီးမှ ပေးပါမယ်ဆိုတာမျိုးတွေလည်း ရှိသေးတယ်။ အခွေဖြန့်တော့လည်း ရှုံးလို့ တချို့လည်း ထပ်မရိုက်ကြတော့ဘူး။ ပိုက်ဆံလည်း မပေးကြတော့ဘူး။ ငွေရှင်က ရုပ်ရှင်တို့၊ ဗွီဒီယိုတို့ကို ဝါသနာပါလို့မဟုတ်ဘဲ စီးပွားရေးလုပ်ငန်း တစ်ခုအနေနဲ့ စမ်းဝင်လုပ်တဲ့လူမျိုးတွေလည်း ရှိတာကိုး ဆရာ။ ဒီတော့ သူတို့က တစ်ကားလုပ်ကြည့်မယ်။ မစွံရင် မလုပ်တော့ဘူး။ ဒီပြင်လုပ်ငန်းကို ပြောင်းသွားမယ်။ ရုပ်ရှင်လောကနဲ့လည်း နောက်ထပ် ဘာမှ ဆက်ဆံစရာ မလိုတော့ဘူးဆိုတော့ ကျင့်ဝတ်တို့၊ စည်းကမ်းတို့ကိုလည်း သိပ်စောင့်ထိန်းကြ တာ မဟုတ်ဘူး။ တချို့ဆိုရင် ရုပ်ရှင်တို့၊ ဗွီဒီယိုတို့အကြောင်းကို ဘာမှ နားမလည်တာ မဟုတ်ဘူး။ မြန်မာစကားတောင် ပီအောင် မပြောတတ်တဲ့ နိုင်ငံခြားသွေးပါတဲ့လူတွေ၊ စီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ စွံမလားဆိုပြီး လုပ်ကြည့်တာ။ မစွံတဲ့အခါကျတော့ ရုပ်ရှင်လောကဘက်ကို ခြေဦးတောင် မလှည့်တော့ဘူး။ ကန်ထရိုက်တို့၊ ဘာတို့ ဖြစ်ချင် ဖြစ်သွားကြတာ။ ကျွန်တော် ဆိုရင် ဒီလို အပြေမရတာမျိုးတွေ အများကြီးရှိတယ်။

ကျွန်တော် အိမ်ထောင်ကျတာက ခပ်ဆန်းဆန်းဆရာ။ မြို့သစ်တစ်မြို့ မှာ ကျွန်တော်တို့ ဖိုက်တင်ကားတစ်ကား သွားရိုက်ကြတယ်။ အဲဒီမြို့သစ် မှာ ဗွီဒီယိုရုံလည်း ရှိတယ်။ ကျွန်တော်က ကားမရိုက်တဲ့အချိန်မှာဆိုရင် အဲဒီဗွီဒီယိုရုံကို သွားသွားကြည့်တယ်။ တစ်ခါတလေလည်း မြန်မာကား တစ်ခါတလေလည်း နိုင်ငံခြားကား။ ကြုံရာဝင်ကြည့်လိုက်တာပေါ့ ဆရာ ရယ်။ ကျွန်တော်က အရက်တို့ဘာတို့လည်း မသောက်တတ်တော့ အားရင် ရုပ်ရှင်သွားကြည့်တယ်။ ဗွီဒီယိုကြည့်တယ်။ ပုတီးစိပ်တယ်။ ဒါနဲ့ပဲ အချိန် ကုန်တာကိုး ခင်ဗျ။ ကျွန်တော် ပုတီးစိပ်ပါတယ်။ ပုတီးစိပ်ဖြစ်သွားတဲ့ အကြောင်းကိုတော့ ကျွန်တော် ပြောပါဦးမယ် ဆရာ။ ဒါနဲ့ ဗွီဒီယိုသွားသွား ကြည့်ရင်း အဲဒီနားက ရေခဲထုပ်ရောင်းတဲ့ ကောင်မလေးနဲ့တွေ့ပြီး ကျွန်တော် အိမ်ထောင်ကျသွားတာပါပဲ။ ပထမတော့ သူ့မောင်တွေက ရုပ်ရှင်ထဲ





လူကြမ်းမင်းသားနဲ့ လိုက်ပြေးရမလားဆိုပြီး ခါးကြိမ်းကြိမ်းကြသေးတယ် ဆရာ။ နောက်တော့လည်း အဆင်ပြေသွားပါတယ်။ ကျွန်တော့် ဆရာ ကိုယ်တိုင် လိုက်တောင်းပေးလို့ သူတို့ဘက်ကလည်း နောက်ဆုံးတော့ လက်ခံလိုက်ပါတယ်။ ကျွန်တော်က လူကြမ်းဆိုပေမယ့် ဘုရားတရား ကိုင်း ရှိုင်းတယ်။ အဓိဋ္ဌာန်ဝင်တယ်။ သက်သတ်လွတ်စားတယ်။ ဆေးလိပ် မသောက်ဘူး။ ဆေးလိပ်တောင် မသောက်ဘူးဆိုတာသိတော့ သူတို့ဘက် ကလည်း - ဘာမှ မပြောတော့ပါဘူး။ နောက်တော့ ကျွန်တော်ကလည်း ယောက္ခမကို မိဘအရင်းလို ရိုရိုသေသေနဲ့ ပြုစုစောင့်ရှောက်တာကို တွေ့ သွားတော့ ကျွန်တော့်ကို ချစ်ကြပါတယ်။ ခုဆိုရင် ကျွန်တော့်ကို သားအရင်း ထက်တောင် ချစ်ပါသေးတယ်။

ကျွန်တော် ပုတီးစိပ်ပြီး ဘာသာတရား ကိုင်းရှိုင်းသွားတာကတော့ ဒီ မျက်လုံးကြောင့် ဆရာ။ မျက်လုံးကိစ္စ မဖြစ်ခင်ကတော့ ကျွန်တော် အရက် သောက်တာတို့၊ ကစားတာတို့တော့ နည်းနည်းပါးပါး ရှိပါတယ်။ ဒါပေမဲ့ မျက်လုံးကိစ္စဖြစ်လိုက်တော့ ကျွန်တော် တော်တော် နောင်တသံဝေဂ ရသွား တယ်ဆရာ။ မျက်လုံးဖြစ်တာကလည်း ဒီလို။ တစ်ခါတော့ ကျွန်တော်တို့ အဖွဲ့ ပြင်ဦးလွင်မြို့ကိုတက်ပြီး ဖိုက်တင်ကား ရိုက်ကြတယ်။ ပြင်ဦးလွင်မြို့ ကို တက်တက်ပြီး ဖိုက်တင်ကားတို့၊ ရုပ်ရှင်ကားတို့ ရိုက်ကြတာကတော့ အဲဒီက ရှုခင်းတို့ဘာတို့လည်းလှ၊ သွားရလာရတာလည်း လွယ်၊ စရိတ်က လည်း သက်သာလို့ ရိုက်ကြတာပါ။ ရှုခင်းလှတာကတော့ ဆရာလည်း သိတဲ့အတိုင်းပဲ။ ပြင်ဦးလွင်မြို့မှာ ဘယ်နေရာမှာရိုက်ချင်သလဲ။ ရက္ခဗေဒ ဥယျာဉ်မှာ ရိုက်ချင်သလား။ ခြောက်ထပ်ကွေ့မှာ ရိုက်ချင်သလား။ ကြိုက်တဲ့ ရှုခင်းမျိုးကို ရိုက်လို့ရတယ်။ ဒါမှမဟုတ် မြို့ရှုခင်းရိုက်ချင်တယ်ဆိုရင်လည်း ဈေးနားမှာ ရိုက်လိုက်ရုံ။ ဒါက တစ်ချက်။ သွားရတာလွယ်တာကလည်း မပြောနဲ့။ ရန်ကုန်က တက်တာ။ မန္တလေးရောက်။ မန္တလေးရောက်တယ်ဆိုရင် ပြင်ဦးလွင်မြို့ရောက်တာနဲ့ အတူတူပဲ။ ပစ္စည်း ပစ္စယလိုချင်ရင်လည်း မန္တလေးမှာ ဆင်းငှားလိုက်ရုံပဲ။ ကုန်ကုန်ပြောမယ် ဆရာရယ်။ မင်းသား မင်းသမီးက ယူနန်စာ စားချင်ပါတယ်ဆိုရင်တောင် မန္တလေးဆင်းဝယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပဲ။ တစ်ခါ ကျွန်တော် ကြုံဖူးသေးတယ်။ မင်းသားက ပိုင်းလော့ ဟိုတယ်က မှိုကြော်စားချင်တယ်ဆိုလို့ ကျွန်တော်ကိုယ်တိုင် ဆင်းဝယ်ရသေးတယ်။ စရိတ်ဆိုတာကလည်း မန္တလေးစရိတ်ထက် နည်းနည်းပဲ ပိုကုန်တာမဟုတ်လား။ ပြီးတော့ တစ်ခါတလေမှာ မင်းသားတို့၊ မင်းသမီးတို့ကလည်း တခြားကားတွေ ရှူတင်ထွက်ရင်း ပြင်ဦးလွင်မြို့ကို ရောက်နေကြတော့ ကိုယ့်ကားလည်း မြန်မြန်ပြီးအောင်ဆိုပြီး မင်းသားမင်းသမီးရှိတဲ့နေရာ လိုက်ရိုက်ရတာတွေ ရှိတယ် ဆရာ။ ဒါကြောင့်မို့ ကျွန်တော်တို့ ပြင်ဦးလွင်မြို့ကို တက်ရိုက်ကြတာပါ။

မျက်လုံးကိစ္စက ဒီလိုပါ ဆရာ။ တစ်ခါ ဖိုက်တင်ကားတစ်ကားရိုက်တော့ ကျွန်တော်တို့က မြင်းစီးပြီး ရိုက်ကြတယ်။ တောလမ်းမှာ မြင်းစီးကြတာပေါ့ ဆရာရယ်။ လူဆိုးဂိုဏ်းပေါ့။ ဓာတ်လိုက်နဲ့ ဖိုက်တင်ချမယ့်အခန်းပေါ့။ အရင်တစ်ညကလည်း အိပ်ရေးပျက်။ အဲဒီနေ့က ရှူတင်လည်း ဆက်တိုက်ဆိုတော့ ညနေပိုင်းကားရိုက်ခါနီးမှာ ကျွန်တော်တို့ အရက်နည်းနည်း သောက်ထားကြတယ် ဆရာ။ နည်းနည်းပါ။ ဆောင်းတွင်းကြီးဆိုတော့ အချမ်းသက်သာရုံ တစ်ခွက်နှစ်ခွက်ပါ။ ဒါနဲ့ ကျွန်တော်တို့ရိုက်ရော ဆိုပါတော့။ ဘီအီးရေတံခွန်နားက တောအုပ်ကလေးထဲမှာ။ ကျွန်တော်က လူဆိုးခေါင်းဆောင်ပေါ့လေ။ ရှေ့က မြင်းစီးပြီး ဓာတ်လိုက်နဲ့ ဓာတ်လိုက်မင်းသမီးစီးလာတဲ့ ကားကိုထွက်ပြီး ဓားပြတိုက်ရမှာ။ နှစ်ခါသုံးခါလောက် ဓာတ်တိုက်ကြည့်ပြီးပြီ။ သိပ်ကောင်းတယ်။ ရိုက်မယ်ဆိုပြီး ရိုက်ကြတော့ ကျွန်တော်က ရှေ့ဆုံးက ဒုန်းစိုင်းပြီး ဓာတ်လိုက်တွေ စီးလာတဲ့ မော်တော်ကားကို အမီလိုက်။ ဒီတုန်း ကင်မရာဖွင့်တော့ ကျွန်တော် ဒုန်းစီးပြီး လိုက်တယ်။ တစ်နေရာမှာ ဝါးရုံကိုင်းကလေး တစ်ကိုင်းက ညွတ်ကျနေတယ်လေ ဆရာ။ ကျွန်တော်က ရှေ့က ကားဆီကို မဲနေတော့ အဲဒီကိုင်းလေးညွတ်နေတာကို မမြင်လိုက်ဘူး။ ဒါနဲ့ အဲဒီနားလည်းရောက်ရော ဘန်းဆို ဝါးရုံကိုင်းက မျက်စိကို ပိတ်ရိုက်လိုက်တာ။ မျက်စိထဲ ဝင်းခနဲဖြစ်သွားပြီး ကျွန်တော်လည်း မြင်းပေါ်ကနေ အောက်ကို စိုက်ကျသွားတယ်။ သတိရလို့ကြည့်လိုက်တော့ မန္တလေးဆေးရုံကြီးမှာ ရောက်နေပြီ။ ကိုယ်မှာလည်း ဒဏ်ရာကြောင်းတွေနဲ့။ အရိုးတော့





မကျိုးဘူးတဲ့။ ဒါပေမဲ့ ဒီဘက်မျက်လုံးတစ်ဖက်ကတော့ ပျက်သွားတယ် ဆရာ။ မျက်လုံးအိမ်ကို ထိသွားလို့ ထုတ်ပစ်လိုက်ရတယ်။ ပြီး ကျောက်မျက်လုံး ပြန်ထည့်ထားရတယ်။

ကျွန်တော် နောင်တသံဝေဂ ရသွားတယ် ဆရာ။ အလုပ်လုပ်ကာနီးမှာ သွားပြီး အရက်သောက်လိုက်မိလို့ ဖြစ်ရတာဆိုပြီး အရက်ကို ဘုရားမှာ လှူပစ်လိုက်တယ်။ ဆေးလိပ်တို့ ဘာတို့လည်း မသောက်တော့ဘူး။ တစ်လတန်သည် နှစ်လတန်သည်အဓိဋ္ဌာန်ဝင်တယ်။ ပုတီးစိပ်တယ်။ သက်သတ်လွတ်စားတယ်။ ကျွန်တော့် ဆရာတော်ရှိတယ်။ ဆရာတော်ကျောင်းမှာ သွားပြီး တစ်လတန်သည် နှစ်လတန်သည် ဥပုသ်သီတင်း စောင့်တယ်၊ ရတနာသုံးပါးကို အမြဲဆည်းကပ်တယ်။ ကားရိုက်ထွက်လို့ ရောက်တာနဲ့တစ်ပြိုင်နက် အဲဒီမှာရှိတဲ့ ဘုရားကိုအရင်သွားဖူး၊ ပန်းရေချမ်း၊ ဆီမီးကပ်၊ ပုတီးစိပ်ပြီးတော့မှ လုပ်စရာရှိတာကို လုပ်ပါတယ်။

ဘုရား၊ တရားရဲ့ ဂုဏ်ကျေးဇူးလို့ပဲ ပြောရမှာပဲ ဆရာရေ။ အဲဒီနောက် ကျွန်တော့်ဘဝမှာ တော်တော်လေး အဆင်ပြေလာတယ်။ ခုလည်း သိပ်တော့ မဆိုးပါဘူး ဆရာ။ လူတွေက ဖိုက်တင့်တွေ နည်းနည်းညည်းလာကြတယ်။ ဒီလို အလုပ်ပါးတဲ့အခါမှာလည်း ဒီနေရာမှာလာပြီး အလုပ်ကလေး ဘာလေးစနည်းနာရတာပေါ့ ဆရာ"

(ကလျာမဂ္ဂဇင်း၊ မတ်၊ ၁၉၉၄)

* * *

www.burmeseclassic.com

www.burmeseclassic.com

# လမ်းများနှင့် လူများ

# လမ်းများနှင့် လူများ

ကျွန်တော်တို့ စီးလာသည့် ဘီအမ်ဒဗလျူကားကြီးသည် တစ်နာရီ ၃၀ မိုင်နှုန်းဖြင့် မှန်မှန်ပြေးနေသည်။ ကားက ဂျုံးဂျုံးကျနေသည့် ကား မဟုတ်သေး။ ဘော်ဒီရော စက်ပါ တော်တော်လတ်သေးသည်။ ကားစက် ခေါင်းရှေ့မှ အလူမီနီယန်များသည် တောက်ပဝင်းလက်နေကြသည်။ ကား ရှေ့မှန်ကလည်း ကြည်လင်နေသည်။ စက်သံကလည်း ညက်နေသည်။ မော် တော်ကားကြီးသည် သူ့သက်တမ်းတွင် မိုင်ပေါင်း ဘယ်လောက်များ သွားခဲ့ ပေပြီမသိ။ မိုင်သောင်းပေါင်းများစွာတော့ ရှိလောက်ပြီထင်သည်။ သို့တိုင် ဘီအမ်ကြီးသည် စက်ရုံဂိုဒေါင်ထဲမှ ထွက်လာသည့် ကားသစ်ကြီးတစ်စင်းလို ကောင်းနေပါသေးသည်။

ကားကောင်းသလို လမ်းကလည်း ကောင်းသည်။ မကွေးမှ ထွက်လိုက် ဆိုသည်နှင့် ကတ္တရာလမ်းသည် ချောနေသည်။ ရေနံချောင်းနားသို့ ရောက် လေလေ လမ်းက ပို၍ချောလာလေလေ။ သည်လမ်းသည် အစဉ်အလာ အရ ချောမွေ့သည့်လမ်းတစ်လမ်း ဖြစ်ခဲ့သည် မဟုတ်လော။ ကိုလိုနီ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကတည်းကပင်လျှင် မကွေး၊ ရေနံချောင်း၊ ချောက်တစ်ဝိုက်က လမ်းမသည် ချောမွေ့နေခဲ့သည့်လမ်း ဖြစ်သည်။ ဘီအိုစီကုမ္ပဏီမှ မျက်နှာဖြူ အရာရှိကြီးများ၏ကားများ၊ ရေနံတင်ကားများ၊ တူးဖော်ရေးပစ္စည်းတင်သည့် ကားများသည် ထိုလမ်းမကြီးတစ်လျှောက်တွင် ဥဒဟိုသွားလာခဲ့ကြဖူးသည်။ ယခုအထိလည်း ထိုနေရာတစ်ဝိုက်က လမ်းမသည် ဘီအိုစီခေတ်ကလို ကောင်းနေဆဲဖြစ်ပါသည်။

ကားကောင်း၊ လမ်းကောင်းရုံသာ မဟုတ်ပါ။ ကားမောင်းသမားကလည်း ကောင်းပါသည်။ ကျွန်တော်တို့ ခရီးတစ်လျှောက်တွင် ကားဆရာသည် မြန်လည်း မမြန်၊ နှေးလည်းမနှေး၊ သူ့နှုန်းနှင့်သူ တွက်ချက်ပြီး မောင်းလာခဲ့သည်။ ရန်ကုန်မှ မနက် ၄ နာရီတွင် ထွက်လာခဲ့သော ကျွန်တော်တို့ ဘီအမ်သည် ပုဂံကို ယနေ့ညရောက်ချင်သည်။ ဖြစ်နိုင်လျှင် စောစောစီးစီး ရောက်ချင်သည်။ ကားဆရာသည် သူ့ကားကို စီးလာသော ကျွန်တော်တို့ တစ်တွေ၏သဘောကို နားလည်သည်။ လမ်းဆိုးသည့်နေရာ၊ ကားအရှောင် အတိမ်းလုပ်သည့် နေရာတို့မှလွဲလျှင် သူ့ကားကို မြန်နှုန်းမှန်မှန်ဖြင့် မောင်းလာသည်။ ကားရှင်းပြီး လမ်းကောင်းသည့်တိုင် ထိုမြန်နှုန်းထက်လည်း ပိုမမောင်းပါ။ သူ့စိတ်ထဲတွင်မူ ကျွန်တော်တို့ကားသည် ခရီးပန်းတိုင်သို့ ဘယ်အချိန်တွင်ဆိုက်မည်ကို ကြိုတင်တွက်ချက်ပြီးသားဖြစ်ဟန် တူပါသည်။

သူသည် စိတ်လည်းရှည်သည်။ ခရီးသည်၏ အလိုကိုလည်း နားလည်သည်။ သူ့ကားကိုလည်း ညှာတာသည်။ ကျွန်တော်တို့တစ်တွေ ဆာချိန် ရောက်လို့ လူသူကင်းရှင်းသည့် သစ်ရိပ်တစ်ခုသို့ရောက်လျှင် ကားကို ရပ်ပြီး ထမင်းစားဖို့ ကားကိုရပ်ပေးသည်။

"ဒီနေရာကလေးက ထမင်းစားဖို့ ကောင်းတယ် ဆရာ။ လူလည်း ရှင်းတယ်။ ရေတို့ဘာလို့လည်း ပေါတယ်။ ကိုယ့်မှာ ထမင်းချိုင့်တို့ ဘာတို့ ပါလာရင် ဒီနေရာဟာ ထမင်းစားဖို့ကောင်းတဲ့နေရာကလေး"ဟု ပြော ဘတ်သည်။

ကျွန်တော်တို့တစ်တွေ ညောင်းညာ၍ ဆီးအောင့်ချိန်ရောက်လျှင် ဒင်တန်းစပ်ကလေးတစ်ခုတွင် ကားကိုရပ်ပေးပြီး "ကျန်းမာရေး ကိစ္စကလေး





တွေအတွက် ဆရာ"ဟု ပြုံး၍ ပြောတတ်သည်။ ကျွန်တော်တို့တစ်တွေ ဝမ်းဟာချိန်သို့ရောက်လျှင် လူသူရှင်းသည့် ရေပ်ကလေးတစ်ဆောင်ရှေ့တွင် ရပ်ကာ "အိပ်ချင်ပြေ လက်ဖက်ရည်ကလေး ဘာလေး သောက်လို့ကောင်းတယ် ဆရာ"ဟုဆိုကာ ကားကို ရပ်ပေးတတ်သည်။ ကျွန်တော်တို့တွင် ထမင်းချိုင့်၊ လက်ဖက်ရည်ဘူး စသည်တို့ အစုံအလင်ပါလာမှန်းသိသဖြင့် ကျွန်တော်တို့အတွက် အဆင်ပြေအောင် သူက စီစဉ်ပေးခြင်း ဖြစ်သည်။

ကျွန်တော်တို့တွင် ထမင်းချိုင့်တို့၊ လက်ဖက်ရည်ဘူးတို့ ပါမလာလျှင်လည်း သူသည် ဘယ်နေရာတွင် ထမင်းဆိုင်ကောင်းကောင်းရှိကြောင်း၊ မည်သည့်ဟင်းလျာမျိုးတွေ ရတတ်ကြောင်း၊ ဘယ်နေရာတွင် လက်ဖက်ရည် ဆိုင်ကောင်းကောင်းရှိကြောင်း၊ ဘယ်နေရာတွင် ဓာတ်ဆီဝယ်၍ရကြောင်း၊ ဘယ်နေရာတွင် ကားဘီးလေထိုး၍ရကြောင်း၊ ဘယ်မြို့တွင် ဘာပစ္စည်း ကောင်း၍ ဘယ်နေရာဝင်ဝယ်ရကြောင်း စသည်တို့ကို သူကောင်းကောင်း သိသည်။ ဘယ်မြို့တွင် ဘယ်တည်းခိုခန်းက ကောင်းပြီး၊ ဘယ်ထမင်းဆိုင် က ကောင်းကြောင်းကိုလည်း သူသိသည်။ သူသည် ကျွန်တော်တို့အဖို့ ဒရိုင်ဘာ တစ်ယောက်မျှသာမဟုတ် ခရီးသည်လမ်းညွှန်တစ်ဦးသဖွယ်လည်း ဖြစ်နေသည်။

စိတ်ရှည်ပုံကလည်း မပြောနှင့်။ မကွေးနှင့် ရေနံချောင်းကြားတွင် ကျွန်တော်တို့ကားသည် နဂိုမိုင်နှုန်းအတိုင်း မောင်းလာခဲ့သည်။ မကြာမီ ဒွာနဆိုင်ရာ ကားကြီးတစ်စီးကို မီလာသည်။ သူက ဟွန်းတီးပြီး လမ်းတောင်း သည်။ ရှေ့ကားက ဖယ်မပေး။ လမ်းသာရာတစ်နေရာအရောက်တွင် ဟွန်းကို အဆက်မပြတ်တီးပြီး သူ့ကို ကျော်တက်မည်ပြုသည်။ ကားကြီးက ကျော် တက်မည့်နေရာကို ရွှေ့လာကာ ရှေ့မှ ပိတ်မောင်းနေသဖြင့် ရှေ့တစ်နေရာ အရောက်တွင် ဘယ်ဘက်ထဲမှာ ဝင်ကပ်ပြီး ကျော်တက်ရန် ကြိုးစားသည်။ ထိုအခါ ကားကြီးက ဘယ်ဘက်သို့ကပ်လာပြီး ရှေ့မှ ပိတ်မောင်းပြန်သည်။ သူမောင်းပုံကလည်း ဖြည်းဖြည်းကလေး။ ကားကြီးက ဝန်လည်းများဟန်တူ၍ တစ်နာရီလျှင် မိုင်နှစ်ဆယ်နှုန်းထက် ပိုမည်မထင်။

ကားပေါ်က ကျွန်တော်တို့တစ်တွေ သည်းမခံနိုင်တော့။ ရှေ့ကကား



www.burmeseclassic.com

www.burmeseclassic.com



သည် တမင်လုပ်နေကြောင်း ထင်ရှားသည်။ ကျွန်တော်တို့အထဲက စိတ်တို သူတစ်ဦးက ကားကို အတင်းကျော်တက်ခိုင်းသည်။ တစ်ယောက်က ကားပေါ်မှနေပြီး ရှေ့က ဒရိုင်ဘာကိုလှမ်း၍ ကျိန်ဆဲသည်။ တစ်ယောက်က ကားအပြင်သို့ ခေါင်းထွက်ပြီးပင် ကျိန်ဆဲလိုက်သေးသည်။ စိတ်ရှည်ရှည် ထားတတ်သည့် ကျွန်တော်ပင်လျှင် စိတ်မရှည်နိုင်ပါ။

သို့ဖြင့် ကျွန်တော်တို့ကားသည် မကွေးမှ ထွက်လာကတည်းက ရေနံချောင်းရောက်သည်အထိ တစ်နာရီ ဆယ့်ငါးမိုင်၊ မိုင်နှစ်ဆယ်လောက်ဖြင့် သွားနေသော သူတို့ကားနောက်မှ တစ်လျှောက်လုံး လိုက်လာခဲ့ရသည်။

သို့ရာတွင် ကျွန်တော်တို့တစ်တွေ စိတ်တိုသလောက် ကားဆရာသည် စိတ်မတိုပါ။ သူသည် ပထမတော့ စိတ်တိုသယောင် မျက်နှာတင်းသွားပါသေးသည်။ သို့ရာတွင် ရှေ့က တမင်လုပ်နေမှန်းသိသည့်အခါတွင် သူစိတ်အေးတော့ပါ။

"နေပေ့စေ ဆရာ။ ရေနံချောင်းရောက်ရင် ဒီကောင်ရှေ့ကပိတ်လို့ မရတော့ပါဘူး။ လမ်းခွဲတွေ အများကြီးရှိတာပဲ။ သူ ရှေ့ပိတ်နေရင် တခြားလမ်းက ကွေ့ပတ်ပြီး မောင်းရုံပေါ့"ဟု ပြောပါသည်။

သူပြောသည့်အတိုင်းပင် ထိုဌာနဆိုင်ရာ ကားကြီးသည် ရေနံချောင်းအရောက်တွင် တခြားဘက်သို့ ချိုးသွားပါသည်။

ကျွန်တော်တို့သည် ရိုင်းစိုင်း၍ အနိုင်ကျင့်သော ထိုကားကြီးကို မေ့ထား၍ ခရီးဆက်လာခဲ့ကြပါသည်။

တော်တော်စိတ်ရှည်သော ကားဆရာပါတကား။

မှန်ပါသည်။ သူစိတ်တို၍ မဖြစ်ပါ။ သူစိတ်တိုပြီး ကားကို အရမ်းမောင်းလျှင် အားလုံးဒုက္ခရောက်နိုင်ပါသည်။ အတင်းကျော်တက်လျှင် ဘေးသို့ ချော်ကျသွားနိုင်ပါသည်။

"သူ ဘယ်လောက်ကြာကြာ နှောင့်ယှက်နိုင်မှာလဲ ဆရာ။ အလွန်ဆုံး ရေနံချောင်းပေါ့။ ဒီကားက ရေနံချောင်းကိုပဲသွားတာ ဖြစ်ရမယ်။ ရေနံချောင်း ဟိုဘက်ရောက်ရင် လမ်းကလည်း ရှင်းသွားပါပြီ။ ညနေပိုင်း ရောက်တော့ ကားအသွားအလာလည်း နည်းသွားပြီ။ အဲဒီတော့မှ သက်သာ





ပြင်းကလေး မောင်းလိုက်ရုံပေါ့။ စိတ်ချပါ ဆရာ။ ပုဂံကို ၉ နာရီမထိုးခင် ရောက်မှာပါ။

သူက ကျွန်တော်တို့အားလုံး၏ စိုးရိမ်စိတ်ကို ဖြေသိမ့်ပေးသည်။

ပုဂံရောက်၍ ဘုရားတွေဖူးတော့လည်း သူသည် ကျွန်တော်တို့ သွားချင်သော ဘုရားတိုင်းကို မညည်းမညူ လိုက်ပို့သည်။ တချို့ဘုရားများကို သူပင် ညွှန်းလိုက်သေးသည်။ ဘုရားတစ်ဆူမှာ ယခုတလောကမှ ချုံနွယ် ပိတ်ပေါင်းများကို ဖယ်ရှားပြီး ထီးတင်ထားသည့် ဘုရားဖြစ်သည်။ "အလိုပြည့်ဘုရား"ဟု ဆိုသဖြင့် ကြေးရတတ်များ လာ၍ ဘုရားဖူးကြသည်။ ဆုတောင်းကြသည်။ ကျွန်တော်တို့ကို ထိုဘုရားသို့ပင် လိုက်ပို့လိုက်သေးသည်။

ကျွန်တော်တို့သည် ပုဂံမှ ပခုက္ကူသို့ ကူးသည်။ မန္တလေးနှင့် မုံရွာသို့လည်း ရောက်သည်။ ပခုက္ကူ-မုံရွာလမ်းမှာ လွန်ခဲ့သည့် ဆယ့်ငါးနှစ်ခန့်က ကျွန်တော် နောက်ဆုံးဖြတ်ခဲ့သည့်အချိန်ကထက်ပင် ဆိုးနေသေးသည်ဟု ဆိုသည်။ ချိုင့်တွေ၊ ကျင်းတွေကလည်း ပေါသည်။ ဖုန်ကလည်း ထူသည်။

သူက သူ့စရိတ်ဖြင့်သူ ထမင်းစားမည်ဟု ပြောသော်လည်း ကျွန်တော်တို့က လက်မခံပါ။ သူနှင့် သူ့လက်ထောက်တို့အတွက် ကျွန်တော်တို့က ကျွေးကြပါသည်။ အိပ်တော့ သူတို့နှစ်ယောက်က မော်တော်ကားထဲမှာပင် အိပ်ကြသဖြင့် ကားအတွက်လည်း စိတ်ချရပါသည်။

ကျွန်တော်တို့ ခရီးတစ်ထောက်ရောက်၍ ရပ်နားကြသည်နှင့် သူတို့နှစ်ယောက်သည် ပစ္စည်းတွေကိုချပြီး ကားကို ရေဆေးကြသည်။ ထို့ကြောင့် သူတို့ကားသည် အမြဲတစေ ပြောင်လက်တောက်ပနေခြင်းဖြစ်ဟန် တူသည်။

ကားဆရာမှာ အသက်မကြီးသေးပါ။ ၃၀ တစ်ဝိုက်လောက်မှာ ရှိမည်ဟု ကျွန်တော် ခန့်မှန်းကြည့်ပါသည်။ ရုပ်ရည်သန့်ပြန့်၍ အသားလတ်လတ် နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် ဖြစ်သည်။ သူသည် ကားမောင်းနေစဉ် ကြက်လျှာစွန်းဦးထုပ်ကလေးကို ဆောင်းထားပြီး လည်ပင်းတွင် မျက်နှာသုတ်ပဝါကလေးတစ်ထည်ကို တင်ထားတတ်သည်။ ကားရပ်နားသည်နှင့် ရေမိုးချိုးကာ စပို့ရှပ်အင်္ကျီ၊ ဝမ်းတွင်းရက် ချည်လုံချည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သားသားနားနား ဝတ်စားထားတတ်သည်။

"ကျွန်တော့်နာမည် ကျော်ဝင်းလို့ ခေါ်ပါတယ်။ ရန်ကုန်မှာမွေးပြီး ရန်ကုန်မှာပဲ ကြီးပါတယ်။ အဖေတို့ အမေတို့ကတော့ နယ်ကပါ။ အဖေက အရင်တုန်းက သာယာဝတီ ဇီးကုန်းမှာ လယ်လုပ်ပါတယ်။ နောက်တော့ လယ်လုပ်လို့မကောင်းတာနဲ့ ရန်ကုန်ကို ဆင်းလာပါတယ်။ အဲဒီတုန်းက ကျွန်တော် မမွေးသေးပါဘူး။ ရန်ကုန်ရောက်တော့ မြောက်ဥက္ကလာမှာနေပြီး အဖေက ပန်းစိုက်ပါတယ်။ ပန်းစိုက်တယ်ဆိုတာ ကိုယ်ပိုင်မြေပေါ်မှာ စိုက်တာမဟုတ်ပါဘူး။ သူများခြံမှာသွားပြီး အလုပ်လုပ်ရတာပါ။ အဖေလုပ်တဲ့ ခြံမှာ သပြေတွေ၊ စံပယ်တွေ စိုက်ပါတယ်။ အမေလည်း အဲဒီမှာပဲ အလုပ်လုပ်ပါတယ်။ အဖေ့မိတ်ဆွေတစ်ဦးက ဆက်သွယ်ပေးလို့ အဲဒီခြံမှာ ကျွန်တော်တို့ နေခွင့်ရပါတယ်။ အဲဒီခြံထဲမှာ တဲကလေးတစ်လုံးထိုးပြီး ကျွန်တော်တို့ နေခဲ့ကြတာပါ။ ကျွန်တော့်ထက်အကြီး အစ်မနှစ်ယောက် ရှိပါသေးတယ်။ သူတို့နှစ်ယောက်စလုံးက အိမ်ထောင်ကျကုန်ပါပြီ။ ဟုတ်ကဲ့ ကျွန်တော်လည်း အိမ်ထောင်နဲ့ပါ။ ကျွန်တော့်ထက် အငယ် ညီမလေးတစ်ယောက်နဲ့ ညီလေး တစ်ယောက်ကတော့ အိမ်ထောင်မကျသေးပါဘူး။ အဖေတို့၊ အမေတို့နဲ့ပဲ မြောက်ဥက္ကလာမှာ အတူနေပါတယ်။

ကျွန်တော် ၈ တန်းအထိ စာသင်ခဲ့ဖူးပါတယ်။ ၈ တန်းမှာ နှစ်ခါကျတော့ ကျွန်တော် အပြင်ကျောင်းသားဖြစ်သွားပါတယ်။ ကျောင်းတက်တုန်းကတောင် ကျွန်တော် မအောင်ခဲ့တာ။ အပြင်ကနေဖြေတော့ ကျွန်တော့်အဖို့ စာမေးပွဲအောင်ဖို့ ပိုဝေးသွားတာပေါ့ ဆရာရယ်။ ကျွန်တော်ကလည်း သိပ်ကျောင်းမနေချင်တော့ဘူး။ အလုပ်ပဲ လုပ်ချင်နေတယ်ဆရာ။ ကျွန်တော်တို့မှာ အဲဒီတုန်းက စားဝတ်နေရေး ကျပ်တာကိုး ဆရာရဲ့။ အေးလေ ခုလည်း ကျပ်တုန်းပါပဲ။ ဒါပေမဲ့ ကျွန်တော့်လို ၈ တန်းတောင် မအောင်တဲ့ကောင် ဘာလုပ်လို့ရမှာလဲ။ ဒီလိုနဲ့ ကျောင်းလည်း ကောင်း ကောင်းမနေချင်။ အလုပ်ကလည်း ဘာမှမရှိဆိုတော့ လူက နည်းနည်း လေလွင့်ချင်လာတာပေါ့ဆရာ။ ဒီမှာတင် ကျွန်တော် အရက်ကလေး ဘာလေး သောက်တက်လာတယ် ဆရာ။ ညနေတိုင်ရင် အပေါင်းအသင်းတွေနဲ့





အရက်ကလေးသောက်လိုက်၊ အိမ်ပြန်လာပြီး ဟင်းတို့ဘာတို့မကောင်းရင် အမေကို ဂျီကျ၊ အဖေနဲ့ ရန်ဖြစ်။ ဒီလိုနဲ့ နေရထိုင်ရတာ ပတ်ဝန်းကျင်နဲ့၊ ပတ်ဝန်းကျင်နဲ့ဆိုတော့ မိဘနဲ့၊ ညီအစ်ကို မောင်နှမတွေနဲ့ သိပ်အဆင် မပြေချင်ဘဲ ဖြစ်လာတယ်။

ဒီတုန်းမှာ ကျွန်တော့်အစ်မယောက်ျားက မထသဘတ်စ်ကားတစ်စင်းမှာ ဒရိုင်ဘာ လုပ်နေတော့ ကျွန်တော့်ကို လူကြီးဆီခေါ်သွားပြီး စပယ်ယာ လက်ထောက်သွင်းပေးတယ်။ စပယ်ယာလက်ထောက်ဆိုတာ ပတ်ကား စပယ်ယာမဟုတ်သေးဘူး ဆရာ။ စပယ်ယာကို အကူလုပ်တာ။ ရုံးတက် ရုံးဆင်း လူကျပ်ချိန်ဆို လက်မှတ်ကူရောင်းပေးရတာမျိုးပေါ့ ဆရာ။ လခ ရယ်လို့ မရှိပါဘူး။ နေ့စားနဲ့ လုပ်ရတာပါ။ အပိုဝင်ငွေလေး ဘာလေး လည်း နည်းနည်းပါးပါးတော့ ရှိတာပေါ့ ဆရာရယ်။ ကျွန်တော် ညာမပြော ချင်ပါဘူး။ နောက်တော့ ကျွန်တော် စပယ်ယာဖြစ်လာတယ် ဆရာ။ ရန်ကုန် မြို့ပေါ်မှာလည်း လိုင်းပေါင်းဆုံနီးပါး ကျွန်တော် လိုက်ဖူးလာတယ်။ ပိုက်ဆံ ကလေး ရွှင်လာတော့ အရက်တို့ဘာတို့လည်း နည်းနည်းသောက်ဖြစ်လာ တယ် ဆရာ။ ကျွန်တော့် ယောက်ဖကလည်းသောက်တော့ ကျွန်တော်တို့ ပိုသောက်ဖြစ်သွားတာပေါ့ ဆရာ။

ကျွန်တော့်ယောက်ဖက ကားမောင်းတုန်းမှာတော့ မသောက်ပါဘူး။ ည ၉ နာရီလောက် ကားသိမ်းပြီးမှ သောက်တာပါ။ တစ်နေကုန် ပင်ပန်း ထားတော့ သူလည်း မနေနိုင်ဘူး ဆရာ။ သူက သဘောလည်းကောင်းတယ်။ ပိုက်ဆံတို့ဘာတို့လည်း သိပ်နှမြောတဲ့လူ မဟုတ်ဘူး။ ကျွန်တော့်အပေါ်မှာ ဆိုရင် ကျွန်တော့်အစ်မရင်းထက်တောင် သူက စေတနာကောင်းသေးတယ်။ လူကလည်း အေးလိုက်တာ ရေခဲတုံးကျနေတာပဲ။ စကား သိပ်မပြောဘူး။ အလုပ်ပဲ လုပ်တယ်။ နည်းနည်းကလေး မူးလာတော့မှ သူစကားပြောတတ် တယ်။ မမူးရင် မေးနိုင်မှ တော်ကာရယ်။ ညနေ ကားသိမ်းပြီဆိုရင် ကျွန်တော်နဲ့သူ သောက်နေကျ အရက်ဖြူဆိုင်ရှိတယ်။ အရက်ဖြူဆိုတာ ဘိတ်တိတ်ပုန်းရောင်းရတဲ့ ဆိုင်ပေါ့ဆရာရယ်။ အဲဒီမှာ ကျွန်တော်တို့ တစ်ခွက် တစ်ဖလား ဝင်သောက်၊ သူက ပိုက်ဆံပေး၊ ပြီးတော့ အိမ်ပြန်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်နဲ့ ကျွန်တော်တို့အိမ်ကလည်း တစ်ရပ်ကွက်တည်းဆိုတော့ အဆင်ပြေနေတာပေါ့ ဆရာရယ်။

အဲဒီတုန်းက ကျွန်တော် ဘာရှိဦးမှာလဲ ဆရာ။ ၁၈နှစ်လောက်ပဲ ရှိဦးမှာပေါ့။ စပယ်ယာလုပ်လို့ နှစ်နှစ်လောက်ကြာတော့ ကျွန်တော် ကားမောင်းတတ်လာတယ်။ တော်တော်ကျွမ်းပြီဆိုတော့ ကျွန်တော်လည်း မထသမှာပဲ ဒရိုင်ဘာ ဝင်လျှောက်လို့ရပြီး ဒရိုင်ဘာဖြစ်လာပါတယ်။ စပယ်ယာဘဝနဲ့ ကျွန်တော် ကျင်လည်ခဲ့တဲ့ ရန်ကုန်မြို့က လမ်းတွေအကြောင်း ကျွန်တော် ကောင်းကောင်းသိတာပေါ့ ဆရာရယ်။ ဘယ်လိုင်းမောင်းမလဲ။ ဘယ်နေရာမှာ ချိုင့်ရှိတယ်။ ဘယ်နေရာမှာ လမ်းတစ်ဖက် စောင်းနေတယ်။ ဘယ်နေရာမှာ လမ်းလိမ်နေတယ်။ ဘယ်နေရာမှာ လမ်းချော်တတ်တယ်ဆိုကအစ ကျွန်တော် အလွတ်ရနေတယ်။

နောက်တော့ ကျွန်တော့်ယောက်ဖက အာတီစီလို့ ဟိုတုန်းကခေါ်တဲ့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးမှာ အလုပ်ဝင်လုပ်တယ်ဆရာ။ အဝေးပြေး ကုန်ကားကြီးတွေကို မောင်းရတယ်။ နောက်တော့ သူလည်း ပခုက္ကူဘက်ကို ပြောင်းရတယ်။ တစ်ခါတော့ ကျွန်တော် ပခုက္ကူ သူတို့ဆီ အလည်ရောက်နေတုန်းမှာ အာတီစီကားကြီးတွေ ချင်းတောင်ကို ဆားတို့၊ ဆန်အိတ်တို့ ဒန်ပင်လုပ်ရတဲ့အချိန်နဲ့ ကြုံနေတယ်ဆရာ။ မိုးတွင်းဆိုရင် ချင်းတောင် မင်းတပ်တို့၊ ဂန့်ဂေါတို့ ဘယ်တို့ကို မတက်နိုင်ဘူး ဆရာ။ အသွားအလာပြတ်တယ်။ ဒီတော့ မိုးမကျခင်မှာ ချင်းပြည်နယ်နဲ့ ယောနယ်အတွက် လိုအပ်တဲ့ ဆန်အိတ်တင်ပြီး ပို့ရတယ် ဆရာ။ ကျွန်တော်တို့က တော့ ဒန်ပင်လုပ်တယ်လို့ ခေါ်တယ်။ ဘာမှန်းတော့ မသိဘူး။ အဲ — အဲ ဟုတ်တယ်။ ပစ္စည်းတွေကို ကြိုပြီးသိုလှောင်ရတာ။ အဲဒီလမ်းက တော်တော်ကြမ်းတယ်ဆရာ။ ဆရာလည်း ရောက်ဖူးမလား မသိဘူး။ ဂန့်ဂေါသွားရင် ပေါက်အနောက်ဘက်ကျတော့ ပုံတောင်ကို တက်ရတယ်။ ပြီးတော့ ပြန်ဆင်းရတယ်။ ပြန်ဆင်းပြီး နောက်တစ်ခါ ပုံညာကို တစ်ခါတက်ရတယ်။

နည်းတဲ့တောင်ကြီးတွေ မဟုတ်ဘူး ဆရာ။ ပုံတောင်ပုံညာလို့ ဒါကြောင့် နာမည်ကြီးတာကိုးလို့ ကျွန်တော် စဉ်းစားမိတယ်။ ကျွန်တော်တို့ ကားကြီးတွေ





ပုံတောင်နဲ့ ပုံညာကို နေ့မတက်နိုင်ကြဘူး ဆရာ။ အများအားဖြင့် ညမှာပဲ တက်ကြတာ။ နေ့လယ်ဆိုရင် နေသိပ်ပူပြီး လမ်းကကြမ်းတော့ ဘီးတွေ သိပ်မခံနိုင်ဘူး။ မကြာမကြာ ကွဲတယ်။ ပြီးတော့ အဲဒီအချိန်ကိုတက်မှ ချိုးလမ်းကလည်း သင့်တယ်။ ပခုက္ကူက မနက်စောစောထွက်၊ ညနေမိုးချုပ်လောက်ကျတော့ ပုံတောင်ကို စတက်တော့တာပဲ ဆရာ။ ပုံတောင်ထိပ်မှာ နတ်ထိပ်လို့ခေါ်တဲ့ နေရာတစ်ခု ရှိတယ်။ ရေဝေကုန်းတန်းပေါ့ ဆရာရယ်။ အဲဒီ ရေဝေကုန်းတန်းကနေပြီး ကြည့်လိုက်ရင် ဟိုချောက်တို့၊ ရေနံချောင်းတို့ကို မီးရောင်တထိန်ထိန်နဲ့ မြင်ရတယ်။ အဲဒီပုံတောင်ကိုကျော်ပြီးတော့မှ ချိုင့်ဝှမ်းထဲကို ဆင်းရတယ်။ တောင်ကြားပေါ့ ဆရာရယ်။ တောင်ကြားမှာ စခန်းကလေးတစ်ခု ရှိတယ်။ အဲဒီမှာနားပြီး ထမင်းစားပြီးတော့ ပုံညာကို ဆက်တက်ရတယ်။ နောက်တစ်နေ့မှ ဂန့်ဂေါတို့ ဘယ်တို့ကို ရောက်တယ်ဆရာ။

ဟိုကျတော့ ပစ္စည်းတွေကို ဆိုင်ရာအပ်။ အဲဒီက တင်ပေးလိုက်တဲ့ ပစ္စည်းကိုသယ်ပြီး ပြန်ဆင်း။ အဲဒီကတော့ ထောပတ်ပဲတို့၊ နှမ်းတို့ကို တင်ပါတယ်။ အစိုးရကုန်မရင်လည်း ပုဂ္ဂလိကကုန်ကိုပဲ နဝလီသဘောနဲ့ တင်တာပေါ့ ဆရာ။ ဒီလိုနဲ့ အဲဒီနေ့မှာ အတွေ့အကြုံရအောင်ဆိုပြီး ကျွန်တော့်ယောက်ဖရဲ့ကားနဲ့ လိုက်နေတယ်။ ကားက တီအီးအလဲဗင်ကြီးတွေ ဆရာ။ ကုန်တင်တဲ့ကားကြီးတွေ။

သကြန်ပြီးတော့ ကျွန်တော်တို့တစ်ခေါက်တော့ တက်ဦးမယ်။ မိုးကျခါနီးနေပြီ။ ဒါ နောက်ဆုံးအခေါက်ပဲဆိုပြီး ပခုက္ကူက ဆန်အိတ်တွေနဲ့ ဆားအိတ်တွေကိုတင်ပြီး ကျွန်တော်တို့ တက်လာကြတယ်။ သူပန်းရင် ကျွန်တော်တစ်လှည့်မောင်းတယ်။ ပုံတောင်ကဆင်းတော့ တောင်ကြားထဲက ကျင်းဆိုတဲ့ ရွာကလေးကို ရောက်တယ်။

အဲဒီနေရာကလေးက ကျွန်တော်တို့ ကားသမားတွေနားတဲ့ နေရာ။ အဲဒီရောက်တော့ ည ၈ နာရီလောက် ရှိနေပြီ။ ဒါနဲ့ ကျွန်တော်တို့ အဲဒီမှာ ထမင်းစားကြတယ်။ ကျွန်တော့်ယောက်ဖက ငှက်ဖျားတက်နေတယ်။ ကျင်းကထွက်ရင် သူမမောင်းတော့ဘူးတဲ့။ ကျွန်တော်မောင်းတဲ့။ သူ သိပ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနေတယ်တဲ့။ သူကတော့ အရက်ကလေးနည်းနည်းသောက်ပြီး အိပ်လိုက်လာတော့မယ်တဲ့။ ကျွန်တော့်ကိုလည်း မင်းမသောက်နဲ့တဲ့။ ကားမောင်းရမှာတဲ့။ အဲဒီတုန်းက ကျွန်တော်တို့ကားပေါ်မှာ ပါဆင်ဂျာတို့ ဘာတို့ မပါဘူးဆရာ။ ဆန်အိတ်တွေချည်း သံကိုင်းအထိ အပြည့်တင်လာတာ။ ကျွန်တော်ကလည်း အဲဒီတုန်းက ချမ်းတော့ သူပြောတဲ့အချိန်မှာ နည်းနည်းသောက်ပြီးသား ဖြစ်နေပြီ ဆရာ။ မများပါဘူး။ တစ်စိတ်လောက်ပဲ ရှိတာပါ။ ဒါပေမဲ့ အရက်က ပြင်းလိုက်တဲ့အရက် ဆရာရယ်။ ထန်းလျက်နဲ့ချက်ထားတဲ့ မီးတောက်အရက်တဲ့။ သူကတော့ တစ်ခွက် နှစ်ခွက်လောက်ပဲသောက်တာ။ ဘာမှ မဖြစ်ဘူး။ ကားထွက်လို့ ကျွန်တော် စတီယာရင်မှာလည်း ဝင်ထိုင်လိုက်ရော။ မူးလိုက်တာ ဆရာရယ်။ ချာချာကို လည်နေတာပဲ။

ဒါပေမယ့် ဒီလောက်တော့ ရပါတယ်ဆိုပြီး ကျွန်တော် ဆက်မောင်းတယ်။ ကြာကြာမောင်းလို့ မရဘူးဆရာရေ့။ မျက်စိထဲမှာ အားလုံး ဝိုးတိုးဝါးတား ဖြစ်နေတယ်။ ရှေ့က ကမ်းပါးယံကြီးတွေကို လမ်းလို့ထင်တယ်။ တစ်ခါတလေကျတော့လည်း ချောက်ကြီးတွေကို ခပ်ဝေးဝေးမှာလို့ ထင်နေတယ်။ လမ်းက တောင်ကမ်းပါးယံမှာ ကပ်ဖောက်ထားတာကို ဆရာ။ တစ်ဖက်မှာ ကမ်းပါးယံ၊ တစ်ဖက်မှာ ချောက်။ တစ်နေရာကျတော့ ကျွန်တော် ကမ်းပါးယံကြီးကို ဝင်တိုက်တယ်။ ကံကောင်းလို့ပေါ့ ဆရာရယ်။ ချောက်ဘက်ကိုသာ ဆွဲသွားရင် အောက်ကျသွားမှာ။ ဒါနဲ့ ကျွန်တော်က ကျွန်တော်တော့ မောင်းလို့မရတော့ဘူးလို့ သူ့ကိုနှိုးပြောတယ်။ သူက မင်းမူးနေသလားတဲ့။ ဟုတ်တယ်။ ကျွန်တော်မူးနေတယ်။ အစ်ကိုမောင်းမှ ဖြစ်မယ်လို့ပြောတော့ သူက ဒီလိုဆိုရင် ငါပဲမောင်းမယ်ဆိုပြီး သူမောင်းတယ်။ ကျွန်တော်လည်း မူးမူးနဲ့ သူ့ဘေးမှာ အိပ်ငိုက်ပြီး လိုက်လာတယ်။

အိပ်ငိုက်နေတုန်း ဝုန်းဆို အသံကြီး ကြားလိုက်ရပြီး ကျွန်တော်လည်း သတိမေ့သွားတယ်။ သတိရလို့ ကြည့်လိုက်တော့ ကျွန်တော် ဂန့်ဂေါ်ဆေးရုံကို ရောက်နေတယ်။ ပုံညာအတက်မှာ ကျွန်တော်တို့ကား ချောက်ထဲ ထိုးကျသွားသတဲ့။ နောက်ကတက်လာတဲ့ကားကတွေ့လို့ ကျွန်တော်တို့ နှစ်ယောက်ကို တင်လာပြီး ဆေးရုံကို လာပို့တာတဲ့။ ကျွန်တော့်ယောက်ဖ





တော့ ဆေးရုံအရောက်မှာပဲ ဆုံးသွားတယ်တဲ့။ ကျွန်တော် ဂန့်ဂေါ်ဆေးရုံမှာ တစ်လလောက် တက်နေခဲ့ရတယ်။ ကျွန်တော်ယောက်ဖကိစ္စကိုလည်း ဌာနကပဲ ဝိုင်းဝန်းပြီး ဆောင်ရွက်ပေးလိုက်ကြရတယ်။

အဲဒီကတည်းက ကျွန်တော် အရက်ကို ဖြတ်လိုက်တယ်ဆရာ။ ဘုရားရှေ့မှာ သစ္စာဆိုပြီး လှူလိုက်တယ်။ ညအိပ်ရာဝင်ခါနီးရင်လည်း ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း ပုတီးကိုးပတ်ရအောင် ဂုဏ်တော်ကိုးပါးကိုစိတ်ပြီး ဘုရားရှိခိုး၊ အမျှအတန်းဝေပြီးမှ အိပ်ရာဝင်တယ်။

နောက်တော့ ကျွန်တော်လည်း ရန်ကုန်ပြန်ရောက်ပြီး ကုန်းလမ်းက ကားတွေကို မောင်းရတယ်ဆရာ။ အများအားဖြင့်တော့ လူစီးကားတွေကို မောင်းရပါတယ်။ ကျွန်တော်တို့ဌာနက မန္တလေးတို့၊ ပြည်တို့၊ မကွေးတို့၊ ဘယ်တို့ကို လိုင်းပြေးတဲ့ လူစီးကားတွေရှိသလို ကားစီးလုံး အငှားလိုက်တဲ့ ကားတွေလည်း ရှိပါတယ်။ ကျွန်တော်က စီးလုံးအငှားလိုက်တဲ့ ကားတွေကို မောင်းရပါတယ်။ သာမညတို့၊ ကျိုက်ထီးရိုးတို့ကို လူစုပြီး သွားချင်တယ်ဆိုပါတော့။ ကျွန်တော်တို့ဆီကို လာငှားရင် တစ်နေ့ကို သုံးထောင်ပေးရပါတယ်။ ကျွန်တော်တို့က ဆီစိုက်ပြီး ဆွဲပါတယ်။ တချို့ကားတွေက နံပါတ်နှစ်နဲ့ပါ။ နံပါတ်အနက်နဲ့ကတော့ လေးငါးစီးလောက် ရှိပါတယ်။ ခုကျွန်တော့်ကားက နံပါတ် အနက်တွေထဲမှာလည်း အကောင်းဆုံး၊ အသစ်ဆုံးကားပါ။ ဒီကားနဲ့ ကျွန်တော် ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်းလည်း လိုက်ခဲ့ဖူးပြီ။ သာမညတို့ ကျိုက်ထီးရိုးတို့ကိုလည်း လိုက်ခဲ့ဖူးပြီ။ ရွှေစက်တော်ကိုလည်း လိုက်ခဲ့ဖူးပြီ။ တော်တော်ကို နှံ့နေပါပြီ ဆရာ။ ဆရာတို့ငှားတော့ ကျွန်တော် တောင်ကြီးက ပြန်ရောက်ခါစပဲ ရှိသေးတယ်။ ဒီနေ့ရောက်ပြီး မနက်ဖြန် ထွက်လာတာပဲ။

အိမ်မှာ တစ်ညပဲ အိပ်ခဲ့ရတယ်။ တစ်ညတောင် မအိပ်ရဘဲ မနက်ရောက် ညနေပြန်ထွက်ဆိုတာမျိုးတွေလည်း အများကြီးပဲ။ ရုံးချုပ်က ဆရာကြီးတွေက ကားကောင်းကောင်းလိုချင်သူတွေဆိုရင် ကျွန်တော့်ကိုပဲ ထည့်ပေးတာပဲ။ ကျွန်တော်နဲ့သွားရရင် ခရီးသည်တွေက အဆင်ပြေတယ်လို့ ပြောကြလို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိမ်ထောင်ကျတာ ၅ နှစ်လောက် ရှိပါပြီ။ ဒရိုင်ဘာလုပ်တာကတော့ ၁၂ နှစ်လောက် ရှိပါပြီ။ ကျွန်တော့်မှာ သားလေးတစ်ယောက် ရှိပါတယ်။ လေးနှစ်သားကလေးပါ။ ကျွန်တော့်ဇနီးက ကားမှောက်လို့ ဆုံးသွားတဲ့ ကျွန်တော့်ယောက်ဖရဲ့ ညီမပါ။ မောင်လယ်နှမလယ် ယူထားကြတာပေါ့ ဆရာ။ ကျွန်တော့်အပေါ်မှာ ကျွန်တော့်ယောက်ဖရဲ့ ကျေးဇူးရှိတယ်လေ။ ဒါ့ကြောင့် သူ့ညီတွေ၊ ညီမတွေကိုလည်း ကျွန်တော် စောင့်ရှောက်ရမယ့်တာဝန် ရှိတယ်။ သူ့အလှည့်တုန်းကလည်း ကျွန်တော်တို့ အစ်ကို မောင်နှမတစ်တွေကို စောင့်ရှောက်ခဲ့တယ် မဟုတ်လား။

ဒရိုင်ဘာဆိုတာကတော့ မော်တော်ကားပေါ်မှာပဲ နေသွားရတာပေါ့ ဆရာရယ်။ ကျွန်တော် ဒရိုင်ဘာဖြစ်တဲ့ ဆယ်နှစ်ကျော်ကျော်မှာ အိမ်မှာနေရတဲ့ အချိန်ဟာ သိပ်နည်းပါတယ်။ အားလုံးပေါင်းရင် တစ်နှစ်တောင် ပြည့်မှာ မဟုတ်ပါဘူး။

ကျွန်တော့်ရည်မှန်းချက်လား။ ကျွန်တော့်ရည်မှန်းချက်က ဘာမှ ဒီလောက်ဖြစ်ချင်လှတယ်ရယ်လို့ မရှိပါဘူး ဆရာ။ ကျွန်တော့် ဒရိုင်ဘာဘဝကို ကျွန်တော်ပျော်တယ်။ ကျေနပ်တယ်။ ကားမောင်းနေရတာကို ပျော်တယ်။ ခရီးတွေ သွားနေရတာကို စိတ်ချမ်းသာတယ်။ ဒါကြောင့် ကျွန်တော် ပိုက်ဆံရှိရင်လည်း ကိုယ်ပိုင်ကားကြီးတစ်စင်းထောင်ပြီး ကိုယ်တိုင် မောင်းဦးမှာပဲ။ ကျန်းမာနေသရွေ့ပေါ့လေ။ ဒရိုင်ဘာလုပ်တာဟာ လမ်းတွေကိုလည်း အများကြီးသွားရတယ်။ လူတွေကိုလည်း အများကြီး တွေ့ရတယ်။ ရှိတဲ့လမ်းတွေပေါ်မှာ လျှောက်နေရပြီး ရှိတဲ့လူတွေကို တွေ့နေရတာဟာ ပျော်စရာအကောင်းဆုံးပေါ့ ဆရာ"

သူ့မျက်နှာသည် သူ့ဘဝကို ကျေနပ်ရောင့်ရဲနေသော မျက်နှာဖြစ်ပါသည်။

(ကလျာမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၉၁)

* * *

# မဲဇာရိုးမှာ

www.burmeseclassic.com

www.burmeseclassic.com

# မဲဇာရိုးမှာ

သူတို့တစ်တွေနှင့် ကျွန်တော်တွေ့သည့်နေရာမှာ မြတောင်နှင့် ထီးချိုင်းကိုကူးသည့် မော်တော်ကြီးပေါ်မှာ ဖြစ်သည်။ ကျွန်တော်တို့သည် နာမည်ကြီးလှသော မြတောင်ရွာကြီးကို တမင်သွားလည်ခြင်း ဖြစ်သည်။ မြတောင်သည် စုဖုရားလတ်အပိုင်စားရသည့် ရွာဖြစ်ခြင်းကြောင့်တစ်ကြောင်း ဆရာကြီးရွှေဥဒေါင်း၏ "တစ်သက်တာ မှတ်တမ်း"ထဲတွင်လည်း မြတောင်အကြောင်းကို ညွှန်းထားသဖြင့်ဖြင့်တစ်ကြောင်း မြတောင်ရွာကို ကျွန်တော်တို့ တကူးတကန့် သွားလည်ကြခြင်း ဖြစ်သည်။

မြတောင်က တန်ခိုးကြီးဘုရားများကိုဖူး၊ ဘုန်းကြီးကျောင်းများကို သွားကန်တော့ပြီးနောက် ကျွန်တော်တို့သည် ထီးချိုင့်ပြန်ကူးရန် မော်တော်ဆိပ်သို့ ဆင်းလာခဲ့ကြသည်။ မော်တော်မှာ တော်တော်ကြီးသည့် မော်တော်ဖြစ်ပြီး လူတစ်ရာကျော် နှစ်ရာနီးပါးလောက် တင်ထားသည်ဟု ကျွန်တော်ထင်သည်။ မော်တော်တစ်ခုလုံး ခြေချစရာပင် မရှိ။ မြတောင်မှထွက်မည့်မော်တော်သည် ကျွန်တော်တို့ မလာသေးသဖြင့် အကြာကြီး စောင့်နေ





သည်။ ကျွန်တော်တို့ကလည်း မော်တော်စောင့်နေမှန်းမသိသဖြင့် မြတောင်ရွာထဲမှာ အေးအေးဆေးဆေးပင် လျှောက်လည်နေကြသည်။ ကျွန်တော်တို့သည် ဆောက်လုပ်နေဆဲဖြစ်သော မြတောင်ရွာက အလယ်တန်းကျောင်းသစ်ကို သွားကြည့်ကြသည်။ မြတောင်သည် အလယ်တန်းကျောင်းသစ်ကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောက်နေသည်ဟု ရွာမှလူများက ကျွန်တော်တို့ကို ပြောလိုက်ကြသည်။

မြတောင်ဆိပ်ကမ်းကို ကျွန်တော်တို့ရောက်တော့ တော်တော်နေမူနေပြီ။ ကျွန်တော်တို့သည် မော်တော်ဝမ်းထဲတွင်ရော၊ မော်တော်နံရံဘောင်ပေါ်တွင်ရော၊ မော်တော်အမိုးပေါ်ရော လူတွေပြည့်ကျပ်နေသည်ကိုကြည့်ပြီး အံ့အားသင့်သွားသည်။ မြတောင်ဘက်ကမ်းမှာ ဈေးဝယ်လာကြသူများ၊ မြတောင်ဘက်ကမ်းမှ ထီးချိုင့်သို့လာ၍ လစာထုတ်ရန် လာကြသော အမှုထမ်းများဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့တစ်တွေ မော်တော်ပေါ်ရောက်၍ ကျပ်ကျပ်တည်းတည်း နေရာယူပြီးသည့်တိုင် မော်တော်က မထွက်နိုင်သေးပါ။ ကမ်းစပ်က သောင်နှင့်ငြိနေသောကြောင့်ဖြစ်ပါသည်။ မော်တော်နံရံဘောင်တွင် ထိုင်နေသူများက ရေထဲဆင်းပြီး အတန်ကြာအောင် တွန်းပေးမှ မော်တော်သည် သောင်ပေါ်မှ ကျွသွားကာ ကမ်းမှ ခွာလာခဲ့သည်။

ကျွန်တော်တို့အနားတွင် အသက်နှစ်ဆယ်နှင့် သုံးဆယ်ကြားရှိ အမျိုးသမီးငယ်တစ်သိုက် ထိုင်နေကြသည်။ ထီးချိုင့်သို့ လစာထုတ်ရန်လာသည့် ကျောင်းဆရာမများဖြစ်ကြောင်း သူတို့စကားအရ သိရသည်။

ကျွန်တော်တို့ စပ်စုသဖြင့် သူတို့အကြောင်းကို သိလာရသည်။ ပထမဆုံး ကျွန်တော်တို့နှင့် စကားလက်ဆုံကျသူမှာ မြမြနွယ်ဆိုသည့် ကျောင်းဆရာမလေး ဖြစ်သည်။

"ဟုတ်ကဲ့။ ကျွန်မနာမည်က မြမြနွယ်ရှင့်။ ဇာတိက မြတောင်ကရှင့်။ ဆယ်တန်းအောင်တာကတော့ ၈၅-၈၆ ခုနှစ်က အောင်ပါတယ်ရှင့်။ အောင်ပြီး နှစ်နှစ်သုံးနှစ်လောက်ရှိတော့ ကျောင်းဆရာမအလုပ် ရတယ်ရှင့်။ ကျွန်မ ပထမဆုံးအလုပ်လုပ်ရတဲ့ရွာက တုန်ငယ်ရွာရှင့်။ တုန်ငယ်ဆိုတာ မဲဇာမြစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီအဝမှာရှိတယ်ရှင့်။ မဲဇာကနေ ရောဝတီထဲကိုထွက်တဲ့ အပေါက်ဝမှာပါ။ ဟုတ်ပါတယ်။ မဲဇာနဲ့ ရောဝတီဆုံတဲ့နေရာပါရှင့်။ အဲဒီ တုန်ငယ်ကို အရင်တုန်းက ကျွန်မ မရောက်ဖူးဘူးရှင့်။ ကျွန်မတို့ကျောင်းမှာက ကျွန်မရယ်၊ ကျောင်းအုပ်ဆရာမကြီးရယ်။ ကျောင်းဆရာဆိုလို့ နှစ်ယောက်ပဲရှိတယ်ရှင့်။ အထွေထွေလုပ်သားနဲ့ဆိုရင်တော့ သုံးယောက်ရှင့်။ အထွေထွေလုပ်သားက ကျောင်းမှာ သန့်ရှင်းရေးတို့ဘာတို့ကို လုပ်တဲ့သူကို ခေါ်တာရှင့်။ သူက တကယ်ကတော့ အလုပ်သမားပါ။ ဒါပေမဲ့ လေးတန်းအောင်အောင်စာသင်ဖူးတော့ သူလည်း စာဝင်ပြပါတယ်။ တစ်ခါတလေမှာ အထွေထွေလုပ်သားက ငါးတန်း၊ ခြောက်တန်းအောင်၊ ခုနစ်တန်းအောင် စသဖြင့် ရှိပါတယ်။ ဒီတော့ သူက သူငယ်တန်းကလေးတွေကို စာပြနိုင်တယ်ရှင့်။ ကျွန်မတို့ စာသင်တဲ့ တုန်ငယ်ရွာက မူလတန်းကျောင်းမှာ ကျောင်းသား ၆၀ လောက်ရှိတယ်ရှင့်။ အများအားဖြင့်တော့ သုံးတန်းကလေးတွေ များတယ်ရှင့်။ ဆရာမကြီးက လေးတန်းနဲ့ ဒုတိယတန်းကို သင်တယ်ရှင့်။ ကျွန်မကတော့ တတိယတန်းနဲ့ ပထမတန်းကို သင်တယ်ရှင့်။ အထွေထွေ လုပ်သားကတော့ သူငယ်တန်းကို သင်ပါတယ်၊ သူငယ်တန်းကို သူ တစ်ယောက်တည်း မနိုင်ရင်လည်း ဆရာမကြီးက ဆင်းသင်တယ်ရှင့်။ အထွေထွေလုပ်သားဆိုပေမယ့် သူကလည်း ဆရာတစ်ပိုင်းပါ။ ကျွန်မ ကျောင်းဆရာမလုပ်တော့ လခ နှစ်ရာကျော်ကျော်ရပါတယ်။ နောက်တော့ ရွာက နောက်ထပ် အပိုဆောင်းပေးတဲ့အတွက် လေးရာအစိတ်ရတယ်ရှင့်။ ရှင် ဟုတ်ကဲ့ရှင့်။ ထမင်းဟင်းချက်စားတော့ ကိုယ့်ဘာသာကို ချက်မစားဘူးရှင့်။ ရွာက ကျွေးတယ်ရှင့်။ အဲဒီတုန်းက ကိုယ့်ဘာသာကို ချက်စားပါတယ်။ ကျောင်းတက်တာကတော့ မနက်ဆယ်နာရီဆိုရင် ကျောင်းတက်ပါတယ်၊ ချက်စားတော့ အသားငါးတွေ ဘာတွေကို ဝယ်စားတဲ့အခါ စားတယ်ရှင့်။ တစ်ခါတလေလည်း ကျောင်းသားတွေ ဘာတွေက လာပေးတယ်ရှင့်။ အဲဒီအခါကတော့ ဝယ်စားရတယ်လို့ မရှိဘူးရှင့်။ ကျောင်းသားတွေကပဲ ပေးတယ်ရှင့်။ ကျောင်းမှာလည်း စိုက်ခင်းရှိတော့ ကျောင်းစိုက်ခင်းက ပေးတယ်ရှင့်။

ဟုတ်ကဲ့။ ကျောင်းသားတွေက ဆရာတွေကို ရိုသေကြတယ်ရှင့်။ ကျွန်မ ပြီး အလုပ်လုပ်တော့ ၁၈ နှစ်ပဲ ရှိပါသေးတယ်။ မိဘတွေက တောင်သူ





လုပ်ပါတယ်။ ဟုတ်တယ်ရှင့်။ လယ်သမား မဟုတ်ဘူးရှင့်။ တောင်သူ၊ ကြံတောင်သူပါ။ အဖေက ကေသုံးလေးဆယ်လောက် ကြံစိုက်တယ်ရှင့်။ ကလေးတွေက ယဉ်ကျေးကြပါတယ်ရှင့်။ သူငယ်တန်းကျောင်းသားလေးတွေက လေးတန်းကျောင်းသားကြီးတွေရှေ့သွားရင် ကုန်းသွားတယ်ရှင့်။ ဆရာမတွေဆိုရင် အရိပ်တောင် မနင်းဘူးရှင့်။ ကွင်းသွားတယ်ရှင့်"

(သူ့စကားအဆုံးတွင် ရှင့် အမြဲပါသည်ကို ကျွန်ုပ်တော် သတိပြုမိသည်။ နောက်တစ်ယောက်က အသက် သုံးဆယ့်ငါးနှစ်လောက်ရှိပြီ။ သူ့အမည်မှာ မဆွေ ဖြစ်သည်။)

"ဟုတ်ကဲ့။ ကျွန်မနာမည် မဆွေရှင့်။ ကျောင်းဆရာမဖြစ်တာ အနှစ်နှစ်ဆယ် ရှိပြီရှင့်။ ခုတော့ ကျောင်းအုပ်ရှင့်။ ဟုတ်တယ်ရှင့်။ ကျွန်မက မြတောင်ကရှင့်။ ကျောင်းအုပ်လုပ်တော့ မြတောင်နဲ့ နှစ်မိုင်သုံးမိုင်လောက် ဝေးတဲ့ ကက္ကူမှာ လုပ်တယ်ရှင့်။ နေ့တိုင်း မြတောင်ကနေပြီး ကျောင်းတက်တယ်ရှင့်။ နွေတို့၊ ဆောင်းတို့ဆိုရင်တော့ ဘိုင်စကယ်နဲ့ ကျောင်းတက်တယ်ရှင့်။ မိုးတွင်းဆိုရင်တော့ ခြေကျင်ပဲတက်တယ်ရှင့်။ ဟုတ်ကဲ့။ ကျွန်မမှာ အိမ်ထောင်ရှိတယ်ရှင့်။ အိမ်ထောင်က အစိုးရအလုပ် မလုပ်ဘူးရှင့်၊ အပြင်မှာ အရောင်းအဝယ်လုပ်တယ်ရှင့်။ ကျွန်မမှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိတယ်ရှင့်။ သားက ဒီနှစ် ဆယ်တန်းဖြေထားတယ်ရှင့်၊ သမီးကတော့ ရှစ်တန်းဖြေထားတယ်ရှင့်။ ကက္ကူမှာ ကျောင်းသားတွေက ယဉ်ကျေးကြပါတယ်။ အရင်တုန်းကတော့ ကက္ကူမှာ ကျောင်းမရှိဘူးရှင့်၊ ကျွန်မရောက်မှ ကျောင်းဖွင့်တာရှင့်။ ကက္ကူမှာ ကျောင်းဆရာမ လုပ်လာတာ ဆယ့်တစ်နှစ်ရှိပြီရှင့်။ လေးတန်းအောင်ပြီးတော့ ကျောင်းသားမိဘတွေက သိပ်ကျောင်းမထားချင်တော့ဘူးရှင့်။ အလုပ်လုပ်နိုင်းကြတယ်ရှင့်၊ ဒါကြောင့် သူတို့ကို ကျောင်းဆက်ထားဖို့ ပြောရတယ်ရှင့်။ ဒါပေမဲ့ သိပ်တော့ မအောင်မြင်ဘူးရှင့်။ ကျောင်းက အလယ်တန်းမှာ ဆက်ထားချင်ရင် မြတောင်မှာ လာတက်ရတာကိုး။ ဒီကနေ အထက်တန်းကို ထားချင်ရင် ထီးချိုင့်အထိ သွားထားရတော့ မိဘတွေက အလုပ်လုပ်နိုင်းကြတယ်ရှင့်၊ အများအားဖြင့်တော့ မိဘလက်ငုတ်ဖြစ်တဲ့ ကြံတောင်သူလုပ်ကြတာပဲ များတယ်ရှင့်။ ကက္ကူ



www.burmeseclassic.com

www.burmeseclassic.com



ကရော တုန်ငယ်ကရော အထက်တန်းကျောင်းကို လာထားရင် ထီးချိုင့်မှာ လာထားရတာဆိုတော့ အများအားဖြင့်တော့ အထက်တန်းကျောင်းကို မတက်ကြတာပဲ များတယ်ရှင့်။ ထီးချိုင့်ကို လာထားရတာဆိုတော့ အရမ်းဝေးနေတယ်ရှင့်။ ဒီတော့ စရိတ်လည်း ကုန်တယ်ရှင့်။ မိဘအလုပ်ကိုလည်း သိပ်အကူအညီမရတော့ အထက်တန်းကို မထားကြတာပဲ များတယ်ရှင့်။ အများအားဖြင့်တော့ ကျွန်မတို့ဆီမှာ ကြံတောင်သူတွေနဲ့ သစ်ခုတ်တဲ့သူတွေ များတယ်ရှင့်။

ဟုတ်ကဲ့။ ထမင်းစားတော့ ကျွန်မက ထမင်းဘူးယူသွားတယ်ရှင့်"

(နောက်တစ်ယောက်မှာ ခင်သန်းဋ္ဌေး ဖြစ်သည်။ သူသည် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ်တွင်တက်ရင်း ကျောင်းဆရာမ လုပ်နေခြင်းဖြစ်သည်)

"ကျွန်မက အရင်တုန်းက ညောင်ပင်သာမှာ လုပ်တယ်ရှင့်။ ခု ထန်းကုန်းရွာမှာ ကျောင်းဆရာမ လုပ်တယ်ရှင့်။ ထန်းကုန်းဆိုတာ ထီးချိုင့်နဲ့ အင်းတော်မော်တော်ကားလမ်းကနေပြီး အတွင်းဘက်ကို ဝင်ရတယ်ရှင့်။ အဲဒီနားမှာ ဆားတွင်းဆိုတဲ့ရွာ ရှိတယ်ရှင့်။ ဆားတွင်းကမှ အထဲကို ဆယ့်ငါးမိနစ်မိနစ်နှစ်ဆယ်လောက် သွားရတယ်ရှင့်။ ဟုတ်တယ်ရှင့်။ ကျွန်မကလည်း မြတောင်ဇာတိရှင့်။ မိဘတွေကလည်း ကြံတောင်သူပဲ လုပ်ကြတယ်ရှင့်။ ကျွန်မ ကျောင်းဆရာမလုပ်တော့ ဆယ်တန်းမအောင်သေးဘူးရှင့်။ မြတောင်ကနေ ထန်းကုန်းကို နေ့တိုင်းကျောင်းသွားတက်လို့ မရဘူးရှင့်။ ဝေးတော့ ထန်းကုန်းမှာပဲ နေရတယ်ရှင့်။ ထမင်းကတော့ ရွာကပဲ ကျွေးတယ်ရှင့်။ ရွာမှာစားတော့ လခတော့ မပေးရဘူးရှင့်။ အလှည့်ကျကျွေးတယ်ရှင့်။ ရွာက ကျွေးတယ်ဆိုပေမယ့် ရွာက တတ်နိုင်တဲ့အိမ်၊ ဒါမှမဟုတ် စေတနာတအား ထက်သန်တဲ့ အိမ်တစ်အိမ်ကပဲ ဒိုင်ခံကျွေးတယ်ရှင့်။ နောက်တစ်နှစ်ကျတော့ တခြားအိမ်ကခေါ်ပြီး ကျွေးချင်လည်း ကျွေးတယ်ရှင့်။ ဒါပေမဲ့ အများအားဖြင့်တော့ ပထမစားနေကျအိမ်မှာပဲ စားတယ်ရှင့်။ သူတို့နဲ့အတူ အိမ်သားလိုဖြစ်သွားတယ်ရှင့်။ သူတို့က တောင်သူတွေရှင့်။ မနက်လင်းတာနဲ့ ကြံခင်းတို့ ခိုက်ခင်းတို့အထဲမှာ သွားအလုပ်လုပ်ကြရတော့ ကျွန်မတို့ပဲ ချက်ပြုတ်ရ





တယ်ရှင့်။ ကျွန်မတို့ တွေ့ရတဲ့ အခက်အခဲကတော့ သွားရေးလာရေးရှင့်။ အဲဒီတုန်းက ကားလမ်းလည်း မပေါက်သေးဘူးရှင့်။ ခု ကားလမ်းပေါက်တော့လည်း သိပ်အသွားအလာ မမှန်ဘူးရှင့်။ ဒီတော့ စနေတို့၊ တနင်္ဂနွေတို့မှာ အိမ်ကို အမြဲမပြန်နိုင်ဘူးရှင့်။ တစ်လမှ တစ်ခေါက်၊ နှစ်လမှ တစ်ခေါက်ဆိုသလို အိမ်ကို ပြန်နိုင်တယ်ရှင့်။ ဟုတ်ကဲ့။ ကျွန်မမှာ အိမ်ထောင်မရှိဘူးရှင့်။ ကျွန်မ ကျောင်းဆရာမ သွားလုပ်တဲ့အချိန်မှာ အသက်နှစ်ဆယ်ရှိပြီရှင့်။ ကျွန်မတို့ကျောင်းက ရွာသုံးရွာကြားမှာ ရှိတယ်ရှင့်။ သုံးရွာမှ တစ်ကျောင်းဆိုပါတော့။ ဒီတော့ ရွာသုံးရွာစလုံးက သူတို့ဆရာမလို့ပဲ သဘောထားတယ်ရှင့်။ ရွာက လူကြီးတွေကလည်း ဆရာမတွေကို နောက်ပြောင်ခြင်း မပြုရဘူးဆိုပြီး စည်းကမ်းထုတ်ထားတော့ အဆင်ပြေတယ်ရှင့်။ ဘေးအန္တရာယ်တို့ ဘာတို့ကို စိုးရိမ်စရာ မရှိဘူးရှင့်။ လူကြီးတွေက စောင့်ရှောက်ကြတယ်ရှင့်။ ကျွန်မတို့က သုံးရွာပေါင်းဆိုတော့ ကျောင်းသားများတယ်ရှင့်။ ကျောင်းသားသုံးရာကျော်လောက် ရှိတယ်ရှင့်။ ဆရာမကြီးရယ်၊ ကျွန်မတို့ ဆရာမနှစ်ယောက်ရယ်၊ အထွေထွေလုပ်သားတစ်ယောက်ရယ် ပေါင်း လေးယောက်ရှင့်။ အထွေထွေလုပ်သားက စာလည်းသင်ပေးတော့ သူ့ကိုလည်း ဆရာလို့ပဲ ထည့်တွက်လိုက်တယ်ရှင့်။ ဒါပေမဲ့ ကျောင်းသားကများတော့ ကျွန်မတို့ချည်း မသင်နိုင်ဘူးရှင့်။ ရွာက ပိုက်ဆံကောက်ပြီး နောက်ထပ် ဆရာမတစ်ယောက်ကို ငှားထားရတယ်ရှင့်။ အထွေထွေလုပ်သားဆိုတော့ သန့်ရှင်းရေးသမားကို ပြောတာရှင့်။ ဒါပေမဲ့ ဒီမှာတော့ အထွေထွေလုပ်သားလို့ ခေါ်တယ်ရှင့်။ ကျောင်းသားများလာလို့ မနိုင်ရင် သူတို့လည်း ဝင်ပြီးသင်ပေးတယ်ရှင့်။ ကျွန်မ စာသင်ရတဲ့ ရွာသုံးရွာက ထန်းကုန်းရယ်၊ ကမ္ဘရယ်၊ ပြင်းစုရယ်ရှင့်။ အဲဒီမှာ ပြင်းစုရွာကတော့ ပညာရေးကို တော်တော်လေး အားပေးတယ်လို့ ဆိုနိုင်တယ်ရှင့်။ ပြင်းစုရွာမူလတန်းအောင်ပြီး ထီးချိုင့်ကို အလယ်တန်း၊ အထက်တန်းသွားတက်တဲ့ ကျောင်းသားတွေ တော်တော်ကလေးများတယ်ရှင့်"

(နောက်တစ်ယောက်မှာ မမြနှင်းဖြစ်သည်။ သူလည်း မြတောင်ဇာတိဖြစ်ပြီး မိဘများက ကြံတောင်သူများ ဖြစ်ကြသည်)



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဆယ်တန်းအောင်ပြီးမှ ဆရာမဖြစ်တာရှင့်။ ဆရာမဖြစ်တာ မကြာသေးဘူးရှင့်။ ကျွန်မ ကျောင်းဆရာမလုပ်တဲ့ရွာက လပိုင်တင်ရွာရှင့်။ ဟုတ်ကဲ့။ လပိုင်တင်ရွာဆိုတာ မဲဇာချောင်းပေါ်မှာရှိယ်ရှင့်။ စောစောပြောတဲ့ တုန်ငယ်ရွာရဲ့ အတွင်းဘက်မှာရှင့်။ တုန်ငယ်က ရောဝတီနဲ့ မဲဇာဆုံတဲ့အဝမှာ ရှိတယ်ရှင့်။ လပိုင်တင်ကတော့ မြစ်ဝကနေပြီး ကျောင်းသွားတက်လို့ မရဘူးရှင့်။ အဲဒီမှာ သွားနေရတယ်ရှင့်။ ထမင်းစားတော့လည်း စောစောက ထန်းကုန်းတို့ ဘယ်တို့ တုန်ငယ်တို့မှာလို ရွာကပဲ ကျွေးတယ်ရှင့်။ ရွာက ကျွေးတယ်ဆိုတာ တစ်အိမ်တည်းက ဒိုင်ခံပြီး ကျွေးတယ်ရှင့်။ လပိုင်တင်မှာ ကျောင်းသားအားလုံး ကိုးဆယ်လောက်ရှိတယ်ရှင့်။ လေးတန်းကျောင်းသားကတော့ များများမရှိဘူးရှင့်။ ခြောက်ယောက်လောက်ပဲ ရှိတယ်ရှင့်။ အများအားဖြင့် မဲဇာတစ်ရိုးမှာ သစ်ခုတ်ဝါးခုတ်ကြတယ်ရှင့်။ ကျွန်မက ကျောင်းပိတ်ခါနီးမှ လပိုင်တင်ကို ရောက်တာဆိုတော့ မြတောင်ကို ပြန်ချိန် မရတော့ဘူးရှင့်။ ကျောင်းပိတ်မှ တစ်ခါတည်း အိမ်ကို ပြန်လာခဲ့တယ်ရှင့်။ ခု ကျွန်မက အဝေးသင် တက်နေတယ်ရှင့်။ မြန်မာစာ အဓိက ယူထားပါတယ်"

(နောက်တစ်ယောက်မှာ နီလာစံဖြစ်သည်။ သူလည်း မြတောင်သူပင်ဖြစ်သည်)

"ကျွန်မနာမည် နီလာစံရှင့်။ ဆရာမ မဟုတ်သေးဘူးရှင့်။ ၉၂ ခုနှစ်ကမှ ဆယ်တန်းအောင်တာရှင့်။ ဇာတိကတော့ မြတောင်ရှင့်။ မိဘတွေကတော့ တောင်သူတွေ မဟုတ်ဘူးရှင့်။ မြတောင်မှာ ဆိုင်ဖွင့်ထားတယ်ရှင့်။ ဆိုင်ဆိုတာ လက်ဖက်ရည်ဆိုင်ရှင့်။ ဟုတ်ကဲ့။ မိဘတွေကို ကူလုပ်ပြီး လက်ဖက်ရည်ဆိုင်ကောင်တာမှာ ထိုင်ရတယ်ရှင့်။ ၉၂ ခုနှစ်ကအောင်တော့ ကျောင်းမတက်ရသေးဘူးရှင့်။ အဝေးသင်လျှောက်ထားတယ်ရှင့်။ မြန်မာစာလျှောက်ထားတယ်ရှင့်။ ကျွန်မက ဆရာမလုပ်ဖို့ မရည်ရွယ်ဘူးရှင့်။ သူက သူငယ်ချင်းဆိုတော့ ဒီအတိုင်းပဲ လိုက်နေတာပါ။ မွေးချင်း ငါးယောက်အနက် ကျွန်မက သုံးရှင့်။ အို မဟုတ်ဘူးရှင့်။ လေးရှင့်။ ကျွန်မမောင်လေးတစ်ယောက်က ဆယ်တန်းဖြေထားတယ်ရှင့်။ အကြီးတွေက ရန်ကုန် ကုမ္ပဏီမှာ အလုပ်လုပ်နေတယ်ရှင့်။ တစ်ယောက် ဝိုင်အိုင်တီမှာ ဖိုင်နယ်ရှင့်၊ အဝေးသင်တက်ရတာကတော့ အိမ်မှာ ဘယ်သူမှ မရှိလို့ရှင့်။ အကြီးတွေက အိမ်မှာ မရှိကြဘူးရှင့်။ မောင်လေးကလည်း ဆယ်တန်းဖြေထားတာဆိုတော့ အိမ်မှာ မေမေတစ်ယောက်တည်းမို့လို့ ကျွန်မက ဆိုင်မှာလုပ်တယ်ရှင့်"





မဲဇာချောင်းတစ်ရိုးမှ ဆရာမလေးများ၏ ရုပ်ပုံလွှာဖြစ်ပါသည်။

(ကလျာမဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၄)

* * *

www.burmeseclassic.com

www.burmeseclassic.com

# နန့်မွှန်း

# နန့်မွှန်း

ဟိုပင်ကိုရောက်မယ့်ရောက်တော့လည်း အကြိမ်ကြိမ်ရောက်နေရသည်၊ အင်းတော်ကြီးကိုအသွား ဟိုပင်ကို နောက်တစ်ကြိမ် ဖြတ်ရပြန်သည်။

မနေ့ကပင် ဟိုပင်မှာ ဟောပြောပွဲ လုပ်ခဲ့သေးသည်။ မနေ့ကလို့လည်း ပြော၍ရသည်။ မနေ့ညကလို့လည်း ပြော၍ရသည်။ ကျွန်တော်တို့ ဟောပြောပွဲကို ညနေ ၃ နာရီလောက်မှာ စသည်။ ညနေ ၆ နာရီထိုးတော့ မြောက်ဘက်တောင်ကုန်းဒေသပေါ်က ကောင်းကင်သည် ပြာမှောင်စ ပြုလာသည်။ လျှပ်စစ်မီးတွေ လင်းလင်းလက်လာကြပြီ။

သို့ရာတွင် နောက်ဆုံးပိတ် ဟောရသည့် အောင်သင်းက နိဒါန်းပျိုး၍ ပြီးခါစ ရှိသေး။ လင်းလက်နေသော လျှပ်စစ်မီးပွင့်များသည် ငြိမ်သွားကာ နှံ့မဆောင်တစ်ခုလုံး မှောင်သွားသည်။ လျှပ်စစ်ဓာတ်ကိုစောင့်သည့် နယ်ချင်း၏ နေရာအနှံ့တွေ့ရသော ဒေါသအမျက်ကြောင့် မီးပြတ်သွားဟန်တူသည်။ လျှပ်စစ်မီးက တော်တော်နှင့် ပြန်မလာ။ ထမင်းစားချိန်ရောက် သဖြင့် ထပြန်သူတို့ ပြန်ကုန်ကြပြီ။ ကျွန်တော်တို့မှာလည်း စခန်းချသည့်


www.burmeseclassic.com

www.burmeseclassic.com



မိုးညှင်းသို့ ပြန်ရဦးမည်။ စီစဉ်သူတို့လည်း မျက်နှာပန်းမလှ။ ကျွန်တော်တို့လည်း မျက်နှာမကောင်း။

စောစောက ခန်းလုံးပြည့်နေသော ပရိသတ်တွေ မရှိတော့။ ခန်းမထဲတွင် လူသုံးလေးဆယ်လောက်သာ ကျန်တော့သည်။

သည်တစ်ကြိမ်တွင်လည်း ဟိုပင်ပွဲပျက်ရတော့မည်ထင်သည်။ လွန်ခဲ့သည့် ဆယ့်ငါးနှစ်တုန်းကလည်း ဟိုပင်သို့ ဟောပြောပွဲ တစ်ကြိမ်လာခဲ့ဖူးသည်။ ဟိုပင် စာဆိုတော် ကော်မတီသည် အစစအရာရာ စီစဉ်ပြီးမှ ကျွန်တော်တို့ကို ဖိတ်ခြင်းဖြစ်သည်။ သို့ရာတွင် ဟိုပင်ရထားဆိုက်၍ ဆင်းမည်လုပ်သည့်အခါတွင် စာဆိုတော်ကော်မတီဝင်တွေ ရထားပေါ် တက်လာကြသည်။ သူတို့မျက်နှာမှာ ညိုမှောင်အုံ့မှိုင်းနေသည်။ ထိုစဉ်က ဗျူရိုကရေစီယန္တယားကိုစောင့်သည့် နတ်မင်းသည် စိတ်ပြောင်းသွားကာ အဖွဲ့ဝင်လေးဦးအနက် တစ်ဦးဖြစ်သော ကျွန်တော့်ဟောပြောခွင့်ကို ပြန်၍ရုပ်သိမ်းလိုက်သည်။ ဤတွင် ဟိုပင်ကော်မတီကလည်း စိတ်မကောင်းစွာဖြင့် ပွဲစဉ်တစ်ခုလုံးကို ဖျက်ပစ်လိုက်သည်။

ထိုတစ်ခေါက်က ဟိုပင်တွင် ကျွန်တော် ဟောပြောပွဲ မဖြစ်ခဲ့ရ။

ယခု ဆယ့်ငါးနှစ်အကြာ ဟိုပင်တွင် ကျွန်တော်ဟောပြောဖို့ ကြုံခဲ့သော်လည်း အဆင်မပြေချေ။ သည်တစ်ကြိမ်တွင်လည်း ဟောပြောပွဲ ပျက်ရဦးတော့မည်ထင်သည်။

အောင်သင်းက စင်မြင့်ပေါ်မှ ဆင်းလာသည်။ စာသင်ချိန်လည်း ကုန်၊ သင်ခန်းစာလည်း မပြီး။ ကျောင်းသားလည်း ထမင်းဆာနေချိန်တွင် ခေါ်မရ ဖြစ်နေသည့် ကျောင်းဆရာတစ်ယောက်လို အလည်ခေါင်မင်းလမ်းတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဆက်ဟောသင့် မဟောသင့် ဆန္ဒခံယူပွဲလုပ်သည်။ မှောင်ရိပ်ရိုးတဝါးထဲမှ ဆက်ဟောပါဆိုသည့်အသံတွေ ထွက်လာသည်။

အောင်သင်းက ဆက်ဟောရန် စင်မြင့်ပေါ်သို့ တက်လာသည်။ ထိုစဉ် နတ်မင်းစိတ်ဆိုးပြေသွားသည်ထင့်။ အသံချဲ့စက်ရှေ့တွင် သူရပ်စဉ် မီးရောင် ပြန်သင်းလာသည်။





သူပြန်စပြီး မကြာခင်မှာပင် ပရိသတ်တွေ ပြန်ရောက်လာကြကာ ခန်းမကြီးတစ်ခုလုံး ပြန်ပြည့်သွားသည်။ ဟိုပင်၏ စာပေဝါသနာကိုကြည့်၍ ကျွန်တော်တို့ ဝမ်းသာအံ့ဩရသည်။

ထိုအခါမှပင် စီစဉ်သူတို့ မျက်နှာပေါ်တွင် အပြုံးရိပ်သန်းနိုင်တော့သည်။

ညနေ ၃ နာရီကစသည့် ကျွန်တော်တို့ ဟောပြောပွဲသည် ည ၈ နာရီထိုးမှပင် အပြီးသတ်တော့သည်။

မနေ့က ဟောပြောပွဲလုပ်ခဲ့သည့် ဟိုပင်ကို ယနေ့တစ်ကြိမ် ကျွန်တော်တို့ ဖြတ်ခဲ့ကြသည်။ ဟိုပင်မှ အင်းတော်ကြီးသို့သွားသောလမ်းက လမ်းကြမ်းကြီးဖြစ်သည်။ ကျွန်တော်တို့ကားသည် တောင်တန်းကြီးတွေဆီသို့ ဦးတည်မောင်းလာခဲ့ရာ ခဏကြာလျှင် တောင်ရိပ်နှင့် နီးလာသည်။ တောင်တွေက သိပ်မမြင့်လှသော်လည်း တောင်ရိုးကြီးက မျှော်မဆုံးနိုင်။

မော်တော်ကားလမ်းသည် ကွေ့ကောက်၍ တောင်ပေါ်သို့ တက်လာသည်။ တစ်ဖက်တွင် တောင်က ကမ်းပါးယံ၊ တစ်ဖက်တွင် ချောက်ကမ်းပါးကြီး။ လမ်းက ကျဉ်းကျဉ်းကလေး။ ရှမ်းပြည်နယ်က လမ်းတွေနှင့် မတူ။ ရှမ်းပြည်နယ်က လမ်းများမှာ စနစ်တကျ ထိန်းသိမ်းထားပြီး ချောနေသော လမ်းများဖြစ်သည်။ အသွားအလာ ထူထပ်သည့် လမ်းဖြစ်သဖြင့် တောရိုင်းထဲကလမ်းတွေနှင့် မတူ။ ယခု သည်လမ်းကတော့ တောရိုင်းမြေထဲက လမ်း။

"အသွားအလာ သိပ်မရှိဘူး ထင်တယ်"

ကျွန်တော်က ဒရိုင်ဘာကို မေးသည်။

"ဟိုတုန်းကတော့ အင်းတော်ကြီး၊ ရွှေမြို့ ဘုရားပွဲတော်ချိန်ကျမှပဲ ဒီလမ်းမှာ အသွားအလာများတယ်။ ခုတော့ အသွားအလာ တော်တော်များနေပါပြီ။ ဖားကန့်တို့၊ ကာမိုင်းတို့ကို သွားချင်ရင် ဒီလမ်းကလည်း သွားကြတယ်လေ။ မိုးကောင်းလမ်းက အသွားအလာ သိပ်များလွန်းတော့ တချို့လည်း ဒီဘက်ကို သုံးလာကြတယ်။ ခု တောင်ပေါ်ကဆင်းလာတဲ့ မော်တော်ကားတွေက ဖားကန့်က ဆင်းလာတဲ့လူတွေကို တင်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကားတွေ”

တောင်ပေါ်မှ ဆင်းလာသည့် ကားများမှာ ဟိုင်းလတ်စ် ကားတွေချည်း ဖြစ်သည်။ ထုံးစံအတိုင်း ကားထဲမှာရော၊ အမိုးပေါ်မှာရော၊ စက်ခေါင်းပေါ်မှာရော လူတွေ၊ အထုပ်အပိုးတွေ တင်ထားသည်။ အောင်မြင်စွာ ဆုတ်ခွာလာသူများလည်း ပါသည်။ အရေးနိမ့်ပြီး ဆုတ်ခွာခဲ့ရသူများလည်း ပါသည်။ အောင်မြင်စွာ ဆုတ်ခွာလာသူများတွင် အနာဂတ်တစ်ခု ပါလာမည်။ ထီလက်မှတ်တစ်စောင်လို ဘာမျှရေရာခြင်း မရှိသေးသော ကျောက်ခဲတစ်လုံး ပါချင် ပါလာမည်။ အရေးနိမ့်စွာ ဆုတ်ခွာခဲ့ရသူများတွင်မူ ဘဝပျက်မှုတစ်ခု ပါလာမည်။ ငှက်ဖျားပိုး ပါလာမည်။ လွှင့်စင်ပြိုကွဲသွားသော အတိတ်တစ်ခု ပါချင်ပါလာမည်။

ကားပေါ်တွင် ပါသူတွေက လူငယ်လူရွယ်တွေ။ အများအားဖြင့် နှစ်ဆယ်နှင့် လေးဆယ်ကြားလောက်သာ ရှိကြမည် ထင်သည်။ ယောက်ျားကလေးတွေချည်း ပါသည်။ မိန်းကလေးတွေလည်း ပါသည်။ အသွားတုန်းက သူတို့သည် သည်တောင်ရိုးကိုကျော်ပြီး အင်းတော်ကြီးသို့ ရောက်သွားကြသည်။ အင်းတော်ကြီးကို ပဲ့ထောင်ဖြင့်ဖြတ်ပြီး တစ်ဖက်ကမ်းကို ကူးကြသည်၊ တစ်ဖက်ကမ်းမှ တောင်တွေကိုကျော်ပြီး အစိမ်းရောင်အိပ်မက်တိုင်းပြည်သို့ ခြေကျင်သွားခဲ့ကြသည်။ ပစ္စည်းရောင်းသူက ဆင်များဖြင့် သယ်ကြရသည်။

“ဒီအချိန်က မော်ထဲကို အသွားအလာ အများဆုံး ဆရာရဲ့။ ဆောင်းလောက်လည်း မအေးတော့ဘူး။ မိုးတွင်းလိုလည်း အသွားရ အလာရ မခက်ဘူး။ ဒါကြောင့် ဒီလောက်များနေတာ”

လမ်းဘေးတွင် ကျောက်ပုံကြီးများ အလုပ်သမားတို့၏ တဲကလေးများကို တွေ့ရသည်။ တောင်ကို ဘိုင်စကယ်စီး၍ တက်နေကြသူများကိုလည်း တွေ့ရသဖြင့် ကျွန်တော် အံ့သြရသေးသည်။ အတက်တွင် ဘိုင်စကယ်က ကိုယ့်ကိုစီးပြီး အဆင်းတွင် ကိုယ်က ဘိုင်စကယ်ကို စီးရသည့်ခရီး ဖြစ်သည်။ ဘိုင်စကယ် ကယ်ရီယာပေါ်တွင် ပစ္စည်းတင်ထားသည်ကို တွေ့ရသည်။

မှိုင်းညို့တိတ်ဆိတ်၍ ကွေ့ကောက်သော တောင်ပေါ်လမ်းအတိုင်း





နှစ်နာရီကျော်လောက် မောင်းပြီးနောက် ကျွန်တော်တို့ကားသည် တောင်အောက်သို့ တဖြည်းဖြည်း ဆင်းလာသည်။ အကွေ့အကောက်တွေ များလွန်းသဖြင့် ခေါင်းထဲတွင် မူးနောက်ရီဝေနေသည်။ တောနှင့်တောင် ကမ်းပါးယံမှ ပဲ့တင်ပြန်လာသော ကိုယ့်မော်တော်ကားစက်သံကြောင့် နားတွေ အူနေသည်။

တောင်ကြောဆုံးသွား၍ တောင်အောက်သို့ ရောက်သွားသည့်အခါတွင် ကျွန်တော် ရွာကြီးတစ်ရွာကို ရုတ်တရက် တွေ့လိုက်ရသည်။ တောတွေ တောင်တွေကြားမှာ လှပသော ကျောက်ရိုင်းကြီးတစ်လုံးကို တွေ့လိုက်ရသည်နှင့် တူသည်။ ရွာထိပ်တွင် ထည်ဝါခံ့ညားသည့် ဘုရားရှိခိုးကျောင်းနှင့် လက်ဝါးကပ်တိုင်တစ်တိုင် ရှိသည်။ ဘုရားရှိခိုးကျောင်းက အုတ်တိုက်နီနီ။ ပြတင်းပေါက်များက သဘော်ဆေးဖြူ သုတ်ထားသဖြင့် လှပနေသည်။ စိမ်းမြနေသော ကျွန်းပင်ကြီးတွေ၊ ကညင်ပင်ကြီးတွေကြားက နီရဲလှပသော ဘုရားရှိခိုးကျောင်းကို မြင်ရသည်မှာ (ပေါ်ဆင်၏) လွမ်းစရာရှုခင်း ပန်းချီကားတစ်ချပ်လို ဆွေးစရာကောင်းနေသည်။ ကချင်နှစ်ခြင်း ဘုရားရှိခိုးကျောင်းဖြစ်ပြီး ကချင်အမျိုးသား နှစ်ခြင်းဘာသာဝင်တို့၏ ကွန်ဝင်းငွင်းများ ကျင်းပလေ့ရှိသည်ဟု သိရသည်။

ထိုဘုရားရှိခိုးကျောင်းကိုလွန်လျှင် နန့်မွန်းရွာသို့ ရောက်လေသည်၊

နန့်မွန်းမှာ ရွာကြီးတစ်ရွာဖြစ်သည်။ အုန်းပင်တွေ၊ သစ်ပင်တွေနှင့် စိမ်းစိုနေသည်။ နန့်မွန်းတွင် ဟောပြောပွဲလုပ်ရန် အစီအစဉ်မရှိ။ ကျွန်တော်တို့တစ်တွေ အင်းတော်ကြီး ရွှေမြင့်ဘုရားသို့ အသွားတွင် ခဏနားလောက်မျှသာ ဖြစ်သည်။ နန့်မွန်းအလယ်တန်းကျောင်းမှ ဆရာများနှင့် ဆရာမများက ကျွန်တော်တို့ကို ကြိုနေသည်။ သူတို့က ကျွန်တော်တို့ကို မနက်စာ ကျွေးသည် ဖြစ်သည်။ ကျွန်တော်တို့ရောက်မည့်ရက် မသေချာသဖြင့် နန့်မွန်းက ထမင်းဆိုင်တစ်ဆိုင်မှာ ကျွန်တော်တို့ကို ကျွေးသည်။ သို့ရာတွင် ထမင်းဆိုင်မှာ ထမင်းဆိုင်ရှင်ကို မတွေ့ရ။ ဆရာမတွေကပင် ကျွန်တော်တို့ကို တည်ခင်းကျွေးမွေးကြသည်။

နန့်မွန်းတွင် စာပေဟောပြောပွဲတစ်ခါမျှ မလုပ်ဖူးသေးသဖြင့် သူတို့



www.burmeseclassic.com

www.burmeseclassic.com



ရွာတွင် ဟောပြောပွဲ လုပ်စေချင်ကြသည်။ စေတနာသာ ရှိသော်လည်း သူတို့တွင် ဘာမျှအဆင်သင့် မဖြစ်သေး။ ထို့ကြောင့် အပြန်တွင် အချိန်ယူပြီး ဟောပြောပွဲတစ်ခု လုပ်ပေးပါ။ ကျွန်တော်တို့ အင်းတော်ကြီးသွားနေစဉ်တွင် သူတို့ စီစဉ်မည်ဟု ဆိုကြသည်။

သူတို့ရွာမှာ ကဗျာဆရာ ကချင်မြေသန်းဆောင်၏ ရွာဖြစ်သဖြင့် စာပေနှင့် အလှမ်းမဝေး။ ကဗျာစာအုပ်ကလေးတွေပင် ထုတ်ဝေးသေးသည်။ ကျွန်တော်တို့ကို ကဗျာစာအုပ် သုံးအုပ် လက်ဆောင်ပေးလိုက်ကြသည်။ ပန်းကျောင်းပွင့်သစ်နှင့် အင်းတော်ကြီးဒေသ ကဗျာများ၊ ပန်းနုအိပ်မက်နှင့် အင်းတော်ကြီးဒေသ ကဗျာများ၊ ကျေးလက်က အလင်းရောင်နှင့် ကျောင်းရိပ်ဝန်းကျင်ကဗျာများ စသည့်စာအုပ်များ ဖြစ်သည်။

ဟိုပင်မြို့မှာ
ငါးရက်ကြာနားနေ၊ ကျောင်းနေဘက်များ
ဟိန်းသာအောင်ရ၊ တွေ့ဆုံကြရင်း
ထမင်းလက်ဆုံ၊ စကားစုံဝိုင်းဖွဲ့
တကယ့်ခရီး၊ ပျော်စရာကြီးပေပ။

ခရီးကြမ်းလျှင်၊ ဟိုပင်မှစ
ငါ့ရပ်ရွာနေ၊ ငါ့မွေးမြေထိ
ခြေလျှင်အားကိုး၊ လမ်းက ဆိုးသနှင့်
မိုးမသောက်မီက၊ ခရီးစရင်း
မိုးလင်းလုမှာ၊ "နုံးချရွာ"ထိ
ငါရောက်ရှိခဲ့။

"ဇောတိကကုန်း"နှင့် "ရွာသစ်ကြီး"မှာ
နေပွင့်လာပြီ။
ရှေ့မှာ "ခုနစ်မိုင်" "ကုန်းတန်း"
မောစမ်းပေ့စေ၊ နေပသို့ပူ





ရင်မဆူပါ၊ "လွင်ဦးရွာ"လွန်
သာယာတဲ့ တောင်ခြေရင်း
ငါ့ဒေသရဲ့ ရင်ငွေ့
ငါ့ကို ပွေ့ပိုက်စပြုပြီ။

တောင်ထိပ်ပေါ်မှာ၊ "ရှခင်းသာစခန်း"
ရှမ်းထမင်းချဉ်၊ ရှမ်းတို့ဟူး
ဆီတို့ဟူးကြက်ကြော်
ခေတ်ပေါ်ဖျော်ရည်ဘူး
မူးချင်သလား၊ မြူးချင်သလား
ခရီးသွားတွေ၊ အပန်းဖြေကြ
ဒေသမြင်ကွင်း၊ အင်းတော်ကြီးနယ်
ကျယ်ပြောပျံ့ပျူး၊ အင်းနဖူးမှာ
ရွာတွေ ရွာတွေ၊ လှမ်းမြင်နေရ
တောင်ခြေကဆင်း၊ တောင်ခြေရင်းမှာ
သားချင်းတို့နေ "အောင်မြေ"ရွာဖြတ်
ငါ့မွေးရပ်ရွာ၊ ရောက်ရှိပါပြီ
ရှမ်းရွာ ရှမ်းလေ၊ ချစ်ကြည်မွေ့စရာ
နန့်မွှန်းရွာသား၊ ငယ်ဖော်များရဲ့
စကားဝဲသံ၊ ရှမ်းသံပန်းသံ
နှုတ်ဆက်သံများ၊ အပြုံးများက
ငါ့အား ချမ်းမြေ့စေတော့၏။

ကချင်မြေသန်းဆောင်၏ "ငါ့ရပ် ငါ့မြေ"ကဗျာ ဖြစ်သည်။ သူ သူ့ချစ် သူ့ရွာကို အပြန်ခရီးကိုဖွဲ့သော်လည်း ကျွန်တော့်အဖို့မူ ထိုကဗျာသည် အင်းတော်ကြီးသွားတောလား ဖြစ်သည်။

နောက် အင်းတော်ကြီးသွားတောလား ကဗျာတစ်ပုဒ်မှာ စောမုံသင်၏ "နှမသက်တူ လာတော်မူ"ဆိုသော ကဗျာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နမယ်အပျိုဖျန်း၊ အင်းရှမ်းတို့ဌာန
ဒေသအင်းတော်ကြီး၊ ရှုမငြီးစရာ
နန့်မွန်းရွာကို၊ လာခဲ့ပါလျှင် … ။

အရှေ့တခို၊ မျှော်ကြည့်လိုမူ
စိမ်းစိုညို့မှိုင်း၊ တောင်တံတိုင်းတည့်။
အနောက်တစ်ခွင်၊ မျှော်ကြည့်လျှင်မူ
တိမ်မျှင်ဖာပါး၊ ကာရံထားသည့်
မြင့်မားသီခေါင်၊ "ဆင်ခေါင်းတောင်"တည့်။
အနောက်မြောက်တစ်နေရာ၊ မျှော်ကြည့်ပါမူ
ငွေဖာသင်ဖြူး၊ အင်နဖူးတည့်။
တောင်ဘက်တစ်ခေါ်၊ မျှော်ကြည့်သော်မူ
"ကကျော်"ဖြတ်လမ်း၊ တောခင်တန်းတည့်။
ရွာအနောက်နား၊ လျှောက်ကာသွားသော်
ဓာတ်တော်မွေတော်၊ သရီတော်တို့
စံပျော်နေနား၊ "ရတနာမာန်အောင်"ဘုရားရှင့်။
အတူငယ်မှ ပျော်ပါး၊ ငါးစုံစား၍
"ဟဲပါး"အနီး၊ စက်လှေစီးပြီး
"နမ့်မီးလောင်""ညောင်ပင်"၊ "မပြင်""ချောင်း၀"
"တုံ၀မ်ခ""နားလတန့်"၊ "လုံး၀န့်""နန့်မေက္ကန့်"
"လောဆွန်"၊ "ပန်းလား"၊ အတူသွားရုံမက
"လုံးတုံး"၊ "ကုန်းမန"၊ အပျိုတွေ တကယ်လှတဲ့
"နမ့်ပတဲ"လည်ရအောင်
နေခြည်အုံ့မှုံ၊ ငါးကြင်းကြွတဲ့
ဆောင်းလရက်မှာ၊ လာခဲ့ပါရှင်။

မြရည်စိုဝင်း၊ ရှုမျှော်ခင်းနှင့်





ငါးကြင်ကိုမခင်၊ အပျိုစင်ရယ်မှာကျော့ရှင်း
အသားဝင်းတဲ့၊ ရွှေအင်းသူကို ကြင်လိုပါလျှင်
နှစ်ကိုယ်ပျော်မြူး၊ ချစ်ရည်လူးရအောင်
အထူးစည်ကား၊ "ရွှေမဍ္ဍု"ဘုရားပွဲကို
လာခဲ့ပါနော်။
အလိုလေးရှင်
စောနုသင်၊ မောင်နှင့်ဆုံသည်
"မမုံကိုင်"ရွာအနီး
"လွိုင်ကျော်"ဘုရားမှာတည့်လေ … ။

ကဗျာဆရာမ စောနုသင်က သူတို့တစ်တွေ ထုတ်ဝေခဲ့သည့် ကဗျာတအုပ်ကလေးများကို လက်ဆောင်ပေးလိုက်သည်။ ထိုမျှဝေးလံသီခေါင်သော နန့်မွန်းတွင် ကဗျာတွေ ဖူးပွင့်နေသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့ ဝမ်းသာရသည်။

ကျွန်တော်တို့ ထမင်းခပ်သုတ်သုတ်စားပြီး အင်းတော်ကြီးသို့ ခရီးဆက်ရန်ပြင်သည်။ ခရီးထွက်ခါနီးတော့ စောနုသင်ဦးစီးသည့် ဆရာမတစ်သိုက်က သစ္စာပန်းစည်းတွေနှင့် အခြားကျွန်တော်တို့ အမျိုးအမည်မသိသော ပန်းစည်းတွေ၊ ဖယောင်းတိုင်ထုပ်များကို ယူလာသည်။

ထိုအခါကျမှပင် ကျွန်တော်တို့ ဘုရားကို ပူဇော်ရန် သတိရကြသည်။ ကျွန်တော်တို့အထဲက တစ်ယောက်က

"ပန်းစည်းတွေ၊ ဖယောင်းတိုင်တွေပေးတော့ ဆရာမတို့ကိုယ်စား ဆုတောင်းပေးရမယ်ပေါ့။ ကဲ ဆို။ ဘာဆုတောင်းပေးရမလဲ။ ဒီထဲမှာ ဆရာမ အပျိုကြီးတွေလည်း ပါမှာပဲ။ ချစ်သူနဲ့ ပေါင်းရပါစေသားလို့ ဆုတောင်းပေးရမှာလား"

စောနုသင်က …

"ဒါတွေက အရေးမကြီးပါဘူး ဆရာရယ်။ ကျွန်မတို့ နန့်မွန်းမှာ အထက်တန်းကျောင်း မြန်မြန်ရပါစေလို့ ဆုတောင်းပေးပါ"

"လူကြီးတွေကတော့ အထက်တန်းကျောင်းရမယ်လို့ ပြောသွားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခုထက်ထိတော့ မရသေးဘူး။ အဲဒါ မြန်မြန်ရအောင် ရွှေမဥ္ဇူဘုရားမှာ ဆုတောင်းပေးကြပါ ဆရာ"

ကျွန်တော်တို့ အပြောင်အပျက် ပြောလိုက်ခြင်းဖြစ်သော်လည်း သူတို့က ကျွန်တော်တို့ မထင်သည့်ဆုကို အတောင်းခိုင်းသဖြင့် ကျွန်တော်တို့ စိတ်ထိခိုက်သွားသည်။

"ဆုတောင်းပေးမယ်၊ ဆုတောင်းပေးမယ်။ စိတ်ချ။ တို့ကလည်း ဒါပဲ တတ်နိုင်တာ မဟုတ်လား"

ကျွန်တော်တို့ကား ထွက်လာသောအခါ သူတို့သည် လက်ပြကျန်ရစ်ခဲ့ကြသည်။ ညနေ အင်းတော်ကြီးမှ ကျွန်တော်တို့အပြန်တွင် ဟောပြောပွဲကျင်းပရန် စီစဉ်ရဦးမည်။ လူတွေကို ဖိတ်ရဦးမည်။ ညှိခံရေးကိစ္စတွေကို စီစဉ်ရဦးမည်။

အင်းတော်ကြီးစပ်က လက်ပံဆိပ်မှာ အစိမ်းရောင် အိပ်မက်တိုင်းပြည်သို့ သွားမည့် ခရီးသည်များ၏ စခန်းထောက်ဖြစ်သည်။

လက်ပံဆိပ်က ကူးတို့တဲကလေးသို့ ရောက်သည့်အခါတွင် ကျွန်တော်တို့ အမောပြေသွားသည်။ နေပူနေသည့်တိုင် အင်းတော်ကြီးရေပြင်ကို ဖြတ်လာသော လေနုညင်းက လက်ချောင်းများဖြင့် ပွတ်သပ်ပေးသည်။ လက်ပံဆိပ်တွင် စားသောက်ဆိုင်ဖွင့်နေသည့် ကိုကျော်ဆွေမှာ ထောင်ထောင်မောင်းမောင်း မျက်လုံးမျက်ခွံကောင်းကောင်း၊ အသားညိုညိုနှင့် ယောက်ျား ပီသသည့် ဥပဓိရုပ်ရှိသူဖြစ်သည်။ သူသည် တစ်ခါတုန်းက မြစ်ကြီးနား လေတပ်တွင် အမှုထမ်းခဲ့ပြီး ယခုတော့ ပင်စင်ယူကာ လက်ပံဆိပ်မှာ ထမင်းဆိုင်ဖွင့်နေသည်။ သူ့သမီးတစ်ယောက်မှာ မန္တလေးတက္ကသိုလ်မှ မဟာ သိပ္ပံဘွဲ့ရပြီး တက္ကသိုလ်တွင် ဆရာမ လုပ်နေသည်။

ကိုကျော်ဆွေက ကျွန်တော့်ကို ထိုင်၍ကန်တော့သဖြင့် ကျွန်တော် အနေရခက်ကာ ကန်တော့ခြင်းမပြုရန် သူ့ကို အတင်းတားရသည်။ သို့ သော်လည်း တွင် မရပါ။

"ဆရာတို့ကို ထမင်းလေးတစ်နပ်လောက်တော့ ကျွေးပါရစေ။ ညနေ စားပြီးမှ ပြန်ကြပါ"ဟု သူက ဖိတ်သည်။





သို့ရာတွင် ကျွန်တော်တို့ မနေနိုင်။ အပြန် နန့်မွန်းတွင် ဟောပြောပွဲ လုပ်ရဦးမည်။ ဟောပြောပွဲပြီးလျှင် ဟိုပင်က ဆရာဝန် စာရေးဆရာမ ဝင်းဝင်းလတ်က လက်ဖက်ရည်ပွဲကလေးတစ်ခုလုပ်ရန် စီစဉ်ထားသေးသည်။ (ဝင်းဝင်းလတ်က ညစာဖိတ်သော်လည်း မိုးညှင်းမှမိတ်ဆွေ ဒေါက်တာစိုးထွန်းက ညစာစားဖိတ်ထားပြီးဖြစ်သဖြင့် ဝင်းဝင်းလတ်က လက်ဖက်ရည်ပွဲကလေး စီစဉ်ရခြင်း ဖြစ်သည်။) ဟိုပင်မှ ဝင်းဝင်းလတ်၏ လက်ဖက်ရည်ပွဲပြီးလျှင် မိုးညှင်းကို ညစာစားချိန်အမီ ပြန်ရဦးမည်။ ထို့ကြောင့် ကျွန်တော်တို့ကို ခွင့်လွှတ်ရန် ကိုကျော်ဆွေကို တောင်းပန်ရသည်။

ကျွန်တော်သည် ကူးတို့တဲကလေးမှနေ၍ တောင်တန်းပြာပြာတွေ ဝန်းရံနေသော လက်ပံဆိပ်မှာ ခဏနားပြီး စက်လှေကလေးဖြင့် အင်းတော်ကြီးအလယ်ရှိ ရွှေမဥ္ဇူဘုရားသို့ လာခဲ့ကြသည်။ ဘုရားရင်ပြင်တော်ပေါ်မှာ ကျွန်တော်တို့တစ်တွေနှင့် လုပ်အားပေးလာရင်း ဝင်ဖူးကြသည့် ဘုရားဖူးများသာ ရှိသည်။

ကျွန်တော်တို့သည် နန့်မွန်းမှ ဆရာမလေးတွေ ပေးလိုက်သော ပန်းစည်းများကို ဘုရားမှာကပ်သည်။ သူတို့ပေးလိုက်သော ဖယောင်းတိုင်များဖြင့် မီးပူဇော်သည်။ သူတို့တောင်းစေလိုသောဆုကို စိတ်ပါလက်ပါ ညွှတ်နူးစွာ တောင်းပေးသည်။

အပြန် နန့်မွန်းက အလယ်တန်းကျောင်းထဲတွင် ဟောပြောပွဲ ကျင်းပသည်။ ပထမဆုံးကျင်းပသည့် ဟောပြောပွဲဖြစ်သည့်တိုင် ပရိသတ် အများအပြား တက်ကြသဖြင့် ကျွန်တော်တို့ အံ့သြရသေးသည်။ နန့်မွန်းတွင် ကျွန်တော်တို့ ကြာကြာဟောပြောပွဲလုပ်ချိန် မရပါ။ နန့်မွန်းကို ပြန်ရောက်တော့ ညနေ ၄ နာရီခွဲနေလေပြီ။ ထိုအခါတွင် ကျွန်တော်နှင့် ဇော်မြင့်ဘငါးမိနစ်၊ ဆယ်မိနစ်စီလောက်ပဲပြောပြီး အောင်သင်းကို အချိန်များများ ပေးလိုက်ကြသည်။

ကျွန်တော်က ...

"ခု ကျွန်တော်တို့နှစ်ယောက် တစ်ယောက် ငါးမိနစ်သာသာလောက်ပဲ ပြောသွားကြပါတယ်။ နန့်မွန်းဟာ သေငယ်တဲ့ ရွာကလေးမို့လို့ မြစ်ကတတ်



www.burmeseclassic.com

www.burmeseclassic.com



ဆန်း လုပ်သွားတယ်လို့ မထင်ပါနဲ့။ ဒီလိုနေရာမျိုးကို မြို့ကြီးတွေထက်ပိုပြီး ကျွန်တော်တို့ အလေးအနက်ထားပါတယ်။ ကျွန်တော်တို့ နှစ်ယောက် ခပ်တိုတိုပြောရတာကတော့ ကျွန်တော်တို့ရတဲ့အချိန် တစ်နာရီကျော်ကျော် လောက်ကလေးအတွင်းမှာ အချိန်ကို အညီအမျှ ခွဲဝေယူပြီး ဟောနေရင် ဘယ်သူမှ စကားကို လိပ်ပတ်လည်အောင် ပြောချိန်ရမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့က နှုတ်ဆက်ရုံလောက်ပြောပြီး ကျွန်တော်တို့အထဲမှာ စကားပြော အကောင်းဆုံးဖြစ်တဲ့ အောင်သင်းကို များများပြောချိန်ပေးဖို့ ကျွန်တော်တို့ စီစဉ်တာပါ"ဟု ပြောခဲ့သည်။

နန့်မွန်းကထွက်တော့ ညနေ ၅ နာရီကျော်နေပြီ။ နန့်မွန်းတောင်တန်းပေါ်သို့ ကျွန်တော်တို့ မော်တော်ကားတက်လာသည့်အခါတွင် နေလုံးသည် တောင်စွယ်တွေနောက်ကွယ်မှာ လျောကျသွားပြီ။ ဒရိုင်ဘာက သူ့ကားကို ခပ်သုတ်သုတ်မောင်းသည်။ တောင်ပေါ်မှဖြစ်၍ ဖြည်းဖြည်းမောင်းရန် သူ့ကို မကြာခဏ သတိပေးရသည်။ သူစိတ်ဆိုးလျှင်လည်း မတတ်နိုင်ပြီ။

ဟိုပင်ရောက်တော့ တော်တော်မှောင်နေပြီ။ ဝင်းဝင်းလတ် စောင့်နေမည့် ဟိုပင်ဆေးရုံကို ဝင်ကြည့်တော့ ဝင်းဝင်းလတ်ကို မတွေ့ရ။

ဆရာမတစ်ယောက်က ...

"ဆရာမတွေလည်း ညနေ ၅ နာရီလောက်ကတည်းက ဆရာတို့ကို စောင့်နေတာ။ ၇ နာရီလောက်ရောက်တော့ လာတော့မှာ မဟုတ်ဘူးဆိုပြီး မြို့ထဲကို လမ်းလျှောက်ထွက်သွားတယ်။ ဆရာတို့ စောင့်ပါဦးလား။ ကျွန်မ လိုက်ရှာပေးမယ်"

ကျွန်တော်တို့ မစောင့်နိုင်ပါ။ သူ့မှာလည်း နားချိန်၊ အားလပ်ချိန်ရဖို့ ကောင်းသည်။ ချိန်းထားသည့်အချိန်တွင် မရောက်သည့်အတွက် ဝင်းဝင်းလတ်ကို တောင်းပန်ဖို့ပြောပြီး ပြန်မည့်အလုပ်တွင် ဆရာမက "ဒီလိုနေဦး ဆရာ။ သူ ဆရာတို့ကိုပေးဖို့ လက်ဆောင်တွေ ထုပ်ထားတယ်" ဟုဆိုကာ လက်ဆောင်ထုပ်တွေကို ပေးလိုက်သည်။

ဟိုပင်ကထွက်တော့ ည ၈ နာရီလောက် ရှိနေပြီ။ လမ်းတွင် မိုးညှင်းသို့လိုက်မည့် ခရီးသည်တွေက ကျွန်တော်တို့ကားကို တားကြသည်။ သို့ော





တွင် နေရာမရှိတော့ပါ။

ကျွန်တော်တို့ တစ်ခါက ဟိုပင်ကို ရောက်ခွင့်ကြုံခဲ့ဖူးသော်လည်း မရောက်ခဲ့ရ။ သို့ရာတွင် ပထမတစ်ခေါက်တွင်မူ ဟိုပင်ကို တစ်ကြိမ်မက နှစ်ကြိမ်သုံးကြိမ် ရောက်ခဲ့ရသဖြင့် ကျွန်တော် အားရကျေနပ်သွားသည်၊

မှင်ရောင်ညထဲသို့ ကျွန်တော်တို့ မော်တော်ကားထွက်လာသည့်အခါ၌ ကျွန်တော်သည် စစ်မဖြစ်မီက ဖတ်ခဲ့ရသော မဟာဆွေ၏ ဟိုပင်နောက်ခံဝတ္ထုတိုကလေးများကို သတိရနေသည်။ မဟာဆွေသည် ဟိုပင်မှာ ကျောင်းဆရာလုပ်ခဲ့ဖူးသည်။ ဟိုပင်တွင် သူ့ဇနီး ဒေါ်ကြည်ကြည်နှင့် ဖူးစာဆုံခဲ့သည်။ သူ စာရေးဆရာပေါက်စတုန်းက ဟိုပင်နောက်ခံဝတ္ထုတွေကို အများကြီး ရေးခဲ့ဖူးသည်။

မြေပြန့်သို့ရောက်လာသဖြင့် ကားဆရာက ကားကို စက်ရှိန်မြင့်၍ မောင်းသည်။ ဘယ်လောက်ပဲမြန်မြန်မောင်းမောင်း တစ်နာရီကျော်ကျော် လောက်တော့ မောင်းရဦးမည်။

ဝင်းဝင်းလတ်မျှော်သလို မိုးညှင်းမှ ဒေါက်တာစိုးထွန်းသည်လည်း ကျွန်တော်တို့ကို တမျှော်မျှော် ရှိနေတော့မည်။

(ကလျာမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၉၄)

* * *

www.burmeseclassic.com

www.burmeseclassic.com

# မိန်းမပီသသော မိန်းမ

## မိန်းမပီသသော မိန်းမ

သူ့အသက်က သုံးဆယ်တစ်ဝိုက်လောက်သာ ရှိဦးမည်။ အရပ်ထောင်ထောင်မောင်းမောင်း၊ အသားညိုညို၊ ရင်အုပ်ကျယ်ကျယ်နှင့်ဖြစ်ပြီး ယောကျ်ားပီသ၍ ခံ့ညားသည်ဟု ပြောနိုင်သည်။ စကားပြောလျှင် မျက်နှာကိုမကြည့်ဘဲ အဝေးသို့ ငေးကြည့်ရင်း ပြောတတ်သည်။ စကားပြောသံကလည်း တိုးတိုးညင်သာရှိသည်။ သူ့ကိုကြည့်ရသည်မှာ တစ်ခါက တောဆင်ရိုင်းတစ်ကောင်ဖြစ်ခဲ့ပြီး လိမ္မာကျွမ်းကျင်သော ဆင်ဦးစီးကြောင့် ယဉ်ပါးသွားသော ဆင်တစ်ကောင်နှင့်တူသည်။ ကိုယ်လုံးကိုယ်ပေါက် ကြီးထွားကြံ့ခိုင်သလောက် စိတ်နေစိတ်ထားသိမ်မွေ့ပြီး အပြောအဆို ယဉ်ကျေးသည်။

သူသည် မိုးညှင်းမှ အင်းတော်ကြီးသို့သွားသော ကျွန်တော်တို့ စီးသောသည့် ဟိုင်းလတ်စ် မော်တော်ကားကို ကျင်လည်စွာ မောင်းလာရင်း အေးအေးဖြင့် တစ်လျှောက်လုံး စကားပြောလာသည်။ တစ်ခါတစ်ခါတွင် ကျွန်တော် ကြားဖြတ်မေးသည့် အခါတွင်လည်း စဉ်းစား၍ တစ်လုံးချင်း

www.burmeseclassic.com



ရှင်းလင်းပြတ်သားစွာ အဖြေပေးတတ်သည်။

သူ့ဇာတိမှာ မြန်မာပြည်အလယ်ပိုင်း ရန်ကုန်–မန္တလေး မီးရထားလမ်းပေါ်ရှိ မြို့ကြီးတစ်မြို့ဖြစ်သည်။ ကချင်ပြည်နယ်သို့ရောက်သည်မှာ ဆယ်နှစ်နီးပါး ရှိသွားပြီ။ ထိုအတွင်းတွင် ပိုက်ဆံတော်တော်စုမိလိုက်သည်။ တရားဥပဒေပြင်ပ လုပ်ငန်းများမှရသော ဝင်ငွေမဟုတ်ပါ။ မော်တော်ကားမောင်း၍ရသော ဝင်ငွေဖြစ်ပါသည်။

သူ ယခုအခြေအနေသို့ ရောက်လာသည်မှာ သူ့ဇနီးကြောင့်ဟု သူက ဝန်ခံသည်။ သူ့အနေဖြင့်ဆိုလျှင် ယခုလို အခြေအနေမျိုးကို ရောက်စရာအကြောင်းတစ်ချက်မျှ မရှိ။ သူက သူ့မိသားစုတွင် အငယ်ဆုံးဖြစ်သဖြင့် ငယ်ငယ်တုန်းက ပေပေတေတေ နေခဲ့သည်။ အိမ်နှင့် ပြဿနာဖြစ်သည်။ အဖေက အိမ်မှ နှင်ချသည်။ အမေက သားအငယ်ဆုံးဖြစ်၍ သူ့ကို မပြတ်နိုင်။ အဖေမသိအောင် တိတ်တိတ် ထောက်ပံ့သည်။ အစ်မတွေကလည်း သူတို့ရသည့် လခကလေးတွေထဲမှ တတ်နိုင်သမျှ ထောက်ပံ့သည်။ သူတို့ထောက်ပံ့သည့်ငွေသည် တစ်ပတ်စာပင် ပြည့်အောင် မခံ။ တစ်ခါတစ်ရံတွင် တစ်ရက်နှစ်ရက်လောက်နှင့်ပင် ကုန်သွားသည်။ သူငယ်ချင်းတွေနှင့်သွားနေသည်။ သို့ရာတွင် သူ့သူငယ်ချင်းများမှာလည်း သူ့ကို ကြာရှည်ကျွေးမထားနိုင်။ သူတို့ကိုယ်တိုင်ပင် မိဘထောက်ပံ့မှုဖြင့် နေရသူများဖြစ်သဖြင့် လူတစ်ယောက်ကို ကာလကြာရှည်စွာ တင်ကျွေးထားဖို့ဆိုသည်မှာ စိတ်ကူးပင်ထည့်နိုင်သော အရာမျိုးမဟုတ်။

ဤတွင် ရရာအလုပ်ကို သူဝင်လုပ်သည်။ သင်္ကြန်စက်မှာ နေ့စား ဝင်လုပ်သည်။ အလုပ်ရှိသည့်အခါတွင် နေ့တွက်ကလေးရပြီး အလုပ်မရှိသည့်အခါမျိုးတွင်လည်း သည်အတိုင်းပင် နေရသည်။ ထိုနောက် မြင်းလှည်းအငှားမောင်းသည်။ သူနေထိုင်ရာမြို့အနီး ရန်ကုန် – မန္တလေး မော်တော်ကားလမ်းကြီး မြို့ကလေးတွေ၊ ရွာကလေးတွေနှင့် မြင်းလှည်းဆွဲနေသော မြင်းလှည်းတွေရှိသည်။ ထိုမြင်းလှည်းများကို အငှားလိုက်မောင်းခြင်းဖြစ်သည်။ ညအိပ်တော့ သင်္ကြန်စက်က သူငယ်ချင်းတစ်ယောက်၏အခန်းတွင်အိပ်ပြီး မနက်လင်းတော့ မြင်းလှည်း မောင်းသည်။ ညနေ မိုးချုပ်တော့



မှပင် သူ့အခန်းကလေးသို့ ပြန်လာခဲ့သည်။ ယင်းမှာ သူ၏ နေ့စဉ်အလုပ်ဖယောဖြစ်သည်။ သည်တုန်းမှာ တင့်တင့်ခိုင်နှင့် တွေ့ခဲ့ခြင်းဖြစ်သည်။ တင့်တင့်ခိုင်မှာ သူ့ဇနီးဖြစ်သည်။ သူ့ထက် လေးနှစ်ကြီးသည်ဟု ပြောပြသည်။ တင့်တင့်ခိုင်ကို လူကိုယ်တိုင် ကျွန်တော် မမြင်ခဲ့ပါ။ သို့ရာတွင် မောင်ဇော်ဝင်း ထုတ်ပြသည့် ဓာတ်ပုံထဲမှာတော့ တင့်တင့်ခိုင်သည်လည်း တော်တော်ချော သည့် မိန်းကလေးတစ်ယောက်ဟု ဆိုနိုင်ပါသည်။ ကျွန်တော်က သူ့ဇနီး ပုံပန်းသဏ္ဌာန်ကို မေးသဖြင့် မောင်ဇော်ဝင်းက သူ့အိတ် ပိုက်ဆံအိတ်အတွင်းဘက်တွင် ညှပ်ထားသည့် သူ့ဇနီးနှင့်ကလေး သမီးငယ်နှစ်ယောက်၏ ဓာတ်ပုံကိုပါ ထုတ်ပြခြင်းဖြစ်သည်။ တင့်တင့်ခိုင်သည် ဆံပင်ကို နောက်တွဲထုံးထားပြီး အင်္ကျီလက်ရှည်၊ ယောထဘီနှင့် ဖိနပ်အဖြူလေးကို စီးထားပြီး သမီးနှစ်ယောက်ကို လက်တွဲ၍ ရပ်နေသည်။ သမီးနှစ်ယောက်ကတော့ ဂါဝန်လေးတွေနှင့် ဖြစ်သည်။ တစ်ယောက်မှာ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်လောက်ရှိပြီး နောက်တစ်ယောက်မှာ ကိုးနှစ်၊ ဆယ်နှစ်လောက်ရှိပြီဟု ကျွန်တော် ခန့်မှန်းသည်။ သမီးအကြီးက မောင်ဇော်ဝင်းနှင့်တူပြီး သမီးအငယ်ကတော့ သူ့အမေ တင့်တင့်ခိုင်နှင့်တူသည်ဟု ကျွန်တော်ထင်သည်။

"အလို သမီးတွေတောင် ကြီးလှပါပကော"

ကျွန်တော်က ဓာတ်ပုံကိုကြည့်ရင်း ပြောသည်။

"အကြီးမက ရှစ်တန်းတက်နေပြီ ဆရာ။ အငယ်မကတော့ ခြောက်တန်းပါ"

"ဒီလိုဆို မင်းတို့အိမ်ထောင်ကျတာ အတော်ကြီးပေါ့"

မောင်ဇော်ဝင်းက ရှက်သလိုလိုနှင့် ပြုံးသည်။

"အိမ်ထောင်ကျတော့ ကျွန်တော်က ၁၇ နှစ်သား၊ သူက ၂၁ နှစ် ဆရာ"

ကျွန်တော်သည် ငယ်ရွယ်နုပျိုသော သူတို့ဇနီးမောင်နှံ၏ အိမ်ထောင်ရေးဘဝကို တွေးကြည့်သည်။

"သူက သိပ်သတ္တိကောင်းတယ် ဆရာ။ သိပ်လည်း ဉာဏ်ရှိတယ်။ ပညာလည်းရှိတယ်။ ကျွန်တော်က မိုက်လည်း မိုက်တယ်၊ ဉာဏ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းတယ်။ ပညာလည်း မတက်ဘူး။ မတတ်ဆို ကျွန်တော် ဆယ်တန်းပဲ ရောက်ခဲ့တယ်။ ဆယ်တန်း တစ်နှစ်ကျပြီး နောက်ကျောင်းလည်း မတက်တော့ဘူး။ ပေတေနေခဲ့တာ။ ကျွန်တော်လို ဘာမှ အနာဂတ်မရှိတဲ့ လူလေလူလွင့်တစ်ယောက်ကို ယူရဲတဲ့သတ္တိဟာ နည်းတဲ့သတ္တိလား ဆရာ။ ဒါကြောင့်မို့ သတ္တိကောင်းတယ်လို့ ပြောတာ"

"သူကကော ဘယ်အထိ ပညာသင်ဖူးသလဲ"

"သူက မန္တလေးတက္ကသိုလ်က သိပ္ပံဘွဲ့ရတယ် ဆရာ။ ဓာတုဗေဒ အဓိကနဲ့ပါ။ ကျွန်တော်နဲ့တွေ့တော့ သူက ကျွန်တော်တို့မြို့နားက ရွာကြီးတစ်ရွာက တွဲဖက် အ.ထ.က မှာ အထက်တန်းပြ ဆရာမလုပ်နေတယ် ဆရာ။ အစိုးရခန့် မဟုတ်ပါဘူး။ ရွာက ခန့်တာပါ။ အဲဒီတုန်းမှာ ကျွန်တော်တို့နဲ့ တွေ့တာ။ သူက မနက်တိုင်း အဲဒီရွာကို မြို့ကနေပြီး ကျောင်းသွားတက်ရတယ်။ တစ်ခါတလေမှာ ဘတ်စ်ကားနဲ့ လိုက်ရတယ်။ ဘတ်စ်ကားတို့ ဘာတို့ အဆင်မသင့်တဲ့အခါမှာ မြင်းလှည်းနဲ့သွားရတယ်။ နောက်တော့ မြင်းလှည်းနဲ့ပဲ တက်ပါတယ်။ ကျွန်တော့်ကို လပေးနဲ့ ငှားထားပါတယ်။ ဒီတင် ကျွန်တော်က ကျောင်းသွားကျောင်းပြန်ကြိုရင်း ကျွန်တော်နဲ့ ချစ်သွားကြတာပါ။ ကျွန်တော်က ချစ်ရေးဆိုတော့ သူက ငြင်းပါတယ်။ သူ ဒါတွေ မစဉ်းစားသေးဘူးတဲ့။ မိဘကို လုပ်ကျွေးရဦးမယ်တဲ့။ သူ့မှာ မိအို ဖအိုတွေရှိတယ်တဲ့။ ညီမလေးတွေလည်း ရှိတယ်တဲ့။ ညီမလေးတွေကို ကျောင်းထားပေးရီးမယ်လို့ပြောပြီး အတန်တန် ငြင်းပါတယ်။ တကယ်ကတော့ ကျွန်တော်က ဘာမှအောင်တဲ့ကောင် မဟုတ်ဘူး မဟုတ်လား မြင်းလှည်းမောင်းတဲ့ကောင်။ ဘွဲ့ရ ကျောင်းဆရာမက မြင်းလှည်းမောင်းတဲ့ကောင်ကို ဘယ်ယူချင်ပါ့မလဲ ဆရာ။ ဒါ သဘာဝကျပါတယ်။ ပြီးတော့ ကျွန်တော့်ကို မင်းက အရက်သောက်တယ်တဲ့။ ဒီတော့ သူ့ဘက်က စဉ်းစားကြည့်ပါတဲ့။ ဟုတ်ပါတယ်။ သူပြောတာ မှန်ပါတယ်။ နောက်တော့ ကျွန်တော်က အတန်တန်ပြောတော့ သူစဉ်းစားမယ်တဲ့။ ကျွန်တော့်ကို စောင့်ကြည့်မယ်တဲ့၊ အချစ်ဟာ နှလုံးသားက ပေါက်ဖွားပေမယ့် အိမ်ထောင်ရေးမှာတော့ ဦးနောက်နဲ့ စဉ်းစားရမယ်တဲ့။ သူ့ကိုချစ်တယ်ဆိုရင် ကောင်းကောင်းနေပြ





ရမယ်တဲ့။ ကောင်းကောင်းနေပြပါဆိုတာ ဘယ်လိုနေပြရမှာလဲ ကျွန်တော်က မေးတော့ တစ်အချက်က အရက်ကို လုံးဝ မသောက်ရဘူးတဲ့။ နှစ်အချက်က မိဘနဲ့ သင့်မြတ်အောင်နေရမယ်တဲ့။ မိဘကို တောင်းပန်ပြီး မိဘအိမ်မှာ ကောင်းကောင်းမွန်မွန် နေရမယ်တဲ့။ သုံးအချက်က ဆယ်တန်းစာမေးပွဲကို ဖြေရမယ်တဲ့။ လေးအချက်က တကယ်လို့ ဒီအချက်တွေ ပြည့်စုံလို့ ကျွန်တော့်ကို စဉ်းစားမယ်ဆိုရင် သူ့မိဘတွေကို လုပ်ကျွေးတာကို ခွင့်ပြုရမယ်တဲ့။ သူ့ညီမလေးတွေထဲက တစ်ယောက်ယောက် ဘွဲ့ရပြီးသည်အထိ စောင့်နိုင်ရမယ်တဲ့။ အဲဒါတွေကို မင်း စဉ်းစားပါတဲ့။ စဉ်းစားပြီးတော့ ကတိပေးမှ ကျွန်တော့်အချစ်ကို တုန့်ပြန်သင့်၊ မတုန့်ပြန်သင့် သူ စဉ်းစားမယ်တဲ့"

"ဒီအချက်တွေပြည့်စုံရင် ချစ်မယ်လို့ ပြောတာ မဟုတ်သေးဘူးနော်"

"ဟုတ်တယ် ဆရာ။ ဆရာမေးတဲ့အတိုင်း ကျွန်တော်ကလည်း မေးတယ်။ ဒီအချက်တွေ ပြည့်စုံရင်ကော ကျွန်တော့်အချစ်ကို တုန့်ပြန်မှာလားဆိုတော့ မဟုတ်သေးဘူးတဲ့။ အဲဒီတော့မှ စဉ်းစားမယ်တဲ့။ ကြိုတင် စည်းကမ်းချက်တွေက တော်တော်များတယ် ဆရာ။ အဲဒီအချက်တွေကို လိုက်နာပါ့မယ်လို့ ကတိမပေးမချင်း ကျွန်တော့် မြင်းလှည်းကို မစီးတော့ဘူးတဲ့။ သူ့ကိုလည်း လာမကြိုနဲ့တော့ဆိုပြီး ပြောလိုက်တယ်။ ကျွန်တော် စိတ်ဓာတ်ကျလိုက်တာ ဆရာရယ်။ ဒီတော့ ကျွန်တော်က မေးတယ်။ ဒီလိုတော့ မလုပ်ပါနဲ့။ ဒီအတောအတွင်းမှာတော့ ကျွန်တော့်မြင်းလှည်းကို စီးပါဦး။ အစ်မမျက်နှာကို နေ့တိုင်းမြင်နေရရင်ပဲ ကျွန်တော် အားရှိလှပါပြီ ဘာညာပေါ့ ဆရာရယ်"

"ဒီတော့ သူက လိုက်လျောသလား"

"မရဘူးဆရာရေ့။ အဲဒီလို ကတိပေးမှ ကျွန်တော့်မြင်းလှည်းကို စီးမယ်တဲ့။ ကျွန်တော် ကတိမပေးသေးဘဲ သူ့ကို နေ့တိုင်းသွားကြိုတယ်။ [illegible] မစီးဘူး ဆရာရေ့။ သူ ဘတ်စ်ကားနဲ့ ကျောင်းတက်တယ်။ တစ်ခါတလေမှာ ကျောင်းဆရာတစ်ယောက်နဲ့အတူတူ တခြားမြင်းလှည်းကို စီးတယ်။ အဲဒီ ကျောင်းဆရာနဲ့ တစ်တွဲတွဲလုပ်လေလေ ကျွန်တော့်ရင်ထဲမှာ မချိ



www.burmeseclassic.com

www.burmeseclassic.com



လေလေပေါ့ ဆရာရယ်။ ကျွန်တော်ကလည်း ကတိကို ချက်ချင်း မပေးနိုင်သေးဘူး။ မပေးနိုင်သေးဘူးဆိုတာ သူ့တောင်းဆိုချက်တွေက များတာကို ဆရာ။ အဖေတို့၊ အမေတို့ဆီ ပြန်နေရမယ်ဆိုတာ ပြဿနာမရှိဘူး။ အမေ့ကိုချော့ပြီး အဖေ့ကို တောင်းပန်လိုက်ရင် ကျွန်တော် အိမ်ပြန်ရောက်သွားမှာပါ။ ဒါက လွယ်တယ်။ ခက်တာက အရက်ဖြတ်ဖို့က ပြဿနာ။ ကျွန်တော်က အရက်ကို နည်းနည်းကြိုက်နေပြီကိုး ဆရာရဲ့"

"အရက်က နေ့တိုင်း သောက်သလား"

"နေ့တိုင်း ဆရာ"

မောင်ဇော်ဝင်းက ရှက်ရှက်ဖြင့် ရယ်သည်။

"တစ်နေ့ကို ဘယ်လောက်သောက်တာလဲ"

"မများပါဘူး ဆရာ။ တစ်နေ့ကို တစ်ပိုင်းလောက်ပါ"

"တော်ပြီ၊ တော်ပြီ။ ဒီလောက်ဆိုရင် မင်းအရည်အချင်းကို ခန့်မှန်းလို့ရပြီ။ သောက်တော့ရော တစ်နေ့လုံး သောက်တာပဲလား"

"မဟုတ်ပါဘူး ဆရာ။ ညနေပိုင်းမိုးချုပ်လို့ မြင်းလှည်းသိမ်းမှ သောက်တာပါ။ နေ့လယ်က ပင်ပန်းထားတော့ ညနေကျရင် သောက်ချင်တာပေါ့ ဆရာရယ်။ ပေးထားတဲ့ ကြိုတင်စည်းကမ်းတွေကလည်း သိပ်မလွယ်ဘူး ဆရာ။ ဆယ်တန်းဖြေရဦးမယ် ဆိုတာကလည်း ပြဿနာ။ ကျွန်တော်က ကျောင်းစာတို့ ဘာတို့ကို သိပ်ညံ့တယ်။ စာလည်း သိပ်မသင်ချင်ဘူး။ ပြီးတော့ ခုမှ ကျောင်းပြန်နေ၊ စာမေးပွဲဖြေရဦးမယ်ဆိုတော့ ကိုယ့်ထက်ငယ်တဲ့ ကလေးတွေနဲ့အတူ စာသင်ရမှာဆိုတော့ နည်းနည်းလည်း ရှက်တယ်။ သူ့မိဘတွေကို လုပ်ကျွေးတဲ့ကိစ္စကတော့ ကျွန်တော် ဘာမှ မပြောလိုပါဘူး ဆရာ။ သူကလည်း အိမ်မှာ အကြီးဆုံးဖြစ်နေတာကိုး။ ဒါကတော့ မတားကောင်းတဲ့အရာ။ ဒီလောက်တော့ ကျွန်တော် နားလည်ပါတယ်။ ဒါနဲ့ ကျွန်တော် အရက်ကို ကြိုးစားပြီးဖြတ်တယ်။ တော်တော်နဲ့ ဖြတ်လို့ မရဘူး။ ဒါကို သူကလည်း သိတယ်။ ကျွန်တော့်သတင်းကို သူ အမြဲ နားထောင်နေတော့ ဘယ်မှာ ကျွန်တော် အရက်သောက်တယ်ဆိုတာကအစ သိနေတယ်။ နောက်တော့ ကျွန်တော် မနေနိုင်တော့ဘူး ဆရာ။ တစ်နေ့





သူကျောင်းအတက်မှာ မြို့ထိပ်ကစောင့်ပြီး မြင်းလှည်းပေါ် တက်လိုက်ဖို့ အတင်းခေါ်တယ်။ သူက မလိုက်ဘူး။ ကျွန်တော်က ကျွန်တော် အစ်မ တောင်းတဲ့ကတိတွေ ပေးပါ့မယ်။ မြင်းလှည်းကို လိုက်စီးပါလို့ အတန်တန် ပြောမှ ကျွန်တော့်မြင်းလှည်းကို ပြန်စီးတယ်။ သူက ကျွန်တော် စာမေးပွဲ ဖြေဖို့ဆိုပြီး ကျောင်းစာအုပ်တွေ၊ မှတ်စုတွေ ရှာပေးတယ်။ တချို့ကို သူ့ ပိုက်ဆံနဲ့ ဝယ်ပေးတယ်။ ကျွန်တော်လည်း သူ့ကိုချစ်တော့ ကြိုးစားပါတယ်။ အလွတ်ပညာသင်ကျောင်းကိုလည်း ကျွန်တော် သွားတက်တယ်။ အဲဒီနှစ်က စာမေးပွဲလည်း ဖြေပါတယ်။ ဒါပေမဲ့ ကျွန်တော် စာမေးပွဲကျတယ်။ ကျွန်တော့် ကံလို့ ဆိုရမှာပေါ့ ဆရာရယ်။ အမှန်ကတော့ ကံမဟုတ်ပါဘူးလေ။ ကျွန်တော်ကိုယ်တိုင်က ညံ့တာပါ။ ဒီလောက် စာနဲ့ဝေးနဲ့ဝေးပြီး စာကို မသင်ချင်တဲ့ကောင်ဟာ ဘယ်လိုလုပ်ပြီး စာမေးပွဲ အောင်မှာလည်း ဆရာရယ်။ စာမေးပွဲကျတော့ ကျွန်တော်သူ့ကို မတွေ့ရဲဘဲ ဖြစ်နေတယ်။ ငါ့ကိုတော့ သူ တော့မှာပဲ။ စိတ်ဆိုးတော့မှာပဲဆိုပြီး စိုးရိမ်နေတယ်။ စိတ်လည်း ညစ်နေတယ်။ သူနဲ့တွေ့တော့ ကျွန်တော်ထင်တာနဲ့ တခြားစီ ဖြစ်နေတယ် ဆရာ။ စာမှ မသင်ချင်တာ၊ ဘယ်နှယ့်လုပ် စာမေးပွဲ အောင်ပါ့မလဲဆိုပြီး ကျွန်တော့်ကို မာန်တယ်။ လေသံကသာ မာန်တဲ့လေသံထွက်နေပေမယ့် သူ့မျက်နှာက ပြုံးနေတယ် ဆရာ။ ပြီးတော့မှ သူက မအောင်ရင်လည်း ဘယ်တတ်နိုင်မှာလဲကွာတဲ့။ တတ်နိုင်သလောက် ကြိုးစားတာ သူသိသားပဲတဲ့။ မအောင်ရင်လည်း ကံပေါ့တဲ့။ ကျွန်တော့်ကို အားပေးတယ် ဆရာ။ စာမေးပွဲကျလို့ အရက်ကိုတော့ ပြန်မသောက်နဲ့တဲ့။ စာမေးပွဲကျရုံနဲ့ ဘဝကို ဘာဖြစ်လို့ အရှုံးပေးရမှာလဲတဲ့။ အရှုံးပေးတာဟာ သတ္တိကောင်းတဲ့ ယောက်ျားတွေရဲ့ အလုပ်မဟုတ်ဘူးတဲ့။ အဲဒီလိုပြောပြီး သူ့ဘဝမှာ တွေ့ခဲ့ရတဲ့ အခက်အခဲတွေကို ကျွန်တော့်ကို ပြောပြတယ်။ မန္တလေးမှာ သူကျောင်းသွားနေရတော့ ဆရာမတစ်ယောက်ရဲ့အိမ်မှာ အိမ်စေသာသာအလုပ်ကိုလုပ်ပြီး သူ သွားနေခဲ့ရပုံတွေ၊ တစ်နှစ်တစ်နှစ်မှာ အဝတ်အစားလေး သုံးထည်လောက်နဲ့ ကျောင်းတက်ခဲ့ရတာတွေကို ကျွန်တော့်ကို ပြောပြတယ်။ သူတောင် ဘာတို့ ဒီလောက် ရုန်းကန်ရဲရင် ယောက်ျားလေးဖြစ်တဲ့ ကျွန်တော်က ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



မရှုန်းကန်ရဲရှာလဲတဲ့။ ကျွန်တော် တော်တော် အားရှိသွားတယ် ဆရာ။ ကျွန်တော့်စိတ်ထဲမှာ သူ့ကို ချစ်တာအပြင် အစ်မလို၊ အမေလို ရှိသေလေးစားသွားတယ်။

ဒါနဲ့ တိုတိုပြောကြပါစို့ ဆရာရယ်။ ကျွန်တော့်အချစ်ကို သူလက်ခံလိုက်တယ် ဆိုပါတော့။ ကျွန်တော် ဝမ်းသာလိုက်တာ ဆရာရယ်။ ဒါပေမဲ့ သူက သိပ်စည်းကမ်းကြီးတယ် ဆရာ။ ချစ်သူဆိုပေမယ့် ဆရာမမို့လို့လား မသိဘူး။ သိပ် လူကြီးဆန်တယ်။ ချစ်သူဆိုပြီး ကလေးကလား ပွတ်သီးပွတ်သပ် မနေဘူး။ ခပ်တည်တည်ပဲ။ မှန်မှန်ပဲ။ ကိုယ့်ချစ်သူလို့သာ ဆိုပေမယ့် သူ့နေပုံကြောင့် သူနဲ့တွေ့ရင် ကျွန်တော့်မှာ ခပ်ရှိန်းရှိန်း ဖြစ်နေတယ်။ ဘယ်လိုပြောမလဲ ဆရာ။ ကိုယ့်ထက် အရှိန်အဝါကြီးတဲ့ လူအနားရောက်ရင် ကိုယ်က အလိုလို အားငယ်ပြီး ရှိန်းသွားသလိုပေါ့။ သူ့ကို ရိုလည်း ရိုသေတယ်။ လေးလည်း လေးစားတယ်။ ချစ်လည်း ချစ်တယ်။ အဲ ... ပွင့်ပွင့်လင်းလင်း ပြောရရင် ကြောက်လည်း ကြောက်တယ်။ ကြောက်တယ်ဆိုတာ သူ့ရှေ့မှာ မဟုတ်တာ၊ မမှန်တာကို မလုပ်ရဲဘူး။ မဟုတ်တာကို မပြောရဲဘူး။ ချစ်ကြောက်ရိုသေပေါ့ ဆရာရယ်။ နောက်တော့ ကျွန်တော်က လက်ထပ်ဖို့ မှုဆာတယ်။ အဲဒီတော့ သူ့ညီမလေးတစ်ယောက်ကလည်း ဘွဲ့ရသွားပြီ။ ဒီတော့ သူက လက်ထပ်ရင် သူ ဒီမှာ မနေချင်ဘူးတဲ့။ တစ်နေရာရာမှာ သွားနေချင်တယ်တဲ့။ ကျွန်တော့်ကို လက်ထပ်ရင် သူ့အသိုင်းအဝိုင်းက ပြောကြမှာပဲတဲ့။ ဒါလည်း သဘာဝကျပါတယ်လေ။ ဒါကြောင့်မို့ လက်ထပ်လို့ရှိရင်တော့ တခြားမှာပဲ သွားလက်ထပ်ကြပြီး တခြားမှာပဲ သွားနေမယ်လို့ ကျွန်တော့်ကို ပြောတယ်။ ကျွန်တော် ဘယ်တတ်နိုင်မလဲ ဆရာ။ တစ်မြို့တစ်ရွာ သွားနေဖို့ဆိုတာ ကျွန်တော်က ဘာလုပ်တတ် ကိုင်တတ်တာ မှတ်လို့။ သူကလည်း တွဲဖက် ကျောင်းဆရာမ။ ဒီကျောင်းက ထွက်သွားရင် ဘာအလုပ်မှရှိမှာ မဟုတ်ဘူး။ သူက သူ့မှာ စိတ်ကူးထားပြီးသား အခြေရှိ တယ်ဆရာ။ ကျွန်တော်က မျက်စိပျက်၊ မျက်နှာပျက်ပြီး ဘာလုပ်ရမှန်း မသိတဲ့အချိန်မှာ သူက အရေးရှိရင် အဲဒီလို မကြံတတ် မစည်တတ်ဖြစ်တာမျိုး ကို သူသိပ်မုန်းတယ်တဲ့။ ကောလင်းမှာ သူ့အစ်မ တစ်ဝမ်းကွဲတစ်ယောက်





ရှိတယ်တဲ့။ အဲဒီမှာ သူသွားပြီး အလုပ်လုပ်မယ်တဲ့။ အဲဒီမှာ ပရိုဂျက်တစ်ခု ဖွင့်လို့ အဲဒီနေရာမှာ သူ့အလုပ်ရမယ်တဲ့။ သူ သွားနှင့်မယ်တဲ့။ နောက်တော့ လိုက်ခဲ့တဲ့။ ကျွန်တော့်အတွက်လည်း သူ အလုပ်အကိုင်လေး ဘာလေး ရှာထားမယ်တဲ့။

သူ ကောလင်းကို ထွက်သွားတယ် ဆရာ။ ကျွန်တော်တို့နှစ်ယောက် ခွဲခါနီးတော့ ကျွန်တော်က ချစ်သူလို နေချင်တာပေါ့ ဆရာရယ်။ ဒါပေမဲ့ သူက သိပ်စည်းကမ်းကြီးတယ် ဆရာ။ ဒီလို ကလေးကလားတွေ သူမကြိုက်ဘူးတဲ့။ နောက်ဆုံးဆရာရယ် ပွင့်ပွင့်လင်းလင်း ဝန်ခံပါမယ် ဆရာ။ မရှိသေလို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ သမီးရည်းစား သက်တမ်းမှာ ကျွန်တော်သူ့ကို လက်ဖျားနဲ့တောင် မထိခဲ့ရပါဘူး။ ကောလင်းကို သွားခါနီးတုန်းကတော့ ကျွန်တော် အရဲစွန့်လို့ သူ့ပါးကို တစ်ခါပဲ နမ်းလိုက်ရပါတယ်။ ဒါတောင် သူစိတ်ဆိုးလို့ မနည်းတောင်းပန်ရတယ်။

ဒီကြားထဲမှာတော့ သူနဲ့ ကျွန်တော်နဲ့ စာအဆက်အသွယ် အမြဲရှိတယ်။ တစ်ခါ တစ်ခါ ကျွန်တော်ကလည်း ကောလင်းကို လိုက်သွားတယ်။ အဲဒီတုန်းက ကောလင်းတို့၊ မိုးညှင်းတို့မှာ ကျောက်ကလေးတွေ ဘာလေးတွေ အလုပ်ဖြစ်ကြလို့ ကျွန်တော်လည်း အဲဒီ ကျောက်သမားတွေနဲ့ လိုက်သွားတာပါ။ သူကတော့ ဟိုမှာ တော်တော်လေး အခြေကျနေပြီ။ ပရိုဂျက်က ဖွင့်တဲ့ ဌာနတစ်ခုမှာ ဝန်ထမ်းဖြစ်နေပြီ။ သူ့အစ်မနဲ့ အတူနေကြတယ်၊

ကောလင်းရောက်ပြီး ဆယ်လလောက်အကြာမှာ ကျွန်တော်တို့ လက်ထပ်လိုက်ကြတယ် ဆရာ။ ကျွန်တော့်ကိုလည်း အလုပ်ရှာပေးတယ်။ အလုပ်ကတော့ မော်တော်ကား မောင်းတဲ့အလုပ်ပေါ့။ ပထမရုံးကားကို မောင်းရတယ်။ နေ့စားနဲ့။ နောက်တော့ ခု မိုးညှင်းက အလုပ်ကို ရတယ်။ ဒီဘက်မှာ ဗျူဟာလမ်းသစ် ဖွင့်လိုက်တော့ မော်တော်ကား အသွားအလာ တွေ များလာတယ်ဆရာ။ ဟိုတုန်းကတော့ ဒီဘက်မှာ မော်တော်ကားရယ်လို့ သိပ်ရှိတာ မဟုတ်ဘူး။ မိုးညှင်းမှာဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက် က မီးသတ်တပ်ဖွဲ့ကသုံးတဲ့ မီးသတ်ကားတစ်စီးပဲ ရှိတယ်တဲ့။ ခု ဗျူဟာ လမ်း။ အဲ ... ရွှေဘို-မြစ်ကြီးနားလမ်းဖောက်လိုက်တဲ့အခါကျတော့



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားတွေ တော်တော်များလာတယ်။ ဆလွန်းကားတွေရော၊ ဟိုင်းလတ်စ်တို့၊ နိုင်နာတို့ဆိုတဲ့ ကားမျိုးတွေရော အများကြီးပဲ။ ဒီဘက်က ကျောက်လုပ်ငန်းရှိတော့ ပါဂျရိုးတို့၊ အက်စ်အီးတို့၊ ဆူပါဆလွန်းတို့၊ မစ်ဆူဘီရှိတို့၊ တိုယိုအွေ့စ်တို့ အများကြီးရှိတယ်။ ကားလမ်းတွေက သိပ်မကောင်းပေမယ့် ကားကတော့ ကားကောင်းတွေချည်းပဲ။ ရန်ကုန်ကလူတွေ မော်တော်ကားကို ကိုးကွယ်သလို ထားကြတာ။ ချိုင့်ကလေးတစ်ချိုင့် မတွေ့လိုက်နဲ့ ချိုင့်ကလေးတွေ့လိုက်ရင် အရှိန်သတ်၊ ဂီယာပြောင်းပြီးမှ ချိုင့်ကလေးကို ဖြည်းဖြည်းကျော်တာ။ ဒီက ကားတွေက ဘယ်ဒီလိုဟုတ်မလဲ ဆရာ။ ချိုင့်တွေ့တိုင်းသာ အရှိန်သတ်၊ ဂီယာပြောင်းနေရရင် ဒီခရီး ဘယ်ရောက်တော့မှာလဲ။ ချိုင့်တွေလည်း အရှိန်မသတ်ဘူး။ ဂီယာလည်း မပြောင်းဘူး။ ဒီတိုင်း မောင်းချသွားတာပဲ။ ဆရာမြင်မှာပေါ့။

အဲ … စကားက ဘေးရောက်သွားတယ်။ ဒီမှာ မော်တော်ကားမောင်းတဲ့ အလုပ်ရတယ် ဆရာ။ ဒီက လူတွေက သိပ်ပြီး မော်တော်ကား မမောင်းတတ်ကြသေးဘူး။ ခု ဒီကားတွေကို မောင်းတဲ့ ဒရိုင်ဘာတွေဟာ များသောအားဖြင့် အောက်သားတွေချည်းပဲ။ ကျွန်တော်ကတော့ မိုးညှင်းက ဦးလေးသိန်းရဲ့ ဝက်ဒိုင်မှာ မော်တော်ကားမောင်းတဲ့ အလုပ်ရတယ်။ ခင်ဗျာ … လခကလား။ ဟုတ်ကဲ့ … လေးထောင်ရပါတယ်။ ကျွန်တော့်အလုပ်က နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါလောက် ကသာကိုသွားပြီး ဝက်ဆယ်ကောင်၊ ဆယ့်နှစ်ကောင်လောက် တင်ပါတယ်။ တစ်ကောင်ကို အချိန်ငါးဆယ်၊ ခြောက်ဆယ်လောက်တော့ ရှိတဲ့ကောင်တွေပေါ့ ဆရာ။ တစ်ကောင်ကို တန်ဖိုးမရှိဘူးဆိုရင် တစ်သောင်းလောက်နဲ့ သွားကောက်ရပါတယ်။ ဒီမှာတော့ ဝက်သားဈေးက ကောင်းတယ်မဟုတ်လား။ တစ်ပိဿာကို သုံးရာကျော်ကျော်လောက် ရှိတော့ ကိုက်တာပေါ့ ဆရာရယ်။ တစ်ပတ်ကို နှစ်ခေါက်သုံးခေါက်လောက် သွားရတော့ အိမ်မှာ နားရတဲ့ရက်ရယ်လို့ သိပ်မရှိပါဘူး။ လခအပြင် ခရီးထွက်ရင် နေ့တွက်စရိတ်အဖြစ် တစ်နေ့ကို သုံးရာပေးပါတယ်။ ဒါက ထမင်းစရိတ်၊ လက်ဖက်ရည်ဖိုးအလွတ်ပါ။ ဒီတော့ တစ်လကို ပျမ်းမျှ အရက်နှစ်ဆယ်လောက် သွားနေရတော့ တစ်လတစ်လကို တော်တော်





လေး ကိုက်ပါတယ် ဆရာ။ ထမင်းစရိတ်ကလည်း ဘာမှ မကုန်ဘူး။ အိမ်မှာနေရင် ဝက်ဒိုင် ဦးလေးသိန်းက ကျွေးတယ်။ ခရီးထွက်ရင်လည်း ထမင်းစရိတ် သပ်သပ်တင်ရတယ်။ ဒီတော့ ကျွန်တော်ရတဲ့ လခနဲ့ နေ့တွက်ကား ခရီးစရိတ်က အသားတင် စုမိပါတယ်။

အဲဒီငွေတွေက ကျွန်တော်က ကောလင်းမှာရှိတဲ့ ကျွန်တော့်ဇနီးကို လှမ်းပို့ပါတယ်။ သူက ရတဲ့ပိုက်ဆံကိုစုပြီး ရွှေဝယ်စုပါတယ်။ ရွှေဈေးတက်လာရင် ပြန်ရောင်းလိုက်၊ ထပ်ဝယ်လိုက်နဲ့ အိမ်မှာနေရင်း ရွှေအရောင်းအဝယ် ဖြစ်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ လင်မယားနှစ်ယောက် ဟန်ကျလာပါတယ်။ ကျွန်တော်တို့မှာ သမီးလေးနှစ်ယောက်ရှိတော့ အဲဒီသမီးလေးတွေကို ကျောင်းကောင်းကောင်း၊ ကျူရှင်ကောင်းကောင်း ထားပေးပါတယ်။ ခုတော့ သမီးကြီးက ရှစ်တန်း၊ သမီးငယ်က ခြောက်တန်း ရောက်နေပါပြီ။ ကျွန်တော်တို့ လင်မယားသက်တမ်း ဆယ်လေးနှစ်လောက်အတွင်း တစ်ခါမှ ခွန်းကြီး၊ ခွန်းငယ် စကားမများဖူးဘူး။ အိမ်မှာနေရင် ကလေးတွေကို စာပြပေးတယ်။ စာဖတ်တယ်။ အချုပ်အလုပ် တစ်ခုခု လုပ်တယ်။ ကောလင်းမှာ သူမြေဝယ်ပြီး အိမ်ကလေးတစ်လုံး ဆောက်တယ် ဆရာ။ နံကပ်ဝိုက်ကလေးပါ။ အဲဒီအိမ်ကို သူကိုယ်တိုင် ပုံစံဆွဲ၊ သူကိုယ်တိုင် လက်သမားငှား၊ သူကိုယ်တိုင် ကြီးကြပ်ပြီးဆောက်တာဆရာ။ အဲဒီနှစ်က ကျွန်တော်က ကားနဲ့မော်ထဲလိုက်သွားလို့ တစ်ဆောင်းနဲ့ တစ်နွေလောက် ကြာလိုက်တယ်။ ရှစ်လလောက် ရှိမှာပေါ့ ဆရာ။ အိမ်ဆောက်မယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်ကို တစ်ခွန်းမှ မပြောဘူး။ သူ့ဘာသာသူ ကြိတ်ကြံနေတာ။ မော်ထဲက ပြန်ရောက်တော့ အိမ်ဆောက်ပြီးနေပြီ။ ကျွန်တော်လာမှ အိမ်တက်မင်္ဂလာလုပ်မယ်ဆိုပြီး စောင့်နေတာ။

ဆရာစဉ်းစားကြည့်လေ။ ကိုယ့်မိန်းမမို့လို့ ကိုယ်ပြောတာ မဟုတ်ဘူး။ ဒီလောက် ကြံရည်ဖန်ရည်ရှိတဲ့ မိန်းမ။ ဒီလောက် အမြော်အမြင်ရှိတဲ့ မိန်းမ။ ဒီလောက် စည်းကမ်းရှိတဲ့ မိန်းမ။ ခု ကျွန်တော်တို့ ဒီအခြေအနေကို ရောက်လာတာဟာ အဓိကအားဖြင့်တော့ သူ့ခေါင်းဆောင်မှု၊ သူ့စွမ်းဆောင်ချက်ကြောင့်ပဲ ဆရာ။ ခု သူ ခွင့်ယူပြီး မိုးညှင်းမှာ ရောက်နေတယ် ဆရာ။



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့လည်း ပါတယ်။ တစ်အိမ်လုံးပေါ့ ဆရာ။ အပြန်မှာ အချိန်ရရင် ဆရာတို့ဆီကို ခေါ်လာပါဦးမယ်"

မောင်ဇော်ဝင်း၏ မျက်နှာသည် ကြည်လင်နေသည်။ ကျွန်တော်သည် သူတို့၏ သိပ်သည်းလှပသော အိမ်ထောင်ကလေးကို မြင်ယောင်ရင်း ကြည်နူးနေမိလေသည်။

(ကလျာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၄)

* * *

# လေလွင့်နှက်ငယ်

www.burmeseclassic.com

www.burmeseclassic.com

# လေလွင့်ငှက်ငယ်

မန္တလေးမှ မိတ်ဆွေများ အစီအစဉ်ဖြင့် ညနေ ၅ နာရီရထား အထက်တန်းတွဲတွင် နေရာကလေးတစ်နေရာ ရခဲ့သည်။ သူတို့က အိပ်ခန်းပါသည့်ရထားနှင့် လိုက်ပါဟု ဆိုကြသည်။ သို့ရာတွင် မနေနိုင်ပါ။ ခရီးထွက်လာသည်မှာ ကြာပြီ။ ပါလာသည့် အဝတ်အစားတွေ ညစ်ကုန်ပြီ။ ဒါတောင် မန္တလေးမှာ အဆင်သင့်ချုပ်ပြီး ရှပ်အင်္ကျီတစ်ထည် ဝယ်ဝတ်ခဲ့ရသေးသည်။ အိပ်ခန်းနှင့် လိုက်ရသည်ကိုလည်း ကျွန်တော် သိပ်မကြိုက်ချင်။ အိပ်ခန်းတွဲလေးယောက်တွင် ကိုယ့်အဖွဲ့သားတွေချည်းဆိုလျှင် အကြောင်းမဟုတ်။ သူစိမ်းတစ်ရံတွေနှင့် စီးရလျှင် လွတ်လွတ်လပ်လပ်ရှိသည်ဟု မထင်။ အထူးသဖြင့် ရဟန်းတော်များ သို့မဟုတ် မိန်းမပျိုကလေးများပါလာလျှင် အနေရခက်သည်။ အစစ အရာရာမှာ ဆင်ခြင်ရသည်။ ကိုယ့်အတွက် သူတို့တွင် အနှောက်အယှက်ဖြစ်မည်စိုးသည်။ သို့မဟုတ် အရက်မူးတတ်သူများနှင့် အလိုလိုက်အားကြီးသဖြင့် ဆူပူသောင်းကျန်းသည့် ကလေးဆိုးတွေပါလာလျှင်လည်း ကိုယ့်မှာ အနှောက်အယှက်ဖြစ်ရသည်။ ထို့ကြောင့် ကိုယ့်အဖွဲ့





နှင့်ကိုယ် မဟုတ်လျှင် ဘယ်တော့မှ အိပ်ခန်းတွဲကို မစီးချင်။ တစ်ညတစ်လေ အိပ်ရေးပျက်၍ အကြောင်းမဟုတ်။ ထို့ကြောင့် တစ်ယောက်တည်းဆိုလျှင် အထက်တန်းတွဲထိုင်ခုံ၊ အထက်တန်းမှမရလျှင် ရိုးရိုးတန်းမှာပင် ကျွန်တော် လိုက်သည်။

ယခုတော့ မန္တလေးက မိတ်ဆွေတွေက အထက်တန်းထိုင်ခုံကိုရအောင် လုပ်ပေးလိုက်ကြသည်။ ဗွီအိုင်ပီအတွက် ချန်ထားသော ခုံနှစ်ခုံအနက်မှ တစ်ခုံရအောင် လုပ်ပေးလိုက်ကြသည်။ ဘယ်ဆိုးလို့လဲ။ အထက်တန်းတွဲ ထိပ်ဆုံးက ညာဘက်ခုံနှစ်ခုံအနက် ပြတင်းပေါက်နားက ခုံကိုရသည်။ ရထားထွက်ခါနီး ငါးမိနစ်လောက်အလိုအထိ ကျွန်တော့်ဘေးကခုံတွင် မည်သူမှ မရောက်သေး။ ဘယ် ဗွီအိုင်ပီလာလေမည်မသိ။

ငါးနာရီတွင် ရထားစထွက်သည်။ တွဲနောက်ဘက်သို့ လှည့်အကြည့် မိန်းမပျိုတစ်ယောက် ပြေးတက်လိုက်လာသည်ကို မြင်လိုက်ရသည်။ ပထမ သူ့အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက်လှလှ၊ ပါတိတ်ဝမ်းဆက်ကို ဝတ်ထားပြီး ပခုံးတွင် သားရေလွယ်အိတ်ကို လွယ်ထားသည်။ သူ့ဖိနပ်က အဖြူရောင် ခုံမြင့်ဖိနပ်။

ကျွန်တော်က ရင်တထိတ်ထိတ်ဖြင့် ကြည့်နေစဉ် အပေါ်က တစ်ယောက်က လှမ်းဆွဲလိုက်သဖြင့် တံခါးဝမှာ ဝင်ရောက်ပျောက်ကွယ်သွားသည်။ သူ့တွင် သေတ္တာ၊ လက်ဆွဲအိတ်၊ ခြင်းတောင်း စသည်တို့ ဘာမှပါဟန်မတူ။ လူချည်းသက်သက် ပြေးတက်လာခြင်းဖြစ်သည်။

ရထားသည် တဖြည်းဖြည်း မြန်စပြုလာသည်။ မျက်နှာသစ်ထားသော မန္တလေး၏ တိုက်တာအိမ်ခြေများသည် တရိပ်ရိပ်ကျန်ရစ်ခဲ့ကြသည်။ နောက်တော့ မန္တလေးမြို့စွန်။ ဟောင်းနွမ်းပါကျင်နေသော အိမ်ငယ်များ၊ ခုံတိုင်းကပ်နေသော မန်ကျည်းပင်များ၊ အိုမင်းသော ဘုန်းကြီးကျောင်းများ၊ ပဲဘောက်ကြားလိမ်းထားသည့် အုတ်တံတိုင်းများ၊ လက်ပံပင်ကြီးတွေကြားမှာ ရှိနေသောထားသော စစ်ကိုင်းတောင်ရိုး ပန်းချီကား။ နောက်စိမ်းစိုသော ထယ်တွေး ကိုင်းခင်းကွက်တိကွက်ကြား၊ နောက် အိမ်စုကလေးများ၊ ထို့နောက် မြစ်



www.burmeseclassic.com

www.burmeseclassic.com



ယယ်တံတား။

မြစ်ငယ်တံတားကိုကျော်တော့ သူ ကျွန်တော့်အနီးသို့ ရောက်လာသည်။

“ဒီထိုင်ခုံက လူရှိသလား ဦးလေး”

“ခုထိတော့ မရှိသေးဘူး”

“အမယ်လေး … မောလိုက်တာ။ ဒီမှာပဲ ထိုင်ရတော့မှာပဲ”

နောက်ဘက် ပြန်လျှောက်သွားပြီး ခြင်းတောင်းတစ်တောင်ကို ဆွဲလာသည်။ သူ့ခြင်းတောင်းက ပလတ်စတစ်ခြင်းတောင်းအသစ်ကလေး။ အထဲမှာ ရေသန့်ပုလင်းတစ်လုံး၊ သုံးဆင့်စတီးလက်ဆွဲချိုင့်ကလေးတစ်လုံး။ ဓာတ်ဘူးတစ်လုံး၊ လက်သုတ်ပဝါတစ်ထည်၊ ပလတ်စတစ်ခွက်တစ်လုံးနှင့် မုန့်ထုပ်တစ်ထုပ်အပြင် အခြားတိုလီမိုလီပစ္စည်းကလေးတွေ ပါသည်။

သူသည် ခြင်းတောင်းကိုချသွားကာ အခြားတွဲတစ်တွဲသို့ ကူးသွားပြန်သည်။ ခဏကြာတော့ ပြန်လာပြီး ကျွန်တော့်ဘေးတွင် ဝင်ထိုင်လိုက်ကာ “နေရာတော့ ရခဲ့ပြီ ဦးလေး”ဟုပြောပြီး ကွမ်းရိုင်းတစ်ဗူးကို ထုတ်သည်။

“သောက်ပါဦးလား ဦးလေး။ အချိုရည်ကလေးသောက်မလို့ဟာတောင် ကောင်းကောင်းမသောက်ခဲ့ရဘူး။ အထက်တန်းကို သွားဝယ်တာ။ မရတော့ဘူးတဲ့။ ဒါနဲ့ ဒီတိုင်း တက်လိုက်လာခဲ့တာ။ ကီစွကလည်း ဖြုန်းစားကြီးပေါ်လာတော့ လက်မှတ်တောင် ကြိုဝယ်ချိန်မရခဲ့ဘူး”

ကျွန်တော်က ငြင်းသည့်အခါ သူသည် ကွမ်းရိုင်းဗူးကို လှပသေးသွယ်သော လက်ချောင်းကလေးများဖြင့် ကျင်လည်စွာ ဖောက်ပြီး မော့နေသည်။ သူ့လက်သည်းများမှာ ရှည်နေပြီး ပန်းနုရောင်ရင့်ရင့် ဆိုးထားသည်။ ကွမ်းရိုင်းဗူးကိုသောက်ပြီးနောက် သူသည် သားရေလွယ်အိတ်ထဲက ဘင်ဆန် စီးကရက်ဗူးကို ထုတ်သည်။ အိတ်ထဲသို့ နှိုက်ကာ မီးခြစ်ရှာနေသည်။

“မီးခြစ်ကလည်း ဘယ်ရောက်နေသလဲ မသိပြန်ဘူး။ ဦးလေးကော ဆေးလိပ်သောက်တတ်သလား။ သောက်ပါဦး”

“ပါပါတယ်။ ကျွန်တော် မသောက်သေးပါဘူး”

ကျွန်တော်က ဓာတ်ငွေ့မီးခြစ်ကို ထုတ်ပေးသည်။ သူသည် စီးကရက်ကို





လှပစွာ လက်ကြားတွင်ညှပ်ပြီး ဖွာရှိုက်နေသည်။ သူ စီးကရက်သောက်ပုံကိုကြည့်လျှင် စီးကရက်တော်တော်ကြိုက်သည့် မိန်းကလေးတစ်ဦးဟု ကျွန်တော် အကဲခတ်မိသည်။

“ဝါဝါ မေမေ အသည်းအသန်ဖြစ်နေတယ်ဆိုလို့ ချက်ချင်း လိုက်လာရတာ။ ဟိုမှာ ကိုယ့်ပြဿနာနဲ့ကိုယ်ရှုပ်ပြီး စိတ်ညစ်နေတုန်း အမေ အသည်းအသန်ဖြစ်တယ်ဆိုတဲ့ ကြေးနန်းရောက်လာတော့ အရမ်းကို စိတ်ညစ်သွားတာပဲ”

သူ့နာမည်က ဝါဝါတဲ့။ မန္တလေးမှာ စိတ်ညစ်စရာတွေကို တွေ့နေရသည်တဲ့။ အမေ အသည်းအသန်ဖြစ်နေသည်ဟု ကြေးနန်းရောက်လာ၍ ရန်ကုန်ကို အမြန်ပြန်ရမည်တဲ့။

ကျွန်တော်သည် ရနိုင်သမျှသော မြင်ကွင်းကလေးဖြင့် သူ့ဘဝပုံကြမ်းကို ကောက်ကြောင်းဆွဲနေသည်။ သူပြနေသည့် မြင်ကွင်းသည် တကယ့်မြင်ကွင်းလား။ သရုပ်ဆောင်နေခြင်းလား။ ကျွန်တော်စိတ်ထဲတွင် အပြန်ပြန်အလှန်လှန် တွေးနေသည်။ သူ့ပုံပန်းသဏ္ဍာန်နှင့် ရုပ်ရည်ကတော့ ခေတ်ပညာတတ်မိန်းကလေးတစ်ယောက်၏ ပုံသဏ္ဍာန်ပေါ်သည်။ အဝတ်အစား၊ သားရေဆလင်းဘတ်အိတ်၊ ခုံမြင့်ဖိနပ်တို့က အကောင်းစားတွေ ဖြစ်သည်။

သူ ဘာကို စိတ်ညစ်နေသလဲ။ သူ ပြောတာတွေဟာ အမှန်တွေပဲလား။

သူသည် အိတ်ထဲမှ ဘီးသေးသေးလေးတစ်ချောင်းကိုထုတ်ပြီး ညို့လဲ့သော ဆံပင်များကို ဖီးနေသည်။ သူ့ဆံမှာ ကျောနှင့်ပခုံးပေါ်တွင် ဝဲကျနေကြသည်။ တစ်ချက်တစ်ချက်တွင် အမိုးပေါ်တွင် ဖွင့်ထားသောပန်ကာကြောင့် သူ့ဆံပင်များသည် ကျွန်တော့်မျက်နှာကို လာထိနေကြသည်။ သူ့ကိုယ်မှလား၊ ဆံပင်မှလား၊ ဘယ်ကလို့တော့ မပြောတတ်။ သင်းမြသော ရနံ့သည် ကျွန်တော့်ဆီသို့ လွင့်လာသည်။

“ဦးလေးက ရန်ကုန်ကနော်”

ကျွန်တော် ခေါင်းညိတ်ပြသည်။

“ဝါဝါကလည်း ရန်ကုန်ကပါ။ ….. မှာ နေပါတယ်။ မင်္ဂလာဈေးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



..... ဆိုင် ဖွင့်ထားပါတယ်။ ဟိုတုန်းကတော့ မော်လမြိုင်ကလာတဲ့ ကုန်တွေကိုကောက်ပြီး လက်လီလက်ကား ရောင်းပါတယ်။ ခုတော့ အဲဒီဘက်က သိပ်မကိုက်တော့တာနဲ့ တရုတ်ပြည်ဘက်ကလာတဲ့ ကုန်တွေကိုပဲ တင်ပါတယ်။ ဒီကပို့တန်တဲ့ပို့ကုန်တွေလည်း ရှိတာပေါ့လေ။ မန္တလေးက ဝါဝါရဲ့ မိတ်ဆွေတစ်ယောက်နဲ့ ဒီဘက်ကုန်တွေကိုတင်တာ။ ဒီတစ်ခါက်မှာ ဝါဝါ အလိမ်ခံလိုက်ရတယ်လေ။ ကိုယ်တိုင်မသွားနိုင်တော့ စိတ်ချတဲ့ လူတစ်ယောက်ရှာပြီး သူ့ကိုပဲ အပို့ခိုင်းနေတာ။ အရင်တစ်ခေါက် နှစ်ခေါက်လောက်တုန်းကတော့ ဟုတ်လို့ပဲ။ ဒီတစ်ခေါက်ကျတော့ သိန်းနှစ်ဆယ်ဘိုးလောက် ပါသွားတယ်။ ဟိုဘက်ကို သွားရောင်းပြီး မန္တလေးကို ပြန်ဆင်းမလာတော့ဘူး။ တစ်နေရာကို ရှောင်သွားတယ်။ မန္တလေးမှာလည်း ရှာလို့ မတွေ့ဘူး။ မူဆယ်တို့၊ လားရှိုးတို့မှာလည်း ရှာလို့ မတွေ့ဘူး။ မိုးကုတ်ဘက်မှာလည်း ရှာလို့ မတွေ့ဘူး။ မိုင်းရှူးကိုသွားသလိုလို၊ ဟိုဘက်မှာပဲ ပုန်းနေသလိုလို သတင်းပဲ ရခဲ့တယ်။ ဝါဝါ မိတ်ဆွေတစ်ယောက်ဆီက နှစ်ဆယ်ယူထားတာ။ ခုကိစ္စ ဖြစ်တော့ ဘယ်လိုလုပ် ဆပ်ရမလဲ မသိဘူး။ အရမ်းစိတ်ညစ်တာပဲ။ အေးလေ တကယ်ကတော့ ဘယ်သူ့မပြု မိမိမှုဆိုသလို ကိုယ်လုပ်လို့ ဖြစ်ရတာပါ။ ဝါဝါတို့က သူ့ကို ယုံလိုက်မိတာကိုး"

"ဘယ်သူ့ကိုလဲ"

"ဝါဝါ့ငွေတွေကို ယူပြီး ထွက်ပြေးသွားတဲ့လူပေါ့"

"စိတ်ချရတဲ့ မိတ်ဆွေထဲက မဟုတ်ဘူးလား"

သူက နာကျည်းလှောင်ပြောင်ဟန်ဖြင့် ရယ်သည်။

"စိတ်ချရတယ်လို့ ယူဆလို့ လွှတ်လိုက်တာပဲ။ လောကကြီးက ကိုယ်တာ ကျူးရင် ကိုယ့်ဒူးတောင် မယုံရဘူးဆိုတာ တော်တော်မှန်တာပဲနော် ဦးလေး အေးလေ ... ကိုယ်ကလည်း ယုံလိုက်မိတာကိုး။ သူက ဝါဝါနဲ့သိတာ သိပ်မကြာသေးဘူး။ တစ်နှစ်လောက်ပဲ ရှိသေးတယ်။ ဒီလိုပဲ မန္တလေးက ကုန်တွေကိုယယ်ရင်းနဲ့ တွေ့သွားကြတာ။ သူကလည်း ဝါဝါတို့လို ကုန်သည် ပါပဲ။ မန္တလေးမှာနေတာ။ ဟိုတုန်းကတော့ ငွေက ဒီလောက် မများပေမယ့် ငါးခု ဆယ်ခုလောက်တော့ အပ်ခဲ့တာပဲ။ သူကလည်း မှန်မှန်ကန်ကန်





လုပ်ပေးခဲ့တာပဲ။ ဒီတော့ ယုံတာပေါ့။ ဒီတစ်ခေါက်တော့ သူက ဟိုမှာ ပစ္စည်းတွေ တော်တော်ဈေးကျနေတယ်။ ဒီတုန်းမှာ များများချပြီး ဝယ်ထားလိုက်မယ်လို့ ပြောတာနဲ့ ဝါဝါက နှစ်ဆယ်လောက်ရှာပေးလိုက်တယ်။ ရှာပေးတယ်ဆိုတာထက် ဝါဝါရဲ့ မိတ်ဆွေတစ်ယောက်က ထုတ်ပေးလိုက်တာပါ။

ကျွန်တော်သည် ဝါဝါဆိုသော မိန်းကလေးထံမှ နှစ်ဆယ်ယူသွားသော လူကို စိတ်ဝင်စားနေရာမှ ဝါဝါကို အရင်းအနှီး နှစ်ဆယ်ထုတ်ပေးလိုက်သော တစ်ဖက်က မိတ်ဆွေကို စိတ်ဝင်စားသွားပြန်သည်။ ထိုမိတ်ဆွေသည် ဘယ်လို မိတ်ဆွေမျိုးနည်း။ မိန်းကလေးချောချောတစ်ယောက်ကို နှစ်ဆယ် သုံးဆယ် ထုတ်ချေးလိုက်သူသည် ဘယ်လိုလူစားနည်း။ ဘာကြောင့် ယူသွားသနည်း။ တစ်ယောက်က ရန်ကုန်ကလူ။ တစ်ယောက်က မန္တလေးကလူ။ ပြီးတော့ မိန်းကလေးချောချောတစ်ယောက်။

ဝါဝါသည် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် သောက်နိုင်သလောက် စကားကိုလည်း တော်တော်ပြောနိုင်သည်။

သူ့အပြောအရ ဝါဝါသည် တရုတ်-မြန်မာ ကပြားမကလေးဖြစ်သည်။ အဖေက တရုတ်စစ်စစ်ဖြစ်ပြီး အမေက မြန်မာဖြစ်သည်။ သူ့အဖေသည် အစတုန်းက တရုတ်ပွဲရုံကြီးတစ်ရုံတွင် အလုပ်လုပ်ခဲ့သည်။ ပွဲရုံတွေ ပြည်သူပိုင်သိမ်းသဖြင့် ပြည်ပသို့ ထွက်သွားသည်။ သူ့အပြောအရ တရုတ်တိုင်းပြည်သို့ ပြန်သွားသည်။ တရုတ်တိုင်းပြည်ရောက်ပြီး အတော်ကြာတော့ သူ့အစ်ကို အကြီးဆုံးကို အဖေက လှမ်းခေါ်သည်။ အဆက်အသွယ်ဖြင့် ငွေပို့သည်။ နောက် လေးငါးနှစ်လောက်ကြာတော့ မပို့နိုင်တော့။ သူတို့နှင့်လည်း အဆက်အသွယ်မရတော့ဘဲ ဖြစ်သွားသည်။ ဝါဝါတို့ သားအမိရှိသည့် အရင်းအနှီး ကလေးဖြင့် ဗိုလ်ချုပ်ဈေးထဲတွင် ထိုင်းမှလာသော ဘီးကလေးတွေ၊ ဆံညှပ်ကလေးတွေ၊ အလှကုန်ပစ္စည်းကလေးတွေ၊ ဖဲပြားကလေးတွေကို ဆိုင်ခင်း ရောင်းရသည်။ အမေက သူ့သမီးဝါဝါကို ပညာသင်ပေးသည်။ ရန်ကုန် ဘဏ္ဍာသိုလ်မှ သိပ္ပံဘွဲ့ရခဲ့သည်။ နောက်တော့ ပိုက်ဆံချမ်းသာသည့် တရုတ် အဘိုးကြီးတစ်ဦးက ဝါဝါကို အရင်းအနှီးထုတ်ပေးသည်။ စိန်ဆိုင်ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါတွင် သူ့ကို အလှကုန်ပစ္စည်းဆိုင်တစ်ဆိုင် ထောင်ပေးသည်။ ဝါဝါသည် ထိုတရုတ်အဘိုးကြီး၏ ဇနီးအဖြစ် လေးငါးနှစ် နေခဲ့ရသည်။ ထို့နောက် တရုတ်အဘိုးကြီးဆုံးသွားပြီး ဝါဝါတို့သားအမိ စိန်ဂျွန်းဈေးက ဈေးဆိုင်ကလေးတစ်ဆိုင် အခြေတည်မိလျက်သား ကျန်ရစ်သည်။

"တစ်ခါတော့ မော်လမြိုင်ရထားမှာ ပစ္စည်းတွေမိလို့ အသိမ်းခံလိုက်ရတယ်။ အဲဒီတုန်းကလည်း ဝါဝါ အရမ်းစိတ်ဓာတ်ကျလိုက်တာ ဦးလေးရယ်။ အရင်းအနှီးလည်း မရှိတော့ဘူး။ ဒီလိုနဲ့ ဟိုကချေး ဒီကချေးနဲ့ ဆိုင်ကလေးကို ပြန်မပိတ်လာအောင် လုပ်ယူရတယ်။ မင်္ဂလာဈေးကိုရွှေ့တော့ ဝါဝါတို့ ဆိုင်ခန်းကလေးတစ်ခန်း ပြန်ရသည်။ ဒါပေမဲ့ အရင်းအနှီးမရှိဘူး။ ဒီမှာတင် ဝါဝါ့မိတ်ဆွေတစ်ယောက်က ပိုက်ဆံထုတ်ချေးတယ်။ အဲဒီတုန်းကတော့ လေးငါးသိန်းလောက် ရင်းလိုက်ရင် ရတယ်လေ။ နောက်တော့ ဈေးကွက်စီးပွားရေးခေတ်မှာ နယ်စပ်တွေဖွင့်လိုက်တာနဲ့ ဝါဝါ တရုတ်ကုန်တွေကို ကူးတယ်။ အရင်းအနှီးကလည်း ကြီးလာတယ်။ ဝါဝါ့မိတ်ဆွေကလည်း နှစ်ဆယ် သုံးဆယ် လိုသလောက်ထုတ်ပေးတယ်။ တရုတ်ပြည်ဘက်က မော်တော်ကားတွေ ကိုက်တုန်းကလည်း မော်တော်ကား နည်းနည်းပါးပါး အရောင်းအဝယ်လုပ်တယ်။ ဒါပေမဲ့ နောက်တော့ လူလိမ်တွေ ပေါလာတာနဲ့ ကားသွင်းတဲ့အလုပ်ကိုရပ်လိုက်ပြီး အလှကုန်ပစ္စည်းတွေနဲ့ လူသုံးကုန်ပစ္စည်းတွေကိုပဲ ပြန်လုပ်တယ်။ တစ်ခါတလေ ဝါဝါကိုယ်တိုင် ရွှေလီဘက်ထိအောင် လိုက်သွားတယ်။ တစ်ခါတလေလည်း မန္တလေးက ဝါဝါ့မိတ်ဆွေကို လွှတ်တယ်။ ဒီတစ်ခေါက်တော့ သုံးဆယ်လောက် ပေးလိုက်တာ ပြန်မလာတော့ဘူး"

ကျွန်တော်သည် မန္တလေးက မိတ်ဆွေ။ ရန်ကုန်က မိတ်ဆွေနှင့် ဝါဝါတို့ သုံးယောက်၏ ဆက်ဆံရေးကို တွေးနေမိသည်။ တစ်ခါတစ်ခါတွင် ဝါဝါသည် ရန်ကုန်ကမိတ်ဆွေနှင့် အတူနေသည်ဟု တစ်စွန်းတစ်စ ထွက်လာ၏။ တစ်ခါ တစ်ခါတွင်လည်း မန္တလေးကမိတ်ဆွေနှင့် တော်တော်ရင်းနှီးကျွမ်းဝင်ပုံကို ပြောတတ်သည်။

သာစည်ရောက်တော့ သူ့စတီးချိုင့်ကို ဖွင့်ပြီးစားသည်။ ကျွန်တော်





လည်း ကျွေးသည်။ သို့ရာတွင် ကျွန်တော် မစားဖြစ်ပါ။

ဝါဝါသည် သာစည်ကထွက်ပြီးနောက် စကားသိပ်မပြောတော့ဘဲ အိပ်ပျော်သွားသည်။ ကျွန်တော် တစ်ရေးနိုး၍ သူ့ကို လှမ်းကြည့်လိုက်သည့်အခါတွင်လည်း ဝါဝါသည် နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ ဖြစ်သည်။

"ဟောတော့် ပဲခူးတောင် ဝင်လာပြီ"

အသံကိုကြားသဖြင့် မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ မိုးစင်စင်လင်းနေလေပြီ။ ဝါဝါသည် နှုတ်ခမ်းနီပါးနီဆိုးကာ အလှပြင်ပြီး နေလေပြီ။ အဝတ်အစားကတော့ မနေ့ကဝတ်လာသည့် အဝတ်အစားအတိုင်းပင်။ သူ့လက်ဆွဲအိတ်လည်းမပါ။ သေတ္တာလည်းမပါ။ ခြင်းတောင်းကလေးတစ်လုံးသာ ပါသည်။ ခြင်းတောင်းကလေးထဲတွင်လည်း အဝတ်အစားကို မမြင်ရ။ ရန်ကုန်တွင် သူ့အိမ်ရှိသဖြင့် အဝတ်အစားမပါလာခြင်း ဖြစ်မည်လား မပြောတတ်။ သို့တိုင် မန္တလေးအသွားတွင် အဝတ်အစားပါခဲ့ဖို့ ကောင်းသည်။ မန္တလေးတွင်လည်း သူ့တွင် အဝတ်အစားလဲစရာ နေရာအဆင်သင့်ရှိသဖြင့် အဝတ်အစား ယူမသွားခြင်း ဖြစ်ချင်ဖြစ်ပေလိမ့်မည်။

မနက်ပိုင်းတွင်တော့ ဝါဝါသည် သိပ်စကားမပြောတော့ပါ။ စီးကရက်ကိုသာ တစ်လိပ်ပြီးတစ်လိပ် ဖွာ၍လိုက်လာသည်။

ဘာကြောင့်မှန်းမသိ။ ရထားသည် သက်နိုးကျွန်းဘူတာတွေ ခဏရပ်နေသည်။

ဝါဝါသည် ရထား၏ ပြတင်းမှ ခေါင်းပြူကာ အပြင်သို့ လှမ်းကြည့်၏။ ထို့နောက် ဘယ်လိုစိတ်ကူးရသွားသည် မသိ။ ခြင်းတောင်းကလေးကို ကောက်ကိုင်သည်။

"ရထားက ဒီမှာ ဘယ်လောက်ကြာဦးမလဲ မသိဘူး။ ဝါဝါ ဒီကဲဆင်းသွားတော့မယ်။ သွားမယ်နော် ဦးလေး"

ရထားက အချက်ပေးဥသြဆွဲကာ သက်နိုးကျွန်းဘူတာထဲမှ ထွက်သည်။ သို့ရာတွင် ဝါဝါသည် ရထားကို ဆက်မစီးတော့ပါ။ ခြင်းတောင်းကလေးကို ဆွဲပြီး အရှိန်ယူစပြုနေသော ရထားပေါ်မှ ခုန်ဆင်းကျန်နေရစ်ခဲ့သည်။ ကျွန်တော်သည် မန္တလေးတွင် ရထားထွက်ခါနီးမှာ ကဇန်းကတမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးတက်လာခဲ့ပြီး ရန်ကုန်အဝင်ဝတွင် ရထားပေါ်မှ ခုန်ဆင်းကျန်ရစ်ခဲ့သော ဝါဝါဆိုသည့် မိန်းကလေးတစ်ယောက်အကြောင်းကို စဉ်းစားရင်း မေးခွန်းများစွာကို မေးနေမိသည်။

(ကလျာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉၅)

* * *

# အိပ်မက်တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်တိုင်းပြည်

တော်ဗီကို ဘယ်နှစ်ကြိမ်ထုရိုက် ပြင်ဆင်ပြီး အင်ဂျင်ကို ဘယ်နှစ်ကြိမ် ဖြုတ်ပြင်တပ်ဆင်ထားပြီကို မသိနိုင်သည့် စစ်လက်ကျန် ဂျစ်ကားကလေး သည် ပြောင်ချောနေသည့် ကတ္တရာလမ်းအတိုင်း ပြေးလာရာမှ မြို့မြောက် ဘက်သို့ မြေလမ်းခွဲကလေးတစ်ခုသို့ ချိုးဆင်းလိုက်သည်။ မြေလမ်းဆိုသည် ထက် ဖုန်လမ်းဆိုလျှင် ပို၍ မှန်ပေလိမ့်မည်။ ဖုန်မှုန့်၏ အရောင်မှာ ဖြူ ပြာပြာအရောင်သန်းနေပြီး အမှုန်များမှာလည်း ပေါင်ဒါမှုန့်လို ညက်[illegible] နေသည်။ ကားပေါ်တွင် ထိုင်လိုက်လာသူတို့မှာ ကားနောက်က ဖုန်လုံး ကြီးတွေ လိပ်ဝင်လာသဖြင့် ခေါင်းတွေ တဟွတ်ဟွတ်ဆိုးကာ မျက်ခုံးမွှေး တွေ၊ မျက်တောင်တွေ၊ ဆံပင်တွေအားလုံး ဖြူဖွေးနေသည်။ အဝတ်အစား များမှာလည်း ဖုန်နုနုတွေတက်ပြီး လက်ဖြင့် တောက်လိုက်သည်နှင့် ဖုန် တွေတထောင်းထောင်း ထွက်လာသည်။

လမ်းဘေးမှ ချုံနွယ်ကလေးများမှာလည်း ညှိုးလျော်ခြောက်သွေ့[illegible] အရောင်အဆင်း ကင်းမဲ့နေကြ၏။ သစ်ပင် စိမ်းမြမြအရောင်အသွေး[illegible]





တစ်စက်ကလေးမျှ မရှိ။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ဆိုလို့ တစ်ပင်တစ်လေမှ မတွေ့ရ။ မျှော်ကြည့်လိုက်လျှင် ဖြူပြာရောင် သန်းနေ သော မြူတို့ဆိုင်းနေသော မိုးကုပ်စက်ဝိုင်းကိုသာ မြင်ရသည်။ မြေကြီးနှင့် ကောင်းကင်ကြားတွင် မျဉ်းကြောင်းတစ်ကြောင်း ဆွဲထားသလို ဖြစ်နေသော မိုးကုပ်စက်ဝိုင်းအစပ်ကိုသာ မြင်ရသည်။

ဘေးတစ်ဖက်တစ်ချက်တွင် ယာခင်းများဖြစ်သော်လည်း ယာတွေ ရိတ် သိမ်းပြီးချိန်ဖြစ်သဖြင့် ဝါရော်သော မြက်ပင်ကလေးများသာ ရှိသည်။

သူ ငယ်ငယ်တုန်းက သည်လမ်းကို မကြာခဏ သွားခဲ့ဖူးသည်ကို သူပြန်၍ သတိရသည်။ အမေနှင့် မြို့ကလေးမှ ငါးရက်ဈေးသို့ လိုက်သွား ရသည့် မနက်ခင်းများတွင် သူတို့သားအမိနှစ်ယောက်သည် မြို့သို့ ထွက် သော ဈေးလှည်းပေါ်တွင် ပစ္စည်းတွေကိုတင်ကာ သူတို့သားအမိနှစ်ယောက် က နောက်မှ ခြေကျင်လိုက်ကြရခြင်း ဖြစ်သည်။ သူတို့ရွာကထွက်သော ဈေးလှည်းမှာ မြို့မှ ငါးရက်ဈေးသို့ သွားရောင်းမည့် ကုန်များကိုတင်သော ဈေးလှည်းဖြစ်ပြီး ရွာမှ ဈေးသည်များ စုပေါင်းငှားကြခြင်း ဖြစ်သည်။

လှည်းပေါ်တွင် ခံတောင်းတွေ၊ အထုပ်အပိုးတွေကိုတင်ပြီး ဈေးသည် တွေက စကားတပြောပြောဖြင့် ခြေကျင်လိုက်ကြရသည်။ လှည်းပေါ်တွင် ပါလာသည့် ကုန်များမှာ သူတို့ရွာတစ်ဝိုက်က ထွက်သည့် ကုန်များဖြစ်သည်။ အများအားဖြင့်တော့ ငရုတ်သီးစိမ်း၊ ငရုတ်သီးခြောက် စသည့်ကုန်များဖြစ်သည်။ ထိုအထဲတွင် သနပ်ခါးတုံး၊ ဆီးသီးခြောက်၊ သီးသီး၊ ဥသျှစ်သီး [illegible] စသည်တို့ နည်းနည်းပါးပါး ပါလာတတ်သေးသည်။ သူတို့ရွာတစ်ဝိုက်သည် ငရုတ်စိုက်သည့်နေရာဖြစ်သဖြင့် အများအားဖြင့်တော့ ငရုတ်သီးခြောက်များ သာ ဖြစ်သည်။ အမေသည် အဖေ၏ ယာမှထွက်သော ငရုတ်သီးများကို နောက်တစ်နှစ် ငရုတ်ရာသီမပေါ်မီအထိ ရောင်းနိုင်အောင် အခြောက်လှမ်း ပြီး သူတို့အိမ်နောက်ဖေးက မြေမံထားသည့် ပုတ်ကြီးထဲတွင် [illegible] လှော့ရှိသည်။ မြို့ငါးရက်ဈေးဖိတ်နေ့ရောက်သည်နှင့် အမေသည် ငရုတ် သီးခြောက်တွေကိုထုတ်၊ ရေဖြန်းပြီး နေနည်းနည်းပြသည်။ [illegible]နောက် ခံတောင်းကြီး သုံးလေးလုံးဖြင့် အသင့်ပြင်ထားပြီး မနက်လင်းသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဈေးလှည်းပေါ်သို့ တင်ပြီးသွားနေကျ ဖြစ်သည်။

ကျောင်းပိတ်ရက်များနှင့် ကြုံလျှင် သူသည် အမေနှင့်အတူ မြို့က ငါးရက်ဈေးသို့ ဇရုတ်သီးလိုက်ရောင်းရသည်။

နောက်တော့ သူ မြို့ကျောင်းမှာ သွားနေသည်။ အဖေက သူ့သားကို သူ့လို ကိုင်းသမား၊ ယာသမား မဖြစ်စေချင်။ သူတို့အမျိုးထဲတွင် အင်္ဂလိပ်စာတတ်သူ တစ်ယောက်မျှ မရှိသဖြင့် အင်္ဂလိပ်ကျောင်းမှာ သွား၍ထားသည်။ မြို့တွင် အဖေ့ဘက်မှတော်သည့် အဒေါ်တစ်ယောက်ရှိသည်။ အဒေါ်က မြို့မှာ ရက်ကန်းစက်ပိုင်ရှင်ဖြစ်သဖြင့် သူ့အိမ်မှာ သွားထားခြင်း ဖြစ်သည်။ အဒေါ်ကလည်း သူတို့အိမ်တွင် လက်တိုလက်တောင်းခိုင်းစရာ ကောင်လေးတစ်ယောက်ရသည်နှင့် အတော်ဖြစ်သွားကာ သူ့ကို ကျောင်းထားပေးသည်။ အဖေတို့၊ အမေတို့က ဇရုတ်သီးကလေးအစ၊ ဆီးသီးကလေးအစ၊ ယုန်သား၊ ခါသားကလေးအစ အိမ်မှာစားဖို့ သောက်ဖို့ ပို့ပေးသည်။

သူကျောင်းသားတုန်းက စာတော်သည်ဟု သူ့ကို ပြောကြသည်။ ဆရာကြီးက သူ့ကို သချာတော်သည်ဟုဆိုကာ ဂရုတစိုက် သင်ပေးသည်။ စာမေးပွဲနားနီးလျှင် အိမ်မှာပင် ခေါ်သင်ပေးလိုက်သေးသည်။ သည်လိုနှင့် မက်ထရစ်အောင်သောအခါတွင် သူသည် မြန်မာပြည်တစ်ပြည်လုံးတွင် ဒုတိယရသည်။ ဆရာကြီးက သူ့ကျောင်းအတွက် ဂုဏ်ယူသည်။ အဖေသည် သူ့ကို ကြေးနန်းစာ ဖတ်တတ်ရုံလောက်၊ စာရေးစာချီဖြစ်ရုံလောက်သာ မှန်းထားသော်လည်း မြန်မာပြည်တစ်ပြည်လုံးတွင် ဒုတိယရသည်ဆိုသောအခါ အံ့ဩသွားသည်။ ဝမ်းလည်း ဝမ်းသာသွားသည်။ ရည်ရွယ်တုန်းက ဆယ်တန်းလောက်တတ်လျှင် တော်လောက်ပြီဟု ရည်ရွယ်ခဲ့သော်လည်း ဆရာကြီးနှင့်တစ်ကွ ဆွေမျိုးသားချင်းများကပါ သူ့ကို ကျောင်းဆက်အထားနိုင်းသည်။ ဆရာကြီးက စကောလားရှစ်ဖြစ်စေ၊ စတိုင်ပင်ထောက်ပံ့ကြေးဖြစ်စေ ရအောင်သူကြိုးစားပေးမည်ဟု ဆိုသည်။

သို့ဖြစ်၍ သူ ရန်ကုန်တက္ကသိုလ်သို့ ရောက်လာခဲ့သည်။ စာကြိုးစားသဖြင့် တစ်ကြောင်း၊ သူကလည်း ဝါသနာပါသည့်အတွက်ကြောင့်တစ်ကြောင်း ရူပဗေဒဂုဏ်ထူးဖြင့် သိပ္ပံဘွဲ့ရခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှာ





လုပ်ရင်း အစိုးရပညာတော်သင်အဖြစ် အရွေးခံရပြီး သူ နိုင်ငံခြားတက္ကသိုလ်တစ်ခုသို့ ရောက်သွားခဲ့သည်။ နိုင်ငံခြားတက္ကသိုလ်တွင်ရှိနေစဉ် နိုင်ငံခြားသူတစ်ယောက်နှင့် သူလက်ထပ်ခဲ့သည်။ မြန်မာပြည်သို့ ပြန်လာသည့်အခါတွင် သူ့ နိုင်ငံခြားသူ ဇနီးလည်း ပါလာခဲ့သည်။ ရန်ကုန်တက္ကသိုလ်ထဲတွင် ငါးနှစ်အမှုထမ်းပြီးနောက် သူ နိုင်ငံခြားသို့ နောက်တစ်ခေါက်ထွက်သွားသည်။

သည်တစ်ခေါက်တွင်မူ သူသည် ကျောင်းသားမဟုတ်တော့။ နိုင်ငံခြားတက္ကသိုလ်များ၊ နိုင်ငံတကာ အဖွဲ့ကြီးများတွင် ဝင်၍ အလုပ်လုပ်သည်။ ထိုအလုပ်များဖြင့် နိုင်ငံပေါင်းစုံသို့ ရောက်ခဲ့သည်။ နိုင်ငံသားအဖြစ်ကို စွန့်လွှတ်လိုက်ကာ နိုင်ငံခြားသား တိုင်းတစ်ပါးသားအဖြစ် ခံယူသည်။

သူသည် ကမ္ဘာ့အဖွဲ့အစည်းကြီး၏ အမှုထမ်းတစ်ဦးအဖြစ် နိုင်ငံပေါင်းစုံ၊ မြို့တော်ပေါင်းစုံသို့ ရောက်ခဲ့ဖူးသည်။ လန်ဒန်၊ နယူးယောက်၊ မက္ကစီကိုစီတီး၊ ဘာလင်၊ ရောမ၊ စတော့ဟုမ်း၊ အမ်စတာဒမ်၊ မော်စကို၊ အေသင်၊ တိုကျို၊ ဒေလီ၊ အန်ကာရာ၊ ဘေရွတ်၊ အော်စလို။

ပင်စင်ယူပြီးသည့်နောက်တွင်တော့ သည်ဇနီး၊ သားသမီးနှင့် မြေးများရှိရာ နိုင်ငံခြားတွင် အခြေချသည်။

ဘာလိုလိုနှင့် မြန်မာပြည်မှ သူထွက်သွားခဲ့သည်မှာ အနှစ်သုံးဆယ်ကျော်သွားပြီကော။ ရွာမှ ထွက်သွားသည်ကမူ ထို့ထက်ပင် ကြာလေပြီ။

*

"ဗိုးရာပြည့်ကတော့ တော်တော် အံ့ဩသွားမှာပဲ"

ဂျစ်ကားမောင်းလာသည့် ညီအစ်ကိုဝမ်းကွဲ ကိုဘသောင်က ပြောသည်။ ကိုဘသောင်မှာ သူငယ်ငယ်တုန်းက ကျောင်းသွားနေသည့် အဒေါ်၏ သားဖြစ်သည်။ သူနှင့် ကိုဘသောင်သည် မတိမ်းမယိမ်း။ တစ်နှစ်[illegible] ကွာမည်ထင်သည်။ ညီအစ်ကိုဝမ်းကွဲ မတိမ်းမယိမ်းဖြစ်သဖြင့် [illegible] ပြောကြသည်။

"ခုလည်း အချိန်ရဘူးကွ။ ဗီဆာက မနက်ဖြန်[illegible] မနက်ဆိုရင် ဘန်ကောက်ကို ပြန်ထွက်ရမှာ။ ဗိုးရာပြည့်[illegible] ကျွန်းမာရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား"

သူက အဖေ့ကို ဆွေမျိုးတွေခေါ်သလို ဖိုးရာပြည့်ဟုပင် ခေါ်သည်။ အဖေ့ရှေ့တွင်တော့ ဘယ်သူကမှ ဖိုးရာပြည့်ဟု မခေါ်ကြပါ။ ဘိုးပြည့်၊ အဘပြည့်၊ ဦးကြီးပြည့်၊ ဦးလေးပြည့်စသဖြင့်ခေါ်သူ၏ အသက်အရွယ်ကို လိုက်၍ ခေါ်ကြသည်။ သို့ရာတွင် ကွယ်ရာတွင်မူ ဖိုးရာပြည့်ဟုပင် ခေါ်ကြသည်။

"ကျန်းတော့ ကျန်းမာပါတယ်။ ဒါပေမဲ့ အိပ်ရာက သိပ်တော့ မထနိုင်တော့ဘူးကွ။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက ချော်လဲကတည်းက မထတော့တာပဲ။ ကိုယ်တစ်ပိုင်း သေသလို ဖြစ်သွားတာပေါ့။ ရောဂါကြောင့် လေဖြတ်လို့ ကိုယ်တစ်ပိုင်းသေတာမျိုးတော့ မဟုတ်ပါဘူး။ လဲပြီး အရိုးကျိုးသွားကတည်းက မထနိုင်တော့ဘဲ ဖြစ်သွားတာ။ အရိုးပြန်ဆက်သွားတော့လည်း မထနိုင်တော့ဘူး။ ဒီအသက်အရွယ်မှာ ဒီလောက်တော့လည်း ရှိမှာပေါ့ကွာ။ အသက်က နည်းတာမှ မဟုတ်တာ။ တို့အမေမယ်ဖွားတုတ်ထက်တောင် ကြီးသေးတာ။ ခုလောက်ဆို ၉၀ ကျော်ရော့ပေါ့"

"အင်း ... ဟုတ်ယ်။ ၉၄ လောက်တော့ ရှိပြီထင်တယ်"

သူက အဖေ့အသက်ကို စဉ်းစား၍ ဖြေသည်။ သူတောင် ၆၀ တော်တော် စွန်းပြီဆိုတော့ အဖေ့အသက်သည် ၉၄-၉၅လောက်တော့ ရှိလောက်ပြီထင်သည်။ ဟုတ်သည်။ အဖေသည် ၁၉၀၀ ပြည့်ဟု သူမှတ်မိနေသည်။ အဖေသည် နှစ်ဆယ်ရာစုနှစ်ကြီးနှင့်အတူ မွေးဖွားလာခဲ့သူဖြစ်သည်။ ယခု နှစ်ဆယ်ရာစုပင် ကုန်တော့မည်။

"၉၄ နှစ်မှာ ဒီလောက်ကျန်းမာတာ အရှားသားပဲကွ။ ဒါကြောင့် အသက်နဲ့စာရင် ကျန်းမာတယ်လို့ ပြောတာပေါ့။ ဆေးရုံကို တစ်ခါမှ မသွားဖူးဘူး။ ဆေးတို့ ဘာတို့လည်း ဘာမှ မသောက်ဖူးဘူး။ ဆေးလည်း တစ်ခါမှ မထိုးဖူးဘူး။ ကော်ဖီတို့၊ အိုဗာတင်းတို့၊ ဟောလစ်တို့ဆိုတာလည်း တစ်ခါမှ မသောက်ဖူးဘူး။ ချော်လဲလို့ တင်ပါးဆုံရိုး ကျိုးသွားတော့လည်း ထန်းပင်ကုန်းက ဆေးဆရာနဲ့ကု၊ သူပဲ ကြပ်စည်းပေးပြီး ပျောက်သွားတာပဲ။ အရိုးကတော့ သိပ်တည့်တည့်မဆက်မိဘူးပေါ့ကွာ။ နည်းနည်းလွဲနေတာပေါ့။



ဒီတော့ လမ်းလျှောက်ရတာ အခက်အခဲ ရှိတာပေါ့။ ဒီတော့ ဖိုးရာပြည့်က ဘာပြောတယ်မှတ်သလဲ။ လမ်းလျှောက်ရတာ ခက်ရင်လည်း မလျှောက်ဘဲ နေလိုက်ရုံပေါ့ကွာတဲ့။ ဖိုးရာပြည့်တို့များ နေနိုင်လိုက်ပုံတော့ မပြောနဲ့၊ ဟိုးလွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ငါနဲ့ သားတွေ ပဋ္ဌင်းတက်ကြလို့ တို့မြို့မှာ အလှူကြီးလုပ်တယ်။ မလာဘူး။ ငါ ဘယ်မှာ ခရီးသွားဖူးလို့လဲတဲ့။ ငယ်ငယ်ကတောင် မင်းတို့မြို့ကို မရောက်တာ သေခါနီးတော့ သာပြီး ခရီးမသွားချင်သေးတယ်တဲ့။ မလာဘူး မောင်ရာ။ ခု အသက် ၉၀ ကျော်လို့ ၁၀၀ နားသာကပ်လာပေမယ့် မင့်အဖေ ဖိုးရာပြည့် ဘယ်ကိုသွားဖူးလို့တုံး။ သူ့အိမ်ရယ်၊ ရေတ်ခင်းရယ် ဒါပဲသွားဖူးတာ မဟုတ်လား။ မင်းတို့ငယ်ငယ်က ငါးရက်ဈေး ရေတ်သီးလာရောင်းတော့လည်း မင့်အမေ မယ်ရွှေရင်ပဲ လာရောင်းတာမဟုတ်လား။ ငါသိသလောက်တော့ ဖိုးရာပြည့် သူ့ရွာက တခြားရွာကိုသွားတာဆိုလို့ တစ်ခါမှ တွေ့လည်း မတွေ့ဖူးဘူး။ ကြားလည်း မကြားဖူးဘူး။ အသက်သာ ၉၀ ကျော်ရော။ "နေပူကုန်း"မှာပဲ နေတာပဲ"

"နေပူကုန်း"ဆိုသော သူ့ရွာ၏ အမည်သည် ကာလကြာရှည်စွာ မေ့နေသော စိတ္တက ဂါထာတစ်ပုဒ်လို သူ့ခေါင်းထဲသို့ ရုတ်တရက် ရောက်လာသည်။ သူတို့ရွာသည် ဘယ်တုန်းက တည်ခဲ့သည့်ရွာမှန်းမသိ။ အချို့က ပြောတော့ ဂေါတမဘုရားရှင် သုနာပရန္တတိုင်းသို့ ဒေသစာရီကြွချီစဉ်ကတည်းက ရှိခဲ့သည်ဆိုကြသည်။ အချို့က အနော်ရထာလက်ထက်ဟု ဆိုကြသည်။ အချို့က အလောင်းဘုရားလက်ထက်ဟု ဆိုကြသည်။ အချို့က မြန်မာပြည်ကို ဗြိတိသျှတို့ သိမ်းပြီးမှဟု ဆိုကြသည်။ သူတို့ရွာ နေပူကုန်းနှင့် ပတ်သက်သည့် သမိုင်းအထောက်အထားဆို၍ ဘာမျှမရှိ။ ပါးစပ်ရာဇဝင်သာ ရှိသည်။ ပါးစပ်ရာဇဝင်ကလည်း အမျိုးမျိုးဖြစ်နေသည်။

"ဟို ရှေ့ညာဘက်က ပျပျမြင်ရတာက ဘာရွာလဲကွ။ ထန်းပင်ကုန်းလား"

သူက မှတ်မိသလောက်အမည်ကို ကောက်ရွတ်၍ မေးသည်။

"မဟုတ်ဘူးကွ။ ထန်းပင်ကုန်းက လိုသေးတယ်။ အဲဒါက ခံတက်ကုန်း၊ ဒီဘက်က မန်ကျည်းကုန်း၊ ဟိုညာဘက်က ဘုရားဖြူဖြူကလေးနဲ့ဟာက

www.burmeseclassic.com

www.burmeseclassic.com



ထိန်ပင်ကုန်း။ အဲဒီ ဟိုဘက်က လက်ပံကုန်း"

"ရွာနာမည်တွေက ကုန်းတွေချည်းပဲနော်"

"ကုန်းခြောက်ကလေးတွေ ကမူကလေးတွေပေါ်မှာ တည်ထားလို့ ဖြစ်မှာပေါ့။ တို့နယ်က ချပ်ကြားကလေးတွေ လျှိုကလေးတွေက များတယ် မဟုတ်လား။ ပြီးတော့ ရိုးကလေးတွေကလည်း အများကြီး"

ကုန်းခြောက်၊ ကမူ၊ ချပ်ကြား၊ လျှို၊ ရိုး ...။ ဩော် ... ဩော်။ ဟုတ်ပြီ။ ဟုတ်ပြီ။ ထိုဝေါဟာရတွေကို သူမပြောခဲ့။ မကြားခဲ့ရသည်မှာ တော်တော်ကို ကြာသွားပြီ။

"ဟော ဟိုရှေ့နားမှာ နဂါးပွက်အိုင်ရှိတယ်ကွ။ တို့နေပူကုန်းတစ်ပိုင်မှာ ရေရှိတဲ့နေရာဆိုလို့ အဲဒီ နားဂါးပွက်အိုင်တစ်နေရာပဲ ရှိတယ်"

သူ ရေးရေးမှတ်မိသလိုလို ရှိသည်။ သူတို့တစ်တွေ ငယ်ငယ်တုန်းက အမေနှင့် မြို့က ငါးရက်ဈေးသို့သွားလျှင် နဂါးပွက်အိုင်အနီးမှ ဖြတ်သွားရသည်။ သူမှတ်မိသလောက်ဆိုလျှင် နဂါးပွက်အိုင်ဆိုသည်မှာ ဖျာတစ်ချပ်စာလောက်ရှိသည့် မြေနီကုန်းမို့မို့ကလေးတစ်ခုဖြစ်ပြီး ထိုကုန်းဘေးပတ်လည်တွင် ပွက်ခနဲ ပွက်ခနဲ ရေမှုန်မှုန်ထပွက်နေသည်။ ကုန်းမို့မို့သည် ကလေးငယ်ထိပ်လို လှုပ်စိ လှုပ်စိဖြစ်နေသည်။ ပိန်သွားလိုက်၊ ဖောင်းသွားလိုက်နှင့်။ ထိုကုန်းပေါ်သို့တက်လျှင် ကျွံကျသည်ဟု ငယ်ငယ်က ကြားရသည်။ နွားကြီးတစ်ကောင်သွား၍ ရေသောက်ရာ ကျွံကျသဖြင့် ကိုင်း၍ ဆွဲတင်ရသည်ကိုတော့ ရေးရေးမှတ်မိသည်။

ကားက ချိုင့်တွေ၊ ကျင်းတွေထဲ ဖြတ်မောင်းသဖြင့် တဂျုန်းဂျုန်းမြည်နေသည်။

"ခုကော ရေတို့ဘာတို့ အဝေးကြီး ခပ်ရသေးသလား"

"အရင်တုန်းကလိုပါပဲကွာ။ ညောင်လန်းကုန်း ဘုန်းကြီးကျောင်းကန်ကို သွားခပ်ရတုန်းပါပဲ။ ရေစည်တိုက်ရတာပေါ့။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်တုန်းကတော့ ဒီနားတစ်ဝိုက်မှာ ဆည်တစ်ခု ပိတ်မယ်လို့ တိုင်းတာသွားကြဖူးတယ်။ ဒါပေမဲ့ ခုထက်ထိတော့ အကောင်အထည် မပေါ်သေးဘူး"

သူ ငယ်ငယ်တုန်းက ရေစည်သွားတိုက်ရသည်ကို သူ ရေးရေး မှတ်မိ





လာသည်။ အနည်းဆုံး လေးငါးမိုင်လောက်တော့ ဝေးမည်။

"ဟော ... ဟော ... ဟိုရှေ့ကဟာ နဂါးပွက်အိုင်ပဲ"

သူ့အစ်ကိုဝမ်းကွဲက ဂျစ်ကားကို ထိုးရပ်ပြီး လက်ညှိုးထိုးပြသည်။ သူ့စိတ်ထဲတွင် ကြည့်ချင်လာသဖြင့် ကားပေါ်မှဆင်းပြီး နဂါးပွက်အိုင်ဆိုသည့်နေရာကို သွားကြည့်သည်။ ဖျာတစ်ချပ်စာလောက်ရှိသည့် ကုန်းမြေနီပျော့ပျော့ကလေးတစ်ခု။ သူ့ဘေးပတ်ပတ်လည်မှ ရေက နုရီစည်းချက်မှန်မှန်ဖြင့် ထပွက်နေသည်။

"ဒီနားတစ်ဝိုက်မှာ ရေဆိုလို့ ဒါပဲရှိတာမဟုတ်လား။ နွားတွေက ရေငတ်တော့ ခဏခဏ နွံထဲနစ်နစ်နေလို့ ခြံစည်းရိုး ကာထားတာ"

နောက်က ဆင်းလိုက်လာသော သူ့အစ်ကိုဝမ်းကွဲက ပြောသည်။ ကုန်းမြေမို့မို့ကလေး ဘေးပတ်ပတ်လည်တွင် ခနော်နီခနော်နဲ့ တိုင်ကလေးတွေ စိုက်ထားပြီး ဆူးခတ်တွေ ကာထားသည်။ ဟာလာဟင်းလင်း လွင်တီးခေါင်ကြီးထဲတွင် ထူးထူးခြားခြား ကြည့်စရာဆို၍ သည်တစ်ခုသာရှိသည်။

ဂျစ်ကားကလေးသည် လွင်တီးခေါင်ကြီးထဲက ဖုန်ထူချိုင့်ပေါသည့် လမ်းတစ်လျှောက် နာရီဝက်ခန့် ဆက်မောင်းလာခဲ့သည့်အခါတွင် ထင်းခုတ်ပြန်လာသည့် လှည်းများကို တွေ့ရသည်။ ဘိုင်စကယ်ဖြင့် မြို့ဘက်သို့ သွားနေသူများကိုလည်း မြင်ရသည်။

"ရှေ့ကရွာက နေပူကုန်းလား"

"မဟုတ်သေးဘူးကွ။ အုန္နဲကုန်း၊ တစ်ဝက်ပဲ ရှိသေးတယ်။ စက်ဘီးနဲ့လာတဲ့ ခရီးသည်တွေ ဒီမှာ နားကြတာပေါ့"

လမ်းမကြီးသည် အုန္နဲကုန်းရွာလယ်ကို ဖြတ်သွားသည်။ ရွာလယ်တွင် ဆိုင်ကလေးတစ်ဆိုင်ရှိသည်။ လက်ဖက်ရည်ဆိုင်ဖြစ်သော်လည်း တိုက်ဂါးဘီယာဘူးလေးငါးဘူးနှင့် ငါးသုံးလုံး စီးကရက်ဘူးတစ်ချို့၊ လက်ကီးစရိုက်ဒ်းကရက်ဘူးတချို့နှင့် ပက်စီပုလင်းအချို့ကို မြင်ရသည်။ ခေတ်သစ်ကမ္ဘာကြီး၏ အရိပ်အရောင်ဆို၍ ထိုမျှသာရှိသည်။

"အချိုရည်ကလေးဘာလေး သောက်ဦးမလား"ဟု အစ်ကိုဝမ်းကွဲက



www.burmeseclassic.com

www.burmeseclassic.com



မေးသည်။

သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ဖြည်းညင်းစွာ ယမ်းပြသည်။ သူ့အစ်ကိုဝမ်းကွဲက ရွာမှ လူများကို ကားမောင်းရင်း နှုတ်ဆက်သွားသည်။ "ဖိုးရာပြည့်ရဲ့သားအကြီးလေ။ ရွာကို လိုက်ပို့တာ"ဟု အော်သွားသည်။ သို့ရာတွင် ဘယ်သူကမှ သူ့ကို စိတ်ဝင်စားဟန် မပြကြ။ သိကျွမ်းဟန်လည်း မတူ။

"နောက်ပေါက်တွေကိုးကွ။ မင်းကို ဘယ်သိကြတော့မလဲ။ ဖိုးရာပြည့်ကိုတော့ သိကြတာပေါ့"

စိတ်ထဲတွင် ဖြစ်ပျက်နေသည်ကို သိသည့်နှယ် သူ့အစ်ကိုဝမ်းကွဲက ပြောသည်။

"ငါနဲ့ရွယ်တူတွေ သိပ်ကျန်တော့မှာ မဟုတ်ဘူးထင်တယ်။ ဟို ဟို မြောက်ပိုင်းက မမယ်ဆင့်သားဟာလေကွာ။ သောင်းရွှေလား၊ သောင်းဇွေလား။ တို့နဲ့ ရွာဦးကျောင်းမှာ ငွေသီးသွားသွားပစ်ကြတာလေ"

"သောင်းရွှေကွ။ ကိုယ်ပျက်ပြီး သေတာ ကြာလှပြီ။ တို့နဲ့ ရွယ်တူဆိုလို့ ရွာမှာ တစ်ယောက်မှ မရှိတော့ဘူး။ တောက လူတွေက ငယ်ငယ်နဲ့သေသွားကြတာပဲကွ။ တချို့ကလည်း တစ်ရပ်တစ်ကျေးကို ပြောင်းသွားကြပြီ။ ငါသာ ငါ့အမေ့မယ်ဖွားတုတ်ရဲ့ လက်ငုတ်ကလေးတွေလည်းရှိလို့ မြို့နဲ့လည်းနီးနေလို့ ပြန်ပြန်ရောက်နေတာ။ ဘယ်သူမှ မရှိကြတော့ဘူး။ နောက်ပေါက်တွေချည်းပဲ။ ဒီရွာက ဘယ်မှ မသွားတဲ့သူ။ အသက်ရှည်တဲ့သူဆိုလို့ ဖိုးရာပြည့်ပဲ ရှိတော့တယ်။ ဒါကြောင့် သူကတော့ ဒီရွာနီးချုပ်စပ်မှာ မသိတဲ့လူ မရှိဘူး။ တကယ့် နေပူကုန်းသားစစ်စစ်။ ဇာတိသားစစ်စစ်"

သူသည် ဘာမျှ မပြောတော့ဘဲ သူ့အဖေ ဖိုးရာပြည့်၏ ငယ်ငယ်ကရုပ်ပုံကို စိတ်ထဲတွင် ပြန်၍ စဉ်းစားနေသည်။ အဖေနှင့်အမေသည် နေပူကုန်းဇာတိစစ်တွေ ဖြစ်ကြသည်။ သူ့အဖေ၏ အဖေ သူ့အဘိုးသည် မြန်မာဘုရင်လက်ထက်က သွေးသောက်ကြီးဖြစ်သည်ဟု ပြောသံကြားဖူးသည်။ ပါတော်မူသည့်အခါတွင် တပ်မှထွက်ပြေးလာပြီး နေပူကုန်းသို့ ရောက်လာကာ နေပူကုန်းအနီးတစ်ဝိုက် ရွာတစ်ရွာမှ သူ့အဘွားနှင့် အကြောင်းပါ၍





တောင်ယာလုပ်သည်။ သူ့အဘိုးသည် ရွာတွင် ကြီးပွားလာကာ ကုန်အရောင်းအဝယ်လုပ်ရင်း မြန်မာပြည် အကြေအညာသို့ ခရီးသွားဖူးသည်ဟု ဆိုသည်။ သူ့အဖေကျတော့ နေပူကုန်းမှာမွေးပြီး နေပူကုန်းမှာပင် နေနေသည်။ သူ့ကျတော့ နိုင်ငံခြားမှာပင် အခြေကျနေသည်။ သူ့အဘိုး၏ ခရီးသွားလိုသည့် ဗီဇသည် သူ့လက်ထက်တွင် ပြန်ပေါ်လာသလားတော့ မပြောတတ်။

"အဲ ... ရှေ့က နေပူကုန်းပဲ"

ပထမ မွဲခြောက်ခြောက်ဖြစ်နေသော မန်ကျည်းပင်အုပ်အုပ်ကို မြင်ရသည်။ မဟာရံတံတိုင်းဖြူဖြူနှင့် ရွာဦးစေတီ၊ ဘုန်းကြီးကျောင်း။ ဖုန်တွေအလိမ်းလိမ်းကပ်သဖြင့် အစိမ်းရောင်မပေါ်တော့သော တဖောင်းပြဿဒ်ပင်တန်းများ၊ ထို့နောက် အိမ်များ။ တချို့က သွပ်မိုးနှင့်။ အချို့က ထန်းလက်မိုးနှင့် ရက်ကန်းသံများကို ခပ်ဝေးဝေးမှ ကြားရသည်။ မြို့မှ သူထွက်လာတုန်းက မနက် ၈ နာရီ။ ယခု ဆယ်နာရီကျော်နေလေပြီ။ တကယ်တော့ သည်ခရီးသည် နှစ်နာရီကျော်အောင် သွားရမည့်ခရီးမဟုတ်။ မြို့တော်ကြီးများတွင်သာဆိုလျှင် အလွန်ဆုံး နာရီဝက်နှင့် ရောက်နိုင်သည်။

သူတို့ဂျစ်ကားကလေးသည် ရွာလယ်လမ်းမအတိုင်း ဝင်လာခဲ့သည်။ သူငယ်ငယ်တုန်းကလိုပင် အိမ်ရှေ့ခြံစည်းရိုးမှာ တဖောင်း ပြဿဒ်ပင်များဖြစ်သည်။ အချို့အိမ်များမှာမူ ဝါဝင်းထရုံကာထားသည်။ ယင်းတို့မှာ အတော်အတန် တတ်နိုင်သည့်အိမ်မှာဖြစ်ဟန် တူသည်။ ရက်ကန်းစက်မောင်းသော မော်တာသံကို ကြားရသည်။

"ဖိုးရာပြည့်သားကြီး လာပို့တာဟေ့"

အစ်ကိုဝမ်းကွဲက သူ့ကို နှုတ်ဆက်သော အသိမိတ်ဆွေများကို ပြန်၍ အော်သည်။ သူတို့သည်။ သူ့ကို အထူးအဆန်းသဖွယ် လှမ်းကြည့်ကြသော်လည်း စိတ်ဝင်စားဟန်၊ လိုက်လှဲဖော်ရွေဟန် မပြကြ။ သူ့အစ်ကိုဝမ်းကွဲကိုသာ တရင်းတနှီး နှုတ်ဆက်ကြသည်။ သူတို့၏ ရင်းနှီးသော ဖော်ရွေသော အကြည့်များသည် သူ့အစ်ကိုထံမှ သူ့ဆီသို့ ရောက်လာသည်နှင့် အေးစက်ဝေးကွာသွားကြသည်ဟု သူ ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားသည် ဝင်းတံခါးတိုင်မြင့်မြင့်ကြီး နှစ်တိုင်စိုက်ထားသော ဝင်းထဲသို့ ဝင်လိုက်သည်။ သူငယ်ငယ်ကနေခဲ့သည့်အိမ်။ အရင်လိုပါပဲ။ ဘာမျှ ပြောင်းလဲခြင်းမရှိ။ သွပ်မိုးသည်ပင်လျှင် သူငယ်ငယ်က သွပ်မိုးပင် ထင်သည်။ တောက်ပပြောင်လက်ခြင်းမရှိ။ ပျဉ်ထောင်အိမ်တွင် ရေနံသုတ်ထားခြင်းမရှိ။ ဖြူရော်လျက်။ အိမ်ဝင်းထဲအဝင်တွင် ရာဝင်အိုးကြီးတွေ လေးငါးခြောက်လုံးကို တွေ့ရသည်။ ရေလှောင်ထားသည့် အိုးကြီးများဟု နောင်တွင်မှ သိရသည်။ အိမ်ဝင်းထဲတွင် သူငယ်ငယ်က မရှိခဲ့သော ဆယ့်နှစ်ရာသီပင် သုံးလေးပင်နှင့် တရုတ်မန်ကျည်းပင်နှစ်ပင် သုံးပင်ကို တွေ့ရသည်။ နောက်ဘက်နားတွင် အသစ်ဆောက်ထားဟန်တူသည် ရုံကြီး တစ်ရုံကို တွေ့ရသည်။ နောက်မှတည်သည့် ဆီစက်ကလေးဖြစ်သည်ဟု ဆိုသည်။

"ဟဲ့ … တိုးတိုးတို့၊ မိုးမိုးတို့၊ နင်တို့ဦးကြီး နိုင်ငံခြားသားကြီး လာတယ်"

သူ့ကို ကြောင်ကြည့်နေသည့် နှစ်ဆယ်ကျော် အစိတ်အရွယ် ကောင်မလေးနှစ်ယောက်ကို သူ့အစ်ကိုဝမ်းကွဲက လှမ်းအော်သည်။

"ထင်တော့ထင်သားပဲ။ တူပါတယ်လို့ ကြည့်နေတာ"

"အမယ် … ဘယ်တုန်းက မြင်ဖူးလို့လဲ။ နင့်ကို မမွေးခင်ကတည်းက နိုင်ငံခြားရောက်နေတဲ့လူကို"

အစ်ကိုဝမ်းကွဲက ပြောသည်။

"တစ်ခါက ဘိုမနဲ့ကလေးတွေကို ရိုက်ထားတဲ့ဓာတ်ပုံလေ။ ဦးကြီးတို့ အိမ်မှာ မြင်ဖူးသားပဲ။ ပြီးတော့ အမေတို့နဲ့လည်း တူသလိုလိုပဲ"

ထိုအခါကျမှပင် ထိုသူငယ်မများသည် သူ့ညီမ၏ သမီးများဖြစ်ကြောင်း သူသိလာရသည်။ အဖေနှင့်အမေဆုံးပြီး သူတို့အဘိုး ဖိုးရာပြည့်နှင့်အတူ အိမ်လုပ်ငန်းများကို သူတို့ပင် ဦးစီးနေခြင်းဖြစ်သည်ဟု သူ့အစ်ကိုဝမ်းကွဲက ပြောပြသည်။

"ဖိုးရာပြည့်ကော"

"ရှိတယ် … စောစောကတင် ထန်းပင်မြစ်စားချင်တယ်ဆိုလို့ ထောင်း





ပြီး ကျွေးရသေးတယ်"

"စားကော စားနိုင်လို့လား"

"ဘိုးကြီးအိုက အာသာပြေရုံ ဝါးနိုင်တော့တာပါ။ သွားလည်း မရှိတော့ဘူး။ နည်းနည်းဝါးပြီးတော့ အရည်ကလေးကို မျိုချပြီး အဖတ်ကို ထွေးပစ်တာပေါ့"

သူသည် သူ့တွင် တူတွေ၊ တူမတွေ ဘယ်နှစ်ယောက်ရှိသည်ကို သူမသိ။ ထို့ကြောင့် သူတို့အတွက်လည်း ဘာလက်ဆောင်ပစ္စည်းမှ ပါမလာ။

"အဘိုးကြီး အိပ်နေသလား"

"ဘယ်မှာလဲ"ဟု မေးသည်။

"မအိပ်ပါဘူး။ လှဲနေတယ် ထင်တယ်။ အောက်ထပ်မှာလေ။ အပေါ်ထပ်ကို မတက်တာ ဆယ်နှစ်လောက်ရှိပြီ။ အိမ်အောက်ထပ်မှာပဲ သူ့အတွက် ခုတင်ချပေးထားရတယ်" အိမ်အောက်သို့ သူဝင်လိုက်လာခဲ့သည်။ သူတို့ အသံကို ကြားသည့်အခါတွင် အဘိုးအိုသည် မြေးမငယ်ကို လက်ယပ်ခေါ်ပြီး သူ့ကို အထူးနိုင်းသည်။

"အဘပြည့်။ နေကောင်းရဲ့လား။ ကျွန်တော် ဘသောင်ပါ"

"သိပါတယ်ကွယ်။ မင်းအသံကို အဝေးကြီးကတည်းက ကြားရတာ"

အဘိုးအိုသည် မျက်စိကို လက်ဝါးဖြင့်ကာပြီး နောက်မှပါလာသူကို ကြည့်သည်။

"သူ့ကိုကော သိလား အဘပြည့်"

သူသည် ခုတင်စောင်းတွင် ထိုင်သည်။ မြေးမတွေက ပြောမည်အပြုတွင် သူ့အစ်ကိုဝမ်းကွဲက လက်ကာပြ၏။

သူသည် အဘိုးအို၏ ကြုလှီသေးကွေးသည့် လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်သည်။ ချဉ်စူးနေသော အဘိုးကြီး၏ အနံ့သည် နှာခေါင်းထဲသို့ ပြေးဝင်လာ၏။ အဘိုးအိုသည် သူ့ကို သေသေချာချာကြည့်ပြီးနောက် ခနည်းငယ် မျက်နှာဝင်းထိန်သွားကာ

"ငမောက်မဟုတ်လား"

သူ့ဂယ်နာမည်ကိုခေါ်၍ အဘိုးအိုက မေးသည်။ ထို့နောက် သူ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



သည့် စောစောကလိုပင် အဘိုးအိုတစ်ယောက်၏ ဝမ်းနည်းညှိုးငယ်သည့် အသွင်ကို ပြန်ဆောင်သွားသည်။ လျော့ရဲ၍ အားကုန်နေသော မျက်နှာ အသားစိုင်များသည် ငယ်ငယ်တုန်းကလို ရွှင်လန်းခြင်း၊ တက်ကြွခြင်း စသည့် အမူအရာတို့ကို ဖော်ပြနိုင်စွမ်း မရှိကြတော့။

"အလကား ဒုက္ခရာလို့ လာတယ်ကွယ်"

အဘိုးအိုက ထိုမျှသာပြောသည်။

"ရပါတယ် အဖေ။ အဖေ နေကောင်းတယ်နော်"

သူက ထိုမျှသာပြောနိုင်သည်။ ထို့အပြင်လည်း သူတို့နှစ်ယောက်ကြား တွင် ပြောစရာစကား မရှိ။ သူတို့နှစ်ယောက်စလုံး သိကျွမ်းခဲ့သော ရှိဝေ သော အတိတ်ကအကြောင်းအရာများသည် ဓာတ်ပုံဟောင်းတစ်ခုပေါ်မှ ရုပ်ပုံများလို မှေးမှိန်ပျောက်ကွယ်ကုန်ကြပြီ။ ထိုအကြောင်းအရာများသည် ဝေးကွာသော အချိန်ကာလခြားထားသဖြင့် အဘိုးအို၏ အိုမင်းသော မှတ်ဉာဏ်တွင် မှေးမှိန်ကုန်ကြပြီ။ ဝေးကွာသော ဒေသခြားထားသဖြင့် သူ့မှတ်ဉာဏ်တွင်လည်း မှုန်ဝါးစပြုနေပြီ။

"မင့်အမေရှိရင် ဝမ်းသာမှာ"

အဘိုးအိုက ထိုမျှသာ ပြောသည်။ ထိုစကားများကိုပြောပြီးသည့်နောက် တွင်မူ သူတို့နှစ်ယောက်ဖို့ ပြောစရာစကား ကုန်သွားသည်။ ပြောစရာ အကြောင်း ဘာအရာ ဘာမျှမရှိတော့။

"အဘပြည့် နိုင်ငံခြားတို့ဘာတို့ မလိုက်ချင်ဘူးလား"

"မလိုက်ချင်ပါဘူး။ ငါ ဒီလိုပဲ နေလာတာပဲ"

"နိုင်ငံခြားမပြောနဲ့။ အဘိုးက နေကုန်းက ဘယ်ကိုမှ မသွားဘူး ခုဆိုကို တခြားကိုမပြောနဲ့။ အိမ်ပေါ်မရောက်တာရော၊ ဝင်းထဲမရောက် တာရော ကြာလှပြီ။ ဒီခုတင်ပေါ်မှာပဲနေတာ ဆယ်နှစ်ရှိပြီ။ အဲ အဘိုးကြီး အိုက အိမ်သာသွားတာကိုတော့ ရှက်တယ်။ ခုတင်နဲ့ အိမ်သာကိုပဲ ကူး တော့တယ်"

မြေးမတွေက ပြောသည်။

သူသည် အဘိုးအိုကိုထိုင်၍ ကန်တော့သည်။ သူ့တွင် အဆင်သင့်ပါလာ





သည့် ဂဏန်းငါးလုံးအရည်အတွက်ရှိ ငွေစက္ကူတစ်ထုပ်ကို ရှေ့တွင်ချသည်။ တူမတွေက သူ့ကို ထမင်းကျွေးမည်ပြုသည်။ သူမစားနိုင်။ စားချိန်မရ။ သည်လိုထမင်းဟင်းကို စားကျင့်မရှိ။

ယနေ့ညနေ လေယာဉ်ရှိရာကို အမှီပြန်ပြီး ရန်ကုန်သို့ လေယာဉ် စီးရမည်။ နောက်တစ်နေ့ မနက်စောစောတွင် နိုင်ငံခြားသို့ ထွက်ရမည်။ နေပူကုန်းမှ ဂျက်ဆက်လူ့အဖွဲ့အစည်းသို့ တန်းဝင်ရမည်။

သူ့အစ်ကိုဝမ်းကွဲက အားလုံးကို အော်ဟစ်နှုတ်ဆက်ကာ ဖိုးရာပြည့် ၏သား နိုင်ငံခြားသားဟု မိတ်ဆက်ပေးသည်။ သူ့တို့ အားလုံးသည် ဖိုးရာပြည့်ကို သိကြသည်။ သူ့ကို မသိ။ စူးစမ်းဝေးကွာသော အကြည့်များ ဖြင့်သာ ကြည့်နေကြသည်။

နေပူကုန်းနှင့် သူ့ဂေဟာရှိရာ ဖလော်ရီဒါသည် ဝေးကွာကြသလို၊ ခြားနားသလို သူနှင့် နေပူကုန်းသားများလည်း ဝေးကွာခြားနားနေကြသည်။

နေပူကုန်းသားများ မပြောနှင့်။ သူနှင့် သူ့အဖေသည်ပင်လျှင် ပြောစရာ စကားမရှိ။ ရင်းနှီးကျွမ်းဝင်ခြင်းမရှိဘဲ ဝေးကွာခြားနားနေသည်ဟု ခံစားရ သည်။

သည်အကြိမ်သည် အနှစ်သုံးဆယ်အတွင်း အဖေနှင့် ပထမဆုံးအကြိမ် တွေ့ခြင်းဖြစ်သည်။ နောက်ဆုံးအကြိမ်တွေ့ခြင်းဖြစ်ဖို့လည်း သေချာသည်။

နေပူကုန်းမှ သူတို့ဂျစ်ကားကလေး ထွက်လာသည့်အခါတွင် မှုန်းတည့် ချိန် နေမင်းသည် သူတို့ခေါင်းပေါ်တည့်တည့်သို့ ရောက်နေသည်။

(ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၄)

* * *

www.burmeseclassic.com

www.burmeseclassic.com

# အဖေနှင့်မတူသောသား

# အဖေနှင့်မတူသောသား

သာစည်-ကလောဆွဲသည့် ကားဆိပ်အနီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်ထိုင်ရင်း ကလောသို့ထွက်မည့် ကားကိုစောင့်နေစဉ် သူနှင့်ကျွန်တော်တွေ့ရခြင်းဖြစ်သည်။ သူနှင့်ကျွန်တော်သည် နဂိုက အသိအကျွမ်းများဖြစ်သည်။ ကျွန်တော်နှင့် စတင်သိကျွမ်းချိန်က သူသည် လူမမည်ကလေး ဘာရှိဦးမည်နည်း။ ၁၀ နှစ်သားလောက်သာ ရှိဦးမည်။ သူ့အဖေ၊ သူ့အမေ၊ သူ့ဦးလေးများနှင့် စတင်သိကျွမ်းပြီး သူတို့အိမ်သို့ ကျွန်တော်ရောက်နေအောင် ဖြစ်သည်။ သူတို့အိမ်တွင် တစ်လလျှင်တစ်ခါလောက် ကျွန်တော်တို့တစ်တွေ စုဖြစ်ကြသည်။ သူ့အဖေသည် အရက်ကိုလည်း ခုံခုံမင်မင် သောက်သည်။ သောက်တော့လည်း အကောင်းစားအရက်ကိုမှ သောက်သည်။ သူတို့အိမ်ကြီးက အင်လျားလမ်းအနီး လမ်းသွယ်ကလေးတစ်ခုမှ တိုက်အိမ်ကြီးဖြစ်သည်။ ခြံကြီးကတည်း တစ်ဧကလောက်တော့ ရှိမည်ထင်သည်။ အိမ်မှာ မော်တော်ကား လေးငါးစီးရှိသည်။ နောက်ဆုံးပေါ် မန်ကားကိုက တစ်စီးစီကပါ။ ထိုအထဲတွင် ဈေးဝယ်ဖို့ ပါဘလီကာတို့၊ ဟိုင်းလက်စ်တို့ စသည့်ကားမျိုးတွေ

Synergy Publication

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိသေးသည်။ ထိုကားများမှာ အိမ်ဖော်တွေ စျေးသွားသည့် ကား ဖြစ်သည်။ သူ့မိဘများသည် အစဉ်အဆက်ကတည်းက သိန်းသန်းချီ၍ ချမ်းသာလာခဲ့ကြသူများ ဖြစ်သည်။ တစ်ခေတ်တုန်းက သူတို့ပိုင်သည့် စက်မှုလုပ်ငန်းတွေ အများကြီးရှိသည်။ အထည်လုပ်ငန်းတွေ၊ စားသောက်ကုန်လုပ်ငန်းတွေ၊ လူသုံးကုန်ပစ္စည်းလုပ်ငန်းတွေ အများကြီးရှိသည်။ လုပ်ငန်း တစ်ခု တစ်ခုမှာပင်လျှင် စက်ရုံသုံးလေးရုံ ရှိသည်။

သူအဖေသည် ကျောင်းပညာတော့ သိပ်မတတ်။ ဆယ်တန်းလောက်နှင့် ကျောင်းထွက်ခဲ့ပြီး သူ့မိဘ လုပ်ငန်းကို ဦးစီးလုပ်ကိုင်ခဲ့သည်။ သူ့အဖေသည် တစ်ဦးတည်းသောသား ဖြစ်သဖြင့် မိဘများကလည်း အလိုလိုက်ကြသည်။ သူသည် ကျောင်းမှာတုန်းကတည်းက ကားကို ကိုယ်တိုင်မောင်း၍ ကျောင်းတက်သည်။ ထိုခေတ် ကတည်းက တစ်နေ့ကို တစ်ရာလောက် သုံးသည်။ နောက်တော့ သူသည် ဆယ်တန်းပင် မအောင်တော့ဘဲ ကျောင်းက ထွက်သွားပြီး မိဘ၏ စီးပွားရေး လုပ်ငန်းများကို လုပ်သည်။ ထို့နောက် ကိုယ့်စရိတ်ဖြင့်ကိုယ် နိုင်ငံခြားသို့ ထွက်သွားပြီး ကျောင်းနေသည်။ သို့ရာတွင် နိုင်ငံခြားတွင် သုံးလေးနှစ်သာ အချိန်ကုန်ခဲ့သော်လည်း ဘာကိုမျှ မအောင်။

"ကျွန်တော်က ပညာပါရမီမရှိဘူး။ ပညာပါရမီ နည်းတယ်။ စာဖတ်ရမှာကို သိပ်ပျင်းတာပဲ။ ငယ်ငယ်ကဆိုရင် တီကောင်ကို ကိုင်ရသလို စာအုပ်ကိုကိုင်ရတာ သိပ်ကြောက်တာပဲ။ ခုအသက်ငါးဆယ်သာ ကျော်လာရော စာအုပ်ဆိုလို့ တစ်အုပ်မှကုန်အောင် မဖတ်ဖူးဘူး။ တစ်ခါတလေ ခင်ဗျားတို့ရေးတဲ့ စာအုပ်ဆိုပြီး ကျွန်တော် ကောက်ဖတ်ကြည့်တယ်။ နှစ်မျက်နှာ သုံးမျက်နှာလောက်ဖတ်ပြီးရင် အိပ်ပျော်သွားတာပဲ။ ဟိုတုန်းကတော့ ကုန်စျေးနှုန်းတို့ ဘာတို့ပါတဲ့ သတင်းစာဆိုရင် စျေးနှုန်း သတင်းကို ဖတ်တယ်။ အဲ ... နောက် ဘောလုံးပွဲသတင်းတို့ ဘာတို့ကိုဖတ်တယ်။ အဲဒီသတင်းတွေ မပါတော့ ကျွန်တော် သတင်းစာလည်း မဖတ်တော့ဘူး။ အမှန်ကတော့ လူတစ်ယောက်အနေနဲ့ ချင့်ချိန် စဉ်းစားနိုင်တဲ့ ကိုယ်ပိုင်ဉာဏ်လည်း ရှိတယ်။ ပစ္စည်းလည်းရှိတယ်ဆိုရင် ကျောင်းစာတွေ ဘာတွေ





သင်နေဖို့ မလိုပါဘူးဗျာ။ ကျွန်တော် တွေ့ဖူးသလောက် ပြောရရင် ပညာတတ်တဲ့လူ၊ စာတတ်တဲ့လူတွေဟာ ဆင်းရဲကြတယ်ဗျ။ ဆင်းရဲတယ်ဆိုတာ ဥစ္စာပစ္စည်း ဆင်းရဲတာမျိုးတင် မဟုတ်ဘူး။ စိတ်လည်း ပျော်ပုံမရကြဘူး။ ခင်ဗျားပဲ စဉ်းစားကြည့်လေ။ ကမ္ဘာမှာရှိတဲ့ ပညာရှိကြီးတွေ၊ ဒဿနဆရာကြီးတွေဟာ ဘယ်မှာ ဝဝဖြိုးဖြိုး ရှိလို့လဲ။ ဓာတ်ပုံတွေထဲမှာ ကျွန်တော်မြင်ဖူးသလောက်တော့ ပိန်ပိန်ပါးပါးတွေချည်းပဲ။ သူတို့မျက်နှာတွေကလည်း ပျော်ရွှင်နေတဲ့ပုံ မရှိဘူး။ အလေးအနက် တွေးတောစဉ်းစားနေတဲ့ပုံမျိုးတွေ။

သူတို့ရဲ့ ဆံပင်တွေဟာ ထူထဲနက်မှောင်မနေတော့ဘဲ အရွယ်မရောက်မီမှာဘဲ ပါးလျား ဖြူဖွေးကုန်ကြတယ်။ သူတို့ရဲ့ မျက်ဝန်းတွေဟာ တောက်ပထက်သန်မနေဘဲ မမြင်နိုင်တဲ့ အနာဂတ်ကို မျှော်ငေးကြည့်သလို ရီဝေမှုန်မှိုင်းကြတယ်။ သူတို့ရဲ့ နားထင်နားနာတွေဟာ ပြည့်မောက်မနေဘဲ ချိုင့်ဝင် ဟောက်ပက်နေကြတယ်။ သူတို့ရဲ့ ပါးပြင်ဟာ သွေးရောင်လျှမ်းပြီး နီမြန်းနေရမယ့်အစား ဖျော့တော့နေကြတယ်။ သူတို့ရဲ့ လက်တွေဟာလည်း ဒီအတိုင်းပဲ။ နီရဲပြီး နွေးထွေးနေရမယ့်အစား ဖြူရော်အေးစက်နေကြတယ်။ သူတို့ရဲ့ ပုခုံးတွေ၊ ခါးတွေဟာလည်း တောင့်တင်းဖြောင့်မတ်နေရမယ့်အစား ချည့်နဲ့ပြီး ကိုင်းနေကြတယ်။

ကျွန်တော့်စိတ်ထဲမှာတော့ ပညာရှိတွေဟာ ပုထုဇဉ်လူသားတွေနဲ့ မတူဘဲ အရည်ဝါသီတွေနဲ့ တူနေကြတယ်။ သူတို့ဟာ တရားတွေ ပညာတွေကို သိပြီးသွားပြီး စိတ်ဆင်းရဲနေကြလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။ ဟုတ်တယ်။ သိပ်သိသွားပြီး သိပ်ပညာရှိသွားတဲ့ လူတွေဟာ အကုန်အားလုံးကို သိသွားတော့ သူတို့မှာ ပျော်စရာရယ်လို့ သိပ်မရှိတော့ဘူး။ သိပ်သိသွားလို့ ဒုက္ခသစ္စာဆိုပြီး မြင်သွားလို့ ဘုရားလို တောထွက်သွားနိုင်တယ်ဆိုရင်တော့ တစ်မျိုးပေါ့လေ။ ဒါပေမဲ့ ဘုရားလိုလည်း လောကီ လူ့ဘောင်ကို မစွန့်နိုင်သေးဘူး။ ဒါပေမဲ့ တစ်ဖက်မှာလည်း သိပ်သိနေတဲ့ လူမျိုးဟာ တော်တော် စိတ်ဆင်းရဲရမှာပဲလို့ ကျွန်တော်ထင်တယ်။ အဲဒီလို လူမျိုးတွေ အတွက်တော့ သိပ်သိလေလေ၊ သိပ်ပညာတတ်လေလေ၊ စိတ်ဆင်းရဲလေ



www.burmeseclassic.com

www.burmeseclassic.com



လေ နေမှာပဲ။ ပညာရှိတွေထဲမှာ ပျော်ရွှင်နေတဲ့ ပညာရှိကို ခင်ဗျား ဘယ်မှာ မြင်ဖူးလို့လဲ။ သူတို့ဟာ ပညာဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီး၊ အသိပညာဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီး၊ အသိပညာဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကို ထမ်းထားရတဲ့အတွက် သူတို့ပခုံးတွေဟာ ကိုင်းညွတ်နေကြတယ်။ တောင့်တင်း ဖြောင့်မတ်တဲ့ ပခုံးရှိတဲ့ ပညာရှိကို ဘယ်မှာ ခင်ဗျားမြင်ဖူးလို့လဲ။

ပြီးတော့ လူတွေမှာ တစ်ယောက်နဲ့တစ်ယောက် တန်ဖိုးထားတာချင်း မတူဘူးဗျ။ တချို့က ကျော်ကြားမှုကို တန်ဖိုးထားတယ်။ တချို့က ပညာကို တန်ဖိုးထားတယ်။ တချို့က ဥစ္စာကို တန်ဖိုးထားတယ်။ ကျွန်တော်ကတော့ ဥစ္စာရှိနေလို့လားတော့ မသိဘူး။ ကျွန်တော့်ဘဝမှာ ပညာကိုလည်း မလိုချင်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ပညာတွေ သိပ်တတ်ရင် စိတ်ဆင်းရဲရတယ်။ ကျော်ကြားမှုကိုလည်း မလိုချင်ဘူး။ ကျော်ကြားမှုဟာ ထမင်းဝအောင် ကောင်းကောင်းနေရအောင် ဘာမှ မတတ်နိုင်ဘူး။

ကျွန်တော် တန်ဖိုးအထားဆုံးအရာဟာ ဥစ္စာပဲ။ ဥစ္စာရှိရင် အရာအားလုံးကို ဝယ်နိုင်တယ်။ ပညာကိုလည်း ဝယ်လို့ရတယ်။ အနည်းဆုံး ပညာတတ်တဲ့လူကို ဝယ်နိုင်တယ်။ ကျော်ကြားမှုကိုလည်း ဝယ်နိုင်တယ်။ ဒါကြောင့်မို့ ကျွန်တော့်အဖို့ လောမှာ အရေးအကြီးဆုံး တန်ဖိုးအရှိဆုံးအရာဟာ ဘာလဲလို့ မေးရင် ဥစ္စာပဲလို့ ဖြေမှာပဲ။

ဥစ္စာရှိတဲ့လူဟာ ပျော်ရွှင်မှုကိုလည်း ဝယ်နိုင်တယ်။ ပိန်ချုံးနေတဲ့ လူချမ်းသာကို ဘယ်နှစ်ယောက်များ ခင်ဗျား တွေ့ဖူးသလဲ။ စိတ်ဆင်းရဲနေတဲ့ လူချမ်းသာကိုကော ဘယ်နှစ်ယောက်များ ခင်ဗျားတွေ့ဖူးသလဲ။ သူချမ်းသာတစ်ယောက်မှာ ကျန်းမာရေးကြောင့်မှအပ တခြားဘာအတွက်ကြောင့်မှ စိတ်ပင်ပန်းစရာအကြောင်း မရှိဘူးဗျ။ မိန်းမတစ်ယောက်ကို မကြိုက်ရင် စွန့်ပစ်လိုက်လို့ရတယ်။ ကိုယ့်အပေါ်မှာ ပြစ်ဒဏ်တစ်ခု ကျရောက်လာရင် သူများကို အစားဝင်ခံနိုင်းလို့ရတယ်။ အဲ ... ရောဂါတစ်ခု ဝင်လာပြီဆိုရင်တော့ အဲဒီရောဂါကို စွန့်ပစ်လို့ မရဘူး။ သူများကို ဝင်အစားခံနိုင်းလို့လည်း မရဘူး။ ကိုယ်ပဲ ခံရတာ။ ဒါကြောင့်မို့ ကျွန်တော့်ဖို့ ကျန်းမာရေးကလွဲရင် တန်ဖိုးအထားဆုံးအရာက ဥစ္စာပဲ။ ကျွန်တော့်စကား





ကိုကြားတော့ ခင်ဗျား အံ့အားသင့်ချင် သင့်နေမယ်။ ဒီလူနယ် အဝိဇ္ဇာတွေ ဖုံးလုချည့်ကလားလို့ ထင်ချင်ရင်လည်း ထင်မယ်။ ကျွန်တော်ဟာ အရင်းရှင်ကြီး၊ သွေးစုပ်ကောင်ကြီးလို့ ထင်ချင်ထင်မယ်။ ဒါမှမဟုတ်ရင်လည်း ကျွန်တော့်ကို ဥစ္စာရူးကြီး၊ လောကမှာ ငွေမှအပ တခြားကိုမှ မသိတဲ့လူလို့ ခင်ဗျားက ထင်ကောင်းထင်မယ်။

ဒါပေမဲ့ လောကကြီးဟာ မတရားဘူးဗျ။ အဲ ... လောကကြီးလို့ပဲ ဆိုပါတော့လေ။ တခြားဘယ်သူ့ကိုမှ အပြစ်ဖို့လို့မရရင် ဘယ်သူ့ကိုမှ မပြစ်မဖို့ရဲရင် ဘယ်သူ့ကိုမှ လက်ညှိုးမထိုးရဲရင် လောကကြီးကိုပဲ အပြစ်ဖို့ရမှာပေါ့။ လောကကြီးကိုပဲ လက်ညှိုးထိုးရမှာပေါ့။ ဒါက အလွယ်ဆုံး အန္တရာယ်အကင်းဆုံးကို။ အဲ ... အဲဒီတော့ လောကကြီးဟာ မတရားဘူးဗျ။ ပညာကို လိုက်လံရှာဖွေသူတော့ သူခမိန်တဲ့။ ကျော်ကြားမှုကို လိုက်လံရှာဖွေတဲ့လူကိုတော့ ပါရမီရှင်တဲ့။ ဒါပေမဲ့ ဥစ္စာကို လိုက်လံရှာဖွေသူကိုတော့ သွေးစုပ်သမားတဲ့၊ သွေးစုပ်လူတန်းစားတဲ့။ ဒါကတော့ ဘယ်တရားမလဲ။

ဥစ္စာဓနဟာလည်း လူတိုင်းအတွက် အရေးအကြီးဆုံး၊ လူတစ်ယောက်အတွက်လည်း အရေးအကြီးဆုံးလို့ ကျွန်တော်ထင်တယ်လေ။ ရှေးတုန်းက လူကြီးတွေက ဗလငါးတန်လို့ ပြောခဲ့ကြတယ်။ အဲဒီအထဲမှာ ကာယဗလ၊ မိတ္တဗလ၊ ဘောဂဗလ၊ ဉာဏဗလ၊ စာရိတ္တဗလဆိုပြီး ရှိခဲ့ကြတယ်။ အဲဒီ ဗလငါးတန်ဟာ လူတစ်ယောက်၊ တိုင်းပြည်တစ်ပြည်မှာ ရှိသင့်ရှိထိုက်တဲ့ အရာတွေ၊ ကောင်းတဲ့အရာတွေလို့ ပြောခဲ့ကြတယ်။ ဒီတော့ ... အဲဒီ ဗလငါးတန်ထဲမှာ တခြားဗလတွေကို တောင့်တင်းအောင်လုပ်တဲ့သူကိုတော့ ခင်ဗျားတို့ ချီးကျူးကြတယ်။ ဒါပေမဲ့ ဘောဂဗလကို တောင့်တင်းအောင် လုပ်တဲ့လူကိုတော့ ခင်ဗျားတို့ ရှုတ်ချကြတယ်။ ဒါကော ... တရားသလား

ကျွန်တော်ထင်တယ် ဘောဂဗလကို တောင့်တင်းအောင် လုပ်သူ တစ်နည်းပြောရရင် ဓနကို စုဆောင်းသူ ဓနရှင်တွေ တော်တော်များများဟာ အစတုန်းက ဥစ္စာမဲ့တွေ၊ ဓနမဲ့တွေ၊ အရင်းမဲ့တွေဗျ။ တခြားကို မကြည့်နဲ့။ အရင်းရှင်တို့ရဲ့ ဘိုးအေလို့ခေါ်တဲ့ ဟင်နရီဖို့ဒ်ဟာ အစတုန်းက ဆင်းရဲသားဗျ။ အင်ဂျင်နီယာကလေးဗျ။ မော်တော်ကားကလေးတစ်စီး စမ်းလုပ်

www.burmeseclassic.com



ကြည့်ချင်တာတောင် ပိုက်ဆံမရှိလို့ ချေးငှားလုပ်ရတာ။ ဖိုဒ့် မော်တော်ကား ကုမ္ပဏီကို ထောင်တော့လည်း သူ့မှာ သူဌေးတွေဆီ ခယဝပ်တွားပြီး ရှယ်ယာထည့်အောင် မနည်းနားချ ဖျောင်းဖျယူရတာ။ ချမ်းသာတဲ့လူတွေ တော်တော်များများဟာ ဆင်းရဲတွင်းက တက်လာပြီးမှ ချမ်းသာလာကြရတာ ဗျ။ မွေးကတည်းက ရွှေလင်ဗန်းနဲ့ အချင်းဆေးလာရတဲ့လူက နည်းနည်းပဲ ရှိတယ်။ မချမ်းသာခင်မှာ ဆင်းရဲတွင်းကြီးထဲမှာ အကြာကြီး နေခဲ့ကြရ တာ။

တခြားမကြည့်နဲ့။ ကျွန်တော့်အဖေကိုပဲကြည့်။ ကျွန်တော့်အဖေဟာ ဒီလို မချမ်းသာခင်တုန်းက ကျောက်တူးသမားဗျ။ တစ်နေ့မှ တစ်မတ် ငါးမူးရတဲ့ ကျောက်တူးမသား၊ ကျောက်တူးသမားဘဝနဲ့ ငှက်ဖျားလည်း မိခဲ့ဖူးပြီး ကျောက်တူးသမားအချင်းချင်း ဓားထိုးတာမျိုးလည်း ခံခဲ့ရပြီး ကျင်းလည်း ပိခဲ့ဖူးပြီး တောကြီးမြက်မည်းထဲမှာ ကျားနဲ့လည်း တိုးခဲ့ဖူးပြီ။ သူများမြေထဲကို ခိုးဝင်ပြီးတူးလို့ သေနတ်နဲ့ လိုက်ပစ်လို့လည်း ထွက်ပြေးခဲ့ရပြီ။ ထမင်းဝတ်တာကတော့ ရိုးတောင်နေပြီ။ မိုးတွင်းမှာဆိုရင် ထမင်းကို နှစ်နပ်တောင် မစားနိုင်ဘူး တစ်နပ်ပဲ စားခဲ့ရတာ။ နောက်တော့ ကျွန်တော့်အဖေ ကျောက်အောင်တယ်။ သူဌေးဖြစ်သွားတယ်။ အတွေ့အကြုံ တွေကို ဖြတ်သန်းပြီးတဲ့နောက် ဘယ်မြေမျိုးမှာ ဘာကျောက်တွေ့နိုင်တယ်၊ ဘယ်မြေမျိုးမှာ ဘယ်လောက်တူးရမယ်၊ ဘယ်ကျောက်ဟာ ဘယ်လောက် အဖိုးတန်တယ်ဆိုတာကို သိလာတယ်။ ကျွန်တော့်အဖေဟာ သူ့ကျောက် အောင်တော့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကိုခေါ်ပြီး သူတို့ကို စောင့်ရှောက် တယ်။ သောင်းကျောက်ကို သိန်းကျောက်လို့ လိမ်မရောင်းဘူး။ သူများက လာပြီး လိမ်ရောင်းလို့ ကိုယ့်လက်ထဲမှာ ဝယ်ထားမိတဲ့ကျောက်ကိုတောင် သူများကိုထပ်ရောင်းရင် ဒီကျောက်နဲ့ လိမ်စားကြဦးမှာပဲဆိုပြီး ကိုယ့်ပိုက်ဆံ အဆုံးခံပြီး ကျောက်ကို ဖျက်ဆီးထုခွဲ ချေပစ်လိုက်တယ်။ အဲဒီလောက် အလုပ်အပေါ်မှာ သစ္စာရှိတယ်။ သူ့ဆီမှာ မကောင်းတဲ့ကျောက်ရှိရင် မိတ်ဆွေတွေကို ညာမရောင်းဘူး။ ဘယ်လောက်ပဲ ပေးဆိုပြီး လျှော့ယူ တယ်။





ဒီလို စေတနာထားလို့ သူ့မှာ အကျိုးကျေးဇူး ခံစားရတာတွေ ရှိတယ်။ ခင်ဗျားကတော့ ယုံချင်မှ ယုံမယ်။ သူ့ဆီကို ရှမ်းတွေလိုလို ကချင်တွေလိုလို လူတွေရောက်လာပြီး ကျောက်လာရောင်းကြတယ်။ သူက သူတို့တောင်းတဲ့ အတိုင်း တန်ရာတန်ဖိုးကို ပေးလိုက်တယ်။ နောက် ခွဲကြည့်လိုက်တော့ အဲဒီကျောက်ဟာ သူပေးလိုက်တဲ့ဈေးထက် အဆများစွာ အဖိုးတန်တဲ့ ကျောက်တွေ ဖြစ်နေတယ်။ အဲဒါတွေကို ကျွန်တော့်အဖေက ကုသိုလ် ကောင်းမှု ပြုတယ်။ အဖေက၊ ဆင်းရဲဖူးတော့ သူတတ်နိုင်သမျှ မရှိ ဆင်းရဲသားတွေကို ထောက်ပံ့တယ်။ လှူဒါန်းတယ်။ ကျွန်တော့်အဖေ ချမ်းသာ လာတာဟာ ဘာကြာသေးလို့လဲ ကျွန်တော့် မွေးပြီးမှ ချမ်းသာလာတာ။ အလွန်ဆုံးရှိရင် အနှစ်သုံးလေးဆယ်ပဲ ရှိဦးမှာပေါ့။ အဖေ ဆင်းရဲတာကို ကျွန်တော်လည်း မီလိုက်တယ်။ အဲဒီကတည်းက ကျွန်တော်ဟာ ဆင်းရဲတဲ့ အကြောင်းကို သိသွားပြီး နောက်တစ်ခါ ဆင်းရဲမှာကို သိပ်ကြောက်တာပဲ။ ခင်ဗျားတို့က ကျွန်တော့်လောက် ဆင်းရဲဖူးမှာ မဟုတ်ဘူး။ ဒီတော့ ဆင်းရဲ တာကိုလည်း ဒီလောက် ကြောက်စရာကောင်းတယ်လို့ ထင်မှာ မဟုတ် ဘူး။ ဒါကြောင့် မကျွန်းမာတာနဲ့ ဆင်းရဲတာကို အကြောက်ဆုံးပဲ။

အေးလေ။ ဒါတွေက ခင်ဗျားကို ကျွန်တော် ကြုံလို့ပြောတာပါ။"

ထိုစကားများသည် သူနှင့်ကျွန်တော် နောက်ဆုံးတွေ့ချိန်က ပြောသွား သော စကားများဖြစ်သည်။

ယခု ကျွန်တော်နှင့် မတွေ့သည်မှာ ဆယ်နှစ်လောက်ရှိသွားပြီ။

သာစည်ကားဂိတ်တွင် သူ့သားဖိုးခွားကို သွားတွေ့တော့ ကျွန်တော် အံ့အားသင့်နေသည်။

"ဦးလေး ဘယ်သွားမလို့လဲ။ ကလောကိုလား"

ဖိုးခွားက ကျွန်တော့်ကို လာနှုတ်ဆက်သည်။ သူ့ကို ကြည့်လိုက်တော့ ဂျင်းအင်္ကျီနှင့် ဂျင်းဘောင်းဘီနှင့် ပခုံးတွင် လွယ်အိတ်ကလေးတစ်လုံးကို လွယ်ထားသည်။

"ဟော့ ... မင်းဖိုးခွားလား။ ဒီကို ဘာလာလုပ်တာလဲ"

"ကျွန်တော် ကားစပယ်ယာ လုပ်နေတယ် ဦးလေး။ ဦးလေး ကလောကို



www.burmeseclassic.com

www.burmeseclassic.com



သွားရင် ကျွန်တော်တို့ကားနဲ့ လိုက်ခဲ့ပါလား။ ခဏနေရင် ထွက်မှာ”

ကျွန်တော် သူ့အကြောင်းကို မေးကြည့်သည်။

“ဖေဖေ ဆုံးသွားပြီ ဦးလေးရ။ ဖေဖေဆုံးတာ ၇ နှစ်ရှိသွားပြီ။ ကလောအဆင်းမှာ ကားမှောက်ပြီး ဆုံးသွားတာ။ ဦးလေးလည်း သိတယ် မဟုတ်လား။ ဖေဖေက သူလုပ်ချင်ပြီဆိုရင် ဘာမှ ဘယ်သူမှ တားလို့ရတာ မဟုတ်ဘူး။ အဲဒီနေ့က အရက်မူးမူးနဲ့ သူကိုယ်တိုင် သာစည်ကို ဆင်းမယ်ဆိုပြီး ဆင်းသွားတာ။ ခါတိုင်းလည်း မူးပြီးမောင်းနေကျပါပဲ၊ ဒါပေမဲ့ အဲဒီနေ့ကတော့ မိုးကလည်းချုပ်၊ လမ်းမှာလည်း မိုးတွေရွာတော့ လမ်းချော်ကျသွားတာ ထင်ပါရဲ့။ ချောက်ထဲကို ထိုးကျသွားတာ။ အဲဒီတော့ ကျွန်တော်နဲ့ မေမေက ရန်ကုန်မှာ။

ဖေဖေဆုံးတယ်ဆိုတာ တယ်လီဖုန်းနဲ့ သတင်းရလို့ ကျွန်တော်နဲ့ မေမေ ရန်ကုန်က ကားနဲ့ ချက်ချင်း လိုက်လာကြတာ။ ကျွန်တော်တို့ ရောက်တော့ အလောင်းကို ရှာလို့တွေ့ပြီး ဖေဖေ့ကို ကလောမှာပဲ သင်္ဂြိုဟ် လိုက်တယ်။

ကျွန်တော်လား။ ကျွန်တော်က ကျောင်းမနေတော့ဘူး ဦးလေး။ ဆယ်တန်းကို ခဏခဏကျတော့ မေမေကလည်း မထားတော့ဘူး။ ပြီးတော့ ကျွန်တော်က ကျောင်းကလည်း အထုတ်ခံရတယ်။ ကျောင်းထုတ်ခံရတာ ကတော့ ကျွန်တော် ဆေးစွဲသွားလို့ ကျောင်းကထုတ်တာ။ နောက်တော့ ပြတ်သွားပါတယ်။ ပြတ်ပုံကတော့ ခပ်ဆန်းဆန်းပဲ ဦးလေးရဲ့။ ကျွန်တော့် မေမေရဲ့ အစ်ကိုကြီးက ဟဲဟိုးနားမှာ သစ်တော်ခြံတွေ စိုက်နေတယ်။ ကျွန်တော့်ကို ဆေးပြတ်အောင်ဆိုပြီး ဦးကြီးက ကျွန်တော့်ကို ဟဲဟိုးမှာ ခေါ်ထားပြီး သူနဲ့အတူ သစ်တော်ခြံအလုပ်နိုင်းတယ်။ ဦးကြီးလည်း လုပ် တယ်။ ကျွန်တော်လည်း လုပ်တယ်။ အစတုန်းကတော့ ကျွန်တော် စိတ် မပါဘူး ဦးလေးရ။ ဆေးပြတ်ချင်တာရယ်၊ ဦးကြီးကို ကြောက်တာရယ် နှစ်ခုပေါင်းပြီး လုပ်နေရတာ။ နောက်တော့ ကျွန်တော် ပျော်သွားတယ်။ သစ်တော်ပင်ကလေးတွေ ထွက်လာရင် သိပ်ပျော်တာပဲ။ ပြီးတော့ သစ်တော် သီးကလေးတွေ သီးလာရင်လည်း သိပ်ပျော်တာပဲ။ သစ်တော်ပင်တွေ





ညွှစတြေးလျက သစ်တော်တွေကိုမှာပြီး ကျွန်တော်တို့ စမ်းစိုက်နေကြတယ်။ အဲဒါကလည်း မဆိုးဘူး။ အောင်မြင်တယ်။ ပန်းသီးတွေလည်း စိုက်တယ်။ ပန်းသီးမျိုးကို ကယ်လီဖိုးနီးယားကမှာပြီး စိုက်တာ။ မျိုးစပ်တာလည်း ရှိတယ်။ ချင်းတောင်က ပန်းသီးတွေထက် ချိုတယ်။ အသားလည်း များတယ်။ အလုပ်လုပ်ရတာကတော့ နည်းနည်း ပင်ပန်းတာပေါ့ ဦးလေးရာ။ နှင်းတွေထဲမှာ လျှောက်သွားရတာ၊ မိုးရေတွေထဲမှာ လျှောက်သွားရတာဟာ အင်းလျား လမ်းက လေအေးစက်တပ်ထားတဲ့ ညှိခန်းထဲမှာ ထိုင်ရသလိုတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ပျော်တယ် ဦးလေးရ။ သစ်တော်ခြံတွေထဲဆင်းပြီး သစ်တော်ပင်တွေကြားထဲ လျှောက်သွားရတာ။ သစ်တော်သီးတွေကို ဆွတ် ရတာ။ ကွင်းပြင်တွေ၊ တောင်တန်းတွေပေါ်ကို ဖြတ်သန်းတိုက်ခိုက်လာတဲ့ လေကို ရှူရှိုက်ရတာ၊ မောမောနဲ့ ဆာလာရင် သစ်တော်သီးကိုဆွတ်ပြီး သစ်တော်သီးတစ်ကိုက်လောက် ကိုက်စားလိုက်ရတာ။ ရေငတ်လာရင် စမ်းချောင်းထဲက အေးမြနေတဲ့ရေကို လက်ခုပ်နဲ့ ခပ်သောက်လိုက်ရတာ၊ မောလာလို့ အိပ်ချင်ရင် သစ်တော်ပင်အောက်မှာ ပုဆိုးကလေးခင်းပြီး အိပ်လိုက်ရတာ၊ တောအုပ်တွေမှာ လမ်းလျှောက်ရင်း ငှက်ကလေးတွေရဲ့ အသံကို နားထောင်ရတာ၊ ပျင်းရင် သစ်တော်ခြံက အလုပ်သမားတွေနဲ့ သွားစကားပြောပြီး သူတို့နဲ့အတူ သီချင်းတွေ ဆိုရတာ၊ သီတင်းကျွတ်တို့ တန်ဆောင်တိုင်တို့မှာ သူတို့နဲ့အတူ မီးအုံလွှတ်ရတာ၊ လသာသာမှာ တောတွေ တောင်တွေပေါ်ကို လွင့်နေတဲ့ မီးအုံကိုကြည့်ပြီး မီးအုံလိုက်ရတာ၊ သစ်တော်သီးဝိုင်ကလေးသောက်ပြီး ပဲပုပ်နဲ့ ခရမ်းချဉ်သီးကလေးနဲ့၊ ဘူးရွက် ဟင်းချိုကလေးနဲ့ ထမင်းစားရတာ၊ အို ... သိပ်ပျော်စရာ ကောင်းတာပဲ ဦးလေးရာ။ လောကကြီးမှာ ပိုက်ဆံတွေရှိပြီး ကျဉ်းကျဉ်းကျပ်ကျပ်နေရရင် သဘာဝအလှကို မခံစားတတ်ရင် လောကကြီးနဲ့ လူတွေနဲ့ မတွေ့ရရင် ဘယ်လောက် စိတ်ဆင်းရဲစရာ ကောင်းမလဲ မသိဘူးနော်။ ဖေဖေကတော့ ဆင်းရဲမှာကို သိပ်ကြောက်တယ်လို့ ကျွန်တော့်ကို မကြာခဏ ပြောဖူး တယ်။ ဖေဖေပြောတာဟာ လူဆင်းရဲတာကို ကြောက်တာလား၊ စိတ်ဆင်းရဲ မှာကို ကြောက်တာလား။ ဘယ်ဟာကို ကြောက်တာလဲဆိုတာ ကျွန်တော်

www.burmeseclassic.com



မသိဘူး။ ဒါပေမဲ့ ကျွန်တော်သိတာကတော့ လူဆင်းရဲမှာကို မကြောက်ဘူး။ စိတ်ဆင်းရဲမှာကိုတော့ သိပ်ကြောက်တာပဲ။

ဟင့်အင်း။ ကျွန်တော် ရန်ကုန်မှာ မနေချင်ဘူး။ ရန်ကုန်မှာ မေမေက ကျွန်တော့်ကို သိပ်ချုပ်ချယ်တယ်။ သူကတော့ ကျွန်တော် နောက်တစ်ခါ ဆေးစွဲသွားမှာစိုးလို့ ချုပ်ချယ်တာ ဖြစ်မှာပေါ့လေ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် မေမေက သိပ်ချုပ်ချယ်လွန်းတော့ ကျွန်တော် စိတ်ညစ်တယ်။ စိတ်ညစ်လို့ ကျွန်တော်က သူ့စကား နားမထောင်ဘဲ လွတ်လွတ်လပ်လပ် နေပြန်တော့ သူစိတ်ဆင်းရဲပြီး ငိုလား ယိုလား လုပ်ပြန်ရော။ ဒီတော့ ကျွန်တော်လည်း စိတ်ဆင်းရဲပြန်ရော။ ဦးလေး စဉ်းစားကြည့်လေ။ အိမ်မှာ ကားတွေ သုံးလေးစီးရှိတယ်။ ဒါပေမဲ့ ကျွန်တော် မမောင်းရဘူး။ ဖေဖေ့လို ဖြစ်မှာစိုးလို့တဲ့။ မေမေဟာ ဖေဖေကားမှောက်ပြီးကတည်းက သူကိုယ်တိုင်လည်း ကားမမောင်းတော့ဘူး။ ကျွန်တော့်ကိုလည်း မောင်းခွင့် မပေးတော့ဘူး။ ပြီးတော့ ရန်ကုန်မှာ ကျွန်တော့် သူငယ်ချင်းတွေလည်း မရှိတော့ဘူး။ နိုင်ငံခြားရောက်တဲ့ကောင်ရောက်၊ အိမ်ထောင်ကျတဲ့ကောင်က ကျကုန်ပြီး နိုင်ငံခြားသွားမယ်ဆိုတော့လည်း မေမေက မလွှတ်ပြန်ဘူး။ သားအမိ နှစ်ယောက်ပဲ ရှိတာတဲ့။ ငါ့ကို ဖအေကတင် ညှဉ်းဆဲလို့ အားမရသေးလို့ နင်က နောက်ထပ် ညှဉ်းဆဲတာလားတဲ့။

နောက်ဆုံးတော့ ဦးကြီးက သူ့ဆီ ပို့ထားလိုက်လို့ ပြောတာနဲ့ မေမေက ကျွန်တော့်ကို ပို့လိုက်တာ။ ဦးကြီးက သစ်တော်ခြံစိုက်တယ်။ လိုင်းကားထောင်တယ်။ ဒီနေ့ ကျွန်တော်တို့ကားက စပယ်ယာကလေး နေမကောင်းတာနဲ့ ကျွန်တော် သူ့အစားလိုက်လာတာ။

ကျွန်တော်က ပိုက်ဆံမရှိရင် နေပါစေ ဦးလေးရ။ လွတ်လွတ်လပ်လပ် နေရတာကို ပျော်တယ်။ ဦးလေး ကျွန်တော်တို့ကားနဲ့ လိုက်ခဲ့နော်။ ဟိုရောက်တော့ ကျွန်တော့်ခြံမှာ တစ်ညလောက် အိပ်သွားဦး"

(ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၁)

* * *

www.burmeseclassic.com